www.burmeseclassic.com

ALISTAIR Mac LEAN

# GOLDEN GATE



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၁၆၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၈၇၀၅၀၇

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - ၂၀၀၆ ခုနှစ်၊ ဧပြီလ။
အုပ်ရေ - (၅၀၀)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာတရှရိပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးဇေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
တင်မောင်မျှင့်

တန်ဖိုး
၁၈၀၀ ကျပ်

BURMESE CLASSIC

# အခန်း( ၁ )

ဤစီမံချက်ကို အကောင်အထည်ဖော်ရာတွင် တပ်မတော်၏ စစ်ရေးစီမံချက် တစ်ရပ်လို အသေးစိတ်ညွှန်ကြားချက်များနှင့် တိတိကျကျလုပ်နိုင်ဖို့ လိုသည်။ ဥပမာ ပြရသော် ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်ပေါင်းစု၏ 'ကမ်းတက်တိုက်ပွဲ' စစ်ဆင်ရေးလို ဖြစ်ဖို့လိုသည်။

ပြီးတော့ ကြိုတင်စီစဉ်မှုများ လုံးဝပေါက်ကြားမှု မရှိအောင် သိုသိုသိပ်သိပ် လုပ်နိုင်ဖို့လိုသည်။ လုပ်လည်း လုပ်နိုင်ခဲ့ကြသည်။ လုပ်ရမည့်ကိစ္စမှန်သမျှကို စက္ကန့်မလွဲ ချိန်ကိုက်ညှိနှိုင်းထားဖို့ လိုသည်။ ထိုလိုအပ်ချက်အတိုင်း ဆောင်ရွက်ထားနိုင်ခဲ့သည်။ တဖန် ဤလုပ်ငန်းတွင် ပါဝင်သူတိုင်း ကိုယ်လုပ်ရမည့်တာဝန်ကို အလိုအလျောက် ကိုယ့်ဘာသာကိုယ် လုပ်တတ်ကိုင်တတ်လာသည်အထိ ထပ်ခါတလဲလဲ လေ့ကျင့် ဇာတ်တိုက်ထားဖို့လိုသည်။ ထို့ကြောင့် အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ဇာတ်တိုက် ထားပြီးလည်း ဖြစ်သည်။

တကယ်လုပ်ကြသည့်အခါ ကြိုတွက်ထားသည့်အတိုင်း ဖြစ်မလာပဲ အလွဲလွဲ အချော်ချော်တွေ ဖြစ်လာနိုင်စရာရှိသည်။ ထိုသို့ တလွဲတချော် ဖြစ်လာနိုင်သည့်ကိစ္စ မှန်သမျှကို ကြိုတွက်ပြီး ဘယ်လိုဖြစ်လာလျှင် ဘာလုပ်မယ်ဆိုတာ အဆင်သင့်ဖြစ် အောင် ကြိုလုပ်ထားဖို့ လိုအပ်သည်။ အဲဒီအတိုင်း ကြိုတင်ပြင်ဆင်ထားနိုင်ခဲ့သည်။ ပြီးတော့ ဘာပဲဖြစ်လာလာ ဖြစ်သမျှကို ရင်ဆိုင်ကျော်လွှားပြီး ဒီလုပ်ငန်းကြီးကို မဖြစ်မနေ အောင်မြင်သည်အထိ လုပ်နိုင်ရမည်ဟု လူတိုင်းစိတ်ထဲမှာ ယုံကြည်စိတ်ချမှု

www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ ရှိနေကြဖို့လိုသည်။ ယခု လူတိုင်း ယုံကြည်စိတ်ချမှု အပြည့်အဝရှိနေကြလေပြီ။

ထိုကဲ့သို့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်သည် သူတို့အုပ်စုခေါင်းဆောင် ပီတာဘရန်ဆန်၏ ခန္ဓာကိုယ်ထဲက အပြင်ဘက်သို့ စိမ့်ဖြာထွက်နေသလို ထင်ရသည်။ ပီတာဘရန်ဆန်သည် ကိုယ်လုံးကိုယ်ပေါက် ထွားထွားကျိုင်းကျိုင်း၊ ဆံပင်နက်နက်နှင့် အရပ်ခြောက်ပေခန့်မြင့်သော အသက်သုံးဆယ့်ရှစ်နှစ်အရွယ် လူရွယ်တစ်ယောက်ဖြစ်သည်၊ သူ့နှုတ်ခမ်းများက အမြဲတမ်း ပြုံးနေသလို အပေါ်သို့ ခပ်ကွေးကွေးကလေး ထောင်နေသည်။ အပြာနုရောင် သူ့မျက်လုံးများကမူ အေးစက်မာကျောနေသည်၊ သူယခု ရဲဝတ်စုံကို ဝတ်ဆင်ထားသည်။ တကယ်ကတော့ သူသည် 'ရဲ' မဟုတ်။

ယခု သူတို့လူစုသည် ဆန်ဖရန်စစ္စကို၏တောင်ဘက် ဒယ်လီမြို့နှင့် ဆန်ဖရန်စစ္စကိုအကြား အလယ်ဗဟို လောက်တွင်ရှိသော အသုံးမပြုတော့သည့် ကားဂိုဒေါင်ဖျက်ကြီး တစ်လုံးထဲတွင် ရှိနေကြသည်။ သူတို့လူစု လူဆယ့်တစ်ယောက်တွင် သုံးယောက်က ရဲဝတ်စုံနှင့်၊ သို့သော် သူတို့လည်း ရဲမဟုတ်ကြပေ။

တစ်ဘက်ရှစ် တဲကြီးသာသာသာ ရှိတော့သော ထိုကားဂိုဒေါင်ဖျက်ကြီးထဲတွင် တစ်စီးလုံးပြောင်ပြောင်လက်လက် အရောင်ထွက်နေသော မော်တော်ကားကြီးတစ်စီးရှိသည်။ ထိုဘတ်စ်ကားကြီးသည် နေ့စဉ်တွေ့နေကျမြင်နေကျ ဘတ်စ်ကားမျိုးနှင့် လုံးဝမတူချေ။ ကားတစ်ကားလုံးတွင် တပ်ဆင်ထားသည့်မှန်ကတော့ အစိမ်းနုရောင်။

ကားထဲတွင် ကားကြမ်းပြင်နှင့်တွဲ၍ ဝက်အူစုပ်ထားသော လက်တင်ဆုံလည်ကုလားထိုင် အလုံးသုံးဆယ်ခန့် ရှိသည်။ ကုလားထိုင်တိုင်းတွင် လေယာဉ်ပေါ်က ထိုင်ခုံများကဲ့သို့ လိုအပ်ပါက အပြင်ဘက်သို့ ဆွဲထုတ်ပြီးသုံးနိုင်သော ခေါက်စားပွဲလေးများ ပါရှိသည်။ ထိုဆုံလည်ကုလားထိုင်များကို နေရာတကျ အတန်းလိုက် စီချထားခြင်းမဟုတ်။ ဟိုတစ်ခုံသည်တစ်ခုံ ဖြစ်သလိုချထားသည့်ပုံစံမျိုး ဖြစ်နေသည်။

ကားနောက်ပိုင်းတွင် အဝတ်လဲခန်းနှင့် အရက်မျိုးစုံသိုလှောင်ထားသော ဘားကောင်တာတစ်ခု ရှိသည်။ ထိုအဝတ်လဲခန်းနှင့် ဘားကောင်တာနောက်ဘက် ကား၏နောက်ဆုံးပိုင်းတွင် ရှေ့နှင့်နောက်သို့ အလွယ်တကူ လှမ်းကြည့်နိုင်အောင် (ကားကြမ်းပြင်ထက်) မြှင့်ထားသော စင်မြင့်တစ်ခုရှိသည်။ အဆိုပါစင်မြင့်၏ ကြမ်းခင်းကို ယခုအချိန်တွင် လှန်ဖွင့်ထားရာ အောက်တွင် ပစ္စည်းပစ္စယများကို ထည့်သိုထားနိုင်သည့် ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းကို တွေ့နေရသည်။ ထိုအခန်းကြီးထဲတွင် ပစ္စည်းများကို ပြည့်လုနီးပါး ထည့်ထားသည်။ သို့သော် ထိုပစ္စည်းများသည် သေတ္တာ၊



အိပ်ရာလိပ် စသည်တို့လို ပစ္စည်းမျိုး မဟုတ်ကြ။

အလျား၊ အနံ ခုနစ်ပေခွဲစီကျယ်သော ထိုအခန်းထဲတွင် ဓာတ်ဆီနှင့် မောင်းနှင်ရသော လျှပ်စစ်ဓာတ်အားပေး အင်ဂျင်စက်နှစ်လုံး၊ အချင်း လက်မနှစ်ဆယ်ရှိသော မီးမောင်းကြီးနှစ်ခု၊ အခြားမီးမောင်း အရွယ်အစားမျိုးစုံ၊ အောက်ဘက်တွင် သံချောင်းထောက်ခုံ တပ်ထားသော ဒုံးပျံလက်နက်နှင့်တူသည့် ထူးထူးဆန်းဆန်း ပစ္စည်းနှစ်ခု၊ စက်သေနတ်အသေးစားများ၊ အပေါ်တွင် မည်သည့်အမှတ်အသားမျှ ရေးမထားသည့် သစ်သားသေတ္တာကြီး နှစ်လုံး၊ ပြီးတော့ အမဲဆီသုတ်ထားသည့် အခြားပစ္စည်းမျိုးစုံနှင့် ကြိုးခွေကြီးများ ဖြစ်ကြသည်။ ဘရန်ဆန့်တပည့်များသည် ယခုအချိန်အထိ ပစ္စည်းတင်၍ မပြီးကြသေးချေ။

ဘရန်ဆန်သည် ဤကားကြီးကို ဒေါ်လာကိုးသောင်းပေး၍ ဝယ်ခဲ့ခြင်းဖြစ်သည်၊ ဤလိုကားကြီးမျိုး စုစုပေါင်း ခြောက်စီးသာ ထုတ်လုပ်သည်၊ သူ အသုံးချမည့် လုပ်ငန်းနှင့် ပြန်တွက်ကြည့်မည်ဆိုပါက သူ ထိုကားကို ဝယ်လိုက်ရသည့်အတွက် တန်ကျခဲ့ရသည့် ရင်းနှီးမြှုပ်နှံမှုငွေပမာဏမှာ မဖြစ်စလောက်သာဖြစ်သည်။ သူဝယ်စဉ်က ထိုကားကို လူသိမခံလိုသော သန်းကြွယ်သူဌေးကြီးတစ်ဦးကိုယ်စား ဝယ်ယူခြင်းဖြစ်ကြောင်း၊ သို့သော် ထိုသူဌေးကြီးမှာ အကြောင်းကြောင်းကြောင့်ဖြစ်၍ ကားကို အဝါရောင် သုတ်ပေးစေလိုကြောင်း၊ ဒက်ထရွိုက်မြို့မှ မော်တော်ကားကုမ္ပဏီကို ပြောခဲ့သည်။ ယခု ဤကားရောင်ကို ဆွတ်ဆွတ်ဖြူအောင် သုတ်ထားသည်။

ကျန်ကားငါးစီးအနက် နှစ်စီးကို တကယ့်သန်းကြွယ်သူဌေးကြီးနှစ်ဦးက တစ်နှစ်တစ်ကြိမ် အပျော်ခရီးထွက်သည့်အခါ အသုံးပြုရန် ဝယ်သွားခြင်း ဖြစ်သည်။ ကျန်ကားကြီးသုံးစီးကိုမူ အစိုးရက ဝယ်ယူခြင်းဖြစ်သည်။

ယခုအချိန်အထိ အရှေ့ဘက်မှ ရောင်နီမပျိုးသေးချေ။

၂

အဆိုပါကားဖြူကြီးသုံးစီးတို့သည် ဆန်ဖရန်စစ္စကို မြို့လယ်ကောင်ရှိ ကားဂိုဒေါင်ထဲတွင်ရှိနေကြသည်၊ ကားဂိုဒေါင်၏ ကြီးမားလှသော ဆွဲတံခါးကြီးများ၌ စေ့၍ ဝလန့်ထိုးပိတ်ထားသည်၊ ဓာတ်ချောင့်တစ်ထောင့်တွင် အရပ်ဝတ်အရပ်စားနှင့် လူတစ်ယောက်သည် တာရပတ်စနှင့်လုပ်ထားသော ပက်လက်ကုလားထိုင်ပေါ်တွင် ခြောင်းတိုတိုအောင် တူမင်ဖြတ်ထားသော နှစ်လုံးပြူးသေနတ်ကို ပေါင်ပေါ်တင်ပြီး နှစ်နှစ်

www.burmeseclassic.com



မြိုက်မြိုက် အိပ်ပျော်နေသည်။

ကားဂိုဒေါင်ထဲသို့ လူနှစ်ယောက် ခိုးကြောင်ခိုးဝှက်ဝင်လာသည်ကို သူမသိလိုက်။ ထို့ပြင် မာတင်ဇွေ့သေနတ်မှ မာတင်ဇွေ့ကို ရှူရှိုက်ရသောကြောင့် သူ့ခမျာ ပို၍ပင် အိပ်မောကျသွားရရှာသည်။ နောက်တစ်နာရီအကြာတွင် သူပြန်နိုးလာလိမ့်မည်။ သို့သော် ဘာဖြစ်ခဲ့သည်ကို သူသိလိုက်မည်မဟုတ်။ သူ့ကိုစစ်မေးခဲ့သော် တစ်ချိန်လုံး နိုးနိုးကြားကြားနှင့် ထိုင်၍ကင်းစောင့်နေသည်ဟုသာ အကြောက်အကန် ပြောပေ လိမ့်မည်။

ထိုကားကြီးသုံးစီးသည် ဘရန်ဆန်ကားနှင့် အပြင်ပန်းတွင် ခွဲမရအောင် တူသည်။ သို့သော် အလယ်ကားတမူ အခြားကားများနှင့် သိုကာသိကွာကွာသည်။ ထိုကားတွင် ကျည်ဆန်မဖောက်နိုင်သော မှန်အထူစားကို တစ်ကားလုံးတွင် တပ်ဆင်ထားသည်။ ထိုကားမျိုးတွင် မှန်တပ်ဆင်ထားသည့်နေရာမှာ များပြားလှသောကြောင့် တစ်ကြောင်း၊ ကျည်ခံမှန်က ရိုးရိုးမှန်ထက် အဆမတန် ပိုလေးသည်က တစ်ကြောင်း၊ ဤအကြောင်းနှစ်ကြောင်းကြောင့် ထိုကားသည် အခြားကားများထက် နှစ်တန်တိတိ ပိုလေးသည်။ ကားအစွန်းပိုင်းတွင် မြင်ဆင်ထားမှုကလည်း ဗိမ်ခံတတ်သူများ အိမ်မက်ပင် မမက်ဖူးအောင် ဇိမ်ကျကျနေနိုင်ဖို့ မြင်ဆင်ထားသည်။ နိုင်ငံ၏အကြီးအကဲတစ်ယောက် ခရီးသွားလာရာတွင် အသုံးပြုမည့်ကား သည် သည်အဆင့်အတန်းမျိုး လောက်တော့ ရှိရမည်သာဖြစ်သည်။

သမ္မတ စီးနင်းသောကားတွင် မျက်နှာချင်းဆိုင်ချထားသော ဆိုဖာကြီးနှစ်လုံးပါရှိသည်။ ထိုဆိုဖာကြီးနှစ်လုံးမှာ အိအိစက်စက်နှင့် အလွန်ဇိမ်ရှိသည့် ဆိုဖာကြီးများဖြစ်သည်။ ထိုဆိုဖာကြီးများလို ဇိမ်ကျကျထိုင်နိုင်အောင် လုပ်ထားသော လက်တင်ကုလားထိုင်လေးလုံးလည်း ရှိသေးသည်။ ထိုင်စရာကုလားထိုင်များကို ဤပုံစံအတိုင်း စီစဉ်ထားသည်။ ၎င်းအပြင် ရေခဲရေထည့်သည့်ဗူးများ၊ ကြေးနီနှင့်ပြုလုပ်ထားသော စားပွဲငယ်များ၊ ရွှေရည်စိမ်ပန်းအိုးများကို နေရာအနှံ့ချထားသည်။ ထိုနေရာမှလွန်သော် ရေချိုးခန်းနှင့် ဘားကောင်တာရှိသည်။ ဘားကောင်တာရှိ ရေခဲသေတ္တာကြီးထဲတွင် ဘီလပ်ရည်မျိုးစုံ သစ်သီးရည်မျိုးစုံရှိနေသည်။ ဤကဲ့သို့ သစ်သီးဖျော်ရည်များကို ထူးထူးဆန်းဆန်း သိုလှောင်ထားရခြင်းမှာ သမ္မတကြီး၏ အစွလမ်ဘာသာဝင် အာရပ် ဧည့်သည်တော်များအတွက် ဖြစ်သည်။

ထိုနေရာမှလွန်သော် ဘတ်စ်ကားကိုယ်ထည်နှင့်အပြည့် မှန်ကာ၍ တန့်ထားသော အခန်းတစ်ခန်းရှိသည်။ ထိုမှန်ခန်းမှာ ဇဟိုဆက်သွယ်ရေးစခန်းဖြစ်ပြီး ထိုအခန်း



ထဲတွင် ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ ပါရှိသည်။ ထိုကားကို သမ္မတကြီး စီးနင်းအသုံးပြုသည့်အခါတိုင်း ထိုဆက်သွယ်ရေးအခန်းတွင် လူမပြတ်ရှိနေစေရသည်။ ပြီးတော့ ဤဆက်သွယ်ရေးပစ္စည်းများကို တပ်ဆင်ထားရသည့်အတွက် တန်ကျစရိတ်မှာ ဘတ်စ်ကားတန်ဖိုးထက်ပင် ပိုများသည်ဟု အဆိုရှိသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ မည်သည့်နေရာနှင့်မဆို ဆက်သွယ်စကားပြောနိုင်သော ရေဒီယိုတယ်လီဖုန်းအပြင် သီးသန့်သော့နှင့် ဖွင့်မှရသော မှန်ဖုံးတံခါးလေးတစ်ခုလည်း ရှိသေးသည်။ ထိုမှန်ဖုံးတံခါးလေး၏အောက်တွင် တစ်ရောင်စီခွဲ၍ အရောင်ခြယ်ထားသော ခလုတ်တလေး ငါးခုရှိသည်။

ပထမခလုတ်ကိုနှိပ်သော် ဝါရှင်တန်ရှိအိမ်ဖြူတော်နှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည်။ ဒုတိယခလုတ်မှာ ပင်တဂွန်၊ တတိယခလုတ်မှာ လေကြောင်းစစ်ဆင်ရေးဌာန၊ စတုတ္ထခလုတ်မှာ မော်စကိုနှင့် ဆက်သွယ်ရန်ဖြစ်ပြီး၊ ပဉ္စမခလုတ် မှာ လန်ဒန်နှင့်ဆက်သွယ်ရန်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အမြဲတစေဆက်သွယ်ရန် လိုအပ်သည်။ သို့သော် ယခုသမ္မတကြီးကမူ တယ်လီဖုန်းရှုနေသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ဘတ်စ်ကားပေါ်တွင် သူထိုင်လေ့ရှိသော ကုလားထိုင်နောက်ဘက်ရှိ ဆက်သွယ်ရေးအခန်းသို့ ကားထဲက ထိုင်ရာမှထ ဆက်သွယ်နိုင်သော တယ်လီဖုန်းတစ်လုံးကိုပင် ထပ်မံတပ်ဆင်ရသောကြောင့် ဖြစ်သည်။

သို့သော် ကားဂိုဒေါင်ထဲသို့ခိုးဝင်လာသူများသည် ဤကားကို စိတ်မဝင်စားကြ။ ဤကား၏ ဘယ်ဘက်ဘေးတွင်ရှိသော မော်တော်ကားကိုသာ စိတ်ဝင်စားကြသည်။ ထိုသူခိုးနှစ်ယောက်သည် ကားရှေ့တံခါးကို ဖွင့်ဝင်လာပြီး ယာဉ်မောင်းသူ၏ ထိုင်ခုံဘေးမှ သံပြားတစ်ပြားကို ခွာလိုက်သည်။ တစ်ယောက်က အပေါက်ထဲသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ပြီး သူတွေ့ချင်သည့်ပစ္စည်းကို တွေ့သွားတန့်နှင့် သူ့အဖော်ထံမှ ပလတ်စတစ်အိတ်တစ်အိတ်ကို လှမ်းယူလိုက်သည်။ ထိုပလတ်စတစ်အိတ်မှာ 'ပူတင်း' ထည့်ထားသောအိတ်ဖြစ်ပုံရပြီး အချင်းတစ်လက်မ၊ အရှည်သုံးလက်မခန့်ရှိသော သတ္တုပိုက်တစ်ခုနှင့် တွဲထားဟန်တူသည်။ သူက ထိုပစ္စည်းကို သံထည် အစွန်းတစ်ခုတွင် ပလတ်စတာနှင့် မြဲမြဲခိုင်ခိုင်ကပ်ထားလိုက်သည်။ သူသည် သူ့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် နားလည်သူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခပ်ပိန်ပိန်ပါးပါး၊ အသားအရေ ဖြူဖပ်ဖြူရော်နှင့် ရက်စက်တန်ဆိုသော ပုဂ္ဂိုလ်သည် 'ဖောက်ခွဲဝိဇ္ဇာ' တစ်ဦးဖြစ်သောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသည် ကားနောက်ပိုင်းသို့ဝင်ပြီး ဘားကောင်တာနောက်ဘက်သို့ သွားပြန်သည်။ ရက်စတန်သည် ခွေးခြေတစ်ခုပေါ်သို့ တက်လိုက်ပြီး ကြောင်အိမ် အပေါ်ပိုင်းရှိ ဆွဲတံခါးတစ်ခုကို ဘေးသို့ ဆွဲဖွင့်လိုက်သည်။ သူက ကြောင်အိမ်ထဲရှိ အရက်ပုလင်းများကို လေ့လာလိုက်သည်။ ထိုအဆင့်တွင် တစ်တန်းလျှင် စကော့ ဝီစကီပုလင်း ငါးလုံးစီ ရှေ့နောက်နှစ်တန်းစီထားသည်။ အောက်ဆင့်တွင်လည်း ထိုနည်း လည်းကောင်းပင်တည်း။ ဤမော်တော်ကားကို စီးသူများသည် ဤအဆင့်ရှိ အရက် ပုလင်းများကို ဓာတ်တော်နှင့် သုံးလိမ့်ဦးမည်မဟုတ်။

ရက်စတန်သည် အရက်ပုလင်းများကို မလဲမပြိုအောင် စိုက်ထောင်ထားသည့် အပေါက်ဝိုင်းများထဲမှ အရက်ပုလင်းဆယ်ပုလင်းကို ထုတ်ယူပြီး သူ့အဖော်ကို လှမ်းပေး လိုက်သည်။ သူ့အဖော်က ငါးပုလင်းကို ဘားကောင်တာပေါ် တင်လိုက်ပြီး၊ ငါးပုလင်း ကို အသင့်ယူလာသော ပတ္တူအိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ထူးထူး ဆန်းဆန်း ပစ္စည်းတစ်ခုကို ရက်စတန်ထံ ပြန်ကမ်းပေးလိုက်သည်။ ထိုပစ္စည်းတွင် အစိတ်အပိုင်း သုံးခုပါရှိသည်။ ပထမအစိတ်အပိုင်းမှာ ကားရှေ့ပိုင်းတွင် ထားခဲ့သော သတ္တုပိုက်လုံးမျိုးဖြစ်သည်။ ဒုတိယအစိတ်အပိုင်းမှာ နှစ်လက်မခန့်မြင့်သော ပျားအုံ ပုံသဏ္ဌာန် ပစ္စည်းဖြစ်သည်။ အချင်းကလည်း နှစ်လက်မလောက်ပင်ရှိသည်။ တတိယ အစိတ်အပိုင်းမှာ ကားထဲတွင် ဆောင်ထားလေ့ရှိသော မီးသတ်ဗူးမျိုးနှင့် ဆင်ဆင်တူ သည်။ သို့သော် ထိုပစ္စည်း၏ထိပ်ဖုံးမှာ ပလတ်စတစ်ဖုံးဖြစ်နေသည်။ ဤပစ္စည်းနှစ်ခုနှင့် သတ္တုပိုက်လုံးကို ဝိုင်ယာကြိုးများနှင့် ဆက်ထားသည်။

ပျားအုံသဏ္ဌာန်ပစ္စည်း၏ အောက်ဘက်တွင် မည်သည့်နေရာကိုမဆို လေစုပ် ၍ တပ်ထားနိုင်သည့် ရာဘာခွက်တစ်ခုပါသည်။ သို့သော် ရက်စတန်က ထိုရာဘာခွက် ကို အသုံးပြုရန်မလို။ သူက သွားတိုက်ဆေးဗူးလို ဗူးထဲမှ ကော်ရည်များကို ခပ်များများ ညှစ်ထုတ်ပြီး ရာဘာခွက်ပေါ်တွင် သုတ်လိမ်းလိုက်သည်။ ထို့နောက် ကြောင်အိမ် အတွင်းဘက်မျက်နှာပြင်တွင် ကပ်လိုက်သည်။ ပြီးမှ သတ္တုပိုက်လုံး အကြီးနှင့်အသေးတို့ကို အတွင်းဘက်ရှိ အပေါက်ဝိုင်းများပါသော တန်းပေါ်တွင် ပလတ်စတာ 'တိပ်'နှင့် ခိုင်အောင်ကပ်လိုက်သည်။ ၎င်းနောက် ရှေ့တန်းရှိ အပေါက် ဝိုင်းများထဲတွင် အရက်ပုလင်းငါးလုံးကို ပြန်ထည့်ထားလိုက်ရာ နောက်ဘက်တန်းမှ ပစ္စည်းများကို လုံလုံခြုံခြုံ ဖုံးကွယ်ပြီးသား ဖြစ်သွားသည်။

ရက်စတန်က ကြောင်အိမ်ဆွဲတံခါးကို ပြန်ဆွဲပိတ်လိုက်ပြီး ခွေးခြေကို နေ သားတကျ ပြန်ထားလိုက်သည်။ ထို့နောက် သူ့အဖော်နှင့်အတူ ကားပေါ်မှ ပြန်



ဆင်းလာသည်။ အစောင့်ပုဂ္ဂိုလ်ကမူ အိပ်ပျော်နေဆဲပင်။ သူတို့နှစ်ယောက်သည် ဝထမဝင်လာခဲ့သော ကားဂိုဒေါင်ဘေးတံခါးငယ်မှ အပြင်သို့ ပြန်ထွက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ ရက်စတန်က ခရီးတိုအသုံးလွယ် အသံဖမ်းစက်(ဝေါကီး တော်ကီ) ကို ထုတ်ယူပြီး ပြောလိုက်သည်။

'ပီအိုင်လား'

ဒယ်လီမြို့ မြောက်ဘက်တွင်ရှိသော ကားဂိုဒေါင်ဟောင်းထဲရှိ အသံချဲ့စက်မှ ထိုအသံသည် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။ ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်၏။

'ဘယ်လိုလဲဟေ့'

'အဆင်ပြေပါတယ်'

'ကောင်းတယ်'

ဘရန်ဆန့်အသံ၌ အံ့ဩသံမပါ။ အံ့ဩစရာလဲမရှိ။ ရက်သတ္တပတ် လုံးလုံး လေ့ကျင့်ဇာတ်တိုက်ထားခဲ့ပြီးဖြစ်၍ အလွဲလွဲအချော်ချော်ဖြစ်မှာကို သူ လုံးဝမစိုးရိမ်။

'မင်းနဲ့ မက် အခန်းကိုပြန်၊ အဲဒီကစောင့်'

□

ဂွန်ဆင်နှင့်ဘရက်ဒလီတို့သည် ထူးထူးဆန်းဆန်း တစ်ယောက်နှင့်တစ် ယောက် တော်တော်လေးရုပ်ချင်းဆင်သည်။ အသက်သုံးဆယ်ကျော်ကျော် လူရည် ခပ်သန့်သန့်နှင့် ရုပ်ဖြောင့်ကြသည်သာမက ကိုယ်လုံးကိုယ်ပေါက်ကလည်း ခပ်ဆင် ဆင်၊ ပြောင်ဖူးမွှေးရောင် ဆံပင်ကလည်းဆင်တူ။

ထို့အတူ ယခု ဟိုတယ်ခန်းတွင် ရှိနေသူနှစ်ယောက်ကလည်း သူတို့နှစ်ဦးနှင့် ကိုယ်လုံးကိုယ်ပေါက်၊ အသားအရောင်၊ ဆံပင်အရောင်ကအစ တူသည်။ အိပ်ဆေး နေရာမှ အနှိုးခံလိုက်ရသူနှစ်ဦးက ခုတင်ပေါ် ထထိုင်ရင်း သူတို့နှစ်ယောက်ကို စိတ်ဆိုး မာန်ဆိုး အူကြောင်ကြောင်မျက်နှာထားနှင့် ကြည့်လိုက်သည်။ တစ်ယောက်က

'ဟေ့ မင်းတို့က ဘာကောင်တွေလဲ၊ မင်းတို့ ဒီလာပြီး ဘာလုပ်ကြတာလဲ'

ဂွန်ဆင်က ပြန်ပြောသည်။

'ဒီမှာ ကိုယ့်လူ၊ အသံနည်းနည်းတိုးပြီး ယဉ်ယဉ်ကျေးကျေးကလေး ပြောစမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်မတော်ရဲ့ လေယာဉ်မောင်းတွေ သိက္ခာကျကုန်လိမ့်မယ်၊ တို့ဘာလဲဆိုတာက သိပ်အရေးမကြီးဘူး၊ တို့ဒီကို အကျီအဝတ်အစားလဲဖို့ လာတာကွ'

သူက သူကိုင်ထားသော ဘာရက်တာ ပစ္စတိုကို ပြန်ကြည့်လိုက်ပြီး ပြောင်းဝမှ အသံတိတ်ကိရိယာကို ဘယ်ဘက်လက်ညှိုးနှင့် ထောက်ပြလိုက်သည်။

'ဘာပစ္စည်းတွေလဲဆိုတာ မင်းကိုရှင်းပြဖို့လိုမယ် မထင်ဘူး'

သူတို့ကို ရှင်းပြစရာ မလိုပါ။ ဂျွန်ဆင်နှင့် ဘာရက်ဒလီတို့၏ အမူအရာမှာ အထူးတည်ငြိမ်လှသည်။ သွေးအေးသော ကြေးစားပုဂ္ဂိုလ်များဖြစ်ကြောင်း သေချာလှသည်။ ထို့ကြောင့် ခုခံရန်မဆိုထားဘိ၊ ပါးစပ်ထဲမှ စကားလုံးများပင် ထွက်မလာတော့ပါ။

ဂျွန်ဆင်ကမူ ဂရုမစိုက်သောပုံစံနှင့် သေနတ်ကို လက်တွဲလောင်းချ၍ ကိုင်ထားစဉ် ဘာရက်ဒလီက အသင့်ယူလာသော လက်ဆွဲအိတ်ကိုဖွင့်၍ ကြိုးခွေတစ်ခွေကို ထုတ်ယူလိုက်သည်။ ရင်းနောက် သူတို့နှစ်ယောက်ကို သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် တုပ်နှောင်လိုက်သည်။ ဒီလိုကိစ္စမျိုးတွင် များစွာအလေ့အကျင့် ရှိပုံရသည်။ ကြိုးချည်ပြီးသောအခါ ဂျွန်ဆင်က ဗီရိုတစ်လုံးကိုဖွင့်၍ အဝတ်အစားနှစ်စုံကို ထုတ်ယူလိုက်ပြီး တစ်စုံကို ဘာရက်ဒလီထံ ကမ်းပေးရင်း ပြောလိုက်သည်။

'ကဲ တော်မတော် စမ်းဝတ်ကြည့်ဦး'

ဝတ်စုံသာမက ဦးထုပ်ကလည်း အနေတော်ပင်။ အကယ်၍ မတော်မှသာ ဂျွန်ဆင်တစ်ယောက် အံ့ဩမိလိမ့်မည်။ ဘရန်ဆန်ဆိုသော ငတိသည် အသေးစိတ် အကွက်ချ၍ စီစဉ်ရာတွင် လွဲချော်ဖူးသည်ဟု မရှိသေး။

ဘာရက်ဒလီက သူကိုယ်သူ ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် ကြည့်လိုက်သည်။

'အမေရိကန် ရေတပ်မတော် လေယာဉ်မောင်း ဗိုလ်ဝတ်စုံတာ ငါနဲ့ အံကိုက်ပဲကွာ ငါ ဥပဒေဘောင်တွင်းမှာပဲ နေသင့်တယ်၊ မင်းလဲ ဒီအဝတ်အစားနဲ့ သိပ်မဆိုးဘူးကွ'

ကြိုးနှင့် အချည်အနှောင်ခံရသူ တစ်ဦးကမေးသည်။

'ခင်ဗျားတို့က ဒီယူနီဖောင်းတွေကို ဘာလုပ်ဖို့ လိုချင်တာတုံး'

'ရေတပ်မတော် ရဟတ်ယာဉ်မောင်းတဲ့ လူတွေဟာ ဒီလောက်တောင် မအဘူးလို့ ထင်ခဲ့မိတာ'

ထိုသူက ပြုံးတုံးပြုံးတဲ ပြန်ကြည့်လိုက်သည်။

'ဘုရားရေ၊ ဒါဖြင့် ခင်ဗျားတို့က . . . '



'ဟုတ်တယ် ကိုယ့်လူ တို့နှစ်ယောက်က မင်းတို့ထက် ဆိုကောစကီး ရဟတ်ယာဉ်တွေကို ပိုမောင်းဖူးတယ်မှတ်ပါ'

'ဒါပေမယ့် ယူနီဖောင်းကို လုစရာမလိုပါဘူး အပြင်မှာချုပ်ရင် လွယ်လွယ်လေး ပဲဥစ္စာ၊ ဘာပြုလို့ . . . '

'ဟုတ်တယ်၊ အပြင်မှာ ချုပ်လို့ရတယ်၊ ဒါပေမယ့် မင်းတို့ဆီမှာရှိမယ့် စာရွက်စာတမ်းတွေအားလုံးကို အတုလုပ်ဖို့ ဘယ်လွယ်ပါ့မလဲ၊ မှတ်ပုံတင်တွေ၊ ယာဉ်မောင်းလိုင်စင်တွေအားလုံးပေါ့'

သူက အကျီ ဘောင်းဘီအိတ်များကို လက်နှင့်ပုတ်ရှာလိုက်သည်။

'ဒီမှာ မရှိပါလားကွ၊ ဘယ်မှာထားသလဲ'

ကြိုးနှင့်အချည်ခံရသူ နောက်တစ်ယောက်က ဒေါသတကြီး ဆဲဆိုရေရွတ်လိုက်သည်။

'မင်းတို့နှစ်ယောက် အဝီစိသွားကြစမ်းကွာ'

ဂျွန်ဆင်က ပြေပြေပြစ်ပြစ် ပြန်ပြောသည်။

'သူရဲကောင်းဆန်ရမယ့်အချိန် မဟုတ်ဘူး။ ကဲ ဘယ်မှာလဲ'

နောက်တစ်ယောက်က ဖြေသည်။

'ဒီမှာ မရှိဘူး၊ ရေတပ်မတော်က အဲဒီစာရွက်စာတမ်းတွေကို 'ကန့်သတ်' အဆင့်သတ်မှတ်ထားတယ်၊ ဒါကြောင့် ဟိုတယ်မန်နေဂျာရဲ့ မီးခံသေတ္တာထဲမှာ ထည့်ထားရတယ်'

ဂျွန်ဆင် သက်ပြင်းချလိုက်သည်။

'ဗျာ၊ ဘာပြုလို့ လက်ပေါက်ကပ်နေရတာလဲ၊ ညနေတုန်းက ဟိုတယ်စာရေးမဘေးမှာကုလားထိုင်တစ်လုံးနဲ့ ထိုင်နေတဲ့ ဆံပင်နီနီနဲ့ ခပ်ချောချောကောင်မလေးကို မှတ်မိသေးလား၊ အဲဒါ တို့ဘက်ကပဲ'

ကြိုးနှင့်အချည်ခံရသူနှစ်ဦး တစ်ဦးကို တစ်ဦးက ကွက်ကနဲ ကြည့်မိကြသည်။ သူတို့ မှတ်မိသည်မှာ သေချာသည်။

'အဲဒီ ကလေးမလေးက မင်းတို့နှစ်ယောက် ဟိုတယ်မန်နေဂျာဆီကို ဘာအစ္စည်းမှ လာမအပ်ဘူးလို့ လိုအပ်ရင် သက်သေခံလိမ့်မယ်၊ ဒီတော့ မကြောင်ချင်စမ်းပါနဲ့ကွာ၊ ကဲ မင်းတို့လုပ်နိုင်တာ သုံးမျိုးရှိတယ်၊ ပထမတစ်မျိုးက တို့ကိုခုပြောလိုက်ဒါမှမဟုတ်ရင် မင်းတို့ပါးစပ်ကို တိပ်နဲ့ကပ်ပြီး နည်းနည်း 'ချော့' ရလိမ့်မယ်၊ ခဏကြာရင် မင်းတို့ပြောရမှာပဲ၊ ဒါမှမဟုတ် မင်းတို့ မေ့မြောမသွားသေးဘူးဆိုရင် တို့ရှာတာကို

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြည့်ကြ၊ ဒါပဲ'

'မင်းက တို့ကိုသတ်မှာ မဟုတ်လား'

ဘရက်ဒလီက တကယ်အံ့ဩသော လေသံနှင့် ပြန်မေးသည်။

'ဘာဖြစ်လို့ သတ်ရမှာလဲ'

'မင်းတို့နှစ်ယောက်ကို တို့က မှတ်မိသွားမှာပေါ့'

'မင်း တို့ကို တစ်သက် ပြန်မတွေ့ရတော့ဘူး မှတ်ပါ'

'ဟို ကလေးမလေးကို မှတ်မိတယ်လေ'

'သူ့ ခေါင်းပေါ်က ဆံပင်နီအတုကို ချွတ်လိုက်ရင် မင်းဘယ်လိုမှ မှတ်မိမှာ မဟုတ်ဘူး၊ အချိန်ကုန်တယ်ကွာ၊ သူ့ပါးစပ်ကို တိပ်နဲ့ကပ်လိုက်တော့'

သူက အိတ်ထဲမှ ပလိုင်ယာကို ဆွဲထုတ်ရင်း စိတ်ပျက်သောလေသံနှင့် ပြောလိုက်သည်။

ကြိုးအချည်ခံရသူနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြသည်။ တစ်ဦးက ခေါင်းခါ၏၊ တစ်ယောက်က သက်ပြင်းချသည်။ တစ်ယောက်က ပြုံး၏

'အခုလို ငြင်းနေတာ အပိုပါပဲလေ၊ ပြီးတော့ အလဟဿနေရင်း ရုပ်ပျက် ဆင်းပျက် မဖြစ်ချင်ဘူး၊ ခြေရင်းဘက်က ရေမွှေ့ရာအောက်မှာ ရှိတယ်'

မှန်သည်။ ဂျွန်ဆင်နှင့် ဘရက်ဒလီတို့က ပိုက်ဆံအိတ်တစ်အိတ်စီကို ယူဖွင့်ကြည့်ရင်း ခေါင်းညိတ်လိုက်ကြသည်။ ထို့နောက် အိတ်ထဲမှ ငွေစက္ကူအထပ်လိုက်ကို ဆွဲထုတ်ရင်း ခုတင်ဘေးရှိ စားပွဲငယ်ကလေးများပေါ်တွင် တင်လိုက်သည်။ ကြိုးအချည်ခံနေရသူ တစ်ယောက်က လှမ်းပြောလိုက်၏။

'ခင်ဗျားတို့နှစ်ယောက်ဟာ တော်တော်ကြောင်တဲ့ လူဆိုးတွေပဲ'

ဂျွန်ဆင်က ဖြေသည်။

'တော်တော်ကြာရင် မင်းတို့က တို့ထက်ပိုပြီး ငွေအသုံးလိုလာလိမ့်မယ်'

ဂျွန်ဆင်နှင့် ဘရက်ဒလီက သူတို့ချွတ်ပစ်လိုက်သော ဝတ်စုံဟောင်းထဲမှ ပိုက်ဆံများကို ထုတ်ယူပြီး ယူနီဖောင်း အိတ်ထဲသို့ ပြောင်းထည့်ကြသည်။

'တို့ဝတ်စုံတွေ မင်းတို့ကို စွန့်ခဲ့မယ်၊ အမေရိကန်ရေတပ်မတော်က ဗိုလ်တွေ အောက်ခံဘောင်းဘီတိုကလေးနဲ့ လမ်းသလားတာ သိပ်ကြည့်မကောင်းလှဘူး၊ ကဲ မင်းတို့ ပါးစပ်ကို တိပ်နဲ့ကပ်ဖို့လိုပြီ'

သူက ပြောပြောဆိုဆို လက်ဆွဲအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ ဤတွင် တစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် အိပ်ရာထဲကထရန် ကြိုးစားသည်။



သို့သော် အချည်းအနှီးပင်။

'ခင်ဗျားပြောတုန်းကတော့ . . .'

'ဒီမှာ ကိုယ့်လူ မင်းတို့ကို တို့သတ်ချင်တယ်ဆိုရင် ဒီသေနတ်သံကို အပြင်ဘက် စင်္ကြံလမ်းထဲကတောင် ကြားရမှာ မဟုတ်ဘူး၊ ဒါပေမယ့် တို့တံခါးအပြင်ဘက် ရောက်တာနဲ့ မင်းတို့ကအသံကုန်ဟစ်ပြီး အော်တာ ဟစ်တာလဲ တို့မလိုချင်ဘူး ပြီးတော့ ဘေးနားက အခန်းတွေကိုလဲ အနှောင့်အယှက် ဖြစ်ကုန်လိမ့်မယ်'

သူတို့ပါးစပ်ကို တိပ်နှင့် ကပ်ပြီးသောအခါ ဂျွန်ဆင်က ထပ်ပြောပြန်သည်။

'ပြီးတော့လဲ မင်းတို့နှစ်ယောက် အိပ်ရာပေါ်က လိမ့်ချပြီး အခန်းတံခါးနဲ့ နံရံတွေကို ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်တာကိုလဲ တို့မလိုချင်ဘူး၊ ဝမ်းနည်းပါတယ်ကွာ'

သူသည် လက်ဆွဲအိတ်ထဲမှ ဆံပင်ကို ရေဆေးဖြန်းသော ဗူးကလေးနှင့်တူသည့် ဓာတ်ငွေ့ပါသော ဗူးတစ်ဗူးကို ဆွဲထုတ်ယူပြီး ကြိုးနှင့်တုပ်ထားသူ နှစ်ယောက်၏ မျက်နှာကို တစ်ချက်စီနှစ်ချက်စီ ပက်ဖြန်းလိုက်သည်၊ ထို့နောက် အခန်းအပြင်ဘက်သို့ ထွက်ပြီး 'မနှောင့်ယှက်ပါနှင့်'ဆိုသော ဆိုင်းဘုတ်ငယ်ကို အပြင်ဘက်က ချိတ်ဆွဲလိုက်သည်၊ ဂျွန်ဆင်က တံခါးကို သော့နှစ်ဆင့်ခတ်လိုက်ပြီး သော့တိမ်ထဲ၌ သော့ တစ်ပိုင်းကျိုး၍ ကျန်ရစ်အောင် သော့ကို ပလိုင်ယာနှင့်ညှပ်၍ ချိုးပစ်လိုက်သည်။

အောက်ထပ်သို့ရောက်သောအခါ ညေ့်ကြိုဟိုတယ်စာရေးထံ ချည်းကပ်သွားရာ ဟိုတယ်စာရေးက သူတို့ကို ရွှင်ရွှင်ပျပျ နှုတ်ဆက်သည်။ ဂျွန်ဆင်က မေးလိုက်၏။

'မင်းကို ညတုန်းက တို့မတွေ့ပါလား'

'မှန်ပါတယ်ဆရာ၊ ဒါပေမယ့် ဟိုတယ်စာရေးတွေအဖို့ အိပ်ချိန်လိုအပ်တယ်ဆိုတာ မန်နေဂျာက မယုံဘူး ဆရာရဲ့၊ အဟဲ. . . ကျွန်တော် အပြောင်အပြက် ပြောနေတာပါ၊ ဒါနဲ့ စကားမစပ် ဒီနေ့မနက် သမ္မတကြီးနဲ့အဖွဲ့ကို နောက်က လိုက်စောင့် ရှောက်ပေးရမှာ ဆရာတို့ပဲ မဟုတ်လား'

ဂျွန်ဆင်က ပြုံးလိုက်သည်။

'မင်း အဲဒီလိုပြောတာ သမ္မတကြီးက ကြိုက်မှာမဟုတ်ဘူး၊ ဒါပေမယ့် မင်း ပြောတာ မှန်တယ်၊ အခုတော့ လူတိုင်းသိနေပါပြီ၊ တို့ ညက မနက်စောစောနိုးပါလို့ နှုန်းဆက်ထားတယ်လေ၊ တို့နာမည် အက်ရှ်ဘရစ်ချ်နဲ့ မာတီနက်၊ မင်းတို့ စာနဲ့ ရေး မှတ်ထားသေးသလား'

ဟိုတယ်စာရေးက နာမည်စာရင်းကို ခဲတံနှင့်လျှောက်ထောက်ပြီး ဖြေလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

'မှတ်ထားပါတယ်ဆရာ'

'ကဲ ဒီတော့ အခန်းထဲမှာ ရေတပ်မတော်နဲ့ပတ်သက်တဲ့ အရေးကြီးပစ္စည်းတချို့ ချန်ထားခဲ့တယ်၊ ကိုမြင့်မလာခင် ကိုအခန်းနားကို ဘယ်သူမှမကပ်အောင် ခင်းပဲတာဝန် ယူပေးပါ၊ ကို သုံးနာရီလောက်တော့ ကြာလိမ့်မယ်'

ဟိုတယ်စာရေးက စာနှင့်ရေးမှတ်ရင်း ပြောလိုက်သည်။

'စိတ်ချပါ ဆရာ၊ မနှောင့်ယှက်ပါနဲ့ဆိုတဲ့ ဆိုင်းဘုတ်ဆွဲထားရင်. . .'

'ကို အဲဒီဆိုင်းဘုတ်ကို ချိတ်ခဲ့ပြီးပြီ'

ဓာတ်လှေကားထဲသို့ရောက်သောအခါ အကြွေထည့်၍စကားပြောနိုင်သည့် တယ်လီဖုန်းရုံတစ်ခုတွင် ရပ်လိုက်သည်။ ဂျွန်ဆင်က လက်ဆွဲအိတ်ကိုဆွဲ၍ အတွင်းသို့ဝင်သွားပြီး အိတ်ထဲက ခရီးတို အသံလွှင့်စက်ကို ထုတ်ယူလိုက်သည်။ သူသည် ချက်ချင်းလိုလို မော်တော်ကားဂိုဒေါင် ဟောင်းကြီးထဲမှ စိတ်ရှည်လက်ရှည်စောင့်နေသော ဘရန်ဆန်နှင့် အဆက်အသွယ်ရသွားသည်။

'ပီအိုင်လား'

'ဟုတ်တယ်'

'အဆင်ပြေတယ်'

'အေး ကောင်းတယ်၊ ဟိုကို သွားကြပေတော့'

နေစထွက်သည်နှင့်တပြိုင်နက် ဆန်ဖရန်စစ္စကို ပင်လယ်အော် မြောက်ဘက်ရှိ မာရင်ခရိုင်၊ ဆော်ဆာလီတို တောင်ကုန်းပေါ်ရှိ တဲငယ်ကလေးတစ်လုံးထဲမှ လူခြောက်ယောက် တန်းစီပြီးထွက်လာသည်။ ခြောက်ယောက်အနက် လေးယောက်က အပေါ်နှင့်အောက် တစ်ဆက်တည်းချုပ်ထားသော အလုပ်သမားဝတ်စုံများကို ဝတ်ထားပြီး နှစ်ယောက်ကမူ စာခြောက်ရုပ်က ဖြုတ်ယူလာသည်ဟု ထင်ရသော အရောင်အဆင်းပျက် မိုးကာအင်္ကျီများကို ဝတ်လာကြသည်။ သူတို့ ခြောက်ယောက်သည် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ချက်ဗလက် စတေရှင်ဝက်ဂွန်းကားပေါ်သို့ တက်ပြီး မြို့ဘက်သို့ မောင်းနှင်လာကြသည်။

သူတို့ရှေ့တွင် ရင်သပ်ရှုမောဖွယ်မြင်ကွင်းက မျက်စိတဆုံးရှိနေသည်။ တောင်



ဘက်တွင် ရွှေတံခါးတံတားကြီးနှင့် ဆန်ဖရန်စစ္စကိုမြို့ ရှုခင်းကို ရေးရေးပျပျ မြင်ကြရသည်။ အရှေ့တောင်ဘက်တွင်မူ တံငါသည်ဆိပ်ကမ်း၊ ပြီးတော့ တာအန်းတည်းရှိနေသည့် ရတနာကျွန်း၊ ပင်လယ်အော်တံတား၊ ပြီးတော့ ပင်လယ်ကွေ့၏ ဟိုဘက်ကမ်းတွင် အုတ်ကလန်မြို့။ တံငါသည်ဆိပ်ကမ်း၏ မြောက်ဘက်တွင်ကား သမိုင်းတွင် အမည်းစက်ထင်စေခဲ့သော စစ်အကျဉ်းထောင်ရှိရာ အယ်ကာထရက်ကျွန်းကို မြင်ကြသည်။

အရှေ့ဘက်တွင်မူ ဆန်ဖရန်စစ္စကိုပင်လယ်အော်ထဲ၌ အကြီးဆုံးကျွန်းဖြစ်သည့် နတ်သမီးကျွန်း၊ အရှေ့မြောက်တွင်ကား ဘလ်ဘီဒီရီကျွန်း၊ ထိုကျွန်းကိုလွန်သော် ဆန်ပက်ဗလို ပင်လယ်အော်နှင့် အဆုံးအစမရှိသော မိုးကုတ်စက်ဝိုင်း။ တကယ်ပြောရရင် ဆော်ဆာလီတာ တောင်ကုန်းပေါ်မှ စီး၍ကြည့်ရသည့် မြင်ကွင်းထက်ပို၍ ရင်သပ်ရှုမောဖွယ်ကောင်းသော မြင်ကွင်းမျိုး ဤကမ္ဘာတွင် မရှိနိုင်ပြီ။ ဤမြင်ကွင်းမျိုးနှင့် ရင်ဆိုင်တွေ့ရသည့်တိုင် ဖင်ထိုင်မမေ့သူများသည် ကျောက်ခဲနှင့် မြုလုပ်ထားသော အသည်းနှလုံးပိုင်ရှင်များဟု ဆိုရမည်။ စတေရှင်ဝက်ဂွန်းကားထဲ၌ ပါလာသူ ခြောက်ယောက်ကမူ အသည်းမာကြသူများ ဖြစ်ပါသည်။

လမ်းမကြီးပေါ်သို့ရောက်သည့်အခါ လမ်းဘေးရှိ ရွက်လှေမှူးစုံ လှေဆိပ်မှုန်းတိုကို ကျော်ဖြတ်မောင်းနှင်လာပြီးနောက် လမ်းကြားလေး တစ်ခုထဲသို့ ချိုးဝင်ပြီး ကားကို ယာဉ်မောင်းက ရပ်လိုက်သည်။ ယာဉ်မောင်းနှင့် သူ့ဘေးမှပုဂ္ဂိုလ်သည် ကားအောက်ဆင်းပြီး အပေါ်ဝတ် အလုပ်သမားဝတ်စုံအင်္ကျီကြီးကို ချွတ်လိုက်ရာ ထိုအင်္ကျီအောက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ရဲအဖွဲ့ဝင်များ ဝတ်ဆင်သည့် ယူနီဖောင်းကို ဝတ်ဆင်ထားကြကြောင်း တွေ့မြင်ရသည်။

ယာဉ်မောင်းသူသည် ဂစ်စကတ် အမည်ရှိ ရဲတပ်ကြပ်ဖြစ်သည်။ အရပ်ခြောက်ပေသုံးလက်မ၊ မျက်နှာနီစုပ်မြ၊ ကိုယ်လုံးကိုယ်ပေါက် ခပ်ထွားထွား၊ အေးစက်မာကျောသော မျက်လုံး၊ တင်းနေအောင် စေ့ထားသော နှုတ်ခမ်းတို့ကြောင့် အလွန်ခက်ထန်သည့် ရဲသားတစ်ယောက်ဖြစ်သည်ဟု ထင်ရသည်။ သို့သော် သူသည် ရဲနှင့် အကျိုးမပေး၊ ရဲနှင့်တွေ့တိုင်း သူထောင်ကျခဲ့ရသည်သာ။

ကျန်တစ်ယောက်နာမည်က ပါကာ။ အရပ်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ် အမြင်ကပ်ဖွယ်ကောင်းသည့် သွင်ပြင်လက္ခဏာတို့ကြောင့် မျက်စိမှန်သူများကသာ သူ့ကို ရဲအဖြစ် အသိအမှတ်ပြုပေလိမ့်မည်။ တကယ်တော့ သူလည်း ရဲသားမဟုတ်။ ရဲ့လက်က လွတ်အောင် ရှောင်ပြေးနေရသူသာ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် လမ်းချိုးအတိုင်း ချိုးကွေ့ပြီးနောက် ရပ်ကွက်ရဲစခန်းအတွင်းသို့ ဝင်သွားကြသည်။ စားပွဲနောက်တွင် ရဲနှစ်ယောက်ရှိသည်။ တစ်ယောက်က ခပ်ငယ်ငယ်၊ တစ်ယောက်က အသက်ခပ်ကြီးကြီး၊ သူတို့နှစ်ယောက်စလုံး ပင်ပန်းနွမ်းနယ်ပြီး အိပ်ချင်နေပုံရသည်။

ဂစ်စကတ်က ရွှင်ရွှင်ပျပျ နှုတ်ဆက်လိုက်သည်။

'မင်္ဂလာနံနက်ပါဗျာ၊ မင်္ဂလာနံနက်ပါ၊ ကျုပ်က တပ်ကြပ်ဂစ်စကတ်၊ သူက ရဲသားပါကာ'

သူ့အိတ်ထဲမှ နာမည်မျိုးစုံ တသီတတန်းကြီးပါသော စာရင်းစာရွက် တစ်ရွက်ကို ထုတ်လိုက်သည်။

'မင်းတို့နှစ်ယောက်က မဟိုနီနဲ့ နီးမစ် ဖြစ်ရမယ်'

'ဟုတ်တယ်ဗျ၊ နေပါဦး၊ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ'

အငယ်လူ မဟိုနီက ပြန်မေးလိုက်ခြင်း ဖြစ်သည်။

'ငါစာဖတ်တတ်လို့ သိတာပေါ့ကွ၊ ဒါဆိုရင် မင်းတို့ကို စခန်းမှူးက တို့လာလိမ့်မယ်ဆိုတာ ကြိုပြောမထားဘူးထင်တယ်၊ အခုကိစ္စက ဒီကနေ့မနက် လှည့်မယ့်မော်တော်ကားတန်းကြီးကိစ္စပဲ၊ ငါ အခုတွေ့ရသလောက်ကတော့ အခုလို လိုက်စစ်မိတာတ ခပ်ကောင်းကောင်းဖြစ်နေသည်။ ဒီပြည်နယ်က ရဲတွေဟာ စာမဖတ်တတ်တဲ့လူ၊ နားပင်းနေတဲ့လူတွေ ဖြစ်ဖို့များတယ်'

ဂစ်စကတ်က ခပ်ရှိန်းရှိန်းပြောလိုက်သော်လည်း နီးမစ်က ယဉ်ယဉ်ကျေးကျေး ပြန်ပြောသည်။

'ဒီမှာ တပ်ကြပ်ကြီး၊ ကျုပ်တို့လုပ်တာတွေ ဘာတွေမှားနေတယ်ဆိုတာ သိရရင်. . .'

ဂစ်စကတ်က စာရွက်ကို ဖော်ပြရင်း ဖြေသည်။

'ခင်ဗျားတို့လုပ်တာတွေ ဘာမှမမှားဘူး၊ ကဲ ကျုပ်သိချင်တာ လေးခုပဲရှိတယ်၊ နေ့ပိုင်းတာဝန်ကျတဲ့လူတွေ ဘယ်တော့လာမလဲ၊ ဘယ်နှစ်ယောက်လဲ၊ ကင်းလှည့်တဲ့ရဲကားက ဘယ်မှာလဲ၊ အချုပ်ခန်းက ဘယ်မှာလဲ'

'ဒါပဲလား'

'ဒါအကုန်ပဲ၊ နှစ်မိနစ်ပဲအချိန်ရတယ်၊ ခပ်မြန်မြန်ပြောဗျာ၊ ကျုပ်ဒီကနေ တံတားဟိုဘက် ရစ်ချမွန်မှာရှိတဲ့ ရဲစခန်းအားလုံးကို လိုက်စစ်ရဦးမှာ'

'မနက်ရှစ်နာရီ၊ လူရှစ်ယောက်၊ ခါတိုင်းထက် နှစ်ဆတာဝန်ချထားတယ်၊



တားတွေ ကတော့ . . .

'ကျုပ်ကိုယ်တိုင် သွားကြည့်ချင်တယ်'

နီးမစ်သည် သော့ချိတ်ထားသည့်နေရာမှ သော့ကိုဖြုတ်ယူပြီး သူတို့နှစ်ယောက်ကို ဦးဆောင်၍ ကားဂိုဒေါင်ရှိရာသို့ ခေါ်သွားသည်။ နီးမစ်က ကားဂိုဒေါင် တံခါးကြီးနှစ်ချပ်ကို ဖွင့်လိုက်၏။ အထဲတွင် ရဲပတ္တာရောင်ကားနှစ်စီး၊ သမ္မတကြီး၊ ရေနံဘုရင်တစ်ပါးနှင့် ရေနံမင်းသားတစ်ပါး၊ သူတို့ နယ်မြေအတွင်း ဖြတ်သန်းသွားသည့်အခါ ဆိုက်ပါ ပို့ဆောင်ရမည်ဖြစ်သဖြင့် ကားအရောင်းပြခန်းထဲမှ ကားသစ်များကဲ့သို့ ပြောင်ပြောင် လက်လက်ရှိနေသည်။

'ကားသော့ရော'

'သော့ပေါက်ထဲမှာပါ'

ရဲစခန်းသို့ ပြန်ရောက်သောအခါ ဂစ်စကတ်က အဝင်တံခါးပေါက်ကို မေးငေါ့ပြရင်း

'သော့ကော'

'ဗျာ'

ဂစ်စကတ်က စိတ်မရှည်တော့သည် ပုံစံနှင့်ပြောသည်။

'ထုံးစံအတိုင်းဆိုရင် ရဲစခန်းတံခါးကို ဘယ်အချိန်မှာမှ သော့ခတ်မထားဘူးဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့် ခင်ဗျားတို့အားလုံး ဒီကနေ့မနက် ရဲစခန်းက တခန်းကတန်း ထွက်ချင်ထွက်သွားရမှာ၊ ဒီတော့ ရဲစခန်းကို သော့မခတ်ပဲ ဒီအတိုင်းထားခဲ့မလား'

'ဪ ဒီလိုလား'

နီးမစ်က သော့ချိတ်ထားသည့် နေရာမှ သော့တစ်ချောင်းကို လက်ညှိုးထိုးပြလိုက်သည်။

'ကဲ အချုပ်ခန်းကို သွားကြည့်ရအောင်'

နီးမစ်သည် သော့ကိုယူပြီး ရှေ့ကသွားသည်။ အချုပ်ခန်းမှာ သိပ်မဝေးလှသော်လည်း လူမမြင်အောင် နောက်နားခပ်ကျကျတွင် ထားသည်။ နီးမစ် အချုပ်ခန်းထဲရောက်သည်နှင့် တပြိုင်နက် ဂစ်စကတ်က သေနတ်အိတ်ထဲမှ သေနတ်ကို ထုတ်၍ ကျောကိုထောက်လိုက်သည်။

'အသက်မရှိတဲ့ ရဲသားဟာ ဘယ်ကိစ္စမှာမှ အသုံးမဝင်ဘူးနော်'

ဆယ်စက္ကန့်အတွင်း တအံ့တဩနှင့် ဒေါသဖြစ်နေသော မဟိုနီနောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါကာ ကပ်ပါလာသည်။ သူတို့နှစ်ယောက်ကို မအော်နိုင်အောင် ပါးစပ်ကို အဝတ်နှင့် ဆို့ သံတိုင်ကို ကျောပေးစေပြီး ကြမ်းပေါ်တွင် ထိုင်ခိုင်းလိုက်သည်။ ၎င်းနောက် လက်နှစ်ချောင်းကို သံတိုင်ကြားမှ နောက်ပြန်တုပ်စေ၍ လက်ကောက်ဝတ် နှစ်ဘက်စီ ကို အပြင်မှ လက်ထိပ်ခတ်လိုက်၏။ ဂစ်စကတ်က သော့တွဲကို အိတ်ထဲထည့်ပြီး ဓါတ်ကို သူ့ရှေ့က ထွက်စေသည်။ ထို့နောက် ရဲစခန်းရှေ့တံခါးကို သော့ခတ်ပြီး သော့တို အိတ်ထဲထည့်လိုက်သည်။

ကားဂိုဒေါင်ကို ဂစ်စကတ်က ဖွင့်ပေးလိုက်သောအခါ ပါကာက ရဲကား နှစ်စီးကို အပြင်ဘက်သို့ နောက်ဆုတ်မောင်းနှင်စေပြီး ဂိုဒေါင်အပြင်ဘက်သို့ ထုတ်ပေးသည်။ ဂစ်စကတ်က ဂိုဒေါင်တံခါးကို ပြန်ပိတ်ပြီး သော့ခတ်နေစဉ် ပါကာက စတေရှင်ဝက်ဂွန် ကားပေါ်မှ ကျန်နေသူ လေးယောက်ကို သွားခေါ်သည်။ ထိုလေးယောက်သည် ယခု အချိန်တွင် အလုပ်သမားဝတ်စုံ ဝတ်ထားကြသူများ မဟုတ်တော့။ ကယ်လီဖိုးနီးယား ပြည်နယ်မှ စံပြပတ္တရောင် ရဲသားများ ဖြစ်နေကြလေပြီ။

သူတို့အုပ်စုသည် ပတ္တရောင်ကားနှစ်စီးကို မောင်းနှင်သွားပြီးနောက် သမားလ ပိုက် ပန်းခြံသို့ ရောက်သောအခါ ရပ်လိုက်ကြသည်။ ဂစ်စကတ်က ခရီးတိုအသံလွှင့် စက်ကို ထုပ်ယူလိုက်၏။

'ပီအိုင်လား'

ဘတ်စ်ကားပေါ်တွင် စိတ်ရှည်လက်ရှည် စောင့်နေသူ ဘရုန်ဆန်က ပြန်ဖြေ သည်။

'ဟုတ်တယ်'

'အခြေအနေကောင်းပါတယ်'

'ကောင်းတယ်၊ မင်းတို့ အဲဒီမှာနေကြဦး'

၅

နော့တီးလ်ဟိုတယ် ရှေ့မျက်နှာစာတွင် ထိုနေ့မနက်က လူမရှိသလောက် ရှင်းနေသည်။ တီတီတူတူပြောရသော် လူခုနှစ်ယောက်သာရှိသည်။ ခြောက်ယောက် က ဟိုတယ်လှေကား ပေါ်တွင်ရှိနေပြီး အရပ်ရှည်ရှည်၊ နှာယောင်ကောက်ကောက်၊ အဝတ်အစား သစ်သပ်ရပ်ရပ်နှင့် ဆံပင်ဖြူသော်လည်း အသက်သိပ်ကြီးပုံမရသေး သော ခုနှစ်ယောက်မြောက်ပုဂ္ဂိုလ်က ဟိုတယ်ရှေ့လမ်းမကြီးပေါ်တွင် ခေါက်တုံ့



ခေါက်ပြန် လမ်းသလားနေသည်။

လူခြောက်ယောက်မှာ တံခါးစောင့်နှစ်ယောက်၊ ရဲသားနှစ်ယောက်နှင့် ဂျိုင်း အောက်တွင် ဖောင်းနေသော အရပ်ဝတ်အရပ်စား ဝတ်ဆင်ထားသည့် လူနှစ်ယောက် တို့ဖြစ်ကြသည်။ သူတို့ အမူအရာကို ကြည့်ရခြင်းဖြင့် သတ္တမမြောက်ပုဂ္ဂိုလ်ကို စိတ် ချမ်းမသာနှင့် လှမ်းကြည့်နေကြပုံရသည်။ သူတို့အချင်းချင်း ခပ်တိုးတိုး ဆွေးနွေးကြပြီး နောက် ယူနီဖောင်းဝတ် ရဲသားတစ်ယောက် လှေကားပေါ်မှ ဆင်းလာပြီး ထိုပုဂ္ဂိုလ်ထံ ချဉ်းကပ်သွားသည်။

ရဲသားက စပြောသည်။

'မင်္ဂလာနံနက်ပါဆရာ၊ တဆိတ် ကျေးဇူးပြုပြီး ကျွန်တော်တို့မှာ အလုပ်တာဝန် တလေးတွေရှိနေလို့ တခြားနေရာကို ရှောင်ပေးပါလားဗျာ'

'ငါ့မှာကော အလုပ်မရှိဘူးလို့ မင်းပြောနိုင်သလား'

'တောင်းပန်ပါတယ်ဗျာ၊ နောင်ကြီးသိဖို့က ဒီဟိုတယ်ထဲမှာ သိပ်အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ ရှိနေတယ်'

'ငါကကော မသိလို့လား'

ထိုပုဂ္ဂိုလ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး အိတ်ထဲက ပိုက်ဆံအိတ်ကိုထုတ်၍ ဖွင့်ပြလိုက်သည်။ ရဲသားက တစ်ချက်ကြည့်လိုက်သောအခါ သူတစ်ကိုယ်လုံး တောင့် တင်းသွားသည်။ တံတွေးကို မျိုချလိုက်ပြီး သူ့မျက်နှာများမှာ ချက်ချင်းနီရဲသွားသည်။

'ကျွန်တော် တောင်းပန်ပါတယ် မစ္စတာကျွင်ဆင်'

'အေး ငါကလဲ တောင်းပန်ပါတယ် အလုပ်ကလဲ ရှုပ်လိုက်တာကွာ၊ ငါတော့ သူတို့ရန်ကို လုံးဝသောက်ဂရုမစိုက်ဘူး'

ထိုပုဂ္ဂိုလ်က ရဲသား နေသာထိုင်သာ ရှိသွားသည်အထိ စကားဆက်ပြောပြီး နောက် ခေါက်တုံ့ခေါက်ပြန် ဆက်လမ်းလျှောက်ပြန်သည်။ ရဲသားက လှေကားပေါ် ပြန်တက်သွားသည်။

အရပ်ဝတ်အရပ်စားနှင့် လူတစ်ယောက်က ရဲသားကို လှောင်တောင်တောင် မျက်နှာလေးနှင့် ခနဲ့လိုက်သည်။

'မင်း တော်တော် လမ်းရှင်းကောင်းတဲ့လူပဲ'

'မင်းကိုယ်တိုင် သွားရှင်းကြည့်ပါလား'

'အေးလေ၊ လုပ်ပြပါဆိုရင် လုပ်ပြရမှာပေါ့'

သူက လှေကားသုံးထစ် ဆင်းမိပြီးနောက် ခဏရပ်၍ နောက်သို့ပြန်လှည့်ပြီး

www.burmeseclassic.com



မော့ကြည့်သည်။

'သူက မင်းကို မှတ်ပုံတင်ပြသေးလား'

ထိုရဲသားက သဘောကျနေပုံရသည်။

'ပြတယ်ဆိုပါတော့'

'သူဘယ်သူလဲ'

'မင်းကိုယ်တိုင် တွေ့နေရတာတောင် မင်းတို့ဌာနက ဒုတိယညွှန်ကြားရေးမှူးကို မင်းမမှတ်မိဘူးလား'

'ဘုရားရေ'

အက်ဖ်ဘီအိုင်မှ စုံထောက်သည် အံ့ဩစရာ ကောင်းလောက်အောင် လေယာဉ်ပေါ်သို့ အပြေးအလွှား ပြန်တက်လာသည်။ ရဲသားက ရိုးရိုးသားသား မေးလိုက်သည်။

'ဘာလဲ၊ မင်း သူ့ကို သွားမနှင်တော့ဘူးလား'

အရပ်ဝတ်နှင့် ပုဂ္ဂိုလ်က ရှုံ့မဲ့ပြပြီးနောက် ပြုံးပြလိုက်သည်။

'ခုအချိန်ကစပြီး အလုပ်ကြမ်းတွေကို ယူနီဖောင်းဝတ် ပုဂ္ဂိုလ်တွေကိုပဲ လုပ်ခိုင်းတော့မယ်'

အသက်အရွယ် ကြီးရင့်ဟန်တူသော စားပွဲထိုးတစ်ယောက်သည် လေယာဉ်အောက်သို့ ဆင်းလာသည်။ ဂျင်ဆင်က လက်ပြနှုတ်ဆက်လိုက်၏။ ဂျင်ဆင့်အနားသို့ ရောက်သောအခါ ထိုစားပွဲထိုးသည် ပို၍စိုးရိမ်မကင်း ဖြစ်လာပုံရသည်။ စားပွဲထိုးက

'ဆရာ အတင့်ရဲလွန်းရာ ကျဘူးလားဗျာ၊ အက်ဖ်ဘီအိုင်က လူတွေ ဟိုမှာရှိနေတယ်မဟုတ်လား'

ဂျင်ဆင်ကတော့ ခပ်တည်တည်ပင်။

'မစိုးရိမ်ပါနဲ့ကွာ၊ သူတို့က တယ်လီဖုန်းနားက အက်ဖ်ဘီအိုင် ငါက ဝါရှင်တန်က အနေသာကြီးပါ၊ အခုသူတို့ ညွှန်ချုပ်ကိုယ်တိုင် သူ့ပေါင်ပေါ် ထက်ထိုင်ရင်တောင် ဘယ်သူဘယ်ဝါဆိုတာ သိချင်မှသိမှာ၊ ကဲ ဝီလီ၊ ဆိုစမ်းပါဦး'

'သူတို့ အခု အိပ်ခန်းထဲမှာ မနက်စာ စားနေကြပြီ၊ အစီအစဉ်အတိုင်း ထွက်ဖြစ်လိမ့်မယ်'

'ငါတို့ ဆယ်မိနစ်တစ်ကြိမ် လာသတင်းပို့'

'ကောင်းပါပြီဆရာ၊ ဒါနဲ့ မစ္စတာဂျင်ဆင်၊ ခင်ဗျားလုပ်နေတာ ခြောင်မကျလွန်းဘူးလား၊ အဲထဲမှာသာမက ဒီနေရာတဝိုက်မှာ ခြေချင်းလိမ်နေအောင် အစောင့်တွေ



ချထားတာဗျ၊ ဟိုပြတင်းပေါက်ကိုပဲကြည့်၊ လူဆယ့်နှစ်ယောက်က ရိုင်ဖယ် ဆယ့်နှစ်လက်နဲ့ ချိန်ထားတာ'

'ဒီမှာ ဝီလီ၊ ငါသိပါတယ်၊ စိတ်ချစမ်းပါ'

'ခင်ဗျားကို မိသွားရင် . . .'

'မမိပါဘူးကွာ၊ ငါ့ကိုမိရင်တောင် မင်းလွတ်ပါတယ်'

'လွတ်မယ်ဟုတ်လား။ ကျုပ် ခင်ဗျားနဲ့ လာစကားပြောတာကို လူတကာတွေမြင်နေတဲ့ဥစ္စာ'

'ဘာဖြစ်လဲကွ၊ မင်းကို ငါက အက်ဖ်ဘီအိုင်ကလို့ ပြောတယ်၊ မင်းကယုံတယ်၊ ထိုလေယာဉ်ပေါ်က လူခြောက်ယောက်ကလဲ ယုံတယ်၊ ကုန်ကုန်ပြောမယ်၊ နောက်ဆုံးတွေ့ရတော့မှာ ဘာဖြစ်ဖြစ်အဆုံးကျရင် သံသယအကျိုးကို ခံစားခွင့်ပေးပါလို့ မင်းက လျှောက်လဲဆိုကွ'

ဝီလီပြန်သွားသောအခါ ဂျင်ဆင်သည် လူခြောက်ဦး၏ မျက်စိရှေ့မှောက်တွင် ခရီးတို့အသံလွှင့်စက်ကို ဆွဲထုတ်လိုက်သည်။

'ပီအိုင်လား'

'အေး၊ ဟုတ်တယ်'

'အစီအစဉ်အတိုင်းပဲတဲ့'

'ကောင်းတယ်၊ ပီအိုင်လဲ စထွက်တော့မယ်၊ ဆယ်မိနစ် တစ်ခါနော်၊ ဟုတ်လား'

ဘရန်ဆန်က ကားနောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ ပါးစပ်တိုအဝတ်နှင့်ဆို့၍ လက်ပြန်ကြိုး အတုတ်ခံနေရသူသည် ဂျင်ဆင်နှင့် အမြွှာညီအစ်ကိုအလား ရုပ်ချင်းအလွန်ဆင်သည်။

'သူမသေနိုင်ပါဘူးကွာ'

၁၀၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဇန်အက်ဖင်သည် ကားကြီးကို လမ်းမကြီးပေါ်သို့မောင်းတင်လိုက်ပြီး မြို့ဘက်သို့ ဦးတည်မောင်းနှင်လိုက်သည်။ ဇန်အက်ဖင်သည် အရပ်ပုပု၊ ခပ်တုတ်တုတ် ခိုင်ခိုင်ဖြစ်ပြီး ပြောင်းဖူးမွှေးရောင်ဆံပင်ကို ဘဲမြီးဆံတောက်ပုံ ညှပ်ထားသည်။ သူ့ခေါင်းမှာ အံစာတုံးအကြီးစားနှင့် တူလှသည်။ နားရွက်နှစ်ဖက်သည် ခေါင်းတွင် ကော်နှင့်ကပ်ထားသလားဟု ထင်ရလောက်အောင် နားထင်နှင့်ကပ်နေသည်။ နှာခေါင်းကလည်း တူနှင့်အထုခံထားရသလို ပုံပျက်နေသည်။ သို့သော် ဇန်အက်ဖင်သည် အလွန်ဉာဏ်ရွှင်သူဖြစ်ပြီး မည်သည့်ကိစ္စမျိုးကိုမဆို ပြေလည်အောင် ဖြေရှင်းနိုင်စွမ်းရှိသူဖြစ်သည်။ ပီတာဘရန်ဆန်နှင့် သူ တွေ့ဆုံသည်မှာ နှစ်နှစ်သာ ရှိသေးသော်လည်း ပီတာဘရန်ဆန်၏ အားအကိုးရဆုံး လက်ထောက်ဖြစ်လာသည်။

သူတို့နှစ်ယောက်စလုံး ကားကြီး၏ ရှေ့ပိုင်းတွင်ထိုင်နေကြသည်။ အဖြူရောင်တူတ်အကျႌ အရှည်ကြီးများကို ဝတ်ဆင်ထားရာ နိုင်ငံခြားရေးဌာနမှ တကယ့် ယာဉ်မောင်းများဂိုက် ဖမ်းနေကြသည်။ သမ္မတကြီး စီးနင်းမည့်ကားကို မောင်းနှင်သည့်ယာဉ်မောင်းများအနေဖြင့် ဂျာကင်အကျႌဝတ်ခြင်း၊ ရှပ်အကျႌကို လက်ပင့်၍ ခေါက်ထားခြင်းစသည်တို့ကို နိုင်ငံခြားရေးဌာနက မနှစ်မြို့က်ပါ၊ ခွင့်မပြုပါ။

ဘရန်ဆန်ကိုယ်တိုင် ယာဉ်မောင်းနှင်ရာတွင် ကျွမ်းကျင်သည်။ သို့သော် သူသည် ဆန်ဖရန်စစ္စကိုတွင် မွေးဖွားသူမဟုတ်။ ဇန်အက်ဖင်ကတော့ ဆန်ဖရန်စစ္စကိုဇာတိဖြစ်သည်။ ပြီးတော့ ဒီကနေ့ ပီတာဘရန်ဆန်သည် ကားစတီယာရင်ရှေ့ ကား



အံဆုံးပေါ်ရှိ စက်ခလုတ်မျိုးစုံကို ပိုအာရုံစိုက်ရန် တာဝန်ရှိနေသည်။ မော်တော်ကားအတ်ရှိဘုတ်က ဘိုးရင်းဂျက်လေယာဉ်ကြီး၏ စက်ခလုတ်များအလား ရှုပ်ထွေးပွေလီနေသည်။ ဆက်သွယ်ရေး ကိရိယာများမှာ သမ္မကြီးစီးသော ကားလောက် မစုံလင်သော်လည်း ပီတာဘရန်ဆန်၏ လိုအပ်ချက်နှင့်တော့ ကိုက်ညီသည်။

ပီတာဘရန်ဆန်က သူ့နောက်ခုံတွင် ထိုင်နေသူထံ လှည့်လိုက်သည်။ ယွန်နီတအသားမည်းသည်။ ပြီးတော့ မယုံကြည်နိုင်လောက်အောင် အမွှေးထူသည်။ ကိုယ်ပေါ်တွင် အဝတ်အစား မရှိသောအခါ လူနှင့်မတူပဲ လူဝံနှင့်ပိုတူသည်။ သူသည် ဘရန်ဆန်နှင့် လွန်ခဲ့သော ဆယ့်သုံးနှစ်ကစ၍ တွဲခဲ့သည်။ ဉာဏ်ထက်သည်ဟု မဆိုနိုင်သော်လည်း စိတ်ရှည်သည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ ပြီးတော့ ဘရန်ဆန်ကို အထူးတလည် သစ္စာရှိသူဖြစ်သည်။

ဘရန်ဆန်က ပြောလိုက်သည်။

'ယွန်နီ နံပါတ်ပြားတွေ ရပြီလား'

'နံပါတ်ပြား ဟုတ်လား'

ယွန်နီက မျက်မှောင်ကုတ်ပြီး ပြင်းပြင်းထန်ထန် စဉ်းစားလိုက်သည်။ နောက်မှ အားရပါးရပြုံးရင်း

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ ရပြီလေ'

ယွန်နီသည် ထိုင်ခုံအောက်မှ နံပါတ်ပြားနှစ်ချပ်ကို နှိုက်ယူလိုက်သည်။ ထိုနံပါတ်ပြားကို စပရင်ကလစ်နှင့် အသင့်ညှပ်ပြီး တပ်ဆင်သွားနိုင်အောင် စီစဉ်ထားသည်။ ဘရန်ဆန်၏ကားကြီးမှာ နံပါတ်ပြားကလွဲလျှင် သမ္မတကြီးစီးသောကားနှင့်တူသည်။ သမ္မတကြီး၏ကားတွင် ဝါရှင်တန်ဒီစီမှ လိုင်စင်နံပါတ်များကို တပ်ဆင်ထားပြီး ဘရန်ဆန့်ကားမှ နံပါတ်များမှာ ကယ်လီဖိုးနီးယားမှ ကားလိုင်စင်နံပါတ်များ ဖြစ်သည်။ ယခုသူကိုင်ထားသည့် နံပါတ်ပြားပေါ်မှ နံပါတ်များမှာ ဝါရှင်တန်ဒီစီမှ ကားလိုင်စင်နံပါတ်များ ဖြစ်သည်သာမက မော်တော်ကားရုံထဲတွင်ရှိသော သမ္မတကြီး၏ ကားနံပါတ်ကို အတိအကျရေးထားခြင်းဖြစ်သည်။

ဘရန်ဆန်က ပြောလိုက်သည်။

'ငါကားရှေ့ပေါက်က ခုန်ချရင် မင်းလဲကားနောက်ဘက်အပေါက်က ခုန်ချဖို့ စောင့်နေ၊ ပြီးတော့ နောက်ကတံခါးကို အလျင်ဆုံးရှင်း'

ယွန်နီက သူ့ကိုယ်သူ စိတ်ချမှုအပြည့်အဝရှိသည့်ပုံစံနှင့် ပြန်ပြောသည်။

'အဲဒါ ကျွန်တော့်တာဝန်သာထားပါ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားရှေ့ပိုင်းရှိ ဆက်သွယ်ရေး ကိရိယာထဲက ခေါ်သံထွက်လာသည်။ ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်၏။ ခေါ်သူမှာ နောက်တီးလ်ဟိုတယ်ရှေ့မှ ဂျင်ဆင်ပင်တည်း။

'ပီအိုင်လား'

'ဟုတ်တယ်၊ ဘယ်လိုလဲ'

'အချိန်မှန်ပဲ၊ မိနစ်လေးဆယ်ပဲ လိုတော့တယ်'

'ကျေးဇူးပဲကွာ'

ဘရန်ဆန်က ထိုခလုတ်ကို ပိတ်လိုက်ပြီး တခြားခလုတ်တစ်ခုကို ဖွင့်လိုက်သည်။

'ပီဖိုးလား'

'ဇီဖိုးပါ'

'ကဲ၊ စလုပ်တော့'

ဂစ်စကတ်သည် ရဲစခန်းမှ တပတ်ရိုက်ပြီး ခိုးလာသော ရဲပတ္တရောင်ကားကို စက်နှိုးပြီး လမ်းမကျယ်ကြီးအတိုင်း မောင်းနှင်လာသည်။ နောက်ရဲကားကလည်း ဇာပ်လျက်သား ပါလာသည်။ သူတို့သည် ကားကို တစ်ခြားသူ သတိပြုမိလောက်အောင် မြန်မြန်ထက်ထက် မမောင်း။ သို့သော် အချိန်ဆွဲနေခြင်းလည်း မရှိသည့်အတွက် မိနစ်ပိုင်းအတွင်း သမားလ်ပိုက်တောင်ကုန်းပေါ်မှ ရေဒါစခန်းသို့ ရောက်ရှိလာသည်။ ထိုစခန်းမှာ တောင်ကုန်းထူထပ်သော ဒေသတဝိုက်တွင် အလွန်ကြီးမားသော ဝေါက်သီးဘောလုံး ဖြူဖြူကြီးနှစ်လုံးပမာ အဝေးကြီးက လှမ်းမြင်နေရသည်။ ဂစ်စကတ်နှင့် သူလူစုသည် စခန်းအနေအထားကို အသေးစိတ်သိထားပြီးဖြစ်၍ အခက်အခဲမရှိတော့ပါ။

ဂစ်စကတ်က ပြောလိုက်သည်။

'တို့ဘက်က တွန့်ဆုတ်ဆုတ်ဖြစ်စရာ ဘာမှမလိုဘူး၊ တို့က ပြည်သူ့ရဲတွေ တရားဥပဒေ စိုးမိုးရေးအတွက် တာဝန်ယူနေတဲ့လူတွေ၊ ပြည်သူ့ရဲကို ဘယ်သူကမှ ရန်လုပ်မှာမဟုတ်ဘူး။ တို့ဆရာကြီးက ပစ်လား၊ ခတ်လား မလုပ်ရဘူးလို့ မှာလိုက်တယ်'

တစ်ယောက်က ပြန်ပြောသည်။

'တကယ်လို့ ပစ်မှဖြစ်မယ့် အခြေအနေမျိုးဖြစ်လာရင် ဘယ်လိုဖြစ်မလဲ'

'မင်းရမယ့် ဝေစုထဲက ထက်ဝက်အဖြတ်ခံရမယ်'



'ဒါဖြင့်ရင် မပစ်တော့ဘူး'

❒

ဘရန်ဆန်က နောက်ခလုတ်တစ်ခုကို ဖွင့်လိုက်သည်။

'ပီသရီးလား'

ပီသရီးဆိုသည်မှာ ကားကိုဒေါင့်ထဲမှ ကားတစ်စီးကို ထောင်ချောက်မိုင်း ဆင်ခဲ့သူ သူနှစ်ယောက်၏ လျှို့ဝှက်အမည်ဖြစ်သည်။

'ပီသရီးပါ'

'ဘာထူးသေးလဲ'

'ယာဉ်မောင်း နှစ်ယောက် သတိလစ်နေပါပြီ၊ ဒါပါပဲ'

'အစောင့်တွေကကော'

'အဆင်ပြေပါတယ်၊ သံသယမဖြစ်ဘူး'

'ကဲ စောင့်လိုက်ဦး'

ဆက်သွယ်ရေး ကိရိယာမှ ခေါ်သံထွက်လာသဖြင့် ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

'ပီဖိုက်ပါ၊ အချိန်မှန်ပဲ၊ မိနစ်သုံးဆယ်ပဲ လိုတော့တယ်'

'ကျေးဇူးပဲ'

ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။

'ပီတူးလား'

ဗွန်ဆင်နှင့် ဘရက်ဒလီတို့အတွက် လျှို့ဝှက်နာမည်ပင် ဖြစ်သည်။

'ဟုတ်ပါတယ်'

'ကဲ မင်းတို့ လုပ်စရာရှိတာ စ,လုပ်နိုင်ပြီ'

ဗွန်ဆင့်အသံ ပေါ်လာပြီ။

'ကဲ ဒါဖြင့် စလုပ်တော့မယ်'

ရေတပ်မတော် ယူနီဖောင်းများကို ဝတ်ဆင်ထားသော ဗွန်ဆင်နှင့် ဘရက်ဒလီတို့သည် အမေရိကန် ရေတပ်မတွေ့၏ အလာမီဒါလေဆိပ်သို့ ခပ်မှန်မှန် လျှောက်လာကြသည်။ သူတို့နှစ်ယောက်စလုံး လေယာဉ်မောင်းများ ကိုင်ဆောင်လေ့ရှိသည့် အိတ်တစ်လုံးစီ ကိုင်လာကြသည်။ ထိုအိတ်နှစ်လုံးထဲတွင် သူတို့ပထမယူလာသော အိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



က ပစ္စည်းများကို ပြောင်းလဲ၍ ထည့်ပြီးဖြစ်သည်။ အဝင်ဂိတ်နားသို့ရောက်သောအခါ ခပ်သွက်သွက် ပိုလျှောက်ကြသည်။ အဝင်ဂိတ်ရှိ အစောင့်ရဲဘော် နှစ်ဦးထံရောက်လာသည့်အခါ ကမန်ကတန်းလာခဲ့ကြသည့် ပုံစံပေါက်နေလေပြီ။ သူတို့က မှတ်ပုံတင်ကတ်ပြားများကို အစောင့်ရဲဘော် တစ်ယောက်အား ထုတ်ပြလိုက်ကြသည်။

'လက်ဖတင်နှင့် အက်ရှ်ဘာရစ်ချ်နဲ့ လက်ဖတင်နှင်မာတီနတ်ပါလား။ ဗိုလ်ကြီးတို့ တော်တော်ကို နောက်ပြောင်ကျနေပြီ'

'အေး ဟုတ်တယ်၊ တို့ ရဟတ်ယာဉ်ဆီကို တန်းသွားတော့မယ်'

'မဖြစ်ဘူးထင်တယ် ဗိုလ်ကြီး၊ ဒုဗိုလ်မှူးကြီး အိုင်ဆင့်က ဗိုလ်ကြီးတို့ သူ့ရုံးခန်းကိုလာပြီး အစီရင်ခံရမယ်လို့ အမိန့်ပေးထားတယ်၊ တော်တော်လဲ ဒေါပွနေပုံရတယ် ဗိုလ်ကြီး'

ဂျွန်ဆင်က စိတ်ဆိုးမာန်ဆိုး ပြောလိုက်သည်။

'အရေးထဲကျမှကွာ၊ ကဲ သူ့ရုံးခန်းက ဘယ်မှာလဲ'

'ဘယ်ဘက်က ဒုတိယတဲခါးပါ ဗိုလ်ကြီး'

ဂျွန်ဆင်နှင့် ဘရက်ဒလီတို့သည် ခပ်သွက်သွက် လျှောက်သွားပြီး တံခါးကို ခေါက်၍ အထဲဝင်သွားကြသည်။ စားပွဲနောက်တွင် ထိုင်နေသော အသက်ခပ်ငယ်ငယ်ဗိုလ်တလေးက နှုတ်ခမ်းကိုစေ့ပြီး ညာဘက်ရှိအခန်းတံခါးကို ခေါင်းညိတ်ပြလိုက်သည်။ သူ့အမူအရာကို ကြည့်ခြင်းဖြင့် ဤအရှုပ်အထွေးများထဲတွင် သူပါဝင် လိုဟန်မရှိ။

ဂျွန်ဆင်က တံခါးခေါက်ပြီး အထဲဝင်သွားသည်။ သူကကိုင်လာသော အိတ်ထဲက ပစ္စည်းတစ်ခုခုကို လက်နှင့်နှိုက်ရှာနေသလိုလို အိတ်ထဲကို လက်နှိုက်ပြီး ခေါင်းငုံ့ရင်း ဝင်သွားသည်။ သို့သော် လက်အောက်ငယ်သားများကို ကြိမ်းမောင်းလိုသည့်အခါ ကြိုတင်၍ ခပ်တည်တည်နေလေ့ရှိသော အရာရှိကြီးများ၏ ပုံစံအတိုင်း ဒုဗိုလ်မှူးကြီးအိုင်ဆင့်က မော့မကြည့်ပဲ စာရွက်ပေါ်တွင် စာဆက်ရေးနေသဖြင့် ဂျွန်ဆင်၏ ကြိုတင်ကာကွယ်မှုမှာ အလဟဿ ဖြစ်သွားသည်။ ဘရက်ဒလီက တံခါးကို ပြန်ပိတ်သည်။ ဂျွန်ဆင်က သူ့လက်ဆွဲအိတ်ကို စားပွဲပေါ်သို့တင်လိုက်သည်။ သူ့ညာလက်တို လက်ဆွဲအိတ် နောက်ဘက်တွင် ကွယ်ထားသည်။ ထို့အတူ လက်ထဲတွင် ကိုင်ထားသော ဓာတ်ငွေ့ဗူးကိုပါ ကွယ်ထားပြီးသား ဖြစ်သွားသည်။

'ဪ မင်းတို့ ပေါ်လာကြသေးသကိုး'

အိုင်ဆင့်လေသံက ခပ်ဝဲဝဲဖြစ်သည်။ အင်နာပိုလစ် (ရေတပ်မတော်) စစ်တက္ကသိုလ်က သူ့ဘော်စတွန်လေသံကို ပြောင်းလဲသွားအောင် မပြင်ပေးနိုင်ခဲ့ချေ။



'မင်းတို့ကို တိတိကျကျ ညွှန်ကြားထားတယ် မဟုတ်လား၊ ကဲ . . . မင်းတို့ထုချေလှာတင်'

ဒုဗိုလ်မှူးကြီး အိုင်ဆင့်က ခေါင်းကို ခပ်ဖြည်းဖြည်းမော့၍ ပြောရင်း သူ့စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ သူ့မျက်လုံးများက ပြူးကျယ်လာသည်၊ သို့သော် အလွန်ကြီးကျယ်သော ကိစ္စကြီးတစ်ခု ဖြစ်ပွားနေကြောင်း သူ မရိပ်မိသေး။

'မင်းတို့ဟာ အက်ရှ်ဘာရစ်ချ်နဲ့ မာတီနက် မဟုတ်ဘူး'

'မှန်ပါတယ်၊ မဟုတ်ဘူးဆိုတာ ဟုတ်ပါတယ်'

ဤတွင် အိုင်ဆင့်သည် အလွန်ကြီးကျယ်သော အရေးအခင်းကြီးတစ်ခု ဖြစ်ပွားနေကြောင်း ချက်ချင်းရိပ်မိသွားပုံရသည်။ သူက စားပွဲတွင် တပ်ဆင်ထားသော ခလုတ်ကလေးတစ်ခုကို နှိပ်ရန် လက်လှမ်းလိုက်သည်။ သို့သော် ဂျွန်ဆင်က သူ့ထက်ပိုမြန်သွားသည်။ အိုင်ဆင့်သည် စားပွဲပေါ်သို့ မှောက်လျက်ကြီး လဲကျသွားသည်။

ဂျွန်ဆင်က ဘရက်ဒလီကို ခေါင်းညိတ်ပြလိုက်ရာ ဘရက်ဒလီသည် တံခါးကိုဖွင့်၍ အပြင်ခန်းထဲသို့ ပြန်သွားသည်။ သူ့လက်တစ်ဘက်က လက်ဆွဲအိတ်ထဲက ပစ္စည်းတစ်ခုခုကို နှိုက်ပြီး ရှာနေသလိုလို။ ဂျွန်ဆင်က အိုင်ဆင့် စားပွဲနောက်သို့ သွားလိုက်ပြီး တယ်လီဖုန်းအောက်မှ ခလုတ်များကို လေ့လာလိုက်သည်။ ၎င်းနောက် ခလုတ်တစ်ခုကိုနှိပ်၍ တယ်လီဖုန်းကို မ,လိုက်သည်။

'မျှော်စင်ကလား'

'ဟုတ်ပါတယ်၊ ဗိုလ်မှူးကြီး'

'လက်ဖတင်နှင် အက်ရှ်ဘာရစ်ချ်နဲ့ မာတီနက်တို့ကို ချက်ချင်းပျံသန်းခွင့်ပြုလိုက်'

ဘော့စတွန်မြို့သား လေသံဝဲဝဲကို ဂျွန်ဆင်က တုပြောလိုက်သည်မှာ အလွန်တူသည်။

ဘရန်ဆန်က ပီသရိုးကို ထပ်ခေါ်ပြန်သည်။ ကားဂိုဒေါင်တွင်ရှိနေသူ နှစ်ဦးကို ခေါ်လိုက်ခြင်းဖြစ်သည်။

'ကဲ၊ ဘယ်အခြေအနေ ရောက်ပြီလဲ'

'လိုက်မယ့်လူတွေ ကားပေါ်တက်နေပြီ'

မှန်သည်။ ကားဂိုဒေါင်ထဲရှိ မော်တော်ကားကြီး သုံးစီးအနက် နှစ်စီးပေါ်တွင် စီးနင်းလိုက်ပါမည့်သူများ ကားပေါ်သို့ ရောက်ရှိပြီး ထွက်ခွာရန် အသင့်ဖြစ်နေလေပြီ။ ထောင်ချောက်မိုင်း ဆင်ထားသည့် ဘတ်စ်ကားကြီးပေါ်တွင် သတင်းစာဆရာများ၊ သတင်းဌာနအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဓာတ်ပုံဆရာများကို နေရာချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစာနယ်ဇင်းပုဂ္ဂိုလ်များထဲတွင် အမျိုးသမီးလေးဦးပါသည်။ တစ်ယောက်က အသက် ခပ်ငယ်ငယ်။ ကျန်သုံးဦး၏ အသက်ကိုတော့ ခန့်မှန်းဖို့ မလွယ်။

ဘတ်စ်ကား၏ နောက်ဘက်ရှိ စင်မြင့်ပေါ်တွင် ရုပ်ရှင်ရိုက်ကင်မရာကြီး သုံးလုံး ဆင်ထားသည်။ သတင်းစာဆရာများ စီးနင်းလိုက်ပါရမည့် ကားသည် ရှေ့ဆုံးမှ ထွက်ခွာရမည်ဖြစ်ပြီး သမ္မတကြီး စီးသောကားက နောက်မှကပ်ပါလာမည် ဖြစ်သဖြင့် အချိန်မရွေး ဓာတ်ပုံရုပ်ရှင်ရိုက်ရန် အခွင့်အရေးရနိုင်သည်။ ဤကားကြီးထဲရှိ ပုဂ္ဂိုလ်များ အနက် လူသုံးယောက်သည် လက်နှိပ်စက်နှင့် ကင်မရာကိုင်ပြင်ဖူးကြသူများမဟုတ်။ သို့သော် သူတို့က ဝေါလ်တာပီပီကော၊ ကိုလ်တ်၊ ဘာရက်တာ၊ စမစ်အင်ဝပ်ဆန်စသော သေနတ်မျိုးစုံနှင့် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်သည်။ ဤဘတ်စ် ကားကို ရှေ့ဆုံးကားဟု သတ်မှတ်သည်။

သို့သော် ဤကားထဲတွင် ကင်မရာကိုမြင်လျှင် ကင်မရာဟု သိသူတစ်ဦးပါ လာသည်။ အမှန်ကိုဆိုရသော် အလွန်ရှုပ်ထွေးပွေလီလှသော ကင်မရာတစ်လုံးကို သူကိုယ်တိုင် လွယ်လာသည်။ သူသည် သေနတ်မျိုးစုံနှင့် ကျွမ်းဝင်သူလည်း ဖြစ်သည်။ သေနတ်ကို တရားမဝင် မကြာခဏ ကိုင်ဆောင်လေ့ရှိသူလည်း ဖြစ်သည်။ သို့သော် ယခုခရီးတွင် သူသည် သေနတ် ယူမလာခဲ့ချေ။ ယူလာဖို့လိုမည်လည်း သူမထင်။ သို့ရာတွင် သူကင်မရာအောက်ပိုင်း အံဝှက်ထဲတွင် ထရန်စစ္စတာ အသံလွှင့်အ သံဖမ်းစက် အသေးစားကလေးကိုတော့ ထည့်ယူလာသည်။ သူ့နာမည်က ရက်ဗ်ဆန်။ နိုင်ငံတော်အတွက် သူအကျိုးပြုခဲ့သည်မှာ များပြားလှချေပြီ။ သို့သော် နိုင်ငံတော်က သူ့ကို မသိသေး။

နောက်ဆုံးကားတွင်လည်း သတင်းစာဆရာများ ပါလာသည်။ သို့သော် ဤ ကားတွင် စုံထောက်ဦးရေက သတင်းစာဆရာ ဦးရေထက် အဆမတန်ပိုများ နေသည်။ တချို့တတော့ အက်ဖ်ဘီအိုင်မှ စုံထောက် ဤမျှလောက်များများ ပါဖို့ လိုသလားဟုပင် အမေးပုစ္ဆာပြုလိုကြသည်။

သမ္မတကြီးစီးမည့် ကားပေါ်တွင်မူ ယာဉ်ဝန်ထမ်းသုံးဦးသာ ပါရှိနေသည်။ ထုတ်အကျီရှည် အဖြူရောင်ကို ဝတ်ဆင်ထားသည့် ယာဉ်မောင်းက 'လက်ခံ' ဆိုသော ခလုတ်ကိုနှိပ်ရင်း စပီကာမှထွက်ပေါ်လာမည့် ညွှန်ကြားချက်ကို နားစွင့်နေသည်။ ဘားတောင်တာနောက်တွင် အလွန်ချော အလွန်လှသော မိန်းကလေးတစ်ဦးရှိသည်။ ကားနောက်ပိုင်းတွင်မူ ရေဒီယိုအသံလွှင့် အသံဖမ်းသူ တစ်ယောက်သည် စက်ခလုတ် များနောက်၌ အသင့်ထိုင်နေသည်။

❐



ဘရန်ဆန်၏ရှေ့ရှိ ဆက်သွယ်ရေးကိရိယာမှ ခေါ်သံ ထွက်ပေါ်လာသည်။

'ပီဖိုက်ပါ၊ အချိန်မှန်ပဲ၊ မိနစ်နှစ်ဆယ်ပဲ လိုတော့တယ်'

ဆက်သွယ်ရေး ကိရိယာမှ နောက်တစ်ကြိမ် အသံထပ်မြည်လာသည်။

'ပီဖိုးပါ၊ အချိန်မှန်ပဲ၊ မိနစ်နှစ်ဆယ်ပဲ လိုတော့တယ်'

'သိပ်ကောင်းတယ်ဟေ့'

ဘရန်ဆန် ကိုယ်တိုင်ပင်လျှင် ရင်ထဲက အလုံးကြီးကျသွားသလို ခံစားလိုက်ရ သည်။ သမားလ်ပိုက်ရေဒါစခန်းကို အပိုင်စီးရေးမှာ သူ့လုပ်ငန်းတွင် အထူးအရေးပါ သော အစီအစဉ် တစ်ခုဖြစ်သည်။

'လေယာဉ်ပျံ ထောက်လှမ်းရေးကိရိယာတွေနောက်မှာ လူတွေ အသင့်ရှိကြ ပြီလား'

'အသင့်ရှိပါပြီ၊ စိတ်ချပါ'

ဆက်သွယ်ရေး ကိရိယာမှ တတိယအကြိမ် ထပ်မြည်လာသည်။

'ပီအိုင်လား၊ ပီတူးပါ၊ အခု စထွက်ရင် ဖြစ်မလား'

'ဗွန်ဆင့်အသံက ကသောကမျော နိုင်လှသည်။

'ဘယ်ဖြစ်မလဲ၊ ဘာဖြစ်လို့လဲ'

'ပြဿနာပေါ်နေတယ်'

ရဟတ်ယာဉ် ယာဉ်မောင်းသူ ထိုင်ခုံတွင် ထိုင်နေသူ ဗွန်ဆင်က အိုင်ဆင့်မှုံ ခန်းဘက်မှ လူတစ်ယောက် အပြင်ထွက်လာပြီး အရဆာက်အအုံဘေးမှ ကွေ့၍ အပြေးအလွှား ထွက်ပြေးပျောက်ကွယ်သွားသည်ကို လှမ်းကြည့်နေသည်။ ရဟတ် ယာဉ်ကိုတော့ ထိတ်မနိုးရသေး။ ဒီလူအခုလို အပြေးအလွှား ထွက်သွားတာ တစ်ခုခုပဲဖြစ် နိုင်သည်ဟု ဗွန်ဆင် တွေးလိုက်သည်။ သူနှင့် ဘရက်ဒလီက အိုင်ဆင့်ရုံခန်းကို သော့ခတ်ပိတ်ပြီး သော့ယူလာသည်။ ယခု ထိုအခန်းကို မဖွင့်ရသေးသောကြောင့် ပြတင်းပေါက်ကတဆင့် အထဲကိုချောင်းကြည့်ဖို့ ပြေးတာပဲဖြစ်ရမည်။ ပြတင်းပေါက် က ချောင်းကြည့်လျှင်လည်း ထူးမှာတော့မဟုတ်။ သူနှင့်ဘရက်ဒလီက အိုင်ဆင့်တို့ ပြတင်းပေါက်မရှိသော ရေချိုးခန်းထဲ ဆွဲသွင်းထားခဲ့သည် မဟုတ်ပါလား။ ရေချိုးခန်း သော့ ကလည်း သူ့အိတ်ထဲမှာ။

အဆောက်အအုံထောင့်က ဟိုလူပြန်ပေါ်လာသည်။ ဒီတချီမှာတော့ သူမပြေး တော့ပါ။ အမှန်ကိုပြောရသော် သူခဏရပ်ပြီး ဟိုကြည့် ဒီကြည့် ကြည့်နေသည်။ သူ့စိတ်ထဲတွင် ဘယ်နည်းဘယ်ပုံ တွေးနေမည်ကို သူတွေးကြည့်မိသည်။ ဒုမ္မာကြီး

www.burmeseclassic.com

www.burmeseclassic.com



အိုင်ဆင့်နှင့် ဗိုလ်လေးသည် အလုပ်ကိစ္စနှင့် တခြားသွားကြတာလည်း ဖြစ်နိုင်သည်။ တကယ်လို့ သူက သွေးရူးသွေးတန်း လျှောက်လုပ်ခဲ့သော် သူ့အပေါ် အဲဖြစ်ဖို့လာမည့် တဖန် သူတို့နှစ်ဦး တစ်စုံတစ်ရာ ဖြစ်သွားခဲ့ပြီး သူက အထက်အရာရှိများထံ အချိန်မီ အစီရင်မခံသော် သူ့အပေါ် အပြစ်ပုံကျလာနိုင်ပြန်သည်။ သူသည် တပ်ရင်းမှူး ရုံးခန်းဆီ ခပ်မှန်မှန်မဟုတ်တော့ပဲ ကမန်းကတန်းပြေးပြန်သည်။

ဗွန်ဆင်က ခရီးတိုအသံလွှင့်စက်ထဲသို့ ပြောလိုက်သည်။

'ပြဿနာ တော်တော်ကြီးတယ်'

'တတ်နိုင်သလောက်တော့ အချိန်ဆွဲထားကွာ၊ သိပ်အလောသုံးဆယ် ဖြစ်မှ ထွက်၊ စုရပ်ကတော့ အလျင်အတိုင်းပဲ'

ဇန်အက်ဖင်က ဘရန်ဆန်ကို လှမ်းကြည့်ရင်း မေးလိုက်သည်။

'ပြဿနာပေါ်နေလို့လား'

'အေးဟုတ်တယ်၊ ဗွန်ဆင်နဲ့ ဘရက်ဒလီ ဒုက္ခဖြစ်နေတယ်၊ အခုချက်ချင်း ထွက်ပါရစေတော့တဲ့၊ အခုနေ သူတို့ စပျံသွားရင် ဘာဖြစ်ကုန်မယ် ထင်သလဲ၊ သူတို့က ဘိုတို ဆယ်မိနစ်လုံးလုံး ဟိုပျံဒီပျံနဲ့ စောင့်နေရလိမ့်မယ်၊ မြို့ထဲမှာ သမ္မတကြီးနဲ့ အရှေ့အလယ်ပိုင်းဒေသက ရေနံဘုရင်တွေ ရောက်နေတုန်း ရဟတ်ယာဉ်နှစ်စီး ပြန်ပေးဆွဲခံရတယ်ဆိုရင် အားလုံး မျက်ကလဲဆန်ပျာ ဖြစ်ကုန်လိမ့်မယ်၊ လုပ်သင့်တာ မလုပ်သင့်တာ မစဉ်းစားပဲ ရဟတ်ယာဉ်နှစ်စီးကို ဖန်တွန်တိုက်လေယာဉ်ပျံတွေနဲ့ လိုက်ပစ်ချလိမ့်မယ်၊ ဖန်တွန်တွေကလဲ အမြဲအဆင်သင့် အနေအထားမှာ ရှိနေကြတယ်'

ဇန်အက်ဖင်သည် သမ္မတကြီးစီးမည့် ကားကြီးသုံးစီး ရှိနေသော ကားဂိုဒေါင်နောက်တွင် သူမောင်းလာသောကားကို ညင်ညင်သာသာ ထိုးရပ်လိုက်သည်။ ဇန်အက်ဖင်က

'ပြဿနာကြီးတယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဒီလောက်တောင် ဆိုးရွားလှတဲ့ပြဿနာလို့တော့ မဆိုနိုင်ဘူး၊ သူတို့ အချိန်မစေ့ခင် စထွက်မှဖြစ်မယ်ဆိုရင် သမ္မတကြီးနဲ့ ရေနံဘုရင်တွေ စီးလာတဲ့ကားပေါ်မှာ ပျံနေတဲ့ ရဟတ်ယာဉ်ကို ပစ်ချလို့ အချိန်မသေ့ တော်တော်ခက်သွားမယ်၊ တကယ်လို့ အောက်က ကားပေါ် တည့်တည့်ကြီး ပျက်ကျ မယ်ဆိုရင် ရေနံဘုရင်တွေသာမက သမ္မတကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်ပြီးတော့ မြို့တော်ဝန် မော်ရစ်ဆန်၊ အားလုံး မာလကာရှာန်ကြွ ကုန်ကြမှာပဲ၊ ပြီးတော့လဲ ရေတာဝ်စစ်သေနာပတိကြီးကို ပင်စင်မပေးပဲ အလုပ်က ထုတ်ပစ်လိုက်ရရင် ရာဇဝင်ရိုင်းသွားလိမ့်မယ်'



ဘရန်ဆန်က ပြန်ဖြေသည်၊ သို့သော် ဟက်ဟက်ပက်ပက်တော့ မရှိလှ။

'မင်းလိုတော့ ငါမတွေးမိဘူး၊ ဒါပေမယ့် ရေတပ် စစ်သေနာပတိတာ မင်းလောက် အမြော်အမြင် ရှိဦးမှကိုး၊ ထားပါတော့လေ၊ ခုအချိန်မှာတော့ မင်းပြောတာကိုပဲ လက်ခံရလိမ့်မယ်၊ တခြားနည်းလမ်းလဲ ရှိမှမရှိတော့တာ'

ဆက်သွယ်ရေးကိရိယာက မြည်လာပြန်သည်။ ဘရန်ဆန်က ခလုတ်တစ်ခုကိုနှိပ်လိုက်သည်။

'ပီအိုင်လား'

'အေး ဟုတ်တယ်'

ကားဂိုဒေါင်ထဲရှိ ရက်စတန်က ခေါ်ခြင်းဖြစ်သည်။

'ပီသရီးပါ၊ ရှေ့ဆုံးကား အခုပဲစထွက်တယ်'

'သမ္မတကြီးစီးမယ့် အလယ်ကားစထွက်ရင် ငါ့ကိုပြော'

ဘရန်ဆန်က ဇန်အက်ဖင်ကို လက်ပြလိုက်ရာ၊ ဇန်အက်ဖင်က ကားကို စက်နှိုးလိုက်ပြီး ဂိုဒေါင်ဘေးရောက်အောင် မောင်းရွှေ့လိုက်သည်။

ဆက်သွယ်ရေး ကိရိယာ မြည်လာပြန်သည်။

'ပီဖိုက်ပါ၊ အချိန်မှန်ပဲ၊ ဆယ်မိနစ်ပဲ ကျန်တော့တယ်'

'ကောင်းပြီ၊ ကားဂိုဒေါင်ကို လာခဲ့တော့'

နောက်တစ်ခါ ထပ်မြည်လာပြန်သည်။

ကားဂိုဒေါင်မှ ရက်စတန် ပင်တည်း။ သူက သတင်းပို့သည်။

'အလယ်ကား အခုပဲစထွက်တယ်'

'အေးကောင်းပြီ'

ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်သည်။

'နောက်ဆုံးကားလား'

'ဟုတ်တယ်'

'တစ်မိနစ်၊ နှစ်မိနစ်လောက် ဆိုင်းပါဦး၊ ဒီမှာ ယာဉ်ပိတ်ဆို့မှုဖြစ်နေတယ်၊ အခုလမ်းပေါ်မှာ လော်ရီကြီးတစ်စီး ကန့်လန့်ခံနေတယ်၊ မတော်တဆ ကားတိုက်မှု ဖြစ်သွားတာပါ၊ ဒါပေမယ့် အတင့်ရဲလို့လဲမဖြစ်ဘူး၊ ကြောက်တော့မကြောက်ပါနဲ့ ထိုင်ရာက ထဖို့လဲမလိုဘူး၊ တို့ကားဂိုဒေါင်ကို အခုပြန်လာမယ်၊ ပြီးမှ ဘယ်လမ်းက သွားရင် ကောင်းမလဲဆိုတာကို ဆုံးဖြတ်မယ်၊ ကဲ ဟုတ်ပြီလား'

'ကောင်းပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဝန်အက်ဖင်သည် ဘတ်စ်ကားကြီးကို ကားဂိုဒေါင် တံခါးရှေ့တွင် ကားဂိုဒေါင်ထဲရှိ ဘတ်စ်ကားပေါ်မှလူများ မြင်သာသည်အထိ မောင်းပြီးရပ်လိုက်သည်။ ဘရန်ဆန်နှင့် ဝန်အက်ဖင်တို့သည် ကားပေါ်မှ ခပ်ဖြည်းဖြည်းမှန်မှန် ဆင်းလာကြသည်။ ယွန်နီသည် ကားနောက်ပေါက်မှ ဆင်းလာပြီး နံပါတ်ပြားအဟောင်းများပေါ်တွင် နံပါတ်ပြားအသစ်များကို ထပ်ချိတ်သည်။ ယွန်နီဆင်းလာသည်ကို ဂိုဒေါင်ထဲတွင်ရှိနေသူများ မမြင်လိုက်ကြပါ။

နောက်ဆုံးကားထဲမှ လူများသည် အဖြူရောင် ကုတ်အင်္ကျီရှည်များ ဝတ်စားထားသည့် ဘရန်ဆန်နှင့် ဝန်အက်ဖင် လျှောက်လာသည်ကို သံသယကင်းရှင်းစွာနှင့် စောင့်ကြည့်နေကြသည်။ ခရီးသွားတိုင်း အနှောင့်အယှက်မျိုးစုံနှင့် တွေ့ ဖူးလှသည်။ နောက်ကျသည်မှာ မထူးဆန်းတော့။ အကယ်၍ သံသယရှိခဲ့လျှင် တံခါးဝရှိ အပြာရောင်ဝတ်စုံနှင့် လူနှစ်ယောက်ကြောင့် စိတ်ပူစရာလိုမည်မထင်။ တကယ်ကလည်း သည်လူနှစ်ယောက်သည် ရက်စတန်နှင့် သူ့အပေါင်းအသင်းသာဖြစ်ကြောင်း သူတို့ သိမည်မဟုတ်။

ဘရန်ဆန်သည် ရှေ့ပိုင်း ဘယ်ဘက်တံခါးကို ဆွဲဖွင့်ပြီး လေကားထစ်နှစ်ထစ်ကို နင်းတက်လိုက်သည်။ ဘရန်ဆန်က ပြောလိုက်သည်။

'ဒီကိစ္စအတွက် ဝမ်းနည်းပါတယ်ဗျာ၊ ဒီလိုဖြစ်လေ့ဖြစ်ထ ရှိပါတယ်၊ အခု သူတို့တာ နော့ဟီးလ်ဟိုတယ်ကို သွားဖို့ စိတ်ချရတဲ့လမ်းကို ထပ်ရွေးနေတယ်'

ယာဉ်မောင်းဖြစ်သူ နည်းနည်းတော့ စိတ်ရှုပ်သွားပုံရသည်။ ဒါထက်တော့ မပို့သေး။ သူက ပြန်မေးသည်။

'အာနီ ဘယ်မလဲ'

'အာနီ ဟုတ်လား'

'ရှေ့ဆုံးက ယာဉ်မောင်းလေ'

'အာ ဟုတ်တာပေါ့၊ ဒါသူ့နာမည်ပဲ၊ သူ နေမကောင်းဘူး'

သံသယဝင်လာလေပြီ။ ယာဉ်မောင်းက ကိုယ်ကိုစောင်း၍ နောက် လှည့်ကြည့်လိုက်သည်။ ထိုအခိုက်မှာပင် ကားနောက်ဘက်ဆီမှ ဖုတ်ကနဲ၊ ဖုတ်ကနဲ ပေါက်ကွဲသံနှစ်ခု ပေါ်လာသည်။ ပြီးတော့ မှန်ကွဲသံ၊ ဖိနှိပ်အားများသော ဗူးထဲမှ လေများပန်းထွက်လာသောအခါ ကြားရတတ်သည့် တရှုံးရှုံးမြည်သံများ ပေါ်ထွက်လာသည်။ ဘတ်စ်ကားကြီး၏ နောက်ဘက်ပိုင်းတွင် မီးခိုးလုံးများ ပေါ်ထွက်လာသည်။ မီးခိုးများ ထူထပ်လှသဖြင့် နောက်ဘက်တံခါးကို ဖွင့်မရအောင် သူ့ကိုယ်လုံးကြီးနှင့် အမြင်ကမို



ထားသော ဗန်အက်ဖင်ကိုပင် မမြင်ရပါ။ ဘတ်စ်ကားထဲတွင် ရှိသူများသည် နောက်ဘက်လှည့်ကြည့်ရင်း အကျင့်ပါနေသည့်အလျောက် သေနတ်ကို ကိုင်လိုက်မိကြသည်။ သို့သော် ဘာကိုမှ မမြင်ရသည့်အပြင် ဘာကိုပစ်ရမှန်းလည်း သူတို့မသိကြပါ။

ဘရန်ဆန်က အသက်အောင့်လိုက်ပြီးနောက် လက်ပစ်ဗုံးပုံစံ ဓာတ်ငွေ့ဗုံးနှစ်လုံးကို ကားရှေ့ပိုင်းသို့ ပစ်သွင်းလိုက်သည်။ ထို့နောက် ကားဂိုဒေါင် ကြမ်းပြင်ပေါ်သို့ ခုန်ဆင်းလိုက်ပြီး ကားတံခါးကို အမြင်ကပြန်ပိတ်လိုက်သည်။ သူက တံခါးလက်ကိုင်တို့ တအားဆုပ်ကိုင်ထားသည်။ သို့သော် ယခုလို အကာအကွယ် ယူဖို့မလို၊ ထိုဓာတ်ငွေ့တို့ တစ်ချက်ရှူလိုက်ရုံနှင့် သံတိမေ့သွားနိုင်ကြောင်း သူသိသည်။

ဆယ်စက္ကန့်ကြာသောအခါ သူကကားရှေ့ပိုင်းကို လျှောက်သွားသည်။ သူ့ထံ ဗန်အက်ဖင်လည်း လျှောက်လာသည်။ ရက်စတန်နှင့် သူ့အပေါင်းအသင်းက ဂိုဒေါင်အဝင်ဝတံခါးကြီးကို ဂလန့်ထိုးပိတ်လိုက်သည်။ ၎င်းနောက် အပေါ်ဝတ်စုံကို ခွာချလိုက်ရာ အောက်တွင် ဝတ်ဆင်ထားသော သားနားသပ်ရပ်သည့်ဝတ်စုံများ ပေါ်လာသည်။

ရက်စတန်က ပြောလိုက်သည်။

'ဘယ်လိုလဲဗျာ၊ မြန်လှချည့်လား၊ အခုကိစ္စပြီးပြီပေါ့'

ဘရန်ဆန်က ခေါင်းညိတ်လိုက်သည်။

'ဒါပေမယ့် ဒီဓာတ်ငွေ့ကို နည်းနည်းလောက် ရှူမိရုံနဲ့ သတိလစ်သွားနိုင်တယ်ဆို၊ ဒီတော့ အကြာကြီး ဆက်တိုက်ရှူမိရင် အဲဒီလူတွေ သေမကုန်ပေဘူးလား'

သူတို့အားလုံး ဘေးတံခါးပေါက်မှ ခပ်မှန်မှန်ပြန်ထွက်လာပြီး တံခါးတို့ပြန်သော့ခတ်လိုက်သည်။

ဘရန်ဆန်က ဖြေသည်၊

'ဒီဓာတ်ငွေ့က လေထဲမှာရှိတဲ့ အောက်ဆီဂျင်နဲ့တွေ့ရင် ဆယ့်ငါးစက္ကန့်အတွင်း အာနိသင်ပြယ်သွားတယ်၊ အခု မင်း ဘတ်စ်ကားထဲကို ဝင်သွားရင် ဘာမှမဖြစ်တော့ဘူး၊ ဒါပေမယ့် ဘတ်စ်ကားထဲကလူတွေ နောက်တစ်နာရီကျော်ကြာမှ ပြန်သတိရလာကြလိမ့်မယ်'

သူတို့လူစု ကားဂိုဒေါင်ရှေ့သို့ ရောက်သောအခါ အငှားကားတစ်စီးပေါ်သို့ တက်လိုက်ကြသည်။ ယခု ဤကားကြီးသည် သမ္မတကြီးနှင့်အဖွဲ့ စီးနင်းမည့်ကားအုပ်စု၏ နောက်ဆုံးကားဖြစ်လေပြီ။ ဗန်အက်ဖင်က နော့ဟီးလ်ဟိုတယ်ဆီသို့ ဦးတည်မောင်းနှင်လိုက်သည်။ ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်၏။

'ပီတူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'ဘယ်လိုလဲပေ့'

'ငြိမ်နေတယ်၊ သိပ်ငြိမ်လွန်းတယ်၊ သိပ်မကြိုက်ချင်စရာပဲ'

'ဘာဖြစ်နေတယ်လို့ မင်းထင်သလဲ'

'မသိဘူး၊ အခု ကျွန်တော်တို့ကို ဒုန်းပျံနဲ့ပစ်ခတ်ခွင့်အမိန့်ကို လူတစ်ယောက်က တယ်လီဖုန်းနဲ့ တစ်နေရာရာဆီ အမိန့် လှမ်းတောင်းနေတယ်လို့ ထင်တာပါ'

'ဘယ်သူ့ဆီက အမိန့် တောင်းတာလဲ'

'အမြင့်ဆုံး စစ်အာဏာပိုင်ဆီက ဖြစ်မှာပေါ့'

'ဝါရှင်တန်ကို ဆက်သွယ်ဖို့ အချိန်ရပါ့မလား'

'နော်ဟီးလ်ရပ်ကွက်ကို ဆက်သွယ်ဖို့အချိန် လုံလုံလောက်လောက်ရတယ်'

'ဘုရား . . . ဘုရား'

အမြဲတမ်း တည်တည်ငြိမ်ငြိမ်ရှိနေသော ဘရန်ဆန်သည်ပင်လျှင် အနည်းငယ် တုန်လှုပ်ချောက်ချားသွားပုံရသည်။ အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးစစ်အာဏာပိုင်သည် 'မတ်စ်ဟော့ပ်ကင်' ဟိုတယ်တွင် သမ္မတကြီးနှင့်အတူ အခန်းချင်းယှဉ်၍ တည်းခိုနေသည်။ သမ္မတကြီး၏အထူး အကြံပေးအရာရှိနှင့် ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ကတ်တလန်သည် ယနေ့အစီအစဉ်တွင် သမ္မတကြီးနှင့်အတူ လိုက်ပါလာမည် ဖြစ်သည်။

'သူနဲ့ အဆက်အသွယ်ရသွားရင် ဘာဖြစ်မယ်ထင်သလဲ'

'ဒီကနေ့ မော်တော်ကားတန်းကြီးနဲ့ သွားကြမယ့် အစီအစဉ်ကို ဖျက်ပစ်လိုက်မှာပေါ့၊ ခဏစောင့်နေဦးနော်'

ခဏအကြာတွင် ဂျွန်ဆင်၏အသံ ပြန်ပေါ်လာသည်။

'ဂိတ်ဝက အစောင့်ရဲဘော်တစ်ယောက် တယ်လီဖုန်းနဲ့စကား ပြောနေတယ်၊ အကြောင်းထူးချင်လဲ ထူးမယ်၊ ထူးချင်မှလဲ ထူးမယ်'

ဘရန်ဆန် ကော်လာအောက်ရှိ လည်ပင်းတစ်ဝိုက်တွင် ချွေးအနည်းငယ် ရှိလာကြောင်း သူသတိထားမိလိုက်သည်။ အစောင့်ရဲဘော်ထံလာသော တယ်လီဖုန်းသည် ဒီတိစ္စနှင့်မသက်ဆိုင်ပါစေနှင့်၊ အကယ်၍ သက်ဆိုင်ခဲ့သော် ဤပွဲအတွက် သူသုံးစွဲခဲ့သော ဒေါ်လာနှစ်သိန်းခွဲမှာ သဲထဲရေသွန်သလို အလဟဿ ဖြစ်ရချေတော့မည်။

'ပီအိုင်လား'



'ဟုတ်တယ်'

'ခင်ဗျား ကျွန်တော် ပြောတာကိုယုံချင်မှယုံမယ်၊ အခု ကျွန်တော်တို့ကို မျှော်စင်က ပျံသန်းခွင့်ပေးလိုက်ပြီ'

ဘရန်ဆန်တစ်ယောက် စက္ကန့်အနည်းငယ်ကြာအောင် ငြိမ်သွားသည်။ သူ့စားပွဲပေါ်တွင်ရှိနေသော 'ရွှေတံခါးတံတား' ကြီးကို တစ်ယောက်ယောက်က သူ့ဝစ် လိုက်သလို ပေါ့ပါးသွားသည်။

သူက ဖြေလိုက်၏။

'အလာကားရတဲ့နွား သွားဖြဲကြည့်မနေပါနဲ့တော့ကွာ၊ ဒီကိစ္စနဲ့ပတ်သတ်ပြီး ဘယ်လိုဖြစ်တာလို့ မင်းထင်သလဲ'

'အစောင့်ရဲဘော်တွေက ကျွန်တော်တို့ မှတ်ပုံတင်တွေကို စစ်ဆေးပြီးပြီ၊ ဘာမှ အတိုယွင်းချက် မရှိဘူးလို့ပြောလို့ ဖြစ်မှာပေါ့'

'ကဲ စက်နှိုးစမ်းကွာ၊ မင်းတို့စက်သံကို ငါ (ဒီစက်ကတဆင့်) ကြားရမှရ သိချင်တယ်'

□

လုံခြုံရေးရဲဘော်များသည် တစ်တန်းနှင့်တစ်တန်း ကျောခိုင်းလျက် ဟိုတယ်အဝင်ပေါက်ဝမှ သမ္မတကြီး စီးနင်းမည့် ကားဆီအထိ လမ်းကလေးသဖွယ် အတားအကွယ်ပေးပြီး မတ်တတ်ရပ်နေကြသည်။ အတန်းတစ်တန်းနှင့် တစ်တန်း ခြောက်ပေစွာသည်။ သို့သော် ယခုလို အကာအကွယ်ယူထားခြင်းမှာ လွန်လွန်းရာကျသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှ ကိုက်တစ်ရာဝန်းကျင်အထိ မည်သည့်အရပ်သားမှ အနားသို့ ကပ်မလာရလေအောင် ပိတ်ပင်ထားသောကြောင့်ဖြစ်သည်။

ယခုလို စီစဉ်ထားသည့်အတွက် ပါရှန်းပင်လယ်ကွေ့မှ ရောက်ရှိလာသော အထူး ဧည့်သည်တော်များအတွက် စိတ်အနှောင့်အယှက် ဖြစ်မည်မထင်။ သူတို့နိုင်ငံတွင် လုပ်ကြံသတ်ဖြတ်မှုများမှာ အမေရိကန်နိုင်ငံထက်ပင် မကြားဖူးလောက်အောင် အထူးများပြား တိုးတက်နေသည်။ ယခုလို အလွန်အမင်း အကာအကွယ်မပေးပါက သူတို့ကို အရေးပါအရာရောက်သူများအဖြစ် မသတ်မှတ်ဟု ယူဆသွားဖွယ်ရာ ရှိပေသည်။

သမ္မတကြီးက ဘေးဘီကိုကြည့်ရင်း ရှေ့ဆုံးက ဦးဆောင်ထွက်ခွာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ပြန့်တွတ်ဆက်ရမည့် ပရိသတ် မရှိသောကြောင့် စိတ်ပျက်နေပုံရသည်။ အရပ်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်း၊ နှာယောင်ကောက်ကောက်နှင့် ငွေရောင်ဆံပင်ရှိသော သမ္မတကြီးသည် အညိုနုရောင် သက္ကလတ်ထူဝတ်စုံကို ဝတ်ဆင်ထားသည်။ သူ့ကို ကြည့်ရသည်မှာ မွေးကတည်းက အိမ်ဖြူတော်တွင် စိုးစံရမည့် သမ္မတဇာတာ ပါလာပုံရသည်။ အမေရိကန်တွင် သူ့ထက်သာသူ ရှိချင်ရှိမည်။ သို့သော် သူလို ဥပတိရုပ်ကောင်းသူကတော့ ရှာမှရှားလှသည်။

သူသည် နိုင်ငံရေးသမားများထဲတွင် စာရိတ္တ အစင်ကြယ်ဆုံး ပုဂ္ဂိုလ်ဟု ဆိုနိုင်သည်။ သို့သော် သန့်ကြွယ်သူဌေးတစ်ဦး ဖြစ်သောကြောင့် ဆန်းလှသည်ဟု မဆိုသာ။ ဉာဏ်ထက်မြက်သည်။ ဟာသဉာဏ်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်အတွင်း မည်သည့်သမ္မတမျှ မရခဲ့ဖူးသော လုပ်သားပြည်သူတို့၏ ချစ်ကြည်ညိုလေးစားမှုကို ခံရသူဖြစ်သည်။

သူတထုံးစံအတိုင်း ကြိမ်တုတ် တုတ်တုတ်ကြီးကို ကိုင်လာသည်။ သူသည် သူ့ခွေးလည်ပတ်တွင် ချည်နှောင်ထားသော ကြိုးကို ခလုတ်တိုက်မိပြီး လဲကျသွားရာမှ ကြိမ်တုတ်ကို နှစ်ရက်လောက် သူကိုင်ခဲ့ရသည်။ ထိုအချိန်မှစ၍ ကြိမ်တုတ်ကိုင်သည့် အကျင့် ပါလာသည်။ သူကြိမ်တုတ်ကိုင်ဖို့ မလိုအောင် ကျန်းမာသည်ဆိုသော ကိစ္စကို မည်သူနှင့်မျှ ငြင်းစရာမလို။ သို့သော် ကြိမ်တုတ်ပါမှ သူ့ဥပတိရုပ် ကောင်းလာမည်၊ သို့မဟုတ် သမ္မတရုံးစဘဲ့ လက်ထက်က ဟန်ပန်အမူအရာမျိုး ရလာလိမ့်မည်ဟု သူထင်လေရော့သလား-မသိ၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ သူ့ကို လူတောထဲမှာပဲ ဖြစ်စေ၊ သူတစ်ဦးတည်းပဲ နေနေ၊ ကြိမ်တုတ်နှင့်အတူ တွေ့ကြရသည်သာ။

ဘတ်စ်ကားဆီသို့ ရောက်သောအခါ သူကပြုံး၍ နောက်လှည့်ပြီး ကားပေါ်သို့ ပထမဦးဆုံးတက်မည့် ပုဂ္ဂိုလ်ကို ဦးညွှတ် ကြိုဆိုလိုက်သည်။

အစဉ်အလာအရ ပထမဦးဆုံး တက်ရသူမှာ ရေနံဘုရင်ကြီးသာ ဖြစ်ရမည်။ သူ့နယ်ပယ်မှ ထွက်သော ရေနံသည် ကျန်တစ်ကမ္ဘာလုံးကထွက်သော ရေနံစုစုပေါင်းနှင့် အတူတူလောက်ရှိသည်။ သူက အသားညိုပြီး အရပ်ရှည်သည်။ မြေကြီးနှင့် ဒရွတ်ဆွဲလုမတတ် ရှည်လျားသော ဖွေးဖွေးဖြူနေသည့် ခြုံထည်အောက်ဖျားမှစ၍ ဦးခေါင်းပေါ်ရှိ ဦးထုပ်အဆင်တန်ဆာအထိ ရာဇကျက်သရေနှင့် ပြည့်စုံသူဖြစ်သည်။

သူတွင် ဖွေးဖွေးဖြူနေသော မုတ်ဆိတ်လည်းရှိသည်။ သူ့မျက်လုံးအစုံက 'တွေ' ကြည့်နေသော လင်းယုန်ငှက်၏ မျက်လုံးမျိုးဖြစ်သည်။ လူ့သမိုင်း တစ်လျှောက်လုံးတွင် အချမ်းသာ အကြွယ်ဝဆုံးပုဂ္ဂိုလ်ဟု ဆိုနိုင်သည်။ ထို့ကြောင့် သူသည် သက်ဦးဆံပိုင်



ရှင်ဘုရင်ဖြစ်ဖို့က ပိုများသည်။ သို့သော် သူက ဥပဒေနှင့်အညီ အုပ်ချုပ်သည်။

ဒုတိယတက်ရသူမှာ အာရပ်မင်းသားတစ်ပါး ဖြစ်သည်။ သူ့နယ်ပယ်က သေးငယ်လှသဖြင့် ဘုရင်တစ်ပါး အုပ်စိုးရလောက်အောင် အဆင့်အတန်းမရှိ။ သူ့နယ်မြေမှာ ရေနံဘုရင်နယ်မြေ၏ ငါးရာခိုင်နှုန်းခန့်သာ ကျယ်ဝန်းသော်လည်း သူ့ဩဇာတိက္ကမကမူ ရေနံဘုရင်ကြီးနှင့် နင်လားငါလားဖြစ်သည်။ သူ့နယ်မြေမှာ သီးနှံအပင် စိုက်ပျိုး၍မရနိုင်သော်လည်း သူ့နယ်မြေ တစ်ခုလုံးသည် ရေနံသမုဒ္ဒရာကြီးပေါ်တွင် ပေါလောမျောနေသလို ရေနံပေါကြွယ်လှသည့် မင်းသားတစ်ပါးပင်။ သူက ထင်ထင်ပေါ်ပေါ် ပပလွှားလွှားနေတတ်သည်။ သူ့နယ်ပယ်တစ်ခုလုံးတွင် လမ်းအရှည် မိုင်တစ်ရာခန့်သာရှိသော်လည်း လေးမိုင်လျှင် ကားတစ်စီးနှုန်းနှင့် ကက်ဒီလက်ကား နှစ်ဆယ့်ငါးစီးကို ပိုင်ဆိုင်သူလည်း ဖြစ်သည်။

သူ့ကားတစ်စီးတွင် ချွတ်ယွင်းချက် တစ်စုံတစ်ရာ ပေါ်ပေါက်လာသည့်ဆိုပါက ထိုကားကို အိုမင်းဟောင်းနွမ်းပြီဟု သတ်မှတ်ပြီး ဆက်သုံးလေ့မရှိဟု ပြောစမှတ်ပြုကြရသည်။ မြိုင်ကားမောင်းရာတွင် အလွန်တော်သည်။ လေယာဉ်ပျံကို ထူးထူးချွန်ချွန် မောင်းတတ်သည်။ ကမ္ဘာပေါ်ရှိ အထူးသီးသန့် ခုနှစ်လွှာကပွဲများကို အကုန်တကာ သွားရောက်ကြည့်ရှုလေ့ရှိသည်။ သူ့ကို 'ကမ္ဘာ့အပျော်ကြူးသမား' ဟု လူတကာက ထင်ရအောင် နေလေ့ထိုင်လေ့ရှိသည်။ သို့သော် ထိုပြယုဂ်၏ နောက်ကွယ်တွင် တွန့်ဖြူတား ဦးနှောက်ရှိသော စီးပွားရေးသမားတစ်ဦးဖြစ်ကြောင်း ယုံမှားဖွယ်မရှိ။ အရပ်မနိမ့်မမြင့်ဖြစ်ပြီး နှုတ်ခမ်းမွေး စစရှိသည်။ အာရပ်ရိုးရာဝတ်စုံကို မခံ့မျင်း၊ အနောက်တိုင်းဝတ်စုံကိုသာ စွဲစွဲမြဲမြဲ ဝတ်ဆင်လေ့ရှိသည်။

သူတို့နောက်မှ ရေနံဘုရင်ကြီးနှင့် ရေနံမင်းသားတို့၏ ဝန်ကြီးများ ဖြစ်ကြသော ရှိုက်အိမန်နှင့် ရှိုက်ခါရန်တို့ လိုက်ပါလာသည်။ သူတို့နှစ်ဦးသည် ရုပ်ချင်းအလွန်ဆင်သည်။ တချို့ကတော့ သူတို့နှစ်ယောက်၏ အဘိုးမှာ တစ်ဦးတစ်ယောက်တည်း ဖြစ်သည်ဟုဆိုသည်။ မဖြစ်နိုင်စရာလည်း မရှိချေ။ နှစ်ယောက်စလုံးပင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး အားရပါးရပြုံးနေကြသည်။ သို့သော် အလွန်'လျှင်' သူများဖြစ်သည်။ သူတို့နှစ်ယောက်ကို ခွဲခြားနိုင်သော အချက်တစ်ချက်တော့ ရှိသည်။ ရှိုက်အိမန်တွင် မုတ်ဆိတ်ရှိသည်။ ရှိုက်ခါရန်ကတော့ သူ့မေးစေ့ကို ပြောင်စင်အောင် ရိတ်ထားသည်။

သူတို့နောက်မှ တက်လာသူမှာ ဂျင်နရယ်ကတ်တလန် ဖြစ်သည်။ အရပ်ဝတ်အဆင်စား ဝတ်ဆင်ထားသော်လည်း ဗိုလ်ချုပ်ကြီးတစ်ယောက်၏ ဟန်ပန်အမူအရာကို

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်မရပေ။ အကယ်၍ သူ့ကိုယ်ပေါ်တွင် မျက်နှာသုတ်ပဝါတစ် ထည်တည်းသာ ရှိသည့်တိုင်အောင် ဗိုလ်ချုပ်တစ်ယောက်ဖြစ်မှန်း သိကြမည်မှာ သေချာသည်။ ကိုယ်ကို မတ်မတ်ထားသည်။ ခြေလှမ်းညီသည်။ စကားပြော ပြတ်သည်။ သူ့မျက်လုံးပြာများက တည်ငြိမ်သည်။ မေးခွန်းတစ်ခုကို ဘယ်တော့မှ နှစ်ခါထပ်မမေး။ သူ့အမူအကျင့် အားလုံးက သူဘာလဲဆိုတာကို ထင်ထင်ရှားရှား ဖော်ပြနေသည်။

ဗိုလ်ချုပ်ကြီး ကတ်တလန်၏ စစ်သင်္ဘောများ၊ တင့်ကားများ၊ စစ်လေယာဉ်ပျံများအတွက် ရေနံလိုအပ်သည်ဆိုတာ မှန်ပါသည်။ သို့သော် သူက ရေနံကို စိတ်မဝင်စား။ သူ ယခုပါလာသည်မှာ သမ္မတကြီးက သူမပါပဲ မည်သည့်ခရီးကိုမျှ မသွားဟု ငြင်းလေ့ရှိသောကြောင့် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးသည် အတွေ့အကြုံ ကြွယ်ဝပြီး လုပ်သားပြည်သူ တစ်ယောက်လို အတွေးအခေါ် မှီးရှိသူ ဖြစ်သည်။ ထို့ကြောင့် သမ္မတကြီးသည် သူ့ဆီက အကြံဉာဏ် ကောင်းရလေ့ရှိသည်။ ဒါကို ဝါရှင်တန်ရှိပုဂ္ဂိုလ် တော်တော်များများက တစ်မျိုးတစ်မည် ထင်ပြီး သူ့ကို အထင်လွဲကြသည်။ သူ့အကြံပေးချက်မှာ မှန်ကန်လှသဖြင့် သမ္မတကြီး၏ အထူးအားကိုးရသော အကြံပေးအရာရှိဖြစ်လာသည်။ ထို့ကြောင့် သူ့အဖို့ ရေတပ်၊ လေတပ်၊ ကြည်းတပ်များကို စီမံကွပ်ကဲရန် တစ်နေ့တစ်ခြား အချိန်ပိုနည်းလာသော်လည်း ထိုအလုပ်နှစ်မျိုးစလုံးကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်သူလည်း ဖြစ်သည်။ သူသာ နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်၍ ဝင်မည်ဆိုပါက အထူးအောင်မြင်သော နိုင်ငံရေးသမားတစ်ယောက် သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်တစ်ယောက် ဖြစ်လာနိုင်ပါသည်။ သို့သော် ကံဆိုးချင်တော့ သူ့မှာ မွေးကတည်းက အကျင့်စာရိတ္တ ဖြူစင်ပြီး ဘယ်လိုနည်းနှင့်မျှ ဖောက်လွဲဖောက်ပြန် မလုပ်တတ်သည့် လူစားမျိုး ဖြစ်လာခဲ့ရသည်။

နောက်ထပ် ကားပေါ်သို့ တက်သွားသူမှာ သမ္မတကြီး၏ စွမ်းအင်ဆိုင်ရာ ဝါရင့် ဟန်ဆင်ပင်ဖြစ်သည်။ သူ့ကို သမ္မတကြီးက ခန့်ထားသည်မှာ မကြာသေး။ ထို့ကြောင့် သူလုပ်ရည်ကိုင်ရည်ကို သိပ်မသိကြရသေး။ သူ့တွင် ထိုရာထူးနှင့် ထိုက်တန်သော အရည်အချင်း အပြည့်အစုံရှိသည်။ သို့သော် အတွေ့အကြုံ နည်းပါသည်။ တစ်ခုသေချာတာကတော့ သူ့ခန္ဓာကိုယ်ထဲတွင် တစ်စက်ကလေးမှ အငြိမ်မနေနိုင်လောက်အောင် အမြဲလှုပ်ဆော်ပေးနေသည့် တွန်းအားရှိသူဖြစ်သည်။ လူပိန်သလောက် သူတစ်ကိုယ်လုံး အငြိမ်မနေနိုင်။ မျက်လုံးအစုံက ကျီးကန်းတောင်းမှောက် ဖြစ်နေသည်။ သူ့လက်ကလည်း တလှုပ်လှုပ်ဖြစ်နေသည်။ သူ့ဦးနှောက်က ကောင်းတာ



တတော့ သေချာသည်။ သို့သော် သူ ယခုလို ရေနံဘုရင်များနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရခြင်းမှာ သူ့အတွက် ပထမဦးဆုံးအကြိမ် ဖြစ်ပုံရသည်။

နောက်တစ်ယောက်ကတော့ မြူရာပင် ဖြစ်သည်။ အလွန်ဝသည်။ ထိပ်ပြောင်သည်။ ဝလွန်းသောကြောင့် သူ့ မေးစေ့မှာ နှစ်ထပ် သုံးထပ် ဖြစ်နေသည်။ သူ့စားအစားမက်သည်။ ယခု အရှေ့အလယ်ပိုင်းဒေသမှ ရေနံဘုရင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံရေးပြဿနာလည်း ပါလာဖွယ်ရှိသည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသ အကြောင်း ပါရဂူမြောက် နှံ့နှံ့စပ်စပ်သိသူ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မြူရာလည်း ပါလာရခြင်းဖြစ်သည်။

သမ္မတကြီးက နောက်တစ်ယောက်ကို လက်ပြပြီး ကားပေါ်တက်ခိုင်းသည်။ သို့သော် ဂျွန်မော်ရီဆန်က ပြန်လက်ပြပြီးငြင်းသည်။ သမ္မတကြီးက ပြုံးပြီး သူ့အလျှင် ကားပေါ်တက်သည်။ ဂျွန်မော်ရီဆန်သည် ခပ်ဝဝတုတ်တုတ်ဖြစ်ပြီး အမြဲတစေ ဖော်ဖော်ရွေရွေ ရှိသူဖြစ်သည်။ သူသည် အီတာလျံမျိုးနွယ်ဖြစ်ပြီး စွမ်းအင်အကြောင်း နားလည်သောကြောင့် ယခု ခရီးစဉ်တွင် ပါလာသူမဟုတ်။ သူက ဆန်ဖရန်စစ္စကို၏ မြို့တော်ဝန်ဖြစ်သည်။ ထို့ကြောင့် လမ်းပြဖို့ ခေါ်လာသည်ပဲ ဆိုကြပါစို့။ နယ်ခံပုဂ္ဂိုလ် တစ်ဦးအနေနှင့် ပါလာခြင်းဖြစ်သည်။

ဂိုက်ငါးဆယ် အကွာဝေးကို ရောက်နေပြီဖြစ်သော နောက်ဆုံးကားထဲတွင် ပါလာသည့် ဘရန်ဆန်က သမ္မတကြီး စီးနင်းလာသော ကားတံခါးပိတ်သွားသည်ကို လှမ်းမြင်လိုက်သည်။ သူက ခလုတ်တစ်ခုကို နှိပ်လိုက်၏။

'ပီတူးလား'

ဂျွန်ဆင်က ဖြေသည်။

'ဟုတ်ပါတယ်'

'တို့စထွက်ပြီ'

'ပွဲကြီးပွဲကောင်းစပြီပေါ့'

❐

ရဲကားနှင့် မော်တော်ဆိုင်ကယ်စီး ရဲသားများနောက်မှ မော်တော်ကားတန်းကြီး တောင်ထွက်ခွာသည်။ ကားကြီးသုံးစီး၏ နောက်ပိုင်းတွင် ဒုတိယရဲကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်စီး ရဲသားနှစ်ယောက် ထပ်ပါလာသည်။ ယခုခရီးစဉ်မှာ မြို့ကိုလှလာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရန်မဟုတ်၊ ညနေက လေတပ်မတော်လေယာဉ် အမှတ်တစ်နှင့် ဆိုက်ရောက်လာကတည်းက မြို့ရှုခင်းကို လှည့်လည်ပြသခဲ့ ပြီးဖြစ် သည်။ ယခုခရီးစဉ်မှာ လုပ်ငန်းသဘောအရ သွားရသည့်ခရီးစဉ် ဖြစ်သည်။

မော်တော်ကားတန်းကြီးသည် ကယ်လီဖိုးနီးယားရပ်ကွက် ဗန်နက်စ်ရပ်ကွက်များကို ဖြတ်သန်းခဲ့သည်။ လုံဘတ်ရပ်ကွက်ဘေးမှ ချိုးကွေ့ပြီး ရစ်ချတ်ဆန် ရိပ်သာနှင့် ပရက်ဆီဒီယို ရပ်ကွက်ထဲဝင်သည်။ ထိုနေရာမှ လွန်သော် ကားလမ်းပေါ်တွင် အခြားတား အသွားအလာမရှိအောင် မနက်ပိုင်းကတည်းက ပိတ်ပင်တား မြစ်ထားသဖြင့် တားရှင်းနေသည်။

ထို့နောက် ညာဘက်သို့ချိုးကွေ့ပြီး မြောက်စူးစူးသို့ ဦးတည်မောင်းနှင် လာခဲ့ရာ ရှေ့တည့်တည့်တွင် ကြီးမားခန့်ထည်လှသော 'ရွှေတံခါးတံတားကြီး' ကိုလှမ်းမြင်နေရလေပြီ။

□□□

## အခန်း(၃)

ရွှေတံခါးတံတားကြီးသည် အင်ဂျီနီယာ အတတ်ပညာနှင့် ဆောက်လုပ်ထားသော ကမ္ဘာ့အံ့ဖွယ်များစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ယုံမှားဖွယ်မရှိ။ အထူးသဖြင့် ဆန်ဖရန်စစ္စကို မြို့သူမြို့သားများအတွက် ဤတံတားကြီးသည် ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်သည်မှာ သေချာလှသည်။ ဤတံတားကြီးသည် အခြားအခြားသော တံတားကြီးများလိုပင် ခန့်ထည်သည်။ ခန့်ညားသည်။

ပစိဖိတ်သမုဒ္ဒရာထဲမှ ဖြစ်ပေါ်လာလေ့ရှိသော နှင်းမြူများကြားတွင် မားမားကြီးပေါ်ထွက်လာနေသော တံတားတိုင်(မျှော်စင်)ကြီးနှစ်ခုကို မြင်ရသည်မှာ အိပ်မက်ကမ္ဘာထဲ ရောက်နေသည့်အလား ယုန်ထင်ကြောင်ထင် ဖြစ်စေနိုင်သည်။ ထိုတံတားတိုင်ကြီးများ၏ မူလအရောင်မှာ အုတ်နီခဲရောင် ဖြစ်သည်။ သို့သော် နေရောင်အလင်းအမှောင် အနည်းအများပေါ် မူတည်၍ လိမ္မော်ရောင် သို့မဟုတ် ကြက်သွေးရောင် စသည်ဖြင့် အမျိုးမျိုးမြင်ကြရသည်။ နှင်းမြူကွဲသွားသောအခါ ထိုတံတားကြီးကို ကိုယ်တိုင်ကိုယ်ကြပ် မြင်တွေ့ရသည့်တိုင်အောင် ဟုတ်မှဟုတ်ပါ့မလားဟု ဇဝေဇဝါ ဖြစ်လာစေနိုင်သည်။ ဤမျှလောက် ကြီးမားခန့်ထည်သော တံတားကြီးကို အင်ဂျင်နီယာ အတတ်ပညာနှင့် ဆောက်လုပ်နိုင်သည်ဆိုတာ ဟုတ်ရဲ့လားဟုပင် သံသယဝင်စရာ ရှိသည်။ သို့သော် မျက်မြင်ကိုယ်တွေ့ မြင်နေရတာကတော့ အမှန်ပင်။

ဒီတံတားကြီး ဒီနေရာမှာ ရှိနေရခြင်းသည် အမေရိကန်ပီပီ ခေါင်းမာတတ်သော ဂျိုးဇက်ဘီစထရော့ ဆိုသူကြောင့် ဖြစ်သည်။ နိုင်ငံရေးအရ သော်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



စတ်မှုအတတ်ပညာပိုင်းအရ သော်လည်းကောင်း မဖြစ်နိုင်ပါဘူးဟု ပြောကြသည့်ကြားထဲက ဖွတ်အတင်း ဆောက်လုပ်ခဲ့သည်။ အခက်အခဲပေါင်းများစွာကို ကျော်လွှားပြီး ဤတံတားကြီးကို ၁၉၃၇-ခုနှစ် မေလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၆၄-ခုနှစ်တွင် ဗာရာဇာနို-နဲရိုးတံတားကို မဆောက်လုပ်မီအထိ ဤတံတားသည် ကမ္ဘာပေါ်တွင် ခုံးတစ်ခုတည်းသာရှိသော အရှည်လျားဆုံး ကြိုးဆိုင်းတံတားဖြစ်ခဲ့သည်။ ယခုထက်တိုင်လည်း အဆိုပါ ဗာရာဇာနို-နဲရိုး တံတားထက် ဂိုတ်နှစ်ဆယ်ခန့်သာ ပိုတိုသည်။ ဤတံတားကြီးကို ထိန်းထားသော အလွန်ကြီးမားသည့် တံတားတိုင်(မျှော်စင်)ကြီး နှစ်ခုသည် ရွှေတံခါးရေလက်ကြား၏ ရေမျက်နှာ ပြင်ပေါ်မှ ပေခုနှစ်ရာငါးဆယ် မြင့်သည်။ တံတားကြီး၏ စုစုပေါင်းအရှည်အလျားမှာ တစ်မိုင်နှင့်ခြောက်ဖာလုံ နီးပါးရှိသည်။ ထိုအချိန်က ဤတံတားကြီးကို ဒေါ်လာသုံးဆယ့်ငါးသန်း အကုန်ကျခံ၍ ဆောက်ခဲ့ရသည်။ ယခုအချိန်တွင် ဤတံတားမျိုး ဆောက်မည် ဆိုပါက ဒေါ်လာသန်းနှစ်ရာ ပတ်ဝန်းကျင်တွင် ကုန်ကျပေမည်။

ဤတံတားကြီးနှင့် ပတ်သက်၍ စိတ်မကောင်းစရာ တစ်ချက်မှာ ဘဝကိုငြီးငွေ့သူများက ဤတံတားကြီးကို တမလွန်ဘဝသို့ ကူးပြောင်းရာ ကွန်းထောက်စခန်းအဖြစ် အများဆုံး အသုံးချကြခြင်းပင် ဖြစ်သည်။ ယခုအချိန်အထိ ဤတံတားကြီးပေါ်မှခုန်ချ၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားသူ လူငါးရာလောက် ရှိနေပေပြီ။ စာရင်းမဝင်သူများလည်း ရှိနိုင်သည်။ ထိုလူများအနက် ရှစ်ယောက်သာ ပြန်အသက်ရှင်သည်။ ကျန်လူများကိုမူ အသက်ပြန်ရှင်အောင် ကုသဖို့ အလွန်ခဲယဉ်းသည်။ ရေပြင်အထိ ပေနှစ်ရာ အမြင့်ကကျ၍ မသေသေးသည့်တိုင်အောင် ဒီရေအတက်အကျနှင့် ဆိုးရွားလှသော ရေစီးကြောင်းများက အသက်မထွက် ထွက်အောင် ဝိုင်းနှစ်ကြမည်သာ ဖြစ်သည်။ ကြောက်စရာကောင်းသည့် ဒီရေနှင့် ရေစီးကြောင်းများက တံတား၏တစ်ဘက်တစ်ချက် ခပ်လှမ်းလှမ်း နေရာအထိ ဒုက္ခပေးလျက်ရှိသည်။ တံတားအရှေ့ဘက် သုံးမိုင်အကွာတွင် အကျဉ်းထောင်ခံတပ် တစ်ခုရှိသော အလ်ကာထရက်စ် ကျွန်းရှိသည်။ ထိုအကျဉ်းထောင်မှ ရေကူး၍ ထွက်ပြေးရန် ကြံစည်သူ မည်မျှရှိသည်ဟု မသိရသော်လည်း ထွက်ပြေး လွတ်မြောက်သူ သုံးဦးသာ ရှိသည်ဟု ယူဆကြသည်။

မော်တော်ကားတန်းကြီးသည် အလွန်ကြီးမားသော တံတားတိုင် မျှော်စင်ကြီး အောက်သို့ တခမ်းတနား ရောက်ရှိလာသည်။ သမ္မတကြီး စီးနင်းသော ကားထဲတွင် ပါလာသည့် ရေနံဘုရင်၊ ရေနံမင်းသားနှင့် ဝန်ကြီးနှစ်ပါးတို့သည် ရာဇဏ္ဍေဆွေးဆည်ရင်း



ဆေးဘီကို အကဲခတ်ပြီး လိုက်ပါလာသည်။ သူတို့နိုင်ငံတွင် ရွှေတံခါးတံတားကြီးလို ရှုခင်းမျိုးမရှိ၊ ပြီးတော့ နေမှုထိုင်မှုတွင် အရှေ့အလယ်ပိုင်းဒေသထက် အနောက်နိုင်ငံများကသာသည် ဆိုသည့်အချက်ကိုလည်း ဝန်မခံလို။ ထို့ကြောင့် ရွှေတံခါးတံတားကြီးအလွန်တွင် မြင်နေရသည့် စိမ်းလန်းစိုပြေသော စိုက်ခင်းများနှင့် သစ်တောများကို စိတ်ဝင်စားပုံသိပ်မပြ၊ မျက်စိတစ်ဆုံးတမျှော်တခေါ် ရှိနေသော သဲကန္တာရမြင်ကွင်းဘာသာ သူတို့၏ အသည်းနှလုံးကို ကိုင်လှုပ်နိုင်လိမ့်မည် ထင်သည်။ အမှန်တို့ဆိုရသော် နှင်းလ -နံနက်ခင်းတွင် တွေ့ရသော 'ပင်လယ်အော်ဒေသ' ရှိ ရှုခင်းလောက်ကြည့်ကောင်းသည့် ရှုခင်းမြင်ကွင်းမျိုး မရှိနိုင်။

ရေနံမင်းသားက ဘတ်စ်ကား အတွင်းဘက်၌ ခြင်ဆင်ထားသည်ကို အကဲခတ်ရင်း အောက်စဖို့တက္ကသိုလ်ကျောင်းထွက်လေသံနှင့် သမ္မတကြီးကို ပြောလိုက်သည်။

'သမ္မတကြီးတစ်တော့ ဘယ်လိုဇိမ်ကျကျ ခရီးသွားရမယ်ဆိုတာ တကယ်သိတာကိုး၊ ကျုပ်မှာလဲ ဒီလိုကားမျိုး တစ်စီးလောက်ရှိရင် ကောင်းမယ်ထင်တယ်'

သမ္မတကြီးက ပြန်ဖြေသည်။

'ဟာ ရှိရမှာပေါ့၊ ခင်ဗျားနိုင်ငံကို ပြန်ရောက်တာနဲ့ တပြိုင်နက် ခင်ဗျားစိတ်ကြိုက် မွမ်းမံပြင်ဆင်ထားတဲ့ ဒီလိုကားတစ်စီး ဒီနိုင်ငံက ဂုဏ်ယူဝမ်းမြောက်စွာ လက်ဆောင်အဖြစ် ပို့ပေးလိုက်မယ်'

ရေနံဘုရင်ကြီးက ခပ်တည်တည် ဝင်ပြောသည်။

'ဒီမင်းသားကတော့ ကားဝယ်ရင် ဒါဇင်လိုက်ဝယ်ဖို့ အကျင့်ပါနေတဲ့လူတော့ အာမက်၊ မင်းကတော့ ဟိုလို ရဟတ်ယာဉ်မျိုးနှစ်စီးလောက်ပါ လိုချင်လိမ့်မယ်ထင်တယ်'

ဘုရင်ကြီးက မော်တော်ကားတန်းကြီးပေါ်တွင် ပျံဝဲနေသော ရေတပ်မတော်မှ ရဟတ်ယာဉ်နှစ်စီးကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ ပြီးမှ သမ္မတကြီးဘက်သို့ လှည့်၍

'သမ္မတကြီး၊ ခင်ဗျားကတော့ ကျုပ်တို့ရဲ့ လုံခြုံရေးအတွက် အကွတ်စေ့အောင် စီစဉ်ထားတာပဲနော်'

သမ္မတကြီးက ရေရေရာရာ အဖြေမပေးပဲ ပြုံးလိုက်သည်။ သည်လောက် တောင် ပေါ်လောကြီး ပေါ်နေသော ကိစ္စတစ်ရပ်ကို မှတ်ချက်ပေးဖို့မှ သူ မထင်။ ဗိုလ်ချုပ်ကြီး ကတ်တလန်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ အဆောင်အယောင်သက်သက်ပါ ဘုရင်ကြီး၊ ဟိုဘက်ထိပ်က စောင့်နေတဲ့ လုံခြုံရေး ရဲဘော်တွေကလွဲရင် ဒီကစပြီး ဆန်ရာဖယ်အထိ ရဲကားတစ်စီး နှစ်စီးကလွဲရင် ဘုရင်ကြီး ဘာကိုမှ တွေ့ရတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် လုံခြုံရေး ကတော့ အပြည့်အဝရှိပါတယ်။ ဒီကနေ ဆန်ရာဖယ်အထိ ဒီကားတန်းကြီးကို လမ်းဘေးက လက်နက်အပြည့်အစုံနဲ့ စောင့်ကြပ်ပေးမှာ ဖြစ်ပါတယ်။ အမေရိကန်လို နိုင်ငံမှာတောင် ရှူကြောင်ကြောင် တေတွေ ရှိတတ်ပါတယ်'

သမ္မတကြီး ဝင်ဖြည့်စွက်သည်။

'အမေရိကန်မှာ ပိုဆိုးတာပေါ့'

ဘုရင်ကြီးကလည်း အတည်ပေါက်နှင့် ပြန်နောက်သည်။

'ဒါဖြင့်ရင် ကျုပ်တို့အတွက် လုံခြုံမှုရှိတယ်ပေါ့'

သမ္မတကြီးက ပြုံးပြုံးကြီး ပြန်ဖြေသည်။

'ဖို့နေ့သင်ခံတပ်က ဘဏ်ထိုက်ကြီးထဲကို ရောက်နေသလို စိတ်ချရပါတယ်'

□

ထိုအခိုက်မှာပင် ရှေ့ဆုံးကားသည် တံတား၏အလယ်ဗဟိုကို ကျော်ဖြတ်နေပြီသည်။ ဤတွင် အဖြစ်အပျက်ငါးမျိုး ဆက်တိုက် ဖြစ်ပေါ်လာသည်။ နောက်ဆုံးကားတွင်ပါလာသူ ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ နှစ်စက္ကန့်အတွင်း ရှေ့ဆုံးကားကို မောင်းသူ၏ ခုံအောက်တည့်တည့်မှ ပေါက်ကွဲသံတစ်ခု ပေါ်လာသည်။ ယာဉ်မောင်းသူ ဒဏ်ရာရ မသွားသော်လည်း သူ့ရုတ်တရက် ကြောင်သွားသည်။ သို့သော် ချက်ချင်းလိုလို ဂရုမြန်မြန်ဆည်လိုက်သည်။ သူက ဆဲရေးတိုင်းထွာလိုက်ပြီး ဘရိတ်ကို ဆောင့်နင်းလိုက်သည်။ သို့သော် ဘာမှဖြစ်မလာ။

'ဘုရား . . . ဘုရား'

တစ်စက္ကန့်အတွင်း ဘရိတ်ပိုက်လိုင်းများ ပျက်စီးကုန်ကြောင်း သူသိလိုက်သည်။ ထို့ကြောင့် လက်ဆွဲဘရိတ်ကို ဆွဲလိုက်ပြီး ကားကို ပထမဂီယာ သွင်းလိုက်သည်။ ကားကြီး တဖြည်းဖြည်း နှေးသွားသည်။

ဘရန်ဆန်က ညာလက်ကိုမြှောက်လိုက်ပြီးနောက် ချက်ချင်းပြန်ချ၍ ကားရှေ့ပိုင်းရှိ ဒက်ရှ်ဘုတ်နှင့် မခိုက်မိအောင် လက်နှစ်ဘက်နှင့် ထောက်ထားလိုက်သည်။ သူ့နောက်တွင်ရှိသော သူလူများကလည်း တံတောင်ဆစ်ကို ကွေး၍ ရှေ့ခုံ



နောက်ဘက်ကို လက်နှင့်ကိုင်ပြီး ထိန်းလိုက်ကြသည်။ သူတို့အားလုံး ရှေ့ဆုံးခုံ၌ မထိုင်ကြသည့်အပြင် ဤပုံစံအတိုင်းလုပ်ရန် အကြိမ်ကြိမ် လေ့ကျင့်ခဲ့ကြပြီးဖြစ်သည်။ ဗန်အက်ဖင်က ဂီယာကိုဖြုတ်လိုက်ပြီးနောက် ဘရိတ်ကို တအားဆောင့်နင်းချလိုက်သည်။

ဗန်အက်ဖင်က ဘရိတ်ကို တမင် ဇတ်ကနဲ နင်းချလိုက်ခြင်းဖြစ်သည်။ ဤတွင် ဖြုန်းကနဲ လင်းလာသော ဘရိတ်မီးက နောက်မှ ကပ်ပါလာသည့် ရဲကားမောင်းသူသည် ဘေးဘီကို နည်းနည်းပါးပါးငေးကြည့်ချင်ကြည့်နေလိမ့်မည်။ အလွန်ကျွမ်းကျင်သော ယာဉ်တန်းကြီးသည် တစ်နာရီလျှင် နှစ်ဆယ့်ငါးမိုင်နှုန်းနှင့် ခပ်မှန်မှန်မောင်းနှင်လာသည်။နောက်က လိုက်လာသော ရဲကားကလည်း နှစ်ဆယ့်ငါးပေခန့်ခွာ၍ လိုက်လာသည်။ ဤတံတားပေါ်တွင် အခြား မည်သည့်ယာဉ်မျှ မသွားမလာအောင် တားမြစ်ထားသည်ဖြစ်၍ အနှောင့်အယှက် ရှိလိမ့်မည်ဟု သူစိုးစဉ်းမျှ မတွေးခဲ့ချေ။ ရဲကားမောင်းသူ တစ်ဦးပင် ဖြစ်လင့်စကား သူသည် သာမန် ယာဉ်မောင်းတစ်ဦးနှင့် ထူးခြားလှသည်မဟုတ်။ တအံ့တဩဖြစ်ပြီး ကြောင်နေစဉ် ကားကရှေ့သို့ လေးငါးဆယ်ပေ ရွေ့သွားသည်။ သူခြေထောက်က ဘရိတ်ကို စနင်းမိသောအခါ ထိုရဲကားနှင့် ရုပ်လုနီးပါးဖြစ်သော ရှေ့ကားအကြားတွင် ငါးပေခန့်သာ ခြားတော့သည်။ မလှုပ်မရှား ရပ်နေသော အရာဝတ္ထုတစ်ခုကို တစ်နာရီမိုင်နှစ်ဆယ်နှုန်းနှင့် ဝင်တိုက်မိသည့်အဖြစ်သည် ရယ်စရာမဟုတ်။ ထို့အတူ ရဲကားထဲ၌ ပါလာသူ ရဲလေးယောက်သည်လည်း သူသာမန်များသာ ဖြစ်ကြသည်။

ကားနှစ်စင်း ဆောင့်မိကြချိန်တွင် ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ လက်ဆွဲဘရိတ်ကြောင့် အရှိန်လျော့သွားပြီး တစ်နာရီ ဆယ်မိုင်နှုန်းလောက်သာသွားနေသည့် ရှေ့ဆုံးကားနောက်ပိုင်းရှိ အရက်ဗီရိုထဲက ပေါက်ကွဲသံ တစ်ချက် ပေါ်လာသည်။ ချက်ချင်းလိုလို ဖိနှိပ်အားများသည့် လေထုသည် တစ်နေရာရာမှ ထိုးဖောက်ပြီး ထွက်လာသလိုလို တရှဲရှဲမြည်သံပေါ်လာသည်။ စက္ကန့်ပိုင်းအတွင်း ကားထဲ၌ ညစ်ထုပ်ထုပ် အဆိပ်ဓာတ်ငွေ့များ ဖုံးလွှမ်းသွားသည်။ ကားယာဉ်မောင်းသည် စတီယာရင်ပေါ်သို့ ခေါင်းငိုက်စိုက် ကျသွားသည်။ ကားကြီးသည် ထိန်းသိမ်းမည့်သူ ကင်းမဲ့သွားသဖြင့် ညာဘက်သို့ စွေသွားပြီး လမ်းဘေးနှင့် နှစ်ပေခန့်အလိုတွင် ရပ်တန့်သွားသည်။ အကယ်၍ ထိုကားကြီးသည် လမ်းဘေးရှိ အကာအရံ သံတန်းနှင့် ဝင်တိုးမိသည့်တိုင်အောင် စိုးရိမ်စရာတော့ အကြောင်းမရှိ။ 'ချိဖ်တီ' တင့်ကားနှင့် ဝင်မတိုးသရွေ့ ထိုအကာအရံ သံတန်းသည် ဘာမျှမဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး စီးလာသော ကားကြီးသည်လည်း ဘာမှမဖြစ်။ ရှေ့ဆုံးကားမှ ဘာရိုက်မိးလင်းလာပြီး ညာဘက်သို့ ဆွဲသွားသော ထိုကားနှင့် ဝင်မတိုးမိအောင် ဘာရိုက်နင်းပြီး ဘယ်ဘက်သို့ဆွဲချလိုက်ရာ ရှေ့ဆုံးကားနှင့် ယှဉ်လျက်သား ရပ်သွားသည်။ အလယ်ကားတွင်ပါလာသူ ဆယ့်နှစ်ဦးသည် တစ်ယောက် တစ်မျိုးစီ စိတ်ဖျက်သွားကြသည်။ သို့သော် အလန့်တကြားတော့ မဖြစ်ကြသေး။

ရှေ့ဆုံးမှသွားနေသော ရဲမော်တော်ဆိုင်ကယ်နှစ်စီးနှင့် ရဲကားတစ်စီးက ခပ်ဖြည်းဖြည်းမောင်းရင်း နောက်ဘက်၌ ဗရုတ်သုက္ခဖြစ်နေသည်ကို အကဲခတ်နေကြသည်။ ယခု ဘေးသို့ဆွဲသွားသော ကားကြီးကိုမြင်မှ ပြန်ကွေ့လာကြသည်။

နောက်ဆုံးကားတွင် အကြိမ်ကြိမ်အထပ်ထပ် ဇာတ်တိုက်ထားပြီးဖြစ်သည့်အတိုင်း အစစအရာရာ အချိန်ကိုက်ထားသလို အံဝင်ခွင်ကျဖြစ်သည်။ နောက်ဘက်မှ ပါလာသော ရဲမော်တော်ဆိုင်ကယ်နှစ်စီး ကားဘေးတစ်ဘက်တစ်ချက်သို့ ရောက်ရှိလာပြီး ရပ်လိုက်သည်နှင့်တပြိုင်နက် ဘယ်ဘက်တံခါးမှ ဗန်အက်ဖင်က ခုန်ဆင်းလိုက်သလို ညာဘက်မှ ယွန်နီက ခုန်ဆင်းလိုက်သည်။ ဗန်အက်ဖင်က ပြောလိုက်၏။

'ခင်ဗျားတို့ ကားထဲကို မြန်မြန်ဝင်ကြဖို့ ကောင်းတယ်၊ အထဲမှာ လူတစ်ယောက် သတိမေ့နေတယ်'

ရဲသား နှစ်ယောက်သည် ဆိုင်ကယ်ပေါ်မှခုန်ဆင်းပြီး ကားပေါ်သို့ ခုန်တက်လိုက်ကြသည်။ သူတို့ကို ရှေ့မှပြန်ကွေ့လာသော ရဲကားနှင့် မော်တော်ဆိုင်ကယ်စီး ရဲသားနှစ်ယောက်ကလည်း မမြင်နိုင်။ ပြီးတော့ ကားနောက်ပိုင်း ကြမ်းပြင်ပေါ်၌ မှောက်လျက်ကြီးဖြစ်နေသော လူတစ်ယောက်ကို မြင်လိုက်ကြသဖြင့် ရှေ့သို့ အာရုံစိုက်မိချိန်၌ သူတို့နှစ်ယောက်အား ကြမ်းပေါ်သို့ လှဲ'သိပ်' ရန်သိပ်လွယ်သွားသည်။

ထိုကားထဲက လူခုနစ်ယောက် ထွက်လာသည်။ ၎င်းတို့အနက် ငါးယောက်က ဗန်အက်ဖင်၊ ယွန်နီတို့နှင့်အတူ ရှေ့ဆုံးကားနှင့် အလယ်ကားဆီသို့ ပြေးသွား ကြသည်။ နှစ်ယောက်ကမူ နောက်ဆုံးကားကို နောက်ကဝင်ဆောင့်သော ရဲကားဆီသို့ ပြေးသွားကြသည်။ ကားပေါ်တွင် ကျန်ရှိနေသော နောက်နှစ်ယောက်ကမူ ကားနောက်ဘက်ရှိ တားတံခါးကြီးကို ဖွင့်လိုက်ပြီးနောက် သုံးချောင်းထောက်စင်ပေါ်တွင် အန္တရာယ်ရှိပုံမရသော သံပိုက်လုံးတစ်ခုကို တပ်ဆင်လိုက်သည်။ ဘရန်ဆန်နှင့် ဂျင်ဆင်ကမူ လနေရာမှ မရွေ့ကြသေး။ ဂျင်ဆင်သည် မကြာသေးမီကပင် ကြမ်းပေါ်၌ မှောက်လျက်ကြီး လဲကျနေသူတစ်ဦးလို သရုပ်ဆောင်ပြခဲ့သူ ဖြစ်သည်။

နောက်ပိုင်းမှာ ဝင်ဆောင့်သော ရဲကားဆီ ပြေးသူနှစ်ဦးမှာ ကိုဝေါစကီနှင့်



ပီတာဆိုသူတို့ ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ လူဆိုးများနှင့်မတူ၊ ပြီးတော့ ယွန်နီကလွဲလျှင် ဘရန်ဆန်အပေါင်းအသင်းများသည် လူဆိုးလူမိုက်များနှင့် လုံးဝမတူ။ အမှန်ကိုဆိုရသော် လူနှစ်ယောက်သည် လူတော်တော်များများ သတ်ဖူးသည်။ ဗီယက်နမ်ရှိ အမေရိကန် ရေတပ်မတော် ကွန်မန်ဒိုတပ်သားများအနေနှင့် ပါဝင်တိုက်ခိုက်ခဲ့ဖူးသည်။ အရပ်သားဘဝကို ငြီးငွေ့နေစဉ် ဘရန်ဆန်နှင့် ဆုံမိပြီး စည်းရုံးသိမ်းသွင်းခံရသူများ ဖြစ်သည်။ ထိုအချိန်ကစ၍ သူတို့ လူမသတ်ဖြစ်ကြတော့။ ဘရန်ဆန်ကိုယ်တိုင်ကလည်း လိုအပ်လျှင် အကြမ်းဖက်ရန် သဘောတူသည်။ သို့သော် မတတ်သာသည့်အဆုံးကျမှ လူသတ်ဖို့ဖြစ်သည်။ အမေရိကန်၊ မက်ဆီကိုနှင့် ကနေဒါရှိ ရဲတပ်ဖွဲ့များကို ဆယ့်သုံးနှစ်လုံးလုံး ဒုက္ခပေးခဲ့သော ဘရန်ဆန်သည် ထိုကာလအတွင်း မတတ်သာတော့သည့် အခြေအနေနှင့် တစ်ခါမှ မတွေ့ခဲ့ရဖူးသေးချေ။ သူ လူသတ်ရမှာ ကြောက်သည်မှာ ငရဲကြီးမှာ ကြောက်၍လား၊ ဘာလားဆိုတာ ရေရေရာရာ မသိရသော်လည်း လူသတ်တာမကောင်းဟု စွဲစွဲမြဲမြဲ ယုံကြည်ထားသည်။ ပြီးတော့ လူဆိုးသူခိုးကို ရဲက ဖမ်းဆီးရန် ကြိုးစားသောအခါ လူသတ်သမားကို ဖမ်းဖို့ ကြိုးစားသလောက် ပြင်းထန်လေ့မရှိ။

ရဲကား၏ ရှေ့တံခါးမှန်နှစ်ချပ်စလုံးကို ဖွင့်ထားကြောင်းတွေ့ရသည်။ ကားချင်းဆောင့်မိချိန်၌ ထိုမှန်နှစ်ချပ်စလုံးကို ဖွင့်ထားခဲ့ပုံရသည်။ ကားထဲတွင်ရှိနေသူ ရဲသားလေးယောက်စလုံး ဒဏ်ရာပြင်းပြင်းထန်ထန် ရမသွားသော်လည်း အနည်းငယ်သွေးပျက်ပြီး ကြောင်နေပုံရသည်။ ယာဉ်မောင်းနံဘေးတွင် ထိုင်နေသူ ရဲသားနှာခေါင်းရိုး ကျိုးသွားပုံရသည်။ သူတို့မည်မျှအထိ ကြောင်နေသနည်းဟူမူ သူတို့ကိုယ်ပေါ်မှ သေနတ်များအား လာရောက် သိမ်းဆည်းသည်ကိုပင် မခုခံကြချေ။ အတိုင်အဖောက်ညီညီ လုပ်ကိုင်နေကြသော ကိုဝေါစကီနှင့် ပီတာတို့က ရှေ့တံခါး မှန်များကို ပြန်တင်ကြသည်။ ပီတာက သူ့ဘက်က တံခါးကိုပိတ်နေစဉ် ကိုဝေါစကီက ဓာတ်ငွေ့ဘူးတစ်လုံးကို ကားထဲပစ်သွင်းပြီး သူ့ဘက်က တံခါးကို ပိတ်လိုက်သည်။

သူတို့ဒိပုံဒိနည်း လုပ်ကိုင်နေသည်ကို နောက်ပြန်လှည့်လာသော ရဲကားထဲမှ ရဲသားများနှင့် မော်တော်ဆိုင်ကယ်စီးရဲသားများ မမြင်လိုက်ကြပါ။ ရဲကားနှင့် မော်တော်ဆိုင်ကယ်ပေါ်မှ ရဲသားများဆင်းလာပြီး ရှေ့ဆုံးကားဆီသို့ သတိနှင့် ချဉ်းကပ်လာကြသည်။ ထိုအချိန်တွင် ယွန်နီ၊ ဗန်အက်ဖင်နှင့် အပေါင်းအသင်း ငါးယောက်တို့သည် ရဲသားများထံ အပြေးအလွှား ရောက်လာသည်။ သူတို့လက်ထဲတွင် သေနတ်မျိုးစုံ တစ်လက်စီ ပါလာသည်။ ဗန်အက်ဖင်က အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ မြန်မြန် အကာအကွယ်ယူကြဗျို့၊ ဟိုကားပေါ်မှာ လူဆိုးနှစ်ယောက်ပါလာတယ်၊ တစ်ယောက်က ဘဇူကာနဲ့ တစ်ယောက်က စက်သေနတ်နဲ့၊ ဘတ်စ်ကားနောက်ဘက်ကို သွားကြဗျို့'

အကယ်၍ စဉ်းစားဖို့သာ အချိန်ရခဲ့သော် ဇန်အက်ဖင်ပြောတာ ဟုတ်မဟုတ် ပြန်မေးကောင်း မေးကြပေလိမ့်မည်။ သို့သော် ကိုယ့်အကျိုးစီးပွားကိုသာ ရှေ့တန်းတင်တတ်သော လူ့စိတ်ဓာတ်က အနိုင်ယူလွှမ်းမိုးသွားသည်။ ဇန်အက်ဖင်က ရဲသားများအား အလယ်ကားပေါ်မှ လှမ်းမြင်နိုင်ခြင်းရှိမရှိ စိစစ်လိုက်သည်။ မမြင်နိုင် ကြောင်း သေချာသွားသည်။ သူကရဲသားများကို ကြောက်၍တော့မဟုတ်။ သူ့လုပ်ရှားမှု ကို သမ္မတကြီး စီးလာသော ကားထဲမှလှမ်းမြင်လျှင် အထဲကတံခါးကို ပိတ်ထားမည်ဖြစ်သဖြင့် သေနတ်နှင့် ပစ်ဖွင့်ရလိမ့်မည်ကို တွေးမိသောကြောင့်ဖြစ်သည်။

သူက ယွန်နီကို ခေါင်းညိတ်ပြလိုက်ပြီး နောက်တစ်ယောက်နှင့်အတူ ဘတ်စ်ကားနောက်ဘက်ဆီသို့ လျှောက်သွားသည်။ ယွန်နီသည် ထုသည်၊ အသည်၊ ဉာဏ်မရှိတုံ မည်သူကပင်ပြောပြော အခုကိစ္စက သူနှင့် အံဝင်ခွင်ကျဖြစ်နေသည်။ လုပ်စရာရှိတာ အလျင်လုပ်၊ နောက်မှစဉ်းစားဆိုသည့် အလုပ်မျိုးဖြစ်သည်။ အကြိမ်ကြိမ် အထပ်ထပ် ဇာတ်တိုက်ထားသောကြောင့် ဆီလျော်သော ဝေါဟာရများ သူ့ပါးစပ်ထဲက ပြောင့်ပြောင့်ဖြူးဖြူး ထွက်လာကြသည်။

'ကဲ တစ်ဆိတ် လက်မြှောက်ကြပါဗျာ'

လူခြောက်ယောက်က နောက်လှည့်ကြည့်ကြသည်။ တစ်ချို့က တအံ့တသြဖြစ်သွားကြသည်။ တစ်ချို့က ဒေါပွသည်။ တစ်ချို့ကတော့ ဖြစ်သမျှ ရောက်ရားပဲဟု စိတ်လျှော့လိုက်ပုံရသည်။ နောက်ဆုံးတော့ အားလုံးစိတ်ဓာတ်ကျကုန်သည်။ သူတို့တွင် ပါလာသော လက်နက်များကို ထုတ်ချိန်ရန် အချိန်မရလိုက်တော့ပါ။ ပြီးတော့ စက်သေနတ်လို ပစ်နိုင်သော ပစ္စတိုနှစ်လက်နှင့် အနားကပ်ပြီး အချိန်ခံထားရသူများသည် သူခိုင်းသည့်အတိုင်း လက်နှစ်ဘက်ကို မြှောက်ကြရမှာ သေချာသည်။ ယွန်နီက သေနတ်နှစ်လက်နှင့် ချိန်ထားစဉ် ကျန်တစ်ယောက်က သေနတ်များကို လိုက်လံသိမ်းဆည်းသည်။ ကျန်နှစ်ယောက်က ဇန်အက်ဖင်နှင့်နှစ်ယောက် အလယ်ကားပေါ် တက်သွားသည်ကို မြင်သည်နှင့်တပြိုင်နက် နောက်ဆုံးကားဆီသို့ ပြန်ပြေးကြသည်။

ယခုအချိန်အထိ အလယ်ကားပေါ်တွင် ရှိနေသူများသည် အူကြောင်ကြောင်ဖြစ်နေသာရှိသေးသည်။ ဇန်အက်ဖင် ရောက်လာသောအခါ တစ်ယောက် နှစ်ယောက်သည် ထိုင်ရာမှထရန် ခဲခဲယဉ်းယဉ်း ကြိုးစားနေသည်ကို တွေ့ရသည်။



'ကျေးဇူးပြုပြီး အေးအေးသက်သာ နေကြပါ၊ လူကြီးမင်းများခင်ဗျာ၊ သိပ်ကြာမှာ မဟုတ်ပါဘူး'

အားလုံးငြိမ်ကျသွားသည်။ ဤတွင် ဇန်အက်ဖင်က အကျည်းတန် အရုပ်ဆိုးလှသော နှစ်လုံးပြူးသေနတ် တစ်လက်ကို ထုတ်လိုက်၏။ ထိုနှစ်လုံးပြူးမှာ ဒင်နာသို့ ရောက်သည်အထိ ပြောင်းကိုဖြတ်ထားသော သေနတ်ဖြစ်သည်။

'တကယ်ပြောရရင် အခုကိစ္စဟာ အနုကြမ်းစီးတာလို့ ခေါ်ခေါ်၊ ဓားပြတိုက်တာလို့ ပြောပြော၊ ပြန်ပေးဆွဲတာလို့ပဲ ဆိုဆို၊ ပြောချင်သလို ပြောလို့ရပါတယ်၊ ဒါ ကျေးဇူးပြုပြီး ကိုယ့်နေရာမှာ ကိုယ်နေကြပါ'

'ဘုရားသခင် ကယ်တော်မူပါ'

သမ္မတကြီးသည် ဇန်အက်ဖင်၏ မျက်နှာဝိုင်းဝိုင်းကို တစ်ခြားကမ္ဘာက ရောက်ရှိလာသော ဂြိုလ်သားတစ်ဦးပမာ စိုက်ကြည့်နေသည်။ ပြီးတော့ သူ့မျက်လုံးများသည် ရေနံဘုရင်ကြီးနှင့် ရေနံမင်းသားထံ ရောက်သွားသည်။ ပြီးတော့ ဇန်အက်ဖင်ကို ပြန်ကြည့်သည်။

'မင်းရူးနေသလား၊ ငါဘယ်သူလဲဆိုတာ မင်းမသိဘူးလား၊ မင်း အမေရိကန်သမ္မတကြီးကို သေနတ်နဲ့ ချိန်နေတယ်ဆိုတာ မင်းမသိဘူးလား'

'သိတာပေါ့ဗျာ၊ ခင်ဗျားက ခင်ဗျား၊ ကျုပ်က ကျုပ်ပဲ၊ ပြီးတော့ သမ္မတကို သေနတ်နဲ့ချိန်တာ ဒီနိုင်ငံမှာ မဆန်းတော့ဘူး၊ သိပ်ကိုရိုးနေပြီ ကဲ ရုတ်ရုတ်သဲသဲတော့ လုပ်မယ်မကြံနဲ့နော်'

ဇန်အက်ဖင်က ဗိုလ်ချုပ်ကြီး ကတ်တလန်ကို ကြည့်လိုက်သည်။ သူ ကားပေါ်တက်လာကတည်းက ကတ်တလန်ကို တစေ့တစောင်း အမြဲတမ်း အကဲခတ်နေခဲ့သည်။

'ဗိုလ်ချုပ်ကြီး ခင်ဗျားက သွားလေရာရာမှာ သေနတ်တစ်လက်ဆောင်သွားမှန်း လူတိုင်းသိတယ်၊ ကျေးဇူးပြုပြီးတော့ အဲဒီသေနတ် ကျုပ်ကိုပေးပါ၊ ဉာဏ်များမယ်တော့ မကြံနဲ့ဗျာ၊ ခင်ဗျားရဲ့ ပွိုင့်တူးတူးက တည့်တည့်မှန်မှ ဒုက္ခပေးမှာ၊ ဟောဒီသေနတ်ကတော့ ခင်ဗျားရင်ဘတ်ထဲကို လက်ကြီးတစ်ချောင်းလုံး ထိုးသွင်းလို့ရတဲ့အထိ ဆောင်းလောင်းကြီး ဖြစ်သွားစေနိုင်တယ်၊ ဒါပေမယ့် ခင်ဗျားကတော့ သတ္တိရှိတဲ့နည်းနဲ့ရဲ့ အသေခံတာကို ခွဲခြားပြီး သိမယ့်လူပါ'

တတ်တလန်က ခပ်ယဲ့ယဲ့ပြုံးပြီး ခေါင်းညိတ်၍ မည်းနက်သောပစ္စတိုကလေးတစ်လက်ကို ထုတ်ပေးသည်။ ဇန်အက်ဖင်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲဗျာ၊ လောလောဆယ်မှာတော့ ကိုယ့်နေရာကိုယ် ထိုင်နေကြပါဦး၊ ကျုပ်စကားကို ခင်ဗျားတို့ ယုံချင်မှယုံ၊ ခင်ဗျားတို့က ရုတ်ရုတ်သဲသဲ ပြန်မလုပ်ဘူး ဆိုရင် ကျုပ်တို့ကလည်း အကြမ်းမဖက်ဘူး'

အားလုံးငြိမ်ကျသွားသည်။ မျက်စိကိုစုံမှိတ်၍ လက်နှစ်ဘက်စလုံး ရင်ဘတ်ပေါ်တွင်တင်ထားသော ရေနံဘုရင်ကြီးသည် ဘုရားသခင်ထံ ဆုတောင်းနေပုံရသည်။ သူက ရုတ်တရက် မျက်စိပြန်ဖွင့်ကြည့်ပြီး သမ္မတကြီးကို ပြောလိုက်သည်။

'ဖွံ့နော့သ် ခံတပ်ထဲမှာ ဘယ်လောက်ထိအောင် လုံခြုံမှုရှိသလဲဗျာ'

❑

ဘရန်ဆန်က လက်နှင့်ကိုင်၍ ပြောနိုင်သော (မိုက်ကရိုဖုန်း) စကားပြောခွက်ကိုကိုင်ရင်း ပြောလိုက်သည်။

'ဟင်းဒရစ်၊ ခင်ဗျား ကျုပ်ပြောတာကိုယုံ၊ အခု ကျုပ်တို့ဆီမှာ သမ္မတကြီး၊ ရေနံဘုရင်နဲ့ ရေနံမင်းသား ရှိနေတယ်၊ ခင်ဗျား တစ်မိနစ် နှစ်မိနစ်လောက် စောင့်မယ်ဆိုရင် သမ္မတကြီးကိုယ်တိုင် ခင်ဗျားကို စကားပြောလိမ့်မယ်၊ ဒီအတောအတွင်းမှာတော့ ဒီအနားကို ကပ်လာတာမျိုး မိုက်မိုက်ကန်းကန်း ကိုးရိုးကားရားတွေ လျှောက်လုပ်မနေနဲ့နော်. နေဦး၊ ခင်ဗျားကို သက်သေပြမယ်၊ တံတားတောင်ဘက် ဝင်ပေါက်နားမှာ ရဲကားတစ်စီးရှိတယ် မဟုတ်လား၊ အဲဒီရဲကားတွေနဲ့ ခင်ဗျား ရေဒီယိုတယ်လီဖုန်း အဆက်အသွယ်ရှိတယ် မဟုတ်လား'

ဟင်းဒရစ်သည် အများတကာ ထင်ထားသော ရဲမင်းကြီးတစ်ယောက် ပုံစံမျိုးနှင့် လုံးဝမတူ။ အနီးအနားရှိ တက္ကသိုလ်တစ်ခုခုက ထွက်ပြေးလာသော ပရိုဖက်ဆာတစ်ယောက်ယောက်နှင့် တူနေသေးတော့သည်။ အရပ်ရှည်ရှည်၊ ခပ်ပိန်ပိန် အသားညိုညိုနှင့် ခါးနည်းနည်းကုန်းသည်။ အမြဲတစေ သပ်သပ်ရပ်ရပ် ဝတ်စားတတ်သည်။ ဥပဒေကြောင်းအရ အရေးယူခံရသူများက ဟင်းဒရစ်သည် အလွန်ဉာဏ်ထက်သူဖြစ်ကြောင်း ဝန်ခံကြရသည်။ သို့သော် ယခုအချိန်တွင် သူသည် ထုံထုံထိုင်းထိုင်းကြီးဖြစ်နေသည်။ သူ့ပုံစံမှာ ထမင်းလုံးတစ္ဆေအခြောက်ခံရသူနှင့် တူနေသည်။

တင်းဒရစ်တ ပြန်ဖြေလိုက်သည်။

'ရှိတယ်လေ'

'ကောင်းတယ် ခဏစောင့်'



ဘရန်ဆန်က နောက်လှည့်ပြီး ကားနောက်ပိုင်းတွင် ရှိနေသူနှစ်ဦးကို အချက်ပြလိုက်သည်။ ဤတွင် ကားနောက်ပိုင်း၌ တပ်ဆင်ထားသော ဒုံးပျံပစ်လက်နက်ထဲမှ ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာသည်။ သုံးစက္ကန့်ကြာသောအခါ တောင်ဘက်တံတားတိုင်အပေါ်ဘက်၌ မီးခိုးရောင် မီးခိုးလုံးများ ထွက်ပေါ်လာသည်၊ ဘရန်ဆန်က ပြောလိုက်သည်။

'တဲ ဘယ်လိုလဲ'

ဟင်းဒရစ်က ပြန်ဖြေသည်။ သူ့အသံက တည်ငြိမ်လှသည်။

'ပေါက်ကွဲသံ တစ်ချက်ကြားရပြီး မီးခိုးတွေထွက်လာတယ်'

'အဲဒါ အကြောသေဓာတ်ငွေ့ပဲ၊ တစ်သက်လုံး အကြောသေ မသွားနိုင်ပေမယ့် အချိန်တော်တော်ကြာအောင် အကြောတွေ သေသွားလိမ့်မယ်၊ သူက ဆယ်မိနစ်လောက်ကြာမှ အောက်ဆီဂျင်နဲ့ ရောမိပြီး အစွမ်းပြယ်သွားမယ်၊ တစ်ကယ်လို့ ဒီဓာတ်ငွေ့ကို ကျုပ်တို့ဘက်က သုံးဖို့လိုအပ်လာမယ်ဆိုရင် လေကလဲ မြောက်ဘက်ကဒါမှမဟုတ် အနောက်မြောက်ဘက်က တိုက်နေမယ်ဆိုရင်. . . ၊ ခင်ဗျားမှာ တာဝန်ရှိသွားလိမ့်မယ်နော၊ ခင်ဗျား နားလည်ငါယ် မဟုတ်လား'

'နားလည်ပါတယ်'

'ပြီးတော့ ဒီဓာတ်ငွေ့တို ရိုးရိုးဓာတ်ငွေ့ကာ မျက်နှာဖုံးနဲ့ ကာကွယ်လို့ မရဘူးဆိုတာကော သိတယ်မဟုတ်လား'

'သိပါတယ်'

'ပြီးတော့ တံတားမြောက်ဘက် အဝင်ဝကိုလဲ ဒီလိုလက်နက်မျိုးနဲ့ ချိန်ထားတယ်၊ ဒီတော့ ဒီတံတားပေါ်ကို တက်ဖို့ကြိုးစားမယ့်ရဲတပ်ဖွဲ့ဝင်တွေနဲ့ တပ်မတော်သားတွေကို မတက်ဖို့ ခင်ဗျားကပဲ ပြောပေးပါ၊ ကျုပ်ပြောတာ ခင်ဗျား နားလည်ပါတယ်နော်'

'နားလည်ပါတယ်'

'ရေတပ်မတော်ရဲ့ ရဟတ်ယာဉ်နှစ်စင်း ဒီတံတားကြီးပေါ်မှာ ဝဲနေတယ်လို့ ခင်ဗျားကို သတင်းမပို့ကြဘူးလား'

အူကြောင်ကြောင်ဖြစ်နေသော ဟင်းဒရစ်၏ ဦးနှောက်သည် ပုံမှန်အခြေအနေသို့ ပြန်ရောက်ရှိသွားလေပြီ။

'ပို့တယ်၊ ဒါပေမယ့် အဲဒီကိစ္စက ကျုပ်အတွက် တွေးမရတဲ့ ပြဿနာတစ်ခုပဲ'

'ခေါင်းရှုပ်ခံမနေနဲ့။ အဲဒီနှစ်စီးကို ကျုပ်တို့ မောင်ပိုင်စီးပြီးပြီ၊ ဒီတော့ အနီး

www.burmeseclassic.com

www.burmeseclassic.com



အနားမှာရှိတဲ့ စစ်တပ်တွေနဲ့ ရေတပ်ဌာနချုပ်ကို သတင်းပို့ထားပေးပါ၊ အဲဒီရဟတ်ယာဉ်နှစ်စီးကို တိုက်လေယာဉ်တွေလွှတ်ပြီး ပစ်ချဖို့မကြိုးစားပါနဲ့လို့ အဲဒီလိုလုပ်ခဲ့ရင် သမ္မတကြီးနဲ့ သူ့ညီသည်တော်တွေရဲ့ ကျန်းမာရေးအခြေအနေ ဆိုးရွားသွားလိမ့်မယ်၊ ပြီးတော့ လေယာဉ်ပျံတွေ မြေပြင်ကထပ်ပျံတာနဲ့တပြိုင်နက် ဒီကချက်ချင်း သိနိုင်တယ်ဆိုတဲ့ အကြောင်းကိုပါ ထည့်သတင်းပို့လိုက်ပါ၊ သမားလ်ပိုက် တောင်ကုန်းပေါ်က ရေဒါစခန်းကိုပါ ကျုပ်တို့က မောင်ပိုင်စီးထားတယ်'

'ဘုရား . . . ဘုရား'

ဟင်းဒရစ်တစ်ယောက် ဦးနှောက်ခြောက်ရမြန်လေပြီ။

'ဘုရား တာ မနေနဲ့လေ၊ အဲဒီစခန်းက ရေဒါကိရိယာကို တကယ်လုပ်တတ်ကိုင်တတ်တဲ့လူတွေက ကိုင်တွယ်နေကြတာပါ၊ ဒါပေမယ့် အဲဒီစခန်းကို ကြည်းတပ်နဲ့ ဒါမှမဟုတ် လေတပ်နဲ့ အတင်းပြန်သိမ်းဖို့ မကြိုးစားနဲ့နော်၊ အဲဒီလိုလုပ်ရင် ကျုပ်တို့က ပြန်ခုခံနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သမ္မတကြီး၊ ရေနံဘုရင်နဲ့ ရေနံမင်းသားတွေရဲ့ ညာဘက်နားရွက်ကို ဖြတ်ပစ်လိုက်မယ်၊ ကျုပ် ပျက်ကယ် ပျက်ကယ် ပြောနေတာလို့ မထင်နဲ့၊ ကျုပ်က ပလတ်စတစ်အိတ်ကလေးနဲ့ထုပ်ပြီး လူလွှတ် အပို့ခိုင်းလိုက်မှာ'

'အဲဒီလို မလုပ်ပါဘူးဗျာ၊ စိတ်ချပါ'

ဝဝတောင့်တောင့်၊ မျက်နှာနီနီ၊ ပြောင်းဖူးမွှေးရောင်ဆံပင်နှင့် ဗိုလ်ကြီး ကင်းဘဲလ်က ဟင်းဒရစ်ကို တအံ့တဩကြည့်လိုက်သည်။ ဗိုလ်ကြီး ကင်းဘဲလ်သည် ဟင်းဒရစ်၏ လက်ထောက်အရာရှိဖြစ်သည်။ ဟင်းဒရစ်က အောက်ကျခံ၍ စကားပြောနေသည်ကို အံ့ဩခြင်းမဟုတ်။ ဟင်းဒရစ်၏နဖူးပေါ်တွင် ချွေးစို့လာသည်ကို ပထမဦးဆုံးအကြိမ် မြင်လိုက်ရခြင်းကြောင့် အံ့ဩသွားခြင်းဖြစ်သည်။ ဤတွင် ကင်းဘဲလ်က သူ့နဖူးကို လက်ဖမိုးနှင့် ပြန်စမ်းကြည့်မိသည်။ သူ့နဖူးတွင်လည်း ချွေးစို့နေပါကလား။

ဘရန်ဆန်က ပြောလိုက်ပြန်သည်။

'ခင်ဗျား တကယ်ပြောတာ ဖြစ်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်၊ ကျုပ် မကြာခင် ခင်ဗျားနဲ့ ပြန်ဆက်သွယ်မယ်'

'ကျုပ် တံတားဆီကို ဆင်းလာရင် ဖြစ်မယ်မဟုတ်လား၊ ကျုပ် တံတားနဲ့ နီးနီးနားနားလာနေဖို့ လိုလိမ့်မယ်ထင်တယ်'

'ဖြစ်ပါတယ်၊ ဒါပေမယ့် တံတားပေါ်ကိုတော့ တက်မလာနဲ့ ပြီးတော့ ပရီဆီးယိုရပ်ကွက်ထဲကို အရပ်ကားတစ်စီးမှ မလာအောင် တားထားပါ၊ ကျုပ်တို့က အကြမ်းဖက်ဖို့ မလိုလားပါဘူး၊ ဒါပေမယ့် အကြမ်းဖက်ရမယ်ဆိုရင်လဲ ကြားထဲက အရပ်သားတွေ



ကို မထိခိုက်စေချင်ဘူး'

'ခင်ဗျား တော်တော်မျှမျှတတ စဉ်းစားတတ်တဲ့လူပဲ'

ဟင်းဒရစ်က ပြောမယ့်သာပြောလိုက်ရသည်။ သူ့အသံတတော့ အခံရခက်နေသည့်ပုံစံမျိုး။

ဘရန်ဆန်က ပြုံး၍စကားပြောခွက်ကို ပြန်တင်လိုက်သည်။

□

ရှေ့ဆုံးကားထဲရှိ ဓာတ်ငွေ့မှာ အာနိသင်ပြယ်သွားပြီ ဖြစ်သော်လည်း လူတွေအမူ မေ့နေဆဲပင်။ နှစ်ယောက် သုံးယောက်က ကြမ်းပေါ် လဲကျနေသည်။ ကျန်လူများအမူ တချို့က ထိုင်ခုံပေါ်တွင် မှီလျက်၊ တချို့က ရှေ့ထိုင်ခုံနောက်မှီပေါ်တွင် ခေါင်းငိုက်စိုက်ကျပြီး အိပ်ပျော်နေသည်။

ယွန်နီနှင့် ဘာဆ်လက်တို့က မေ့နေသူများအကြားတွင် လျှောက်သွားနေသည်။ အသက်နှစ်ဆယ့်ခြောက်နှစ်သာရှိသေးသော ဘတ်လက်သည် ဘရန်ဆန့် လူများထဲတွင် အငယ်ဆုံးဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ ကောလိပ်ကျောင်းထွက် ပူပူနွေးနွေးလေးနှင့် တူသည်။ တကယ်တော့ ကောလိပ်ကျောင်းတွင် သူစာမသင်ဖူးပါ။ သူတို့နှစ်ဦးသည် ကားပေါ်၌ မေ့မျောနေသူများကို နှံ့နှံ့စပ်စပ် လှန်လှော ရှာဖွေနေကြခြင်းဖြစ်သည်။ အမျိုးသမီးသတင်းစာဆရာများကိုတော့ အဲဒီလိုမရှာ။ သို့သော် လက်ကိုင်အိတ်တို့ကိုမူ အသေးစိတ် ရှာကြဖွေကြသည်။

ထိုသို့ ရှာရင်းဖွေရင်း ကိုင်တွယ်မိသည့် ဒေါ်လာလေးငါးထောင်သည် သူတို့နှစ်ယောက်အိတ်ထဲသို့ ရောက်ရှိမသွားပါ။ ဘရန်ဆန်က ပြင်းပြင်းထန်ထန် တားမြစ်ထားသည်။ ကြီးကြီးကျယ်ကျယ် ဓားပြတိုက်မှသာ လုံးကနဲ ခဲကနဲ စီးပွားဖြစ်ထွန်းမည်။ သေးသေးဖွဲ့ဖွဲ့များကို တိုက်ယူသည့်ကိစ္စကမူ ခါးပိုက်နှိုက်သာသာမျှသာ ဖြစ်ပေလိမ့်မည်။ ခါးပိုက်နှိုက်သည့်ကိစ္စကို ဘရန်ဆန်က လုံးဝလက်မခံ။ ပြီးတော့ သူတို့နှစ်ဦးသည် ငွေကြေးကို လိုက်ရှာနေကြခြင်း မဟုတ်။ သေနတ် လက်နက် ပါမပါ လိုက်ရှာနေကြခြင်းသာ။

ဘရန်ဆန်က သတင်းစာဆရာများစီးနင်းသည့်ကားပေါ်တွင် အထူးစုံထောက်များ ပါလာနိုင်သည်ဟု တွေးသည်။ သူတို့၏တာဝန်က သမ္မတကြီးကို အသက်အန္တရာယ်မှ အကာအကွယ်ပေးရန်မဟုတ်။ သတင်းစာဆရာများကို တန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရန်ဖြစ်သည်။ သူ့အတွေ့မများပါ၊ ရေနံဘုရင်များ အမေရိကန်သို့ အလည်အပတ် ကြွရောက်လာခြင်းကြောင့် တစ်ကမ္ဘာလုံးက စိတ်ဝင်စားကြသည်။ ယခုကားပေါ်တွင် ပါလာသူများအနက် ပြည်ပမှလာသည့် သတင်းစာဆရာ ဆယ်ယောက်ပါလာသည်။ ဥရောပမှ လေးယောက်၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများမှ လေးယောက်၊ နိုင်ဂျီးရီးယားနှင့် ဗင်နီဇွဲလားတို့မှ တစ်ယောက်စီဖြစ်သည်။

သူတို့က သေနတ်သုံးလက်ကို ရှာတွေ့သဖြင့် သိမ်းလိုက်ကြသည်။ သေနတ်ပိုင်ရှင်များကိုမူ သူတို့နေရာမှာပင် လက်ထိတ်ခတ်ထားခဲ့၏။ ၎င်းနောက် ကားပေါ်မှ ဆင်းခဲ့ကြသည်။ အောက်တွင်လက်ထိပ်ခတ်ပြီး တန်းစီထားသော ရဲသားခြောက်ယောက်ကို စောင့်ကြပ်နေသူတစ်ယောက်နှင့် သွားပူးပေါင်းလိုက်သည်။ ကျန်တစ်ယောက်ကမူ တင့်ကားပစ်ကိုရီယာ(ဘဇူကာ)နှင့်တူသော ဒုံးပျံပစ်ကိုရီယာကို တံတားခြောက်ဘက် မျှော်စင်တိုင်ကြီးဆီသို့ချိန်ရင်း စောင့်ကြည့်နေသည်။ တံတားတောင်ဘက်ပိုင်းတွင် လပေါင်းများစွာက ဘရန်ဆန် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခဲ့သည့်အတိုင်း သူ့စီတ်တိုင်းကျ တိတိကျကျ ဖြစ်ပွားနေသည်။ နိုင်နိုင်နင်းနင်း ထိန်းသိမ်းထားနိုင်သည်။ ထို့ကြောင့် ဘရန်ဆန်တစ်ယောက် ဝမ်းသာအယ်လဲဖြစ်နေသည်မှာ မဆန်းလှ။ ဘရန်ဆန်သည် နောက်ဆုံးကားပေါ်မှ ပြန်ဆင်းလာသည်။ သူ့အမူအရာက ဝမ်းသာပုံလည်းမရ၊ ဝမ်းမသာသည့်ပုံစံလည်းမဟုတ်။ သူကြိုတွက်ထားသည့်အတိုင်း တစ်ခုမကျန်ဖြစ်လာသည်။ ဒါပဲပေါ့။ သူ့လူများက သူ့ကွယ်ရာတွင် တီးတိုးစကားပြောလေ့ရှိသည်။ ဘရန်ဆန်သည် သူ့ကိုယ်သူ အလွန်အထင်ကြီးသူ ဖြစ်သည်တဲ့။ သို့သော် သူလုပ်သမျှ တစ်ကြိမ်တစ်ခါမျှ လွဲချော်သွားဖူးသည်ဟူ၍ မရှိသေး။

ဘရန်ဆန်၏ လက်စွဲတော်ဆယ့်ရှစ်ဦးအနက် ကိုးဦးမှာ ထောင်ထဲသို့ ဝင်ချည်ထွက်ချည် လုပ်နေသူများဖြစ်ကြသည်။ သို့သော် ဘရန်ဆန်နှင့် တွေ့ပြီးနောက် ထောင်ဆိုတာ ဝေးစွ၊ တရားစီရင်သည့် တရားခွင်သို့ပင် မရောက်ဖူးကြတော့။ ပါကာလို ထောင်ကို အိမ်ဦးနှင့်ကြမ်းပြင်လို အခေါက်ခေါက်အခါခါ ကူးသန်းနေသူများသည်ပင်လျှင် တရားရုံးသို့ ပြန်မရောက်စေရဟုဆိုခြင်းမှာ ထူးခြားလှသည်။

ဘရန်ဆန်က အလယ်ကားဆီသို့ ဦးတည်သွားသည်။ ဗန်အက်ဖင်က တံခါးဝတွင် ရပ်နေသည်။ ဘရန်ဆန်က ပြောလိုက်၏။

'ငါ အခုရှေ့ဆုံးကားကို ရှေ့နည်းနည်းရွှေ့မလို့၊ မင်းက ယာဉ်မောင်းကို နောက်ကလိုက်ခဲ့ဖို့ ပြောကွာ'

သူက ရှေ့ဆုံးကားပေါ် တက်ထိုင်လိုက်ပြီး ယွန်နီ၏အကူအညီနှင့် ယာဉ်မောင်း



ထိုင်ခုံပေါ်တွင် ထိုင်လျက်မေ့နေသော ယာဉ်မောင်းကို စတီယာရင်နောက်မှ ဆွဲထုတ်လိုက်သည်။ ဘရန်ဆန်က လွတ်သွားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ စက်နှိုးစီယာထိုးပြီး ရှေ့ဘက်သို့ ဂိုက်ငါးဆယ်ခန့်မောင်းပြီး ရပ်လိုက်သည်။ အလယ်ကားကလည်း နောက်ကလိုက်လာပြီး ရှေ့ကားနှင့် တစ်ပေ နှစ်ပေအလိုတွင် ရပ်လိုက်သည်။

ဘရန်ဆန်သည် ကားပေါ်မှ ဆင်းလိုက်ပြီး တောင်ဘက်တံတားတိုင် (မျှော်စင်)ကြီးဆီ လျှောက်သွားသည်။ ရွှေတံခါးတံတားကြီး၏အလယ်တည့်တည့်၊ တနည်းဆိုရသော် တံတားကြီးကို ဆိုင်းထားသောကြိုး၏ အနိမ့်ဆုံးနေရာသို့ ရောက်သောအခါ ရပ်တန့်ပြီး ရှေ့နောက်ဝဲယာကို ကြည့်လိုက်သည်။ ဤတံတားကြီး အလယ်ရှိ ပိုက်ငါးဆယ်ခန့် ရှည်လျားသော ဤနေရာသည် ရဟတ်ယာဉ် ဆင်းသက်ရန် အကောင်းဆုံးနေရာဖြစ်သည်။ တံတားကြီးကို ဒေါင်လိုက်ဆိုင်းထားသောကြိုးများနှင့် ရဟတ်ယာဉ်ဒန်တာတို့ ထိမိခိုက်မိရန် အကြောင်းမရှိ၊ လေကလည်း ငြိမ်သက်နေသည်။ ဘရန်ဆန်သည် ထိုနေရာကလွတ်အောင် လျှောက်သွားပြီးနောက် ခေါင်းပေါ်၌ဝဲနေသော ရဟတ်ယာဉ်နှစ်စီးကို လက်ဝှေ့ယမ်းပြလိုက်သည်။ ဇွန်ဆင်နှင့် ဘရက်ဒလီတို့ ရဟတ်ယာဉ်နှစ်စီးကို အခက်အခဲမရှိပဲ တံတားပေါ်သို့ ဆင်းသက်စေနိုင်ခဲ့ကြသည်။ ရွှေတံခါးတံတားကြီးကို စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ယခုအချိန်သည် ဤတံတားကြီးကို ရဟတ်ယာဉ်ကွင်းအနေဖြင့် ပထမဦးဆုံးအကြိမ် အသုံးပြုခြင်း ဖြစ်ပုံရသည်။

ဘရန်ဆန်က အလယ်ကားပေါ် တက်လိုက်သည်။ ထိုကားပေါ်၌ရှိသူအားလုံးက ဤကိစ္စတွင် ဦးစီးခေါင်းဆောင်လုပ်နေသူမှာ သူပင်ဖြစ်ကြောင်း အလိုအလျောက် ရိပ်မိလာကြသဖြင့် သူ့ကို အေးစက်စက် အမူအရာနှင့် ဝိုင်းကြည့်ကြသည်။ ရေနံညှော်သည်လေးဦးနှင့် ဗိုလ်ချုပ်ကြီး ကတ်တလန်က ခပ်တည်တည်ကြည့်နေကြသည်။ ဟန်ဆင်ကမူ ခါတိုင်းထက်ပိုပြီး မငြိမ်မသက်ဖြစ်နေသည်။ မျက်စိတ တဆန်းတောင်းမှောက် ဖြစ်နေသလို လက်ကလည်း တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ ရိုရာကမူ ထုံးစံအတိုင်း ငြိမ်နေသည်။ မျက်စိကို မှေးထားသဖြင့် မကြာခင် အိပ်ပျော်သွားတော့မည့်ပုံစံမျိုးပင်တည်း။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သူရသတ္တိ တံဆိပ်မျိုးစုံကို ရရှိခဲ့သူ မြို့တော်ဝန်မော်ရီဆန်တစ်ယောက် အကြီးအကျယ်ဒေါပွနေသည်။

ဘရန်ဆန်က နီဒါန်းမပျိုးတော့ပဲ ဖြန်းကနဲ ပြောချလိုက်သည်။ သို့သော် စာတင်းတင်းတော့ မဟုတ်။

'ကျွန်တော့်နာမည် ဘရန်ဆန်ပါ၊ မင်္ဂလာပါ သမ္မတကြီး၊ မင်္ဂလာပါ ဘုရင်ကြီး ကျွန်တော် မေတ္တာရပ်ခံချင်တာက . . .'

www.burmeseclassic.com

www.burmeseclassic.com



'မင်း မေတ္တာရပ်ခံချင်တယ် ဟုတ်လား'

သမ္မတကြီးနှလေသံမှာ အေးစက်မာကျောနေသည်။ သို့သော် သူ့ဒေါသကို အနိုင်နိုင် ချုပ်တည်းထားနိုင်သေးကြောင်း ထင်ရှားသည်။ လူသန်းပေါင်းနှစ်ရာကျော်က သမ္မတကြီးတု အသိအမှတ်ပြုခံထားရသူ တစ်ယောက်သည် ရာဇက္ကန္ဒြေကတော့ ရှိရမည်မဟုတ်ပါလား။

'အဲဒီလို ဟန်ဆောင်ပန်ဆောင် ယဉ်ယဉ်ကျေးကျေး လုပ်မနေပါနဲ့ကွာ၊ တဲ့တိုးပဲ ပြောကြရအောင်၊ နေပါဦး မင်းကဘယ်သူလဲ'

'ဘရန်ဆန်လို့ ပြောခဲ့ပြီးပြီပဲ၊ ပြီးတော့ လူ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာတစ်ရပ်ကို ဘာဖြစ်လို့ မလိုက်နာရမှာလဲ။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ပြေပြေပြစ်ပြစ် ပြောကြဆိုကြရင် မကောင်းပေဘူးလား၊ ပြီးတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြရင်လဲ ပိုမကောင်းပေဘူးလားဗျာ'

တုအံ့တဩဖြစ်သွားသော သမ္မတကြီးသည် သူ့ဒေါသကို ရုတ်တရက် မချုပ်တည်းနိုင်တော့။

'ဘာကွ၊ ယဉ်ယဉ်ကျေးကျေး ဟုတ်လား၊ မင်းလို လူဆိုး လူမိုက် လူလိမ် လူတောက် ရိုးရိုးသူခိုးဓားပြတစ်ယောက်က တို့ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံဖို့ ပြောသတဲ့လား'

'ကျုပ် လူဆိုး လူမိုက် မဟုတ်ဘူး၊ လူလိမ်လူညာဆိုရင်တော့ သိပ်မမှားဘူး၊ ပြီးတော့ ရိုးရိုးသူခိုးဓားပြလဲမဟုတ်ဘူး၊ ကျုပ်က အလွန်ထူးခြားတဲ့လူဆိုး၊ ဒါပေမယ့် ခင်ဗျားဒေါပွတာကို အပြစ်မတင်ပါဘူး၊ ခင်ဗျားက ကျုပ်ကို ရန်လိုမင်းထက် ဆက်ဆံပေမယ့် ကျုပ်လုပ်စရာရှိတာကို ရဲရဲကြီး ဆက်လုပ်မယ်၊ ကျုပ်က ဘာကိုမှ မှုတဲ့ကောင် မဟုတ်ဘူး၊ ပြေပြေလည်လည်ဖြစ်ရင်တော့ ပိုကောင်းတာပေါ့လေ'

ကတ်တလန်က ခပ်တည်တည်ဝင်မေးသည်။

'နေပါဦး၊ တို့ကဘာတွေလဲ၊ ပြန်ပေးဆွဲထားတဲ့ ဓားစာခံတွေလား'

'အဝ်မတန် နီးစပ်ပါတယ်၊ ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ ဓားစာခံတွေဆိုပါတော့'

ဘရန်ဆန်က သမ္မတကြီးဘက်လှည့်ပြီး တောင်းပန်လိုက်သည်။

'သမ္မတကြီးနဲ့ ဧည့်သည်တော်တွေကို အနှောင့်အယှက်လုပ်မိတယ်ဆိုရင် ကျုပ် လှိုက်လှိုက်လှဲလှဲကြီး တောင်းပန်ပါတယ်'

သမ္မတကြီးက စိတ်ပျက်လက်ပျက်နှင့် ပြန်ပြောသည်။



'အနှောင့်အယှက် ဟုတ်လား၊ ဒီမှာ ဘရန်ဆန် မင်း ဒီကနေ့ လုပ်လိုက်တဲ့ကိစ္စဟာ ဘယ်လောက်ထိ ပြင်မရအောင် ထိခိုက်နစ်နာသွားတယ်ဆိုတာ မင်းသိရဲ့လား'

'သမ္မတကြီးအတွက် ဘာများ ထိခိုက်နစ်နာ သွားလို့လဲဗျာ၊ ဒီက ဘုရင်ကြီးတို့တော ထိခိုက်လို့လား၊ ကျုပ်ဘက်ကတော့ ဘယ်သူ့ကိုမှ နစ်နာစေတယ်လို့ မထင်ဘူး ကြော် ဆန်ရာဖယ်ကိုသွားမယ့်ခရီးစဉ် ပျက်သွားတာကို ပြောတာလား၊ ကမ္ဘာပေါ်မှာ အကြီးဆုံးရေနံချက်စက်ရုံ တည်ဆောက်မယ့် မြေနေရာကို သွားကြည့်မယ့် အစီအစဉ်ကို နည်းနည်းလောက် နောက်ရွှေ့လိုက်ဖို့ပဲရှိတာပါ'

ဘရန်ဆန်က ရေနံဘုရင်နှင့် ရေနံမင်းသားကို မေးငေါ့ပြရင်း ဆက်ပြောသည်။

'အခုတော့ သူတို့က ခင်ဗျားတို့ကို ရေနံစည်ပိုင်းထဲထည့်ပြီး အကြပ်ကိုင်နေပြီ၊ ပထမဦးဆုံး သူတို့က ရေနံဈေးနှုန်းကို မတန်တဆမြှင့်ပစ်လိုက်တယ်၊ ရေနံကရတဲ့ဝင်ငွေတွေ သိပ်များလာပြန်တော့ အဲဒီငွေတွေကို ဘယ်မှာထားရမလဲဆိုတာ မသိနိုင်လောက်အောင် ဖြစ်လာကြတယ်၊ ဒီမှာတင် သူတို့ရေနံတွေ ရောင်းချထားတဲ့နိုင်ငံမှာ ရေနံချက်စက်ရုံကြီးတည်ဆောက်ဖို့ သူတို့ကိုယ်တိုင် စက်ရုံကို ကြီးကြပ်ကွပ်ကဲဖို့ စိတ်ကူးပေါက်လာကြတယ်၊ ရေနံက သူတို့ရေနံဆိုတော့ ကုန်ကြမ်းဖိုး တပြားမှကုန်စရာမလိုဘူး ကျုပ်တို့က အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရမှာပေါ့လေ၊ ရလိုက်မယ့် အမြတ်အစွန်းကလဲ သောက်သောက်လဲ ဖြစ်လာမယ်၊ အဲဒီလို အမြတ်သိပ်ရလာရင် သူတို့က ရေနံဈေးနှုန်းကို ပြန်လျှော့ပေးမယ်၊ နှစ်ဦးနှစ်ဘက် အကျိုးရှိကြမှာပေါ့လေ၊ ကျုပ်တော့ နိုင်ငံတကာ စီးပွားရေးကိစ္စတွေကို စိတ်မဝင်စားဘူး၊ ကျုပ်က အမြတ်ရိုက်ငွေရမယ့်နည်းကို သုံးချင်တယ်၊ ပြီးတော့ ဒီကိစ္စကြောင့် ရေနံချက်စက်ရုံ တည်မယ့်အစီအစဉ် ပျက်သွားမယ်လို့ထင်ရင် ခင်ဗျားဟာ အမေရိကန်သမ္မတ ဖြစ်ထိုက်တဲ့လူ မဟုတ်ဘူးလို့ ပြောချင်တယ်၊ ဒီလူတွေဟာ ကိုယ်ရေးကိုယ်တာကိစ္စကို အရေးတည့်တွက်တတ်တဲ့ လူတွေမဟုတ်ဘူး၊ သံမဏိအသည်းနှလုံးနဲ့ ကွန်ပြူတာ ဦးနှောက်ပိုင်ရှင်တွေဗျ၊ ကျုပ် ခင်ဗျား ဧည့်သည်တော်တွေကို စော်ကားတာတော့ မဟုတ်ဘူး'

ရေနံဘုရင်နှင့် ရေနံမင်းသားတို့သည် ဘရန်ဆန်ပြောသလို နှလုံးသား ကင်းမဲ့သူများ မဟုတ်ကြ။ ယခု သူတို့က ဘရန်ဆန်ကို လေးစားသော မျက်နှာထားနှင့် ကြည့်နေကြသည်။

ကတ်တလန်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းစာ ပြောချင်တာကို တဲ့တိုးမပြောပဲ အချိန်ဆွဲနေသလိုလိုပဲ'

'သိပ်မှန်တာပေါ့ဗျာ၊ အခုဆိုရင် အလောသုံးဆယ် လုပ်စရာမလိုတော့ဘူး။ အချိန်ကြာလေ ကျုပ်အတွက် အမြတ်ပိုထွက်လေလေပဲ၊ အဲဒါကို နောက်မှရှင်းပြမယ်၊ ခုလောလောဆယ်မှာတော့ ခင်ဗျားတို့အားလုံး ဒီမှာ ကြာကြာနေရလေလေ ငါးပိသိပ် ငါးချဉ်သိပ် ဖြစ်လေလေ ဖြစ်မှာပဲ၊ စဉ်းစားကြပေါ့ဗျာ'

ဘရန်ဆန်က ကားနောက်ပိုင်းရှိ ဆက်သွယ်ရေး ကိရိယာနောက်တွင် ထိုင်နေသူ ပြောင်းဖူးမွေးဆံပင်နှင့် စစ်သားထံလျှောက်သွားပြီး မေးလိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

ခုနက ပြောဆိုနေသမျှကို အတိုင်းသားကြားနေရသူ ထိုစစ်သားက မကျေမနပ်နှင့် ခပ်ဆိုင်းဆိုင်း ပြောလိုက်သည်။

'ဗိုရန်'

ဘရန်ဆန်က စာရွက်ကလေးတစ်ရွက် လှမ်းပေးရင်း ပြောလိုက်သည်။

'ရော့ ဒီနံပါတ်ကို ကျေးဇူးပြုပြီး ခေါ်ပေးစမ်းပါ၊ ဒါ ဒီမြို့က နံပါတ်ပဲ'

'ခင်ဗျားဘာသာ ခေါ်ပါလား'

'ကျေးဇူးပြုပြီး ခေါ်ပေးပါလို့ မင်းကိုငါ ပြောနေတယ်နော်'

'မလိုပါဘူး'

ဘရန်ဆန်က ပခုံးတွန့်ပြီး နောက်လှည့်လိုက်သည်။

'ဗန်အက်ဖင်'

'ဟုတ်ကဲ့'

'ခရိုက်စလာကို ဒီခေါ်ခဲ့'

ဘရန်ဆန်က ဗိုရန်ဘက် ပြန်လှည့်လိုက်သည်။

'ခရိုက်စလာဟာ ဆက်သွယ်ရေးအတတ်ပညာကို မင်းလောက်မှတ်မိမှာတော့ မဟုတ်ဘူး၊ ပြီးတော့ မင်းလို သူရဲကောင်းဆန်ချင်တဲ့လူတွေနဲ့ တွေ့ရမှာပဲလို့ ငါကလဲ ကြိုတွက်ထားပြီးသားပါ'

ဘရန်ဆန်က ဗန်အက်ဖင်ဘက်သို့ ပြန်လှည့်လိုက်သည်။

'ခရိုက်စလာ ဒီရောက်လာရင် မင်းက ဗိုရန်ကို တံတားပေါ်က ရွှေတံခါးရေလက်ကြားထဲကို ကန်ချလိုက်'

'ဖြစ်ပါတယ်'

သမ္မတကြီးပင်လျှင် တုန်လှုပ်ချောက်ချားသွားပုံရသည်။



'နေဦး၊ မင်းလုပ်ရဲမှာ မဟုတ်ဘူး'

'ကျုပ်ကို ဒေါ်ပွအောင် ရန်စကြည့်ပါလား၊ ခင်ဗျားကိုတောင် ရေထဲပစ်ချဖို့ ...ဝန်မလေးဘူး၊ ကျုပ်စကားကို ယုံချင်မှ ယုံမယ်၊ ဒါပေမယ့် ဟုတ်မဟုတ် ...ကြည့်ဖို့ တစ်နည်းပဲရှိတယ်'

မြူရာက ပထမဦးဆုံးအကြိမ် ဝင်ပြောသည်။

'သူ ပွင့်ပွင့်လင်းလင်း ပြောနေတာလို့ ကျုပ်ထင်တယ်၊ သူ အတည်အပေါက်နဲ့ ...ခြောက်နေတာလဲ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ကျုပ်သာဆိုရင် တာဝန်ပုံကျလာ...အောင် ခေါ်င်းမာဖို့ စိတ်မကူးဘူး'

သမ္မတကြီးက လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မြူရာကို ခပ်တည်တည် ...ကြည့်သည်။ သို့သော် မြူရာတစ်ယောက် ပြန်အိပ်ပျော်သွားပုံရသည်၊ ကာတ...သန်က ဝင်ပြောသည်။

'ဗိုရန်၊ မင်းသူခိုင်းတဲ့အတိုင်း လုပ်စမ်း'

'ဟုတ်ကဲ့'

ဗိုရန်တစ်ယောက် စိတ်ချမ်းသာသွားပုံရသည်။ ဗိုရန်က စာရွက်ကလေးကို ...ယူလိုက်ရာ ဘရန်ဆန်က ပြောလိုက်သည်။

'မင်း အဲဒီနံပါတ်နဲ့ ဆက်လို့ရရင် သမ္မတကြီးရဲ့ တယ်လီဖုန်းနဲ့ပါ ဆက်ပေး'

ဗိုရန်က ခေါင်းညိတ်ပြလိုက်သည်။ ဤတွင် ဘရန်ဆန်က ကားရှေ့သို့ ...လျှောက်လာပြီး လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်သည်။

ဗိုရန်တစ်ယောက် ချက်ချင်း အဆက်အသွယ်လုပ်၍ ရသွားသည်၊ တစ်ဘက်...က ပြောသည်။

'ဟင်းဒရစ်ပါ'

'ဘရန်ဆန်ပါ'

'ဘရန်ဆန်၊ ဟုတ်လား၊ ပီတာဘရန်ဆန် မဟုတ်လား၊ ကျုပ်စောစောကတည်း... စဉ်းစားမိဖို့ကောင်းတယ်၊ ကျုပ် မင်းနဲ့တွေ့ချင်နေတာကြာပြီ ဘရန်ဆန်'

'တွေ့ရမှာပေါ့ ရဲဘော်ကြီးရာ၊ ခင်ဗျားတွေ့ချင်တဲ့အတိုင်း မကြာခင် တွေ့...တော့မှာပါ၊ ကျုပ် ခင်ဗျားနဲ့ နောက်မှစကားပြောမယ်၊ ခုလောလောဆယ်မှာတော့ ...သမ္မတကြီးက ခင်ဗျားနဲ့ စကားပြောချင်သေးတယ်'

ဘရန်ဆန်က မတ်တတ်ရပ်ပေးလိုက်သည်။ ဤတွင် မြို့တော်ဝန် မော်ရီဆန်... ဘရန်ဆန် ထမေးသောကြောင့် လွတ်သွားသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းစကားပြောခွက်ကို လှမ်းယူလိုက်သည်။

တံမကောင်းအကြောင်းမလှသဖြင့် ယခုလိုကိုးရိုးကားရား အခြေနေဆိုးနှင့် ခင်တိုးနေရသော သမ္မတကြီးက သူနှင့်သူ့ညည်သည်တော်များ ယခုလိုဖြစ်ရခြင်းမှာ ထင်းဒရစ်နှင့် အဖွဲ့သားများ ညံ့ဖျင်းမှုကြောင့်ဖြစ်သည်ဟု ဟင်းဒရစ်အပေါ် အပြစ်ပုံချသည်။ သို့သော် ဤခရီးစဉ်နှင့်ပတ်သက်သော လုံခြုံရေးအစီအစဉ်မှန်သမျှကို ဝါရှင်တန်ရှိ ဌာနချုပ်ကသာ စီစဉ်ကြောင်း သမ္မတကြီး မသိ၍မဟုတ်ပါ။ သိပါသည်။ သို့သော် စိတ်ချောက်ချားနေသဖြင့် ဤအရှုပ်တော်ပုံကို ဟင်းဒရစ်က ချက်ချင်းလက်ငင်း ဖြေရှင်းပေးရမည်ဟု ဖွတ်အမိန့်ပေးနေသည်။

ဟင်းဒရစ်ကမူ ခိုးကျူးစရာကောင်းလောက်အောင် တည်တည်ငြိမ်ငြိမ် ရှိနေသည်။ ဟင်းဒရစ်က ပြန်မေးသည်။

'ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာကို အမိန့်ရှိပါဦးခင်ဗျာ'

သမ္မတကြီးပါးစပ်မှ ကဘောက်တိ ကဘောက်ချာများသာ ထွက်ပေါ်လာသည်။ ယခုအချိန်တွင် ကောင်းကောင်းမွန်မွန် အကြံဉာဏ်မျိုး သူဦးနှောက်ထဲမှ ထွက်ရန် မလွယ်သေး။ ဤတွင် မြို့တော်ဝန်မော်ရီဆန်က အခွင့်အရေး ဝင်ယူလိုက်သည်။

'မှင်းဒရစ်လား၊ မော်ရီဆန်ပါ။ ဒီမှာကိုယ့်လူ၊ မဲဆန္ဒရှင်တွေကတော့ ဒီကိစ္စတို့ သိပ်ကြိုက်ကြမှာ မဟုတ်ဘူး'

'ဘာလဲ၊ လူသန်းတစ်ရာ့ငါးဆယ်လုံးကလား'

'တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြောမယ်ဆိုရင် ဟုတ်တာပေါ့'

'ဒီကိစ္စဟာ တစ်နိုင်ငံလုံးနဲ့ ပတ်သက်တဲ့ အရေးအခင်းကြီးဆိုတာ ခင်ဗျားလဲ သိတယ်မဟုတ်လား၊ ပြီးတော့ ဒီပြဿနာကို ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်း ဖြေရှင်းလို့ရမှာ မဟုတ်ဘူးဆိုတာလည်း သိထားဦး'

'ဟင်းဒရစ်ရယ်၊ မင်းစကားကလဲ အားရစရာ မကောင်းလိုက်တာ'

'ကျုပ်ကို အားပေးမယ့်လူရှိဦးမှကိုး၊ ဒါနဲ့ ကျုပ် ဗိုလ်ချုပ်ကြီးနဲ့ စကားပြောလို့ ရမရ ခင်ဗျားမိတ်ဆွေကြီးကို မေးပေးစမ်းပါ'

'မေးပေးမယ်လေ'

မော်ရီဆန့်အမေးကို ဘရန်ဆန်က ခေါင်းညိတ်ပြီး သဘောတူလိုက်သည်။ ဘရန်ဆန်ကို ကြည့်ရသည်မှာ သူ့ကိုယ်သူ သိပ်အထင်ကြီးနေပုံရသည်။ သူ့ကိုယ်သူ အထင်ကြီးနေတာကိုလဲ အဆိုးမဆိုသာ၊ ဇွက်ဖဲ၊ နိုင်ဖဲ၊ ဂျိုကာ၊ အားလုံး သူ့လက်ထဲတွင် ရှိနေသည် မဟုတ်လား။



ဟင်းဒရစ်က ပြောလိုက်သည်။

'ဗိုလ်ချုပ်ကြီး ဘက်တာလန်လား၊ ကျွန်တော် ဟင်းဒရစ်ပါ၊ အခုကိစ္စကို သုံးသပ်ရမယ်ဆိုရင် ရဲနဲ့ဆိုင်တဲ့အမှုအခင်းဖြစ်သလို တပ်မတော်က လုပ်ရမယ့်ကိစ္စလည်း ဖြစ်နေတယ်၊ ဒီတော့ အနောက်ဘက်ကမ်းခြေတပိုက်မှာရှိတဲ့ တပ်မတော် အရာရှိကြီးတွေကို ခေါ်လိုက်ရမလား'

'ဒါနဲ့တင် ဘယ်လုံလောက်ပါ့မလဲ'

'ပင်တဂွန်အထိ ခေါ်ရမလား'

'ခေါ်ရမယ်၊ ချက်ချင်းခေါ်'

'ဒီက လုပ်စရာရှိတာတွေကိုကော'

'နေဦးလေ၊ အခြေအနေကို စောင့်ကြည့်ဦး၊ ဒီသောက်ရူးက ဘာတောင်းဆိုမလဲဆိုတာ တို့သိဖို့လိုတယ်၊ အခု သူပြောလို့သိတာကတော့ သူ့အတွက် အချိန်အြာလေးလေး အတိုးရှိလေလေပဲတဲ့၊ ကဲ သူက မင်းနဲ့ စကားပြောလိမ့်ဦးမယ်'

ဘရန်ဆန်က ကက်တာလန် လက်ထဲမှတယ်လီဖုန်းစကားပြောခွက်ကို လှမ်းယူပြီး တုလားထိုင်ပေါ်သို့ သက်တောင့်သက်သာ ထိုင်ချလိုက်သည်။

'ဟင်းဒရစ်၊ ကျုပ်မေးခွန်း တစ်ခုနှစ်ခု မေးစရာရှိတယ်၊ မေတ္တာရပ်ခံစရာလဲ ရှိတယ်၊ ဖြစ်တယ်မဟုတ်လား'

'ကျုပ် နားထောင်နေပါတယ်'

'ဒီသတင်း အပြင်ကို ရောက်သွားပလား'

'ဟ ဘယ်လိုပြောလိုက်တာတုံး၊ ဆန်ဖရန်စစ္စကို မြို့တစ်ဝက်လောက်က ခင်ဗျားတို့ ဒီသောက်တံတားပေါ်မှာ ကန့်လန့်ကြီး ခံနေတာကို မြင်နေရတဲ့ဥစ္စာ'

'ကျုပ် အင်မတန် သဘောကျတဲ့ တံတားကို ဆဲရေးတိုင်းထွာပြီး မပြောပါနဲ့ဗျား၊ ကျုပ်မေးတာက တစ်နိုင်ငံလုံးသိပြီလားလို့မေးတာ'

'မကြာခင် သတင်းပျံ့သွားမှာ သေချာတယ်'

'ကဲ အခုချက်ချင်း ဒီသတင်းပျံ့သွားအောင် လုပ်စမ်းပါ၊ စာနယ်ဇင်းနဲ့ ရုပ်မြင်သံကြား ဆရာတွေ စိတ်ဝင်စားကြမှာပါ၊ ဒီတော့ ဒီကိုလာချင်တဲ့ စာနယ်ဇင်းလောကသားတစ်ရာ နှစ်ရာလောက်စီးဖို့ ရဟတ်ယာဉ် တစ်စီး နှစ်စီးလောက် အသင့်လုပ်ထားပေး၊ ဒါ ဝင်လယ်အော်ဒေသမှာ ပုဂ္ဂလိကနဲ့ တပ်မတော်က ရဟတ်ယာဉ်တွေ အများကြီး ရှိနေတယ် မဟုတ်လား'

ဟင်းဒရစ်ဘက်က ငြိမ်ကျသွားသည်။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ဘာကိစ္စအတွက် အဲဒီလို ဖြစ်စေချင်ရတာလဲ'

'အုတ်အော်သောင်းနင်း ဖြစ်စေချင်လို့ပေါ့ဗျာ၊ ကျွယ်ကျွယ်ပြန့်ပြန့် သိသွားကြစေချင်တယ်၊ အမေရိကန်နဲ့ ကမ္ဘာတဝန်းလုံးမှာရှိတဲ့ ရုပ်မြင်သံကြားစက် ပိုင်ဆိုင်တဲ့ လူတွေ၊ အမေရိကန်သမ္မတကြီးနဲ့ အာရေးဗီးယားက ဧည့်သည်တော်တွေ ဘယ်လို ဒုက္ခဖြစ်နေတယ်ဆိုတာ သိစေချင်တယ်'

'ဒီလို လူသိများအောင်လုပ်ပြီး ခင်ဗျားလိုချင်တာကို တောင်းဆိုမလို့လား'

'ဒါပဲပေါ့'

ဟင်းဒရစ်က စိတ်ပျက်လက်ပျက် ပြောချလိုက်သည်။

'သတင်းစာဆရာတွေကို ဘတ်စ်ကားတစ်စီးနဲ့ လွှတ်လိုက်ရမလား'

'ဘတ်စ်ကားတစ်စီးစာ သတင်းစာဆရာ ဟုတ်လား၊ သိပ်ကိစ္စမရှိပါဘူး၊ ဒါပေမယ့် သတင်းစာဆရာယောင်ဆောင်ထားတဲ့ လက်နက်ကိုင်တွေ ဖြစ်နေရင်ကော ဗျာ၊ အဲဒီကိစ္စကို မစဉ်းစားနဲ့ဗျာ၊ ကျုပ်ဆီမှာလဲ သတင်းစာဆရာတွေ တလှေကြီး ရှိနေတဲ့ဥစ္စာ'

'နေပါဦး၊ ရဟတ်ယာဉ်ထဲမှာ သတင်းစာဆရာတွေအစား စစ်သားတွေ ထည့်လွှတ်ရင်ကော မဖြစ်ဘူးလား'

'ဖြစ်တာပေါ့၊ ဒါပေမယ့် ကျုပ်ဆီမှာ ဓားစာခံတွေရှိတယ်ဆိုတာကို ထည့်စဉ်းစားပါဦးလေ၊ ခင်ဗျားဆီက စစ်သားတွေတံတားပေါ်မရောက်ခင် သေနတ်ကျည်ဆန်တွေ ဓားစာခံတွေဆီ ရောက်သွားလိမ့်မယ်'

'ခင်ဗျား မလုပ်ရဲပါဘူး၊ ရွှေဥအုတဲ့ငန်းကို ရိုက်သတ်သလို ဖြစ်သွားမှာပေါ့၊ ခင်ဗျားဆီမှာ ငြိ ခြောက်ပြီး ပိုက်ဆံတောင်းရမယ့်လူ မကျန်ပဲနေမှာပေါ့'

'စမ်းချင်ရင်စမ်းကြည့်လေ၊ ကျုပ်ဆီမှာ ရေနံဘုရင်နဲ့ ရေနံမင်းသား ကျန်ဦးမယ့် ဥစ္စာ၊ ခင်ဗျား သွေးရူးသွေးတန်းလျှောက်ပြောနေတာပါ၊ ဘာလဲ၊ ခင်ဗျားကြောင့် သမ္မတတစ်ယောက်၊ ရေနံဘုရင်တစ်ပါးနဲ့ ရေနံမင်းသားတစ်ပါး အသတ်ခံရတယ်လို့ သမိုင်းတွင် ကျန်ရစ်ခဲ့စေချင်လို့လား'

ဟင်းဒရစ်က ပြန်မဖြေ။

'ဒါပေမယ့် မိုက်ရူးရဲ သွေးရူးသွေးတန်း လုပ်မယ့်လူတွေလဲ ရှိကောင်းရှိလိမ့်မယ်လို့ ကျုပ်တွေးမိတယ်၊ ဒါကြောင့် ဒုတိယအချက်အဖြစ် ကျုပ်မေတ္တာရပ်ခံချင်တာ တစ်ခုရှိတယ်၊ အဲဒါက ဒီနေရာတဝိုက်မှာ စခန်းချထားတဲ့ စစ်တပ်တွေ အတော်များများ ရှိနေတယ်၊ ဥပမာ ပရက်ဆီဒီယို၊ ဖို့တ်ဘေကာ၊ ရတနာကျွန်း၊ ဖို့တ်ဖန်စတွန်၊ ဖို့တ်မီ



လေး၊ ဖို့တ်မေဆန်၊ ဖို့တ်ဘယ်ရီ၊ ပြီးတော့ မို့ကရွှန်တိုက်၊ ဘယ်စစ်တပ်ပဲဖြစ်ဖြစ် ဒီနေရာကို ကားလမ်းကလာနိုင်တာချည်းပဲ၊ ဒီတော့ အဲဒီစစ်တပ်တွေမှာ လိုက်ရှာရင် ခလုတ်နှိပ်လိုက်ရုံနဲ့ အဆက်မပြတ်ပစ်နိုင်တဲ့ လေယာဉ်ပျံပစ် သေနတ်နှစ်လက်လောက်တော့ အချိန်မရွေးရှာလို့ ရကိုရရမှာပဲ၊ အဲဒီလိုသေနတ်နှစ်လက်နဲ့ ကျည်ဆန်အများကြီးကို တစ်နာရီအတွင်း ဒီတံတားပေါ် အရောက်လိုချင်တယ်၊ ဒါပေမယ့် ပစ်လို့ရမရ သက်ဆိုင်ရာစစ်တပ်က ပစ်ခတ်စမ်းသပ်ကြည့်ပြီးမှ ကျုပ်လိုချင်တယ်'

'ခင်ဗျား ရူးနေပြီ'

'ရူးတယ်လို့ပြောချင်လဲပြောလေ၊ ဒါပေမယ့် ခုချက်ချင်း ညွှန်ကြားချက်ထုတ်ပါ'

'ကျုပ်မလုပ်နိုင်ဘူးလို့ ငြင်းတယ်'

'ခင်ဗျားက ငြင်းတယ်ဟုတ်လား၊ ကဲ ဗိုလ်ချုပ်ကြီး ကတ်တလန်'

ဗိုလ်ချုပ်ကြီးကတ်တလန်သည် ထိုင်ရာမှ အမြင်းအထန်ကြီးစား၍ ထ လိုက်ပြီးနောက် ဘရန်ဆန်ရှိရာသို့ လျှောက်လာပြီး လက်ထဲက တယ်လီဖုန်းစကားပြောခွက်ကို လှမ်းယူလိုက်သည်။

'မင်း ဒီသောက်ရူးပြောတဲ့အတိုင်း လုပ်ပေးလိုက်၊ မင်း သူ့အသံကြားရုံနဲ့ သူသွက်သွက်ခါအောင် ရူးနေပြီဆိုတာ မရိပ်မိသေးဘူးလား'

'ခင်ဗျား စကားပြောအဆို တော်တော်ပက်စက်တဲ့လူပဲ'

ဘရန်ဆန်က ပြောပြောဆိုဆိုနှင့် ပြုံး၍ ဗိုလ်ချုပ်ကြီးကတ်တလန် လက်ထဲက စကားပြောခွက်ကို လှမ်းယူလိုက်သည်။

'ဟင်းဒရစ်၊ မင်းကြားပြီမဟုတ်လား'

'ဟုတ်တယ်၊ ကြားတယ်'

'တတိယအနေနဲ့ မေတ္တာရပ်ခံချင်တာက ကျုပ်ဒီတံတားကြီးပေါ်မှာ သံမဏိနဲ့ လုပ်ထားတဲ့ အဆီးအတားနှစ်ခု လိုချင်တယ်၊ တစ်ခုက မြောက်ဘက်တံတားတိုင် ချော်စင် အောက်တည့်တည့်မှာ၊ နောက်တစ်ခုကတော့ တောင်ဘက်တံတားတိုင် ချော်စင် အောက်တည့်တည့်မှာ လုပ်ချင်တယ်၊ မြောက်ဘက်က အဆီးအတားကို အသေပိတ်မယ်၊ တင့်ကားနဲ့ ဝင်တိုက်တာကို ခံနိုင်ရည်ရှိရမယ်၊ အပေါ်ကို ပျော်တက်လို့မရအောင် သံဆူးကြိုးကာပေးထားရမယ်၊ တောင်ဘက်က သံမဏိအတိုင်းကိုတော့ အလယ်မှာ ဂျစ်ကားတစ်စီး ဝင်နိုင်လောက်တဲ့ တံခါးပေါက်တစ်ခု တပ်ပေးရမယ်၊ ဒါပေမယ့် အဲဒီတံခါးကို အထဲကဖွင့်မှရမယ့် တံခါးမျိုးဖြစ်အောင်လုပ်ပေးပါ၊ ဘောင်တွေခိုင်အောင် အပေါက်ဖောက်ပြီး စို့နဲ့တွယ်တာမျိုးပဲဖြစ်ဖြစ်၊ သံသံချင်း

www.burmeseclassic.com



အောက်စီဂျင်မီးနဲ့ ဂဟေဆော်တာမျိုးပဲဖြစ်ဖြစ် ကောင်းတာတစ်ခုခု လုပ်ပေးပါ။ ဒီကိစ္စအတွက် တပ်မတော်က ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ဖွဲ့ နှစ်ဖွဲ့ကို လုပ်ခိုင်းပါ။ ဒီအလုပ်နှစ်ခုကို ကျုပ်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲမယ်'

ဟင်းဒရစ်တစ်ယောက် မွန်းပြီး အသက်ရှူကျပ်နေပုံရသည်။ တော်တော်နှင့် စကားပြန်မရ။ ပြီးမှ

'ဘာဖြူလို့လဲ '

'ပစိဖိတ်သမုဒ္ဒရာက ဆီးနှင်းတွေ ဝေ့ဝေ့လာတတ်တယ်၊ တစ်ခါတစ်ခါ ထံတားကြီးကို မှိုထားတတ်တယ်၊ အခုလဲ ဆီးနှင်းတွေ ဝေ့လာစပြုတာကို မြင်နေရပြီ ဒီဆီးနှင်းတွေကို အကာအကွယ်ယူပြီး ကျုပ်တို့ကို ဝင်တိုက်ဖို့ သိပ်လွယ်လိမ့်မယ်'

ဘုရန်ဆန့်လေသံက တောင်းတောင်းပန်ပန် ပြောနေရသလိုလို။

'ဒါဖြင့်ရင် တောင်ဘက်ကတံတိုင်းမှာ ဘာဖြူလို့ တံခါးပေါက်ဖောက်ရတာတုံး'

'ဂျစ်ကားတစ်စီး ဝင်နိုင်အောင်ပါလို့ ခင်ဗျားကို ကျုပ်ပြောပြီးပြီပဲ၊ တစ်ဘက်နဲ့တစ်ဘက် ဆွေးနွေးစရာရှိရင် လာဆွေးနွေးမယ့်အဖွဲ့ ဝင်နိုင်အောင်၊ လိုအပ်ရင် ဆရာဝန်ခေါ်နိုင်အောင်၊ ပြီးတော့ အကောင်းဆုံးအစားအသောက်တွေနဲ့ အရက်တွေ ဘာတွေ ကျုပ်တို့ဆီကို လာပို့လို့ရအောင်ပေါ့'

'ဘုရား၊ ခင်ဗျား တော်တော် သွေးအေးတဲ့လူပဲ'

'သွေးအေးတယ်၊ ဟုတ်လား၊ ကျုပ်လူတွေရဲ့ နေရေး ထိုင်ရေး စားရေး သောက်ရေး လွယ်ကူအောင် စီစဉ်တာကို သွေးအေးတယ်လို့ ဆိုသလား၊ သမ္မတကြီးနဲ့ ရေနံဘုရင်ကလဲ အဆာခံနိုင်ကြမှာ မဟုတ်ဘူး၊ ဒီမှာ ဟင်းဒရစ်၊ ဘုရင်နဲ့ သမ္မတကြီးတို့ အငတ်ထားတဲ့လူဟာ ခင်ဗျားပဲလို့ သမိုင်းမှာ စာတင်ရစ်အောင် လုပ်ချင်လို့လား ပြောလေ'

ဟင်းဒရစ်က ပြန်မဖြေ၊ သမိုင်းတွင် စာတင်ခံရမည့်အကြောင်း သူတွေးချင်တွေးနေလိမ့်မည်။ ဘရန်ဆန်က ဆက်ပြောသည်။

'ပြီးတော့လဲ သံတံတိုင်းဆောက်မပြီးခင် သမ္မတကြီးနဲ့ ဘုရင်ကြီးအတွက် ရွှေ့ပြောင်းလို့ရတဲ့ အိမ်သာမော်တော်ကားတွေ ပို့ပေးထားဦး၊ အကောင်းဆုံးမှ လိုချင်တယ်နော်၊ ပြီးတော့ အက်ဖ်ဘီအိုင်က စုံထောက်တွေ ပါမလာစေနဲ့ဦး ကျုပ်ပြောတာကို အကုန်မှတ်မိရဲ့လား'

'အကုန် အသံသွင်းထားတယ်'

'ဒါဖြင့်ရင် စလုပ်ပေတော့၊ ဒါမှမဟုတ် ဗိုလ်ချုပ်ကြီး ကတ်တာလန်ကို



ပြောခိုင်းရဦးမလား'

'လုပ်ပါ့မယ်'

'အခုလား'

'အခုပေါ့'

ဘရန်ဆန်က စကားပြောခွက်ကို ဖုန်းခေါင်းပေါ် ချိတ်ထားလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်၍

'ကျုပ် အကြံအစည်အောင်မြင်မှာ မဟုတ်ဘူးလို့တောင် သူက တစ်ခွန်းမြန်မပြောဘူးဗျ' ဟုပြောလိုက်သည်။ ပြီးမှ

'ကဲ ဟင်းဒရစ်ရေ၊ ဒါကတော့ နောက်ဆုံးမေတ္တာရပ်ခံချက်ပဲ၊ အရေးအကြီးဆုံးပဲလို့ ဆိုနိုင်တယ်၊ အခု အခိုက်အတန့်မှာ သမ္မတကြီးက ဘာမှလုပ်ပိုင်ခွင့်မရှိဖြစ်နေတယ်၊ ဒီတော့ ခေါင်းဆောင်မရှိတဲ့ နိုင်ငံက ခေါင်းဆောင်နဲ့ ဘယ်လိုစကားပြောရမလဲ'

'ဒုတိယသမ္မတကြီး ချီကာဂိုကို ရောက်နေတယ်၊ အခု အိုဟာရားလေဆိပ်ကွင်းကို သွားနေပြီ'

'သိပ်ကောင်းတယ်ဗျာ၊ သိပ်ကောင်းတယ်၊ မတောင်းဆိုပဲနဲ့ အလိုအလျောက်ပူးပေါင်းကူညီတာ သိပ်ကောင်းတယ်၊ ဒါပေမယ့် ကျုပ်တောင်းဆိုတာဟာ သိပ်များနေသလားမသိဘူး၊ ဝန်ကြီးအဖွဲ့ဝင်ထဲက ပိုအရေးပါတဲ့ ဝန်ကြီးနှစ်ယောက်လောက်နဲ့ ထပ်ပြီးဆွေးနွေးချင်တယ်'

ဟင်းဒရစ်က ခပ်ဆတ်ဆတ်ပြန်ဖြေသည်။

'ဒီမှာ ဘရန်ဆန်၊ ကလေးတွေ စကားပြောသလို နောက်မနေပါနဲ့တော့၊ ခင်ဗျား ဘယ်သူနဲ့ စကားပြောချင်သလဲ'

'တစ်ယောက် နှစ်ယောက်လောက်ပါပဲ'

ဒုတိယသမ္မတကြီးနဲ့ ဝန်ကြီးနှစ်ယောက်၊ မင်းဆီရောက်လာရင် သူတို့ကိုဓားစာခံအဖြစ် ပြန်ပေးဆွဲထားမှာလား'

'မဟုတ်ပါဘူး၊ ကျုပ်ပြောတာ ယုံချင်မှယုံ၊ ဒါပေမယ့် လာဆွေးနွေးစေ့စပ်တဲ့သူတွေကို ပြန်ပေးဆွဲလေ့မရှိဘူး၊ အဲဒီလိုသာ လာဆွေးနွေးတဲ့လူကို ပြန်ပေးဆွဲနေရင် နောက်ဆုံးကျတော့ မင်းလိုလူစားလောက်နဲ့ ဆွေးနွေးရတဲ့အဆင့် ရောက်သွားမှာပေါ့'

ဟင်းဒရစ်က ဘာမှပြန်မပြောသဖြင့် ဘရန်ဆန်က ဆက်ပြောသည်။

'ကျုပ် နိုင်ငံခြားရေးဝန်ကြီးနဲ့ စကားပြောချင်တယ်'

'သူ ဒီကိုလာနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်အတွင်းစိတ်ကို သိတယ်ထင်တယ်၊ သူဘယ်ကလာတာလဲ'

'လော့စ်အင်ဂျလီက'

'အဆင်သင့်လိုက်တာဗျာ။ သူက အဲဒီမှာ ဘာလာလုပ်နေသလဲ'

'နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ အစည်းအဝေး လာတက်နေတာ'

'ဒါဆိုရင် . . .'

ဟင်းဒရစ်က စိတ်မရှည်သော လေသံနှင့် ဖြတ်ပြောသည်။

'ဟုတ်တယ်၊ ဘဏ္ဍာရေးဝန်ကြီးလဲ အဲဒီမှာရှိတယ်၊ သူလဲ လေယာဉ်ပျံပေါ်မှာ အတူတူပါလာပြီ'

ဘရန်ဆန်က စကားပြောခွက်ကို ပြန်ချလိုက်သည်။ ပြီးမှ

'ဘယ်ဆိုးလို့တုံး၊ ကျုပ်လို သာမည ပီတာဘရန်ဆန်နဲ့ ဘဏ္ဍာရေးဝန်ကြီး မျက်နှာစုံညီ ဆွေးနွေးရတော့မယ်၊ တယ်စကားပြောလို့ကောင်းမှာပဲ၊ ဒီတစ်ဆက်မှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး'

□□□

## အခန်း ( ၄ )

ပေါလ်ရက်ဗ်ဆန်တစ်ယောက် တဖြည်းဖြည်း ပြန်သတိရလာသည်၊ မျက်ခွံများ လေးပြီး ခေါင်းအုံနေသည်။ နားနည်းနည်းပင်းသွားသလိုလို သူ့ကိုယ်သူ ထင်မိသည်၊ သို့သော် အဆိပ်ဓာတ်ငွေ့မိပြီးနောက် ဆိုးဆိုးရွားရွား ဘာမှမဖြစ်၊ ယာဉ်မောင်းသူ၏ခြေထောက်အောက်တွင် အဆိပ်ငွေ့ဗုံး ထပေါက်ပြီးနောက် ဆက်တိုက်ဖြစ်လာသည့်ကိစ္စများမှာ မြန်ဆန်လှသဖြင့် ဘာဖြစ်ခဲ့သည်ကို သူကောင်းကောင်း မမှတ်မိချေ။ သူမျက်စိ တဖြည်းဖြည်း ပြန်ကြည်လင်လာသဖြင့် ဘေးဘီကို လှည့်ကြည့်လိုက်သည်။

သူ့ဘေးနားမှာ ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ယောက် ရှေ့ခုံ နောက်မှီပေါ်သို့ ငိုက်ကျနေသည်၊ သူ့လည်ပင်းက ကိုးရိုးကားယား ဘေးဘက်သို့ စောင်းကျနေသည်၊ အချို့ကမူ ကားကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသလို လဲကျနေသည်၊ အချို့ကမူ သူ့လို ကုလားထိုင်ပေါ်မှာပင် ကိုးရိုးကားယားပုံစံနှင့် မေ့နေကြသည်။ ကုလားထိုင်ပေါ်တွင် ရှိသူများအနက် အချို့သည် သူ့လိုပြန်သတိရလာစဖြစ်သည်ကို တွေ့ရသည်။

သူက ကားပြတင်းပေါက်မှ အပြင်ကို လှမ်းကြည့်လိုက်သည်။ သူမြင်လိုက်ရသည်ကို မယုံသဖြင့် မျက်တောင်တဖြတ်ဖြတ်ခတ်၍ ထပ်ကြည့်မိသည်၊ ဆန်ဖရန်စစ္စကိုဇာတိဖြစ်သည်နှင့်အညီ သူတို့စီးလာသောကားကြီးသည် ရွှေတံခါးတံတားကြီး၏ အလယ်တည့်တည့်လောက်၌ ရပ်တန့်နေကြောင်း ချက်ချင်းလိုလို သတိထားလိုက်မိသည်။ ဤကိစ္စအတွက် အဖြေတစ်ခုခုတော့ရှိရမည်။

သူ့ဘေးနားက ကလေးမကို ပြန်ကြည့်မိပြန်၏။ ဤကလေးမလေးသည်

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း အာရုံစိုက်မိမည့်မိန်းကလေးမျိုးဖြစ်သည်။ သူ့ကိုယ်လုံးက သေးသေးသွယ်သွယ် သူသွားလေရာရာတွင် သယ်သွားလေ့ရှိသော ရုပ်ရှင်ရိုက်ကင်မရာ လေးလေးလံလံကြီးတို့ ပခုံးတွင် လွယ်နိုင်အောင် သန်ပါ့မလားဟု တွေးချင်စရာ ဖြစ်သည်။ သူ့ဆံပင်က ပလက်တီနမ်ရွှေဖြူရောင်၊ သူ့အသားရောင်ကလည်း တစ်ခါမှ နေမလောင်ဘူးသည့် အသားလို ဖြူရော်ရော်ဖြစ်နေသည်။ သူသည် ရုပ်မြင်သံကြားကုမ္ပဏီတစ်ခုမှ ဓာတ်ရှင်ဓာတ်ပုံဆရာမတစ်ဦးဖြစ်သည်။ တစ်ခါ ယောက်ျားချည်းသာပါသော သမ္မတကြီး၏ခရီးစဉ်တွင် သူဘာကြောင့် ပါလာသည်ကို ရက်ဝ်ဆန် တွေးမရချေ။ ပြီးတော့ သူ့နာမည်ကလည်း ခပ်ဆန်းဆန်း၊ သူ့ကိုယ်သူ အေပရဲလ် ဝင်းနက်စ်ဒေးဟု ဆိုသည်။ သူ့သတင်းစာဆရာ မှတ်ပုံတင်ကတ်ပြားတွင်လည်း သည်အတိုင်းပါသည်။ တကယ်တော့ သူ့အဖေနှင့်အမေသည် စိတ်ကူးကောင်းကြဟန်မတူ၊ နာမည်မှည့်ရမည့်နေ့ နီးကပ်လာသောအခါ သူ့မွေးနေ့တိုင်း အလွယ်ဆုံးနာမည်အဖြစ် ကင်ပွန်းတပ်ခဲ့ဟန်တူသည်။

သူက အမျိုးသမီးကလေး၏ပခုံးကို ကိုင်၍ ကိုယ်ကိုပြန်မတ်ပေးသည်။ မိန်းကလေး၏ဦးခေါင်းက သူ့ပခုံးပေါ်တွင် စောင်းကျလာသည်။ အဆိပ်မိဓာတ်ငွေ့မိသူများကို ဘယ်နည်းဘယ်ပုံ ကုသရမည်ဟု သူမသိ။ သူတစ်ကိုယ်လုံးကို လှုပ်ခါပေးရမလား၊ ပါးနှစ်ဘက်ကို လက်ဝါးနှင့် အသာအယာ ရိုက်ပေးရမှာလား။ ဒါမှမဟုတ် ဆက်ပြီး အိပ်ခိုင်းထားရမှာလား၊ သူဒီပြဿနာကို အဖြေရှာမရခင် ထိုမိန်းကလေး လူးလွန့်လှုပ်ရှားလာသည်။ အစိမ်းရောင် ပိုးအင်္ကျီတိုနှင့်၊ ပါးပါးကလေးကို ဝတ်ထားသော ထိုကလေးမလေးသည် ကြက်သီးတဖြန်းဖြန်းထသလို တုန်သွားသည်။ တကယ်တော့ ဘတ်စ်ကားကြီးပေါ်တွင် သိပ်မချမ်းလှပါ။ ထို့နောက် မျက်လုံးပွင့်လာပြီး ရက်ဝ်ဆန်ကို မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။

ထူးခြားမှုမရှိလှသော သူ့မျက်နှာမှ မျက်လုံးအစုံမှာ အထူးခြားဆုံးဖြစ်သည်။ ကြီးမားဝိုင်းစက်သော သူ့မျက်လုံးအစုံမှာ ပင်လယ်စိမ်းပြာရောင်ဖြစ်ပြီး ကြည်လင်တောက်ပလှသည်။ အပြစ်ကင်းစင်သော အရိပ်အရောင်မှာ ထူးထူး ခြားခြားပေါ်လွင်နေသည်။ သည်ကလေးမတွင် ရိုးသားဖြူစင်မှု ရှိမှရှိသေးရဲ့လားဟု ရက်ဝ်ဆန်က တွေးနေမိသည်။ ရုပ်မြင်သံကြားကုမ္ပဏီအတွက် ကင်မရာလွယ်နေသော ဤလိုမိန်းကလေးမျိုးသည် ယခင်က ရိုးသားဖြူစင်ခဲ့သည့်တိုင်အောင် ယခုအချိန်တွင် ရိုးသားဖြူစင်မှု မရှိတော့မည်မှာ သေချာသည်။

သူက မျက်လုံးများကို ရက်ဝ်ဆန့်မျက်နှာပေါ်က လွှဲမပစ်ပဲ မေးလိုက်သည်။



'ဘာဖြစ်တာလဲဟင်'

'ကိုယ်တွေးကြည့်လို့ရတာကတော့ ခပ်နောက်နောက် လူတစ်ယောက်က ချက်ချင်းသတိမေ့သွားစေနိုင်တဲ့ ဓာတ်ငွေ့ဗုံးကို လာဖောက်တယ်နဲ့တူတယ်၊ မင်းဘယ့်နှယ်နေသေးသလဲ'

'အရက်မူးနေသလိုပဲ ခေါင်းနောက်နေတယ်၊ ဘယ်သူကများ ဒီလိုလုပ်ချင်ရတာပါလိမ့်'

'အကြောင်းမျိုးစုံ ရှိရမှာပေါ့လေ'

ရက်ဝ်ဆန်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

'အခု တစ်နာရီနဲ့ ဆယ်မိနစ် ကြာသွားတဲ့အထိ၊ တို့များ ရွှေတံခါးတံတားပေါ်မှာပဲ ရှိသေးတယ်၊ ဘာဖြစ်လို့ပါလိမ့်'

'ဘာပြောတယ်'

'မင်းလှည့်ကြည့်ပါလား'

အေပရဲလ်က ဘေးဘီကိုလှည့်ကြည့်သည်။ ပြီးတော့ တွန့်တနဲ့ဖြစ်သွားပြီး သူ့ပခုံးကို ဖက်ထားဆဲဖြစ်သောလက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်သည်။

'ဟိုကြမ်းပေါ်မှာ လူနှစ်ယောက်ကို လက်ထိပ်ခတ်ထားပါလား'

အေပရဲလ်အသံက ချက်ချင်းလိုလိုတိုးသွားသည်။ ရက်ဝ်ဆန်က ရှေ့သို့ ငုံ့ကြည့်လိုက်သည်။ အိပ်ပျော်နေပုံရသော ခပ်ထွားထွားလူနှစ်ယောက်ကို လက်ထိပ်ခတ်ထားသည်မှာ သေချာသည်။

'ဘာပြုလို့လဲဟင်'

'ဘယ်သိမလဲ၊ ကိုယ်လဲ ခုမှပြန်သတိရလာတာ'

'ဒါဖြင့်ရင် ကျွန်မတို့ကတော့ ဘာပြုလို့ လက်ထိပ်ခတ်တာ မခံရသလဲ'

'ကံကောင်းလို့ နေမှာပေါ့'

ရက်ဝ်ဆန်က နောက်ဘက်လှည့်လိုက်ရာ သမ္မတကြီးစီးလာသော ကားကြီးသည် သူတို့ကားနောက်တွင် ရပ်ထားကြောင်း တွေ့လိုက်ရသည်။

'တဆိတ်ကွာ၊ ဒီကိစ္စကို သတင်းစာဆရာပီပီ သွားစုံစမ်းမှဖြစ်မယ်'

'ကျွန်မလည်းလိုက်မယ်'

'လိုက်ခဲ့လေ'

အေပရဲလ်က ရှေ့ကသွားသည်။ ရက်ဝ်ဆန်က နောက်ကလိုက်သည်။ သို့ ... ချက်ချင်းမလိုက်ပဲ အနီးဆုံးလူ၏ ကုတ်အင်္ကျီကို လှန်ကြည့်လိုက်ရာ သေနတ်

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့သော ပန်းစလွယ်သိုင်းအိတ်ကို တွေ့ရသည်။ ပြီးမှ အေပရဲလ် နောက်လိုက်သည်။ ရှေ့တံခါးပေါက်ဝနား ရောက်သောအခါ အိပ်ပျော်နေဆဲယာဉ်မောင်းသည် သူ့ထိုင်ခုံနှင့် ခပ်ဝေးဝေး ညာဘက်တံခါးပေါ်တွင်မှီ၍ အိပ်ပျော်နေကြောင်း တွေ့ရသည်။ သူ့ဘာသာသူ ရွေ့သွားတာတော့ ဟုတ်ပုံမရချေ။

တံတားပေါ် ရောက်နေပြီဖြစ်သော အေပရဲလ်ထံ အမှီလိုက်သည်။ ခပ်ထွားထွား အရုပ်ဆိုးဆိုး ရဲသားကြီးတစ်ယောက်က သူတို့နှစ်ယောက်ကို စက်သေနတ်တစ်လက်နှင့် ချိန်ထားသည်။ ယွန်နီလိုလူမျိုး ရဲတပ်ဖွဲ့ထဲဝင်လျှင် ရဲတပ်ဖွဲ့နာမည်ပျက်မှာ သေချာသည်။ တကယ်တော့ ရဲသားတစ်ယောက်က သူတို့ကို သေနတ်နှင့်ချိန်ထားသည်မှာ ဆန်းနေသည်။ ပြီးတော့ ရဲသားလက်ထဲမှာ စက်သေနတ်တစ်လက်ရှိနေတာက ပိုဆန်းသည်။ အဆန်းဆုံးကတော့ တန်းစီရပ်နေသည့် စိတ်ညစ်နေပုံရသော ရဲသားခြောက်ယောက်ကို လက်ချင်းတွဲ၍ လက်ထိပ်ခတ်ထားခြင်းပင်တည်း။

အေပရဲလ်က ထိုလူစုကို အထိတ်တလန့်ကြည့်ပြီးနောက် ရက်ဗ်ဆန်ကို ပြန်ကြည့်သည်။

'ဟုတ်တယ်၊ ဒီကိစ္စအတွက် အကြောင်းပြချက် တစ်ခုခုတော့ရှိရမယ်'

သမ္မတကြီးစီးသောကားဘေးမှ ကွေ့ထွက်လာသည့် ဘရန်ဆန်က သူတို့ရှိရာသို့ အေးဆေးစွာ လျှောက်လာရင်း အေးအေးဆေးဆေး လှမ်းပြောလိုက်သည်။

'သိရမှာပေါ့ဗျာ၊ ဒါနဲ့ ခင်ဗျားနာမည်က ဘာလဲ'

'ရက်ဗ်ဆန်'

'ဒီကိစ္စအတွက် ဝမ်းနည်းပါတယ်ဗျာ'

အေပရဲလ်က အလန့်တကြားပြောသည်။

'ရဟတ်ယာဉ်တွေပါလား'

'ဟုတ်တာပေါ့။ အဲဒါ ရဟတ်ယာဉ်တွေပဲ၊ ခင်ဗျားတို့ကို ရှင်းလင်းချက်ပေးပါမယ်၊ ဒါပေမယ့် ခဏခဏတော့ မပြောနိုင်ဘူး၊ ခင်ဗျားတို့ မိတ်ဆွေတွေ သတိရလာမှ ပြောကြတာပေါ့'

ဘရန်ဆန်က နောက်ဆုံးကားဆီသို့ လျှောက်သွားသည်။ သူကနောက်ဘက်မှ တဖြည်းဖြည်းရွေ့လာနေသော တိမ်တိုက်တိမ်စိုင်ကြီးများကို ကြည့်နေသည်။ စိတ်ပူနေသလား ဘာလားဆိုတာကိုတော့ အကဲခတ်မရ။ ရှေ့ကားနှင့်ဝင်ဆောင့်မိသော ရဲကားဆီသို့ ရောက်သောအခါ ရပ်စောင့်နေသော အစောင့်ကိုမေးလိုက်သည်။

'တို့ မိတ်ဆွေကြီးလေးယောက် ပြန်သတိရလာပလား ခရိုက်စလာ'



'ဟုတ်ကဲ့ သတိရလာပါပြီ၊ ဒါပေမယ့် သူတို့ကိုကြည့်ရတာ သိပ်မရွှင်ကြဘူး ဆရာ'

ခရိုက်စလာသည် အသားညိုညို၊ ခပ်ပိန်ပိန်နှင့် ပညာတတ်ရုပ်ဖမ်းနေသူဖြစ်သည်။ လက်ဆွဲအိတ်ကလေးနှင့်ဆိုပါက ရှေ့နေတစ်ယောက်ဟုပင် ထင်ကြရသည်။ တကယ်ကလည်း ဗိုရန်ကို ဘရန်ဆန် ပြောပြခဲ့သည့်အတိုင်း ခရိုက်စလာသည် ဆက်သွယ်ရေးပညာကို တတ်ကျွမ်းသူတစ်ယောက်ဖြစ်သည်။ ပြီးတော့ နံပါတ်သော့တွေကို ကျွမ်းကျွမ်းကျင်ကျင် ဖွင့်နိုင်သည်။ ပြီးတော့ လူတွေကို သေနတ်နှင့်ချိန်ပြီး ကြောက်အောင် ခြိမ်းခြောက်တတ်သည်။

'ဒါပဲပေါ့ကွာ၊ သူတို့ကို ကားထဲမှာပဲဆက်နေပေ့စေ၊ အပြင်ထုတ်ပြီး လက်ထိပ်ခတ်ထားရတာနဲ့စာရင် အဲဒါက ပိုလွယ်တာပေါ့၊ ရှေ့ဆုံးကားထဲက အက်ဖ်ဘီအိုင်ထောက်လေးယောက် အဲလေ သေနတ်ကိုယ်စီပါလာတော့လဲ အက်ဖ်ဘီအိုင်ကလို့ ထင်တာပဲ၊ ပြန်သတိရလာရင် နောက်ထပ် လူနှစ်ယောက်လောက်ခေါ်ပြီး သူတို့ရယ် ဟိုရဲသားခြောက်ယောက်ရယ်၊ ဒီက လေးယောက်ရယ်၊ တို့ကားထဲက နှစ်ယောက်ရယ် သူတို့အားလုံးကို တောင်ဘက်တံတားတိုင် မျှော်စင်ဘက်ဆီခေါ်သွား၊ သူတို့အားလုံး ဆယ့်ခြောက်ယောက်တောင်ရှိတာယ်၊ ဒီမှာဆက်ထားရင် ဒုက္ခပေးမယ့်ငတိတွေ လမ်းသတ်ဝက်လောက်ကျတော့ လက်ထိပ်တွေဖြုတ်ပြီး သူတို့ဘာသာသူတို့ ဆက်လျှောက်ပြီး ပြန်သွားပေ့စေ၊ လက်ထိပ်တွေကို ပြန်ယူထားလိုက်၊ တော်တော်ကြာ ထပ်အသုံးတော်ချင်တော်လာမှာ'

'ဖြစ်ပါတယ် ဆရာ'

'မစ္စတာဘရန်ဆန်'

နောက်ဆုံးကား၏ ရှေ့တံခါးပေါက်ဝရှိ ဂျင်ဆင်က ရေးကြီးသုတ်ပျာ လက်ယပ်ခေါ်လိုက်ခြင်း ဖြစ်သည်။

'သမားလ်ပိုက်စခန်းက ခေါ်နေတယ်၊ မြန်မြန်လာပါ'

ဘရန်ဆန်သည် ကားဆီသို့ အပြေးအလွှားလာပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဘရန်ဆန်ပါ'

'ဂစ်စကတ်ပါ၊ ကျွန်တော်တို့ဆီအရှေ့တောင်ဘက်ယွန်းယွန်းဆီက လေယာဉ်ပျံငယ်လေးတစ်စီး လာနေတာကို ရေဒါနဲ့ ဖမ်းမိထားတယ်၊ ရှစ်မိုင်လောက်ဝေးမယ် ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ'

ဘရန်ဆန်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အရှေ့တောင်ယွန်းယွန်းဟု ဆိုသဖြင့် ဆန်ဖရန်စစ္စကို နိုင်ငံတကာလေဆိပ်ဖြစ်နိုင်သည်။

'ရဲချုပ် ဟင်းဒရစ်နဲ့ ချက်ချင်း စကားပြောချင်တယ်'

စတ္တန့်ပိုင်းအတွင်း ဟင်းဒရစ်အသံ ပေါ်လာသည်။

'ဘာပြောမလို့လဲ'

'ကောင်းတင်မှာ ဘာလေယာဉ်မှ မရှိအောင် ရှင်းလင်းထားပါလို့ ကျုပ် ပြောထားတယ် မဟုတ်လား၊ အခုလေဆိပ်ဘက်က လေယာဉ်တစ်စီးလာနေတာ ကျုပ်တို့ ရေဒါစခန်းက ဖမ်းမိထား . . .'

ဟင်းဒရစ်က ဖြတ်ပြောသည်။ စိတ်လည်းတိုသွားပုံရသည်။

'နို့ ခင်ဗျားက မစ္စတာမိလ်တန်နဲ့ မစ္စတာကွာရီတို့ကို တွေ့ချင်တယ်ဆို၊ သူတို့ လော့စ်အင်ဂျလီက ရောက်လာတာ ဆယ့်ငါးမိနစ်လောက်ရှိပြီ၊ အခုရဟတ်ယာဉ်နဲ့ ဆက်လာနေကြတာ'

မိလ်တန်က နိုင်ငံခြားရေးဝန်ကြီး၊ ကွာရီက ဘဏ္ဍာရေးဝန်ကြီးဖြစ်သည်။

'သူတို့က ဘယ်မှာဆင်းမှာလဲ'

'ဖရက်ဆီဒီယိုမှာရှိတဲ့ တပ်မတော်နယ်မြေထဲမှာ ဆင်းမှာ၊ အဲဒီက ကားနဲ့ လာရင် နှစ်မိနစ်ပဲကြာမယ်'

'ကျေးဇူးပဲ'

ဘရန်ဆန်က သမားလ်ပိုက်စခန်းနှင့် ပြန်ဆက်သည်။ ဂစ်စကတ်နှင့် အဆက်အသွယ်ရသောအခါ ဘရန်ဆန်က

'စိတ်မပူနဲ့တော့၊ ဒါက တို့မိတ်ဆွေတွေပါ၊ ဒါပေမယ့် ဆက်ပြီးစောင့်ကြည့်နေ၊ နောက်တစ်ခါတွေ့တဲ့အခါ မိတ်ဆွေဟုတ်ချင်မှ ဟုတ်မယ်'

'စိတ်ချပါ မစ္စတာဘရန်ဆန်'

ဘရန်ဆန်သည် ထိုင်ရာမှထပြီး ကားပေါ်မှဆင်းမလိုလိုလုပ်ပြီးမှ ကားနောက်ပိုင်းတွင် ကြိုးနှင့်ချည်ထားသူကို ပြန်ကြည့်လိုက်သည်။ သူက ကြိုးနှင့် အတုပ်ခံရသူ၏ နာမည်ကို ယူထားသော ဂျင်ဆင်အားပြောလိုက်သည်။

'မင်းကိုယ်မင်း ဟာရီမင်လို့ ပြန်အခေါ်ခံနိုင်ပြီ၊ ဟောဟိုက ဂျင်ဆင်ကို ကြိုးဖြေပေးလိုက်တော့'

'သူ့ကို တံတားပေါ်က တွန်းချလိုက်ရမလား'



သည်တစ်ကြိမ်တွင် ဘရန်ဆန်တစ်ယောက် ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။ ဇင်ကိုအားဖြင့် သူသည် ချီတုံချတုံ ဖြစ်လေ့ဖြစ်ထရှိသူမဟုတ်။ ဘာကိစ္စမဆို ဖြန်းကနဲ ဒိုင်းကနဲ ဆုံးဖြတ်လေ့ရှိသည်။ သူ ချီတုံချတုံလုပ်ပြီးမှ ဆုံးဖြတ်သော ဆုံးဖြတ်ချက်များတသာ သူ့ဘဝတွင် အမှားမှားအယွင်းယွင်း ဖြစ်ခဲ့တာများသည်။ သူ ဆုံးဖြတ်ချက်ချလိုက်သည်။

'ကိစ္စတော့မရှိဘူး၊ သူ့ကို တို့ဆီမှာ ဆက်ထားမယ်၊ တကယ်တော့ သူက အတ်ဖ်ဘီအိုင် ဒုတိယညွှန်ကြားရေးမှူး၊ ဒါပေမယ့် တို့ပိုက်ကွန်ထဲက ငါးပေါက်စအလေးပါ၊ သူ့ကို တနည်းတဖုံ အသုံးချလို့ရလာနိုင်စရာ အကြောင်းရှိတယ်၊ ကဲ သူ့ကို အတိုးအကြောင်း ရှင်းပြထား၊ ငါဘာမှမပြောသေးရင် သူ့ကို ဒီမှာပဲ ထားဦး'

ဘရန်ဆန်သည် ရှေ့ဆုံးကားဆီ လျှောက်သွားပြန်သည်။ ကားအပြင်ဘက်တွင် သူနှစ်ဆယ်ခန့် တန်းစီပြီးရပ်နေကြသည်။ သူတို့ကို ယွန်နီနှင့် အဖော်နှစ်ယောက်က သေနတ်နှင့် ချိန်ထားကြသည်။ ထိုလူအုပ်ထဲတွင် လက်ထိပ်ခတ်ခံရသူ လေးယောက် ပါဝါသည်။ ကားထဲတွင် မည်သူမှမကျန်တော့ချေ။ ဘရန်ဆန်က ပီတာ့ဘက် လှည့်လိုက်သည်။

'လက်ထိပ်ခတ်ထားတဲ့ ဟောဒီက လူကြီးမင်းလေးယောက်နဲ့ ရဲသားခြောက်ယောက်ကို ခရိုက်စလာဆီခေါ်သွား၊ ဘာဆက်လုပ်ရမယ်ဆိုတာ သူ သိလိမ့်မယ်'

သူက တံတားဆီဝေ့လာသော ဆီးနှင်းထုကို လှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းက မြင်ရသည်ထက် အနားရောက်လာသောအခါ ပိုမြန်လာပုံရသည်။ သို့သော် ဆီးနှင်းထုသည် သိပ်မမြင့်လှ။ ကံကောင်းလျှင် တံတားအောက်က ဖြတ်သွားလိမ့်မည်။ ဒါမှမဟုတ်ရင် သမ္မတကြီးနှင့် ဘုရင်ကြီးတို့ကို ရန်ပြုမည်ဟု ခြိမ်းခြောက်ပြီး တံတားအနား လူမကပ်အောင်လုပ်မှဖြစ်မည်။ ဘာပဲပြောပြော သံမဏိတံတိုင်းများကို ကောနိုင်သရွေ့ ကာလပတ်လုံး ဆီးနှင်းများ မကြာခဏဝေ့လာမည်ဖြစ်၍ သူ စိတ်ချလက်ချ နေနိုင်ဦးမည်မဟုတ်။

သူကစာနယ်ဇင်းဆရာများကို လှည့်ကြည့်လိုက်သည်။ သည်လူစုတွင် အမျိုးသမီးလေးဦးပါသည်။ အမျိုးသမီးများအနက် ရက်ဗ်ဆန်နံ့ဘေးက မျက်လုံးမီးစိမ်း ရွှေရောင်ဆံပင်နှင့် ကလေးမလေးကသာ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် မွေးဖွားလာသူဖြစ်နိုင်သည်။ ဘရန်ဆန်က ပြောလိုက်သည်။

'သက်တောင့်သက်သာ နေကြပါဗျာ၊ ခင်ဗျားတို့ကို အန္တရာယ်မဖြစ်စေရပါဘူး၊ အရှန်ပြောရရင် ကျုပ်စကားပြောပြီးတဲ့အခါ ခင်ဗျားတို့ကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်

www.burmeseclassic.com



ခွင့်ပေးမယ်၊ ဒါကတော့ တံတားပေါ်က ပြန်သွားမလား၊ ပြန်သွားရင် အန္တရာယ်မဖြစ်စေရဘူး၊ တကယ်လို့ ဆက်နေမယ်ဆိုရင်လဲ အန္တရာယ်မရှိစေရဘူး၊ ဒါပေမယ့် ခင်ဗျားတို့အားလုံးလိုလို ဆက်နေကြလိမ့်မယ်လို့ထင်တယ်၊ ကျုပ် စကားဆုံးရင် ဒီလိုသတင်းမျိုး ခင်ဗျားတို့ဆီကို အပတ်တိုင်း ရောက်လာမှာ မဟုတ်ဘူးဆိုတာ သိလာကြလိမ့်မယ်"

မှန်သည်၊ သူစကားဆုံးသွားသောအခါ ကမန်းတတန်း လိုက်မှတ်နေကြသည့် သတင်းထောက်များ၊ ဓာတ်ပုံတဖြတ်ဖြတ် အဆက်မပြတ် ရိုက်နေကြသည့် ဓာတ်ပုံသတင်းထောက်များ၏ စိတ်ထဲတွင် သည်လိုသတင်းမျိုး သူတို့ဘဝသက်တမ်းတွင် နောက်တစ်ကြိမ် ထပ်တွေ့ရတော့မည်မဟုတ်ကြောင်း စိတ်ချလက်ချ ယုံကြည်သွားကြပြီဖြစ်သည်၊ သူတို့ကို ရွှေတံခါးတံတားကြီးပေါ်က အတင်းဓမ္မဆွဲချမှ ပြန်တော့မည့် ပုဂ္ဂိုလ်များ ဖြစ်သွားကြလေပြီ။ ဘာပဲပြောပြော ရာဇဝတ်မှုသမိုင်းတွင် ကြုံတောင့်ကြုံခဲ ရာဇဝတ်မှုကြီးတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေကြသည်။ သူတို့ကိုယ်တိုင်သည်ပင်လျှင် သမိုင်း၌ စာတင်ခံကြရမှာ သေချာသည်။

တံတားကြီးဆီသို့ ဆီးနှင်းများရောက်လာလေပြီ၊ သို့သော် တံတားကြီးကို ဝါးမြိုမသွားပါ။ ဆီးနှင်းထု၏ ဇဟိုချက်မသည်တံတား၏အောက်ဘက် ပေနှစ်ဆယ်ခန့်က ဖြတ်သန်းသွားသည်။ ထို့ကြောင့် တိမ်တိုက်ထဲရောက်နေသလိုလို၊ ပြီးတော့ တံတားကြီးသည် ရေနိုးရေငွေ့ပေါ်တွင် ပေါလောကြီး ပေါ်နေသလို ခံစားရသည်။

ဘရန်ဆန်က ပြောလိုက်သည်။

'ခင်ဗျားတို့ ဒီမှာဆက်နေမယ်လို့ ဆုံးဖြတ်လိုက်ကြတယ်ဆိုတော့ ဒီက စည်းကမ်းတလေးတွေကို သိထားဖို့လိုတယ်၊ နောက်ဆုံးကားမှာ မြို့နဲ့ဆက်သွယ်ထားတဲ့ တယ်လီဖုန်းသုံးလုံးရှိတယ်၊ အဲဒါတွေက ကျုပ်ကိုယ်တိုင်သုံးဖို့ အရေးတကြီးဖြစ်လာရင် သုံးဖို့ဆက်ထားတာ၊ ဒါပေမယ့် ခင်ဗျားတို့ကို ကိုယ့်တိုက်နဲ့ ပြန်ဆက်သွယ်ပြီး သတင်းနဲ့ ဓာတ်ပုံတွေကို တောင်ဘက်ဂိတ်အထိလာယူဖို့ အစီအစဉ်လုပ်နိုင်အောင် တစ်ကြိမ်စီ ဆက်သွယ်ခွင့်ပေးမယ်၊ အဲဒီလိုလုပ်ဖို့ တစ်နေ့သုံးကြိမ် ခွင့်ပြုမယ်၊ ဘယ်အချိန်တွေလဲဆိုတာတို့တော့ နောက်မှ ထပ်ဆုံးဖြတ်မယ်၊ ပြီးတော့ အမှတ်နှစ်ဘတ်စ်ကား နံဘေးတိုက်မှာ ဆေးဖြူနဲ့ မျဉ်းဆွဲထားမယ်၊ အဲဒီမျဉ်းကို ခွင့်ပြုချက်မရပဲ မဖြတ်ရဘူး၊ အဲဒီတားထဲကလူတွေကိုလဲ ကြိုတင်ခွင့်ပြုချက်မရပဲ ကာယကံရှင်က သဘောမတူပဲ မေးလားစမ်းလား မလုပ်ရဘူး၊ အဲ သမ္မတကြီးက သူဘာသာသူ သတင်းစာရှင်းလင်းပွဲ လုပ်မယ်ဆိုရင် ပိုကောင်းတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ဘယ်သူ့ကိုမှ အတင်းမမွ



လုပ်ခိုင်းမှာ မဟုတ်ဘူး၊ ပြီးတော့ ရဟတ်ယာဉ်တွေနားကိုလဲ ဘယ်သူမှ မသွားရဘူး၊ တျပ်စီးတဲ့ကားရဲ့ တောင်ဘက် ဂိုက်နှစ်ဆယ်နဲ့ မြောက်ဘက် ဂိုက်နှစ်ဆယ်မှာ မျဉ်းဖြူတစ်ကြောင်းစီ ဆွဲထားမယ်၊ အဲဒါ ခင်ဗျားတို့အတွက် ကန့်သတ်နယ်မြေပဲ၊ အဲဒီမျဉ်းတွေရဲ့ နောက်ဘက်ငါးဂိုက်အကွာမှာ စက်သေနတ်ကိုင် အစောင့်တစ်ယောက်စီရှိမယ်၊ အဲ . . . သူတို့ကိုတော့ ဒီမျဉ်းကိုကျော်လာရင် မမေးမစမ်းပဲ ပစ်သာပစ်လို့ အမိန့်ပေးထားတယ်၊ နောက်ဆုံးတစ်ချက်ကတော့ မှောင်နေတဲ့အချိန်မှာ ခင်ဗျားတို့အားလုံး ကိုယ့်ကားပေါ်မှာပဲ နေရမယ်၊ တကယ်လို့ သိပ်သတင်းထူးတယ်ဆိုမှ ဒီစည်းကမ်းကို လျှော့ပေါ့ပေးမယ်၊ ဒါပေမယ့် သတင်းထူးတယ် မထူးဘူးဆိုတာ ကျုပ်ကပဲ ဆုံးဖြတ်မယ်၊ တဲ ဒီစည်းကမ်းတွေကို မလိုက်နာနိုင်တဲ့လူတွေ အခုအချိန်ကစပြီး ပြန်နိုင်ပါပြီ'

မည်သူမျှ မလှုပ်ကြ၊

'ဘာမေးကြဦးမလဲ'

တနယ်ဇင်းဆရာ အချင်းချင်းဆွေးနွေးနေစဉ် ဘရန်ဆန်က အယ်ကာထရက်ကျွန်းဆီသို့ ရွေ့သွားသော ဆီနှင်းထုကို လှမ်းကြည့်နေသည်။ သတင်းစာဆရာနှစ်ယောက် ရှေ့ထွက်လာသည်၊ နှစ်ယောက်စလုံး သက်လတ်ပိုင်းပုဂ္ဂိုလ်များဖြစ်သည်၊ ပုံစံကျနသော ဝတ်စုံများကို သပ်သပ်ရပ်ရပ် ဝတ်ထားကြသည်၊ တစ်ယောက်က ထိပ်ပြောင်သည်။ တစ်ယောက်ကတော့ ဆံပင်ခပ်ပွပွ၊ မုတ်ဆိတ်မွေး ခပ်ထူထူနှင့်ဖြစ်သည်။ ကိုထိပ်ပြောင်က စပြောသည်။

'မေးစရာရှိပါတယ်'

'ခင်ဗျားတို့ နာမည်တွေကကော'

'ကျုပ်က ဂရဖ်တန်၊ အေပီက ၊ သူက ဒေါက်ဂန်း ရိုက်တာက'

ဘရန်ဆန်က သူတို့နှစ်ဦးကို စိတ်ပါဝင်စားစွာကြည့်နေသည်၊ သည်လူနှစ်ယောက်က ကျန်လူအားလုံးနှင့် နှိုင်းစာသော် ကမ္ဘာအရပ်ရပ်သို့ သတင်းဖြန့်သွားအောင် ပိုမိုပို့ဆောင်နိုင်မည့် ပုဂ္ဂိုလ်များပင်တည်း။

'မေးခွန်းကကောဗျာ'

'ဒီလိုပါဗျာ၊ ဒီတနေ့မနက်ခင်းဟာ ပြန်ပေးဆွဲဖို့ကောင်းတဲ့နေ့ပဲဆိုပြီး ထသွပ်တာမဟုတ်ဘူးလို့ ထင်တယ်၊ မှန်ပါသလား'

'မှန်ပါတယ်'

ဒေါက်ဂန်ကမေးသည်၊

'ဒီလုပ်ငန်းစဉ်ကို အကဲခတ်ရတာ အစောကြီးကတည်းက အစီအစဉ်တွေ

www.burmeseclassic.com



ကြိုလုပ်၊ ကြိုဇာတ်တိုက်ထားတဲ့ သဘောမျိုးဆိုတာတွေ့ရတယ်၊ အလွဲလွဲအချော်ချော် ဖြစ်လာနိုင်တဲ့ ကိစ္စမှန်သမျှကို ကြိုတွေးပြီး စီစဉ်ခဲ့တာလို့ထင်ပါတယ်၊ ဒီအစီအစဉ် လုပ်တာ ဘယ်လောက်ကြာပါသလဲ'

'သုံးလ'

'မဖြစ်နိုင်ဘူးထင်တယ်၊ ဒီခရီးစဉ်ရဲ့ အသေးစိတ်အစီအစဉ်ကို လွန်ခဲ့တဲ့ လေးရက်ကမှ ထုတ်ပြန်ခဲ့တာပဲ'

'အသေးစိတ် အစီအစဉ်ကို လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ဝါရှင်တန်မှာ သိနေပါပြီ'

ဂရပ်ဖ်တန်က ပြောပြန်သည်။

'လက်တွေ့ကျကျပြောရရင် ခင်ဗျားပြောတာကို လက်ခံရလိမ့်မယ်၊ ဒီတော့ ဒီကိစ္စကို အစိုးရက ခုလောက်ကြာအောင် ထိန်ချန်ထားပြီးမှ ထုတ်ပြန်ကြေငြာတာ ဘာသဘောလဲ'

'ကျုပ်လိုလူမျိုးက ကျုပ်အခုလုပ်သလို လုပ်မှာစိုးလို့ပေါ့'

'သတင်းကြိုရအောင် ဘယ်လိုလုပ်သလဲ'

'ဝယ်တာပေါ့ဗျာ'

'ဘယ်လိုဝယ်တာလဲ၊ ဘယ်မှာဝယ်တာလဲ'

'ဝါရှင်တန်မှာ၊ ဒေါ်လာငွေ သုံးသောင်းပေးရင် သတင်းမျိုးစုံ ဝယ်လို့ရပါတယ်'

ဒေါက်ဂန်က ဝင်မေးပြန်သည်။

'သတင်းရောင်းတဲ့လူရဲ့ နာမည်ကို တဆိတ်ပြောပါလားဗျာ'

'ဒါ မမေးသင့် မမေးထိုက်တဲ့ မေးခွန်းပဲ၊ တခြားမေးမယ့်လူ ရှိသေးသလား'

ခပ်မှိုင်းမှိုင်းအရောင် အဝတ်အစားကို ဝတ်ထားသူ အမျိုးသမီးတစ်ဦးက ပြောလိုက်သည်။

'ရှိပါတယ်၊ အခုဒီမှာ အကဲခတ်ရသလောက်ကတော့ အတွေ့အကြုံသိပ်များတဲ့သဘောကို တွေ့ရတယ်၊ ဒီတော့ ဒီကိစ္စဟာ ဥပဒေဘောင်ကိုကျော်တဲ့ ရှင့်ပထမ အတွေ့အကြုံ မဟုတ်နိုင်ဘူးလို့ ထင်ပါတယ်'

ဘရန်ဆန်က ပြုံးလိုက်သည်။

'ထင်ချင်သလို ထင်နိုင်ပါတယ်၊ အတိတ်ကကိစ္စတွေဟာ နိဒါန်းလောက်ပဲ ရှိပါတယ်'

ထိုအမျိုးသမီးက ဖွတ်ထပ်မေးသည်။



'မစ္စတာဘရန်ဆန်၊ ရှင့်မှာ အလျှင်က ကျူးလွန်ခဲ့တဲ့ ရာဇဝတ်ဖြစ်မှုတွေ ရှိသလား'

'ကျုပ်က တရားရုံးကို တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မရောက်ဖူးသေးဘူး၊ တဲ ဘာမေးချင်သေးသလဲ'

ဒေါက်ဂန်က ထပ်ပြောသည်။

'ရှိတာပေါ့၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲဆိုတာ ကျုပ်တို့အားလုံး သိချင်ကြ တယ်'

'နောက်နှစ်နာရီကြာရင် ကျုပ်လုပ်မယ့် သတင်းစာရှင်းလင်းပွဲမှာ အဲဒီကိစ္စကို ခင်ဗျားတို့အားလုံး သိရမယ်၊ အဲဒီရှင်းလင်းပွဲမှာ ရုပ်မြင်သံကြား ကုမ္ပဏီသုံးခုက ရုပ်ရှင်ရိုက် အဖွဲ့တွေပါလာလိမ့်မယ်၊ ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးနဲ့ ဘဏ္ဍာရေးဝန် ကြီးလဲ တက်လိမ့်မယ်၊ ဒုတိယသမ္မတ ရစ်ချတ်ကတော့ နောက်မှ ရောက်လာလိမ့်မယ် ရှင်းလင်းပွဲကို သူမီမှာမဟုတ်ဘူး'

အလွန်တရာ အတွေ့အကြုံရင့်ကျက်သော စာနယ်ဇင်းဆရာများပင် ဖြစ်လင့် ကစား ပြောစရာစကားလုံး ရှာမရအောင် နှုတ်ဆွံ့သွားကြသည်၊ နောက်ဆုံးတွင်မှ ဒေါက်ဂန်က မေးသည်။

'ခင်ဗျားဟာ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စဆိုရင် အကောင်းဆုံးလုပ်မယ်ဆိုတဲ့ ဝါဒကို လက်ကိုင်ထားတဲ့လူလို့ ဆိုချင်တယ်'

'ဒါ အင်မတန်လက်တွေ့ကျတဲ့ ဒဿနိကအမြင်ပဲ၊ ဒါပေမယ့် အလုပ်ဖြစ်ဖို့က အဓိက မဟုတ်လား၊ ကဲအခုအချိန်ကစပြီး ကျုပ်ကားပေါ်မှာ တစ်ကြိမ် သုံးယောက် တယ်လီဖုန်းဆက်နိုင်ပြီ'

ဘရန်ဆန်က နောက်လှည့်ပြီး အလယ်ကားဆီသို့ ခြေတစ်လှမ်း လှမ်းလိုက် သည်။ သို့သော် ယွန်နီ့အသံကြောင့် တုံ့ကနဲ ရပ်သွားသည်။

ပါးစပ်ကို မြင်မကောင်းအောင် ဟထားသော ယွန်နီက အနောက်ဘက်သို့ ကြည့်ရင်း တအံ့တသြပြောလိုက်သည်။

'ဘုရား၊ ဘုရား၊ ခင်ဗျားလဲ မြင်တယ်မဟုတ်လား ဘရန်ဆန်'

မှန်ပါသည်။ ဘရန်ဆန်လည်းမြင်ပါသည်။ မိုင်ဝက်ခန့်အဝေးတွင် ဆီးနှင်းထု သည် ဓားကြီးကြီးနှင့် ပိုင်းထားလိုက်သလို တိတိရိရိပြတ်နေသည်။ ထို့မှလွန်သော် တစ်မိုင်ခန့်အကွာအဝေးတွင် အလွန်ကြီးမားလှသော သဘောကြီးတစ်စီး၏ကိုယ်ထည် ဆီ မြင်နေရသည်။ သဘောကြီးကို ဆီးနှင်းများ လွှမ်းခြုံထားသော်လည်း သဘောကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိ။

ဘရန်ဆန်သည် တစ်စက္ကန့် နှစ်စက္ကန့်ကြာအောင် ရပ်ကြည့်နေမိပြီးနောက် အလယ်ကားပေါ်သို့ အပြေးအလွှားတက်သွားသည်။ သူက ဗိုရန်ကို ကမန်းကတန်း ပြောလိုက်သည်။

'ဟင်းဒရစ်ကို မြန်မြန်ဆက်ပေးစမ်း'

ဟင်းဒရစ်က ချက်ချင်းပြန်ထူးသည်။ ဘရန်ဆန်၏လေသံမှာ ခါတိုင်းနှင့်မတူ အေးစက်မာကျောနေသည်။

'ဟင်းဒရစ် မင်းဆီကို နားရွက်တစ်ဘက် အခုပို့လိုက်ရမလား'

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'

'ဘာပြောရမှာလဲ၊ အခုလာနေတဲ့ လှေကလေးက မတော်တဆရောက်လာတာလား၊ ပြန်လှည့်ခိုင်းစမ်း'

'ဘုရား၊ ဘုရား၊ ဘာကို ပြန်လှည့်ခိုင်းရမှာလဲ'

ဘရန်ဆန်က တစ်လုံးချင်း ပြတ်ပြတ်သားသားပြောချလိုက်သည်။

'အခု ရွှေတံခါးတံတားကြီးဆီကို စစ်သင်္ဘောကြီးတစ်စင်း ဦးတည်လာနေတယ်၊ ကျုပ်က တံတားနားကို မလာစေချင်ဘူး၊ ခင်ဗျားစိတ်ထဲမှာ ဘာပဲရှိရှိ ကျုပ်ကတော့ လုံးဝလက်မခံဘူး၊ သူ့ကို ပြန်လှည့်ခိုင်းလိုက်'

'ခင်ဗျားဘာပြောနေတာလဲဆိုတာ ကျုပ် ခုထိမသိသေးဘူး၊ ကဲ ခဏကိုင်ထားဦး'

တစ်ဘက်ကငြိမ်ကျသွားစဉ် ဘရန်ဆန်က ဗန်အက်ဖင်ကို လက်ပြပြီး ခေါ်လိုက်၏။

'စစ်သင်္ဘောကြီးတစ်စီး တံတားဆီလာနေတယ်၊ အန္တရာယ်ပေးမှာလား ဘာလား ငါမသိဘူး၊ ကဲ ဒီတော့ ရှိသမျှလူအားလုံးကို သေသေချာချာစောင့်ကြည့်ထားဖို့လိုတယ်၊ သတင်းစာဆရာတွေအားလုံးကို သူတို့ကားထဲပြန်ဝင်ခိုင်း၊ တို့လူတွေကိုလဲ တို့ကားထဲပြန်ဝင်ခိုင်း တံခါးတွေ ပိတ်ထား၊ ပြီးရင် ဒီပြန်လာခဲ့'

ဗန်အက်ဖင်က ယာဉ်မောင်းထိုင်ခုံဘေးတွင် ခါး၌ချိတ်ထားသော သေနတ်ဒင်ပေါ် လက်တင်ပြီး မတ်တတ်ရပ်နေသည့် ဆံပင်နီနီနှင့် ချာတိတ်ကလေးတစ်ယောက်ကို ခေါင်းညိတ်ပြရင်း

'ဘရက်ဖို့နဲ့ လုံလောက်မယ်ထင်သလား'

ဘရန်ဆန်က သူ့ပစ္စတိုကိုဆွဲထုတ်ပြီး တယ်လီဖုန်းဘေးတွင် ချလိုက်သည်။



'ငါလဲ ရှိပါတယ်ကွ၊ မြန်မြန်သွားစမ်းပါ'

ဗန်အက်ဖင်ကို နည်းနည်းစိတ်ပျက်သွားသည်။ တကယ်တော့ ဘရက်ဖို့ကို အပေါက်ဝနားမှာ ရပ်ပြီးစောင့်ခိုင်းထားရင်လည်းဖြစ်သည်။ သို့သော် စိတ်မာတတ်ရေးရာအရ ငြိမ်းခြောက်မှုပေါ်လွင်အောင် လူကြားထဲ၌ လူမြင်သူမြင် နေခိုင်းထားခြင်း ဖြစ်သည်။ ဟင်းဒရစ်အသံ ပြန်ပေါ်လာသည်။

'အဲဒါ ယူအက်စ်အက်စ်နယူးကျာစီဆိုတဲ့ စစ်သင်္ဘောကြီးပဲ၊ ဆန်ဖရန်စစ္စကိုမှာ နှစ်စဉ်နှစ်တိုင်း သုံးလေးလ ဝင်နေရလေ့ရှိတယ်၊ အခုလာတာကလဲ စားနပ်ရိက္ခာနဲ့ လောင်စာဖြည့်ဖို့ ထုံးစံအတိုင်း ဝင်လာတာ၊ ခုအချိန်မှ လာတာကတော့ ဒီရေကျတဲ့အချိန်မှ တံတားအောက်က ဖြတ်လို့ရမှာမို့လို့ပဲ'

ခု ပြောသလောက် အကုန်အစင်မှန်ကန်ကြောင်း ဘရန်ဆန်လည်းသိသည်။ ဒီရေကျချိန်ဆိုတာကလည်း ဟုတ်သည်။ ပြီးတော့ စစ်သင်္ဘောကြီးတစ်စီးကို ဆိုင်းမဆင့်ဗုံမပါ ချက်ချင်းလက်ငင်း နှစ်နာရီမပြည့်ခင် လှမ်းခေါ်ဖို့ဆိုတာလည်း လွယ်မည်မထင်၊ ပြီးတော့ တံတားပေါ်မှာ သမ္မတကြီးရှိနေစဉ် ဒီတံတားကြီးကို ဖောက်ခွဲပစ်လိမ့်မည်ဟူ၍လည်း သူမထင်။ သို့သော် ဘရန်ဆန်သည် ဘယ်သူ့ကိုမှ မယုံကြည်သောကြောင့်သာ သခုလောက်ကြာအောင် သူအသက်ရှင်နေခြင်း ဖြစ်သည်။ သူက ပြောလိုက်သည်။

'တံတားအောက် ရောက်မလာအောင် ရပ်ခိုင်းစမ်း၊ တံတားအောက် ရောက်ရင် အဲဒီသင်္ဘောပေါ်ကို ရေနံမုဂ္ဂိုလ်တစ်ယောက်လောက် ပစ်ချတာ ခံချင်လို့လား'

'ဘုရား၊ ဘုရား၊ ခင်ဗျား ဘယ်လိုလူလဲ၊ သွက်သွက်ခါအောင် ရူးနေပြီ ထင်တယ်၊ အခု ကျုပ် အဲဒီသင်္ဘောနဲ့ အဆက်အသွယ်ရအောင် ကြိုးစားနေတယ်ဗျ'

ဟင်းဒရစ်တစ်ယောက် ဦးနှောက်ခြောက်နေလေပြီ။ ဘရန်ဆန်က ဖြုံးလိုက်၏။

❑

သတင်းထောက်များနှင့် အစောင့်လူဆိုးများသည် တံတားကြီးဆီချဉ်းကပ်လာသော စစ်သင်္ဘောကြီးကိုကြည့်ရန် တံတား၏အနောက်ဘက် လက်ရန်းနံဘေးတွင် ရပ်နေကြသည်။ စစ်သင်္ဘောကြီး တံတားအောက်က ဖြတ်သွားသည့်အတွက် အထိအခိုက်မရှိနိုင်သော်လည်း တစ်ခုခုဖြစ်လာမှာ စိုးရိမ်နေကြသည်။ ဒီသင်္ဘောကြီးသည် ဒီတံတားအောက်မှ အခေါက်ခေါက်အခါခါ ဖြတ်ဖူးကြောင်း၊ ပြီးတော့ ရေတပ်

www.burmeseclassic.com

www.burmeseclassic.com



မတော်ကလည်း ဒေါ်လာသန်းတစ်ရာမကတန်သော စစ်သဘော်ကြီးတစ်စီးကို ပစ်စလက်ခတ် လွှတ်လိုက်မည်မဟုတ်ကြောင်း သိနေကြသော်လည်း သဘော်အထက်ပိုင်းက မြင့်မားလှသဖြင့် တံတားအောက်ဘက်နှင့် ဝင်တိုးမိမည်ကို စိုးရိမ်နေကြသည်။

နယူးဂျာစီ စစ်သဘော်ကြီး ချဉ်းကပ်လာသည်ကို စိတ်ဝင်စားပုံမရသူတစ်ဦးတော့ ရှိသည်။ ရှေ့ဆုံးကားထဲတွင် တစ်ယောက်တည်းရှိနေသူ ရက်ဗ်ဆန်သည် အပ်ချည်ကြိုးလောက်သာရှိသော အစိမ်းရောင်ကြိုးခပ်ရှည်ရှည်တစ်ချောင်းကို အရှည်ရှစ်လက်မ လုံးပတ်အချင်းတစ်လက်မခန့်ရှိသော အနက်ရောင်သံဘူးပိုင်း ရှည်မျောမျောတစ်ခုထိပ်တွင် ချည်ပြီး ကြိုးနှင့်ထိုသံဘူးကို သူ့ဂျာကင်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ထို့နောက် ကားပေါ်မှဆင်းပြီး သဘော်ကြီးဦးတည်လာနေပုံကို တစ်ချက်အကဲခတ်၍ ဘတ်စ်ကားကြီး၏ညာဘက်သို့ အမှတ်မထင် လျှောက်သွားသည်။ ထိုအချိန်တွင် လူစုစုဝေးဝေးရှိရာသို့ ကသောကမျော လျှောက်လာနေသော ဗန်အက်ဖင်ကို လှမ်းမြင်လိုက်ရသည်။ ဗန်အက်ဖင် ဘာကိစ္စနှင့်လာသည်ကို သူမသိ။ သို့သော် သူ့အမူအရာကို ကြည့်ခြင်းအားဖြင့် ရက်ဗ်ဆန်အတွက် အေးအေးဆေးဆေးလုပ်ဖို့ အချိန်သိပ်မရနိုင်ကြောင်း သူ ရိပ်မိလိုက်သည်။

သူ့ကိုယ်သူ အလောတကြီးမဖြစ်အောင် သတိထားရင်း တံတားကြီး၏အရှေ့ဘက် လက်ရန်းဆီသို့ ခပ်မြန်မြန်လျှောက်သွားသည်။ ထိုဘက်ပိုင်းတွင် မည်သူမျှမရှိသဖြင့် မည်သူကမျှ သူ့ကိုသတိမထားမိကြ။ သူကတံတားလက်ရန်းကို အမှတ်မထင်မှီလိုက်ပြီး အိတ်ထဲမှသံဘူးပိုင်းကို အောက်ပေတစ်ရာခန့်ထိ ရောက်အောင် ကြိုးကို ခပ်မြန်မြန်လျှောချလိုက်သည်။ ထို့နောက် အပေါ်ကြိုးစကို သံတန်းတစ်ခုတွင် ခပ်ခိုင်ခိုင်ချည်လိုက်သည်။ သူခန့်မှန်းထားသော ကြိုးစအရှည်သည် အနေတော်ဖြစ်မဖြစ်ဝါလားဟု တွေးပူမိပြန်သည်။ သို့သော် ဘာမှမတတ်နိုင်တော့။ သူက ဘတ်စ်ကားဆီ အေးအေးဆေးဆေး ပြန်လျှောက်လာပြီး ပိုနေသော အစိမ်းရောင်အပ်ချည်ကြိုးစကို အေပရဲလ်၏ ခရီးဆောင်အိတ်ကြီးအောက်ဘက်တွင် ထိုးထည့်ထားလိုက်သည်။ အကယ်၍ ဤကြိုးစကို လိုက်ရှာပြီးတွေ့သွားခဲ့သော် သူကိုယ်ပေါ်တွင် မတွေ့ဖို့က အရေးကြီးသည်။ တစ်ခါ အေပရဲလ်အိတ်ထဲတွင် ကြိုးစတွေ့ခဲ့သည့်တိုင်အောင် အေပရဲလ်အပေါ် အပြစ်ပုံကျမှာမဟုတ်။ နယူးဂျာဆီသဘော်ကြီးကို ခပ်လှမ်းလှမ်း မြူနှင်းထဲတွင် မြင်ရချိန်ကစ၍ အေပရဲလ်သည် သတင်းစာဆရာအုပ်စုနှင့်အတူ တံတား၏ အခြားလက်ရန်းဘက်တွင် တစ်ချိန်လုံးရှိနေကြောင်း သူ့ဘက်က သက်သေအမြောက်အမြားရှိနေသည် မဟုတ်ပါလား။ ပြီးတော့လည်း အေပရဲလ်သည် ပျောက်နေလျှင်



ပျောက်နေမှန်း သိသိသာသာကြီး ပေါ်နေမည့်လူစားမျိုးဖြစ်သည်။ အေပရဲလ်တစ်ယောက် ဒုက္ခရောက်သွားသည်ပဲထားဦး၊ ရက်ဗ်ဆန်က ကြိတ်မှိတ်ပြီးမသိချင်ယောင်ဆောင်ရတော့မည်။ မည်သူ့ကိုပဲ သံသယဝင်ဝင်၊ သူ့ကို သံသယမဝင်စေဖို့က ပို၍အရေးကြီးသည် မဟုတ်ပါလား။

၈

ဟင်းဒရစ်သည် မည်သူ့ကိုမှ တောင်းပန်တတ်သူမဟုတ်။ သို့သော် သူ့လေသံတွင် တောင်းတောင်းပန်ပန် ပြောသံမပါဟု ဆိုရသည့်တိုင်အောင် နိုးရိုးသားသားတိုက်တိုက်တွန်းတွန်း ပြောနေသည့်သဘောကတော့ အထင်းသား ပေါ်လွင်လျက်ရှိသည်။

'နယူးဂျာဆီ စစ်သဘော်ရဲ့ မာလိန်မှူးက ဒီသတင်းကို ကြားသေးတာ မဟုတ်ဘူး၊ သူကအခုကိစ္စဟာ သူ့ကို တမင်သက်သက်နောက်ပြောင်နေတာလို့ ထင်နေတယ်။ ဒါကို အပြစ်ပြောလို့မဖြစ်ဘူး၊ သူက ဒီသောက်တံတားကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်က ပုံစံအတိုင်း ဘာမှမဖြစ်ပဲ သူ့မျက်စိရှေ့မှာ မားမားကြီးရှိနေတာကို အမြင်နေရတယ်၊ ဒီတော့ သူကယုံကိုမယုံဘူး ဘရန်ဆန်၊ ခင်ဗျား ကျုပ်ပြောတာကို ထုံစမ်းပါဗျာ'

'ယုံအောင် ထပ်ပြောပေါ့'

သမ္မတကြီး စီးလာသောကားထဲသို့ ဗန်အက်ဖင် ပြန်ဝင်လာပြီး တံခါးကို လုံလုံခြုံခြုံ ပြန်ပိတ်လိုက်သည်။ သူက ဘရန်ဆန်ထံ ကပ်လာသည်။

'အားလုံးကို ကားထဲသွင်းပြီးပြီ၊ ဘာဖြစ်လို့လဲ'

'မပြောတတ်ဘူး၊ အခုကိစ္စဟာ မတော်တဆ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တာပါလို့ ဟင်းဒရစ်ပြောတာ မှန်ပုံရတယ်၊ ဒါပေမယ့် ငါကတော့ စိတ်ကို မချနိုင်ဘူး၊ သူတို့ ဘာလက်နက်သုံးမယ် ထင်သလဲ၊ ဒိုင်းနမိုက်လိုပစ္စည်းမျိုးတော့ သုံးမယ်မထင်ဘူး။ ဓာတ်ငွေ့ဗုံးနဲ့ပစ်မယ်ထင်တယ်'

'အဲဒီလိုပစ္စည်းမျိုး ဘယ်မှာရှိလို့လဲ'

'ရှိတာပေါ့ကွာ၊ တကယ်တော့ သမ္မတကြီးနဲ့ ရေနံဘုရင်ကြီး ခေါင်းတမြှုတ်ချောင်းမှေ့သွားပစေ၊ တံတားအလယ်ပိုင်းကိုသာ ဝင်စီးလို့ရမယ်ထင်ရင် လုပ်မှာပဲ။ ပြီးတော့မှ ဓာတ်ငွေ့ကာဝတ်စုံတွေဝတ်ပြီး တို့ကိုလာဖမ်းမှာပေါ့၊ ဒါပေမယ့် ကားကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေမှာတပ်ထားတဲ့ လေအေးစက်တွေကြောင့် ခါတ်ငွေ့တွေ အထဲရောက်မှာ မဟုတ်ဘူး'

'ခင်ဗျားက မဖြစ်နိုင်တာတွေ လျှောက်ပြောနေတာပဲ'

'အခု တို့လုပ်နေတာကိုကော မဖြစ်နိုင်ဘူးလို့ ပြောမလား၊ ဟော့ ခဏနေဦး'

ဟင်းဒရစ်အသံသည် တယ်လီဖုန်းစကားပြောခွက်ထဲက ပြန်ပေါ်လာသည်။

'ဘရန်ဆန် ကျုပ်တို့ တတ်နိုင်သလောက် သူ့ကိုပြောပြတယ်၊ သူကလဲ ကျုပ်တို့ပြောတာကို လက်ခံသွားတယ်၊ ဒါပေမယ့် ဘာမှလုပ်လို့မရတော့ဘူးတဲ့၊ ခုချိန်ကျမှ ပြန်လှည့်ဖို့ ဒါမှမဟုတ် နောက်ဘက်ပြန်လှည့်မောင်းလို့ မလွယ်တော့ဘူးတဲ့၊ အဲဒီလို လုပ်ရင် သင်္ဘောကြီး တစ်ခုခုဖြစ်သွားနိုင်တယ်၊ ဒါမှမဟုတ် တံတားနဲ့ ဝင်တိုးမိနိုင်တယ်တဲ့ တံတားတိုင်မျှော်စင်တစ်ခုကို ဝင်တိုးမိမှာပဲလို့ သူက လောင်းလိုက်ချင်တယ်တဲ့၊ တန်ချိန် လေးသောင်းငါးထောင်ရှိတဲ့ သင်္ဘောကြီးနဲ့ ဝင်တိုက်မိရင် သိပ်လွယ်မှာ မဟုတ်ဘူးတဲ့'

'ကဲ ဟင်းဒရစ်ရေ ဘုရားတရားသာ တနေပေတော့'

ဘရန်ဆန်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်ပြီး ညာဘက်ပြတင်းပေါက်ဆီ လျှောက်သွားသည်။ ဇန်အက်ဖင်က နောက်က ကပ်လိုက်သွားသည်။ သူတို့နှစ်ယောက် တံတားတစ်ဘက်မှ သင်္ဘောကြီး၏အပေါ်ပိုင်း ပေါ်ထွက်လာမည်ကို စောင့်ကြည့်နေကြခြင်းဖြစ်သည်။

သမ္မတကြီးက မေးလိုက်သည်။

'ဟော့ ဘရန်ဆန်၊ ဘာဖြစ်နေတာလဲကွ'

'ခင်ဗျား မသိဘူးလား၊ ယူ အက်စ်အက်စ် နယူးဂျာဆီ ဒီတံတားအောက်က ဖြတ်နေတယ်လေ'

'အဲဒါဘာဖြစ်သလဲ၊ ထုံးစံအတိုင်း သွားတာပဲ မဟုတ်လား'

'ထုံးစံအတိုင်းသွားတာ ဖြစ်ပါစေလို့ ဆုတောင်းပေတော့၊ သင်္ဘောမာလိန်မှူးက ကျုပ်တို့ကို ပစ်လား၊ ခတ်လား မလုပ်ပါစေနဲ့လို့ ဆုတောင်းပေါ့ဗျာ'

'တို့တို့ပစ်မှာဟုတ်လား၊ ကျုပ်ကို ပစ်မတဲ့လား'

'ခင်ဗျားဟာ လက်နက်ကိုင်တပ်ဖွဲ့အားလုံးရဲ့ စစ်သေနာပတိချုပ်ဆိုတာ လူတိုင်းသိပါတယ်၊ ဒါပေမယ့် ခုလောလောဆယ်ဆယ်မှာတော့ ခင်ဗျားဟာ အောက်လတ်ငယ်သားတွေနဲ့ တင်းကွာနေတယ်၊ ဒီတော့ သင်္ဘောမာလိန်မှူးက သူလုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပဲလို့ယူဆပြီး သူ့စိတ်ကူးနဲ့သူလုပ်ရင် ဘယ်လိုလုပ်မလဲ၊ ထားပါတော့



သေး မကြာခင် သိရတော့မှာပါ၊ ဟော ဟော သင်္ဘောကြီး ရောက်လာပြီ'

သင်္ဘောကြီး၏ ကိုယ်ထည်အပေါ်ပိုင်းကို မြင်ကြရလေပြီ၊ ထိုင်နေကြသော အဖမ်းခံနေရသည့် လူကိုးယောက်စလုံး ထိုင်ရာမှထ၍ ညာဘက်ပြတင်းပေါက်နားတွင် ထိုးတိုးခွေ့ခွေ့ လာကြည့်နေကြသည်။ တစ်ယောက်ကမူ ဘရန်ဆန့်အနားသို့ သိပ်မှုတ်လာသည်။ ရုတ်တရက်ဆိုသလို နာကျင်သောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသောကြောင့် သူ့ဘယ်ဘက်အရှိုက်ကို သံထည်ပစ္စည်းတစ်ခုခုနှင့် အထိုးခံနေရကြောင်း ဘရန်ဆန်က သိလာသည်။

'ကဲ မစ္စတာဘရန်ဆန်၊ ဟောဒါ ခင်ဗျားသေနတ်ပဲ၊ ခင်ဗျားလူတွေကို လက်နက်ချလို့ အမိန့်ပေးတော့လေ'

မုတ်ဆိတ်ကိုယ်တော် ရှိုတ်အီမန်က ပြုံးပြုံးကြီးပြောလိုက်သည်။ သမ္မတကြီးက အားရပါးရ ပြောချလိုက်သည်။

'ခင်ဗျားမဆိုးဘူး၊ တော်တယ်'

ဘရန်ဆန်က စိတ်ရှည်လက်ရှည် သည်းခံသောလေသံနှင့် ပြောလိုက်သည်။

'အဲဒီသေနတ်ကို ဖယ်လိုက်စမ်းပါဗျာ၊ အခု ခင်ဗျားနဲ့ ဆက်ဆံနေတဲ့လူတွေဟာ တကယ့်ဝါရင့်ပုဂ္ဂိုလ်တွေဆိုတာ မသိသေးဘူးလား'

ဘရန်ဆန်က နောက်သို့ တဖြည်းဖြည်း ပြန်လှည့်လိုက်သည်။ အီမန်သည် ဝါရင့်သူမဟုတ်ကြောင်း ဘရန်ဆန်ပြောလိုက်သည့်စကားကို အီမန်က ထောက်ခံသည့်အလား ဘရန်ဆန်ကို စက္ကန့်အနည်းငယ် အာရုံစိုက်မိသွားသည်။ ထိုအခိုက်မှာပင် ကျယ်လောင်သော သေနတ်သံ တစ်ချက်ပေါ်လာသည်။ အီမန်သည် သေနတ်ကျည်ဆန်မှန်သွားသော ပခုံးကိုဆုပ်ကိုင်ရင်း နာနာကျင်ကျင် အော်လိုက်သလို သူ့လက်ထဲမှ သေနတ် လွတ်ကျသွားသည်။ ရှိုတ်ခါရန်က ကြမ်းပေါ်ကျသွားသော သေနတ်ကို အလျင်အမြန် ကောက်ယူလိုက်သည်။ သို့သော် ဘရန်ဆန်က သူ့လက်ကို ခြေဖနောင့်နှင့် ဆောင့်နင်းချလိုက်သဖြင့် နာကျင်စွာ အော်ဟစ်လိုက်သံ ပေါ်ထွက်လာသည်။ တဂျွတ်ဂျွတ်မြည်သံများပေါ်လာသဖြင့် ရှိုတ်ခါရန်၏လက်ချောင်းများ ကျိုးကုန်ကြသည်မှာ သေချာလှသည်။ ဘရန်ဆန်က သေနတ်ကို ကောက်ယူလိုက်သည်။

ဇန်အက်ဖင်က တောင်းပန်သောလေသံနှင့် ပြောလိုက်သည်။

'မစ္စတာဘရန်ဆန်ရေ၊ အီမန်ဟာ ဝါရင့်မဖြစ်တော့လို့ ဖွတ်ပစ်လိုက်ရတာပါဗျာ၊ သူ့ကို ကြံ့သတိပေးလိုက်ရင် သူပစ်ကိုယ်ပစ်ဖြစ်ပြီး ကားထဲမှာ ကျည်ဆန်တွေ ဟိုမှန်ဒီမှန်နဲ့ ရှုပ်ကုန်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့'

ဘရန်ဆန်က ပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်လိုက်သည်။ နယူးဂျာဆီသင်္ဘောကြီးသည် မိုင်ဝက်ခန့်အကွာအဝေးသို့ ရောက်ရှိသွားလေပြီ။ သင်္ဘောမာလိန်မှူးသည် ရန်လိုသူတစ်ယောက် ဟုတ်ဟန်မတူ။ ဘရန်ဆန်က နောက်လှည့်ပြီး ဘရက်ဖို့ကို ပြောလိုက်သည်။

'တို့ကားဆီသွား၊ အရေးပေါ် သူနာပြုဆေးသတ္တာယူခဲ့၊ ပြီးတော့ ပီတာကိုလဲ ခေါ်ခဲ့'

'ပီတာလား မစ္စတာဘရန်ဆန်'

'သူက ကြည်းတပ်က ဆေးတပ်သားလေ၊ ကဲ လူကြီးမင်းများ ပြန်ထိုင်ကြပါ'

သူတို့အားလုံး စိတ်မသက်မသာနှင့် ပြန်ထိုင်ကြသည်။

'အခုလို မိုက်မိုက်ကန်းကန်းကိစ္စမျိုး နောက်တစ်ကြိမ် ထပ်မလုပ်ပါနဲ့လို့ ပြောစရာလိုမယ် မထင်ဘူး'

ဘရန်ဆန်က ပြောပြောဆိုဆိုနှင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဟင်းဒရစ်လား'

'ဟုတ်တယ်၊ ကျေနပ်သွားပလား'

'ကျေနပ်ပါတယ်။ ဒါပေမယ့် ဆိပ်ကမ်းမင်းကြီး ဒါမှမဟုတ် ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတစ်ယောက်ယောက်ကို ဒီတံတားအောက်က ဘယ်သင်္ဘောမှ မဖြတ်အောင် ပြောထားပါ၊ ဝင်တာကော ထွက်တာကော ပါတယ်နော်'

'ဘယ်သင်္ဘောမှ မသွားရဘူးဟုတ်လား၊ ဘယ်လိုလဲ၊ သင်္ဘောဆိပ်တစ်ခုလုံး ရပ်တန့်တုန့်အောင် လုပ်တာလား၊ ပြီးတော့လဲ ငါးဖမ်းထွက်မယ့် သင်္ဘောတွေ . . .'

'ငါးဖမ်းတဲ့သင်္ဘောတွေ ပင်လယ်အော်ထဲမှာပဲ ဖမ်းကြပါစေပေါ့၊ ဒီကို လူနာတင်တားနဲ့ ဆရာဝန်တစ်ယောက် ခပ်မြန်မြန်လွှတ်လိုက်စမ်းပါ၊ ဒီမှာ လူနှစ်ယောက် တိုယ့်ဘာသာကိုယ် မတော်တဆခိုက်မိပြီး ဒဏ်ရာရသွားတယ်၊ တစ်ယောက်က တော်တော်လေး ဆိုးတယ်'

'ဘယ်သူတွေလဲ၊ ဘယ်လိုဖြစ်တာလဲ'

'ရေနံဝန်ကြီး အီမန်နဲ့ ခါရန်ပါ၊ ကိုယ့်ဘာသာကိုယ် ပြန်ခိုက်မိတာလို့ ဆိုနိုင်တယ်၊ ပြီးတော့ ရုပ်မြင်သံကြားရိုက်မယ့် မော်တော်ကားတစ်စီး ဒီကိုလာဖို့ရှိတယ် လာခွင့်ပြုလိုက်ပါ၊ ပြီးတော့ ကုလားထိုင် နည်းနည်းလိုချင်တယ်၊ အလုံးလေးဆယ်လောက်ရရင် တော်ပါပြီ'



'ကုလားထိုင်၊ ဟုတ်လား'

'ကုလားထိုင်ဆိုတာ ကျုပ်တို့ ခင်ဗျားတို့ ထိုင်လေ့ထိုင်ထရှိတဲ့ ပစ္စည်းတွေကို ပြောတာ၊ ကျုပ်က တစ်နာရီအတွင်း သတင်းစာရှင်းလင်းပွဲလုပ်မလို့၊ သတင်းစာရှင်းလင်းပွဲမှာ မတ်တတ် မတ်တတ်နဲ့ရပ်နေကြလို့ ဘယ်ဖြစ်ပါ့မလဲ၊ ထိုင်ခိုင်းမှ ဖြစ်မှာပေါ့'

ဟင်းဒရစ်ကသေချာအောင် ထပ်မေးသည်။

'အခု ခင်ဗျားက သတင်းစာရှင်းလင်းပွဲလုပ်မယ်၊ ပြီးတော့ ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်ခိုင်းမယ်၊ ဒီလိုလား'

'ဟုတ်တယ်၊ တစ်နိုင်ငံလုံးသိအောင် လွှင့်မှာ'

'ခင်ဗျား ရူးနေပြီ'

'ကျုပ်ဦးနှောက်ရဲ့ ကျန်းမာရေးအခြေအနေက ကျုပ်နဲ့ပဲဆိုင်တယ်၊ မိလ်တန်နဲ့ ကွာရီကောရောက်ပလား'

'နိုင်ငံခြားရေးဝန်ကြီးနဲ့ ဘဏ္ဍာရေးဝန်ကြီးကို မေးတာလား'

'ကျုပ်မေးတာ မိလ်တန်နဲ့ ကွာရီပဲ'

'အခုပဲ ရောက်လာတယ်၊ အခု ကျုပ်အနားမှာ ရှိတယ်'

ဟင်းဒရစ်က ဆက်သွယ်ရေး မော်တော်ကားကြီးထဲ၌ရှိနေသူ နှစ်ယောက်ကို လှမ်းကြည့်မိသည်။ နိုင်ငံခြားရေးဝန်ကြီး မိလ်တန်က အရပ်ရှည်ပြီး ပိန်သည်။ ထိပ်ပြောင်သည်။ ကိုင်းမပါသောမျက်မှန်ကို တပ်လေ့ရှိသည်။ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနများ၌ လူသိများသူတစ်ဦးဖြစ်သည်။ ကွာရီကမူ ခပ်ဝဝ ဆံပင်ဖြူဖြူ ခပ်ပျော်ပျော် နေတတ်သူတစ်ဦးဖြစ်သည်။ ငွေရေးကြေးရေးကိစ္စများနှင့် စီးပွားရေးကိစ္စရပ်များတွင် မိလ်တန်ကဲ့သို့ပင် လူသိများသူတစ်ဦးဖြစ်သည်။

မိလ်တန်က ပြောလိုက်သည်။

'ခပ်လွယ်လွယ်ပြောမယ်ဆိုရင် ဒီလူ ရူးနေပြီလို့ဆိုရမယ်၊ သူတကယ်ရူးနေသလား'

ဟင်းဒရစ်က လက်ဝါးနှစ်ဘက်ကို ဖြန့်လိုက်သည်။

'သူက မြေခွေးတစ်ကောင်လို ကောက်ကျစ်တယ်'

'အကြမ်းလဲဖက်မှာပဲထင်တယ်'

'ဟင့်အင်း၊ သာမန်အားဖြင့် အကြမ်းဖက်လေ့မရှိဘူး၊ မလွဲသာမရှောင်သာ ရှောင်မိတ်မိတဲ့ အခါမျိုးကျမှ အကြမ်းဖက်တာပါ၊ အခုလဲ အီမန်နဲ့ ခါရန်က သူတို့ ရှောင်ပိတ်ဖမ်းကြတယ်နဲ့ တူတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကွာရီက ဝင်ပြောသည်။

'မင်း သူ့အကြောင်း တော်တော် နှံ့နှံ့စပ်စပ်သိထားတယ်ထင်တယ်'

ဟင်းဒရစ်က သက်ပြင်းချလိုက်သည်။

'အမေရိကန်မှာရှိတဲ့ အထက်တန်းအရာရှိတွေ အားလုံးလိုလို သူ့အကြောင်း သိကြပါတယ်၊ သူ့ကို ကနေဒါ၊ မက်ဆီကိုနဲ့ တောင်အမေရိကတိုက်က နိုင်ငံတွေကလဲ သိကြတယ်၊ အခုအထိတော့ သူက ဥရောပတိုက်ကို ဒုက္ခမပေးသေးဘူး၊ ဒါလဲ သိပ်ကြာကြာခံမှာ မဟုတ်ဘူးနဲ့တူတယ်'

'သူ့အများဆုံး လုပ်လေ့လုပ်ထရှိတာက ဘာလဲ'

'ဓားပြတိုက်တာ၊ မီးရထား၊ လေယာဉ်ပျံ၊ သံချပ်ကာကား၊ ဘဏ်တိုက်ကြီးတွေနဲ့ စိန်ရွှေရတနာဆိုင်တွေကို ဓားပြတိုက်လေ့ရှိတယ်၊ ဖြစ်နိုင်ရင်တော့ အကြမ်းမဖက်တာ များတယ်'

ကွာရီကဝင်ပြောသည်။

'သူက ဒီဘက်မှာ တော်တော်ထူးချွန်တယ် ထင်တယ်'

'သိပ်ကို ထူးချွန်တာပေါ့၊ ကျွန်တော်တို့ သိထားသမျှကတော့ သူဓားပြတိုက်နေတာ ဆယ့်နှစ်နှစ်လောက်ရှိပြီ၊ သူတိုက်ရသမျှကို အနည်းဆုံးထားပြီး ခန့်မှန်းကြတာက တော့ စုစုပေါင်း ဒေါ်လာသန်းနှစ်ဆယ်လောက် ရှိမယ်'

ကွာရီက စီးပွားရေးသမားပီပီ တအံ့တဩ ထပ်ပြောပြန်သည်။

'ဒေါ်လာသန်းနှစ်ဆယ်၊ ဟုတ်လား၊ သူ အဲဒီလောက်များများ ပိုက်ဆံတွေရနေမှ ဘာပြုလို့ ထပ်လိုချင်ရတာတုံး'

'ဒါဖြင့် ပေါလ်ဂက်တီတို့ ဟောင်းဝပ်ဟုးချ်တို့ကကော ဘာပြုလို့ ငွေထပ်လိုချင်နေကြတာလဲ၊ သူတို့လဲ ချမ်းသာသားပဲမဟုတ်လား၊ သူလဲ တခြားစီးပွားရေးသမားတွေလို ဒီအလုပ်ကို မလုပ်ရမနေနိုင်အောင် စွဲလမ်းနေပြီထင်တယ်၊ ဒါမှမဟုတ် လောဘကြီးတာ သက်သက်ဖြစ်ရမယ်၊ ဒါပဲ ရှိမှာပေါ့'

မိလ်တန်က ဝင်ပြောသည်။

'သူ့ကို ဖမ်းပြီး အရေးယူဖူးသလား'

ဟင်းဒရစ်က စိတ်ပျက်လက်ပျက် ပြန်ဖြေသည်။

'သူ့ တစ်ခါမှ အဖမ်းမခံရဖူးသေးဘူး'

'ဒါကြောင့် သူ့အကြောင်းကို တို့ တစ်ခါမှ မကြားဖူးသေးတာဖြစ်ရမယ်'

ခပ်လှမ်းလှမ်း၌ရှိနေသော ရွှေတံခါးတံတားကြီးကို လှမ်းကြည့်ရင်း ဟင်းဒရစ်က



ပြောလိုက်သည်။

'တနည်းပြောရရင် ကျွန်တော်တို့ဘက်က မအောင်မြင်တာတွေကို လူသိအောင် ထုတ်ပြောလေ့မရှိလို့ပဲ'

မိလ်တန်က ပြုံးလိုက်သည်။

'လူဆိုတာ မမှားတဲ့လူမရှိပါဘူး၊ ကိုယ့်လူရာ၊ နေပါဦး၊ သူကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေတလွဲရင် သူ့အကြောင်း ဘာများသိသေးသလဲ'

ဟင်းဒရစ်က နာကျည်းသောလေသံနှင့်ဖြေသည်။

'သူ့ရာဇဝတ်မှုတွေထက် သူ့ဘဝဇာတ်လမ်းကို ပိုပြီး စုံစုံလင်လင်သိထားပါတယ်၊ သူ့ကို မိကောင်းဖခင် မိသားစုက မွေးဖွားခဲ့တယ်၊ သူ့အဖေက ဘဏ်အရာရှိ အဲလေ သူက ဘဏ်ပိုင်ရှင်ပါ၊ သူ့အခုထိ ရှိသေးတယ်ထင်တယ်'

ဘဏ္ဍာရေးဝန်ကြီးကပြောသည်။

'ဘရန်ဆန်၊ ဟာ ဟုတ်တာပေါ့၊ လူချင်းမသိပေမယ့် ကြားတော့ကြားဖူးတယ်'

'ဒါထက် စိတ်ဝင်စားဖို့ကောင်းတာရှိသေးတယ် ဆရာ၊ သူက ဘောဂဗေဒနဲ့ ဘွဲ့ယူတယ်၊ ပြီးတော့ သူ့အဖေဘဏ်မှာ ဝင်အလုပ်လုပ်တယ်၊ အလုပ်လုပ်ရင်းနဲ့ ပီအိပ်ချ်ဒီ (ဒေါက်တာ)ဘွဲ့ကို ထပ်ယူတယ်၊ ဒါကလဲ တော်စွလျော်စွရလာတာမဟုတ်ဘူး၊ အဲဒီ ဘွဲ့လွန်သင်တန်းအတွက် သူလေ့လာတဲ့ ဘာသာရပ်က ရာဇဝတ်မှုခင်းဆိုတဲ့ ဘာသာပဲ၊ ခုတော့ သူ့အဲဒီဘာသာရပ်မှာ ပါရဂူမြောက် တတ်ကျွမ်းလာတယ်လို့ ဆိုရမှာပေါ့လေ'

မိလ်တန်က ပြောပြန်သည်။

'ဟင်းဒရစ်၊ မင်းက ဒီလူကိုတော်တော် လေးစားကြည်ညိုနေပုံရတယ်'

'ကျွန်တော် အလုပ်ပြုတ်ချင်ပြုတ်သွားပါစေ၊ သူ့ကိုဖမ်းပြီး ထောင်ချပစ်ချင်တယ်၊ သူ့ကို ကျွန်တော်က ရဲတစ်ယောက်အနေနဲ့ရော လူသားတစ်ယောက်အနေနဲ့ပါ တော်တော်ဒေါပွမိတယ်၊ ဒါပေမယ့် သူ့ဘယ်လောက်ပဲ ဆိုးဆိုးတေတေ သိပ်တော်တော့လဲ လေးစားမိတာပေါ့လေ'

'မင်းလူက သိပ်ကြွားတတ်တဲ့လူ မဟုတ်ဘူးနဲ့တူတယ်'

'သူ့မှာ လုံးဝအရှက်မရှိဘူး'

'အဲလေ၊ ဒီလိုလူစားမျိုးတွေအကြောင်းပြောရင် တို့မိတ်ဆွေကြီး ရှိမ်းစ်တစ်ယောက် ခုအချိန် ဘယ်ရောက်နေပါလိမ့်'

'ဘယ်သူလဲ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကိုယ်ကို အထင်သိပ်ကြီးတဲ့လူဆိုရင် ဘယ်သူရှိရမလဲ၊ မင်းတို့ရဲ့ အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ဂျိမ်းစ်ဟောဂင်ဘက်ကို ပြောတာပေါ့၊ တကယ်တော့ သူ ဒီကို ကမန်းကတန်း ပြေးချလာလိမ့်မယ်လို့ ထင်တာ'

'ဝါရှင်တန်ဌာနချုပ်ကတော့ သူဘယ်ရောက်နေသလဲဆိုတာတောင် မသိဘူးတဲ့ သူကို စိတ်ကူးရသရွေ့ လိုက်ရှာခဲ့ကြတာပါပဲ၊ ဒီပုဂ္ဂိုလ်ဟာ တော်တော်အဖမ်းရခက်တဲ့လူပါ'

မီလ်တန်က အားပါးတရပြောပြန်သည်။

'ဒီလူက လူသိမခံချင်တဲ့ ရောဂါစွဲနေတယ်၊ ဒါပေမယ့် နောက်တစ်နာရီအကြာမှာ ချပ်မြင်သံကြားကို သူကြည့်ပြီးရင် သူသိသွားမှာပါ၊ စဉ်းစားကြည့်စမ်း၊ အက်ဖ်ဘီအိုင် အကြီးအကဲက ဒီရာဇဝတ်မှုကို နောက်ဆုံးပိတ်ကျမှ သိရတယ်ဆိုရင် ရယ်စရာမကောင်းပေဘူးလား၊ နေပါဦး၊ အခု ဘရန်ဆန်က ဒီကိစ္စကို အကြီးအကျယ်လူသိများအောင် လုပ်နေတယ်။ အလျင်ကကော ဒီလို လူသိများအောင် လုပ်ခဲ့ဖူးသလား'

'တစ်ခါမှ မလုပ်ခဲ့ဖူးဘူး'

'အင်း၊ သူ့ကိုယ်သူ သိပ်စိတ်ချလို့ နေမှာပေါ့'

ကွာရီက ဝင်ပြောသည်။

'သူ နေရာမှာ ကိုယ်သာဆိုရင် စိတ်မချစရာ ဘာရှိသလဲ၊ သူ့ကို ဘယ်လူကမှ ဘာမှလုပ်နိုင်မှာ မဟုတ်ဘူး၊ တကယ်ကတော့ သူ့ကိုဖြို့ဖို့ တော်တော်ခက်သွားပြီ'

'ကျွန်တော်ကတော့ စိတ်မလျှော့သေးဘူးဆရာ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ အထူးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက အဖြေရှာနေကြပါပြီ၊ ရေတပ်ဗိုလ်ချုပ်ကြီး နယူးဆန်နဲ့ ကြည်းတပ်ဗိုလ်ချုပ်ကြီး ကာတာတို့ အခုဌာနချုပ်မှာ ဆွေးနွေးနေပါပြီ'

'ကာတာနဲ့ နယူးဆန် ဟုတ်လား၊ ဒီနှစ်ယောက်သာဆိုရင် ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးနဲ့ ပြီးရမယ့်ကိစ္စကို နှစ်လုံးကြဲချမယ့်လူတွေ၊ ပြီးတော့လဲ ငါက ပွဲစားလုပ်ရမယ့်လူ'

'ခင်ဗျာ'

'ဒီတိရိစ္ဆာန်က ဘဏ္ဍာရေးဝန်ကြီး သူ့ရှေ့တော်မှောက် အရောက်လာစေဆိုတာ ဘာအတွက်လဲ၊ ဒီကိစ္စအတွက်ပဲ ဖြစ်မှာပေါ့'





ရက်ဝ်ဆန်သည် အတွေးရေလျှဉ်ကြောတွင် မျောနေသူတစ်ဦးပမာ လက်နှစ်ဘက်ကို အိတ်ထဲတွင်နှိုက်ရင်း တံတားကြီး၏အရှေ့ဘက် လက်ရန်းဘေးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အလာမေဒါ ဆိပ်ကမ်းတွင် ချပ်နားစည်းနယူးဂျာဆီ သင်္ဘောကြီးသည် မြင်ကွင်းထဲမှ တဖြည်းဖြည်း ပျောက်ကွယ်စပြုနေလေပြီ။ သူသည် တံတားလက်ရန်းဘေးတွင် မကြာခဏရပ်တန့်ရင်း ပင်လယ်ထဲသို့ လက်ရန်းပေါ်က ငုံ့ငုံ့ကြည့်နေသည်။ တစ်ကြိမ်တွင် သူချည်ထားသော အပ်ချည်ကြိုးစကို ဆွဲမကြည့်လိုက်သည်။ ဆွဲထားသော အလေးအပင်ပစ္စည်း မရှိတော့ချေ။

'ဒီမှာ ဘာလာလုပ်နေတာလဲ'

သူက ခပ်ဖြည်းဖြည်း လှည့်ကြည့်သည်။ အေပရဲလ်ပင်တည်း။ အေပရဲလ်က သူ့ကို တွေးမရသော မျက်နှာထားနှင့် ကြည့်နေသည်။

'မင်း တော်တော် ခြေသံလုံတဲ့မိန်းကလေးပဲ၊ ကိုယ့်ဘေးနားမှာ ဘယ်သူမှ မရှိဘူးလို့ ထင်ထားတာ'

'ရှင် ဘာလာလုပ်နေတာလဲ'

'သာယာလှတဲ့ ဟောဒီရှုခင်းကိုကြည့်ပြီး မင်းကို ထပ်ကြည့်မိပြန်တယ် ဘယ်ရှုခင်းက ပိုလှသလဲဆိုတာ ကိုယ်မပြောတတ်တော့ဘူး၊ မင်းက ပိုလှတယ် ထင်တယ်နော်ပါဦး၊ မင်းလှတဲ့အကြောင်း ဒီမြင်လူတွေက မပြောကြဘူးလား'

'ပြောတဲ့လူတွေ အများကြီးပေါ့'

သူက ပြောပြောဆိုဆိုနှင့် အဆိုပါ အစိမ်းရောင်အပ်ချည်ကြိုးကို အပေါ်ဆွဲယူသည်။ သို့သော် ရက်ဝ်ဆန်က မညာမတာသူ့လက်ကို ဖမ်းညှစ်လိုက်သဖြင့် အာသံထွက်အောင် အော်မိပြီး ပြန်လွှတ်ချလိုက်ရသည်။

'ထားလိုက်စမ်းပါကွာ'

အေပရဲလ်က သူ့လက်ကို ကျွန်လက်နှင့် ပွတ်တိုက်သည်။ ၎င်းနောက် နံဘေးနဘီကို အကဲခတ်ရင်း. . . .

'ကဲ ဆိုပါဦး'

'ကိုယ် ငါးမျှားနေတာလေ'

'အားကြီး ဟုတ်ပါလိမ့်မယ်၊ တံငါသည်တွေရဲ့ ပုံမြင်တွေကလဲ မယုံနိုင်စရာ သိပ်များတယ်'

'ဘာမယုံစရာရှိသလဲ'

'တစ်ပုဒ်ရလောက် ပြောပြစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကလေးဟာ ရုပ်ချောသလို နှုတ်လုံရဲ့လား'

'ကျွန်မချောတယ် မဟုတ်လား'

'ချောပါတယ်'

'ဒါဖြင့်ရင် နှုတ်လဲလုံပါတယ်'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စူးစူးစိုက်စိုက်ကြည့်ရင်း ပြုံးလိုက်မိကြသည်။ ရက်ဝဲဆန်က အေပရဲလ်လက်မောင်းကို ကိုင်လိုက်သည်။

'တကယ်နားထောင်မှာလား'

'တကယ်ပြောတာပါ'

'ကဲ ဒါဖြင့်ရင်လာ'

သူတို့နှစ်ယောက် ခပ်ဖြည်းဖြည်း တွဲလျှောက်သွားကြသည်။

❐

ဟင်းဒရစ်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်သည်။ သူက မီလ်တန်နှင့် ကွာရီကို ကြည့်ရင်း မေးလိုက်၏။

'ကဲ အဆင်သင့်ဖြစ်ကြပလား'

မီလ်တန်က မတ်တတ်ထရင်း ပြောလိုက်သည်။

'ကမ္ဘာ့ဇာတ်ခုံမှာ ကရမယ့် အခန်းစဉ်တစ်၊ ပြကွက်တစ်ပဲ ထင်ပါရဲ့'

မီလ်တန်က ကွာရီကို ကြည့်လိုက်၏။

'ဟေ့ ဂျွန်၊ မင်းရုပ်အကျီကြီက အဖြူရောင်ဆို သိပ်မနိုပ်ဘူး၊ ရုပ်မြင်သံကြားစက်ပေါ်မှာ မပေါ်ဘူး၊ မင်းကငါ့လို ဒါမှမဟုတ် သမ္မတကြီးလို အပြာရောင်ဝတ်ဖို့ကောင်းတယ်၊ သူမှာ အပြာရောင်ရုပ်တွေပဲရှိတယ် ရုပ်မြင်သံကြား ရိုက်မဲ့လူက ဘယ်နေရာက ပေါ်လာမလဲမှ မသိရတာ'

'ဟော့ တော်စမ်းပါကွာ'

ကွာရီသည် စိတ်မသက်မသာနှင့် ထိုင်ရာကထလိုက်ပြီး ကားနောက်ပိုင်းဆီလျှောက်သွားသည်။ ဤတွင် အရှိန်ခပ်ပြင်းပြင်းမောင်းနှင်လာသော မော်တော်ဆိုင်ကယ်တစ်စီးသည် ဘရိတ်ကိုပြင်းပြင်းထန်ထန်နင်းရင်း ကားဘေးတွင် ရပ်လိုက်သည်။ ဆိုင်ကယ်စီးရဲသားသည် ဆိုင်ကယ်ပေါ်မှဆင်းလာပြီး ဆိုင်ကယ်ကို ထောင်လိုက်၏။ သူက ကားတံခါးဝမှ လေ့ကားထစ်များကို အပြေးအလွှားနင်း တက်ရင်း ဟင်းဒရစ်



ထံ တစ်စုံတစ်ရာ ကမ်းပေးလိုက်သည်။

ဟင်းဒရစ်က အရှည်ရှစ်လက်မ၊ လုံးပတ် အချင်းတစ်လက်မရှိသော သံဗူးဝိုင်းရှည်မျောမျောကလေးကို လှမ်းယူလိုက်သည်။

'ဟုတ်တယ်၊ ဒီဗူးပေါ်မှာ ငါ့နာမည်ရေးထားတယ်၊ မင်းဘယ်က ရခဲ့တာလဲ'

'နယူးကျာဆီသဘော်ရဲ့ မာလိန်မှူးက ပေးခိုင်းလိုက်တယ်ဆိုပြီး ကမ်းကပ်မော်တော်ဘုတ်ကလေးနဲ့ လာပို့တာပါ၊ သူတို့ကလဲ အရေးကြီးမယ်ထင်လို့ ချက်ချင်းပို့ခိုင်းလိုက်ပါတယ်'

❐❐❐

www.burmeseclassic.com

## အခန်း( ၅ )

ရွှေတံခါးတံတားကြီး၏ အလယ်ပိုင်းသည် တစ်ရပ်တစ်ကျေးမှ ပြောင်းရွှေ့လာသူများ အခြေစိုက်ကြသည့် မြို့သစ်ကလေးတစ်မြို့နှင့် တူနေသည်။ သို့သော် လူနေအိမ်အစား မော်တော်ကားများက နေရာယူထားသည်။

ထိုနေရာတွင် ဘတ်စ်ကားကြီးသုံးစီးနှင့် ရဲကားသုံးစီးရှိသည်။ နောက်ဆုံး ရောက်လာသော ရဲကားတွင် ဟင်းဒရစ်၊ မီလ်တန်နှင့် ကွာရီတို့ ပါလာသည်။ ပြီးတော့ အနီနှင့်အဝါရောင်ကို ဒေါင်လိုက် တကန့်စီ ရေးထားပြီး 'အနားယူခန်း'ဟု ထင်ထင်ရှားရှား ရေးထားသည့်ကားကြီးနှစ်စီး။ ထိုကားနှစ်စီးမှာ ဆန်ဖရန်စစ္စကိုသို့ ခေတ္တရောက်နေသော ဆပ်ကပ်အဖွဲ့မှ ငှားရမ်းလာခြင်းဖြစ်သည်။ ပြီးတော့ ဘရန်ဆန်က ဟင်းဒရစ်ကို မှာလိုက်သည့် လူနာတင်ကားတစ်စီး။ အစားအသောက်များကို ပူပူနွေးနွေး စီစဉ်ပေးနိုင်သည့် ဘေးတစ်ဘက်ဖွင့် နောက်တွဲကားကြီးတစ်စီး၊ ဓာတ်အားပေးစက်ကိုမူ ဝိုက်တစ်ရာခန့်ဝေးသော ခပ်လှမ်းလှမ်း၌ ထားရှိသည်။ နောက်ဆုံး ကားတစ်စီးကမူ တံတားပေါ်တွင် နေထိုင်ကြရမည့် ပထမည၌ သက်သက်သာသာ ချောင်ချောင်ချိချိ နေထိုင်ကြရန် ကော်ဇောများ၊ ခေါင်းအုံးများ၊ စောင်များကို သယ်လာသည်။ ယခု ထိုကားပေါ်မှ ပစ္စည်းများကို သယ်ချနေကြသည်။

သို့သော် မဆီမဆိုင် မစပ်အပ်သည့် ပစ္စည်းများကလည်း မြင်ကွင်းထဲမှာ ရှိနေသည်။ ရုပတ်ယာဉ်များ၊ လေယာဉ်ပျံပစ်အမြောက်များ၊ သေနတ်ထမ်း၍ ယမ်းလျှောက်နေသော အစောင့်များ၊ တံတား၏တစ်ဘက်တစ်ချက်တွင် သံမဏိဝင်



ထရံကြီးများ ကာရန်စီစဉ်နေသည့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့များ၊ သည်ပစ္စည်းများကြောင့် တစ်ဘက်နှင့်တစ်ဘက် အကြိတ်အနယ်တိုက်ပွဲများဖြစ်ပေါ်လာစရာ အကြောင်းရှိသည်ဟု တွေးနိုင်ဖွယ်ရှိသည်။ သို့သော် ထိုကဲ့သို့ အပျက်မြင်ရှုထောင့်မှ တစ်ဘက်သတ်တွေး၍လည်း မသင့်တော်သေး။ သည်ပစ္စည်းတွေ သည်နေရာမှာ မရှိလျှင် တစ်ခုခုဟာနေသလို ခံစားရလိမ့်ဦးမည်။ ပြီးတော့ အခြေအနေကို ကောင်းကောင်း အကဲခတ်၍ ရနိုင်သည်။ သည်လူစုသည် တစ်ယောက်မှ မပြုံးမရယ်ကြ။

ရုပ်ရှင်ရိုက်ကင်မရာများ နေသားတကျဖြစ်ပါပြီ၊ ထို့အတူ ဓားစာခံပုဂ္ဂိုလ်များနှင့် နောက်ထပ်ရောက်လာသူသုံးဦးတို့က ရှေ့တန်းမှာ ထိုင်ကြသည်။ သူတို့နောက်ဘက်တွင် စာနယ်ဇင်းဆရာများ ထိုင်ကြသည်။ ဓာတ်ပုံဆရာများကမူ ရိုက်ကွင်းရိုက်ထွက်ကိုရွှေ့၍ သင့်သလို နေရာယူကြသည်။ သို့သော် လက်နက်ကိုင် အစောင့်များနှင့် ခပ်လှမ်းလှမ်း၌သာ ရှိနေကြသည်။

သူတို့အားလုံးနှင့် မျက်နှာချင်းဆိုင်ဘက်တွင် ဘရန်ဆန် တစ်ယောက်တည်း ခန့်ခန့်ညားညား ထိုင်နေသည်။ သူ့ဘေးနားမြေပြင်ပေါ်တွင် တာရပတ်စကြီးနှင့် အုပ်ထားသော ကတော့ပုံ ထူးထူးဆန်းဆန်း ပစ္စည်းများရှိသည်။ ဘေးနားတွင်မူ အဖုံးပိတ်ထားသည့် လေးလံသော သံသေတ္တာကြီးတစ်လုံး ချထားသည်။

'လူကြီးမင်းများ ခင်ဗျား၊ ကျုပ်က ခင်ဗျားတို့ကို မလိုအပ်ပဲနဲ့ ဆွဲမထားပါဘူး'

ဘရန်ဆန်က စပြောသည်။ ယခုအချိန်တွင် ကမ္ဘာပေါ်ရှိ တန်ခိုးကြီးအာဏာအရှိဆုံး ပုဂ္ဂိုလ်များကို သူလက်ထဲ၌ ချုပ်ကိုင်ထားနိုင်ပြီး၊ သူပြုမူရမည့်သဘော ရှိသည့်အပြင် လူသန်းပေါင်းတစ်ရာကျော်က သူ့စကားကို နားထောင်နေကြရသဖြင့် ဘရန်ဆန်တစ်ယောက် ဝမ်းမြောက်ဂုဏ်ယူနေ မနေ အတပ်မပြောနိုင်ချေ။ ဘရန်ဆန်သည် တည်ငြိမ်ပြီး သက်တောင့်သက်သာရှိလှသည်။ စိတ်လှုပ်ရှားဟန်လည်း လုံးဝမပေါ်လွင်။

'ကျုပ်တို့အားလုံး ဘာပြုလို့ ဒီနေရာမှာ တစ်စုတစ်ဝေးတည်း ရောက်နေကြတယ်၊ ပြီးတော့ ကျုပ် ဘာပြုလို့ ဒီမှာ ရောက်နေရတယ်ဆိုတာ ခင်ဗျားတို့အားလုံးသိမှာပါကြမယ် ထင်ပါတယ်'

ကွာရီက ဝင်ပြောသည်။

'ကျုပ် ဘာပြုလို့ ဒီရောက်နေသလဲဆိုတာ ရိပ်မိပါတယ်'

'ဒက်ထိကို မှန်တာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုသိစေချင်တာက ကျုပ်က ခင်ဗျားလို ဥပဒေလွတ်လုပ်လို့ရတဲ့လူ မဟုတ်ဘူး၊ အဆုံးအဖြတ်ပေးနိုင်တာ ကျုပ်မဟုတ်ဘူးဆိုတာပဲ'

'နားလည်ပါတယ်၊ ဒါကို နောက်မှဆွေးနွေးတာပေါ့၊ အရေးကြီးတဲ့ကိစ္စက စဆွေးနွေးသင့်တယ် မဟုတ်လား မစ္စတာကွာရီ'

ဘရန်ဆန်သည် တက္ကသိုလ်ပညာရှင်များ၏ ဆွေးနွေးပွဲမှ သဘာပတိတစ်ယောက်နှင့် တူသည်။

'ငွေပဲမဟုတ်လား'

'ငွေ . . . သိပ်ဟုတ်တာပေါ့'

'ဘယ်လောက်လဲ'

ကွာရီတစ်ယောက် စကားပြောဘုကျသည်ဟု နာမည်ကြီးသည်၊ ဤတွင် သမ္မတကြီးက ဝင်ပြောသည်။

'ခဏနေပါဦး၊ ဘရန်ဆန် မင်းက ဘာကိစ္စ ငွေလိုချင်ရတာလဲ'

'ဒါနဲ့ဘာဆိုင်လို့လဲ၊ ဒါ ခင်ဗျားသိစရာ အလုပ်မဟုတ်ဘူး'

'ဒါ ကျုပ်နဲ့ဆိုင်တာပေါ့၊ ရှင်းရှင်းပြောရရင် ဒီငွေကို တော်လှန်ပုန်ကန်တဲ့ကိစ္စတွေမှာ သုံးမယ်၊ ဒါမှမဟုတ် ဒုစရိုက်မှုတွေမှာ သုံးမယ်၊ ဒါမှမဟုတ် အမေရိကန်ဆန့်ကျင်ရေးကိစ္စတွေမှာ သုံးမယ်ဆိုရင် ငါပဲ အလျှင်အသေခံမယ်၊ အမေရိကန်နိုင်ငံထက်တော့ ပိုအရေးမကြီးပါဘူး'

ဘရန်ဆန်က ကျေကျေနပ်နပ် ခေါင်းညိတ်လိုက်သည်။

'အင်မတန်လျော်ကန် သင့်မြတ်ပါတယ် သမ္မတကြီး၊ ခင်ဗျားပြောမယ့် မိန့်ခွန်းတိုးဒိုင်ခံရေးပေးနေတဲ့လူ မပါပဲနဲ့ ဒီလောက်ပြောနိုင်တာကို ချီးကျူးပါတယ်၊ ကျုပ်တို့ရဲ့ဘိုးဘေးဘီဘင်ကစပြီး အမိနိုင်ငံကို မြတ်နိုးရမယ်ဆိုတဲ့ အသိစိတ်ဓာတ်က အသည်းခိုင်အောင် စွဲခဲ့ကြတာ၊ ခင်ဗျားကို ရီပတ်ဘလစ်ကင်ပါတီကလည်း ချီးကျူးမှာပါ။ ဒီစကားအတွက် နိုဝင်ဘာကျရင် ခင်ဗျားမဲနှစ်သန်း ပိုရနိုင်ပါတယ်၊ ဒါပေမယ့် ဒီစကားလုံးတွေကို ခင်ဗျားစိတ်ထဲကမပါပဲ ပြောနေတဲ့ပုံပိုင်အောင် အခုရမယ့်ငွေကို နိုင်ငံရေးကိစ္စတွေမှာ လုံးဝမသုံးပါဘူးလို့ ကျုပ် အာမခံပါတယ်၊ ဒီငွေက ပုဂ္ဂလိကဘဏ္ဍာတော်ထိန်းအဖွဲ့အတွက်ပါ၊ တစ်နည်းပြောရရင် ကျုပ်အတွက်ပေါ့ဗျာ'

သမ္မတကြီးက လုံးကြီးတင်သည်ကို သည်းခံတတ်သူမဟုတ်။ သူသည် အလကားနေရင်းထိုင်ရင်းက လူသန်းနှစ်ရာကျော်၏ သမ္မတဘဝသို့ အလိုအလျောက်ဖြစ်လာသူမဟုတ်။



'မင်းခုနက ပြောတဲ့အထဲမှာ အသိစိတ်ဓာတ်ဆိုတဲ့စကားလုံး ပါသွားတယ်
င်မှာကော အသိစိတ်ဓာတ် လုံးဝမရှိဘူးလား'

ဘရန်ဆန်ကလည်း ခပ်ရှင်းရှင်း ပြန်ဖြေသည်။

'အမှန်ပြောရရင် ရှိသလား မရှိဘူးလား ကျုပ်မသိဘူး၊ ငွေနဲ့ပတ်သက်ရင် ဘူးလို့ပဲဆိုပါစို့ ကမ္ဘာပေါ်မှာရှိကြတဲ့ အလွန်ကြွယ်ဝချမ်းသာသူတချို့ဟာ စာရိတ္တ င်နဲ့နေတဲ့လူတွေဖြစ်တယ်၊ ရာဇဝတ်မှုမကင်းတဲ့ အလုပ်တွေကို လုပ်နေကြတယ်၊ စမယ့်အများအမြင်မှာ တရားဝင်တယ်လို့ ထင်ရအောင် သူတို့လိုပဲ စာရိတ္တ သွင်းနေတဲ့ ရှေ့နေရှေ့ရပ်တွေငှားပြီး လူမြင်ကောင်းအောင် လုပ်နေကြတာ၊ စာရိတ္တ ခိုင်မှုပေတံနဲ့ တိုင်းမယ်ဆိုရင် သန်းကြွယ်သူဌေးကြီးတွေ၊ ရှေ့နေကြီးတွေ၊ အဲဒီလူတွေ မှာ ဘယ်သူက ပေမီဒေါက်မီ ဖြစ်မယ်ထင်သလဲ၊ ဒီမေးခွန်းကိုတော့ မဖြေနဲ့နော်၊ တော်ကြာ ကျုပ်က မရည်ရွယ်ပဲနဲ့ ခင်ဗျားကို ချောက်ချသလို ဖြစ်သွားလိမ့်မယ်၊ တယ်တော့ ကျုပ်တို့အားလုံး လူဆိုတွေပါပဲ၊ တချို့က ဥပဒေနဲ့ အကာအကွယ်ယူကြ ယ်၊ ကျုပ်ကတော့ ပြောင်ပြောင်တင်းတင်းပဲ ဖြောင်လုပ်တယ်၊ ကျုပ်က ငွေများများကို မြန်မြန်လိုချင်တယ်၊ ဒီတော့ ဘယ်နည်းနဲ့ရရ ရအောင်လုပ်နိုင်ရင် ကောင်းတာပဲ'

ကွာရီက ဝင်ပြောသည်။

'ထားပါတော့ကွာ၊ မင်းကတော့ သစ္စာရှိသူနိုးဆိုတာ တို့လက်ခံပါတယ်၊ ကဲ တအချက်ကိုပဲ ပြောကြရအောင်'

'ကျုပ်ရဲ့ မှုမှုတတ တောင်းဆိုချက်ကိုလား'

'လိုရင်းပြောပါ မစ္စတာဘရန်ဆန်'

ဘရန်ဆန်က သမ္မတကြီးနှင့် ရေနံဘုရင်အုပ်စုကို ခြုံကြည့်လိုက်သည်။

'ဟောဒီအုပ်စုအတွက်ဆိုရင် ကျန်းမာရေးအခြေအနေကလဲ အကောင်းဆုံး နေအထားမှာရှိတယ်၊ မူးတင်း ပဲတင်း ဈေးလဲ မဆစ်ဘူးဆိုရင် ဒေါ်လာသန်းသုံးရာ ချင်တယ်၊ သုံးဂဏန်းနောက်မှာ သုညဂဏန်းရှစ်လုံးပေါ့ဗျာ'

'မင်း ငါကြားလိုက်သလို တကယ်ပြောနေတာနော်'

'သုံး သုည သုည၊ သုည သုည သုည၊ သုည သုည သုည
င်ဗျားက ကျုပ်ကို ကျောက်သင်ပုန်းကြီးတစ်ချပ်နဲ့ မြေဖြူတစ်ခဲပေးရင် ကျုပ်က တနဲ့ ရေးပြမယ်လေ'

'ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဒီလူ တကယ့်သောက်ရူးပဲ'

သမ္မတကြီး အကြီးအကျယ် ဒေါပွသွားပုံရသည်။ သူမျက်နှာတပြင်လုံး ရဲရဲနီ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သမ္မတကြီးက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဘေးဘီကို လှည့်ကြည့်သည်။ စားပွဲကို လက်သီးနှင့်ထုရန် စားပွဲလိုက်ရှာနေပုံရသည်။

'ဟော့ ဘရန်ဆန်၊ ပြန်ပေးဆွဲတာ၊ ငွေညှစ်တာ၊ ခြိမ်းခြောက်ပြီး ခုလိုကြီးကြီးကျယ်ကျယ်ငွေတောင်းတဲ့ ရာဇဝတ်မှုဟာ ဘယ်လောက်တောင် အပြစ်ကြီးတယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

'ရာဇဝတ်မှုသမိုင်းမှာ ဒီလောက်တောင်ကြီးကျယ်တဲ့ ရာဇဝတ်မှု မပေါ်သေးဘူး မဟုတ်လား'

'တော်စမ်းပါကွာ၊ နိုင်ငံတော် သစ္စာဖောက်မှုဆိုရင် သေဒဏ်အထိပေးနိုင်တယ်၊ ဒီကိစ္စဟာ နိုင်ငံတော် သစ္စာဖောက်မှုပဲ ဒီလိုလုပ်မှုဖြစ်မယ်ဆိုရင် ငါ . . .'

'ဒီမှာ သမ္မတကြီး၊ ခုလောလောဆယ်ဆယ် ခင်ဗျားဘာမှ လုပ်နိုင်ဦးမှာမဟုတ်ဘူး ခင်ဗျား ကျုပ်ပြောတာတိုယ့်'

ဘရန်ဆန်က သေနတ်ကိုဆွဲထုတ်လိုက်သည်။

'အဲ ဒီတော့ ကျုပ်တကယ်လုပ်မယ်ဆိုတာ နမူနာပြတဲ့အနေနဲ့ လူပေါင်းသန်းပေါင်းတစ်ရာလောက်ရှေ့မှာ ခင်ဗျားဦးခေါင်းကို ပစ်ခွဲပြလိုက်တာ ခံချင်လို့လား၊ ဒါဆိုရင် ထက်တိုင်တုတ်ကို ခင်ဗျားတကယ်ကိုင်ဖို့ လိုသွားလိမ့်မယ်'

သူ့လေသံက အေးတိအေးစက်နှင့် တကယ်လုပ်မည့်ပုံပေါ်သည်။ သမ္မတကြီးသည် ဘာမှ ပြန်မပြောနိုင်တော့ပဲ ကုလားထိုင်ပေါ်တွင် စိတ်ပျက်လက်ပျက်နှင့် ပြန်ထိုင်ချလိုက်သည်။ နီရဲနေသောမျက်နှာသည် ညစ်ပုပ်ပုပ်ဖြစ်လာသည်။

'ခင်ဗျားတို့အားလုံး ထိုက်ထိုက်တန်တန် စဉ်းစားကြဖို့ကောင်းတယ်၊ ဒါ အမေရိကန်ပြည်ထောင်စုဗျ၊ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံ၊ ခပ်ချာချာနိုင်ငံမဟုတ်ဘူး၊ ဒေါ်လာသန်းသုံးရာဆိုတာ ဘယ်လောက်များလို့လဲ၊ ပိုလာရစ်(အကူမြူ)ရေငုပ်သင်္ဘောနှစ်စီးဖိုးပဲရှိတယ်၊ လူတစ်ယောက်ကို လပေါ်ရောက်အောင် ပို့ရတဲ့ စရိတ်စကရဲ့ မပြောပလောက်တဲ့ အပိုင်းဂဏန်းလေးပါ၊ တစ်နိုင်ငံလုံးရဲ့ ထုတ်လုပ်မှုတန်ဖိုး တစ်ရာနှုန်းရဲ့ မြွစ်စလောက် အပိုင်းကလေးပါ။ ဒီတော့ အမေရိကန်ရေပုံးကြီးထဲက ရေစက်ကလေးတစ်စက်လောက် ကျုပ်က ခပ်ယူလိုက်ရင် ဘာများလျော့သွားမှာမို့လို့လဲ၊ အဲ ကျုပ်တို့သာ မပေးဘူးဆိုရင် သမ္မတကြီးနဲ့ ခင်ဗျားတို့ရဲ့ ရေနံမိတ်ဆွေတွေကို လုပ်သားပြည်သူတွေက တသသနဲ့ လွမ်းဆွတ်သွားကြရလိမ့်မယ်။

ပြီးတော့ ခင်ဗျားတို့ ဘာတွေနစ်နာကုန်မလဲ။ ဒါထက် ဆယ်ဆ ရာဆမက ပိုနစ်နာသွားမယ်၊ ပထမဦးဆုံး ဆန်ရာဖယ် ရေနံချက်စက်ရုံ စီမံကိန်းကြီး အကောင်



အထည်မပေါ်ဘူး ဖြစ်သွားမယ်၊ ပြီးတော့ ရေနံကို လျှော့ဈေးနဲ့ရဖို့ကိစ္စလဲ သိပ်ဝေးသွားမယ်၊ တကယ်လို့ ရေနံဘုရင်ကြီးသာ သူ့နိုင်ငံပြန်မရောက်တော့ဘူးဆိုရင် အမေရိကန်ကို ရေနံလုံးဝမရောင်းပဲ ပိုင်းသပိတ်မှောက်ကြမှာ သေချာတယ်၊ အဲဒီလိုဖြစ်လာရင် အမေရိကန်ဟာ ၁၉၂၉-ခုနှစ်က ဖြစ်ခဲ့တဲ့ စီးပွားရေးကပ်ထက် ပိုဆိုးသွားလိမ့်မယ်၊ မစ္စတာဟန်ဆင် ကျုပ်ပြောတာ သဘောတူပါသလား'

ဘရန်ဆန်က ဟန်ဆင်ကို မေးလိုက်သည်။ သို့သော် စွမ်းအင်ဆိုင်ရာ ပါရဂူဟန်ဆင်က ဘာမှပြန်မပြောပါ၊ ကျိုးကန်းတောင်းမှောက် ဟိုကြည့်ဒီကြည့် လုပ်နေသည်။ တံတွေးမျိုချပြီး ပါးစပ်ကို လက်ဝါးနှင့်ကွယ်၍ ချောင်းဆိုးပြန်သည်။ ပြီးတော့ သမ္မတကြီးကို စူးစမ်းသောမျက်နှာထားနှင့် လှမ်းကြည့်လိုက်သည်။ သမ္မတကြီး အုံကြွဆါတ်ကွဲလုနီးနီးဖြစ်လာချိန်တွင် ဘဏ္ဍာရေးဝန်ကြီးက ဝင်ပြောသည်။

'အဲဒီလို ဖြစ်လာနိုင်တယ်ဆိုတာ ကျုပ်လက်ခံပါတယ်'

'ကျေးဇူးတင်ပါတယ်'

'ကျုပ် စကားတစ်ခွန်းပြောချင်တယ်'

ရေနံဘုရင်က လက်ထောင်ပြရင်း ပြောလိုက်သည်။ ရေနံဘုရင်ကြီးသည် သမ္မတကြီးနှင့် လုံးဝမတူ။ သူကို ဘုရင်အဖြစ်မှဖြုတ်ချရန် အကြိမ်ကြိမ် လုပ်ကြံခံရသည်။ အကြမ်းဖက်သည့်ကိစ္စမျိုးမှာ သူ့အတွက် မထူးဆန်းတော့ချေ။

'ပြောပါ'

'ချက်စီကန်းနေတဲ့ လူတွေသာ အခြေအနေမှန်ကို မမြင်ပဲရှိမှာပါ၊ ကျုပ်ကတော့ မကန်းဘူး၊ သမ္မတကြီးက ပေးပါလိမ့်မယ်'

'ကျေးဇူးတင်ပါတယ် ဘုရင်ကြီး'

'ဒါပေမယ့် မင်းကမ္ဘာပေါ်မှာ ဘယ်နေရာကိုပဲ ပြေးပြီးပုန်းပုန်း၊ မင်းကို မတွေ့တွေ့အောင် လိုက်ရှာပြီးသတ်မှာသေချာတယ်၊ မင်းအခု ငါ့ကိုသတ်ရင် မင်းလဲ မလွဲဧကန် အသတ်ခံရမယ်ဆိုတာ သေချာတယ်'

ဘရန်ဆန်ကတော့ မမှုချေ။

'ခင်ဗျား ကျုပ်လက်ထဲမှာရှိနေသမျှ အဲဒီကိစ္စကို ကျုပ် လုံးဝတွေးမပူဘူး၊ ပြီးတော့ ခင်ဗျားကို လုပ်ကြံပေမယ့် မအောင်မြင်ခဲ့တဲ့လူတွေက သိပ်ဝမ်းသာသွားကြမှာ သေချာတယ်၊ ပြီးတော့လဲ ခင်ဗျားဟာ ခင်ဗျားလူတွေ ကျုပ်ကို အမဲဖျက်ချင်စိတ်ပေါ်လာအောင် လှုံ့ဆော်တဲ့အနေနဲ့ ခုလောလောဆယ် ရေထဲခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေမယ့် လူစားမျိုးမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်လား၊ ကျုပ်က မင်းထင်တဲ့ လူစားမျိုးမဟုတ်ဘူး ဆိုရင်ကောကွာ' ဘရန်ဆန်က အေးစက်စက် မာကျောကျော လေသံနှင့် ပြန်မေးသည်။

'ဘာလဲ၊ ရေထဲခုန်ချမလို့လား၊ အဲဒီလို လုပ်ချင်လို့လား၊ နို့ ကျုပ်ဆီမှာ ဘာပြုလို့ လူနာတင်တားနဲ့ ဆရာဝန်ခေါ်ထားတာလို့ ထင်သလဲ၊ ဟော့ ဇန်အက်ဖင် ဟောဒီက ထွက်ပြေးဖို့ ကြံတဲ့လူကို ဘယ်လိုလုပ်ရမယ်လို့ ညွှန်ကြားထားသလဲ'

ဇန်အက်ဖင်ကလည်း ခပ်တည်တည် ပြန်ဖြေသည်။

'ခြေထောက်ကို စက်သေနတ်နဲ့ ပစ်ချိုး၊ ပြီးမှ ဆရာဝန်နဲ့ ပြန်ကုယူမယ်'

'တုမရတဲ့နောက်ဆုံး ဘုရင်ကြီးကို ခြေတုတ္တပ်ပေးလိုက်ရုံပဲရှိမယ်၊ ခင်ဗျားသာ သေသွားရင် ကျုပ်အတွက် တန်ဖိုးမရှိတော့ဘူး ဖြစ်သွားမယ်၊ ကဲ ပြန်ပေးဆွဲခ ငွေဝဓာဏကို ပေးဖို့ သဘောတူပြီ မဟုတ်လား၊ ကန့်ကွက်ဖို့ ရှိသေးသလား၊ ကောင်းပြီ ဒါ အစလောက်ပဲရှိသေးတယ်'

ဗိုလ်ချုပ်ကြီးကတ်တလန်က စိတ်ဆိုးမာန်ဆိုး ဝင်ပြောသည်။

'ဒါ အစလောက်ပဲရှိသေးတယ် ဟုတ်လား'

'ဟုတ်တယ်၊ ဒါ အစလောက်ပဲ ရှိသေးတယ်၊ နောက်ထပ်လာဦးမယ်၊ ကျုပ် ဒေါ်လာသန်းနှစ်ရာ ထပ်လိုချင်တယ်၊ အဲဒါက ဟောဒီ ရွှေတံခါးတံတားကြီး အတွက်ပဲ'

ကြောင်တောင်တောင်ဖြစ်သွားသော သမ္မတကြီး ပြန်သတိဝင်လာသည်။ သူက ဟိုဟိုဒီဒီ ကြည့်လိုက်ပြီး

'ရွှေတံခါးတံတားကြီးအတွက် ဒေါ်လာသန်းနှစ်ရာဟုတ်လား'

'ဒါက လျှော့ဈေးပါ၊ အလကားလောက်နီးနီး လျှော့ထားတဲ့ တန်ဖိုးပါ၊ ဒီတံတားကြီးဆောက်ခါစက ဒေါ်လာသန်းလေးဆယ်ပဲ ကုန်ခဲ့တယ်ဆိုတာ မှန်တယ်၊ အခု သန်းနှစ်ရာတောင်းတာကတော့ နှစ်လေးဆယ်အတွင်း ကုန်ဈေးနှုန်း ငါးဆတက်လာတာနဲ့ညီအောင် ညှိထားတာပါ၊ ဒါပေမယ့် ငွေကိစ္စကို အသာဖယ်ထားပြီး ဒီတံတားမျိုး ပြန်ဆောက်ရင် တန်ချိန်ထောင်ပေါင်းများစွာ လေးလံတဲ့ သံထည်ပစ္စည်းတွေ ဒီမြို့ကို သယ်လာရမယ်၊ အဲဒီလိုသယ်လာရတဲ့အတွက် ဆူဆူညံညံအသံတွေ ပိုများလာမှာတို့ ဖုန်ထူလာမှာတို့ အဲဒါတွေကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်လာမှာတွေ၊ ထောင်သောင်းချီပြီးလာနေတဲ့ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြတော့မယ့် ကိစ္စတွေကိုပါ ထည့်စဉ်းစားကြည့်စမ်းပါ၊ ဆန်ဖရန်စစ္စကိုမြို့ဟာ အင်မတန်လှပပါတယ်၊ ဒါပေမယ့် ဒီမြို့မှာသာ ရွှေတံခါးတံတားကြီး မရှိတော့ဘူးဆိုရင် ကြာမရှိတဲ့ရေကန်လို မတင့်တယ်ဘူး ဖြစ်သွားမယ်၊ ပြီးတော့ တစ်နှစ် နှစ်နှစ်လောက် ကြာအောင် ဒီမြို့ကလူတွေ



မာရင်ခရိုင်ကို မော်တော်ကားနဲ့သွားချင်ရင် ဆန်ရာဖယ် တံတားဆီရောက်အောင် အဝေးကြီးက တွေ့သွားရမယ်၊ အများအားဖြင့် သွားနိုင်ကြမှာမဟုတ်ဘူး ဒီတော့ သူတွေ ဘယ်လောက်ဒုက္ခသုက္ခ ရောက်ကုန်ကြမလဲဆိုတာ စဉ်းစားကြည့်ကြပေါ့၊ ဒါပေမယ့် ကုတ္တိုသင်္ဘောပိုင်ရှင်တွေကတော့ သန်းကြွယ်သူဌေးကြီးတွေ ဖြစ်လာကြလိမ့်မယ် ဒါပေမယ့် အဲဒီလို သမ္မာအာဇီဝ ဖြစ်တဲ့နည်းနဲ့ ပိုက်ဆံရှာတာကို ကျုပ်က မနာလိုတိုရှည် မဖြစ်ပါဘူး၊ ဒေါ်လာသန်းနှစ်ရာဆိုတာ ဘာလဲ၊ စွန့်ကြတဲ့ သဘောလောက်ပဲ ရှိမယ်'

ကွာရိုက ဝင်မေးသည်။

'အခုတောင်းဆိုချက်ကို မလိုက်လျောဘူးဆိုရင် မင်းက ဒီတံတားကြီးကို ဘာလုပ်မလို့လဲ၊ ဖြုတ်ယူသွားပြီး တခြားမှာ သွားပေါင်စားမလို့လား'

'ဒီတံတားကြီးကို ချိုးပစ်လိုက်မှာပေါ့၊ ပေနှစ်ရာအမြင့်က အောက်ကို ပြုတ်ကျသွားမယ်ဆိုရင် အပေါ်ကိုတက်လာမယ့် ရေပွက်ကြီးဟာ ဒီနယ်ကလူတွေအတွက် ထူးဆန်းတဲ့မြင်ကွင်းဖြစ်လာမှာ သေချာတယ်'

'ချိုးပစ်မယ်၊ ရွှေတံခါးတံတားကြီးကို ချိုးပစ်မယ်ဟုတ်လား'

သာမန်အားဖြင့် ဒေါသဖြစ်ခဲလှေ့ရှိသော မြို့တော်ဝန်မော်ရီဆန်သည် သူ့ဒေါသကို မချုပ်တည်းနိုင်တော့ပဲ ကြောင်နေသော ဘရန်ဆန်ထံ တရှိန်ထိုးပြေးသွားသည်။ ရုပ်မြင်သံကြားစက်ကို ကြည့်နေကြသော တစ်နိုင်ငံလုံးရှိ အမေရိကန်အားလုံး ဘရန်ဆန်တစ်ယောက် သူ့ကုလားထိုင်ပေါ်မှ မြေပြင်ပေါ်သို့ နောက်ပြန်လဲကျသွားပုံ၊ ကိုယ်အလေးချိန် ပေါင်နှစ်ရာနှစ်ဆယ်ရှိသော မြို့တော်ဝန်မော်ရီဆန်က မြေပြင်ပေါ်တွင် လဲကျသွားသော ဘရန်ဆန်၏မျက်နှာကို ဒေါသတကြီး လက်သီးနှင့် ထပ်ထိုးနေပုံသည်တို့ကို မြင်ကြရသည်။

ဇန်အက်ဖင်က ရှေ့တိုးလာပြီး စက်သေနတ်ဒင်နှင့် မော်ရီဆန်၏ လက်ပိုးကို ထုချလိုက်သည်။ ထို့နောက် နောက်ဘက်သို့ပြန်လှည့်ပြီး ထိုင်နေသူများကို သေနတ်နှင့် ဘယ်ညာကယာ ချိန်လိုက်သည်။ တကယ်တော့ သူ့စိုးရိမ်စရာမလိုပါ၊ မည်သူတမှ မော်ရီဆန့်လမ်းစဉ်တို လိုက်ဖို့ စိတ်မကူးကြပါ။

ဘရန်ဆန်သည် စက္ကန့်နှစ်ဆယ်ကြာမှ ပြန်ထထိုင်နိုင်သည်။ သို့သော် ထို အချိန်အထိ သူ မူးဝေနေဆဲပင်။ သူက ဆေးရည်ဆွတ်ထားသော ဂွမ်းစတစ်ခုသာဝေး သည်ကို လက်ခံလိုက်ပြီး သွေးအချို့ကြီးထွက်လာအောင် ဒဏ်ရာရသွားသည့်နှာခေါင်း နှင့် ကွဲသွားသောနှုတ်ခမ်းကို တို့လိုက်သည်။ သူက မော်ရီဆန့်ကို တစ်လှည့် ဆရာဝန်ကို တစ်လှည့် ကြည့်ပြီး မေးလိုက်သည်။

www.burmeseclassic.com



'သူ ဘယ့်နှယ်နေသေးသလဲ'

ဆရာဝန်က ကပျာကယာ စမ်းသပ်ကြည့်လိုက်ပြီးနောက် အဖြေပေးသည်။

'သူ နေကောင်းလာမှာပါ၊ ဦးနှောက်ကြေ မသွားပါဘူး'

ဆရာဝန်က ဗန်အက်ဖင်ကို ခပ်တည်တည်ကြည့်ရင်း ထပ်မေးသည်။

'ခင်ဗျား အပေါင်းအသင်းက ဒီလိုကိစ္စမျိုးမှာ တော်တော်လက်ဆမှန်သားပဲ'

ဘရန်ဆန်က ပြန်ဖြေသည်။

'အလေ့အကျင့်ပေါ့ဗျာ'

ဘရန်ဆန်က သွေးချင်းချင်းနီသွားသော ဂွမ်းစကို ပြန်ပေးပြီး ဂွမ်းစအသစ်နှင့် တပ်လိုက်သည်။ ထို့နောက် ထိုင်ရာမှဒယိမ်းဒယိုင် ထလိုက်သည်။

'မြို့တော်ဝန်မော်ရီဆန်ဟာ သူ့ဇလကောင်းတာကို သူ့ဘာသာသူ မသိဘူးနဲ့ တူတယ်'

ဗန်အက်ဖင်က မေးသည်။

'သူ့ကို ကျွန်တော် ဘာလုပ်လိုက်ရမလဲ'

'ဘာမှမလုပ်ပါနဲ့၊ ဒါ ငါ့အမှားပဲ၊ ဒါသူ့မြို့၊ ဒါ သူ့တံတားပဲ၊ ငါက သူ့စိတ်ကူးအာမွှာလေးပျက်အောင် ဖျက်လိုက်မိတာကိုး၊ ဒီလိုလုပ်ကွာ၊ သူ့လက်နှစ်ဘက်ကို ကျောဘက်မှာ လက်ထိပ်ခတ်ထားလိုက်၊ နောက်တခါဆိုရင် ငါ့ခေါင်းပြုတ်ထွက်သွားအောင် ဆော်ထည့်လိမ့်မယ် ထင်တယ်'

ဗိုလ်ချုပ်ကြီး ကတ်တလန်သည် ထိုင်ရာမှထပြီး ဘရန်ဆန်ထံ လျှောက်လာသည်။ ဗန်အက်ဖင်က ခြိမ်းခြောက်သည့်ဟန်ပန်နှင့် သေနတ်နှင့် ချိန်လိုက်သော်လည်း ဗိုလ်ချုပ်ကြီးက အလေးထားပုံမပြချေ။ ကတ်တလန်က ဘရန်ဆန်ကို မေးလိုက်သည်။

'မင်း စကားပြောနိုင်သေးရဲ့လား'

'ကျုပ် နားထောင်လို့တော့ ဖြစ်ပါတယ်၊ သူက နားရွက်ကိုမှ ဒုက္ခပေးမသွားတာ'

'ကျုပ် အခု ကာကွယ်ရေးဦးစီးချုပ် ဖြစ်နေပေမယ့် မူလအလုပ်က တပ်မတော်အင်ဂျင်နီယာပါ၊ ဆိုလိုတာက ဖောက်ခွဲရေးပစ္စည်းတွေအကြောင်း ကျုပ်နားလည်တယ်၊ မင်းဒီတံတားကို ခိုးပစ်လို့မရနိုင်မှန်း သိမှာပါ၊ ဒီတံတားတိုင်ကြီးတွေ ပြိုကျသွားအောင် ဒိုင်းနမိုက် ကားတစ်စီးတိုက်လောက်လိုမယ်။ ဒိုင်းနမိုက် ကားတစ်စီးတိုက်လောက်လဲ ငါမမြင်မိပါလား'

ဘရန်ဆန်က တာရပတ်စအောက်မှ အချွန်အတက်များ ထိုးထိုးထောင်ထောင် ပေါ်နေသည့် ကတော့ပုံစံ ထူးထူးဆန်းဆန်းပစ္စည်းများကို လက်ညှိုးထိုးပြလိုက်သည်။

'မလိုပါဘူး၊ ခင်ဗျားတ ဖောက်ခွဲရေးဝိဇ္ဇာဆို'

ကတ်တလန်က အဆိုပါ ကတော့ပုံပစ္စည်းများကို သေသေချာချာကြည့်လိုက်ပြီးနောက် ထိုင်နေသူများကို ကြည့်ပြန်သည်။

ဘရန်ဆန်က ပြောလိုက်သည်။

'ခင်ဗျားပဲ ရှင်းပြလိုက်ပါဗျာ၊ ကျုပ် ပါးစပ်နာနေတယ်'

ကတ်တလန်က ကြီးမားလှသော တံတားတိုင်မျှော်စင်ကြီးနှစ်ခုနှင့် ထိုမျှော်စင်များမှ ဆိုင်းထားသည့် သံကြိုးကြီးများကို ကြည့်လိုက်သည်။

ထို့နောက် ဘရန်ဆန်ကိုမေးလိုက်သည်။

'မင်း စမ်းကြည့်ပြီးပလား'

ဘရန်ဆန်က ခေါင်းညိတ်ပြသည်။

'မင်းစမ်းတာ အောင်မြင်တယ်နဲ့တူတယ်၊ မအောင်မြင်ရင် မင်း ဒီကိစ္စကို ကြံစည်မှာ မဟုတ်ဘူး'

ဘရန်ဆန်က ထပ်ခေါင်းညိတ်ပြသည်။ ကတ်တလန်က ဓားစာခံများနှင့် သတင်းစာဆရာများထံ စိတ်မသက်မသာနှင့် ကိုယ်ကိုလှည့်ရင်း ပြောလိုက်သည်။

'ကျုပ်ပြောတာမှားသွားတယ်၊ ဘရန်ဆန်က ဟောဒီတံတားကြီး ကျိုးသွားအောင်ခိုးပစ်နိုင်တယ်၊ ဟိုတာရပ်ပတ်စနဲ့တွဲထားတဲ့ ကတော့ပုံပစ္စည်းတွေဟာ နောက်ဆုံးပေါ် ဖောက်ခွဲရေးလက်နက်ပစ္စည်း "တီအင်တီအမာတောလ်" တွေပဲ၊ သိပ်ပြင်းထန်တယ်၊ အဲဒီကတော့တွေကိုတော့ "မှားအုံ" လို့ခေါ်ကြတယ်၊ အဲဒီမှားအုံအောက်ခြင်းက ခွက်နေအောင်လုပ်ထားတဲ့ ဖင်တွေက ဖောက်ခွဲမှုအင်အားရဲ့ ရှစ်ဆယ်ရာခိုင်နှုန်း အောက်ဘက်ကို ဦးတည်ပေါက်ကွဲအောင် တမင်စီစဉ်ထားတာပါ၊ လုပ်ပုံလုပ်နည်းကတော့ တဟန်ဒရက်ဝိတ် (၁၁၂)ပေါင်လောက်လေးတဲ့ အဲဒီမှားအုံတစ်ခုကို ထို ဆိုင်းထားတဲ့ သံကြိုးကြီးတစ်ချောင်းမှာပတ်ပြီး ချည်ထားရမယ်၊ ဘယ်နားမှာ ချည်မလဲဆိုတော့ ဟိုတံတားတိုင်မျှော်စင်ကြီးရဲ့ ထိပ်နားလောက်မှာဖြစ်မယ်၊ အခု သူ့ဆီမှာ မှားအုံလေးခုရှိတယ်၊ ဒီလေးခုဟာ တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါက်ကွဲအောင် စီစဉ်ထားတယ်၊ ဒီတော့ တံတားကြီးတစ်ခုလုံး ဝုန်းကနဲ ပြုတ်ကျသွားလိမ့်မယ်'

ပရိတ်သတ်များ ခဏငြိမ်ကျသွားသည်။ သို့သော် ကတ်တလန်က ဘရန်ဆန်ကို မေးလိုက်ပြန်သည်။

'နေပါဦး၊ ဒီမှားအုံလေးခုစလုံး တပြိုင်နက်တည်း ကွဲမယ်ဆိုတာ သေချာပါ

www.burmeseclassic.com



မလား'

'လွယ်ပါတယ်၊ မာကြူရီ ဖူမီနိတ် စနက်တံထဲမှာ ဝိုင်ယာကြိုးတစ်ချောင်း ထည့်ထားတယ်၊ အဲဒီကြိုးကို ဗက်ထရီသေးသေးလေးတစ်လုံးနဲ့ ဆက်ထားတယ်၊ အောက်ကနေပြီး ရေဒီယိုဓာတ်လှိုင်းနဲ့ ဆက်သွယ်လိုက်ရင် ဗက်ထရီအသက်ဝင်လာမယ်၊ ဒီမှာတင် ပျားအုံယမ်းအိုးကြီး ထပေါက်မှာပေါ့၊ ဒါကြောင့် ပျားအုံနဲ့ စနက်တံတွဲပြီး အပေါ်တင်ထားရမယ်၊ တစ်ဘက်မှာ စနက်တံတစ်ခုဆိုရင် လုံလောက်ပါတယ်၊ ကျန်တဲ့ တစ်ခုကတော့ အလိုအလျောက် ဆက်တိုက် ပေါက်ကွဲသွားမှာပါ'

ကွာရီက လျှာလေးပါးလေးနှင့် ပြောလိုက်သည်။

'ဒါဆိုရင် မင်းရဲ့ တောင်းဆိုချက်တွေ ကုန်ပြီပေါ့'

ဘရန်ဆန်က တောင်းပန်သောပုံစံနှင့် လက်ဝါးကာရင်း ပြန်ဖြေသည်။

'မကုန်သေးဘူး၊ ဒါပေမယ့် အဲဒါကတော့ အသေးအဖွဲ့ကလေးပါ'

'မင်းက ဘာကိုအသေးအဖွဲ့လို့ သတ်မှတ်တယ်ဆိုတာ စဉ်းစားစရာပဲ'

'ဒေါ်လာနှစ်သိန်းခွဲ'

'ဟုတ်တာပေါ့ အံ့စရာပဲ၊ မင်းတောင်းနေကျ စံချိန်နဲ့ဆိုရင် သဲတစ်ပွင့်လောက်ပဲရှိတယ်၊ နေပါဦး၊ အဲဒါက ဘာအတွက်လဲ'

'ကျုပ်ရဲ့ ကုန်ကျစရိတ်အတွက်'

ကွာရီက သက်ပြင်းနှစ်ခါချလိုက်သည်။

'မင်းရဲ့ ကုန်ကျစရိတ်အတွက် ဟုတ်လား၊ ဘုရား၊ ဘုရား ဟေ့ ဘရန်ဆန်၊ မင်းဟာ တစ်ပြားကို နှစ်ပြားမှတ်လို့ ခွာတယ်ဆိုတဲ့ လူစားထဲမှာ အဆိုးရွားဆုံးလူပဲ'

ဘရန်ဆန်က ပခုံးတွန့်ပြသည်။

'ကျုပ်ကို လူတကာက နာမည်မိုးစုံနဲ့ ခေါ်ကြတာ ရိုးနေပါပြီ ခုတော့ ဥပက္ခာရှုလိုက်ပြီး ကဲ ငွေကိစ္စပြောရအောင်၊ ကျုပ်တောင်းတဲ့ငွေကို ပေးမှာမဟုတ်လား'

မည်သူတစ်ယောက်မျှ သူ့ကို ပေးမယ် မပေးဘူး မပြောကြပါ။

'ကျုပ်လဲ ဥရောပတိုက်မှာရှိတဲ့ ဘဏ်အချို့နဲ့ အဆက်အသွယ်ရှိတဲ့ နယူးရော့ထ မိတ်ဆွေတစ်ဦးနဲ့ အစီအစဉ်တွေ လုပ်ရဦးမယ်၊ အခု နေ့လယ် ဆယ့်နှစ်နာရီထိုးနေပြီ ဒီတော့ ဥရောပအလယ်ပိုင်းမှာဆိုရင် ညရှစ်နာရီ ဒါမှမဟုတ် ညကိုးနာရီလောက် ရှိနေလိမ့်မယ်၊ ဒါပေမယ့် ဘဏ်ကြီးတွေက ညနေခြောက်နာရီထိုးရင် ဘဏ်ပိတ်ကြတယ်၊ ဒါကြောင့် ခင်ဗျားတို့ရဲ့ ဆုံးဖြတ်ချက်ကို နက်ဖြန်မနက် ခုနစ်နာရီမှာ သိချင်တယ်'



ကွာရီက ထပ်မေးသည်။

'ဘာဆုံးဖြတ်ချက်လဲ'

'ကျုပ်ငွေရမရနဲ့ ရမယ်ဆိုရင် ဘယ်လိုပုံစံနဲ့ ရမယ်ဆိုတာသိချင်တယ်၊ ငွေပေးတဲ့ ကိစ္စနှင့်ပတ်သက်ပြီး ခင်ဗျားတို့ လုပ်တတ်ကိုင်တတ်ကြမှာပါ၊ ဥပမာပြောရရင် အဖျက်လုပ်ငန်းတွေလုပ်ဖို့ နှစ်စဉ် စီအိုင်အေကို ဒေါ်လာသန်းထောင်ပေါင်းများစွာ ထောက်ပံ့နေတယ်၊ ဒါပေမယ့် အခွန်ထမ်းလူထုက ဘာမှသိကြရတာမဟုတ်ဘူး ဒါဟာ ဘဏ္ဍာရေးဌာနအတွက် ကလေးကစားသလို သိပ်လွယ်တဲ့အလုပ်ပါ၊ နယူးရော့မှာရှိတဲ့ ကျွန်သူငယ်ချင်းက အဲဒီပိုက်ဆံတွေ ရောက်ရမယ့်နေရာတွေကို ရောက်ကုန်ပြီဆိုရင် ဒါတလည်း နှစ်ဆယ့်လေးနာရီထက် ပိုကြာစရာအကြောင်း မရှိဘူး၊ ဒီတော့ အဲဒီနေ့ နေ့လယ် ဆယ့်နှစ်နာရီမှာ ခင်ဗျားတို့ကို နှုတ်ဆက်ခဲ့မယ်၊ ဓားစာခံတွေကတော့ ကျုပ်တို့နဲ့ တစ်ပါတည်း လိုက်လာရမှာပေါ့လေ'

ကတ်တလန်က ခပ်ထန်ထန်ပြောလိုက်သည်။

'မင်းက တို့ကို ဘယ်ခေါ်သွားမှာလဲ'

'ခင်ဗျားကို ကျုပ် ဘယ်မှခေါ်မသွားဘူး၊ တပ်မတော်ကတော့ ခင်ဗျားကို သိပ်အဖိုးတန်တဲ့လူလို့ ထင်ကြလိမ့်မယ်၊ ကျုပ်အတွက်ကတော့ အပေးအယူလုပ်တဲ့နေရာမှာ ခင်ဗျားရဲ့တန်ဘိုးဟာ သုညပဲ၊ ပြီးတော့လည်း ဒီလူစုထဲမှာ ကျုပ်ကို ဒုက္ခပေးနိုင်တဲ့လူဟာ ခင်ဗျားပဲ၊ ခင်ဗျားဟာ ဖျတ်ဖျတ်လတ်လတ်ရှိတဲ့အပြင် သူများတွေလိုတော့ဘူး၊ ကျုပ်ဘေးနားမှာ သမ္မတကြီးနဲ့ အခုရှိနေတဲ့ သူ့ရေနံ မိတ်ဆွေသုံးယောက်လို လူကြီးတွေရှိနေရင် ဘာအရေးလဲ၊ ပြီးတော့ ကာရစ်ဘီယန် ပင်လယ်ထဲမှာရှိတဲ့ ကျွန်းတစ်ကျွန်းရဲ့ သမ္မတက ကျုပ်တို့လူစုကို တစ်ညဒေါ်လာတစ်သန်းနဲ့ ခတောင်းတာကို လက်ခံမယ်ဆိုတာလောက် ခင်ဗျားကို ပြောပြရင် ဖြစ်လိမ့်မယ်ထင်တယ်၊ အဲဒီနိုင်ငံကတော့ ရာဇဝတ်သား အလဲအလှယ်စာချုပ်ကို အမေရိကန်နဲ့ ဘယ်တော့မှ ချုပ်ဆိုမယ့်နိုင်ငံလဲ မဟုတ်ဘူး'

သူ့စကားကို မည်သူကမျှ ဝင်မပြောကြပါ။ ဘရန်ဆန်တောင်းထားသော ငွေဓာတ်နှင့်စာလျှင် ယခုပေးရမည့်ငွေသည် မှုမှုတတရှိသည်ဟု ဆိုရပါမည်။

ဘရန်ဆန်က ဆက်ပြောသည်။

'ကျုပ်မပြောခဲ့တာ တစ်ချက်ရှိသေးတယ်၊ အဲဒါကတော့ ဒဏ်တိုးစည်းကမ်းလို့ ခေါ်ချင့်ခေါ်ပေါ့လေ၊ သန်ဘက်ခါ နေ့လယ်ဆယ့်နှစ်နာရီကစပြီး နောက်ထပ်ကြန့်ကြာနေမယ်ဆိုရင် တစ်နာရီကို ဒေါ်လာနှစ်သန်း ဒဏ်တပ်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းက အချိန်ကို တော်တော်တန်ဖိုးထားတဲ့ လူပါလား ဘရန်ဆန်'

ကွာရီက ပြောလိုက်ခြင်းဖြစ်သည်။

'ကျုပ်ကမှ တန်ဖိုးမထားရင် ဘယ်လူကတန်ဖိုးထားဦးမှာလဲ၊ ကဲ မေးစရာမေးခွန်းရှိကြသေးသလား'

ကတ်တလန်က ပြောသည်။

'ရှိတယ်၊ မင်း အဲဒီကျွန်းကလေးဆီ ဘယ်လိုရောက်အောင်သွားမှာလဲ'

'ဘယ်လိုသွားရမှာလဲ၊ လေယာဉ်ပျံနဲ့သွားမှာပေါ့၊ ဒီကနေ နိုင်ငံတစ်ကာလေဆိပ်အထိ ရဟတ်ယာဉ်နဲ့သွား၊ ဆယ်မိနစ်ကြာမယ်၊ ဟိုရောက်တော့မှ လေယာဉ်ပျံဆက်စီးမှာပေါ့'

'မင်း အားလုံးစီစဉ်ပြီးပြီပေါ့၊ အခုမင်းတို့အတွက် လေယာဉ်ပျံ အဆင်သင့်ရှိနေပြီလား'

'အင်း အဆင်သင့်ရှိရမယ်ဆိုတာ သူတို့ မသိသေးဘူး၊ ဒါကလဲ မြန်ပါတယ်လေ'

'ဘာလေယာဉ်ပျံလဲ'

'ခင်ဗျားတို့ကတော့ "လေတပ်မတော် အမှတ်တစ်" လို့ ခေါ်တာပဲ'

ကတ်တလန့်ပင်လျှင် အလန့်တကြားဖြစ်သွားသည်။

'ဘာလဲ၊ မင်းက သမ္မတကြီးစီးတဲ့ ဘိုးရင်းလေယာဉ်ကို ပြန်ပေးဆွဲသွားမှာလား'

'နားလည်မှုရှိစမ်းပါ ဗိုလ်ချုပ်ကြီးရာ၊ ခင်ဗျားရဲ့ သမ္မတကြီးကို တဂျုံးဂျုံးတရောင်းရောင်းမြည်နေတဲ့ ဒီစီသုံး လေယာဉ်ပျံနဲ့ ကာရစ်ဘီယန် ပင်လယ်ထဲကို ခေါ်သွားရမှာလား၊ ဗိမ်ကျက်ကျ ခရီးသွားတတ်တဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေဟာ ဒီလိုပဲ သွားကြလာကြရမှာပေါ့၊ ကျုပ်က ရုပ်ရှင်ကားသစ်တွေပြပြီး ဧည့်ခံပါ့မယ်၊ ခရီးသွားရတဲ့အချိန် သိပ်မကြာပေမယ့် သက်တောင့်သက်သာဖြစ်အောင် အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်၊ ကျုပ်တို့ အပြန်ခရီးကျရင် နောက်ထပ်ရုပ်ရှင်ကားသစ်တွေတောင် ရချင်ရလာဦးမှာ'

'ကျုပ်တို့ ဟုတ်လား'

ကတ်တလန်က ထပ်မေးသည်။

'ကျုပ်နဲ့ ကျုပ်ရဲ့ ဒီက မိတ်ဆွေတွေလေ၊ ကျုပ်ကတော့ ကျုပ်မိတ်ဆွေတွေ ဘေးမထိရန်မသိပဲ အိမ်ပြန်ရောက်တဲ့အထိ လိုက်ပို့သင့်တယ်လို့ ခံယူထားတယ်၊ တချို့လူတွေက အိမ်ဖြူတော်လို့ခေါ်တဲ့ အိမ်ဘီလူးကြီးထဲမှာ ဘာပြုလို့ ဒီလောက်ခုံခုံမင်မင်



နေချင်ကြတယ်ဆိုတာ ကျုပ် စဉ်းစားလို့ မရဘူး၊ ဒါပေမယ့် ကိုယ်နေနေကျအိမ်ကိုတော့ ပြန်ချင်ကြတာချည်းပဲ'

မိလ်တန်က သတိထားပြီး ဝင်မေးသည်။

'နေပါဦး၊ မင်းအမေရိကန်မြေပေါ်ကို ပြန်ခြေချဦးမလို့လား'

'ဒါ ကျုပ်ရဲ့ အမိနိုင်ငံပဲ၊ ဘာဖြစ်လို့ ပြန်မလာရမှာလဲ၊ မစ္စတာမိလ်တန် ခင်ဗျားကို ကျုပ် တော်တော်လေး စိတ်ပျက်သွားပြီ'

'ကျုပ်က စိတ်ပျက်စရာ သတ္တဝါလား'

'ဟုတ်တယ် တရားလွှတ်တော်က တရားဝန်ကြီးတွေနဲ့ နိုင်ငံတော်ရှေ့နေချုပ်တလွဲရင်၊ အခြေခံဥပဒေအကြောင်း ကောင်းကောင်းသိတဲ့လူဟာ၊ နိုင်ငံခြားရေးဝန်ကြီးပဲလို့ ကျုပ်ထင်ခဲ့မိတာ'

သူတို့အားလုံး ငြိမ်ကျသွားသည်။ ဘရန်ဆန်က အားလုံးကို လှမ်းကြည့်လိုက်သော်လည်း မည်သူကမျှ ပြန်မပြောကြ။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးကို ထပ်ပြောမြန်သည်။

'ခင်ဗျား ဒီလောက်ကလေးကိုတောင် မသိတော့ဘူးလားဗျာ၊ လူတစ်ယောက်အနေလွန်တဲ့ပြစ်မှု အထမြောက်သည်ဖြစ်စေ၊ အထမမြောက်သည်ဖြစ်စေ၊ အဲဒီပြစ်မှုအတွက် နိုင်ငံတော်က လုံးဝလွှတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပြီဆိုရင် သူ့ကို အဲဒီပြစ်မှုနဲ့ နောက်တစ်ကြိမ်ရုံးတင်ပြီး တရားမစွဲနိုင်ဘူးဆိုတဲ့ကိစ္စလေ'

ဘရန်ဆန် ဘာကိုဆိုလိုခြင်းဖြစ်ကြောင်း ဆယ့်စက္ကန့်လောက်ကြာမှ ရိပ်မိကြသည်။ ဤတွင် သမ္မတကြီး အကြီးအကျယ် အံ့ကြွပေါက်ကွဲလေတော့သည်။ ဤတစ်ကြိမ်တွင် အမေရိကန်နိုင်ငံအတွက် သူကိုယ်သူ စတေးခံမည်ဟု ပြောခဲ့စဉ်က ရှာမည်ဆန္ဒမဲ၏နှစ်ဆခန့် ဆုံးရှုံးသွားပြန်သည်။ သို့ရာတွင် သူ့ကို အပြစ်ဆိုရန်တော့ ခက်သည်။ တချို့သောနိုင်ငံရေးသမားများသည် အလွန်အရေထူလှသည်ဟု အချို့က ပြောလိမ့်မည်။ သို့သော် ယခုလို ရသာလျှင် ဘနဖူးသိုက်တူးမည်ဆိုသော မိုက်မိုက်ကန်းကန်း ယုတ်ယုတ်မာမာ လူစားမျိုးနှင့် သူတစ်ခါမှ မဆုံဆည်းခဲ့ဖူးသေးချေ။ သူ့အိမ်သူသား သူ့အခန်းအတွင်း၌ လွတ်လွတ်လပ်လပ် ကြမ်းကြမ်းတမ်းတမ်း ပြောသည်ကို သတ်ခံနိုင်ဖွယ်ရှိသော်လည်း မဲဆန္ဒရှင်များရှေ့၌ ယခုလိုမပြောသင့်ပေ။ သို့သော် ထိုအခိုက်အတန့်ကလေးတွင် သမ္မတကြီးသည် မဲဆန္ဒရှင်များနှင့် မျက်နှာချင်းဆိုင်တွေ့နေရကြောင်း သတိမထားမိလိုက်။ သူက လက်သီးနှစ်ဘက်ကိုဆုပ်၊ လက်နှစ်ဘက်ကို ရှေ့ဆန့်ထုတ်ပြီး မော့၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပိုက်ဆံက ဒေါ်လာသန်းငါးရာ၊ ပြီးတော့ လုံးဝလွတ်ငြိမ်းချမ်းသာခွင့် ပေးရဦးမတဲ့၊ ဘုရားသခင် တယ်တော်မူပါ'

ထို့နောက် သမ္မတကြီးက ဘရန်ဆန်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ဒေါသအိုးကြီး ပေါက်ကွဲလေပြီ။

ဘရန်ဆန်က ဆရာဝန်ကို ခပ်တိုးတိုးမေးလိုက်သည်။

'နှလုံးရောဂါရှိတဲ့လူတွေကို ကုတဲ့စက် အဆင်သင့်ရှိရဲ့လား'

'ဒါ ရယ်စရာ ကိစ္စမဟုတ်ဘူး'

သမ္မတကြီးက စိတ်ထဲတွင်ရှိသမျှ အံချတော့သည်။

'မင်း ခွေးတိရိစ္ဆာန်၊ အင်မတန် ညစ်ပတ်စုတ်ပဲ့တဲ့အကောင် မင်းကိုယ်မင်း ဟုတ်လှပြီထင်နေရင် . . .'

ဤတွင် ကတ်တလန်က ကပျာကယာ ရှေ့တိုးလာပြီး၊ သမ္မတကြီး၏ လက်မောင်းကို ကိုင်၍ ခပ်တိုးတိုးပြောလိုက်သည်။

'သမ္မတကြီးကို ရုပ်မြင်သံကြားရိုက်နေတာ'

သမ္မတကြီးသည် ပြောလက်စ စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားသည်။ ၎င်းနောက် ကတ်တလန်ကို ကြည့်လိုက်ပြီး မျက်စိမှိတ်လိုက်သည်။ ပြီး ချက်ချင်းလိုလို မျက်စိပြန်ဖွင့်ပြီး ရုပ်မြင်သံကြားရိုက်ကူးနေသည့် ကင်မရာကို တည့်တည့်ကြည့်ရင်း ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

'အမေရိကန်လူမျိုးများက သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ထားတဲ့ ကျုပ်က ဒီစာရိတ္တချွတ်ယွင်းနေတဲ့ လူရဲ့ မဟုတ်တရား လုပ်ဆောင်ချက်နဲ့ ခြိမ်းခြောက်ငွေညှစ်မှုကို လုံးဝလက်မခံဘူး၊ အမေရိကန်လူမျိုးများကလည်း လက်ခံမှာမဟုတ်ဘူး၊ ဒီမိုကရေစီကလည်း လက်ခံမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်၊ အခုလို ကျုပ်တို့အတွင်းမှာ ဖြစ်နေတဲ့ ရောဂါဆိုးကြီးကို တွန်းလှန်ပစ်ရမယ်'

ဘရန်ဆန်က ဝင်မေးသည်။

'ဘယ်လိုလုပ်မှာလဲ'

'ဘယ်လိုလုပ်မှာလဲ ဟုတ်လား'

သမ္မတကြီးက ကျိုးကြောင်းမှုတသော အဖြေတစ်ခုပေးရန် စဉ်းစားလိုသည်။ သို့သော် သူ့စိတ်သည် ပြန်မတည်ငြိမ်သေးပါ။

'အမေရိကန်မှာရှိတဲ့ စုံစမ်းထောက်လှမ်းရေးအဖွဲ့အားလုံးကို အသုံးချမယ်၊ ထပ်မတော်တစ်ခုလုံးရဲ့ အင်အားကိုယူမယ်၊ ပြီးမှ တရားဥပဒေစိုးမိုးရေးအတွက်



အစွမ်းကုန် . . .'

'နောက်တစ်ကြိမ် ထပ်အရွေးခံဖို့ အချိန်ခြောက်လတောင် လိုပါသေးတယ်ဗျား ဘယ်လိုလုပ်မှာလဲ'

'ကျုပ် ဝန်ကြီးအဖွဲ့ထဲက ထိပ်ပိုင်းဝန်ကြီးတွေနဲ့ ဆွေးနွေးပြီးရင် . . .'

'ကျုပ်သဘောမတူပဲ ခင်ဗျား ဘယ်သူနဲ့မှ ဆွေးနွေးလို့မရဘူး၊ ကျုပ်ကို လုံးဝလွတ်ငြိမ်းချမ်းသာခွင့် ပေးရမယ်၊ ဒါမှမဟုတ်ရင် ခင်ဗျားအဲဒီအပူပိုင်းဇုံက ကျွန်းကလေးပေါ်မှာ အကန့်အသတ်မရှိ နေရလိမ့်မယ်၊ အဲဒီကျွန်းတစ်ခုလုံးလိုလို အင်မတန်သာသာတယ်၊ ဒါပေမယ့် အဲဒီကျွန်းရဲ့ တစိတ်တဒေသကို ဆိုးဆိုးရွားရွားဖြစ်အောင် နှိပ်တိုးထားတယ်၊ အဲဒီနေရာရောက်သွားတဲ့ လူအများစုကို ပြန်မတွေ့ရတော့ဘူး၊ အဲဒီမှာ အလုပ်ကြမ်းလဲလုပ်ရတယ်၊ အစာငတ်ရေငတ်လဲ ထားတယ်၊ ရောဂါလဲ ထူပြောတယ်၊ ခင်ဗျားတို့ ဘုရင်ကြီးတို့နဲ့ သိပ်မလိုက်ပါဘူးလေ။

တစ်ခါ နိုင်ငံအပေါ် သစ္စာရှိတဲ့စိတ်၊ ချစ်မြတ်နိုးတဲ့ စိတ်တွေအကြောင်း သိပ်စဉ်းစားပဲ ဒီရောက်နေတဲ့ ရေနံဘုရင်နဲ့ ရေနံမင်းသားတွေဘက်ကလဲ ပြန်စဉ်းစားကြည့်သင့်တယ်၊ ဒီရေနံဘုရင်နဲ့ ရေနံမင်းသားတွေလက်အောက်မှာ ဈေးနှုန်းကို မရရတဲ့နည်းနဲ့လိုချင်တဲ့ မှုမတ်တွေ ရှိတယ်ဆိုတာ တစ်ကမ္ဘာလုံးက သိနေကြတယ်၊ ကာယ်ရစ်ဘီယန်ပင်လယ်ထဲက ကျွန်းကလေးမှာ သိပ်ကြာနေရင် သူတို့အတွက် ပြန်စရာနိုင်ငံရှိမှာမဟုတ်တော့ဘူး၊ ပြီးတော့ အမေရိကန်လူထုကလဲ ခင်ဗျားတို့ကိုပဲ အပြစ်ပြောလာကြလိမ့်မယ်၊ ဒါဆိုရင် နိုဝင်ဘာရွေးကောက်ပွဲမှာ ရှုံးဖို့သေချာပြီ၊ ပြီးတော့ ဆန့်ရာဖယ်ရေနံချက်စက်ရုံစီမံကိန်းလဲ ပျက်သွားလိမ့်မယ်၊ ပြီးတော့ သူတို့က ရေနံဈေးနှုန်းကို နှစ်ဆတိုးရင်တိုး၊ ဒါမှမဟုတ် ရေနံလုံးဝမရောင်းဘဲ သပိတ်မှောက်ကြလိမ့်မယ်၊ ခင်ဗျားသဲ ရာဇဝင်မှာ စာတင်မခံရပဲ ကမ္ဘာ့လူထုးလူဆန်း စာရင်းထဲမှာပဲ ဝင်သွားလိမ့်မယ်'

'မင်းပြောစရာကုန်ပလား'

သမ္မတကြီးတစ်ယောက် ဒေါသပျောက်ကွယ်သွားပြီး တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။

'လောလောဆယ်မှာတော့ ဒါလောက်ပါပဲ'

ဘရန်ဆန်က ရုပ်မြင်သံကြားကင်မရာ ရိုက်ကူးသူများထံ လက်ငွေ့ယမ်းပြရင်း ပြောလိုက်သည်။

'ငါ ရေနံဘုရင်၊ ရေနံမင်းသား၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ ပြီးတော့ ရဲချုပ် အဲဒီလူတွေနဲ့ စကားနည်းနည်းပြောလို့ရမလား'

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါတယ်၊ အထူးသဖြင့် မြန်မြန်ထက်ထက် ဆုံးဖြတ်နိုင်မယ်ဆိုရင် ပိုကောင်းတာပေါ့'

'လွတ်လွတ်လပ်လပ် သီးသီးသန့်သန့် ဆွေးနွေးလို့ရမလား'

'ဖြစ်ပါတယ်၊ ခင်ဗျားတို့ စီးလာတဲ့ ဘတ်စ်ကားထဲမှာပဲ ဆွေးနွေးကြပေါ့'

'တကယ့်ကို လွတ်လွတ်လပ်လပ် ဆွေးနွေးလို့ရမလား'

'အစောင့်ကတော့ အပြင်ဘက်ကစောင့်နေလိမ့်မယ်၊ ဒါပေမယ့် ဒီကားတွေက အသံလုံတယ်၊ ဒီတော့ ကျုပ် ဂတိပေးထားတဲ့အတိုင်း လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်မှာပါ'

သူတို့အားလုံး ထွက်သွားကြရာ ဘရန်ဆန် တစ်ယောက်သာကျန်သည်။ သူက ဆက်သွယ်ရေးပါရဂူ ခရိုက်စလာကို ခေါ်လိုက်သည်။

'အလယ်ကားထဲက ခိုးနားထောင်မယ့် ပစ္စည်းလေးကို ခလုတ်ဖွင့်ထားပြီးပြီလား'

'အမြဲတမ်း ဖွင့်ထားပါတယ်'

'တို့မိတ်ဆွေကြီးတွေက ထိပ်တန်းလျှို့ဝှက်ကိစ္စတွေ ဆွေးနွေးဖို့ရှိတယ်၊ ဒီတော့ မင်းတို့ကားထဲမှာ အမောဖြေချင်သလား၊ မင်းမညောင်းသေးဘူးလား'

'သိပ်ညောင်းတယ်၊ မစ္စတာဘရန်ဆန်'

ခရိုက်စလာသည် နောက်ဆုံးကားဆီသို့ လျှောက်သွားပြီး ယာဉ်မောင်းသူနံဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ပြီးတော့ ခလုတ်တစ်ခုကိုနှိပ်လိုက်ပြီး နားကျပ်တစ်ခုကို ကောက်ယူလိုက်သည်။ သူကြားနေရသည့်အသံကို ကျေနပ်သွားဟန်နှင့် အခြားခလုတ်တစ်ခုကို နှိပ်လိုက်သည်။ တိတ်ရစ်ကော်ဒါ စလည်လေပြီ။

❒

အေပရဲလ်က ရက်ဇ်ဆန်ကိုပြောလိုက်သည်။

'ကဲ ဒီ (ရှပ်မြင်သံကြားလွှင့်မယ့်)ကိစ္စကို ရှင်ဘယ်လိုထင်သလဲ'

'ဒီအစီအစဉ်ကို ညနေပိုင်းတစ်ခေါက် ပြန်ပြတဲ့အခါကျရင် လူကြိုက်များမများ ခန့်မှန်းတဲ့ နဲလ်ဆင် အကဲဖြတ်ချက် ဘယ်လိုရှိမယ်ဆိုတာ ကိုယ်သိချင်တယ်၊ သရုပ်ဆောင်တဲ့လူတွေ သိပ်ပိုင်တယ်၊ ကြိုဇာတ်တိုက်ထားခဲ့ရင်တောင် ဒီလောက်ကောင်းမှာ မဟုတ်ဘူး'



'ကျွန်မ အဲလိုဆိုလိုတာမဟုတ်ဘူးဆိုတာ ရှင်သိပါတယ်'

'သိပါတယ်၊ တို့ဇာတ်လိုက်ကြီး ပီတာဘရန်ဆန်က အတော်ပိုင်တာပဲ၊ ဥာဏ်ထက်တယ်၊ ဘယ်လိုတယ်ပုံ ဖြစ်လာနိုင်တယ်ဆိုတာမျိုးကို အားလုံးကြိုတွက်ပြီး အဆင်သင့် စီစဉ်ထားတယ်၊ တကယ်တော်တဲ့ စစ်ဗိုလ်ချုပ်ကြီးကျနေတာပဲ၊ ဒီလူမှာ သာမန်လူတွေ လက်သင့်ခံထားတဲ့ အဆိုးအကောင်း ဝေဖန်ပိုင်းခြားမှုမရှိတာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ စည်းကမ်းတွေကို လုံးဝမလိုက်နာတာ၊ အခုကိစ္စကို အပျော်သဘောမျိုး သုံးတာ၊ ပြီးတော့ ဘာကိုမှ အလေးအနက်မထားတဲ့သဘောကို သူမှာ ထူးထူးခြားခြား တွေ့ရတယ်'

'သူ ဘဏ်ငွေစာရင်းကိုတော့ အလေးအနက်ထားမှာပါ'

'ဟုတ်ပါတယ်၊ သူက တို့ကို မရုန်းနိုင်အောင် ချုပ်ကိုင်ထားနိုင်ပြီ'

'ရှင်ဘာလုပ်ဖို့ စိတ်ကူးသလဲ'

'စိတ်ကူးတာက တခြား၊ ဖြစ်တာ မဖြစ်တာကတခြားပဲ'

'ရှင် ဒီနေ့မနက် ကျွန်မကို ပြောထားတဲ့အတိုင်းဆိုရင် ရှင် ဒီလိုခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေတာ အလကားလမ်းလျှောက်နေတာ ဟုတ်မယ်မထင်ဘူး'

'အဲဒီလိုဆိုရင် တဆိတ်လောက် တိတ်တိတ်နေစမ်းပါ၊ ကိုယ်စဉ်းစားပါရစေဦး'

ခဏကြာသောအခါ ရက်ဇ်ဆန်က ပြောသည်။

'ကိုယ် စဉ်းစားပြီးပြီ'

'ကျွန်မ မစောင့်နိုင်တော့ဘူး'

'မင်း နေမကောင်း ထိုင်မသာဖြစ်ဖူးသလား'

အေပရဲလ်က မျက်ခုံးပင့်ပြီး မော့ကြည့်လိုက်ရာ သူမမျက်လုံးစိမ်းကြီးများသည် ပို၍ ပြူးကျယ်လာသလို ထင်လိုက်ရသည်။ သည်မျက်လုံးကြီးများသည် ရှုသေ့ရဟန်းများကိုပင် ဥာဏ်မခိုင်ဈာန်ယိုင်လျှောရတယ် ဆိုသည့်အဖြစ်မျိုး ရောက်စေလိမ့်မည်ဟု ရက်ဇ်ဆန်က တွေးလိုက်သည်။ ထို့ကြောင့် သူ စိတ်တည်ငြိမ်မှုရှိစေရန် ချက်ချင်း မျက်နှာလွှဲလိုက်ရသည်။ အေပရဲလ်က ဖြေသည်။

'နေမကောင်း ဖြစ်ဖူးတာပေါ့၊ ဘယ်သူမဆို တစ်သက်မှာ တစ်ခါတော့ နေထိုင်မကောင်းဖြစ်ဖူးမှာပါ'

'မဟုတ်သေးဘူးလေ၊ ဆေးရုံတက်ရလောက်အောင် နေမကောင်းဖြစ်ဖူးတာမျိုးကိုပြောတာ'

'ဟင့်အင်း၊ အဲဒီလိုတော့ တစ်ခါမှ မဖြစ်ဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မင်းငါ့ကို ကူညီချင်တယ်ဆိုရင် မကြာခင် မင်းဆေးရုံတက်ရလောက်အောင် နေမကောင်းထိုင်မသာ ဖြစ်ဖို့လိုတယ်'

'ရှင့်ကိုကူညီပါမယ်လို့ ပြောခဲ့ပြီးပြီပဲ'

'အင်မတန်ချောမောလှပတဲ့ မိန်းကလေးတောင် စိတ်ဓာတ်မာကြောလာပြီပဲ ဒါပေမယ့် စွန့်စွန့်စားစားလုပ်ရမှာနော၊ မိသွားရင် မင်းဝန်ခံလာအောင် ဘရန့်ဆန်က နှိပ်စက်လိမ့်မယ်၊ ဒေါ်လာသန်းငါးရာ အဆုံးခံရမယ့်ကိစ္စဖြစ်နေလို့ ချက်ချင်း စကားပြောအောင် လုပ်တော့မှာ သေချာတယ်'

'ကျွန်မကတော့ ရှင့်တော်လှန်ရေး အာဇာနည်မယ်တွေလို ကြိတ်မှိတ်ခံနိုင်မှာ မဟုတ်ဘူး၊ ချက်ချင်းဖွင့်ပြောမှာ၊ ကျွန်မအနာမခံနိုင်ဘူး၊ နေပါဦး၊ ဘာကိစ္စနဲ့ မိသွားရမှာလဲ'

'ကိုယ့်အတွက်စာသွားပေး ပေးဖို့ပြောတာ၊ ဟဲ ခဏနေပါဦးကွာ၊ ကိုယ်စဉ်းစားဦးမယ်'

ရက်ဗ်ဆန်သည် ကင်မရာကိုဖြုတ်လိုက်ပြီးနောက် ဘတ်စ်ကားကြီးများ၊ ရထားယာဉ်များ၊ လေယာဉ်ပျံပစ် အမြောက်များ၊ အစောင့်အကြပ်များကိုတောင် ဘတ်တံတိုင်းမျှော်စင်နှင့် ဆန့်ဖရန်စစ္စကိုမြို့ ရှုခင်းအား နောက်ခံထား၍ ဓာတ်ပုံတစ်ပုံတစ်ပုံပြီး ရိုက်ယူနေသည်။ အလွန် အလုပ်လုပ်နေသူတစ်ဦးနှင့် တူနေသေးတော့သည်။ ထို့နောက် လူနာတင်ယာဉ်တွင် မှီ၍ရပ်နေသော ကုတ်အင်္ကျီအဖြူနှင့် ပုဂ္ဂိုလ်ကို တင်မရာနှင့် ချိန်လိုက်သည်။ အဆိုပါဆရာဝန်က

'ကျုပ်တော့ နေ့ချင်း ညချင်း နာမည်ကြီးတော့မှာပဲ'

'ဟုတ်တာပေါ့၊ အဲဒီသူမဆို ထင်ပေါ်ကျော်ကြားချင်ကြတာပဲ မဟုတ်လား'

'ဒီဆရာဝန်ကတော့ နာမည်မကြီးချင်ဘူး၊ ပြီးတော့ လူနာတင်ယာဉ်ကို ဘယ်နေရာမဆို ဓာတ်ပုံရိုက်လို့ရသားပဲဥစ္စာ'

'ဒါဆိုရင် ခင်ဗျား စိတ်ရောဂါကုဆရာဝန်နဲ့တွေ့ဖို့ လိုနေပြီ'

ရက်ဗ်ဆန်က ကင်မရာကို ပြန်သိမ်းလိုက်သည်။ ပြီးမှ 'ဒီနိုင်ငံမှာ ဓာတ်ပုံအရိုက်မခံချင်တဲ့လူဟာ ပေါင်းရသင်းရခက်တဲ့ လူ့ခွစာပဲဆိုတာ ခင်ဗျားမသိဘူးလား၊ အဲ ကျုပ်နာမည်က ရက်ဗ်ဆန်ပါ'

'ကျုပ်ကတော့ အိုဟဲယားပါ'

အိုဟဲယားသည် အသက်ခပ်ငယ်ငယ်၊ ဆံပင်နီကျင်ကျင်နှင့် မျော်တတ်ရှင်တစ်ပုံရသည်။ ပြီးတော့ အိုင်းရစ်ရှ်မျိုးနွယ်စုမှ ဆင်းသက်ပေါက်ဖွားလာသူ ဖြစ်ကြောင်း



သိသာထင်ရှားသည်။

'ခင်ဗျား ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုယူဆသလဲ'

'ကျုပ်ပြောတယ်လို့ (သတင်းစာထဲမှာ) ထည့်ရေးမှာလား'

'ကျုပ် ဓာတ်ပုံဆရာပါ'

'ကိစ္စမရှိပါဘူးလေ၊ ကျုပ်ပြောတယ်လို့ ထည့်ရေးချင်ရေးပါ၊ ကျုပ်ကတော့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတဲ့လူရဲ့နှားရွက်ကို တံတွေးဆွတ်ရရင်ကျေနပ်ပြီ'

'ထင်တဲ့အတိုင်းပဲကိုး'

'ဗျာ ဘယ်လို'

'ခင်ဗျား ဆံပင်ကနီလို့ ပြောတာ'

'ဘာဆိုင်လဲဗျာ၊ ကျုပ် ဆံပင်နက်ရင် ဒါမဟုတ်ဆံပင်ဝါရင် ဒါမှမဟုတ် ဆံပင်ချောင်နေရင်လဲ ဒီလိုပဲနေမှာပါ၊ ကျုပ် ဈာတဲ့လူတွေကို ကြည့်မရဘူး၊ ပြီးတော့ သမ္မတကြီးကို လုပ်ပုံအလယ်မှာ အရှက်ခွဲတာ ကျုပ်မကြိုက်ဘူး'

'ဒါဖြင့် ခင်ဗျားက သမ္မတကို ထောက်ခံတဲ့လူပဲ'

'အဲဒါဘာဖြစ်လဲ၊ သူလဲ ကယ်လီဖိုးနီးယားနယ်သား၊ ကျုပ်လဲ ကယ်လီဖိုးနီးယားနယ်သား၊ ဒါကြောင့် အလျှင်တပတ်က သူ့ကိုမဲပေးတယ်၊ နောက်တစ်ကြိမ် အရွေးခံရင် သူ့ကိုပဲ မဲပေးမယ်၊ သူက အိုက်တင်ခံတတ်တယ်၊ ဒါပေမယ့် သိပ်မဆိုးလှပါဘူး၊ စိတ်ရင်းကောင်းပါတယ်'

'ခင်ဗျား သူ့ကိုကူညီနိုင်ပါ့မလား'

အိုဟဲယားက သူ့ကိုပြန်ကြည့်သည်။ ပြီးမှ

'တော်တော်ဆန်းတဲ့ မေးခွန်းပဲ၊ အဲလေ ကျုပ်ကူညီမှာပေါ့'

'သူ့အတွက် ခင်ဗျား ကျုပ်ကို ကူညီမလား'

'ခင်ဗျားက သူ့ကို ဘယ်လိုကူညီနိုင်မှာတုံး'

'ခင်ဗျားကသာ ကူညီမယ်လို့ ပြောရင် ကျုပ် ဘယ်လိုကြံစားပြီး ကူညီမယ်ဆိုတာတို့ပြောပြမယ်'

'နေပါဦး၊ ခင်ဗျားက ဒီပြင်လူတွေထက် ဘယ်နေရာမှာပိုသာလို့ ကူညီနိုင်မှာတုံး'

'အထူးအရည်အချင်း ရှိလို့ပေါ့ဗျာ၊ ကျုပ် အစိုးရဝန်ထမ်းလေ'

'ဒါဖြင့် ဒီကင်မရာကကော ဘာလဲ'

'တယ်ခက်ပါလား၊ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ တော်တော်ဦးနှောက်ကောင်းဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုတယ်ထင်ခဲ့မိတာ၊ ခင်ဗျားက ဘယ်လိုမျှော်လင့်ထားတာတုံး။ ကျုပ် ရင်ဘတ်ပေါ်မှာ အက်ဖ်ဘီအိုင်စုံထောက်ပါဗျို့လို့ စာဆွဲထားရမှာလား'

အိုဟဲယားက ပြုံးလိုက်သည်။

'ဒီလိုတော့မဟုတ်ပါဘူး၊ ဒါပေမယ့် အက်ဖ်ဘီအိုင်က စုံထောက်တွေအားလုံး ကားကိုဒေါင်ထဲမှာ ကျန်ရစ်ခဲ့ပြီလို့ သတင်းဖြစ်နေတယ်၊ ပြီးတော့ သတင်းစာဆရာတွေ စီးတဲ့ကားထဲမှာပါလာတဲ့ စုံထောက်တွေကိုလဲ ရှာဖွေပြီး တံတားပေါ်က ပြန်လွှတ်လိုက်ပြီလို့ ပြောနေတယ်'

'ဒါပေမယ့် ကျုပ်တို့က ကျုပ်တို့လူတွေကို တစ်နေရာတည်းမှာ စုပြုံထားတာကြတာမဟုတ်ဘူး'

'ဟုတ်ပါတယ်၊ ဒါပေမယ့် စုံထောက်တွေကလဲ ကျုပ်စုံထောက်ပါလို့ ဖွင့်ပြောလေ့မရှိဘူး'

'ဒီစုံထောက်ကတော့ သူ့အကျဉ်းအကျပ် တွေ့နေပြီဆိုရင် ဘယ်သူ့ကိုမဆိုထုတ်ပြောမှာပဲ၊ ကျုပ်အခု ဒုက္ခတွေ့နေပြီလေ'

'ဒါစောင့်ထိန်းရမယ့် လူ့ကျင့်ဝတ်နဲ့ ညီညွတ်မယ်ဆိုရင် . . .'

'ဒါထုတ်ပြောမိလို့ ခင်ဗျားတို့ ကတိသစ္စာဆိုထားတဲ့ ဟစ်ပိုကရေးတီးရဲ့ ကတိသစ္စာကို ဖျက်ပြယ်သွားမှာ မဟုတ်ပါဘူး၊ ပြီးတော့ ဘရန်ဆန်တစ်ယောက် ထောင်ထဲရောက်အောင် ခင်ဗျားကူညီမလား၊ မကူညီဘူးလား ဆိုတာသာပြောစမ်းပါ'

'သူ ထောင်ထဲရောက်ရစေမယ်လို့ အာမခံသလား'

'အာမတော့မခံနိုင်ဘူး'

'စိမ်လိုဗ်ဗျာ၊ တဲ ကျုပ်ဘာလုပ်ပေးရမလဲ'

'ကျုပ်တို့ဆီမှာ ခပ်ချောချော ခပ်ငယ်ငယ် အမျိုးသမီးဓာတ်ပုံဆရာမ တစ်ယောက်ပါလာတယ်၊ သူ့နာမည်က ဓအေပရဲလ်ဝင်းနက်စ်ဒေးတဲ့'

အိုဟဲယားတစ်ယောက် ချက်ချင်းမြူးသွားသည်။

'အို့ဟိုး၊ ဟိုမျက်လုံးစိမ်းစိမ်းနဲ့ ကလေးမလေး မဟုတ်လား'

'သိပ်ဟုတ်တာပေါ့၊ သူ့ကို ကျုပ်အတွက် ကမ်းပေါ်ကို သတင်းပို့ခိုင်းချင်လို့ ပြီးတော့ တစ်နာရီနှစ်နာရီအတွင်း ကျုပ်ဆီကို သတင်းပြန်ယူလာစေချင်တယ်၊ ကျုပ် ဒီသတင်းကို လျှို့ဝှက်သင်္ကေတနဲ့ရေးပြီး၊ ဓာတ်ပုံရိုက်မယ်၊ ပြီးတော့ အဲဒီဖလင်လိပ် ခင်ဗျားကိုပေးလိုက်မယ်၊ ဖလင်လိပ်က စီးကရက်တစ်ပိုင်းလောက်ပဲရှိမယ်၊ ဒီတော့ ခင်ဗျားတို့ ဆရာဝန်တွေသွားလေရာ၊ လာလေရာ ယူသွားလေ့ရှိတဲ့ ဗူးတွေပုလင်းတွေ



ထဲမှာ လွယ်လွယ်လေးဝှက်ယူသွားနိုင်မှာပါ၊ ပြီးတော့ ဆရာဝန်ကို ဘယ်သူကမှ ဆေးလား စမ်းလား လုပ်လေ့လုပ်ထမရှိဘူး'

'အခုကော၊ ဟုတ်သေးရဲ့လား'

အိုဟဲယားက ဒေါသတကြီး ပြန်ပြောလိုက်ခြင်းဖြစ်သည်။

'သိပ်အလျှင်စလိုတော့ မဟုတ်ပါဘူး၊ ဟို မစ္စတာမီလ်တန်၊ ကွာရီနဲ့ ဟင်းဒရစ်ဆိုလူစုကို တံတားပေါ်ကအစောင့်အကြပ်နဲ့ လိုက်ပို့ပြီးချိန်အထိ စောင့်ရလိမ့်မယ်၊ အဲဒီအချိန်လောက်ကျရင် ဘယ်သဝေထိုးနေမှန်းမသိတဲ့ မစ္စတာ ဟောဂင်ဘက် တစ်ယောက်လဲ ပြန်ရောက်ကောင်းပါရဲ့'

'ဟောဂင်ဘက်၊ ဟုတ်လား၊ ဟိုလူလိမ်လူညာ . . .'

'ခင်ဗျား ကျုပ်ဆရာသမားကို အဲဒီလိုမပြောပါနဲ့၊ ပြီးတော့ ဒီမော်တော်ကားဟာ ရိုးရိုးလူနာတင်ကားပဲ မဟုတ်လား၊ ဒီကားမှာ ထုံးစံအတိုင်း သယ်လာလေ့ရှိတဲ့ ဆေးဝါးတွေအပြင်၊ အောက်ဆီဂျင်ဗူး၊ နှလုံးရောဂါကုတဲ့စက်စတဲ့ ပစ္စည်းတွေကလွဲရင် အခြားထူးထူးထွေထွေပစ္စည်း ဘာမှမပါဘူးမဟုတ်လား'

အိုဟဲယားက ခေါင်းခါပြသည်။

'ဒီတော့ ရောဂါရှာဖွေပေးနိုင်တဲ့စက်တွေ၊ ပြီးတော့ မေ့ဆေးဆရာဝန် ပါလာတဲ့အထိအောင် ခွဲစိတ်ကုသပေးနိုင်တဲ့ ကိရိယာတန်ဆာပလာတွေ ပါမလာဘူး မဟုတ်လား၊ အဲလေ တကယ်တော့ မေ့ဆေးဆရာဝန်လဲပါမလာဘူး၊ ဒါကြောင့် နောက်တစ်နာရီလောက်ကြာရင် မစ္စအေပရဲလ် ပြင်းပြင်းထန်ထန် ဝေဒနာခံစားရပြီး နေမကောင်းထိုင်မသာ ဖြစ်လာမယ်၊ ဒီတော့ ခင်ဗျားက သူ့ကိုစစ်ဆေးပြီး ချက်ချင်းဆေးရုံတင်ပါ၊ ဘာရောဂါလဲဆိုတာ ဆန်းစစ်ပေးပါ၊ ပြီးတော့ လိုအပ်ရင် ခွဲစိတ်ကုသပေးပါလို့ တောင်းဆိုရမယ်၊ ဘာရောဂါလဲလို့တော့ ကျုပ်ကိုမမေးနဲ့၊ အူအတက်ပေါက်သွားတဲ့ရောဂါ၊ ဒါမှမဟုတ် သွေးအဆိပ်ဖြစ်တဲ့ရောဂါ စသည်ဖြင့် ရောဂါတစ်ခုခုပြောပေါ့ဗျာ'

အိုဟဲယားက ရက်ဗ်ဆန်ကို အထင်သေးသောမျက်နှာနှင့် ပြန်ကြည့်လိုက်သည်။

'ဘယ်ဖြစ်မလဲ၊ အခုချက်ချင်း ကျောင်းကထွက်လာတဲ့ ဆရာဝန်ပေါက်စနတွေတောင် အူအတက်ပေါက်သွားတဲ့ ရောဂါကို လက်နဲ့တင်စမ်းပြီး အတတ်ပြောနိုင်တယ်ဆိုတာ ခင်ဗျားမသိဘူးလား'

'ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ အဲဒီရောဂါကိုမစမ်းတတ်ဘူး၊ ဒီတံတားပေါ်မှာရှိတဲ့ လူတွေလဲ စမ်းသပ်တတ်မယ်မထင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ခင်ဗျားပြောတာမှန်တယ်၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကို ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ် ကြိုအကြောင်းကြားရမယ်၊ ဒါမှ သူ့ကို ဆေးတစ်လုံး နှစ်လုံး ထိုးပေးထားဖို့ အချိန်ရမယ်၊ ဘရန်ဆန် ဒါမှမဟုတ် ဒီပြင်လူတစ်ယောက်ယောက် လာတဲ့အခါကျတော့ တကယ်နေမကောင်းတဲ့ပုံစံမျိုးဖြစ်နေမယ်၊ ဒါပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး'

'အေပရဲလ်ကတော့ သူ့အသားနာတာကို မခံနိုင်ဘူးလို့ ပြောတာပဲ'

အိုဟဲယားက သွားနှုတ်ပေးမည့် ဆရာဝန်လေသံနှင့်ပြောလိုက်သည်။

'သူသိတောင် သိလိုက်မှာမဟုတ်ဘူး၊ ပြီးတော့ ဒါကနိုင်ငံတော်အတွက် မဟုတ်လား၊ နေပါဦး၊ နောက်နှစ်နာရီလောက်ကြာရင် သတင်းစာဆရာတွေ သူတို့သတင်းကို တောင်ဘက်ဝင်းထရံကတဆင့် ပို့ကြတော့မှာ မဟုတ်လား၊ ခင်ဗျား အဲဒီအချိန်အထိ မစောင့်နိုင်ဘူးလား'

'ဒီတော့ ကျုပ်တ ဒီသတင်းအတွက် အဖြေကို နောက်တစ်ပတ်အကြာမှ ပြန်သိရတော့မှာလား၊ မဖြစ်ဘူး၊ ဒီကနေ့ညနေမှာ အဖြေပြန်သိချင်တယ်'

'ခင်ဗျားက လောလှချည်လား'

'ဒုတိယကမ္ဘာစစ်အတွင်းဆိုရင် ဝင်စတန်ချာချီက တပ်မတော်နဲ့ အစိုးရအတွက် ညွှန်ကြားချက်တွေပေါ်မှာ "ဒီကိစ္စကို ဒီကနေ့လုပ်" လို့ ရေးပေးလေ့ရှိတယ် ကျွဲက ဝင်စတန်ချာချီကို သိပ်သဘောကျနေတဲ့လူ'

ရက်ဗ်ဆန်သည် ပြုံးတုံးတုံးဖြစ်နေသော အိုဟဲယားထံမှ အေပရဲလ်ထံ ပြန်လာပြီး သူ့မေတ္တာရပ်ခံချက်ကို အိုဟဲယားလက်ခံကြောင်း ရှင်းပြသည်၊ အေပရဲလ်က ချက်ချင်းပြန်မေးသည်၊

'ကျွန်မပြန်လာတဲ့အခါကျရင် အသံလွှင့်ဖမ်းရေဒီယို အသေးကလေးတစ်လုံး ပြန်သယ်ခဲ့ရမလား'

ရက်ဗ်ဆန်က အေပရဲလ်ကို ကရုဏာသက်သော မျက်နှာထားနှင့် ကြည့်လိုက်သည်၊

'မင်းတွေးတတ်သားပဲ၊ ဒါပေမယ့် မဖြစ်ဘူး၊ အီလက်ထရွန်နစ်နဲ့ စုံစမ်းထောက်လှမ်းတဲ့ကိစ္စမျိုးတွေ မင်းနဲ့ဖြစ်မှာမဟုတ်ဘူး၊ အဲဒီလို အသံလွှင့်ဖမ်းစက်ကလေး ကိုယ့်တင်မရာအောက်မှာတွဲထားတယ်၊ ဒါပေမယ့် သူတို့စီးလာတဲ့ ကားခေါင်မိုးပေါ်မှာ လည်နေတဲ့ ဟိုအပြားဝိုင်းဝိုင်းကြီးဟာ ရေဒီယိုအသံလှိုင်းတွေကို လိုက်ဖမ်းနေတဲ့ တိရိယာပဲဖြစ်ရမယ်၊ ကိုယ်သာ အဲဒါနဲ့ စကားပြောရင် ငါးစက္ကန့်အတွင်း မိသွား



သိမ့်မယ်။ ကဲ မင်းဘယ်လိုပုံစံမျိုး လုပ်ရမယ်၊ ဘယ်လိုနေရထိုင်ရမယ်ဆိုတာတို ပြောပြမယ်၊ ကောင်းကောင်းနားထောင်နော်'

သူစကားဆုံးသောအခါ အေပရဲလ်က ပြန်ပြောသည်။

'နားလည်ပါပြီ ဒါပေမယ့် သူ့ဆေးထိုးအပ်ကြီးနဲ့ အထိုးခံရမှာကိုတော့ ကြောက်တယ်'

ရက်ဗ်ဆန်က ချော့ချော့မော့မော့ ပြောလိုက်သည်။

'မင်းသိတောင် သိလိုက်မှာမဟုတ်ဘူး။ ပြီးတော့ ဒါက နိုင်ငံတော်အတွက်ပဲ မဟုတ်လား'

ရက်ဗ်ဆန်သည် အေပရဲလ်ကို ထားခဲ့ပြီး ရှေ့ဆုံးကားဆီသို့ အမှတ်မထင် ပြန်လျှောက်လာသည်။ သမ္မတကြီး စီးလာသောကားထဲ၌ ပြောဆိုနေကြသံများတို မကြားရသော်လည်း သူတို့အမူအရာကို ကြည့်ရခြင်းအားဖြင့် သဘောတူညီမှု မရကြသေးကြောင်း ခန့်မှန်း၍ရသည်။ သို့သော် ဤကိစ္စကို အလွယ်တကူ သဘောတူညီကြရန် မလွယ်ကြောင်းလည်း သူသိသည်။ နောက်ဆုံးကား၏ ရှေ့ပိုင်းတွင် ဘရန်ဆန်နှင့် ခရိုက်စလာတို့နှစ်ဦး အိပ်ငိုက်နေကြပုံရသည်၊ သို့သော် အိပ်ငိုက်နေခြင်းတော့ ဟုတ်တန်မတူ၊ အကယ်၍ အိပ်ငိုက်နေကြသည့်တိုင်အောင် နီးနီးကြားကြား ရှိကြသည့် အစောင့်အကြပ်များက ခေါက်တုံ့ခေါက်ပြန်လမ်းသလားရင်း ဟိုနားတွင် တစ်စု၊ သည်နားတွင် တစ်စု၊ ရုံစုရုံစုလုပ်ရင်း တစ်စက္ကန့်မှ နှစ်စက္ကန့်အတွင်း အရေးအကြီးဆုံး ကိစ္စကြီးတစ်ခု ထပ်ပေါ်လာလေမလားဟု စောင့်ကြပ်နေကြပုံရသည်။

ရက်ဗ်ဆန်က ရှေ့ဆုံးကားထဲဝင်ထိုင်လိုက်သည်။ ကားထဲတွင် မည်သူမျှမရှိ၊ သူက သူ့ထိုင်ခုံတွင်ပြန်ထိုင်ပြီး ကင်မရာကိုပခုံးမှဖြုတ်ပြီး အိတ်ထဲက ဘောလ်ပင်နှင့် (ပေါက်တတ်ကရတွေရေးနေသည်ဟုထင်ရသော) စာလုံးများကို ခပ်မြန်မြန်ရေးနေသည်၊ တချို့ကမူ လျှို့ဝှက်သင်္ကေတ စာအုပ်မပါလျှင် လုံးဝမရေးတတ်ကြ၊ ရက်ဗ်ဆန်ကမူ စာအုပ်မလိုသည့် လူစားမျိုးဖြစ်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၆ )

အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူး ဟောဂင်ဘက်သည် အသက်ခြောက်ဆယ့်ငါးနှစ်ခန့်ရှိပြီး ငွေရောင်ဆံပင်ကို ခပ်တိုတိုညှပ်ထားသလို ငွေရောင်နှုတ်ခမ်းမွှေးကိုပါ ခပ်တိုတိုညှပ်ထားသည်။ အနည်းငယ်တွဲကျနေသော မျက်ခွံအောက်မှ ပြာလဲ့လဲ့မျက်လုံးအစုံသည် မျက်တောင်လုံးဝမခတ်သလို ထင်ရသည်။ ပြီးတော့ သူမျက်နှာထားက အမြဲတမ်း 'တည်'နေသဖြင့် လန့်စရာကောင်းသူတစ်ဦးလည်းဖြစ်သည်။ အက်ဖ်ဘီအိုင်ရှိ အထက်တန်းအရာရှိများအကြားတွင် ဟောဂင်ဘက်တစ်ယောက် ပြုံးသည်ကို မြင်ရသောနေ့တွင် ထိုနေ့အတွက်'လောင်းထားသူယူကြေး'ဟု သတ်မှတ်ထားသော လောင်းကြေးတစ်ခုရှိသည်။ သို့သော် ထိုလောင်းကြေးကို ငါးနှစ်အတွင်း မည်သူမျှ မရကြသေးချေ။

ဟောဂင်ဘက်သည် ဥပဒေရှပ်သာကောင်းသည်မဟုတ်၊ တကယ်တော်သူလည်းဖြစ်သည်။ သူ့တွင် မိတ်ဆွေသူငယ်ချင်း ရှိပုံရလည်းမရ၊ ရှိလည်းမရှိ။ လုပ်ငန်းတွင်စွဲစွဲမြဲမြဲ စောက်ချလုပ်တတ်သူများတွင် မိတ်ဆွေသူငယ်ချင်း မရှိတတ်ကြ။ ဟောဂင်ဘက်သည် သူ့အလုပ်ကို စွဲစွဲမြဲမြဲ စောက်ချလုပ်တတ်သူဖြစ်သည်။ သူအက်ဖ်ဘီအိုင်အကြီးအကဲ မဖြစ်မီ ထိုရာထူးတွင် ဆောင်ရွက်ခဲ့ဖူးသူများအနက် တစ်ဦးက သူ့ထံတွင် အိမ်ဖြူတော်ရှိ ဝန်ထမ်းအားလုံးအပါအဝင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်အမတ်အားလုံး၏ ကိုယ်ရေးသမိုင်းစာတွဲ အပြည့်အစုံရှိသည်ဟု ဆိုဖူးသည်။ ထို့ကြောင့် ဟောဂင်ဘက်ကသာ ခြိမ်းခြောက်ပြီးငွေညှစ်မည်ဆိုပါက သဌေးကြီးတစ်ဦး



ဖြစ်လာမည်မှာမလွဲ။ သို့သော် သူက ငွေမက်သူမဟုတ်၊ ထို့အတူ အာဏာကိုလည်း သူမမက်။ ပြီးတော့ အဂတိလိုက်စားမှုမှန်လျှင် ဘယ်မှာပဲတွေ့တွေ့၊ ဘယ်အချိန်ပဲတွေ့တွေ့ မဆုတ်မဆိုင်း ဖြိုခွင်းရန် သန္နိဋ္ဌာန် အပြည့်အဝချထားသူလည်းဖြစ်သည်။

သူက ရေတပ်ဗိုလ်ချုပ်ကြီး နယူဆန်နှင့် ကြည်းတပ်ဗိုလ်ချုပ်ကြီး ကာတာတို့ သုံးကြည့်လိုက်သည်။ နယူဆန်က ဝဝဖိုင့်ဖိုင့်၊ အသားနီစပ်ဖြန့်။ ကာတာကမူ အရပ်ရှည်ရှည် ခပ်ပိန်ပိန်။ သူ့ဆရာသမား ဗိုလ်ချုပ်ကြီးကတ်တလန်လို ဘာကိုမှ အလေးအနက်မထားသည့်ပုံစံမျိုး ရှိသည်။ သူသည် ဗုဒ်တို့နှစ်ယောက်နှင့် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်မှစ၍ ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သည်။ သို့သော် နာမည်ကို အဖျားဆွတ်၍ ခေါ်လေ့မရှိ။ တစ်ခါ ဟောဂင်ဘက်ကိုလည်း တစ်ဦးတစ်ယောက်သော ဖူရှိုလ်တာမျှ နာမည်အဖျားဆွတ်၍ မခေါ်ရဲကြ။

ဟောဂင်ဘက်က ပြောလိုက်သည်။

'ဒါဖြင့် ခုအထိ ခင်ဗျားတို့ တိတိကျကျ မဆုံးဖြတ်နိုင်သေးဘူး၊ ဒီလိုလုပ်ရင် ကောင်းမလားပဲဆိုတဲ့ မသေမချာ အစီအစဉ်လောက်ပဲ ရှိသေးတယ်ပေါ့'

နယူဆန်က ဖြေသည်။

'ဒီကိစ္စမျိုးက ဖြစ်တောင့်ဖြစ်ခဲ၊ အလျင်ကလဲ တစ်ခါမှဖြစ်တာ မဟုတ်ဘူး။ ပြီးတော့ ကာတာနဲ့ကျုပ်က ဝန်းကနဲ ဒိုင်းကနဲ ထလုပ်ရမှ ကျေနပ်တဲ့လူစားမျိုး၊ ဒါပေမယ့် ခုအချိန်အထိ ဝုန်းကနဲ ဒိုင်းကနဲလုပ်ဖို့ မလွယ်သေးဘူး၊ ကဲ ခင်ဗျားရဲ့ စိတ်ကူးစိတ်သန်းကိုလည်း ကြားပါရစေဦး'

'ကျုပ်က ခုမှရောက်လာတဲ့လူပါ။ ခုချက်ချင်း ဘာလုပ်သင့်တယ်ဆိုတာမျိုး ခင်ဗျားတို့ တွေးလို့ရကြပြီလား'

'ခုထိတော့ ဒုတိယသမ္မတကြီး ရောက်လာတဲ့အထိ စောင့်ဖို့ပဲ'

'ဒုတိယသမ္မတက လူပျော့ လူညံ့ပဲ၊ သူပျော့ညံ့တယ်ဆိုတာ လူတိုင်းသိတယ်'

'ဘာပဲဖြစ်ဖြစ်၊ ကျုပ်တို့ လုပ်ချင်တဲ့ကိစ္စမှန်သမျှ လုပ်လို့ရအောင် သူ့သဘောတူအတည်ပြုပေးမှဖြစ်မှာ၊ ပြီးတော့လဲ မစ္စတာမိလ်တန်၊ မစ္စတာကွာရီနဲ့ ရဲချုပ် ဟင်းဒရစ်ဂျီတို့ ပြန်လွှတ်တဲ့အထိစောင့်ပြီး သူတို့နဲ့ ပထမဆွေးနွေးသင့်တယ်'

'ပြန်လွှတ်ပေးခဲ့ရင်ပေါ့လေ'

'ဟင်းဒရစ်ကတော့ သူ့တို့ကို ပြန်လွှတ်ပေးမှာပဲလို့ တထစ်ချတွက်ထားတယ်။ ပြီးရော့ ဘရန်ဆန်အကြောင်း သူ့ထက်ပိုသိတဲ့လူမရှိဘူး၊ ပြီးတော့လဲ ကြားဝင်စေ့စပ်ပေးမယ့်လူ လိုဦးမှာပဲမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ငှင်းနောက် သူက နယူးဂျာဆီသတော်မှတဆင့် ရက်ဝ်ဆန်ပို့လိုက်သော (သတင်း)စာရွက်ကလေးကို ကောက်ယူရင်းထပ်ပြောလိုက်သည်။

'ခင်ဗျား ဒီဥစ္စာကို ဘယ်လောက်အထိယုံထားသလဲ'

ဟောဂင်ဘက်က ထိုစာရွက်ကိုလှမ်းယူပြီး ခပ်ကျယ်ကျယ်ဖတ်လိုက်သည်။

'ခဏစောင့်ပါ၊ ချက်ချင်း ဘာမှထမလုပ်ပါနှင့်၊ လုံးဝအကြွမ်းမဖက်ပါနှင့်၊ အခြေအနေကို စောင့်ကြည့်ပါရစေ၊ အသံလွှင့်အသံဖမ်းစက်ကို လုံးဝမသုံးရဲ ဒီမားပြ တွေက ရေဒီယိုအသံလွှင့်လေလှိုင်းကို လိုက်ဖမ်းနေတဲ့ စက်ကိရိယာကို အချိန်ပြည့် ဖွင့်ထားတယ်၊ ညနေပိုင်းမှာ ပြန်ဆက်သွယ်မယ်'

ဟောဂင်ဘက်က စာရွက်ကိုပြန်ချရင်းပြောလိုက်သည်။

'အင်း စုံနေတာပဲ၊ ရေးထားလိုက်တာ'

ကာတာက ဝင်မေးသည်။

'အဲဒီ ရက်ဝ်ဆန်ဆိုတဲ့ ငတိက ဘယ်လိုလူစားမျိုးလဲ'

'သူလား၊ သွေးအေးအေးနဲ့ လက်ရဲဇက်ရဲရှိတာယ်၊ မာနကြီးတယ်၊ သူ့ကို ဆရာလုပ်တာလုံးဝမကြိုက်ဘူး၊ ပြီးတော့ သူကတစ်ကိုယ်တော် လုံးချင်းသမား၊ ချောင်ပိတ်မိတော့မှပဲ အထက်အရာရှိနဲ့ ဆွေးနွေးညှိနှိုင်းတယ်၊ ဒါပေမယ့် နောက်တော့သူလုပ်ချင်တာကို ဇွတ်လုပ်တဲ့ လူစားမျိုး'

'ဒီစကားကြားရတာ တော်တော်အားရှိစရာကောင်းတယ်၊ ဒီလို စိတ်မမှန်တဲ့ လူတစ်ယောက် ဒီခရီးစဉ်မှာ ဘာလုပ်ဖို့ပါသွားရတာလဲ'

နယူဆန်၏ ငေါ်တော့တော့လေသံကို ဟောဂင်ဘက်က ပြန်ဖြေသည်။

'သူစိတ်မှန်ပါတယ်၊ ပြီးတော့ သိပ်ခေါင်းအေးအေးထားတတ်တဲ့ လူစားမျိုး သူက ဉာဏ်ထက်တယ်၊ အကြံအဖန်လဲ ကောင်းတယ်၊ အဲဒါကို ထည့်ပြောဖို့ မေ့သွားတယ်'

နယူဆန်က ထပ်မေးသည်။

'ဒါဖြစ်ရင် သူဟာ ခင်ဗျားကိုယ်တိုင် တမင်ရွေးထားတဲ့ လက်ရွေးစင်တစ်ယောက်ပေါ့'

ဟောဂင်ဘတ်က ခေါင်းညိတ်သည်။

'သူက စုံထောက်တွေထဲမှာ အတော်ဆုံးပဲလား'

'မပြောတတ်ဘူး၊ ခင်ဗျားလဲ ကျုပ်တို့အဖွဲ့ ဘယ်လောက်ကြီးတယ်ဆိုတာ သိသားပဲ မဟုတ်လား၊ ကျုပ်က စုံထောက်တစ်ဦးချင်းကို ဂယနဏသိထားဖို့ မလွယ်



ဘူး ဒါပေမယ့် သူဟာ ကျုပ်သိသမျှထဲမှာတော့ အတော်ဆုံးပဲ'

'သူက ဘရန်ဆန်နဲ့ ယှဉ်နိုင်လောက်အောင် တော်ရဲ့လား'

'ကျုပ် ဘရန်ဆန့်အကြောင်းမသိလို့ အဲဒါတော့ မပြောတတ်ဘူး၊ ဒါပေမယ့် ဆစ်ခုသေချာတာက ရက်ဝ်ဆန်ဟာ အပြင်ကရမယ့်အကူအညီကို အားကိုးရမှာတော့ သိပ်သေချာတယ်'

ဟောဂင်ဘက်က အားပါးတရပြောချလိုက်သည်၊ ကာတာက မေးလိုက်ပြန်၏။

'ဒီငတိက ဒီညနေမှာကျုပ်တို့ကို ဘယ်လိုဆက်သွယ်မှာတုံး'

ဟောဂင်ဘက်က ပြန်ဖြေသည်။

'ကျုပ်မသိဘူး၊ ဒါပေမယ့် ဒီစာကို အပြင်ရောက်အောင်သူပို့နိုင်ခဲ့တယ် မဟုတ်လား ခင်ဗျားတို့ကကော ဘာများစဉ်းစားမိကြသေးသလဲ'

နှစ်ယောက်စလုံးခေါင်းခါပြသည်။

'ကျုပ်လဲ မသိဘူး၊ ဒါပေမယ့် ဒီငတိကြံတတ်ဖန်တတ်ပါတယ်လို့ ကျုပ် ပြောခဲ့တယ်မဟုတ်လား'

□

ဘရန်ဆန်သည် နောက်ဆုံးဘတ်စ်ကားနှင့် သမ္မတစီးသော ကားနှစ်စီးအကြား ခုံတားပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ့ကို ကြည့်ရသည်မှာ စိတ်သောင့်သက်သာ ရှိလှသည်။ ညနေစောင်းတွင် အမောပြေ၊ အမန်းပြေ လမ်းလျှောက်နေသည့်ပုံစံမျိုးဖြစ်သည်။ တကယ်တော့ ရာသီဥတုကလည်း သာယာလှသည်။ ဘရန်ဆန်သည် သူလက်ပတ်နာရီကို တစ်ချက်ကြည့်ပြီးနောက် သမ္မတ စီးလာသာတားဆီသို့ အေးအေးသက်သာလျှောက်သွားပြီး တံခါးကိုခေါက်၍ ဆွဲဖွင့်ပြီး ကားထဲသို့ ဝင်လိုက်သည်။ သူက ကားထဲတွင်ရှိနေသူများကို မျက်စိတစ်ချက် ကစားလိုက်၏။ အားလုံးငြိမ်ကျသွားသည်။

ဘရန်ဆန်က ချိုချိုသာသာပြောလိုက်သည်။

'ဆုံးဖြတ်ချက်ချလို့ ရပါပြီလား ခင်ဗျာ'

မည်သူကမှ ပြန်မဖြေကြ။

'ဒါဖြင့်ရင် ရှေ့တိုးလို့မရ၊ နောက်ဆုတ်လို့မရ ဆိုတဲ့သဘောမျိုး ဖြစ်နေပြီထင်

www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့'

သမ္မတကြီးက သောက်လက်စ အရက်ဖန်ခွက်ကို အောက်ပြန်ချရင်း ပြော လိုက်သည်။

'ဆွေးနွေးဖို့ အချိန်ထပ်လိုလိမ့်မယ်'

'ကြိုက်သလောက် အချိန်ထပ်ယူပါဗျာ၊ ဒါပေမယ့် တစ်နေကုန်ထိုင်ရင်လဲ အဖြေကတော့ ထွက်လာမှာ မဟုတ်ဘူး၊ တကယ်တော့ အရှိကိုအရှိတိုင်း လက်မခံပဲ ကွေ့ကွေ့ကောက်ကောက် စဉ်းစားနေလို့ပါ၊ ဒီပြဿနာရဲ့အဖြေက သိပ်လွယ်ပါတယ် ပေးမလား၊ မပေးဘူးလား၊ ဒါပဲပေါ့၊ ဒါပေမယ့် ကြာလေလေ ဒဏ်တိုးပေးရလေလေ ဆိုတာကိုလဲ မမေ့မနေကြနဲ့နော'

သမ္မတကြီးက မေးသည်။

'ကျုပ် အဆိုပြုစရာ တစ်ချက်ရှိတယ်'

'ကြားပါရစေခင်ဗျာ'

'ရေနံဘုရင်ကြီးရယ်၊ ရေနံမင်းသားရယ်၊ ပြီးတော့ ရှိတ်ခါရန်ရယ်၊ သူတို့ကို လွှတ်ပေးလိုက်ပါ၊ ကျုပ်ကတော့ ဓားစာခံအဖြစ်နေခဲ့မယ်၊ အဲဒီလိုဆိုရင် အခြေအနေ ပြောင်းသွားမှာ မဟုတ်ဘူး၊ မင်းလက်ထဲမှာ အမေရိကန်သမ္မတကြီးကတော့ ရှိနေဦးမှာ ပဲ ဒီတော့ ဒီကားထဲက ကျန်တဲ့လူအားလုံးကို မင်းပြန်မလွှတ်နိုင်စရာ အကြောင်းမရှိဘူး

ဘရန်ဆန်က ခိုးကျူ့လိုက်သည်။

'ဘုရား ဘုရား၊ တကယ်အနစ်နာခံမယ်ဆိုတဲ့ စိတ်ဓာတ်ပါလား၊ ချီးကျူးထိုက် ပါတယ်၊ ဒါပေမယ့် ဒီလိုမရဘူး သမ္မတကြီး၊ ကျုပ်လက်ထဲမှာ တစ်လေးလုံးရှိနေပါ လို့ အမြဲတမ်းဆုတောင်းခဲ့တယ်၊ အခု တစ်လေးလုံးရှိနေပြီ၊ တစ်လုံးတည်းနဲ့ ဘယ်လ လောက်ပါ့မလဲ၊ ဒီတံတားပေါ်မှာ ခင်ဗျားတစ်ယောက်တည်းသာ ဓားစာခံအဖြစ်ကျန် ရစ်ခဲ့ရင် သမ္မတဖြစ်ချင်လှတဲ့ ဒုတိယသမ္မတကြီးက ဒီအမွေဝါဒီတွေကို မှိုးပြုတ်အော အပြတ်ရှင်းသင့်တယ်လို့ အဆိုပြုလိမ့်မယ်၊ အဲ . . . ဒီတံတားကြီးကိုတော့ ဖျက်ပစ်မှ မဟုတ်ဘူး၊ ဒီတံတားကို ဖျက်ပစ်တဲ့လူဟာ ဘယ်တော့မှ သမ္မတဖြစ်လာမှာမဟုတ်ဘူ ဒါပေမယ့် အလာမေဒါမှာရှိတဲ့ အသံထက်မြန်တဲ့ လေယာဉ်တစ်စီးလောက်နဲ့တ လုံလောက်ပါတယ်၊ တကယ်လို့ သူပစ်လွှတ်လိုက်တဲ့ ဗုံးပုံဟာ နည်းနည်းလေး ချော်သွားရင် . . . ၊ အဲလေ . . . လေယာဉ်မှူး အချိန်အဆလွဲလို့ မတော်တဆဖြစ်တ ဒါ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါပဲလို့ ပြောရင်တော့ ဖြစ်မှာပါဗျာ'

သမ္မတကြီး၏ ဖန်ခွက်ထဲက အရက်တော်တော်များများသည် ကော်ဇောပေါ်



သို့ ဖိတ်ကျသွားသည်။

ဘရန်ဆန်က ကွာရီ၊ မိုလ်တန်နှင့် ဟင်းဒရစ်တို့ကို တစ်လှည့်စီကြည့်ပြီး ပျော်ပြောဆိုဆိုနှင့် ထလိုက်သည်။

'ကဲ လူကြီးမင်းများ ခင်ဗျား'

ဘရန်ဆန့်နောက်သို့ ထိုလူသုံးယောက် ထလိုက်သွားသည်။ သမ္မတကြီးက ထိုလူသုံးယောက် ပြန်သွားသည်ကို တမင်လှည့်မကြည့်ပဲနေသည်။ သူ့ဖန်ခွက်ကိုသာ ငူငူစိုက်စိုက်ကြည့်နေသည်။

အပြင်ဘက်တွင် ဘရန်ဆန်က ဗန်အက်ဖင်ကို ပြောလိုက်သည်။

'ဟို ရုပ်မြင်သံကြားရိုက်တဲ့ကားနဲ့ အဖွဲ့ကို ပြန်ခေါ်စမ်း၊ ပြီးတော့ ရုပ်မြင်သံကြား ပရိသတ်တွေကို အကြောင်းကြားဖို့လဲ မမေ့မနေနဲ့ဦး'

ဗန်အက်ဖင်က ခေါင်းညိတ်လိုက်သည်။

'ဒီလို တတိုင်းပြည်လုံး ရင်တမမနဲ့ စိတ်ဓာတ်ချောက်ချားအောင် ခင်ဗျားလုပ် နေတာ များလိမ့်မယ်လို့ထင်တယ်၊ အခု ခင်ဗျား ဘယ်သွားမလို့လဲ'

'ဒီလူကြီးမင်း သုံးယောက်နဲ့ တောင်ဘက်တံတိုင်းဆီ သွားမလို့'

'သူတို့ကို လုံခြုံမှုအပြည့်အဝရှိတယ်ဆိုတာ သေချာအောင်လိုက်ပို့တာလား ခင်ဗျားပြောတဲ့စကားကို သူတို့က မယုံလို့လား'

'အဲဒီလို မဟုတ်ဘူး၊ တောင်ဘက်က တံတိုင်းအခြေအနေကို ကိုယ်တိုင် ဆင်းကြည့်ချင်လို့ ပြီးတော့ လမ်းလျှောက်မသွားရအောင်ပေါ့လေ'

သူတို့လေးယောက် ရဲမော်တော်ကားပေါ် တက်၍ မောင်းနှင်သွားကြသည်။

□

ရှေ့ဆုံးကားထဲတွင် တစ်ယောက်တည်းရှိနေသူ ရက်ဗ်ဆန်က သူတို့လေး ယောက် ကားနှင့်ထွက်သွားသည်ကို စောင့်ကြည့်နေပြီး ဒူးပေါ်တင်ထားသော စာရွက် သလေးသုံးရွက်ကို ပြန်ကြည့်လိုက်သည်။ ထိုစာရွက်သုံးရွက်သည် ပို့စကတ်အရွယ်ထက် ငယ်သည်။ စာရွက်ထဲတွင်မှု စာလုံးသေးသေးလေးများကို သေသေသပ်သပ်နှင့် စာရွက်အပြည့်ရေးထားသည်။ သူက ထိုစာရွက်တစ်ရွက်စီကို ကင်မရာနှင့်အနီးအထေး ၍ သုံးကြိမ်စီ ဓာတ်ပုံရိုက်လိုက်သည်။ ပိုသေချာအောင် လုပ်လိုက်ခြင်းဖြစ်သည်။ နောက် ထိုစာရွက်တစ်ရွက်စီကို မီးရှို့လိုက်ပြီးနောက် ပြာများကို သူပြာခွက်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ခြေမွပစ်လိုက်သည်။ ထိုစာရွက်သည် အလွန်ထူးဆန်းသည်။ (မီးနှင့်ရှို့သော်လည်း) မီးခိုးမထွက်ပေ။ ရက်ဗ်ဆန်က ဖလင်ကုန်သွားသည်အထိ ရစ်လိုက်ပြီးနောက် ဖလင်လိပ်ကို ကင်မရာထဲက ထုပ်၍ ခဲစက္ကူအပါးစားကလေးနှင့် ထုပ်လိုက်သည်။ သူက အိုဟဲယားကို ပြောခဲ့သည့်အတိုင်း ထိုအထုပ်သည် စီးကရက်တစ်ပိုင်းထက် ပိုမကြီးပေ။

သူက ကင်မရာတွင် ဖလင်လိပ်တစ်လိပ်ထပ်ထည့်ပြီးနောက် အပြင်ပြန်ထွက်လိုက်သည်။ အပြင့်ရှိလူစုသည် ယခင်ကထက်ပို၍ စိတ်လှုပ်ရှားနေကြောင်း ထင်ရှားသည်။ သူက အနားရှိသတင်းစာဆရာတစ်ယောက်ကို မေးလိုက်သည်။ ထိုသတင်းဆရာအမည်ကိုတော့ သူမသိ။ သူ မသိသည်မှာလည်း ဆန်းတော့မဆန်းပါ။

'ဘာများ ထူးလို့လဲ'

'ဘရန်ဆန်က ရုပ်မြင်သံကြားရိုက်တဲ့ကားကြီးကို ပြန်ခေါ်ခိုင်းလိုက်ပြီ'

'ဘာဖြစ်လို့ ခေါ်သလဲ၊ ခင်ဗျားသိသလား'

'မသိဘူးဗျ'

'သိပ်အရေးမကြီးဘူး ထင်ပါတယ်ဗျာ၊ သူက ခဏခဏ ရုပ်မြင်သံကြားအရိုက်ခံချင်တဲ့ လူစားလားမှမသိတာ၊ ဒါမှမဟုတ် အစိုးရနဲ့ လုပ်သားပြည်သူတွေကိုသာမက အာရပ်နိုင်ငံအစိုးရကိုပါ ထပ်အကျွပ်ကိုင်ချင်ပုံရတယ်၊ ဒီတစ်ခါတော့ ရုပ်မြင်သံကြား ကုမ္ပဏီကြီးသုံးခုပါလာပြီ၊ ဗြိတိတကတဆင့်လွှင့်ဖို့ အဆင်သင့်ဖြစ်နေပြီ၊ ရုပ်မြင်သံကြားကုမ္ပဏီပိုင်ရှင်တွေကလဲ အခုလိုသမ္မတကြီးဒုက္ခရောက်နေတဲ့အတွက် ဟန်ဆောင်ဝန်ဆောင် မနည်းကြီးကြီးစားပြီး ဝမ်းနည်းပြကြလိမ့်မယ်၊ ဒါပေမယ့် ထခုန်မိမတတ်ဝမ်းသာတာကိုလဲ လူမသိအောင် ကြိုးစားပြီး ဟန်ဆောင်နေကြရဦးမှာ သေချာတယ်၊ ဒါ သူတို့အတွက် မဟာအခွင့်အရေးကြီးတစ်ရပ်ပဲ မဟုတ်လား၊ ပြီးတော့ တစ်ပြားတစ်ချပ်မှ ကုန်ကျစရိတ်မရှိပဲ၊ အလကားရတဲ့ကိစ္စ၊ ဒီအစီအစဉ်ကို မနက်နှစ်နာရီလွှင့်ထုတ်မယ့် အစီအစဉ်မှာတောင် ထပ်လွှင့်ချင်လွှင့်ကြမှာ'

ရက်ဗ်ဆန်က နောက်ထပ် ဓာတ်ပုံတစ်ဒါဇင်ခန့် ထပ်ရိုက်သည်။ တကယ်တော့ သူတကယ် ဓာတ်ပုံရိုက်နေတာမဟုတ်ကြောင်း ပေါ်သွားမည်ကို မစိုးရိမ်ရပါ။ ထို့နောက် လူနာတင်ကားကိုမှီ၍ မတ်တတ်ရပ်နေသူ အိုဟဲယားထံ အမှတ်မထင်လျှောက်သွားပြီး စီးကရက်တစ်လိပ်ကို ဗူးထဲမှခါထုတ်လိုက်သည်။

'မီးခြစ်ပါသလား၊ ဒေါက်တာ'

'ပါပါတယ်'

အိုဟဲယားက မီးခြစ်ထုတ်လိုက်ပြီး မီးညှိပေးသည်။ ရက်ဗ်ဆန်က မီးမငြိမ်း



အောင် လက်ဝါးနှင့်ကာပြီး တစ်ချိန်တည်းမှာပင် အိုဟဲယား၏လက်ဖဝါးထဲသို့ ဖလင်လိပ်တလေးကို ထည့်ပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဒေါက်တာ'

ရက်ဗ်ဆန်က ဘာဘာကို မသိမသာလှည့်အကဲခတ်သည်။ ကြားနိုင်လောက်သည့်နေရာတွင် မည်သူမျှမရှိပါ။

'ဘယ်လောက်ကြာအောင် ဝှက်ရမလဲ'

'ဝှက်စရာနေရာရှိပါတယ်၊ တစ်မိနစ်လောက်တော့ ကြာမှာပေါ့'

'အဲ နှစ်မိနစ်ကြာရင် ခင်ဗျားဆီ လူနာရောက်လာလိမ့်မယ်'

အိုဟဲယား လူနာတင်ကားထဲသို့ ဝင်သွားသောအခါ ရက်ဗ်ဆန်က တံတားပေါ်တွင် တစ်ယောက်တည်းရပ်နေသော အေပရဲလ်ထံ ခပ်မှန်မှန်လျှောက်သွား သည်။ အေပရဲလ်က နှုတ်ခမ်းကိုလျှာနှင့်လျက်လိုက်ပြီး ရက်ဗ်ဆန်ကို ကြီးကြီးစားစားပြုံးပြသည်။ ရက်ဗ်ဆန်က မေးလိုက်သည်။

'ဟိုလူနာတင်ကား စက်ခေါင်းနားမှာ ရပ်နေတဲ့ တုတ်တုတ်ခိုင်ခိုင်လူက ဘယ်သူလဲ'

'ယူပီအိုင်က ဂရပ်ဖ်တန်ပါ၊ သဘောကောင်းပါတယ်'

'ကဲ သူ့နားကိုသွားပြီး၊ သူ့ကိုယ်ပေါ် လဲကျသွားအောင် လုပ်ပေတော့၊ လူမရိပ်မိအောင်လုပ်ဖို့ သိပ်အရေးကြီးတယ်၊ ဒါပေမယ့် သိပ်ပြီးမျက်ကလူးဆန်မှာ ဖြစ်တာမျိုးတော့ မလိုချင်ဘူး၊ အဲ ခဏနေဦး၊ ကိုယ် တံတားဟိုဘက်ဘေးရောက်တဲ့အထိ ခဏစောင့် မင်း နေထိုင်မကောင်းတဲ့အချိန်ကျရင် ကိုယ်နဲ့ လွတ်လွတ်ကင်းကင်းရှိဖို့လိုတယ်'

ခပ်လှမ်းလှမ်းရှိ တံတားတစ်ဘက်သို့ ရောက်သွားသော ရက်ဗ်ဆန်က နောက်လှည့်ကြည့်သည်။ အေပရဲလ်တစ်ယောက် လူနာတင်ကားဆီသို့ ဦးတည်၍ သွားနေသည်။ သူလမ်းလျှောက်ပုံမှာ သိသိသာသာကြီးမဟုတ်သော်လည်း နည်းနည်းတော့ ယိုင်တီယိုင်ထိုးဖြစ်နေသည်။ သူကြောက်နေပုံရသည်။ သို့သော် သရုပ်ဆောင်ပုံမဆိုးလှ။

ဂရပ်ဖ်တန်နှင့် ဆယ့်ငါးပေခန့် အကွာအဝေးသို့ ရောက်သွားသောအခါ ဂရပ်ဖ်တန်က သူ့ကို သတိထားမိစပြုလာပြီ။ ဂရပ်ဖ်တန်က ယိုင်တီယိုင်ထိုး လျှောက်လာသော အေပရဲလ်ကို စိတ်ဝင်တစား ကြည့်နေပြီးနောက် ချက်ချင်းလိုလို စိတ်ပူသွားပုံရသည်။ သူက ခြေလှမ်းကြဲကြီးများနှင့် ရှေ့သို့နှစ်လှမ်းတိုးလာပြီးနောက် အေပရဲလ်၏ ခုံနှစ်ဘက်ကိုလက်နှစ်ဘက်နှင့် ဖမ်းထိန်းလိုက်သည်။ အေပရဲလ်က ရေနာပြင်းပြင်းခံထန်ခံစားနေရဟန် မျက်စိနှင့်နှုတ်ခမ်းကို စေ့စေ့ပါအောင် ပိတ်ထားသည်။ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



နောက် ဂရပ်ဖ်တာန် ကိုယ်လုံးပေါ်တွင် ကျေးဇူးတင်သောပုံစံနှင့် အသာအယာမှီနေလိုက်၏။ သူက မေးလိုက်သည်။

'ဟဲ့ ကလေးမ အေပရဲလ်၊ နင် ဘာဖြစ်လာတာလဲ'

'ကျွန်မ ကျွန်မ ရုတ်တရက်ချက်ချင်းကြီး သိပ်နာလာတယ်၊ နှလုံးရောဂါ ဖြစ်သလိုပါပဲရှင်'

အေပရဲလ်အသံက ခပ်ပြာပြာ ခြောက်ကပ်ကပ်ဖြစ်နေသည်။ အေပရဲလ်တသူ့ကိုယ်သူလဲကျမသွားအောင် လက်နှစ်ဘက်နှင့် ပြန်ထိန်းနေရသည်။

'မဖြစ်နိုင်တာကွာ၊ နှလုံးရောဂါဖြစ်တယ်ပဲထား၊ မင်း နှလုံးက ဗိုက်ညာဘက်ပိုင်းမှာ မရှိနိုင်ပါဘူး၊ မင်းငါ့ကို တလွဲမထင်နဲ့နော်၊ ကဲလာလာ၊ ဒီကနေ ငါးဂိုက်လောက်ဝေးတဲ့နေရာမှာ ဆရာဝန်ရှိတယ်'

သူက ဖျောင်းဖျောင်းဖျဖျနှင့် အားပေးစကားပြောလိုက်ပြီးနောက် အေပရဲလ်၏လက်မောင်းကို မြဲမြဲဆုပ်ကိုင်ပြီး လူနာတင်ကားနောက်ဘက်ပိုင်းဆီသို့ ခေါ်သွားသည်။ ၎င်းသည် ရှပ်ဆောင်ချက်ကလေးကို ရက်ဝ်ဆန်တစ်ယောက်သာ ဖြတ်ချည်းမြင်လိုက်ရသည်။

၁

ဇော်ဇေး

တောင်ဘက်တံတားတိုင် မျှော်စင်အောက်၌ ဆောက်လုပ်နေဆဲ သံမဏိတံတိုင်းဆီမှ ဘရန်ဆန်တစ်ယောက် ပြန်လျှောက်လာသည်။ လုပ်ငန်းတစ်ဝက်ခန့်ပြီးနေပြီဖြစ်၍ ကျေနပ်လာပုံရသည်။ နောက်ဆုံးကားဆီသို့ ရောက်သောအခါ ကားပေါ်တက်ပြီး ခရိုက်စလာဘေးတွင် ဝင်ထိုင်သည်။

'ဘာသတင်းထူးသေးလဲ'

'မထူးဘူး၊ မစ္စတာဘရန်ဆန်၊ အားလုံး ကရွက်ကင်းလျှောက် ထပ်တလဲလဲချည်း ဖြစ်နေတယ်၊ ပြန်နားထောင်ချင်ရင်လဲ ဖြစ်တယ်၊ စာနဲ့ ကူးပေးပါဆိုရင်လဲ ရမယ်၊ ဒါပေမယ့် အဲဒီလို လုပ်ရလောက်အောင် မဟန်ပါဘူးဗျာ'

'မဟန်ဘူးဆိုတာကတော့ သိပ်သေချာတယ်၊ ကဲပါးစပ်နဲ့ပဲ ပြောပြစမ်းကွာ'

'ကျွန်တော် ပိတ်လိုက်တော့မယ်နော်၊ ဖွင့်နားထောင်ရအောင် မနိုင်ပါဘူး'

'ဟုတ်တာပေါ့၊ ကဲ ဆိုစမ်းပါဦး'

'ထုံးစံအတိုင်းပေါ့ဗျာ၊ ငွေပေးဖို့ကိစ္စကို ငြင်းခုံနေကြတုန်းပဲ'



'ဒါပေမယ့် ပေးတော့ ပေးမှာပဲ မဟုတ်လား'

'ပေးမှာပါ၊ ဒါပေမယ့် အခုပေးမလား၊ အချိန်ဆွဲထားမလား၊ အဲဒါကို ငြင်းနေတာ နောက်ဆုံးအခြေအနေကတော့ လေးယောက်က ပေးမယ်၊ နှစ်ယောက်က ဘာပြောရမှန်း မသိဘူး၊ နှစ်ယောက်ကတော့ မပေးဖို့ ပြောနေတယ်၊ ရေနံဘုရင်၊ ရေနံမင်းသား ရှိတ်ခါရန်နဲ့ မြို့တော်ဝန်မော်ရီဆန်တို့က ချက်ချင်းငွေပေးလိုက်ချင်ကြတယ်၊ ...မေရိကန်အစိုးရရဲ့ ပိုက်ဆံနဲ့ပေးရမှာပေါ့လေ'

'ဒါ ဟုတ်တာပေါ့၊ မော်ရီဆန်ကတော့ ဒီတံတားကြီးသာ ဘာမှမဖြစ်ဘူးဆိုရင် ...နာရီအတွင်း ဒေါ်လာသန်းတစ်ထောင်လောက်တောင် ပေးချင်ပေးမှာ'

'သမ္မတကြီးနဲ့ ဟန်ဆင်ကတော့ ချက်ချင်းမပေးစေချင်ကြဘူး၊ ဗိုလ်ချုပ်ကြီး ...တ်တလန်ကတော့ ပေးဖို့လဲမပြော၊ မပေးဖို့လဲ မပြောဘူး၊ ဒါပေမယ့် ကတ်တလန်ကတော့ သူသေတဲ့အထိ အစွမ်းကုန်ခံချမယ်လို့ ပြောနေတယ်'

'ဒါလဲ ဟုတ်တာပဲ၊ ဟန်ဆင်က ကြီးကြီးကျယ်ကျယ် ဆုံးဖြတ်ချက်မျိုး သူတစ်...မချဖူးသေးဘူး၊ သမ္မတကြီးကတော့ ဘုရားသခင်လို ပုဂ္ဂိုလ်မျိုး လာကယ်ပါစေလို့ ...တောင်းရင်း အချိန်ဆွဲချင်ပုံရတယ်၊ တကယ်လို့ ဒေါ်လာသန်းငါးရာသာပေးလိုက်ရင် ...အားမှန်မှန် သူ့ကိုပဲ အပြစ်တင်ကြမှာပေါ့၊ ကဲ သူတို့ဘာသာသူတို့ ငါးကြင်းဆီနဲ့ ...ကြင်းကို ပြန်ကြော်ထားလိုက်မယ်'

ထိုအခိုက်တွင် တံခါးဝ၌ ပီတာပေါ်လာသဖြင့် ဘရန်ဆန်ကမေးလိုက်သည်။

'ဟေ့ ဘာဖြစ်လို့လဲ'

'ကျွန်တော်တို့နဲ့တော့ မဆိုင်ဘူး ဆရာ ဒေါက်တာအိုဟဲယားတစ်ယောက် ...ာကိစ္စနဲ့ ပတ်သက်ပြီး အကျပ်အတည်းတွေ့နေပုံရတယ်၊ သူက ဆရာ့ကို အမြန်ဆုံး ...တွေ့ချင်လို့တဲ့'

၂

လူနာတင်ကားထဲသို့ ဘရန်ဆန် ဝင်သွားသောအခါ နံရံတွင်သံကြိုးဆိုင်း...ထားသော အိပ်စင်ပေါ်၌ ရှိနေသည့် မစ္စအေပရဲလ်ကို တွေ့လိုက်ရသည်။ မျက်နှာ...ဖြူရော်ဖြစ်နေပြီး အေပရဲလ်၏ဝိုက်သားသည် တစ်မိုက်ခန့်ပေါ်နေသည်။ ...အပရဲလ်တစ်ယောက် နေမကောင်းဖြစ်နေပုံရသည်။ သူက အိုဟဲယားကို စူးစမ်းသလို ...ကြည့်လိုက်၏။ အိုဟဲယားက အဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ဆီကို သိပ်နေမကောင်းဖြစ်နေတဲ့ ဒီကလေးမလေး ရောက်လာတာ မစ္စတာဘရန်ဆန်၊ သူ့ကို ချက်ချင်းဆေးရုံပို့မှဖြစ်မယ်'

'ဘာဖြစ်လို့လဲ'

'သူ့မျက်နှာကိုကြည့်လေ'

မှန်သည်။ တစ်မျက်နှာလုံး သွေးမရှိသလို ဖွေးဖွေးဖြူနေသည်။ ဒါကလည်း အနံ့မရှိသော ကိုယ်လိမ်းပေါင်ဒါနှင့် လိမ်းထားသောကြောင့်ဖြစ်သည်။

'သူ့မျက်စိတွေကိုလဲ ကြည့်ပါဦး'

မျက်စိနှစ်လုံးစလုံး မျက်ဖြူလန်နေသည်။ သူငယ်အိမ်ပါလန်နေခြင်းဖြစ်သည်။ အိုဟဲယား ထိုးပေးလိုက်သည့် ဆေးနှစ်လုံးက စတင်၍ အစွမ်းပြနေခြင်းပင်ဖြစ်သည်။

'သွေးလဲ စမ်းကြည့်ပါဦး'

ဘရန်ဆန်က ခပ်အင်တင်တင်နှင့် ကိုင်ကြည့်ပြီး ချက်ချင်းလိုလို ပြန်ချလိုက်သည်။

'ဟ, သိပ်မြန်နေပါလား'

မှန်သည်။ အေပရဲလ် လူနာတင်ကားထဲ ရောက်ခါစက သွေးခုန်နှုန်းသိပ်မြန်နေသည်။ ထို့ကြောင့် အေပရဲလ်ကို ဒုတိယအကြိမ်ဆေးတစ်လုံး ထပ်တိုးပေးရန်ပင် မလိုတော့။

'သူ့ညာဘက် ဝမ်းဗိုက်သားကို စမ်းကြည့်ပါဦးလား'

ဘရန်ဆန့်အဖြေက ပြတ်သည်။

'ကျုပ် မစမ်းတော့ဘူး'

'ဒီကိစ္စဟာ အူအတက်ကလေး ပေါက်သွားတာလဲ ဖြစ်နိုင်တယ်၊ သွေးထဲမှာ အဆိပ်တွေပျံ့သွားတာလဲ ဖြစ်နိုင်တယ်၊ ပုံစံကတော့ ခုအတိုင်းပဲ၊ ဒါပေမယ့် ကျုပ်ဆီမှာ ဘာရောဂါလဲဆိုတာရှာနိုင်တဲ့စက်နဲ့ ကိရိယာတန်ဆာ ပါမလာဘူး၊ အိပ်စ်ရေးဓာတ်မှန်လဲ မပါဘူး၊ မေ့ဆေးဆရာဝန်လဲ မပါဘူး၊ သူ့ကိုက်ကိုခွဲပြီး မကုနိုင်ဘူး၊ ဒီတော့ သူ့ကို ဆေးရုံချက်ချင်းပို့မှ ဖြစ်မယ်'

'ဟင့်အင်း၊ မပို့ရဘူး'

အေပရဲလ်တစ်ယောက် ထိတ်လန့်တကြားထထိုင်သည်။

'ဟင့်အင်း ဆေးရုံတော့ မပို့ရဘူး၊ ကျွန်မ ဆေးရုံကိုတစ်ခါက်မှ မရောက်ဖူးသေးဘူး၊ သူတို့က ကျွန်မကို ခွဲကြစိတ်ကြမှာ'

အိုဟဲယားက အေပရဲလ်ပခုံးကို တအားကိုင်လိုက်ပြီးနောက် အိပ်ရာပေါ်သို့



ခပ်ကြမ်းကြမ်း ပြန်တွန်းလှဲလိုက်သည်။

'ကျွန်မ ဒီလောက်တောင် အခြေအနေမဆိုးသေးပါဘူး၊ ရှိုးရှိုးဗိုက်နာတာ မဟုတ်ဘူးလား၊ မစ္စတာဘရန်ဆန်က ကျွန်မကို ပြန်အဝင်ခံမှာမဟုတ်ဘူး၊ ဒါ ကျွန်မဘဝမှာ အကောင်းဆုံးသတင်းထူးပဲ၊ ဟင့်အင်း . . . ကျွန်မကြောက်တယ်'

အိုဟဲယားက ပြောလိုက်သည်။

'ဟဲ့ ကလေးမ၊ ဒါ ရှိုးရှိုးဗိုက်နာတာမဟုတ်ဘူး'

ဘရန်ဆန်က ဝင်ပြောသည်။

'မင်း ငါနဲ့ ဒီဆရာဝန်ပြောတဲ့စကားကို နားထောင်မယ်ဆိုရင် မင်းကို ငါ ပြန်လာခွင့်ပြုမယ်'

ဘရန်ဆန်က တံခါးပေါက်ဆီ ခေါင်းဆတ်ပြပြီး ကားပေါ်က ပြန်ဆင်းသည်။

'ဒီကလေးမလေး ဘာရောဂါဖြစ်တယ်လို့ ခင်ဗျားထင်သလဲ'

အိုဟဲယားတစ်ယောက် စိတ်တိုသွားပုံရသည်။

'ဆရာဝန်တစ်ယောက်ဟာ သူ့လူနာတစ်ယောက်အကြောင်း ဒီပြင်လူတစ်ယောက်နဲ့ ဆွေးနွေးဖို့မလိုဘူး၊ ဒီမှာဘရန်ဆန် ခင်ဗျားကို ကျုပ်ပြောချင်တာ တစ်ခုရှိတယ် ခင်ဗျား ဒေါ်လာသန်းငါးရာကိုသာ အရယူနိုင်ခဲ့ရင် လူတကာက ခင်ဗျားကို သူစွမ်းကောင်းအဖြစ် သတ်မှတ်ကြလိမ့်မယ်၊ ဒါပေမယ့် ဒီကလေးမလေးကို ခင်ဗျား ဆေးဝါးကုသခွင့် မပေးလိုက်လို့ သူသေသွားရင် ခင်ဗျားဟာ ပြည်သူ့ရန်သူနံပါတ်တစ် ဖြစ်သွားလိမ့်မယ်၊ ခင်ဗျားကို မမိမချင်း လက်လျှော့ကြမှာမဟုတ်ဘူး၊ ခင်ဗျားကမ္ဘာပေါ်မှာ ဘယ်နေရာမှာပဲရှိရှိ စီအိုင်အေက တွေ့အောင်လိုက်ရှာလိမ့်မယ် ပြီးတော့ ရုံးတင်တရားစွဲဖို့အထိ စောင့်နေမှာမဟုတ်ဘူး'

ဘရန်ဆန်ကမူ စိတ်တိုပုံမရချေ။ အေးအေးဆေးဆေး ပြန်ပြောသည်။

'ဒီမှာဒေါက်တာ ခင်ဗျား ကျုပ်ကို ခြိမ်းခြောက်နေစရာ မလိုပါဘူး၊ သူဆေးဝါးကုသခွင့်ရမှာပါ၊ အခု ကျုပ်က ခင်ဗျားကို အခွင့်အရေးတစ်ခုအနေနဲ့ မေတ္တာရပ်ခံနေတာဗျ'

'ဒီကိစ္စကို လျှို့ဝှက်ထားမလား'

ဘရန်ဆန်က ခေါင်းညိတ်ပြသည်။

'ဒီကလေးမလေး တကယ်နေထိုင်မကောင်း ဖြစ်နေတယ်ဆိုတာ အတိအကျ ခင်ဗျားဆရာဝန်ဖြစ်စရာ မလိုပါဘူး၊ ဒါပေမယ့် နေထိုင်မကောင်း ဖြစ်ပုံဖြစ်နည်းအမျိုးမျိုးရှိတယ်၊ ဒီကလေးမလေး အူအတက်ပေါက်သွားတာလား သွေးထဲမှာ

www.burmeseclassic.com



အဆိပ်ဖြစ်ပြီး ပျံ့နှံ့သွားတာလား၊ ကျုပ်ကတော့ဒီလိုမထင်ဘူး၊ ဒီကလေးမလေးဟာ စိတ်လှုပ်ရှားလွယ်တယ်၊ ပြီးတော့ သူ့အလုပ်က အမြဲသောကဖြစ်နေရတဲ့ အလုပ်မျိုး ဒီတော့ အခုလိုသိပ်စိတ်လှုပ်ရှားလာရင် စိတ်တွေကယောင်ချောက်ချားဖြစ်လာပြီး၊ အခု သူ့ဆီမှာတွေ့ရတဲ့ ဝေဒနာသွင်ပြင် လက္ခဏာတွေကို တွေ့လာရတာတတ်တယ်၊ တနည်း ပြောရရင် ရောဂါတကယ်မရှိပဲနဲ့ ရှိသလိုဝေဒနာခံစားမှုမျိုးဖြစ်လာအောင် ညာတယ်လို့ ပြောချင်ပြောနိုင်လိမ့်မယ်၊ အခုကိစ္စမှာတော့ တမင်ညာတာ မဟုတ်ဘူးဆိုတာ သေချာ တယ်၊ ဒါပေမယ့် ခင်ဗျား ကျုပ် အနေအထားကို သိတယ်မဟုတ်လား၊ ကနော်ကမည် မလုပ်ရဲဘူး၊ ဘာရောဂါလဲဆိုတာ ဆန်းစစ်ကြည့်နိုင်အောင် ကိရိယာစုံ စုံလင်လင် မရှိဘူး၊ ပြီးတော့ စိတ်ရောဂါဆရာဝန်ရဲ့ စမ်းသပ်မှုကိုခံယူဖို့ လိုကောင်းလိုလိမ့်မယ်၊ ဘာရောဂါလဲဆိုတာ ကျုပ်စမ်းသပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ဆေးရုံသုံး ကိရိယာမျိုးစုံ တော့ ရှိမှဖြစ်မယ်၊ အဲ ကျုပ်က စိတ်ရောဂါဆရာဝန် မဟုတ်တဲ့အတွက် စိတ်ပိုင်းဆိုင်ရာ အခြေအနေကိုတော့ စစ်ဆေးနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ဆေးရုံကို သွားမှဖြစ်မယ်၊ အချိန်ဖြုန်းနေလို့မဖြစ်ဘူး'

'ကျုပ် ခင်ဗျားကို သိပ်အချိန်ဆွဲမထားပါဘူး၊ ဒါပေမယ့် ဟောဒီ လူနာတင် ကားတို့တော့ ရှာချင်သေးတယ်'

အိုဟဲယားက ခပ်တည်တည်ပြန်ကြည့်လိုက်သည်။

'ဘာလုပ်ဖို့ရှာမှာလဲ၊ ကျုပ် ဘာတွေ သယ်လာတယ်ထင်လို့လဲ၊ မူးယစ်ဆေးဝါး တွေပါလာတယ်ထင်လို့လား၊ ပါတာပေါ့ဗျ၊ အများကြီးကိုပါလာတယ်၊ ပြီးတော့ ကျုပ် ဒီတံတားပေါ်က ဘာပစ္စည်းတွေ ပြန်ခိုးထုတ်သွားမယ်ထင်လို့လဲ၊ ကျုပ်အက်ဖ်ဘီအိုင် စုံထောက်မဟုတ်ဘူး၊ ဆရာဝန်တစ်ယောက်ပါဗျ'

'ကဲ ရှာဖို့ကိစ္စကို မေ့ထားလိုက်ပါတော့လေ၊ ဒါပေမယ့် စောင့်ကြည့်ဖို့ အစောင့် တစ်ယောက်ထည့်ပေးလိုက်မယ် ဆိုရင်ကောဗျာ'

'တတ်နိုင်ရင် ခြောက်ယောက်အထိ ထည့်လိုက်ဦး၊ ဒါပေမယ့် စောင့်ကြည့်ခွင့် တော့ ရမှာမဟုတ်ဘူး'

'ခင်ဗျားစကားက ဘယ်လိုလဲ'

'ဒါ အရှင်းကလေး၊ ခွဲစိတ်ကုသမှုဆိုင်ရာပါရဂူ ဒေါက်တာဟာဘင်က ခွဲစိတ် ကုသခန်းထဲကို ဘယ်သူမှ အဝင်မခံဘူး၊ အတင်းအကြပ်ဝင်မယ်ဆိုရင် သူက ရဲကို လှမ်းအကြောင်းကြားမှာ သေချာတယ်'

'အဲဒါလဲ သိပ်အရေးမကြီးပါဘူး၊ အဲဒီကိစ္စကိုပါ မေ့လိုက်ကြရအောင်'



'အရေးကြီးတာတစ်ချက်ရှိသေးတယ်၊ ခင်ဗျား ဆေးရုံကို ဖုန်းဆက်ပေးပါ၊ ခွဲစိတ် ကုသခန်းကို အဆင်သင့်ပြင်ထားပါလို့ ပြီးတော့ ဒေါက်တာဟူရွန်ကိုပါ ခေါ်ထားပါလို့'

'ဒေါက်တာဟူရွန်၊ ဟုတ်လား'

'သူက စိတ်ရောဂါ ဆရာဝန်ကြီးလေ'

ဘာရန်ဆန်က ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ သမ္မတကြီးရဲ့ ခရီးစဉ်ကို ရေးဆွဲတဲ့အခါတိုင်း ဆေးရုံတွေနဲ့ နီးနီးနားနားဖြစ်အောင် စီစဉ်တာသိပ်တော့မဆိုးလှဘူး'

'ဟုတ်တာပေါ့'

အိုဟဲယားက ပြောပြောဆိုဆို ယာဉ်မောင်းအား အမိန့်ပေးလိုက်သည်။

'ကဲ၊ လမ်းရှင်းဦးဩ စဆွဲပေတော့'

လူနာတင်ကားသည် တောင်ဘက်တံတိုင်းဆီ ဦးတည်မောင်းနှင်နေစဉ် တောင်ဘက်တံတိုင်းဆီမှ မောင်းနှင်လာသော ရုပ်မြင်သံကြားရိုက်ကူးသည့်စက်ကိရိယာ များပါလာသည့်ကား၊ ဓာတ်အားပေးစက်ပါသော ကားတို့နှင့် လမ်းတွင်ဆုံမိကြသည်။ ချက်ချင်းလိုလိုပင် ဓာတ်ပုံဆရာများနှင့် သတင်းထောက်များသည် သတင်းစာရှင်းလင်းပွဲ ထုတ်ခဲ့သည့် နေရာတဝိုက်ဆီသို့ စုပြုံရောက်ရှိလာသည်။

ထိုနေရာသို့ ကမန်းကတန်းလာသူများထဲတွင် ရက်ဗ်ဆန်တစ်ယောက်တော့ ပါ၏။ သူက လူတစ်ယောက်မှမရှိတော့သည့် ရှေ့ဆုံးကားပေါ်သို့ ပြန်တက်ပြီး သူ့ခုံတွင် ထိုင်သည်။ ၎င်းနောက် သူကင်မရာ၏အောက်ပိုင်းကို ဖြုတ်၍ အထဲရှိအသုံးလွှင့် အသံဖမ်းစက်အသေးကလေးကို ထုတ်ယူပြီး အိတ်ထဲသို့ထည့်လိုက်သည်။ ထို့နောက် ဖလင်လိပ်တစ်လိပ်ကို ကင်မရာထဲတွင် ထည့်လိုက်သည်။ သူက ကင်မရာအောက်ပိုင်း ခွံကလစ်ကို ပြန်ပိတ်နေစဉ် တစ်ယောက်ယောက်က စောင့်ကြည့်နေကြောင်း အလိုလို သိလာသဖြင့် မော်ကြည့်လိုက်သည်။ ထိုလူက စမေးသည်။

'ရက်ဗ်ဆန် မဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျားက ဗန်အက်ဖင် ဆိုတာထင်ပါရဲ့'

'ဟုတ်တယ် နေပါဦး၊ ခင်ဗျားက ဘာပြုလို့ ဒီပြင်လူတွေလို သမိုင်းဝင်ကိစ္စကြီး တစ်ခုကို လာပြီး မှတ်တမ်းမတင်တာလဲ'

'တစ်အချက်ကတော့ ထိုမှတ်တမ်းတင်စရာ ဘာများရှိတော့မှာမို့လို့လဲ၊ နှစ် အချက်ကတော့ ကျုပ် ဓာတ်ပုံနဲ့ ရိုက်ယူတာထက်၊ ရုပ်မြင်သံကြားကင်မရာကြီးနဲ့ ရိုက်ယူတာက ပိုပြီးထိရောက်တယ်မဟုတ်လား၊ သုံးအချက်ကတော့ ကျုပ်က လူကြိုက်

www.burmeseclassic.com



များမယ့် ဗုဂ္ဂိုလ်ရေးရှုထောင့်ကိုသာ ပိုအဓိကထားတယ်၊ နောက်ဆုံးအချက်ကတော့ ကျုပ် ဖလင်လိပ်ထည့်တဲ့အခါ၊ အရိပ်ထဲမှာပဲ လဲချင်တယ်'

'ဒီကင်မရာက တော်တော်ထူးခြားတဲ့ ကင်မရာနဲ့တူတယ်'

ရက်ဗ်ဆန်က လှောင်ပြုံးကလေးပြုံးလိုက်သည်။

'သိပ်ဟုတ်တာပေါ့၊ ဆွီဒင်နိုင်ငံက လာတာ၊ အစိတ်အပိုင်းတစ်ခုစီကို လက်နဲ့လုပ်ထားတာ၊ ဒီကင်မရာမျိုး သိပ်ရှားတယ်၊ ရောင်စုံရုပ်သေဓာတ်ပုံ၊ အဖြူအမည်း ရုပ်သေဓာတ်ပုံတွေကို တစ်ချိန်တည်း ရိုက်နိုင်ရုံသာမက၊ ရုပ်ရှင်ရိုက်ကင်မရာအနေနဲ့လဲ သုံးလို့ရတယ်'

'ကျုပ်လဲ ကင်မရာဆိုရင် တော်တော်လေးဝါသနာပါတယ်၊ ခဏလောက် မကြည့်ရဘူးလား'

'ဖြစ်ပါတယ်'

ဗန်အက်ဖင်သည် ကင်မရာဝါသနာပါသူတစ်ဦး၏ လေ့လာပုံလေ့လာနည်းဖြင့် အသေးစိတ်လေ့လာကြည့်ရှုသည်။ ထို့နောက် ကင်မရာအောက်ခြေရှိ ခလုတ်ကလေးတစ်ခုကို မတော်တဆလိုလိုနှင့် နှိပ်လိုက်ရာ ဖလင်ထည့်ထားသည့် (ကက်ဆက်) ဗူးသေးများနှင့် ဖလင်လိပ်တစ်ဒါဇင်ခန့် ကင်မရာထဲမှ ထွက်ကျလာပြီး ရက်ဗ်ဆန်၏ ဒူးခုံပေါ်တွင် လာတင်နေသည်။

'ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကင်မရာဝါသနာအိုးလို့ ပြောမိတာ နည်းနည်းများလွန်သွားသလား မသိဘူး'

ဗန်အက်ဖင်က ပွင့်သွားသော ကင်မရာကို အပေါ်လှန်ပြီး အတွင်းပိုင်းကို တအံ့တဩ ကြည့်နေသည်။

'သိပ်ကိုစိတ်ကူးကောင်းပါလား'

ထို့နောက် ဗန်အက်ဖင်က ဖလင်ကက်ဆက်ဗူးများနှင့် ဖလင်လိပ်များကို ကင်မရာထဲသို့ ဂရုတစိုက် ပြန်ထည့်နေစဉ် ရက်ဗ်ဆန်သည် သူ့ဘောင်းဘီအိတ်ထဲတွင်ရှိနေသော အသံလွှင့် အသံဖမ်းစက်ကလေးက ခုတုတုဖြစ်နေသလို ခံစားနေရသည်။ ဗန်အက်ဖင်က ကင်မရာအောက်ပိုင်းကို ပြန်ပိတ်ပြီးနောက် ကင်မရာအိတ်ကိုပါပိတ်၍ပြန်ပေးရင်း ပြောလိုက်သည်။

'စပ်စပ်စုစုလုပ်မိတာ ခွင့်လွှတ်ပါဗျာ'

'ခင်ဗျားပြန်ထည့်တော့ ရှောရှောရှူရှူ ပါပဲလား'

'မြွေမှန်လို့ တွင်းဝင်ဖြောင့်တာပေါ့ဗျာ'



ဗန်အက်ဖင်က ပြုံးပြပြီး ပြန်သွားသည်။ ဗန်အက်ဖင်တစ်ယောက် ကင်မရာအတွင်းပိုင်းရှိ ကလစ်ကလေးနှစ်ခုကို သတိပြုမိသွားလေရော့သလားဟု ရက်ဗ်ဆန်တွေးနေမိသည်။ သူမြင်သွားနိုင်စရာရှိသည်။ ထိုကလစ်ကလေးနှစ်ခု၏ ထူးခြားချက်ကို သတိပြုမိသွားလေသလား။ ဒါကိုတော့ သူရိပ်မိမည်မထင်။ ထိုကလစ်နှစ်ခုသည် ကင်မရာနှင့်ပတ်သက်သည့် ပစ္စည်းတစ်မျိုးမျိုးကို တပ်ဆင်ဖို့လဲဖြစ်နိုင်သည်။

ရက်ဗ်ဆန်သည် ထိုင်ခုံပေါ်မှ နောက်လှည့်ကြည့်လိုက်သည်။ ဧးစာခံပုဂ္ဂိုလ်ကြီးများ အလယ်ကားပေါ်မှ ဆင်းလာကြလေပြီ။ သမ္မတကြီး၏ မျက်နှာထားမှာ အထူးတည်ငြိမ်လျက်ရှိနေသည်။ ဗန်အက်ဖင်ကိုယ်တိုင် ထိုလူစုကို မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။ ရက်ဗ်ဆန်သည် ယာဉ်မောင်းထိုင်ခုံနှင့် ဆန့်ကျင်ဘက်တံခါးပေါက်မှ အောက်ဆင်းလိုက်သည်။ ထို့ကြောင့် ရုပ်မြင်သံကြားရှင်းလင်းပွဲလုပ်မည့်အဖွဲ့နှင့် သူ့အကြားတွင် မော်တော်ကားကြီးက ကြားခံနေသည်။ ရက်ဗ်ဆန်က ဇာတောင်ဆစ်နှစ်ခုကိုတံတားသံလက်ရန်းပေါ်တွင် ထောက်ထားသည်။ ၎င်းနောက် ညာလက်သီးဆုပ်ကို ဖြန့်လိုက်ရာ လက်ထဲတွင်ဆုပ်ထားသော အသံလွှင့်အသံဖမ်းစက်ကလေး ရေထဲသို့ ပြုတ်ကျသွားသည်။

လေးလံသော အရာဝတ္ထုတစ်ခု အောက်သို့ကျသွားသောအခါ တစ်စက္ကန့်တွင် သုံးဆယ့်နှစ်ပေနှုန်း ပို၍ပို၍မြန်လာသည်ဟု စာအုပ်တစ်အုပ်ထဲတွင် သူဖတ်ဖူးသည်။ ထို့ကြောင့် (ပေနှစ်ရာအမြင့်မှ) ရေထဲသို့ကျရန် သုံးစက္ကန့်သာကြာမည်၊ သူပျောက်နေသည်ကို မည်သူမျှမသိကြ။ ရက်ဗ်ဆန်သည် ကားပေါ်သို့ တိတ်တိတ်ကလေးပြန်တက်လိုက်ပြီးနောက် တံခါးကို ဖြည်းညင်းစွာပိတ်လိုက်သည်။ ထို့နောက် ဆန့်ကျင်ဘက်တံခါးပေါက်မှ ခပ်မြန်မြန်ပြန်ထွက်လာသည်။ ဗန်အက်ဖင်က သူ့ကိုလှည့်ကြည့်ပြီး ပြုံးပြလိုက်၏။ ထို့နောက် ပြန်လှည့်သွားသည်။

ပထမအကြိမ်တုန်းကလိုပင် ဘရန်ဆန်က သူ့ဓာတ်ခုံကို စနစ်တကျစီစဉ်ပြီးဖြစ်သည်။ ဧးစာခံပုဂ္ဂိုလ်များနှင့် သတင်းစာဆရာများသည် သူ့နေရာနှင့်သူ နေသားတကျဖြစ်နေကြလေပြီ။ ရုပ်သေဓာတ်ပုံဆရာများ၊ ရုပ်မြင်သံကြား ရုပ်ရှင်ရိုက်ကူးသူများသည်လည်း နေရာယူပြီးဖြစ်သည်။ သို့သော် ဤတစ်ကြိမ်တွင် ယခင်တစ်ကြိမ်နှင့်မတူသည့် အချက်တစ်ချက်တော့ရှိသည်။ ယခင်တစ်ကြိမ်တုန်းက ရုပ်မြင်သံကြားရိုက်ကူးသည့် ကင်မရာတစ်လုံးသာရှိသည်။ ယခုတစ်ကြိမ်တွင်မူ နှစ်လုံးဖြစ်လာသည်။

ဤတွင် အေးဆေးတည်ငြိမ်လှသော ဘရန်ဆန်က စိတ်ဓာတ်စစ်ဆင်ရေးတိုက်ပွဲကို စတင်ဆင်နွှဲသည်။ သူသည် ရှေ့မှကတည်းက ဗိုလ်ချုပ်ကြီးဇာတာ၊ ပြဇာတ်

www.burmeseclassic.com



ဒါရိုက်တာဇာတာပါလာသလို ရုပ်မြင်သံကြားအရိုက်ခံရာတွင်လည်း သူမတွဲ့အောင်တော်သူဖြစ်သည်။ သူက ရုပ်မြင်သံကြားကင်မရာများနှင့် သူ့ရှေ့ရှိပရိသတ်များကို အလှည့်ကျ အချိန်ပေးနိုင်သည်။ သူက မလိုအပ်ပဲနှင့် သမ္မတကြီး၊ ရေနံဘုရင်နှင့် ရေနံမင်းသားတို့ကို ပရိသတ်နှင့် မိတ်ဆက်ပေးပြီးနောက် စတင်၍စကားပြောသည်။

'ဒီကနေ့ ဒီနေရာမှာ ရုပ်မြင်သံကြားရိုက်ကူးတဲ့ ကင်မရာနှစ်လုံးရှိနေပါတယ် တစ်လုံးကတော့ အခုခင်ဗျားတို့မြင်နေရတဲ့ လူစုကိုရိုက်ဖို့ပါ၊ ကျန်တစ်လုံးကတော့ တဲတားရဲ့တောင်ဘက်ဒါမှမဟုတ် ဆန်ဖရန်စစ္စကိုမြို့ဘက်ကမ်းခြေကို လှည့်ချိန်ထားတယ်၊ အဲဒီကင်မရာမှာ အဝေးရိုက်(တယ်လီဖိုတို့လ္မ်း) မှန်ဘီလူး တပ်ထားတယ်၊ မိုင်ဝက်အကွာမှာရှိတဲ့ ပစ္စည်းတစ်ခုကို ဆယ်ပေခန့်အကွာက လှမ်းမြင်နေရသလို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားဖြစ်အောင် ရိုက်ကူးနိုင်ပါတယ်၊ ပြီးတော့ ဒီကနေ့ညနေပိုင်းမှာ မြူနှင်းတွေဝေမနေတဲ့အတွက် ရည်ရွယ်ထားတဲ့အဓိကလုပ်ငန်းကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်၊ အဓိကလုပ်ငန်းဆိုတာကတော့ ဟောဒါပါပဲ'

ဘရန်ဆန်သည် ကြီးမားလှသော သေတ္တာကြီးတစ်လုံးကို အုပ်ထားသည့်တာ်ရပတ်စအား ဆွဲလှန်လိုက်သည်။ ၎င်းနောက် စကားပြောခွက်ကိုကိုင်ရင်း သူ့အတွက် သီးသန့်ချန်ထားသည့် သမ္မတကြီးဘေးရှိကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ၎င်းနောက် သူဆွဲလှန်လိုက်သည့် ပစ္စည်းကို လက်ညှိုးထိုးပြလိုက်သည်။

'ဒါကတော့ လေးစားအပ်တဲ့ ဒီကမိတ်ဆွေများအတွက် ဂုဏ်ပြုပစ္စည်းပါ၊ အကောင်းဆုံး ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးပါ၊ ဒီလိုပစ္စည်းမျိုး ဘယ်မှာမှ ရှာမရနိုင်ဘူး၊ အမေရိကန်လုပ်ပစ္စည်းတစ်ခုပါ'

သမ္မတကြီးက ဝင်ပြောသည်။

'ဘရန်ဆန်၊ မင်း ဒီပစ္စည်းကို ဝယ်လာတာ မဟုတ်ဘူးထင်တယ်'

'ဒါ သက်သက်မဲ့ စော်စော်ကားကား ပြောလိုက်တဲ့စကားပဲ၊ ကျုပ်တော့ ခင်ဗျားတို့ကို လုံးဝမနိုမ်ဘူး၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေလိုပဲ ဆက်ဆံတယ်၊ အခုတောင်ဘက်တဲတားတိုင်းမှော်စင်ကြီးက သံကြိုးကြီးမှာ ဖောက်ခွဲရေးကိရိယာကို ကျုပ်တို့စပြီးချိတော့နှောင်တော့မယ်၊ အဲဒီသံကြိုးမှာ ဘယ်လိုဘယ်ပုံ ချည်နှောင်ထားတယ်ဆိုတာ တစ်ကမ္ဘာလုံးက မြင်ကြရမယ်၊ ဒီတော့ အဲဒီအခွင့်အရေးကို ခင်ဗျားတို့ ဆုံးရှုံးမသွားစေချင်ဘူး၊ တကယ်တော့ ဒီနေရာက ပေနှစ်ထောင်ကျော်ကွာဝေးပြီး အမြင့်ပေ ငါးရာကျော်မြင့်တဲ့ နေရာဆီကို ဘယ်လောက်ပဲ မျက်စေ့ကောင်းတယ်ပြောပြော၊ အသေး



စိတ် မြင်ကြရမှာမဟုတ်ဘူး၊ ဒါပေမယ့် ဟောဒီ(ရုပ်မြင်သံကြား)ပြစက်ကြောင့် အစအဆုံးမြင်ရလိမ့်မယ်၊ အဲလေ မကြည့်ချင်ရင်လဲရပါတယ်'

ဘရန်ဆန်က ပြုံးပြလိုက်သည်။

'ဟဲ နောက်ဆုံး မော်တော်ကားရဲ့ဖင်ပိုင်းက အောက်ဘက်ကို ဆင်းလာတဲ့ ယာဉ်ကလေးကို တဆိတ်ကျေးဇူးပြုပြီး ကြည့်ကြပါ'

သူတို့အားလုံး လှည့်ကြည့်လိုက်ကြသည်။ ထိုမြင်ကွင်းကို သူတို့ရှေ့ရှိ ရုပ်မြင်သံကြားစက်မှတဆင့် ကြည့်၍လည်းရသည်။ ထိုယာဉ်ကလေးမှာ ဂေါက်သီးကွင်းတွင် အသုံးပြုလေ့ရှိသည့် 'ဂေါက်သီးကား' အသေးစားတလေးနှင့်တူသည်။ ထိုကားလေးတွင် 'အင်ဂျင်စက်'ပါပုံရသော်လည်း စက်သံကို လုံးဝမကြားရ၊ လျှပ်စစ်ဓာတ်နှင့် မောင်းနှင်သည့်ကား ဖြစ်ပုံရသည်။ ထိုယာဉ်ကိုမောင်းနှင်သူ ပီတာသည် ထိုကားလေး၏ နောက်ဘက် ဘက်ထရီအိုးများပေါ်ရှိ စင်မြင့်ကလေးပေါ်တွင် မတ်တတ်ရပ်နေသည်။ သူနှင့်ရှေ့ဘက်ရှိ စင်မြင့်ကလေးပေါ်တွင် အလွန်အလုံးသေးသည့် ကြိုးခွေကြီးတစ်ခွေနှင့် ကြိုးရစ်ရန်ဘီးနှစ်ဘီးပါသော ဝန်ချီစက်ကလေးတစ်လုံးရှိသည်။

ပီတာသည် ကားနောက်ပိုင်းရှိ ကုန်းဘောင်ပေါ်မှ လမ်းမပေါ် ရောက်သောအခါ ထိုကားကလေးကို ရပ်လိုက်သည်။ ဤတွင် ဘတ်စ်ကားနောက်ပိုင်းမှ လူလေးယောက်ထွက်လာသည်၊ နှစ်ယောက်ကတော့ ဘရန်ဆန် ပထမအကြိမ် ရုပ်မြင်သံကြား ရှင်းလင်းပွဲတွင်ပြသခဲ့သည့် လေးလံလှသော ဗျားအုံပုံသဏ္ဍာန် ဖောက်ခွဲရေးပစ္စည်းနှစ်ခုကို ကြိုးခွေဘေးနားတွင် ဂရုတစိုက်တင်လိုက်သည်။ ကျန်နှစ်ယောက်ကတော့ ရှစ်ပေခန့် ရှည်သောပစ္စည်းနှစ်ခုကို သယ်လာသည်။ တစ်ခုမှာ လေးလံလှသည့် သံများချိတ်အကြီးစားပုံစံ ချိတ်ကြီးတစ်ခုဖြစ်ပြီး ကျန်ပစ္စည်းမှာ H ပုံသဏ္ဍာန် သံယက်မနှစ်ချောင်းဖြစ်သည်။ ထိပ်ပိုင်းတစ်ဘက်တွင် လိပ်ပြာပုံသဏ္ဍာန် သံမဏိပြားနှစ်ခုနှင့် ဝက်အူစုပ်၍ ဆက်ထားပြီး သံယက်မ၏ကျန်တစ်ဘက်တွင်မူ ကြိုးတပ်၍ ဆွဲတင်နိုင်သည့် ရစ်ဘီးတစ်ခု တပ်ဆင်ထားသည်။

ဘရန်ဆန်က ပြောလိုက်သည်။

'ဒါတွေကတော့ ကျုပ်ရဲ့ လုပ်ငန်းကိရိယာတန်ဆာပလာတွေလို့ပဲ ဆိုကြပါစို့၊ ဘာကိစ္စအတွက် သုံးမလဲဆိုတာ ခင်ဗျားတို့ တွေးကြည့်ပြီး သိနိုင်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ တကယ်သုံးတဲ့အခါကျတော့ ရှင်းသွားမှာပါ၊ ပစ္စည်းနှစ်ခုကတော့ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းတယ်၊ အဲဒါကတော့ ဟိုကြိုးခွေနဲ့ ဖောက်ခွဲရေးပစ္စည်းတွေပဲ၊ အဲဒီဖောက်ခွဲ ရေးပစ္စည်းအတွဲတွေဟာ ဆယ်ပေလောက်ရှည်တယ်၊ အဲဒီအတွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ငါးပေါင်စီ အလေးချိန်ရှိတဲ့ ပျားအုံပုံစံ ဖောက်ခွဲရေးပစ္စည်း အလုံးသုံးဆယ် ပါတယ်၊ အဲဟိုကြီးခွေကတော့ ပေတစ်ထောင့်ငါးရာကျော်ရှည်တယ်၊ အဝတ်လျှမ်းတဲ့ ကြိုးထက် အလုံးသေးတယ်၊ ဒါပေမယ့် သံမဏိကြိုးကို အပြင်ကနိုင်လွန်အုပ်ထားတဲ့ကြိုး ပေါင်ရှစ်ရာ အလေးချိန်ရှိတဲ့ ပစ္စည်းလောက်အထိ ဆွဲတင်နိုင်တဲ့အားရှိတယ်၊ လိုအပ်တာထက် လေးဆလောက် ပိုပြီးခိုင်တယ်'

ဘရန်ဆန်က ပီတာ့ကို လက်ပြလိုက်သည်။ ပီတာက ပစ္စည်းများတင်ထားသည့် ကားလေးကို တောင်ဘက်တံတားတိုင်မျှော်စင်ဆီ မောင်းနှင်သွားသည်။ ဘရန်ဆန်က ရုပ်မြင်သံကြားကင်မရာ မှန်ဘီလူးကို တည့်တည့်ပြန်ကြည့်ရင်း ပြောလိုက်ပြန်သည်။

'ဆန်ဖရန်စစ္စကို မြို့သားတွေကလွဲရင် ဒီတံတားတိုင်ကြီးတွေကို ဘယ်လိုတည်ဆောက်ထားသလဲဆိုတာ သိကြမှာမဟုတ်ဘူး၊ ဒီတံတားတိုင်ကြီးတွေကို တယ်လီဖုန်းစကားပြောရုံတစ်ခုလောက် အကျယ်အဝန်းရှိပြီး တယ်လီဖုန်းရုံထက် နှစ်ဆလောက်မြင့်တဲ့ သံမဏိသေတ္တာကြီးတွေကို တစ်ခုနဲ့တစ်ခု ဝက်အူစုပ်ပြီး ဆက်ထားကြတာ အဲဒီသံမဏိအခန်းငယ်ကလေးတွေမှာ ဝင်ထွက်နိုင်တဲ့ အပေါက်တွေဖောက်ထားတယ် တံတားတိုင်မျှော်စင် တစ်ခုစီမှာ သံမဏိအခန်းကလေးပေါင်း ငါးထောင်ကျော်ပါတယ် အဲဒီ တံတားတိုင်မျှော်စင်ထဲမှာ ဓာတ်လှေကားတွေကို တဖြောင့်တည်း ဆက်ကြည့်လိုက်ရင် နှစ်ဆယ့်သုံးမိုင်လောက်ကို ရှည်လိမ့်မယ်'

ဘရန်ဆန်သည် သူ့ထိုင်ခုံအောက်မှ စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ ပြီးမှ

'ဒီတော့ လူတစ်ယောက်ဟာ အဲဒီ ပဆစ်အိမ်ကြီးထဲမှာ လွယ်လွယ်နဲ့ မျက်စိလည် လမ်းမှားသွားနိုင်တယ်၊ ပြီးတော့ ဒီတံတားကြီးကို တည်ဆောက်ခါစက မြောက်ဘက်တံတားတိုင်မျှော်စင်ကြီးထဲမှာ လူနှစ်ယောက် အပြင်ကို ပြန်ထွက်ဖို့ကြိုးစားရင်း တစ်ညလုံး အချိန်ကုန်သွားတယ်၊ ဒီတံတားပုံစံကို ရေးဆွဲပေးတဲ့ ဂျိုးဇက်စထရော့ကလဲ ဒီမျှော်စင်တွေထဲမှာ လမ်းမှားပြီး ဒုက္ခတွေ့သွားနိုင်တယ်ဆိုတာ ကောင်းကောင်းကြီးသိတယ်၊ ဒါကြောင့် ဂျိုးဇက်စထရော့က နှစ်ဆယ့်ခြောက်မျက်နှာရှိတဲ့ ပဟောဒိစာအုပ်ကလေးကို ပြုစုခဲ့တာ၊ ဒီမျှော်စင်ကြီးထဲမှာ လမ်းပျောက်ရင် ဘယ်လိုပြန်ထွက်ရမလဲဆိုတာကို ရှင်းပြထားတယ်။

'အခုအချိန်မှာတော့ ဒီစာအုပ်မျိုးတစ်အုပ်စီပါတဲ့ ကျုပ်တပည့်နှစ်ယောက် မျှော်စင်အရှေ့ဘက် ထိပ်နားကိုရောက်နေကြပြီ ဒီလူနှစ်ယောက်ဟာ ဓာတ်လှေကားနဲ့



[illegible]ယ်သွားကြတဲ့အတွက် တကယ်တော့ စာအုပ်တောင် ယူသွားစရာမလိုဘူး၊ သူတို့[illegible]အတူ ဆယ့်ငါးပေါင်သာလေးတဲ့ ပစ္စည်းတစ်ခုသယ်သွားတယ်၊ ဘာကိုစွာအတွက် [illegible]ယ်သွားတယ်ဆိုတာကတော့ နောက်ကျရင်ရှင်းသွားမှာပါ။ ကဲ ကျုပ်တို့ဟိုချစ်စရာ [illegible]ကလေးရဲ့ အခြေအနေကို ဆက်ကြည့်ကြရအောင်'

ရုပ်မြင်သံကြားရိုက်ကူးသည့် ကင်မရာကလည်း သူ့စကားအတိုင်း တံတားတိုင်မျှော်စင်ထိပ်ပိုင်းဆီ ရိုက်ကူးပြသနေရာမှ တံတားကြမ်းပြင်ပေါ်တွင်ရှိနေသူ ပီတာ့ထံ [illegible]ပြီး ရိုက်ကူးပြပြန်သည်။ သူတို့ကြည့်နေစဉ် ပီတာ မောင်းနှင်သွားသော ကားကလေးသည် တောင်ဘက်တံတားတိုင်မျှော်စင်အောက် တည့်တည့်သို့ ရောက်ရှိပြီး ရပ်တန့်[illegible]ိုက်သည်။

ဘရန်ဆန်က ပြောလိုက်၏။

'အပေါ်ဘက်ကို ရိုက်ပြပါ'

ဤတွင် ရုပ်မြင်သံကြားကင်မရာသည် တံတားတိုင်မျှော်စင်ထိပ်ရှိ သံမဏိကြိုးကြီးတင်ထားသော မြင်းကုန်းနှီးသဏ္ဌာန်အောက်ခံနေရာဆီသို့ ချိန်၍ရိုက်ကူးပြပြန်သည်။ ချက်ချင်းလိုလို အဆိုပါ သံကြိုးကြီးတင်ထားသည့်နေရာတွင် လူနှစ်ယောက် ထွက်ပေါ်လာသည်။ ထိုနေရာသို့ တိုက်ရိုက်လှမ်းကြည့်နေသူများက သူတို့နှစ်ဦးကို သေးသေးလေးသာ မြင်နေရသော်လည်း ရုပ်မြင်သံကြားစက်ကို ကြည့်နေသူများကမူ အနီးကပ်၍ မြင်တွေ့နေရသည်။ ဘရန်ဆန်က အားပါးတရပြောလိုက်သည်။

'အချိန်ကိုက်နေတာပဲ၊ ဒီလိုကိစ္စမျိုးမှာ အချိန်ကိုက်အောင် ညှိထားဖို့ သိပ်လိုတယ်၊ အခု ဒီလူနှစ်ယောက် ရှိနေတဲ့နေရာကို လူတစ်သောင်းမှာ၊ တစ်ယောက်လောက်တောင် သွားရဲမှာမဟုတ်ဘူး။ ဘွင်းဘွင်းပြောရရင် ကျုပ်လဲမသွားရဲဘူး၊ တစ်ချက်ခြေလှမ်းမှားသွားတာနဲ့ ပေခုနှစ်ရာ့ငါးဆယ်ဝေးတဲ့ ရွှေတံခါး ရေလက်ကြားထဲကို ကျသွားမှာ၊ ကျတဲ့အချိန်က ခုနှစ်စက္ကန့်သာကြာပေမယ့် ရေမျက်နှာပြင်ကို တစ်နာရီကို မိုင်တစ်ရာ့ခုနှစ်ဆယ်နှုန်းနဲ့ သွားရိုက်မိမှာ၊ ဒီတော့ ကွန်ကရစ်ကြမ်းပြင်ပေါ်ကို လိမ့်ကျတာနဲ့အတူတူပဲ၊ ဒါပေမယ့် ဒီလူနှစ်ယောက်ကတော့ စိတ်ချရပါတယ်၊ ဒီလူတွေက ဗင်္ကူခြေထောက်နဲ့ လူတွေ၊ နယူးရော့တို့ ချီကာဂိုတို့မှာ မိုးထိတိုက်သစ်ကြီးတွေ ဆောက်နေတုန်း လမ်းပေါ်က ပေတစ်ထောင်အမြင့်မှာ တွေ့ရတတ်တဲ့လူစားမျိုးတွေပေါ့'

ရုပ်မြင်သံကြားကင်မရာက လျှပ်စစ်ကားကလေးပေါ်ရှိ ပီတာကို [illegible]ပြပြန်သည်။ သူက ပစ္စတိုတစ်လက်ကို ခါးကြားထဲမှဆွဲထုတ်လိုက်သည်။ [illegible]ပစ္စတိုသည် သာမန်ပစ္စတိုတစ်လက်နှင့် မတူ၊ သူက အနည်းငယ်ချိန်လိုက်ပြီး [illegible]ပေါ်သို့ထောင်

www.burmeseclassic.com



ပစ်လိုက်သည်။ ထိုပစ္စတိုထဲက ထွက်သွားသော ကျည်သွားရာလမ်းကြောင်းကို ရုပ်မြင်သံကြား ကင်မရာကသော်လည်းကောင်း၊ ရိုးရိုးမျက်စိနှင့် လှမ်းကြည့်နေကြသူများကသော်လည်းကောင်း တောက်လျှောက်လိုက်ကြည့်နိုင်စွမ်း မရှိကြပါ။ သို့သော် လေးစက္ကန့်ကြာသောအခါ မျှော်စင်ထိပ်တွင်ရှိနေသူနှစ်ဦးအနက် တစ်ဦးဖြစ်သော ဘတ်လက်၏ လက်ထဲတွင် ကြိုးစိမ်းကလေးတစ်ချောင်း ရောက်ရှိနေသည်ကို တွေ့ရသည်။ သူက ထိုကြိုးစကိုအပေါ်သို့ ခပ်မြန်မြန်ရစ်တင်လိုက်၏။ ကြိုးစအဆုံးတွင် သားရေနှင့်အုပ်ထားသော ရစ်ဘီးတစ်ခုပါလာသည်။ ရစ်ဘီး၏တစ်ဘက်တွင်ကား နိုင်လွန်အုပ်ထားသည့် သံမဏိကြိုးစချည်ပြီးသားပါလာသည်။ နိုင်လွန်အုပ်ထားသည့် သံမဏိကြိုးစ ဘတ်လက်၏လက်ထဲရောက်သည်အထိ နှစ်မိနစ်ခွဲကြာသွားသည်။

သူကကြိုးစကို မြဲမြဲဆုပ်ကိုင်ထားစဉ် သူ့အဖော် 'ဘိုယတ်'က ကြိုးစိမ်းကို ရစ်ဘီးမှဖြုတ်ပစ်လိုက်သည်။ ဘတ်လက်က သံမဏိကြိုးကို ဆယ့်နှစ်ပေခန့်ရအောင် ရစ်တင်လိုက်ပြီးနောက် ထိုကြိုးစကို ဓားနှင့်ဖြတ်တောက်လိုက်ပြီး ဘိုယတ်ကို ပေးလိုက်သည်။ ဘိုယတ်က ထိုကြိုးစတစ်ဘက်ကို သံတိုင်တွင်ခိုင်အောင်ချည်လိုက်ပြီးနောက် သူတို့နှစ်ယောက် တစ်ပါတည်းယူလာသော ဗူးသီးပုံရှိသည့်ခဲသီးတွင် ချည်နှောင်လိုက်သည်။ ၎င်းနောက် ခဲသီးနှင့်ကြိုးကို လွှတ်ချလိုက်ရာ ခဲသီးသည် တံတားပေါ်သို့ လျှင်မြန်စွာ ပြန်ကျသွားသည်။

ပီတာက ထိုခဲသီးကို ဆီးဖမ်းလိုက်ပြီး ခဲသီးကိုဖြုတ်လိုက်သည်။ ထို့နောက် သူ့ထံတွင်ရှိနေသော တစ်ဘက်တွင် ရစ်ဘီးတပ်ထားသည့် H ပုံစံ သံယက်မနှင့် အလေးအပင်ပစ္စည်းများကို ဆွဲငင်ချိတ်ဆွဲရာတွင်သုံးသော ငါးမျှားချိတ်ပုံချိတ်ကြီးတို့ကို ထိုကြိုးစတွင် ချည်နှောင်လိုက်သည်။ ၎င်းနောက် ကျန်ကြိုးစတစ်ဘက်ကို လျှပ်စစ်ဓာတ်နှင့် လည်ပတ်မည့် ရစ်ဘီးကြီးတွင် သုံးလေးပတ်ပတ်လိုက်သည်။ ပြီးမှ လျှပ်စစ်မော်တာကို ဖွင့်လိုက်သည်။

ထိုလျှပ်စစ်ဓာတ်အားနှင့် လည်ပတ်စေသည့် ရစ်ဘီးမှာ မကြီးလှသော်လည်း အားကောင်းပြီးအလွန်မြန်သည်။ ထိုပစ္စည်းများ တံတားကြမ်းပြင်ပေါ်မှ တံတားမျှော်စင်ထိပ်ရောက်သည်အထိ တစ်မိနစ်ခွဲသာကြာသည်၊ ထိုအချိန်တွင် မြောက်ဘက်မှ လေပြည်လေညှင်းကလေး တိုက်ခတ်နေရာ ပိုမြင့်လာသည်နှင့်အမျှ လေပိုထန်လာပုံရသည်။ ထို့ကြောင့် ကြိုးစနှင့်ကြိုးစထိပ်တွင် ချည်နှောင်ပေးလိုက်သည့် ပစ္စည်းများသည် တိုယမ်းသည်ယမ်းဖြစ်နေသည်သာမက ကန့်လန့်ဖြတ် သံမဏိဆင့်တန်းကြီးများနှင့် ထိမိခိုက်မိကုန်ကြသည်။ သို့သော် ပီတာက ဂရုမစိုက် ဘတ်လက်ကိုသာ ဂရုတစိုက်



ကြည့်နေသည်။ ထိုပစ္စည်းများသည် မျှော်စင်ထိပ်ပိုင်းနှင့်နီးကပ်လာသောအခါ ဘတ်လက်က လက်နှစ်ဖက်ကို ဘေးဘက်သို့ဝှေ့ယမ်းပြီး အချက်ပြသည်၊ ၎င်းတွင် ပီတာက လျှပ်စစ်မော်တာကို အနှေးဆုံးအထိ အရှိန်လျှော့ချပစ်လိုက်၏။ ဘတ်လက်က အရှိန်ခပ်နှေးနှေးနှင့် တင်ပေးရန် လက်နှစ်ဘက်နှင့် အချက်ပြနေသည်။ ထို့နောက် လက်နှစ်ဘက်ကို ဘေးဘက်သို့ဆန့်တန်းပြီး ရပ်ပစ်လိုက်သည်၊ ပီတာက မော်တာကို ရပ်ပစ်လိုက်ပြီးနောက် ကြိုးစကို လျှော့ပေးလိုက်သည်။

ဘတ်လက်နှင့် ဘိုယတ်တို့က ငါးမျှားချိတ်ကြီးနှင့် သံယက်မတို့ကို ဆွဲတင်လိုက်ပြီးနောက် ကြိုးစမှဖြုတ်ပစ်လိုက်သည်။ ထို့နောက် ကြိုးစကို ရစ်ဘီးထဲပြန်ထည့်ပြီး ကြိုးစတစ်ဘက်တွင်ခဲသီးကို ပြန်ချည်မြန်သည်။ ပြီးမှ H ပုံသဏ္ဌာန် သံယက်မကို အပြင်ဘက်သို့ ခြောက်ပေခန့် တွန်းထုတ်လိုက်ကြပြီး ကျန်နေသည့်ထိပ်ပိုင်းကို မျှော်စင်ထိပ်တွင် စွန်းထွက်နေသော သံမှုလီနှစ်ခုတွင် ခိုင်မြဲအောင် မူလီနှင့် အသေစုပ်ပစ်လိုက်သည်။ ဘတ်လက်က ပီတာထံသို့ လက်ဝှေ့ယမ်းပြလိုက်ရာ ပီတာက လျှပ်စစ်မော်တာကို ပြန်ဖွင့်လိုက်သဖြင့် ခဲသီးချည်ထားသော ကြိုးစသည် တံတားပေါ်သို့ အမြန်ဆုံးအရှိန်နှင့် ပြန်ကျသွားသည်။

နှစ်မိနစ်ကြာသောအခါ ထိုကြိုးစထိပ်တွင် တာရပတ်စနှင့် တသီကြီးချည်နှောင်ထားသော ဖောက်ခွဲရေးပစ္စည်းများ တန်းလန်းတန်းလန်းနှင့် အပေါ်ပြန်တက်စပြုသည်။ ယခုအကြိမ်တွင် ယခင်အကြိမ်နှင့်မတူပါ၊ ပီတာက လျှပ်စစ်မော်တာကို ခပ်နှေးနှေးသာလည်စေသည်၊ တစ်ခါတရံ ရပ်ပင်သွားသေးသည်။ ဗိုလ်ချုပ်ကြီး တတ်တလန်က မှတ်ချက်ပေးသည်။

'ခင်ဗျားလူက ဘေးကို မယမ်းအောင် ကြိုးစားနေတာထင်တယ်'

'ဒါပေါ့၊ တသီကြီးတွဲထားတဲ့ အဲဒီဖောက်ခွဲရေးပစ္စည်းတွေ သံမဏိဆင့်တန်းကြီးတစ်ခုခုနဲ့ ရိုက်မိမှာစိုးလို့ပေါ့'

'ဟုတ်တာပေါ့၊ မာကြူရီဖူမိနိတ် စနက်တံတွေကို ကိုင်တဲ့နေရာမှာ ဘယ်လောက် ရှိသေရတယ်ဆိုတာ ငါမေ့သွားတယ်'

'စနက်တံတွေကတော့ ဘတ်လက်ရဲ့ အိတ်ထဲမှာပါ၊ ဒါပေမယ့် အထဲမှာပါတဲ့ ရှလစနက်တံကလည်း ကြောက်စရာကောင်းသေးတာပဲ၊ ဒါကြောင့် မနိုက်မိအောင် သံယက်မရဲ့ အပြင်ဘက်ကို ထမ်းထုတ်ပြီးမှ ဆွဲတင်ခိုင်းတာပေါ့၊ ပြီးတော့ ပေါင်တစ်ရာခြောက်ဆယ်လေးတဲ့ပစ္စည်းကို လူနှစ်ယောက်နဲ့ ပေငါးရာကျော်အထိ အပေါ်တည့်တည့်ကိုဆွဲတင်ခိုင်းတာ မသင့်ဘူးလို့ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခွဲရေးပစ္စည်းများသည် ဒုတိယသံဆင့်တန်းများနှင့် မခိုက်မိပဲ ချောမော စွာကျော်ဖြတ်သွားနိုင်သည်ကို ကြည့်နေကြပြီးနောက် ကတ်တာလန်က ပြောလိုက်သည်။

'ဒါဖြင့်ရင် ဒီဘက်ကြီးမှာတစ်တွဲ၊ ဟိုဘက်ကြီးမှာတစ်တွဲ၊ ပြီးတော့ မြောက်ဘက်က တံတားတိုင်မျှော်စင်မှာ နှစ်တွဲ ဆွဲမှာလား'

'မဟုတ်ဘူး၊ အစီအစဉ်ပြောင်းလိုက်ပြီ၊ တံတားကိုဆိုင်းထားတဲ့ အဲဒီသံကြိုး ကြီးထဲမှာ သံမဏိကြိုးလေးပေါင်း နှစ်သောင်းခုနှစ်ထောင်ကျော် ရှိနေတယ်၊ ဒီတော့ ကျုပ်တို့ စံနမူနာထားပြီး စမ်းကြည့်ခဲ့တဲ့သံမဏိကြိုးထက် သူက ပိုခိုင်ချင်ခိုင်နေမှာ၊ ဒါကြောင့် ဒီဘက်မှာ ဖောက်ခွဲရေးပစ္စည်း လေးတွဲစလုံးသုံးမယ်၊ သံမဏိကြိုးတစ်ချောင်း အတွက် နှစ်တွဲစီပေါ့၊ ဒါဆိုရင် ပြတ်မှပြတ်ပါ့မလားလို့ စိုးရိမ်စရာမလိုတော့ဘူး၊ ပြီးတော့လဲ ရွှေတံခါးတံတားကြီးရဲ့ တောင်ဘက်ပိုင်း ကျိုးကျသွားမယ်ဆိုရင် မြောက်ဘက်ပိုင်းလဲ ကျိုးကျသွားမှာပဲသေချာတယ်၊ အဲ မြောက်ဘက်က တံတားတိုင်မျှော်စင်ကြီး ပြိုမကျပါ့မလားလို့ တွေးမနေနဲ့၊ အဲဒီအချိန်မှာ ပေလေးထောင့်နှစ်ရာရှိတဲ့ တံတားအလယ်ပိုင်းဟာ ဒီတံတားတိုင်မျှော်စင် တစ်ခုတည်းပေါ်မှာ ပိနေပြီ၊ ဒီတော့သူလဲ ပြိုကျသွားမှာ သေချာတယ်'

ဝန်အက်ဖင်သည် ရှေ့သို့ နှစ်လှမ်းတိုးလာရင်း စက်သေနတ်ပေါ်မှ မောင်း ထိန်းခလုတ်ကို ဖြုတ်လိုက်သည်။ ဤတွင် သူ့ကုလားထိုင်ပေါ်မှ တဝက်တပျက် မတ်တတ်ရပ်နေမိပြီဖြစ်သော မြို့တော်ဝန် မော်ရီဆန်တစ်ယောက် ကုလားထိုင်ပေါ် သို့ ဖြည်းညင်းစွာ ပြန်ထိုင်ချလိုက်သည်။ သို့သော် သူ့လက်သီးများကိုမူ ကျစ်ကျစ်ပါ အောင် ဆုပ်ထားဆဲဖြစ်သည်။ သူ့မျက်လုံးအစုံကလည်း ဒေါသနီးများဝေနေဆဲပင် တည်း။

ကတ်တာလန်က မေးလိုက်သည်။

'စနက်တံတွေကို တပ်နေပြီထင်တယ်'

ဘရန်ဆန်က ခေါင်းညိတ်ပြလိုက်သည်။ ဤတွင် ကတ်တာလန်က သူတို့နှင့် မလှမ်းမကမ်း တံတားအလယ်လောက်ရှိ သံမဏိဆိုင်းကြိုးကြီး၏ အနိမ့်ဆုံးနေရာကို လက်ညှိုးထိုးပြပြီး မြောလိုက်ပြန်သည်။

'ဘာဖြစ်လို့ ဒီလောက်ထိအောင် ခက်ခက်ခဲခဲကြိုးစားနေရတာလဲ၊ ဖောက်ခွဲရေး ပစ္စည်းတွေကို ဒီနေရာမှာတပ်ရင် ပိုမလွယ်ပေဘူးလား'

'ပိုလွယ်တယ်ဆိုတာမှန်တယ်၊ ဒါပေမယ့် တံတားအလယ်မှာရှိတဲ့ သံမဏိ ဆိုင်းကြိုးကိုဖြတ်လိုက်ရုံနဲ့ ဒီတံတားကြီးပြိုကျသွား၊ မသွားဆိုတာ သိပ်မသေချာဘူး



ဒီကိစ္စကို အလျင်အလျင်က စမ်းမကြည့်ခဲ့ကြလို့ ဘယ်သူကမှ အတပ်မပြောနိုင်ဘူး ဒီလိုကြိုးဆိုင်းတံတားတွေဟာ သိပ်အကုန်အကျများတယ်၊ ဒီနေရာက သံကြိုးတွေပြတ် သွားသည့်တိုင်အောင် ဟန်ချက်ပျက်သွားမှာ မဟုတ်ဘူး၊ ဒါကြောင့် တံတားကြီး အောက်ဘက်ကို အိုင့်ကျသွားတာကလွဲရင် တံတားကြီးတစ်ခုလုံး ရေထဲပြုတ်ကျသွားမှာ မဟုတ်ဘူး၊ အခုလုပ်လိုက်တဲ့နည်းကတော့ အောင်မြင်မှာသေချာတယ်၊ ဒေါ်လာ သန်း နှစ်ရာတန်ပစ္စည်းတစ်ခုကို ဖျက်တဲ့နေရာမှာ ကပျက်ကချော် လုပ်စေချင်မှာတော့ မဟုတ်ဘူးထင်တယ်'

ဗိုလ်ချုပ်ကြီး ကတ်တာလန်က ဘာမှပြန်မပြောပါ။

'ပြီးတော့လဲ ဒီကိစ္စကြီးမအောင်မြင်ခဲ့ရင် အဲလေ ခင်ဗျားတို့က ငွေရေးကြေး ရေးကိစ္စမှာ ကပ်စေးနှဲကြမယ်ဆိုရင် ကျုပ်တို့ ဒီက ထွက်ခွာပြီးတဲ့နောက် ချက်ချင်း စနက်တံကို ရှိုမယ်လို့ စိတ်ကူးထားတယ်၊ အဲဒီဖောက်ခွဲရေးပစ္စည်း ပေါင်ခြောက်ရာ ပေါက်ကွဲတဲ့အချိန်ကျရင် ကျုပ်ဒီနေရာနဲ့ မိုင်ဝက်အကွာအဝေးအတွင်းမှာတောင် ရှိမနေချင်ဘူး'

သမ္မတကြီးက ဝင်မေးလိုက်ပြန်သည်။

'ဒါဖြင့်ရင် စနက်တံကို မီးရှို့တဲ့ကိရိယာဟာ ဒီရဟတ်ယာဉ်နှစ်စီးထဲက တစ်စီး ပေါ်မှာရှိတယ်လို့ မင်းက ဆိုလိုတာလား'

ဘရန်ဆန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခက်ပါသော်ကောဗျာ၊ သမ္မတလောင်းတွေဟာ ဉာဏ်ကောင်းမကောင်း ကြို အစစ်ခံရတယ်လို့ ကျုပ်ထင်ထားတာ၊ အဲလေ ခင်ဗျားထင်တဲ့အတိုင်း ဟုတ်ပါတယ်၊ ဒီဘက်က ရဟတ်ယာဉ်ပေါ်မှာရှိတယ်၊ နေပါဦး၊ ကျုပ်က ဘယ်လိုလုပ်လိမ့်မယ် ထင်လို့ လဲ၊ ကားထဲမှာ ရှိတဲ့ခလုတ်ကိုနှိပ်၊ တံတားကြီးလဲကျိုးကျရော ကျုပ်တို့ပါ ရွှေတံခါး ရေလက်ကြားထဲ တပါတည်းပါသွားအောင် လုပ်ရမှာလား'

ဘရန်ဆန်က သမ္မတကြီးကို တအံ့တသြကြည့်လိုက်ပြီးနောက် ရုပ်မြင်သံကြား မှစက်ကို ပြန်ကြည့်လိုက်သည်။ ဘိုယတ်က ဘတ်လက်ကို ထိန်းပေးထားသည်။ ထိုစဉ် ဘတ်လက်က ပတ္တူစနှင့် တွဲထားသော ပျားအုံပုံစံဖောက်ခွဲရေးပစ္စည်းများကို သံကြိုး ကြီး၏ပတ်ပတ်လည်တွင် ငုံ၍ ပတ်လိုက်ပြီးနောက် မြဲသွားအောင် ပတ္တူစတွင် အသင့် တပ်ထားသော ခါးပတ်စနှစ်ခုကို သက်ဆိုင်ရာ ခါးပတ်ကွင်းထဲသို့ထည့်၍ ချည်နှောင် နေသည်။ ထိုကဲ့သို့ချည်နှောင်ပြီးသောအခါ ဘတ်လက်က နောက်ပြန်ဆုတ်လိုက်ပြီး ဘိုယတ်နှင့်အတူ သူ့လက်ရာကို ပြန်ကြည့်နေပြန်သည်။ ထို့နောက် ရုပ်မြင်သံကြား

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာက ဖောက်ခွဲရေးပစ္စည်းများကို ငုံ၍ချည်ထားသည့် သံကြိုးကြိုးရှိရာသို့ ပြန်ချိန်၍ ရိုက်ပြပြန်သည်။

ဘရန်ဆန်က အားရပါးရပြုံး၍ ပြောလိုက်သည်။

'ကဲ၊ ဘယ်လောက်တောင် ကြည့်လို့ကောင်းတဲ့မြင်ကွင်းလဲ'

ဝိုလ်ချုပ်ကြီး ကတ်တလန်ကတော့ ခပ်တည်တည်ပင်။

'ဒါကတော့ ကိုယ့်ရှုထောင့်နဲ့ ကိုယ်ပေါ့လေ'

□□□

## အခန်း( ၇ )

ဒုတိယသမ္မတရစ်ချတ်က ရုပ်မြင်သံကြားပြစက်ကို ပိတ်လိုက်သည်၊ သူ့ကိုကြည့်ရသည်မှာ ထိတ်လန့်တကြားဖြစ်သွားပုံရသည်။ တစ်ကြိမ်တည်းမှာပင် အတွေးနှတ်နေပုံလည်းရသည်၊ သူစကားပြောသောအခါ အသံတုန်နေသည်။

'အင်း၊ တော်တော် ထိရောက်တဲ့ သရုပ်ဆောင်ချက်ပဲ၊ ဒီလူဆိုးတွေဟာ ဘယ်လိုခြိမ်းခြောက်ရမယ်ဆိုတာကို သိတဲ့အပြင် ခြိမ်းခြောက်တဲ့အတိုင်း မဖြစ်ဖြစ်အောင် လုပ်နိုင်မယ့်လူတွေ၊ ကဲ ဒါကတော့ ကျုပ်အယူအဆ၊ ဒါပေမယ့် ကျုပ်က ခုမှရောက်လာတဲ့ လူဆိုတော့ ခင်ဗျားတို့ရဲ့ အယူအဆကိုလဲ ပြောကြစမ်းပါဦး'

ဒုတိယသမ္မတကြီးသည် တောင်ပိုင်းသားဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်သည်၊ အစားမက်သည်။ သူအစားမက်ကြောင်း နိုင်ငံတကာကပင်သိသည်။ ဒီအကြောင်း အထူးပြောစရာလည်းမလိုပါ။ အရပ်ရှည်သော်လည်း ဝဖိုင့်ဖိုင့်ဖြစ်နေသော သူ့ကိုယ်ခန္ဓာက သက်သေခံစေသည်၊ သို့သော် ဟေဂင်ဘက်စွပ်စွဲသလို နလပိန်းတုန်းတစ်ယောက်တော့မဟုတ်ပေ။

ဟေဂင်ဘက်ကမူ ပါးနပ်သည်။ ဉာဏ်ထက်သည်၊ ဘာသာရပ်မျိုးစုံကို[illegible] စပ်စပ်သိသည်။ ပြီးတော့ အလုပ်လုပ်သည့်အခါ အားနှင့်မာန်နှင့် လုပ်တတ်ကိုင်[illegible]တ်သည်။ ဒုတိယသမ္မတရစ်ချတ်ကမူ အာဏာမက်သူဖြစ်သည်၊ တကယ်တော့ ဘရန်ဆန်က၊ ဒုတိယသမ္မတအကြောင်း ဖြီးဖြန်းပြောနေခြင်းမဟုတ်၊ ဒုတိယသမ္မတရစ်ချတ်တစ်ယောက် အိမ်ဖြူတော်ရှိသမ္မတကြီး၏ ရုံးခန်းထဲသို့ ရောက်ရှိသည့်အခါတိုင်း

www.burmeseclassic.com



သူမျက်လုံးများသည် လောဘဇောဖြင့် တပြောင်ပြောင်တလက်လက် ဖြစ်လာတတ်သည်။

ရစ်ချတ်က ဆေးရုံကြီးကြပ်ရေးမှူးအခန်းထဲရှိ စားပွဲဘေးတွင် ဝိုင်းထိုင်နေသည့် လူစုကို စိတ်မပါတပါလှမ်းကြည့်လိုက်သည်။ ဟောဂင်ဘက်၊ ဟင်းဒရစ်နှင့် အတွင်းရေးမှူးနှစ်ယောက်သည် စားပွဲငယ်ကလေး၏ ဘေးပတ်ပတ်လည်တွင် ဝိုင်းထိုင်နေကြသည်။ နယူဆန်နှင့် ကာတာကမူ တပ်မတော်ထိပ်ပိုင်းအရာရှိကြီးများပီပီ ထိုစားပွဲထက် ပိုသေးသည့် စားပွဲငယ်တစ်လုံးနှင့် ဘေးတွင်သပ်သပ်ထိုင်နေကြသည်။ လက်ပိုက်ထားသော အိုဟဲယားသည် အပူပေးစက်ကို ကျောနှင့်မှီပြီး ခပ်ပြုံးပြုံးမျက်နှာထားနှင့် မတ်တတ်ရပ်နေသည်။ အေပရဲလ်ကမူ ထောင့်တစ်ထောင့်တွင် ကုလားထိုင်တစ်လုံးနှင့် ငြိမ်သက်စွာ ထိုင်နေသည်။

အားလုံးနှုတ်ဆိတ်နေကြသဖြင့် ဒုတိယသမ္မတကြီးရစ်ချတ်နှင့် သဘောထားချင်း ကွဲလွဲသူမရှိကြောင်း ထင်ရှားသည်။

ရစ်ချတ်က မေးလိုက်၏။

'ကဲ ဟောဂင်ဘက်၊ ခင်ဗျားက ဘယ်လိုလုပ်မယ်လို့ စိတ်ကူးသလဲ'

ဟောဂင်ဘက်က သူ့ကိုယ်သူ ချုပ်တည်းလိုက်သည်။ သူသည် အက်ဖ်ဘီအိုင်အကြီးအကဲဖြစ်သော်လည်း ဒုတိယသမ္မတကြီးကိုတော့ အများရှေ့မှောက်တွင် ရိုသေသမှုပြုရပေလိမ့်မည်။

'ကျွန်တော်ကတော့ ရက်ဗ်ဆန်ရဲ့အစီရင်ခံစာကို အဓိပ္ပာယ်ပြန်ဖော်ပြီးတဲ့အထိ စောင့်သင့်တယ်လို့ ထင်ပါတယ်ခင်ဗျာ'

'အဓိပ္ပာယ်ဖော်ရဦးမယ်၊ ဘာသာပြန်ရဦးမယ်၊ ဟုတ်လား၊ ခင်ဗျားလူက လို့ဝှက်သင်္ကေတနဲ့ ရေးပေးလိုက်တော့ သက်သက်မဲ့ အလုပ်ရှုပ်ကုန်တာပေါ့'

'အလုပ်ရှုပ်အောင်လုပ်တာလို့ မဆိုသင့်ပါဘူး။ ရက်ဗ်ဆန်ဟာ အင်မတန်လျှို့လျှို့ဝှက်ဝှက် လုပ်တတ်ကိုင်တတ်တဲ့လူ၊ တကယ်တော့ ကျွန်တော်လဲ သူ့လိုပါပဲ။ အခုသတင်းပို့ချက်ဟာ ဒီကိုချောချောမောမော လုံလုံခြုံခြုံရောက်လာတယ် မဟုတ်လား။ ပြီးတော့လဲ ခုနက မစ္စအေပရဲလ်ပြောသလို ဘရန်ဆန်က လူနာတင်ကားကြီးကို ရှာမလိုလိုလုပ်သေးတယ် မဟုတ်လား၊ တကယ်သာ စေ့စေ့စပ်စပ်ရှာရင် တွေ့ချင်တွေ့သွားမှာ၊ ဒါပေမယ့် ဒီလို မိုက်ကရိုဖလင်မျိုးဆိုတော့ ရှာတွေ့ဖို့ သိပ်မလွယ်ဘူး'

သူက မော့ကြည့်လိုက်ရာ မီးခိုးရောင်ဝတ်စုံကို သေသေသပ်သပ် ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် အခန်းထဲဝင်လာပြီး သူ့လက်ထဲကို လက်နှိပ်စက်နှင့်ရိုက်ထားသော စာရွက်နှစ်ရွက်ကို ကမ်းပေးလိုက်သည်။



'နည်းနည်းကြာသွားလို့ တောင်းပန်ပါတယ်ဆရာ၊ အဓိပ္ပာယ်ဖော်ရတာ သိပ်မလွယ်ဘူး'

'ရက်ဗ်ဆန်ကိုလဲ ခန့်မှန်းဖို့သိပ်မလွယ်ဘူး'

ဘေးလူများက သူ့ကို အားမလိုအားမရ ဝိုင်းကြည့်နေကြသည်။ သို့သော် ဟောဂင်ဘက်က လုံးဝဂရုမထားပဲ ထိုစာရွက်နှစ်ရွက်ကို ကပျာကယာဖတ်လိုက်သည်။ ပြီးမှ ထိုလူရွယ်ကိုကြည့်၍

'ဟေ့ ဂျက်ကော့ဖ်၊ မင်း ကိုယ့်ရာထူးနဲ့လိုက်အောင် အလုပ်လုပ်တတ်သားပဲ'

'ကျွန်တော့်ကို မမြှောက်ပါနဲ့ဆရာ'

ဟောဂင်ဘက်က ပြုံးရန်ကြိုးစားသည်။ သို့သော် ထုံးစံအတိုင်း ပြုံး၍မရပါ။ သူက ပြောလိုက်ပြန်သည်။

'ငါတောင်းပန်ပါတယ်ကွာ'

'ဆရာ ကျွန်တော့်ကို တောင်းပန်ဖို့မလိုပါဘူး ခင်ဗျား'

ဂျက်ကော့ဖ်သည် ပြောပြောဆိုဆိုနှင့် ပြန်ထွက်သွားသည်။

ဤတွင် ဟောဂင်ဘက်က ပြောလိုက်သည်။

ရက်ဗ်ဆန်ရေးလိုက်တာ ဒီလိုပါ၊ ကျွန်တော်လိုချင်သည့်ပစ္စည်းကို ရှာဖို့ အချိန်အများဆုံးရအောင် ပစ္စည်းစာရင်းကို စပြောပါရစေ'

ရေတပ်ဗိုလ်ချုပ်ကြီး နယူဆန်က ချောင်းတစ်ချက်ဟန့်လိုက်သည်။

'ခင်ဗျားတပည့်တွေက ခင်ဗျားကို ဒီလိုပဲ မလေးမခန့် ဆက်ဆံလေ့ရှိသလား'

ဟောဂင်ဘက်က ပြန်ဖြေသည်။

'အမြဲတမ်းတော့ ဒီလိုမဟုတ်ပါဘူး၊ သူဆက်ရေးထားတာက အပြာရောင် သို့မဟုတ် အစိမ်းရောင်အပ်ချည်ကြိုးဂိုက်လေးရာ၊ ပြီးတော့ စာထည့်ပြီးပို့ဖို့ ရေလုံသံမဏိဝါးကျည်တောက်ဘူးတွေ၊ ပြီးတော့ အချက်ပြဖို့ အလင်းရောင်အနည်းအများဖြစ်အောင် ထိန်းနိုင်တဲ့ အုပ်ဆောင်းတပ်ထားတဲ့ လက်နှိပ်ဓာတ်မီးတစ်လက်၊ ပြီးတော့ ဓာတ်ငွေ့ဘူးတစ်ဘူး၊ ဖောင်တိန်ကနှစ်ချောင်း။ တစ်ချောင်းက အဖြူရောင်၊ တစ်ချောင်းက အနီရောင်၊ ပြီးတော့ CAP လေသေနတ်တစ်လက်၊ အဲဒါတွေ လိုချင်ပါတယ်၊ အမြန်ဆုံးရအောင်ရှာပေးဖို့၊ အဲဒီပစ္စည်းတွေမရှိရင် အလုပ်လုပ်လို့ရမှာမဟုတ်ဘူး'

ဗိုလ်ချုပ်ကြီးကာတာက ဝင်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒုက္ခပါပဲဗျာ၊ အဲဒါတွေက ဘာတွေလဲ'

ဟောဂင်ဘက်က မေးသည်၊

'ကျွန်တော်ပြောလို့ ဖြစ်မှဖြစ်ပါ့မလား၊ အခုလို ပြောရတာက ဗိုလ်ချုပ်ကြီးကို စော်ကားတာမဟုတ်ပါဘူးခင်ဗျာ၊ ဝန်ကြီးတွေ အထက်တန်းအရာရှိကြီးတွေဟာ ဒီလို တိုင်းမျိုးကို သိခွင့်ရှိပါတယ်၊ ဒါပေမယ့် ဒီမှာအရပ်သားတွေရှိနေလေတော့ . . .'

အိုဟဲယားက ဝင်ပြောသည်၊

'ဆရာဝန်တွေလဲ နှုတ်လုံပါတယ်၊ ပြီးတော့ သတင်းထောက်တွေကို တဆင့် ဖောက်သည်ချလေ့မရှိဘူး'

ဟောဂင်ဘက် သူ့ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အောပရဲလ်ကို မေးလိုက်သည်၊

'ကဲ မစ္စအောပရဲလ်ကကော'

'ကျွန်မ လက်သည်းကို ပလိုင်ယာနဲ့ခွာမယ်ဆိုရင် အကုန်ဖွင့်ပြောမှာပဲ၊ အဲဒီလို မလုပ်သ၍ ဘယ်တော့မှမပြောဘူး'

ဟောဂင်ဘက်က ဟင်းဒရစ်ကိုမေးသည်၊

'ဘရန်ဆန်က ငယ်ငယ်ရွယ်ရွယ်မိန်းကလေးတွေရဲ့ လက်သည်းကို ပလိုင်ယာနဲ့ခွာမယ့် လူစားမျိုးလား'

'မဟုတ်ပါဘူး၊ ဒီလူက မိန်းကလေးတွေကို ညာတာတတ်တယ်၊ ပြီးတော့ မိန်းကလေးတွေကို ညှဥ်းဆဲဖို့မဆိုထားနဲ့ ဘေးပြတိုက်တဲ့အခါ မိန်းကလေးတွေ ရောနှော ပြီးပါမလာအောင် သိပ်ရှောင်လေ့ရှိတဲ့လူ'

ဟောဂင်ဘက်က ဆက်ပြောသည်၊

'မာတင်ငွေ့ဘူးဆိုတာက ဘရန်ဆန်တဲ့တားပေါ်က နမူနာဖောက်ပြတဲ့ အကြောသေမာတင်ငွေ့မျိုးပါတဲ့ မာတင်ငွေ့ဘူး၊ ဖောင်တိန်ဆိုတာက မေ့ဆေးအပ်နဲ့ပစ်တဲ့ ဖောင်တိန်သေနတ်မျိုးကို ပြောတာ'

နယူဆန်က ထပ်မေးသည်၊

ဘာဖြစ်လို့ အရောင်နှစ်မျိုးတောင်းတာလဲ'

'အနီရောင်က နည်းနည်းပိုကြာအောင် မေ့သွားစေနိုင်တယ်'

'နည်းနည်းပိုကြာအောင်ဆိုတာ မထသော အိပ်ခြင်းမျိုးကိုဆိုလိုတာလား'

'ဖြစ်နိုင်ပါတယ်၊ လေသေနတ်ကတော့ အသံလုံးဝမထွက်လို့ ကောင်းတာပါ'

'CAP ဆိုတာဘာလဲ'



ဟောဂင်ဘက်က တွန့်ဆုတ်ဆုတ်ဖြစ်သွားသည်။

'ဒါကတော့ အပ်ဖျားမှာ ဆေးလူးထားတယ်လို့ ဆိုလိုတာပါ'

'ဘာဆေးလူးထားတာလဲ'

'ဆိုင်ယာနိုက် အဆိပ်ပါ'

တစ်ခန်းလုံးငြိမ်ကျသွားသည်။ ပြီးမှ ဒုတိယသမ္မတကြီးက လေးလေးပင်ပင် ပြောချလိုက်သည်။

'ရက်ဗ်ဆန်ဆိုတဲ့ ခင်ဗျားတပည့်ဟာ တော်တော်ရက်စက်မယ့်လူပဲ'

'သူဟာ အလုပ်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်တဲ့ ဝန်ထမ်းကောင်း တစ်ယောက်ပါ'

'အခုလို လူသတ်လက်နက်တွေ မျိုးစုံအောင်ရှိမှတော့ အောင်မြင်မှာပေါ့လေ၊ သူ လူသတ်ဖူးသလား'

'ရဲအရာရှိတော်တော်များများဟာ သူ့လိုပါပဲ'

'ဒီနေ့အထိ လူဘယ်နှစ်ယောက် သတ်ပြီးပြီလဲ'

'မပြောတတ်ဘူးခင်ဗျ၊ သူက အရေးကြီးတဲ့ကိစ္စလောက်ကိုပဲ အစီရင်ခံလေ့ရှိ ပါတယ်၊ ကဲ ကျွန်တော့်ကို ခဏလောက်ခွင့်ပြုပါ'

ဟောဂင်ဘက်သည် စာရေးစက္ကူကတ်ပြားပေါ်တွင် ကပျာကယာရေးချလိုက် ပြီးနောက် တံခါးကိုဖွင့်၍ အပြင်တွင်စောင့်နေသူတစ်ဦးအား စာရွက်ကိုလှမ်းပေးရင်း ပြောလိုက်သည်၊

'ဒီပစ္စည်းတွေကို တစ်နာရီအတွင်းရအောင် ရှာယူခဲ့'

သူက စာရွက်ကိုပြန်ကိုင်ပြီး ဆက်ပြောပြန်သည်၊

'ကဲ၊ တိုတောင်းလှသော အချိန်ပိုင်းကလေးအတွင်း ဘရန်ဆန်၏ ပင်ကိုစရိုက် တို့ အကဲခတ်ရာ သူသည် တွေးပုံခေါ်ပုံ၊ အစီအစဥ်ချမှတ်ပုံ၊ စည်းရုံးပုံ၊ လုပ်ကိုင်ဆောင် ရွက်ပုံတို့တွင် အလွန်ထူးချွန်သူဖြစ်သည်။ နည်းဗျူဟာ၊ မဟာဗျူဟာတို့ကို သုံးသပ်ရာ တွင်လည်း အလွန်တော်သဖြင့် ဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်လောက်သူဖြစ်သည်၊ သို့သော် မည်သူမျှ ထိုကဲ့သို့ အစစအရာရာ ဘက်စုံထူးချွန်နိုင်မည်မဟုတ်၊ သူ့ချွတ်ယွင်း ချက်များက သူ့ကို ဖျက်စီးကိန်းကြုံပါစေဟု မျှော်လင့်မိသည်၊ သူက သူ့ကိုယ်သူ အထင်ကြီးလွန်းသည်။ ဤအထင်ကြီးမှုသည် သူ့ကိုဖျက်စီးစေမည့်မျိုးစေ့တစ်ခု ချထားခြင်းပင်ဖြစ်သည်။ တစ်သက်လုံး မပျက်စီး၊ မနိမ့်ကျသွားသူဟူ၍ ဤလောကတွင် မရှိသေး။ ဒုတိယတစ်ချက်မှာ သူ့တွင် အလွန်ဝင့်ထည်ပလွှားတတ်သည့် စိတ်ဓာတ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းဖြစ်သည်။ ယခုလို လူစုလူဝေးနှင့် လူစွာလုပ်၍ပြောရဆိုရတာကို သူနှစ်မြို့က်ပုံရသည်။ ရုပ်မြင်သံကြား သတင်းစာရှင်းလင်းပွဲများ နောက်ထပ်လုပ်လိမ့်ဦးမည်။ သို့သော် ကျွန်တော်သာ သူဖြစ်ခဲ့လျှင် သတင်းစာဆရာများကို တံတားပေါ်မှ ငါးမိနစ်မဆိုင်းပဲ ချက်ချင်းပြန်လွှတ်မည်။ သတင်းစာဆရာများထဲတွင် စုံထောက်များ ရောနှောပါလာနိုင်သည်ဟု သူတွေး မိပုံမရသေး။ တတိယအချက်မှာ သူသည် ဆရာဝန်မစ္စအေပရဲလ်နှင့် လူနာတင်ကားကို စေ့စေ့စပ်စပ်ရှာသင့်သည်။ လိုအပ်ပါက လူနာတင်ကားထဲရှိ ဆေးပစ္စည်း၊ ဆေးဝါးမှန်သမျှကို ရွှေတံခါးရေလက်ကြားထဲသို့ ပစ်ချစေပြီးမှ တံတားပေါ်က ပြန်ခွင့်ပြုသင့်သည်။ တစ်နည်းပြောရသော် သူသည် လုံခြုံရေးကိစ္စကို တကယ်တမ်းစေ့စေ့စပ်စပ် အာရုံစိုက်သူ မဟုတ်သေး။

သူ့ကို ဘယ်လိုကိုင်တွယ်ရမလဲ၊ ကျွန်တော်တော့ ခုအချိန်အထိ တွေးမရသေးပါ၊ အကြံဉာဏ်နှင့် လမ်းညွှန်မှုရလိုပါသည်။ ကျွန်တော်တွေးထားတာ အချို့ရှိသော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်၍ ရလိမ့်မည်မထင်ပါ။

လက်နက်ကိုင် ဆယ့်ခုနှစ်ယောက်ကို အံ့တုရန်မလွယ်ကူပါ၊ သို့သော် ဆယ့်ခုနှစ်ယောက်အနက် နှစ်ယောက်ကသာ အရေးကြီးသည်။ ကျန်ဆယ့်ငါးယောက်သည် လူတော်များဖြစ်နိုင်သည်၊ သို့သော် ဘရန်ဆန်နှင့် ဗန်အက်ဖင်တို့ကသာ မွေးကတည်းက ခေါင်းဆောင်ဇာတာ ပါလာကြသူများဖြစ်သည်။ ဒီလူနှစ်ယောက်ကို ကျွန်တော် သတ်ပစ်နိုင်သည်။'

အေပရဲလ်က အလန့်တကြား ထအော်သည်၊ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် မျက်နှာပေါ်မှ မျက်လုံးစိမ်းကြီးများ ပြူးထွက်လာသလိုထင်ရသည်။

'ဘာ၊ သတ်ပစ်မယ်၊ ဟုတ်လား၊ ဒီလူမှာ လူစိတ်မှရှိသေးရဲ့လား၊ ဘီလူးစိတ်ဝင်နေပြီထင်တယ်'

ဟောဂင်ဘက်က ဝင်ပြောသည်။

'ဒါပေမယ့် သူက လက်တွေ့ကျတဲ့ဘီလူးပါ'

သူက စာကို ဆက်ဖတ်ပြန်သည်။

'အဲဒီလို လုပ်လို့ရနိုင်တယ်၊ ဒါပေမယ့် လုပ်ရင်မှားသွားနိုင်တယ်၊ ကျန်တဲ့လူတွေ ကသောင်းကနင်းဖြစ်ကုန်ပြီး သမ္မတကြီးနဲ့ ဧည့်သည်တွေကိုပါ ရန်မူနိုင်စရာအကြောင်းရှိတယ်၊ ဒါကတော့ မတတ်နိုင်တဲ့အဆုံးကျမှ လုပ်ရမယ့် ဒုတိယနောက်ဆုံးလုပ်ငန်းပါ'

'ညကျရင် ရေငုပ်သင်္ဘောတစ်စီးကို တံတားအောက်မှာ အဆင်သင့် လာစောင့်



ခိုင်းထားရင်ဖြစ်နိုင်မလား၊ (အပေါ်က သိနိုင်အောင်) နည်းနည်းတော့ ဖော်ထားဖို့လိုတယ်၊ အဲဒီလိုစီစဉ်ပေးနိုင်ရင် ကျွန်တော် လိုချင်တဲ့ပစ္စည်းကို အဲဒီသင်္ဘောက ထဲဆင့်နိုင်မယ်၊ သတင်းလဲ ပြန်ပို့လို့ရမယ်၊ တခြားဘာရှိသေးသလဲ၊ ကျွန်တော်တော့ မမြော်တော့ဘူး၊ ပြီးတော့ ပေနှစ်ရာမြင့်တဲ့ ကြိုးလှေကားပေါ်က သမ္မတကြီး အောက်ဆင်းဖို့ဆိုတာမျိုးကို နည်းနည်းမှစဉ်းစားလို့မရဘူး၊ ဆယ်ပေလောက်ဆင်းပြီးတာနဲ့ လှေကားပေါ်က လိမ့်ကျမှာသေချာတယ်'

'ပြီးတော့ ဘရန်ဆန့်လူတွေ၊ ဖောက်ခွဲပစ္စည်းတွေ တပ်ဆင်နေတုန်း သံဆိုင်းကြိုးကြီးထဲကို ဗို့နှစ်ထောင်အားရှိတဲ့ လျှပ်စစ်ဓာတ်အား လွှတ်ထားပေးရင်ဖြစ်မလား၊ ဒါဆိုရင် တံတားကြီးတစ်ခုလုံး ဓာတ်လိုက်သွားမယ်ထင်တယ်၊ ဒါပေမယ့် တံတားပေါ်က လမ်းပေါ်မှာ မတ်တတ်ရပ်နေတဲ့ လူတွေနဲ့ ကားတွေထဲမှာရှိနေတဲ့ လူတွေကိုတော့ ထိခိုက်စရာ အကြောင်းရှိမယ်မထင်ဘူး'

ဒုတိယသမ္မတကြီးရစ်ချတ်က ဝင်မေးသည်။

'ဘာပြုလို့ ဗို့နှစ်ထောင်အားလွှတ်ရမှာလဲ'

ဟောဂင်ဘက်က တောင်းတောင်းပန်ပန် ပြောလိုက်သည်။

'ဗို့နှစ်ထောင်အားဆိုတာ လျှပ်စစ်ထိုင်ခုံပေါ်မှာ သေဒဏ်ပေးခံရတဲ့လူတွေအတွက် သုံးတဲ့ဗို့အားလေ'

'ဒါဆိုရင် ရက်ပ်ဆန်ကို စော်စော်ကားကားပြောမိလို့ ကျုပ် တောင်းပန်ပါတယ်'

'ဟုတ်ကဲ့ပါခင်ဗျာ၊ ဒီနည်းမှာ ချွတ်ယွင်းချက်တစ်ခုရှိတယ်၊ တကယ်လို့ တစ်ယောက်ယောက်၊ ဥပမာ သမ္မတကြီးကိုယ်တိုင် တံတားရဲ့လက်ရန်းပေါ်မှာ ထိုင်နေရင် ဒါမှမဟုတ် လက်နဲ့ကိုင်ထားရင် ဘယ့်နှယ့်လုပ်မလဲ၊ ဒါဆိုရင် ရွှေကောက်ပွဲ ထပ်လုပ်ရလိမ့်မယ်၊ ဒါကြောင့် ပါရဂူတွေရဲ့ အကြံဉာဏ် လိုချင်ပါတယ်၊ ဒါမှမဟုတ် ဖောက်ခွဲပစ္စည်းတွေကို နေသားတကျ ချိတ်ဆွဲထားတဲ့အခါ လေဆာရောင်ခြည်နဲ့ချိန်ပြီး ချက်ဆီးလို့ရမလား၊ ဒီရောင်ခြည်တန်းက တာရပတ်စကို ဖျက်ဆီးပစ်မှာ သေချာတယ်၊ တကယ်လို့ ဖောက်ခွဲရေးပစ္စည်းတွေ တံတားပေါ်ပြုတ်ကျမယ်ဆိုရင် တံတားနဲ့ ခိုင်မိတာနဲ့တစ်ပြိုင်နက် ထပေါက်ကွဲမှာ သေချာတယ်၊ ဒါပေမယ့် အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့လူတွေ ထိပ်ဆုံးကိုရောက်နေဖို့ပဲ၊ ရောက်နေရင် အောက်လှေကားနဲ့အောက်ပြန်ပို့ ပြီးတော့ ဓာတ်အားဖြတ်ထားလိုက်၊ ဒါဆိုရင် ဆင်းရာ အောက်လျှောက် လှေကားနဲ့တက်လာရတဲ့ လူဟာ အပေါ်ရောက်ရင် မေ့မြောက်နေမှာ သေချာတယ်'

www.burmeseclassic.com

'ပြီးတော့ စားလိုက်ရင်နာရီရက်၊ တစ်နာရီလောက် မူးမေ့သွားနိုင်တဲ့ ဆေးမျိုး အစားအစာတွေထဲမှာ ထည့်ပေးလို့ရမလား၊ ဒါပေမယ့် ချက်ချင်းမေ့သွားတဲ့ဆေးမျိုး မဖြစ်ဖို့လိုတယ်၊ တစ်ကိုက်လောက်စားရုံနဲ့ ခေါင်းငိုက်စိုက်ကျသွားတယ်ဆိုရင် ဘရန်ဆန်က ချက်ချင်းလက်တုံ့ပြန်မှာသေချာတယ်၊ ပို့ပေးမယ့်အစားအစာတွေကိုလဲ လူတစ်ယောက်စီအတွက် သပ်သပ်စီ အမှတ်အသားလုပ်ပေးလိုက်ဖို့လိုမယ်'

ဟောဂင်ဘက်က အိုဟဲယားကိုလှမ်းမေးသည်။

'အဲဒီဆေးမျိုးရှိလား'

'ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ သိပ်မသိဘူး၊ မူးယစ်ဆေးဝါးဌာနမှူး ဒေါက်တာ အစ်ဇက်က ပိုသိလိမ့်မယ်'

'အင်း ဒါဆိုရင် အလုပ်ဖြစ်နိုင်တယ်'

ဟောဂင်ဘက်က ပြောပြောဆိုဆိုနှင့် ဆက်ဖတ်သည်။

'ကျွန်တော့်ကို ခင်ဗျားတို့ဆီက အကြံဉာဏ်ပေးကြပါဦး၊ ကျွန်တော်လုပ်နိုင်တာ တစ်ခုကတော့ အဲဒီဖောက်ခွဲရေးပစ္စည်းတွေကို ရေဒီယိုလှိုင်းနဲ့ အဝေးက လှမ်းခွဲမယ့် ရေဒီယိုစက်ကို လက်ရာခြေရာမပေါ်အောင် ဖျက်ပစ်ဖို့ပဲ၊ အဲဒီလို ဖျက်ဖို့က လွယ်ပါတယ်၊ အဲဒီပစ္စည်းရှိတဲ့နေရာကို ရောက်အောင်သွားဖို့က ပိုခက်မှာ၊ အဲဒီရေဒီယိုပစ္စည်းဟာ ရဟတ်ယာဉ်တစ်စီးစီးထဲမှာ ရှိရမယ်၊ ဒါပေမယ့် ရဟတ်ယာဉ်တွေကို နေ့ရောညပါ ဆလိုက်မီးကြီးတွေထိုးပြီး အစောင့်တွေစောင့်နေကြတယ်၊ ကဲ ဒါလောက်ပါပဲဗျာ'

နယူဆန်က ဝင်မေးသည်။

'ခုနတုန်းက ဒုတိယနောက်ဆုံးလုပ်ငန်းလို့ ကြားလိုက်ရတယ်၊ ဒါဖြင့်ရင် နောက်ဆုံးလုပ်ရမယ့်လုပ်ငန်းက ဘာလဲ'

'ကျုပ်လဲ ခင်ဗျားလောက်ပဲတွေးတတ်တာပါ၊ တကယ်လို့ သူက နောက်ဆုံး လုပ်ရမယ့်လုပ်ငန်းကို တွေးတောထားမိပြီးပြီဆိုရင် ကျုပ်တို့ကို ဖွင့်မပြောသေးတာ သေချာတယ်၊ ကဲ . . . ဒီတော့ တစ်ယောက်တစ်လှည့်စီ ဝေဖတ်နေရမယ့်အစား ကော်ပီပွားပေးလိုက်မယ်၊ ကော်ပီပွားတာတစ်မိနစ် နှစ်မိနစ်ပဲကြာမှာပါ၊ ပြီးတော့ ခင်ဗျားတို့ အားလုံး တစ်စောင်စီရကြမှာ'

ဟောဂင်ဘက်သည် အခန်းအပြင်သို့ ထွက်သွားပြီးနောက် ဂျက်ကော့ဖ်အား စာရွက်လှမ်းပေးရင်း

'ရော့ ဒါကို မိတ္တူဆယ်စောင်ပွားပေး၊ ဒါပေမယ့် ဟောဒီနောက်ဆုံးစာပိုဒ် မပါစေနဲ့ ပြီးတော့ ဟောဒီမူရင်းကို ငါ့လက်ထဲရောက်အောင် ပြန်လာပြီးပေး၊ ကြားလား'



ဟောဂင်ဘက် အာမခံခဲ့သည့်အတိုင်း ဂျက်ကော့ဖ်သည် တစ်မိနစ် နှစ်မိနစ်အတွင်း ပြန်ရောက်လာသည်။ ဂျက်ကော့ဖ်က တစ်ယောက်တစ်စောင်စီ ဝေလိုက်ပြီးနောက် ကျန်နေသေးသော မိတ္တူအပိုများနှင့် ပထမမူရင်းစာရွက်ကို ဟောဂင်ဘက်အား ပေးလိုက်သည်။ ဟောဂင်ဘက်က ပထမမူရင်းစာရွက်ကိုခေါက်ပြီး သူ့အိတ်ထဲထည့်လိုက်သည်။ ထို့နောက် သူတို့ခုနစ်ဦး ထိုအစီရင်ခံစာကို ထပ်တလဲလဲ ခေါင်းချင်းဆိုင် ဖတ်ကြသည်။

ဂျင်နရယ်ကာတာက စပြောသည်။

'ရက်ဗ်ဆန်ဆိုတဲ့အကောင်က တို့အတွက် တွေးစရာတစ်ကွက်မှ မကျန်အောင် အကုန်စဉ်းစားထားတယ်'

'ဟုတ်တယ်၊ မင်းလူက တော်တော်လေး စေ့စေ့စပ်စပ် စဉ်းစားထားတာပဲ ဟောဂင်ဘက်ရဲ့ တကယ်အသုံးဝင်မယ့် လူစားမျိုးပဲ'

'တကယ်အသုံးဝင်ပါတယ်၊ ဒါပေမယ့် သူ့အလုပ်လုပ်လို့ရအောင် ဖန်တီးပေးဖို့ တော့လိုမယ်'

ကွာရီကလည်းမရှုတ်မလွန်ဝင်ပြောသည်။

'ဒီကိစ္စမျိုးကို ကျုပ်သိပ်နားမလည်ဘူး၊ ဒါပေမယ့် ရဟတ်ယာဉ်တွေကို ဖျက်ပစ်ဖို့ဟာ အဓိကအရေးကြီးတဲ့ အချက်လို့ထင်တယ်၊ အဲဒီ ရဟတ်ယာဉ်တွေကို ဖျက်နိုင်မလား'

ဗိုလ်ချုပ်ကြီး ကာတာက ဝင်ပြောပြန်သည်။

'မခက်ပါဘူး၊ လေယာဉ်ပျံနဲ့ ဒါမှမဟုတ် အဝေးပစ်အမြောက်၊ ဒါမှမဟုတ် ဒုံးပျံ ပြီးတော့ တင့်ကားပစ်ဒုံးကျည်အငယ်စား၊ အဲဒါတွေနဲ့ ဖျက်လို့ရပါတယ်၊ ရဟတ်ယာဉ်ကို ဘာဖြစ်လို့ ဖျက်ရမှာလဲ'

'ဘရန်ဆန်နဲ့ သူ့လူတွေက ရဟတ်ယာဉ်နဲ့ ထွက်ပြေးဖို့စီစဉ်ထားတယ်ထင်တယ်၊ ဒီတော့ တံတားပေါ်က သူ မခွာနိုင်သမျှကာလပတ်လုံး အဲဒီဖောက်ခွဲရေးပစ္စည်းတွေကို ဖောက်ခွဲပစ်ရဲမှာ မဟုတ်ဘူး၊ ကဲ . . . အဲဒီလို လုပ်လိုက်ရင် ဘာဖြစ်လာမလဲ'

ကာတာက ဘဏ္ဍာရေးဝန်ကြီးကို ခပ်တည်တည်ကြည့်ရင်း ပြန်ဖြေသည်။

'ကျုပ်လောလောဆယ် သုံးမျိုးတော့ စဉ်းစားလို့ရတယ်၊ တစ်အချက် ဘရန်ဆန်က ဝန်ခံစက်တစ်စီး ပို့ပေးဖို့တောင်းခံပြီး ရဟတ်ယာဉ်နှစ်စီး အစားထပ်တောင်း လိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့ တစ်ယောက်ယောက်ရဲ့ နားရွက်နှစ်ဖက်ကို ထုပ်ပိုးပြီး ကျုပ်တို့ဆီ ပို့ပေးလိမ့်မယ်၊ ဒုတိယအချက်ကတော့ အမြောက်ကျည်ဆန်ပဲ ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဒုံးပျံပဲဖြစ်ဖြစ်၊ ရဟတ်ယာဉ်ကို လာမှန်တဲ့အချိန်မှာ ဘေးလူတွေကိုလဲ ထိနိုက်ကုန်မှာသေချာတယ်၊ တတိယအချက်ကတော့ ရဟတ်ယာဉ်ပျက်သွားတာနဲ့ တစ်ပြိုင်နက် ဖောက်ခွဲရေးပစ္စည်းတွေရဲ့ စနက်တံကို ရေဒီယိုလှိုင်းနဲ့ ဖောက်ခွဲပစ်မယ့် ရေဒီယိုစက်ကို ထိခိုက်ပြီး စနက်တံတွေ ထပေါက်ကုန်ရင် ဘယ့်နှယ့်လုပ်မလဲ၊ ဆိုင်းကြိုးကြိုးတစ်ချောင်း ပြတ်သွားရင်တောင် ဒီတံတားကြီး စောင်းရွဲ့သွားမှာ သေချာတယ်၊ ကဲ . . . ဒီလိုဖြစ်လာရင် ခင်ဗျားကိုပဲ အပြစ်ဝိုင်းဖို့ကြမှာ'

ကွာရိက သက်ပြင်းချလိုက်သည်။

'အေးပါလေ၊ ဒီကိစ္စက ကျုပ် ကျွမ်းကျင်တဲ့ ကိစ္စမှမဟုတ်တာ'

ဒုတိယသမ္မတကြီးက ဝင်ပြောပြန်သည်။

'ကဲ . . . ကျုပ်တို့ မိနစ်နှစ်ဆယ်လောက် ငြိမ်ငြိမ်လေးထိုင်ပြီး အကြံထုတ်ကြရအောင်၊ ဘယ်လိုစိတ်ကူးစိတ်သန်းတွေပေါ်လာမလဲ စမ်းကြည့်ရအောင်'

မိနစ်နှစ်ဆယ်ကြာသောအခါ ဟောဂင်ဘက်က မေးလိုက်သည်။ 'ကဲ . . . ဘယ်လိုလဲ'

အားလုံးငြိမ်နေကြသည်၊ ဘာမှ ပြန်မပြောကြ။

'ဒါဖြင့်ရင် ရက်ဗ်ဆန်ပေးတဲ့ အကြံဉာဏ်ထဲက သိပ်မဆိုးဘူးလို့ ထင်ရတဲ့ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ စဉ်းစားကြရအောင်'

□

ညနေခြောက်နာရီခန့်တွင် တံတားပေါ်သို့ လူနာတင်ကား ပြန်လည်ရောက်ရှိလာသောအခါ စိတ်ဝင်တစား လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်၊ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေပြီး အနည်းငယ်ချောက်ချားနေသေးသော အေပရဲလ်တစ်ယောက် လူနာတင်ကားပေါ်မှ ဆင်းလာသည့်အခါ ဘရန်ဆန်က ပထမဦးဆုံး ကြိုဆိုနှုတ်ဆက်သည်။

'ဘယ်လိုနေသေးသလဲ'

အေပရဲလ်က လက်မောင်းပေါ်မှ ဆေးထိုးရာနှစ်ချက်ကိုအကျႌလက်မောင်းအား လှန်ပြရင်းပြောလိုက်သည်။

'ကွန်မ တော်တော်ရှုတ်သွားတယ်၊ ဆေးနှစ်ချက်ထိုးလိုက်ရုံနဲ့ ချက်ချင်းပြန်နေကောင်းလာတာပဲ'

အေပရဲလ်သည် အနီးအနားတွင် ချထားသော ကုလားထိုင်များဆီသို့ လျှောက်သွားရင်း ကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့ အခေါင်းအသင်းများက အနားသို့အုံလာသည်။

ဘရန်ဆန်က အိုဟဲယားကို ပြောလိုက်သည်။

'ကျုပ်အမြင်ကတော့ ဒီကလေးမလေး သိပ်နေမကောင်းသေးဘူး ထင်တယ်'

'ဟုတ်ပါတယ်၊ အရင်တုန်းကလို ကျန်းကျန်းမာမာ ပြန်မဖြစ်လာသေးဘူးဆိုတာ မှန်ပါတယ်၊ ဆေးရုံမသွားခင်တုန်းက သူ့စိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ အခုတော့လဲ သူ့စိတ်တွေ နည်းနည်းညှိုးနွမ်းနေတယ်၊ ကျုပ် တွေးတဲ့အတိုင်းမှန်ပါတယ်၊ သူ့စိတ် ကယောင်ချောက်ချား ဖြစ်သွားတာပါ၊ သူ နှစ်နာရီလုံးလုံး အိပ်ဆေးတန်ခိုးနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေခဲ့တယ်၊ ဒါကြောင့် အခုအချိန်အထိ အိပ်ချင်မူးတူးဖြစ်နေသေးတာပါ၊ ဒေါက်တာ ဟူရွန်ကတော့ ပြန်မလွှတ်ချင်ဘူး၊ ဒါပေမယ့် သူက အတင်းအကျပ် ဆူဆူညံညံ တောင်းဆိုနေလို့ ပြန်လွှတ်လိုက်ရတာ၊ စိုးရိမ်စရာတော့ မရှိတော့ပါဘူးလေ၊ သူ့ဆီက သူသုံးရမယ့်အိပ်ဆေး တပတ်စာလောက်တောင်းလာခဲ့တယ်'

'အဲဒီဆေး လေးပုံတစ်ပုံတောင်မလိုအပ်ပါစေနဲ့လို့ ဆုတောင်းပေါ့ဗျာ'

အေပရဲလ်ထံ လာရောက်မေးမြန်းကြသူများ ကုန်သွားသည်အထိ ရက်ဗ်ဆန်က စောင့်နေသည်။ လာမေးကြသူများသည် ယနေ့ညပိုင်းတွင် ဘရန်ဆန်၏ ရုပ်မြင်သံကြားသတင်းစာရှင်းလင်းပွဲ အစီအစဉ်ကို နောက်တစ်ကြိမ် ထပ်လွှင့်ဦးမည်ဖြစ်၍ ထပ်ကြည့်ရန် ပြန်သွားကြခြင်းဖြစ်သည်။ ထိုလူစုထဲတွင် ရုပ်မြင်သံကြားအစီအစဉ်ကို စိတ်အဝင်စားဆုံး ပုဂ္ဂိုလ်မှာ ဘရန်ဆန်ကိုယ်တိုင်ဖြစ်နေသည်။ သို့သော် သူ့အတွက် တခြားနည်းအချိန်ဖြုန်းစရာလည်း လုံးဝမရှိချေ။ သို့ရာတွင် ခရိုက်စလာတစ်ယောက်ကတော့ နောက်ဆုံးကားဆီသို့ အချိန်မှန်မှန်၊ မကြာခဏသွားနေသည်။ သူဘာဖြစ်လို့ ခဏခဏ မှန်မှန်သွားနေတာလဲ။

ရက်ဗ်ဆန်က အေပရဲလ်ဘေးတွင် ဝင်ထိုင်လိုက်သည်။ အေပရဲလ်က အေးစက်စက်ပြန်ကြည့်သည်။

'မင်းဘာဖြစ်နေတာလဲ၊ တစ်ယောက်ယောက်က ငါ့အကြောင်း မကောင်းပြောလိုက်ပြီထင်တယ်'

'ဟုတ်တယ်၊ ပြောလိုက်တယ်၊ ကွန်မက လူသတ်သမားတွေကို မုန်းတယ်၊ အထူးသဖြင့် ဘယ်လိုဘယ်ပုံ သတ်မယ်ဆိုတာ ကြိုတင်စီစဉ်တတ်တဲ့လူတွေကို ပိုမုန်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲတွေ၊ ပြင်းထန်လှချည်လား'

'ပြင်းထန်တယ် ဟုတ်လား၊ ဆိုင်ယာနိုက်(စိန်)အဆိပ်သေနတ်၊ မေ့ဆေးလူးထားတဲ့မြားသေနတ်တွေကရော မပြင်းထန်ဘူးလား၊ ပြီးတော့ အလစ်မှာ ကျောဘက်က ပစ်မှာထင်တယ်'

'ဩော် . . . ဒါကြောင့် စိတ်ဆိုးနေတာကိုး၊ သုံးချက်တော့ပြောပါရစေ၊ ပထမအချက်ကတော့ ဒီသေနတ်ကို တကယ့်ကျဉ်းထဲကြပ်ထဲရောက်မှသုံးမှာပါ၊ ပြီးတော့ လူဆိုးတွေက လူကောင်းတွေကို လိုက်မသတ်နိုင်အောင် တားမြစ်ရတဲ့သဘောပါ၊ ဘာလဲ မင်းက လူကောင်းကို လူဆိုးကသတ်တာ သဘောတူလို့လား၊ နောက်တစ်ချက်ကတော့ လူတစ်ယောက် သေသွားပြီဆိုရင် ဘယ်နေရာကိုပဲပစ်ပစ်၊ သိပ်မထူးလှပါဘူး၊ နောက်ဆုံးအချက်ကတော့ မင်း ခိုးနားထောင်လာပုံရတယ်'

'သူတို့က နားထောင်ခွင့်ပေးထားတာ'

'အဲဒါ သူတို့မှားတယ်၊ နားမထောင်စေသင့်တဲ့လူကို ဝင်နားထောင်ခိုင်းတယ်၊ အခွန်ထမ်းနေတဲ့ လုပ်သားပြည်သူတွေအတွက် ကိုယ့်မှာတာဝန်ရှိတယ်လို့ ပြောချင်တယ်၊ ဒါက ကိုယ့်အလုပ်၊ ကိုယ့်တာဝန်၊ မင်းစကား ဘယ်အထိရောက်သွားတယ်ဆိုတာမင်းသိရဲ့လား၊ ဒီတော့ ကိုယ့်ကိုအကျင့်စာရိတ္တအကြောင်း လာမပြောနဲ့၊ ကဲ ကိုယ်မှာလိုက်တဲ့ပစ္စည်းတွေ ပါလာတယ် မဟုတ်လား၊ ဘယ်မှာလဲ'

အေပရဲလ်က ရက်ဗ်ဆန့်မျက်နှာကို စေ့စေ့ကြည့်မိသည်၊ မှန်သည်၊ သူပြောင်ချော်ချော်ပြောခြင်းမဟုတ်ကြောင်း ရိပ်မိသွားသည်၊ အေပရဲလ်က ပြန်ဖြေသည်၊

'ကျွန်မ မသိဘူး၊ ဒေါက်တာ အိုဟဲယားပဲသိတယ်၊ သူက ဘာကြောင့်လဲမသိဘူး၊ တကယ်လို့ လူနာတင်ယာဉ်ကို အရှာခံရရင် ကျွန်မသိထားလို့မဖြစ်ဘူးတဲ့'

'အိုဟဲယား မဆိုးဘူး၊ ဘာကြောင့်လဲဆိုတော့ သူကောင်းကောင်းသိလို့ပေါ့၊ ကဲ အကုန်လုံးပါလာသလား'

အေပရဲလ်တစ်ယောက် မျက်နှာရဲကနဲဖြစ်သွားသည်၊ သူက ခပ်မာမာပြန်ဖြေသည်၊

'ထင်တာပဲ'

'အံမယ်၊ ဒါလောက်ကလေးပြောလို့ စိတ်ဆိုးတော်မမူပါနဲ့ မင်းလဲ ဒီကိစ္စထဲမှာ လည်ပင်းအထိနစ်အောင်ပါနေတယ်ဆိုတာ သတိရစမ်းပါ၊ ဟောဂင်ဘက်က ငါ့အတွက် ဘာမှာလိုက်သေးသလဲ'

'မှာလိုက်တယ်၊ ဒါပေမယ့် ကျွန်မကိုမပြောဘူး၊ ဒေါက်တာအိုဟဲယားကိုပဲ



ပြောတယ်၊ ဘာလဲ ကျွန်မကို မပြောတဲ့အတွက် မစ္စတာဟောဂင်ဘက်လဲ အမှတ်ရသွားတယ် မဟုတ်လား'

ရက်ဗ်ဆန်က အေပရဲလ်လက်ကို တစ်ချက်နှစ်ချက်ပုတ်လိုက်ပြီး အားရပါးရ ပြုံးသည်။

'ကဲပါကွာ၊ ဒါလောက်တောင် နာနာကျည်းကျည်းဖြစ်မနေပါနဲ့၊ မင်း ဒီတစ်ခါ သိပ်တာဝန်ကျေပွန်တယ်၊ ကျေးဇူးတင်ပါတယ်'

အေပရဲလ်က မချိတရိပြုံးပြသည်။

'ရှင့်မှာ လူ့စိတ်နည်းနည်းရှိသေးလို့ တော်သေးတာပေါ့'

'ဒါပေါ့လေ၊ လူကဲခတ်ရတာက ပိုခက်တယ်မဟုတ်လား'

သူကပြုံးပြပြီး ထိုင်ရာမှ ထထွက်သွားသည်။ သူ မာမာတင်းတင်း ပြောလိုက်ရသည်မှာ ရုပ်မြင်သံကြားစက်ကို အာရုံလျှော့သွားသော ဘရန်ဆန်က သူတို့နှစ်ဦးကို သိမ်းကြည့်နေ၍ဖြစ်ကြောင်း သူ ထုတ်မပြောမိချေ။ သူ သံသယဖြစ်နေ၍ ကြည့်ခြင်းထုတ်ချင်မှဟုတ်မည်၊ ဘရန်ဆန်သည် လူတိုင်းလူတိုင်းကို ဒီလိုချည်း စိုက်စိုက်ကြည့်တတ်သည်။

ရက်ဗ်ဆန်သည် ဘရန်ဆန်နှင့် မလှမ်းမကမ်းရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း၊ ပြီးရန် မိနစ်နှစ်ဆယ်ခန့် ကျန်သေးသည့် ရုပ်မြင်သံကြားလွှင့်ထုတ်ချက်ကို ဆက်ကြည့်နေသည်။ ပြန်ပေးဆွဲခံနေရသော ဓားစာခံများနှင့် တောင်ဘက်တံတိုင်းချောင်စင်မှ မြင်ကွင်းကို ဖြတ်တောက်ဆက်စပ်ပြပုံမှာ ကောင်းမွန်လှသဖြင့် ဘရန်ဆန် ထိုင်ချင်သည်ထက်ပင် ပို၍ထိရောက်နေပေသေးသည်။ ဘရန်ဆန်က စူးစူးစိုက်စိုက် ကြည့်နေသည်။ သူမျက်နှာပေါ်တွင် အားရကျေနပ်နေသည့်အမူအရာ စိုးစဉ်းမျှမပေါ်၊ ထိုသော် သူ့စိတ်ထဲတွင် မည်သို့ပင်ရှိစေ၊ သူ့မျက်နှာပေါ်တွင် ဘယ်တုန်းကမှ ရောင်ပြန်ဟပ်လေ့မရှိပါ။ ထိုလွှင့်ထုတ်ချက် ပြီးဆုံးသွားသောအခါ၊ ဘရန်ဆန်သည် ထိုင်ရာမှ ဆလျှောက်လာပြီး ရက်ဗ်ဆန့် ကုလားထိုင်နားတွင် ခဏရပ်သည်။

'ရက်ဗ်ဆန် မဟုတ်လား၊ ဒီအစီအစဉ်ကိုကြည့်ပြီး ခင်ဗျားစိတ်ထဲမှာ ဘယ်လို နေသလဲ'

'သန်းပေါင်းများစွာသော လူတွေရဲ့ စိတ်ထဲမှာ ဖြစ်နေသလိုပဲပေါ့ဗျာ၊ ဒီကိစ္စ ထုတ်မှဟုတ်ရဲ့လား၊ အိမ်မက်မက်နေသလားလို့ ထင်မိတယ်'

ဒါ ဘရန်ဆန်ရဲ့ ပျော့ကွက်ပဲဟု ရက်ဗ်ဆန်ကတွေးရင်း ပြန်ဖြေလိုက်သည်။

'ဒါပေမယ့်၊ ဒါ၊ တကယ်ဖြစ်နေတာမဟုတ်လား၊ အင်မတန်ကျေနပ်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ဇာတ်လမ်းအစလို့ မဆိုနိုင်ပေဘူးလား'

'ခင်ဗျားပြောတယ်လို့ ထည့်ရေးနိုင်သလား'

'ရေးနိုင်ပါတယ်၊ ခင်ဗျားနဲ့ အထူးတွေ့ဆုံပြီး ပြောတယ်လို့ ရေးချင်ရေးပါ နေပါဦး၊ ဇာတ်လမ်းစဉ် ဘယ်လို ဆက်ဖြစ်လာမယ်ထင်သလဲ'

'ခင်ဗျား စီစဉ်ထားတဲ့အတိုင်းပဲ ဆက်ဖြစ်လာမှာပါ၊ ခင်ဗျားကို ဘယ်သူကမှ ဟန့်တားနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားက ကံမကောင်းလှတဲ့ ဒီလူတွေကို လက်ခုပ်ထဲက ရေလို၊ သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်နိုင်နေပြီပဲ'

'ကံမကောင်းလှတဲ့လူတွေ၊ ဟုတ်လား'

'ဒါပဲ ဖြစ်ရမှာပေါ့၊ ခင်ဗျားဟာ ရာဇဝတ်မှုကျူးလွန်တဲ့နေရာမှာ သူမတူအောင် ထူးချွန်တဲ့လူဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ ခင်ဗျားဟာ လူလိမ်လူ ကောက်ပဲ၊ ဘယ်သောက်တောင် လိမ်တတ်ကောက်တတ်သလဲဆိုရင် ကြောင်လိမ် လျှောကားကိုတောင် မီးသတ်လှေကားလို တဖြောင့်တည်းဖြစ်အောင် လုပ်ပြနိုင်တဲ့လူ'

'ကြိုက်သွားပြီဗျို့၊ ခင်ဗျားပြောတဲ့ အသုံးအနှုန်းကို ကျုပ်ပြန်သုံးခွင့် ရှိသလား'

ဘရန်ဆန်တစ်ယောက် ကျေကျေနပ်နပ် လက်ခံသွားပုံပေါက်သည်။ တော်တော်အရေထူသည့် လူပေပဲ။

'ရပါတယ်၊ ပါးစပ်ကပြောတဲ့စကားကို မှတ်ပုံတင်ထားလို့မှ မရတာ'

'အလဲ့၊ ဒါနဲ့ ခင်ဗျားကင်မရာက တော်တော်ဆန်းကြယ်ပါလား'

'သိပ်ဆန်းလှတယ်လို့တော့ မဆိုနိုင်ဘူး'

'ခဏကြည့်လို့ ရမလား'

'ရပါတယ်၊ ဒါပေမယ့် စစ်ချင်ဆေးချင်လို့ ကြည့်တာဆိုရင်တော့ ခင်ဗျားက လေးနာရီလောက်နောက်ကျသွားပြီ'

'အခု ခင်ဗျား ပြောလိုက်တာက ဘယ်လိုသဘောလဲ'

'ကျုပ်ဆိုလိုတာက ခင်ဗျားရဲ့ အတော်ဆုံးတပည့် ဗန်အက်ဖင်ကလဲ ခင်ဗျားလို သက်ာမကင်းဖြစ်ပြီး ဒီကင်မရာကိုစေ့စေ့စပ်စပ် ဖွင့်ရှာသွားပြီးပြီ'

'ရေဒီယို မပါဘူးလား၊ ဘာလက်နက်မှ မပါဘူးလား'

'ခင်ဗျားကိုယ်တိုင်ရှာကြည့်နိုင်ပါတယ်'

'ခုတော့ မလိုတော့ပါဘူး'

'ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေတဲ့ ခင်ဗျားရဲ့အတ္တကို မြောက်ပင့်မပေးချင် ပေမယ့် မေးခွန်းတစ်ခုတော့ မေးပါရစေ'



'ဘာလဲ ရက်ဗ်ဆန်၊ ခင်ဗျားက ကျုပ်ကို ရန်လုပ်နေတာလား'

'မဟုတ်ပါဘူး၊ ခင်ဗျားက အကြမ်းဖက်လေ့မရှိတဲ့လူဆိုးလို့ သတင်းကြီးနေတဲ့ ဥစ္စာ၊ အခုမှ ဘာဖြစ်လို့ ဒီလိုဟာတွေ လုပ်နေရတာလဲ၊ ခင်ဗျားဟာ ဘယ်လုပ်ငန်းကိုပဲ လုပ်လုပ်၊ သူဌေးဖြစ်လောက်အောင် ချမ်းသာမယ့်လူပါ'

ဘရန်ဆန်က သက်ပြင်းချလိုက်သည်။

'ကျုပ် ကြိုးစားကြည့်ဖူးပါတယ်၊ ဒါပေမယ့် စီးပွားရေးလုပ်ရတာ ပျင်းဖို့တယ် ကောင်းတာပဲ၊ အခုလို လုပ်မှ ကျုပ်အရည်အချင်းကို အပြည့်အဝသုံးနိုင်တာဗျ၊ နေပါဦး ခင်ဗျားလဲ လူထူးလူဆန်းတစ်ယောက်ပဲ၊ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံတွေကတော့ ဓာတ်ပုံဆရာနဲ့ တစ်စက်မှမတူဘူး'

'နေပါဦးလေ၊ ဓာတ်ပုံဆရာတစ်ယောက်ရဲ့ ရုပ်လက္ခဏာက ဘယ်လိုရှိရမှာလဲ ဘယ်လိုပြောရဆိုရမှာလဲ၊ ဘယ်လို နေရထိုင်ရမှာလဲ၊ ခင်ဗျားက မှတ်ဆိတ်ကျင်စွယ် ရှိတဲ့အခါ မှန်တော့ကြည့်မိမှာပေါ့၊ ခင်ဗျားကိုယ်ခင်ဗျားက လူဆိုးကြီးတစ်ယောက် လို့ မြင်မိသလား၊ ကျုပ်ကတော့ ခင်ဗျားကို စီးပွားရေးလုပ်ငန်းကြီးတစ်ခုရဲ့ ဒုတိယ ဥက္ကဋ္ဌ တစ်ယောက်လိုမြင်မိတာပဲ'

'ကျွတ်. . . ကျွတ်. . . ကျွတ်. . . ၊ နေပါဦး၊ ခင်ဗျားက ဘယ်သတင်းစာ ဘယ်မဂ္ဂဇင်းကလဲ'

'ကျုပ်က ကော်လံစားပါ၊ ဒါပေမယ့် လန်ဒန်တိုင်းသတင်းစာကြီးက အသိ အမှတ်ပြုထားတယ်'

'ဒါပေမယ့် ခင်ဗျားက အမေရိကန်မဟုတ်လား'

'စာနယ်ဇင်းလောကမှာ အရင်တုန်းကလို နယ်မြေပိုင်းခြား ကန့်သတ်မှုတွေ မရှိတော့ပါဘူးဗျာ၊ ပြီးတော့ ကျုပ် သတင်းရနိုင်မယ့် နိုင်ငံခြားမှာ အဲလေ ရှေ့တန်းမှာပဲ နေချင်တယ်၊ အရင်တုန်းကတော့ အရှေ့တောင်အာရှမှာ အနေများခဲ့တယ်၊ အခုတော့ ဥရောပနဲ့ အရှေ့အလယ်ပိုင်းဒေသကို ရောက်နေပြီ'

'ဒါဖြင့် ခင်ဗျား အခုဒီကို ဘာဖြစ်လို့ ရောက်နေတာလဲ'

'တိုက်ဆိုင်မှုသက်သက်ပဲဗျာ၊ ကျုပ် နယူးရော့ကနေ ဟာရုတ်ပြည်ကို သတင်းယူ ဖို့ အထူးတာဝန်နဲ့အသွား ဒီကိုဖြတ်မိရာက ပါလာတာပဲ'

'အဲဒီကို ဒီက ဘယ်မျှော့သွားဖို့ စီစဉ်ထားတာလဲ'

'နက်ဖြန်ခါ'

'နက်ဖြန်ခါ ဟုတ်လား၊ ဒါဖြင့်ရင် ခင်ဗျားဒီစံတားပေါ်က ဒီညပြန်ချင်မှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ပြောခဲ့သလို စာနယ်ဇင်းဆရာတွေဟာ အချိန်မရွေး ဒီက ပြန်နိုင်ပါတယ်'

'ဒါ ခင်ဗျား သက်သက်ကြောင်တာပဲ'

'တရုတ်နိုင်ငံသွားဖို့ ကိစ္စကို ဆိုင်းထားနိုင်သလား'

'ဆိုင်းနိုင်တာပေါ့ဗျာ'

ဘာရန်ဆန်တစ်ယောက် ခပ်ယဲ့ယဲ့ပြုံးပြီး ပြန်ထွက်သွားသည်။

□

နောက်ဆုံးကား၏ ရှေ့ဘက်၊ ညာဘက် တံခါးပေါက်ဝတွင် ရပ်နေသူ ရက်ဝ်ဆန်က ကားထဲကို ကင်မရာနှင့်ချိန်ရင်း ပြောလိုက်သည်။

'ဓာတ်ပုံရိုက်ခွင့် ရှိပါသလား'

ခရိုက်စလာက ပြန်လှည့်ကြည့်သည်။ သူက ရက်ဝ်ဆန်ကို တအံ့တသြကြည့်ပြီးနောက် ပြုံးပြလိုက်သည်။

'ကျုပ်ကို ဘာပြုလို့ ရိုက်ချင်ရတာလဲ'

'ကျုပ်ကင်မရာက ဘာရန်ဆန်အပါအဝင် အဓိကပုဂ္ဂိုလ်ကြီးတွေကိုချည်း ရိုက်နေရတာ တော်တော်များသွားပြီ၊ ကျုပ်က ဘာရန်ဆန်ရဲ့ လက်မရွံ့လူဆိုးမျိုးစုံကို မှတ်တမ်းတင်ထားချင်လို့ ကဲ ရိုက်လို့ရမလား'

ရက်ဝ်ဆန်က ပြုံးပြလိုက်သည်။ ပြီးမှ ဆက်ပြောပြန်၏။

'ခင်ဗျားက ခရိုက်စလာ မဟုတ်လား၊ ဘာရန်ဆန်ရဲ့ ဆက်သွယ်ရေး ဝိဇ္ဇာတစ်ယောက်လေ'

'အများက အဲဒီလိုခေါ်ကြတာပဲ'

ရက်ဝ်ဆန်က နှစ်ပုံသုံးပုံရိုက်ပြီးနောက်၊ ကျေးဇူးတင်စကားပြော၍ ပြန်ထွက်သွားသည်။ ထို့နောက် သူ့စကားအတိုင်း ဘာရန်ဆန်၏ တပည့်အချို့ကို ဓာတ်ပုံလျှောက်ရိုက်သည်၊ သူတို့အားလုံးလိုလို ဘာရန်ဆန်၏ စိတ်ဓာတ်ကူးစက်ပြီး တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည်။ တချို့ကမူ ရက်ဝ်ဆန်၏ မေတ္တာရပ်ခံချက်ကို လိုလိုလားလား ခွင့်ပြုကြသည်။ ထိုကဲ့သို့ ဓာတ်ပုံရိုက်ပြီးသောအခါ ရက်ဝ်ဆန်သည် တံတား၏အနောက်ဘက် သံလက်ရမ်းရှိရာသို့ လျှောက်သွားပြီး၊ လက်ရမ်းပေါ်တွင် ထိုင်ရင်း စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

မိနစ်အနည်းငယ်ကြာသောအခါ၊ အိုဟဲယားသည် လက်နှစ်ဘက်ကို ကုတ်



အင်္ကျီအိတ်ထဲတွင် နှိုက်ရင်း၊ အေးအေးသက်သာ လမ်းလျှောက်လာသည်။ သတင်းထောက် နှစ်ဆယ်ခန့်သည် သက်ဆိုင်ရာတိုက်များသို့ သတင်းနှင့်ဓာတ်ပုံများ ပို့ပြီးကြပြီဖြစ်သဖြင့် အလုပ်ထွေထွေထူးထူး မရှိကြတော့ပဲ၊ တံတားအလယ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေကြသည်။ ရက်ဝ်ဆန်က အိုဟဲယားကို ထုံးစံအတိုင်း ဓာတ်ပုံနှစ်ပုံသုံးပုံရိုက်လိုက်၏။ အိုဟဲယားသည် ရက်ဝ်ဆန်ဘေးနားတွင် လာထိုင်သည်။

'ရက်ဝ်ဆန်က မေးသည်။

'ပစ္စည်းတွေ အားလုံးပါလာရဲ့လား'

'လက်နက်တွေကော၊ ညွှန်ကြားချက်တွေပါ ,ပါလာတယ်'

'ကျုပ်မှာတဲ့ ပစ္စည်းတွေကို ပုံဖျက်ပြီး ယူလာသလား'

'ဆိုပါတော့၊ ဖောင်တိန်နှစ်ချောင်းကိုတော့ ကျုပ်ရေးနေတဲ့ ကတ်ထူပြားပေါ်မှာ သူတိုင်းမြင်အောင် ချိတ်ထားတယ်၊ ကျုပ်တို့ ဒေါက်တာတွေကို အထင်မသေးနဲ့နော အဆိပ်လူးထားတဲ့ ကျည်ဆံပါတဲ့ သေနတ်ကတော့ နှလုံးရောဂါကုတဲ့စက်အောက်တအံဝှက်ထဲမှာ ထည့်ထားတယ်၊ အဲဒီစက်ကို ချိတ်ပိတ်ထားတယ်၊ ဖွင့်ချင်ရင် ချိတ်ကိုခွာပြီးမှ ဖွင့်လို့ရမယ် ပြီးတော့ သေနတ်ထည့်ထားတဲ့ အံဝှက်ကိုလဲ အလွယ်တကူဖွင့်လို့မရဘူး၊ ဖွင့်နည်းကို သိမှဖြစ်မှာ၊ ကျုပ်ကတော့ ဖွင့်နည်းကို သိတယ်'

'နေပါဦး၊ အဲဒီလို ထူးထူးဆန်းဆန်း ပစ္စည်းတွေကို ဆေးရုံမှာသုံးသလား'

'မသုံးပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ ညွှန်ကြားရေးမှူးက စီအိုင်အေညွှန်ကြားရေးမှူးနဲ့ တော်တော်လေးအလွမ်းသင့်ပုံရတယ်၊ အဲ သူတို့ဘာသာသူတို့ စီစဉ်ကြတာပါမဲ့ဗျာ'

'ဒါဆိုရင် ခင်ဗျားတစ်သက်လုံး ရေငုံနှုတ်ပိတ်လုပ်နေပေတော့၊ နေပါဦး၊ ကြိုးတွေနဲ့ ရေလုံသံဘူးတွေကော ပါလာသလား'

အိုဟဲယားတစ်ယောက် ငေးမောနေသဖြင့် နောက်တစ်ခါ ထပ်မေးသည့်အခါကျမှ အဖြေပေးသည်။

'ဒါကျတော့ ကျုပ်ဘာသာ ကျုပ်ထွင်လာတယ်၊ ရေလုံသံဘူးအလွတ်လေးခု ပါလာတယ်၊ ဒါပေမယ့် ကျုပ် ဓာတ်ခွဲခန်း နမူနာပစ္စည်းများလို့ အပေါ်က စာကပ်ထားတယ်၊ ကဲ ဒါဆိုရင် ဘယ်သူကမှ မေးခွန်းထုတ်စရာမလိုတော့ဘူး၊ ကြိုးတွေကိုတော့ သေးထောင့်ရစ်လုံးတစ်ခုမှာ ပတ်ထားပြီး ထိပ်ဖျားမှာ ငါးမျှားချိတ်နဲ့ ဖော့တစ်ခုစီတပ်ထားတယ်'

'ဘာလဲ၊ ခင်ဗျား ဒီတံတားပေါ်ကနေ ငါးမျှားမလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဒီအပေါ်မှာ ပျင်းစရာကောင်းမယ်လို့ ထင်တယ်'

'မထင်ပါနဲ့ဗျာ၊ သိပ်ကြာကြာ ပျင်းရမှာမဟုတ်ဘူး၊ ဒါနဲ့ အကြောသေခတ်ငွေ့ကောပါရဲ့လား'

'ပါတာပေါ့ဗျာ၊ 'နျူးရော့၏ ဂုဏ်ယူလောက်သောရန့်' ဆိုတဲ့ရေမွှေးဘူးလေး ကျုပ် စားပွဲပေါ်မှာ လူတိုင်းမြင်အောင်တင်ထားတယ်၊ အရောင်က သစ်သားရောင်၊ သိပ်ချစ်စရာကောင်းတယ်၊ သူတို့ကုမ္ပဏီက ထုတ်လုပ်နေကျ ခုနစ်အောင်စဘူးအတိုင်း လုပ်ထားတယ်၊ ဖိနှိပ်အားကတော့ လက်ရှိ အသုံးပြုနေတဲ့ ဖိနှိပ်အားထက် သုံးဆရှိတယ်၊ ဆယ်ပေအထိ ,ထိရောက်စေမယ်'

'အဲဒီကုမ္ပဏီက ဒီအကြောင်းသိရဲ့လား'

'ဘယ်သိပါ့မလဲ၊ စီအိုင်အေကလဲ ရေစစ္စရီမှတ်ပုံတင်ကိစ္စကို ထည့်စဉ်းစားနေမှာမှမဟုတ်တာ၊ အနံ့ကတော့ 'စန္ဒကူးနံ့' တဲ့၊ စန္ဒကူးနံ့ ဘယ်လိုနေသလဲဆိုတာ ဘရန်ဆန်တို့ လူစုသိအောင် ခင်ဗျားက နမူနာအဖြစ် သွားပြလိုက်ရင်ကောင်းမယ်ထင်တယ်'

'ဘယ်ဖြစ်ပါ့မလဲ၊ ဖောင်တိန်တွေကိုတော့ ညပိုင်းကျမှ ကျုပ် လာယူမယ်၊ တဲ ဟောဂင်ဘက်က ဘာမှာလိုက်သလဲ'

'ဟောဂင်ဘက်တစ်ဦးတည်းက မှာတာမဟုတ်ပါဘူး၊ သူနဲ့အဖွဲ့ကမှာလိုက်တာဗျ၊ ကော်မတီ အစည်းအဝေးထိုင်ပြီးမှ ဆုံးဖြတ်ကြတာ၊ အဲဒီမှာ ဒုတိယသမ္မတကြီးရယ်၊ ရေတပ်ဗိုလ်ချုပ်ကြီးနယူဆန်၊ ဗိုလ်ချုပ်ကာတာ၊ မာင်းဒရစ်၊ ကွာရီနဲ့ မီလ်တန်တို့ ပါကြတယ်'

'ပြီးတော့ ခင်ဗျားနဲ့ အေပရဲလ်လည်းပါတယ် မဟုတ်လား'

'ကျုပ်တို့က တစ်ခွန်းမှဝင်ပြောတာမဟုတ်ဘူး၊ ပထမအနေနဲ့ ပြောရမှာက တံတားကြီးကို လျှပ်စစ်ဓာတ်အားလွှတ်ဖို့ မဖြစ်ဘူး၊ မဖြစ်တာကလည်း ဒီပေါ်မှာရှိတဲ့ လူတွေ ဓာတ်လိုက်ကုန်မှာ စိုးရိမ်လို့မဟုတ်ဘူး၊ တန်ပေါင်းများစွာရှိတဲ့ သံထည်ပစ္စည်းကြီးထဲကို လျှပ်စစ်ဓာတ်အားလွှတ်ရင် ဗီဘယ်လောက်ပဲများများ အလကားဖြစ်သွားလိမ့်မယ်၊ ပြီးတော့လည်း ဓာတ်ကြိုးပေါ်မှာရှိတဲ့လူဟာ မြေကြီးနဲ့ အဆက်အသွယ်ရသွားမှ ဓာတ်လိုက်မှာ၊ ဓာတ်ကြိုးပေါ်မှာ ငှက်ကလေးတွေ ဘာမှမဖြစ်ပဲနားနေနိုင်သလိုပေါ့'

'ဒုတိယအချက်ကတော့ လေဆာရောင်ခြည်နဲ့ထိုးရင် တာရပတ်စမီးလောင်သွားမှာသေချာတယ်တဲ့၊ ဒါပေမယ့် လေဆာရောင်ခြည်ရဲ့ အပူချိန်ကြောင့် သံကြိုးကြီး



[illegible] သိပ်ပူလာမယ်၊ အဲဒီမှာတင် ဟိုပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေထဲက စနတ်တံတွေ ထပေါက်ကုန်မှာပဲတဲ့'

'ဒါဆိုရင် ဖြုတ်ကနဲပြုတ်ကျသွားမယ်ထင်တယ်'

'ဟုတ်တာပေါ့၊ ဒါပေမယ့် သူတို့လုပ်ပေးနိုင်တာ လေးချက်ရှိတယ်တဲ့၊ ရေငုပ်သဘောလွှတ်ပေးနိုင်တယ်၊ အဲ လွှတ်ရင် ရှေ့ဆုံးကားရဲ့ အောက်တည့်တည့်မှာပဲ ရှိပါစေ့မယ်တဲ့'

'အဲဗျို့ ကျုပ်မှာဖို့ကျန်သွားတာ၊ သူတို့ပြောတာဟုတ်တယ်'

ရက်ဝ်ဆန်က ဘေးဘီကိုလှည့်ကြည့်သည်၊ ဂျင်နရယ် ကတ်တလန်က လွဲရင် သူတို့ကို ဂရုစိုက်မည့်သူမရှိပါ။ ဂျင်နရယ်ကတ်တလန်သည် ကျန်းမာရေးကို အထူးဂရုစိုက်စားသူဖြစ်၍ တံတားအလယ်ပိုင်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်၊ ပြီးတော့ သူနှင့်တွေ့သူတိုင်းကို စူးစူးစိုက်စိုက်ကြည့်တတ်သည်။ စွမ်းအင်ပါရဝူဆန်ဆင်လည်း ဂျင်နရယ်ကတ်တလန်ကဲ့သို့ လေ့ကျင့်ခန်းယူနေသည်။ သို့သော် သူက လမ်းလျှောက်နေတာတော့မဟုတ်၊ ခြေဖျားထောက်၍ လေ့ကျင့်ခန်းယူနေခြင်းဖြစ်သည်။

BURMESE CLASSIC

အိုဟဲယားက ဆက်ပြောသည်၊

'ခင်ဗျားပြောတဲ့အတိုင်း တောင်ဘက်မျှော်စင်ကို ဝင်တိုက်ဖို့ဆိုတာကို သဘောတူကြတယ်၊ ဒါပေမယ့် ခင်ဗျားကအရှေ့ဘက်ခြမ်းလား၊ အနောက်ဘက်ခြမ်းလားဆိုတာ သေသေချာချာမပြောလို့ သူတို့လဲ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်၊ မိုးလေဝသခန့်မှန်းချက်ကတော့ သိပ်မဆိုးဘူး၊ မနက်မိုးမသောက်မီကစပြီး မနက်ဆယ်နာရီလောက်အထိ ဆီးနှင်းတွေ မှောင်မဲနေအောင် ကျမယ်တဲ့၊ နက်ဖြန်ခါကျရင်လေက အနောက်လေတိုက်မှာဆိုတော့ ရေနံနဲ့ ရှို့တဲ့မီးခိုးနဲ့ ကွယ်ဖို့ကတော့ မဖြစ်နိုင်ဘူး'

'ကျုပ် ခင်ဗျားကို တစ်ခုမေးဖို့ ကျန်သွားတယ်၊ လက်နှိပ်ဓာတ်မီးကောပါရဲ့လား'

'ပါပါတယ်'

'ဘရန်ဆန်တို့လူစုတွေသွားရင် ဘယ့်နှယ်လုပ်မလဲ'

'ဒီမှာကိုယ့်လူ၊ ဒီပစ္စည်းဟာ ဆရာဝန်တွေအတွက် မရှိမဖြစ်ပစ္စည်းပါ၊ မျက်စေ့ကို စမ်းဖို့ယူလာလေ့ ရှိကြတာပဲဥစ္စာ၊ အဲ ခင်ဗျားမော့စ်သင်္ကေတကို နားလည်လို့လား'

'ဟင့်အင်း၊ အိပ်ရာထဲမှာ စာဖတ်ဖို့ တမင်မှာလိုက်တာပါ'

'တောင်းပန်ပါတယ်ဗျာ၊ ကျုပ် စကားပြောမှားသွားတယ်၊ သူတို့မှာလိုက်တာကတော့ တံတားအရှေ့ဘက်ကနေပြီး ညာဘက်ကို လေးဆယ့်ငါးဒီဂရီစောင်းပြီး ချိန်ပါ

www.burmeseclassic.com

www.burmeseclassic.com



နေဆဲပင်၊ ရက်ဗ်ဆန်က သေးခုတွင်ဝင်ထိုင်သည်။

'ညနေစာ ထမင်းသယ်လာတဲ့ကားရောက်လာရင် မင်းလူနာတင်ကားဆီထို ဆေးစစ်ခံဖို့ သွားစေချင်တယ်'

အေပရဲလ်က သူ့ကိုလှည့်မကြည့်ချေ။

'ကောင်းပါပြီတဲ့ရှင်၊ ဆရာ့သဘောအတိုင်းပါပဲရှင်'

ရက်ဗ်ဆန်က အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်သည်။

'တို့နှစ်ယောက် မိတ်ဆွေအဆင့်မှာပဲရှိသေးတယ်လို့ ထင်နေတာ'

'ကျွန်မကတော့ ဗိညာဉ်မရှိတဲ့ ရုပ်သေးရုပ်မဖြစ်ချင်ဘူး'

'တို့အားလုံး ရုပ်သေးရုပ်တွေချည်းပါပဲ၊ ကိုယ်လဲ သူတို့ခိုင်းတဲ့အတိုင်း လုပ်ရတာပဲ မဟုတ်လား၊ ဒီလိုလုပ်ရတာ မကြိုက်လှပါဘူး၊ ဒါပေမယ့် တာဝန်ကတာဝန်ပဲ မဟုတ်လား၊ ဒီတော့ ကိုယ့်ကို ခုထက်ပိုပြီး ဦးနှောက်ခြောက်အောင် မလုပ်ချင်ပါနဲ့ကွာ၊ ထို ရောက်ရင် ဒေါက်တာက မင်းဘာလုပ်ရမလဲဆိုတာ ပြောပြလိမ့်မယ်၊ မင်းဘယ်အချိန် ပြန်ရမယ်ဆိုတာကိုပါ ပြောပြလိမ့်မယ်'

'ဟုတ်ကဲ့ပါ မစ္စတာရက်ဗ်ဆန်၊ အတင်း ချွေးတပ်အဆွဲခံရတဲ့ အဖွဲ့သား တစ်ယောက်အနေနဲ့ ခိုင်းသမျှကို လုပ်ပါ့မယ်ရှင်'

ရက်ဗ်ဆန်က သူ့ကိုထပ်ရှင်းမပြတော့ရန် ဆုံးဖြတ်လိုက်သည်။

'အဲဒါမတိုင်ခင် မင်း မစ္စတာဘရန်ဆန်နဲ့ သွားစကားပြောစေချင်တယ်၊ ကိုယ့် အထင်ပြောရရင် သူက မင်းကိုမျက်စိကျနေပုံရတယ်'

အေပရဲလ်က ရက်ဗ်ဆန်ကို အရည်လဲ့နေသော မျက်လုံးစိမ်းကြီးများနှင့် စူးစူးစိုက်စိုက် ကြည့်လိုက်သည်၊ ပြီးမှ

'နို့ ရှင်လဲ ကျွန်မကို မျက်စိကျနေတာပဲ မဟုတ်လား'

ရက်ဗ်ဆန်က အေပရဲလ်ကို တစ်စက္ကန့် နှစ်စက္ကန့်ကြာအောင် ပြန်ကြည့်နေပြီး နောက်၊ မျက်စိလွှဲလိုက်ပြီး တံတားပေါ်က ကတ္တရာစေးလမ်းကိုသာ ငုံ့ကြည့်နေသည်။

'ကိုယ်ကတော့ မင်းတို့ မျက်စိမကျအောင် ကြိုးစားနေပါတယ်၊ မင်း သူ့ဆီက ဘယ်သံကြိုးကို ဘယ်တော့လောက်ကျရင် ဖောက်ခွဲရေးပစ္စည်း သွားချည်မလဲဆိုတာ အစ်အောက်ကြည့်စမ်းပါ။ ကိုယ်ထွက်သွားပြီး ခဏကြာအောင်စောင့်၊ ပြီးမှ အမှုမဲ့ အမှတ်မဲ့ မသိမသာ ဆုံမိသလိုလုပ်ပေတော့'

ရက်ဗ်ဆန်က အေပရဲလ်ကို ပြန်ကြည့်သည်၊ အေပရဲလ်၏ မျက်လုံးစိမ်းကြီး များမှာ နဂိုထက် ပိုကျယ်နေသလို၊ အရောင်ကလည်း ပိုစိမ်းလာသလိုထင်ရသည်။



မျက်နှာထားက တည်သော်လည်း သူ့မျက်လုံးက ရယ်နေသည်။

'ရှင်လုပ်တာနဲ့ ကျွန်မလဲ ရှင့်လောက်နီးပါး ကောက်ကျစ်စဉ်းလဲလာတော့မှာပဲ'

'အဲဒီလိုမဖြစ်အောင် နတ်ဒေဝတာများ မှိုင်းမတော်မူကြပါ'

ရက်ဗ်ဆန်က ပြောပြောဆိုဆိုနှင့်ထပြီး၊ သူ ပထမထိုင်ခဲ့သည့် သံလက်ရမ်းပေါ် ပြန်ထိုင်သည်။ ထိုနေရာမှာ ကန့်သတ်နယ်မြေအဖြစ် မျဉ်းတားထားပြီး စက်သေနတ် ထိုင် အစောင့်တစ်ယောက်ရှိသည့်နေရာနှင့် ပေခြောက်ဆယ်ခန့်ဝေးသည်။

ဗိုလ်ချုပ်ကြီးကတ်တလန် သူ့ဘက်ဆီ လျှောက်လာသောအခါ ရက်ဗ်ဆန်က အတတ်ပုံသုံးပုံ ရိုက်ယူလိုက်သည်။

'ကျွန်တော် ဗိုလ်ချုပ်ကြီးနဲ့ စကားတစ်ခွန်းနှစ်ခွန်းပြောပါရစေ'

'ငါ မင်းနဲ့ စကားမပြောနိုင်ဘူး၊ လူတွေ့မေးတာကို ခွင့်မပြုရဘူးလို့ ပြောထား တယ်'

ဗိုလ်ချုပ်ကြီးကတ်တလန်က ဆက်လျှောက်သွားသည်။ ရက်ဗ်ဆန်ကလည်း ထမင်ကလာ ခပ်မာမာ ပြောလိုက်သည်။

'ဒီမှာ ဗိုလ်ချုပ်ကြီးခင်ဗျား၊ ကျွန်တော်နဲ့ စကားပြောရင် ကောင်းလိမ့်မယ်ထင် တယ်'

ကတ်တလန် တန့်ကနဲရပ်သွားသည်။ သူက ရက်ဗ်ဆန်ကို စူးစူးစိုက်စိုက် ပြန်ကြည့်နေသည်။

'မင်းက ဘယ်လိုပြောလိုက်တယ်'

'ကျွန်တော့်ကိုတော့ မလေးမခန့်မလုပ်ပါနဲ့ဗျာ၊ ဟောဂင်ဘက်က ကြိုက်မှာ မဟုတ်ဘူး'

ဟောဂင်ဘက်နှင့် ကတ်တလန်တို့သည် အလွန်ခင်မင် ရင်နှီးကြသူများဖြစ် သည်။

'ဟောဂင်ဘက် ဟုတ်လား၊ ဟောဂင်ဘက်က မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

'ကျွန်တော့် ဘေးနားမှာ လာထိုင်ဖို့ အကြံပြုပါတယ် ဗိုလ်ချုပ်ကြီး၊ သက်သောင့် သက်သာ အေးအေးဆေးဆေးပုံစံမျိုး ဖြစ်စေချင်ပါတယ်'

တကယ်တော့ ဗိုလ်ချုပ်ကြီးသည် ထိုပုံစံမျိုး လုံးဝနေတတ်ထိုင်တတ်သူမဟုတ် သို့သော် သူကကြိုးကြိုးစားစား ဟန်ဆောင်ရှာသည်။

'နေပါဦး၊ ဟောဂင်ဘက်က မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

'မစ္စတာဟောဂင်ဘက်ဟာ ကျွန်တော့်အတွက် သိပ်အရေးကြီးပါတယ်၊ သူ

www.burmeseclassic.com

www.burmeseclassic.com



သတိရတဲ့အခါကျရင် ကျွန်တော့်ကို လခပေးပါတယ်'

ဗိုလ်ချုပ်ကြီးသည် သူ့ကိုအကြာကြီး စိုက်ကြည့်နေပြီးနောက် ပြုံးပြလိုက်သည်။

'ဘယ်လိုတုန်း၊ ဘယ်လိုတုန်း၊ အရေးကြုံတဲ့အခါ လာကူညီမှ တကယ့် မိတ်ဆွေရင်းတဲ့၊ ကဲမင်းနာမည်က ဘယ်သူလဲ'

'ပေါလ် ရက်ဝ်ဆန်'

'ရက်ဝ်ဆန်၊ ရက်ဝ်ဆန်၊ ဟုတ်တာပေါ့၊ မင်းအကြောင်း သူခဏခဏပြောဖူးတယ်၊ နောက်ငါးနှစ်လောက်ကြာရင် မင်းကို သူ့နေရာမှာထားဖို့ ရည်ရွယ်ကြောင်း ပြောလေ့ရှိတယ်'

'ကျွန်တော် အဲဒီလောက်ထိ အသက်ရှည်ခဲ့ရင်ပေါ့လေ'

'ဘယ်လိုလဲ၊ ဘယ်လိုလဲ၊ ဒါတော်တော်ကောင်းတဲ့ တန်ပြန်ထောက်လှမ်းရေးနည်းပဲ'

ဗိုလ်ချုပ်ကြီးသည် ဘယ်လိုလဲ ဘယ်လိုလဲဆိုသောစကားလုံးကို အတော်ကလေး 'အာ'တွေနေပုံရသည်။

'ဆရာသမားရဲ့ စိတ်ကူးစိတ်သန်းပါ၊ ကျွန်တော့်စိတ်ကူးမဟုတ်ပါဘူး'

ရက်ဝ်ဆန်သည် ထိုင်ရာကထပြီး ခါတ်ပုံသုံးလေးပုံ ထပ်ရိုက်ပြန်သည်။ သူက တောင်းတောင်းပန်ပန် ပြောပြန်သည်။

'သဘာဝကျအောင် လုပ်တာပါ ဗိုလ်ချုပ်ကြီး၊ ဒါပေမယ့် အလယ်ကားပေါ်မှာရှိတဲ့ ဗိုလ်ချုပ်ကြီးရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို သွားမပြောပြဖို့ တောင်းပန်ပါတယ်'

'လုပ်ဖော် ကိုင်ဖက်တွေ၊ ဟုတ်လား၊ အလကား လူပြက်တွေ'

'ဒါဖြင့်ရင် ဗိုလ်ချုပ်ကြီးနဲ့ ကျွန်တော်သိတဲ့အကြောင်း အဲဒီလူပြက်တွေကို သွားမပြောပါနဲ့ခင်ဗျာ'

'ငါ ခုနကစကားကိုပြန်ရုပ်သိမ်းမယ်၊ သမ္မတကြီးက ငါ့သူငယ်ချင်းကွ'

'အဲဒါကို လူတိုင်းသိပါတယ် ခင်ဗျာ၊ ဒီတော့ သမ္မတကြီးနဲ့ လူပြက်တွေကို ပြောပေးပါ၊ ဒါပေမယ့် အဲဒီလူပြက်တွေထဲမှာ မြို့တော်ဝန်တော့မပါဘူး၊ ပြီးတော့ ဗိုလ်ချုပ်ကြီး သူတို့နဲ့ စကားပြောမယ်ဆိုရင် အပြင်မှာလမ်းလျှောက်ပြီးပြောပါ၊ အဲဒီကားထဲမှာ အသံနိုးဖမ်းပြီး နားထောင်ဖို့ ကိရိယာတွေ တပ်ထားတယ်'

'မင်းက ပြောတယ်ဆိုရင် ဟုတ်မှာပါပဲ'

'ကျွန်တော်သိလို့ပြောတာပါ၊ နောက်က ကားထဲမှာ တိပ်ရီကော်ဒါတစ်လုံး အမြဲတမ်းလည်နေတယ်'



'အေးဒါဆိုရင် ငါနားလည်ပြီ အေး မင်းကိုတော့ ငါအကြောင်းတော် မကြားဘူး၊ ကဲပါကွာ မင်းက ငါ့ကိုအစအဆုံးပြောပြစမ်းပါ'

ရက်ဝ်ဆန်က မတ်တတ်ရပ်လိုက်ပြီး ဓာတ်ပုံထပ်ရိုက်ပြန်သည်၊ ထို့နောက် ပြန်ထိုင်ပြီး အစအဆုံးပြောပြလိုက်သည်။ သူ့ စကားဆုံးသွားသောအခါ ဗိုလ်ချုပ်ကြီးက ပြန်မေးသည်။

'ဒါဖြင့် ငါကဘာလုပ်ပေးရမလဲ'

'ငြိမ်နေတဲ့ ဗိုလ်ချုပ်ကြီးရဲ့ အပေါင်းအသင်းတွေကို လမ်းလျှောက်ဖို့ အဖော်စပ်ပြီး ဒီကားကြီးမှာ အသံနိုးဖမ်းတဲ့ကိရိယာတွေ တပ်ထားတဲ့အကြောင်း ပြောပြပါ၊ ပြီးတော့ အစားအသောက်ပါတဲ့ လင်ဗန်းတွေကို ဘယ်လိုစစ်ရမလဲဆိုတာကိုပါ ပြောပြထားပါ'

'ဒါလောက်ဆို ဖြစ်ပါတယ်၊ ဒါအကုန်ပဲလား'

'တစ်ချက်ကျန်ပါသေး ဗိုလ်ချုပ်ကြီး ၊ ဒါကို ကျွန်တော်မေးဖို့ နှုတ်မရဲဘူး၊ ဒါပေမယ့် မေးမှဖြစ်မှာမို့လို့ မေးရလိမ့်မယ်၊ ဗိုလ်ချုပ်ကြီးဟာ အမြဲတမ်းလိုလို သေနတ်တစ်လက်ဆောင်ထားလေ့ရှိတယ်ဆိုတာ ဟုတ်ပါသလား ခင်ဗျာ'

'အရင်တုန်းကတော့ ဟုတ်ပါတယ်၊ အခု ငါ့ဆီက သေနတ်ကို သူတို့ သိမ်းထားကြတယ်'

'သေနတ်အိတ်တော့ ရှိဦးမှာပေါ့နော်'

'ရှိတယ်'

'ဒါဖြင့်ရင် အဲဒီပွိုင့်တူးတူး သေနတ်အိတ်နဲ့ အလောတော်ဖြစ်မယ့် သေနတ်တစ်လက် အစားပေးပါမယ်'

'ရက်ဝ်ဆန်၊ မင်းက ဘယ်ဆိုးလို့တုန်း၊ ဒါဆိုရင် ငါ့အကြိုက်ပေါ့ကွာ'

'ကျည်ဆံထိပ်ဖူးတွေကို ဆိုင်ယာနိုက်အဆိပ် သုတ်ထားပါတယ် ဗိုလ်ချုပ်ကြီး'

ကတ်တာလန်က ချက်ချင်း ပြန်ဖြေသည်။

'အဲဒါဆိုရင် ပိုပြီး သိပ်ကြိုက်တာပေါ့ကွာ'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၈ )

ညနေပိုင်းအတွက် အစားအသောက်လာပို့သော မော်တော်ကားသည် ညခုနစ်နာရီခွဲတွင် ရောက်ရှိလာသည်။ အလယ်ကားထဲတွင် စီးနင်းလိုက်ပါလာသူများသည် မြောက်ဘက်ရှိ ကန့်သတ်နယ်မြေ မျဉ်းကြောင်းနားတွင်ရပ်ရင်း စုစုဝေးဝေးစကားလက်ဆုံကျနေပုံရသည်။ အေပရဲလ်တစ်ယောက် လူနာတင်ယာဉ်ဆီသို့ ခပ်မှန်မှန် လျှောက်သွားသည်ကို အစောင့်တစ်ယောက်က စောင့်ကြည့်နေသည်။ ရက်ဗ်ဆန်ကမူ ကုလားထိုင်တစ်လုံးပေါ်တွင် အိပ်ငိုက်နေပုံရသည်။ သူ့ပန်းကို လက်နှင့်လာတို့ခံရသဖြင့် ဆတ်တနဲဖြစ်သွားသည်။

'တရုပ်ပြည်သွားမယ့်ကိုယ့်ဆရာ၊ အစားအသောက် လာပြီဗျို့'

ဘရန်ဆန်က ခပ်ပြုံးပြုံးမျက်နှာထားနှင့် လာပြောခြင်းဖြစ်သည်။ ရက်ဗ်ဆန်က တိုယ်တိုခပ်မတ်မတ် ပြင်ထိုင်လိုက်သည်။

'ဝိုင်(အရက်)လဲ ပါမယ်ထင်တယ်'

'ငွေနဲ့ဝယ်လို့ရတဲ့ ဝိုင်ထဲမှာ အကောင်းဆုံးအမျိုးအစားတွေပဲပေါ့'

'ဘယ်သူ့ပိုက်ဆံနဲ့ ဝယ်တာလဲ'

'မဆီမဆိုင် လျှောက်ပြောတာကိုတော့ အမြင်ကပ်သဗျ'

ဘရန်ဆန်က ရက်ဗ်ဆန်ကို အကဲခတ်သောမျက်နှာထားနှင့် ကြည့်နေသည်။ ရက်ဗ်ဆန်က ဘေးဘီကိုလှည့်ကြည့်လိုက်ရင်း

'ခင်ဗျားရဲ့ ဧည့်သည်တော်ကြီးတွေက ဟိုမှာဗျ'



'သူတို့ဆီ သွား သတင်းပို့နေပါပြီ'

'သူတို့ကို ညစာမစားမီ အဖျော်ယမကာသောက်ဖို့ အချိန်ပေးသင့်တယ်၊ ဒါပေမယ့် အာရပ်ဧည့်သည်တော်တွေကတော့ အရက်သောက်မှာမဟုတ်. . .'

'ဟုတ်ပါတယ်၊ အခုအချိန်က အဖျော်ယမကာသောက်ချိန်ပါ၊ စားစရာတွေ ကိုတော့ ပူပူနွေးနွေးဖြစ်အောင် နွေးခိုင်းထားတယ်'

ဘရန်ဆန်က ရက်ဗ်ဆန်ကို ထပ်အကဲခတ်ပြီး ဆက်ပြောသည်။

'ဒီမှာ ကိုယ့်လူ၊ ခင်ဗျားကို ကျုပ် စိတ်ဝင်စားတယ်၊ ကျုပ်စိတ်ကို ညှို့ယူဖမ်းစားထားတယ်လို့ ဆိုချင်လဲ ဆိုပေါ့ဗျာ၊ တကယ်တော့၊ ခင်ဗျားဟာ စိတ်ဝင်စားဖို့ တကယ်ကောင်းတယ်၊ ခင်ဗျားကို ဓာတ်ပုံသတင်းထောက်အနေနဲ့ ကျုပ် ကြည့်လို့ကို မရသေးဘူး'

'ကျုပ်ကလဲ ခင်ဗျားကို ကမ္ဘာပေါ်မှာအကြီးကျယ်ဆုံးပြန်ပေးဆွဲမှုကို စီစဉ်တဲ့ လူဆိုးဗိုလ်ကြီးလို့ မြင်ကြည့်လို့ကိုမရဘူး၊ ခင်ဗျား စီးပွားရေးလောကထဲကို ပြန်သွားဖို့ သိပ်နောက်ကျသွားပလား'

ဘရန်ဆန်က ရက်ဗ်ဆန်၏ပခုံးကို ဆုပ်ကိုင်ထားလိုက်သည်။

'ဟဲ သမ္မတကြီးကိုယ်စား ဝိုင်အကောင်းစားတွေကို သွားမြီးကြရအောင်'

'ရှင်းရှင်းပြောစမ်းပါဗျာ'

'ကျုပ်ရဲ့ဆေးဘက်ဆိုင်ရာ မိတ်ဆွေကြီးတွေက ဘာကျိတ်ကြံမယ်ဆိုတာ သိမှ မသိနိုင်တဲ့ဥစ္စာ'

'ကျုပ် အဲဒါကို လုံးဝမတွေးမိဘူး၊ ခင်ဗျားကတော့ ဘယ်သူ့ကိုမှ မယုံဘူးထင်တယ်'

'မယုံဘူး'

'ဒါဖြင့်ရင် ကျုပ်က ဘာလဲ၊ စမ်းသပ်ခံရမယ့် မားစာခံလား'

'ဟုတ်တယ်၊ ခင်ဗျားနဲ့ ကတ်တလန်ဟာ ကျုပ်ကို စိတ်အနှောင့်အယှက် အပေးဆုံးပဲ'

'အဲဒါ ခင်ဗျားရဲ့ပျော့ကွက်ပေါ့၊ အဲဒီအကြောင်း သူတို့ကို ဝန်မခံသင့်ဘူးတဲ ရှေ့က ကြွချီတော်မူပါ'

စားသောက်ယာဉ်သို့ ရောက်သောအခါ ဘရန်ဆန်က စားပွဲထိုးကို မေးလိုက်သည်။

'ခင်ဗျားနာမည် ဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



'တိုနီပါ၊ မစ္စတာဘရန်ဆန်'

'ဘာဝိုင်တွေပါသလဲ'

'ဝိုင်နီသုံးမျိုး၊ ဝိုင်ဖြူသုံးမျိုး ပါပါတယ်'

'ကဲ၊ တိုနီ အဲဒီဝိုင်အရက်တွေအားလုံးတန်းစီပြစမ်း၊ ဟောဒီက မစ္စတာရက်ဗ်ဆန်က ဝိုင်အရက်မြည်းပြီး အကဲဖြတ်မယ့် ပုဂ္ဂိုလ်ကြီးကွ'

'ဟုတ်ကဲ့ပါ'

ကောင်တာပေါ်တွင် ဝိုင်အရက်ခြောက်ပုလင်းနှင့် ဝိုင်ဖန်ခွက်ခြောက်ခွက် ရောက်ရှိလာသည်။ ရက်ဗ်ဆန်က

'ဖန်ခွက်တစ်လုံးမှာ လေးပုံတစ်ပုံစီထည့်ပေးပါ၊ ညကျရင် ကျုပ် တံတားပေါ်က လိမ့်အကျမခံနိုင်ဘူး၊ ခင်ဗျားဆီမှာ ဆားနဲ့ပေါင်မုန့်ကော ပါလာသလား'

'ပါပါတယ် မစ္စတာရက်ဗ်ဆန်'

တိုနီက သူ့ရှေ့တွင် အရူးနှစ်ယောက်ရောက်နေသည်ဟု ထင်နေပုံရသည်။ ရက်ဗ်ဆန်သည် ဝိုင်အရက်အားလုံးကို ပေါင်မုန့်နှင့်စားရင်း၊ ကုန်အောင်မြည်းကြည့်သည်။ ဝိုင်အားလုံးကုန်သွားသောအခါ၊ ရက်ဗ်ဆန်က . . .

'အားလုံးကောင်းတယ်၊ ပြင်သစ်က ဝိုင်အရက်စိမ်တဲ့လူတွေကို ချီးကျူးရမယ် တယ်လီဖိုနီးယားရဲ့ အကောင်းဆုံးဝိုင်ကို ပြင်သစ်ဝိုင်က တန်းတူနီးပါး လိုက်နိုင်တယ်'

ဘရန်ဆန်ကပြောလိုက်သည်။

'ရက်ဗ်ဆန်၊ ဒီအတိုင်းဆိုရင် ကျုပ် ခင်ဗျားကို တောင်းပန်ရလိမ့်မယ်'

'ကိစ္စမရှိပါဘူး၊ နောက်တစ်ခေါက် ထပ်သောက်ရအောင်၊ ဒါမှမဟုတ်၊ အခု မြည်းပြီးတဲ့ ဝိုင်တစ်ခုခုထဲက ခင်ဗျားကြိုက်တာတစ်ခုရွေးပြီး ကျုပ်နဲ့ အဖော်ရအောင် တူသောက်ပါလားဗျာ'

'ဒီဝိုင်အရက်တွေဟာ စိတ်ချရပုံပေါက်ပါတယ်'

တိုနီက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဤတွင် ရက်ဗ်ဆန်က ဝင်ပြောသည်။

'ကျုပ်ကတော့ ကယ်လီဖိုးနီးယားပြည်နယ် အယ်လ်မာဒင် စပျစ်ခြံက ထွက်တဲ့ "ဂမေးဘူဂျိုလှိုင်း"ကို သောက်သင့်တယ်လို့ အဆိုပြုချင်တယ်'

ဘရန်ဆန်ကအနည်းငယ်စဉ်းစားပြီး တိုနီကိုမေးလိုက်သည်။

'ကဲ ဘယ်လိုလဲ တိုနီ'

'မစ္စတာရက်ဗ်ဆန်ဟာ အကောင်းဆုံးအရက်ကိုမှ ခံတွင်းတွေ့တဲ့သူပါဆရာ'

သူတို့နှစ်ယောက်စလုံး ဝိုင်အရက်ကိုအရသာခံပြီးအေးအေးလူလူ သောက်နေ



ကြသည်။ ထို့နောက် ဘရန်ဆန်က ပြောလိုက်သည်။

'မင်းရွေးပေးတာ သိပ်မဆိုးဘူး၊ ဒါနဲ့ ညစာကျွေးဖို့ အဆင်သင့်ဖြစ်ပလား တိုနီ'

တိုနီက ပြုံးပြီးဖြေလိုက်သည်။

'အဆင်သင့် ဖြစ်နေပြီဆရာ၊ တစ်ယောက်ကို ကျွေးပြီးပါပြီ၊ လွန်ခဲ့တဲ့ မိနစ်နှစ်ဆယ်လောက်က မစ္စတာဟန်ဆင်တစ်ယောက် ညစာလင်ဗန်းတစ်ချပ် အတင်းယူသွားတယ်၊ သူကလောင်စာပါရဂူဆိုတဲ့အတိုင်း သူ့ဗိုက်ထဲမှာ လောင်စာလိုနေပြီလို့ ပြောသွားသေးတယ်'

'ဟုတ်တာပေါ့၊ ဒါဖြင့် သူ့ကားထဲမှာ သွားစားတယ်ထင်တယ်'

'မဟုတ်ဘူးခင်ဗျာ၊ သူတံတားဟိုဘက်က သံလက်ရမ်းတန်းဆီ ယူသွားတယ်၊ ဟိုမှာခင်ဗျာ'

သူက လက်ညှိုးထိုးပြလိုက်သည်။ တဆက်တည်းမှာပင် သူက ဘုရားတလိုက်သည်။

'ဘာဖြစ်လို့ ဘုရားတရတာလဲ'

'ဟိုမှာ ကြည့်ပါလား'

သူတို့အားလုံး လှမ်းကြည့်ကြသည်။ ဟန်ဆင်သည် သံလက်ရမ်းတန်းနံဘေးရှိ ထိုင်ခုံပေါ်မှ လမ်းမပေါ်သို့ လဲကျနေသည်။ သူတစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးနေသည်။ ဘရန်ဆန်နှင့် ရက်ဗ်ဆန်သည် အသွားအပြန် လမ်းခြောက်လမ်းရှိသော လမ်းမကျယ်ကြီးကို ဖြတ်၍ အပြေးအလွှားသွားကြသည်။

ဟန်ဆင်တစ်ယောက် အကြီးအကျယ်အော့အန်နေသည်။ သူတို့နှစ်ယောက် တဖွဖွမေးနေကြသော်လည်း ဟန်ဆင်က ပြန်မဖြေနိုင်၊ သူတစ်ကိုယ်လုံး ထူးထူးခြားခြား တွန့်လိမ်ကောက်ကွေးနေသည်။ ရက်ဗ်ဆန်က ပြောလိုက်သည်။

'ခင်ဗျား ဒီမှာနေခဲ့၊ ကျုပ် အိုဟဲယားကိုသွားခေါ်မယ်'

သူရောက်သွားသောအခါ အိုဟဲယားနှင့်အေပရဲလ် နှစ်ယောက်စလုံး လူနာတင်ကားထဲမှာရှိနေသည်။ အိုဟဲယားက မျက်မှောင်ကုတ်ပြီး ကြိုဆိုလိုက်သည်။

'မြန်မြန်လာဗျို့၊ မစ္စတာဟန်ဆင်တစ်ယောက် သိပ်ဆာတာနဲ့ ညစာလင်ဗန်း တို့မှားဆွဲသွားတယ်ထင်တယ်၊ သူ့အခြေအနေကြည့်ရတာ တော်တော်ဆိုးတယ်'

အိုဟဲယားက ချက်ချင်းမတ်တတ်ရပ်လိုက်သည်။ သို့သော် ရက်ဗ်ဆန်က သူ့ ရှေ့မှကွယ်ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ထင်တာပြောရရင် ဒေါက်တာအစ်ဇက်တစ်ယောက် ဆေးစပ်တဲ့နေရာမှာ လက်လွန်သွားပုံရတယ်၊ ဒီတော့ အစာအဆိပ်ဖြစ်တယ်လို့ ခင်ဗျားက မှတ်ချက်ချပြီး ဓါတုဗေဒဓာတ်ခွဲမှုတွေကို ခေါ်ခိုင်းပါ၊ ပြီးတော့ အစားအသောက်တွေကို ဘယ်သူမှ မစားစေနဲ့တော့၊ လူတွေ အတုံးအရုံးသေကုန်မှာ ကျုပ်စိုးရိမ်တယ်'

'ကျုပ် နားလည်ပါတယ်'

'ပေါလ်၊ ဘာမှားသွားတာလဲဟင်'

'မသိသေးဘူး၊ ဒီကိစ္စမှာ ကိုယ်တရားခံဖြစ်နိုင်တယ်၊ မင်းကတော့ ဒီမှာပဲဆက်နေပါ'

ရက်ဗ်ဆန်တစ်ယောက် ထိုနေရာပြန်ရောက်သောအခါ ဘရန်ဆန်တစ်ယောက် မတ်တတ်ရပ်နေသည်။ အိုဟဲယားကမူ ရှေ့ငုံ့နေရာမှ ပြန်ထရပ်လိုက်သည်။ ရက်ဗ်ဆန်က အိုဟဲယားကိုမေးလိုက်၏။

'ကဲ ဘယ်လိုလဲ'

အိုဟဲယားသည် သူကိုင်ထားသော ပျော့ခွေနေသည့်လက်ကို လွှတ်ချလိုက်သည်။

'မစ္စတာဟန်ဆင်တစ်ယောက်တော့ သေရှာပြီ'

'သေပြီ၊ ဟုတ်လား၊ ဘယ်လိုဖြစ်ပြီး သေသွားရတာလဲဗျ'

ဘရန်ဆန်တစ်ယောက် ချောက်ချောက်ချားချား ဖြစ်သွားပုံရသည်။

'ခဏဗျာ၊ ကျုပ်စဉ်းစားပါရစေ၊ ဒီဗန်းအလယ်ခေါင်က ပလပ်စတစ်ပန်းကန်ပြားထဲမှာ ဘာမှမရှိတော့ဘူး၊ ပြောင်နေပြီ သူအကုန်စားလိုက်တယ် ထင်တယ်'

အိုဟဲယားက အလောင်းနားသို့ ကိုယ်ကိုကိုင်း၍ အသက်ပြင်းပြင်းရှူကြည့်လိုက်သည်၊ ပြီးမှ ပြန်ရပ်လိုက်၏။

'ကျုပ်ဆေးရုံကို လှမ်းဆက်သွယ်ပြီး စကားပြောချင်တယ်'

'ကျုပ်ကတော့ ဘာမှနားမလည်တော့ဘူး၊ ခင်ဗျား ကျုပ်နဲ့ အရင်ဆွေးနွေးသင့်တယ်'

အိုဟဲယားက စိတ်ရှုပ်သောအမူအရာနှင့် ပြန်ကြည့်သည်။

'ဒါ အစာအဆိပ် ဖြစ်တာပဲဖြစ်ရမယ်၊ ဘယ်လိုဖြစ်တာလဲတော့မသိဘူး၊ ဆရာဝန်တွေထဲမှာလဲ စပါယ်ရှယ်လစ်တွေရှိတယ်၊ ကျုပ်ကတော့ အဲဒီဘက်မှာ မကျွမ်းကျင်ဘူး ဒါကြောင့် ဆေးရုံကို တယ်လီဖုန်း ဆက်ချင်တာ'

'ကျုပ် ဝင်နားထောင်လို့ရမလား'



'ခင်ဗျား ကြိုက်သလိုသာ နားထောင်ပါဗျာ'

❒

အိုဟဲယားက အလယ်ကား နောက်ဘက်ပိုင်းတွင် တယ်လီဖုန်းကိုင်ပြီး စကားပြောနေသည်။ ဘရန်ဆန်က သမ္မတကြီး၏ထိုင်ခုံဘေးရှိ တယ်လီဖုန်းကို ကိုင်နားထောင်နေသည်။ ရက်ဗ်ဆန်ကမူ ဘေးနားရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

အိုဟဲယားက ပြောလိုက်သည်။

'မစ္စတာဟန်ဆင်ရဲ့ လက်စွဲဆရာဝန်နဲ့ အဆက်အသွယ်ရဖို့ ဘယ်လောက်ကြာမှာလဲ'

'အခု ဆက်သွယ်လို့ရပါပြီ'

'ဒါဖြင့်ရင် ကျုပ် စောင့်နေမယ်'

သူတို့အားလုံး ထိုင်စောင့်နေကြသည်၊ ထိုင်စောင့်နေစဉ် အတောအတွင်း တစ်ယောက်မျက်နှာကို တစ်ယောက်မကြည့်ရဲကြချေ။ တယ်လီဖုန်းက ပြန်မြည်လာသည်။

'အိုဟဲယားလား'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဟန်ဆင်ဟာ ဒုတိယအကြိမ် ပြင်းပြင်းထန်ထန် နှလုံးရောဂါဖြစ်ပြီး ပြန်နာလန်ထလာခါစပဲ ရှိသေးတယ်'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒါဆိုရင် တော်တော်လေးရှင်းသွားပါပြီ'

ဤတွင် စိတ်ပြန်တည်ငြိမ်စပြုလာပြီဖြစ်သော ဘရန်ဆန်က ပြောလိုက်သည်။

'မရှင်းသေးပါဘူး၊ ဒီလို အစာအဆိပ်ဖြစ်တဲ့ကိစ္စ ဘယ်ကစတယ်ဆိုတာ စစ်ဆေးဖို့ ဓာတုဗေဒ ဓာတ်ခွဲမှုနှစ်ယောက် ဒီကို ခေါ်လိုက်ပါ၊ ညစာပါတဲ့ လင်ဗန်းတွေကို သပ်သပ်စီ စစ်ဆေးပေးရမယ်၊ သူတို့နှစ်ယောက် သဘောထားချင်း မတိုက်ဆိုင်ခဲ့ရင် တစ်ယောက်ယောက် ရေထဲကန်ချခံရလိမ့်မယ်'

အိုဟဲယားက ညည်းညည်းညူညူပြောလိုက်သည်။

'အဲဒီလို စပါရှယ်လစ်နှစ်ယောက် ဆန်ဖရန်စစ္စကိုမှာရှိတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ သူတို့နှစ်ယောက်ဘယ်တော့မှ သဘောထားချင်း တိုက်ဆိုင်လေ့မရှိဘူး'

'ဒါဆိုရင် နှစ်ယောက်စလုံး ရေထဲရောက်တုန်လိမ့်မယ်၊ ပြီးတော့ မင်းပါ ပါသွား

www.burmeseclassic.com



မယ်၊ ကဲ သူတို့နဲ့ အခုဆက်သွယ်စမ်း'

အိုဟဲယားက ထိုဆရာဝန်နှစ်ဦးနှင့် အဆက်အသွယ်ရရန် ကြိုးပမ်းနေစဉ် ရက်ဝ်ဆန်က ဘရန်ဆန်ကို ပြောလိုက်သည်။

'အမေရိကန်တွေသာ မိတ္တဗလင်္ဂီကာကို ဒီပုံစံမျိုးနဲ့ ကျင့်သုံးတတ်ကြတာ'

'ကျုပ် ပြီးမှ ခင်ဗျားနဲ့ စကားပြောမယ်၊ ကဲ . . . အိုဟဲယား၊ ဘယ်လိုလဲ'

'သူတို့အတွက် လုံးဝအန္တရာယ် မရှိစေရဘူးလို့ ခင်ဗျားက အာမခံရင်လာမယ် တဲ့၊ နေပါဦး ခင်ဗျားက သူတို့ကိုဘာဖြစ်လို့ ရန်လုပ်ချင်ရတာလဲ'

ဘရန်ဆန်က စဉ်းစားလိုက်သည်။

'ကောင်းပြီ သူတို့နှစ်ယောက် အသက်အန္တရာယ် မဖြစ်စေရဘူး၊ ကဲ အဲဒီတယ် လီဖုန်းကို ထားခဲ့တော့၊ ကျုပ် စကားပြောဦးမယ်'

ဘရန်ဆန်သည် ကားပြတင်းပေါက်မှ လက်ပြ၍အချက်ပေးလိုက်သည်။ ချက်ချင်းလိုလို စက်သေနတ်ကြီးတကားကားနှင့် ဗန်အက်ဖင်ဝင်လာသည်။ ဤတွင် ဘရန်ဆန်က ကားနောက်ဘက်ရှိ တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။ သူက -

'ငါ၊ ဟင်းဒရစ်နဲ့ စကားပြောချင်တယ်'

နှစ်စက္ကန့်ပင်မကြာလိုက်ချေ၊ ဟင်းဒရစ်နှင့် အဆက်အသွယ်ရသွားသည်။

'ဟင်းဒရစ်လား၊ ကျုပ် ဆရာဝန်နှစ်ယောက်ကို အသက်အန္တရာယ်မဖြစ်စေ ဘူးလို့ အာမခံပြီး ဒီကိုခေါ်ထားတယ်၊ သူတို့နဲ့အတူ ခင်ဗျားနဲ့ ဒုတိယသမ္မတ ရစ်ချ ဒီကို လိုက်လာစေချင်တယ်'

ခဏ ဆိုင်းသွားပြီးနောက် ဟင်းဒရစ်အသံပြန်ပေါ်လာသည်။

'ဒုတိယသမ္မတက သူ့ကို ဓားစာခံအနေနဲ့ ဖမ်းမထားဘူးဆိုရင် လိုက်လာ သဘောတူပါတယ်တဲ့'

'ကျုပ်ကလဲ ခင်ဗျားပြောတာကို ပြန်သဘောတူတယ်'

'ကတိပေးသလား'

'ကတိဆိုတာ ဘာများအဖိုးတန်လို့လဲ၊ ခင်ဗျား ကျုပ်စကားကို ယုံဖို့ပဲရှိတယ် ခင်ဗျားက ကျုပ်ကို ဈေးဆစ်နိုင်တဲ့ အနေအထားမှာ မရှိဘူး'

'မှန်ပါတယ်'

'ကောင်းပြီ ခင်ဗျားနဲ့ ကျုပ် မကြာခင်တွေ့ကြရအောင်၊ ပြီးတော့ ရုပ်မြင်သံကြား ရိုက်မယ့်ကားကို ပြန်လွှတ်လိုက်ဦး၊ ပြီးတော့ ရုပ်မြင်သံကြား ကုမ္ပဏီကြီးတွေကို ကြို အသိပေးထားပါ'



'ထပ်လွှင့်ဦးမလို့လား'

'တိုင်းပြည်အုပ်ချုပ်တဲ့လူတွေ၊ ဘယ်လိုလုပ်တတ်ကိုင်တတ်တယ်ဆိုတာ၊ တစ် ...င်လုံး သိသင့်တယ်ထင်လို့'

သူက ပြောပြောဆိုဆို တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်သည်။

ဆက်သွယ်ရေးယာဉ်အတွင်းရှိ ဟင်းဒရစ်သည် တယ်လီဖုန်းစကားပြောခွက် ...ကိုပြန်ချလိုက်ပြီး အနားရှိလူခြောက်ယောက်ကို ကြည့်လိုက်သည်။ သူက ဟောဂင်ဘက် ...ို ပြောလိုက်၏။

'ကဲ ဟန်ဆင်သေပြီ၊ ဒီတစ်ချီ ကျုပ်တို့ခံလိုက်ရပြီဗျို့၊ ဒါပေမယ့် ဒီလိုဖြစ်ရတာ ...ယ်သူ့အပြစ်မှ မဟုတ်ဘူး၊ သူ့နှလုံးရောဂါအခြေအနေ သိပ်ဆိုးတယ်ဆိုတာ၊ ဘယ် ...သူက သိနိုင်မှာလဲ၊ ဘာဖြစ်လို့ သိနိုင်ရမှာလဲ'

ဟောဂင်ဘက်က လေးလေးပင်ပင်ကြီးပြောချလိုက်သည်။

'ဟန်ဆင်ဟာ တခြားထိပ်သီး အစိုးရဝန်ထမ်းတွေလို သူ့ကျန်းမာရေးအခြေ အနေကို သူများမသိအောင် သိုသိုသိပ်သိပ် လျှို့ဝှက်ထားတယ်၊ ဒါပေမယ့် ကျုပ်သိ ...ယ်၊ သူ ကိုးလအတွင်း နှလုံးရောဂါကုဖို့ ဆေးရုံကို တက်ခဲ့ရတယ်၊ ဒုတိယအခေါက် ...တော့ သေမလောက်ဖြစ်ပြီးမှ ပြန်ကောင်းလာတာ၊ သူ အဆမတန်အလုပ်များပြီး ...င် ပန်းလွန်းလို့ ဆရာဝန်နဲ့ ကုနေရတယ်ဆိုတဲ့ အစီရင်ခံစာလဲရထားတယ်၊ ဒီတော့ အပြစ်တင်စရာရှိရင် ကျုပ်ကိုပဲ အပြစ်တင်ရမယ်'

ကွာရီက ဝင်ပြောသည်။

'ဒါ ခင်ဗျားသက်သက်မဲ့ မဟုတ်တရုတ်တွေ ပြောနေတာပဲ၊ အခုလို ဖြစ်လာ ...ိမ့်မယ်လို့ ဘယ်သူက ကြိုသိနိုင်မှာတုန်း၊ ဒီကိစ္စမှာ ခင်ဗျားအပြစ်လဲမဟုတ်ဘူး၊ ...ါက်တာအစ်ဇက်ရဲ့ အပြစ်လဲမဟုတ်ဘူး၊ ဒီဆေးဟာ ကျန်းမာရေးအခြေအနေ ...ိပ်မဆိုးရွားတဲ့ လူတွေအတွက် အန္တရာယ်လုံးဝမရှိဘူးလို့ ပြောသားပဲ၊ ဟန်ဆင်ရဲ့ ...န်းမာရေးအခြေအနေ သိပ်ဆိုးရွားနေမယ်ဆိုတာ၊ ပြီးတော့ ဟန်ဆင်က လင်ဗန်းမှား ...ဆွဲမိမယ်ဆိုတာ သူဘယ်လိုလုပ် သိနိုင်မှာတုန်း၊ ကဲ၊ အခု ဘာဖြစ်လာမယ်ထင်သလဲ'

ဟင်းဒရစ်က ပြန်ဖြေသည်။

'ဘာဖြစ်လာမလဲဆိုတာကတော့ ရှင်းပါတယ်၊ ကျုပ်တို့ ခုနှစ်ယောက်ကို ...သတ်မှုနဲ့ လူသိရှင်ကြားစွဲချက် တင်တော့မှာပေါ့'

□

www.burmeseclassic.com

www.burmeseclassic.com



ရှပ်မြင်သံကြားရိုက်ကူးသည့် မော်တော်ကားသည် တဲတားပေါ် ရောက်နေ
ဖြစ်သော်လည်း၊ စပါယ်ရှယ်လစ် ဒေါက်တာနှစ်ယောက်က အစားအစာများကို ဓာတ်
စမ်းသပ်နေကြဆဲဖြစ်သဖြင့် အလုပ်မစဖြစ်သေးချေ။ ၎င်းအပြင် သူတို့နှစ်ယောက်
ယူဆချက်များမှာ အများအားဖြင့် ထပ်တူညီမှုဖြစ်နေသည်၊ သမ္မတကြီးက ဒုတိ
သမ္မတကြီးနဲ့စကားပြောနေသည်။ သို့သော် သူတို့နှစ်ယောက်အကြား၊ ပြောစရာ ဆို
ရာစကား သိပ်ရှိပုံမပေါ်၊

ဘရန်ဆန်နှင့် ဟင်းဒရစ်တို့သည် အလယ်ကားထဲတွင် နှစ်ယောက်တည်
စကားပြောနေကြသည်။ ဘရန်ဆန်က ပြောသည်။

'ဒီကိစ္စမှာ ခင်ဗျားနဲ့ ဟေဂင်ဘက် ဘာမှမသိဘူးဆိုတာ ကျုပ် ဝှတ်မှတ်
ယုံရမှာလား'

ဟင်းဒရစ်က စိတ်ပျက်လက်ပျက်ပြန်ဖြေသည်။

'ဘာဆိုတာမှ မသိပါဘူးဗျာ၊ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်လောက်ကတည်း
မြို့ထဲမှာ ပုလိပ်ရောဂါတွေ ဖြစ်နေတယ်၊ ခင်ဗျားသာ ရှုပ်မြင်သံကြားအစီအစဉ်တွေ
မှန်မှန်ကြည့်ခဲ့ရင် သိမှာပါ၊ ပြီးတော့ ဒီဆရာဝန်နှစ်ယောက် ဒီကိုရောက်မလာခင်
တည်းက ပြဿနာရဲ့အခြေခံဟာ ဒါပဲလို့ တထစ်ချတွေးခဲ့ကြတာ၊ ခင်ဗျားဟာ အသ
ပေါင်းမြောက်မြားစွာအတွက် တာဝန်ရှိသွားလိမ့်မယ်နော်'

သို့သော် လင်ဗန်းဆယ့်နှစ်ခုတွင်သာ အဆိပ်တွေကြောင်း စစ်ပေးဖို့ ဆရာဝန်
နှစ်ယောက်ကို ကြိုမှာလိုက်ကြောင်း သူ ထုတ်မပြောပါ။

'ဒါ ဆန်းသလားဗျာ၊ ကဲ ဒီတစ်ခါတော့ ကြိုက်ရာထမင်းသုံးပွဲကို သမ္မတကြီး
ရေနံဘုရင်နဲ့ ရေနံမင်းသားကို အရင်မြည်းခိုင်းမှာ၊ ဘာဖြစ်လို့ မြည်းခိုင်းတယ်ဆိုတာ
ခင်ဗျားနားလည်တယ် မဟုတ်လား'

❒

လူနာတင်တားထဲတွင် ရက်ဗ်ဆန်သည်၊ အေပရဲလ်၊ ဒေါက်တာ အိုဟဲယား
တို့နှင့် အတူရှိနေသည်၊ အေပရဲလ်မှာ ခုတင်ပေါ် တွင် အိပ်နေပြီး စောင်ခြုံထားသည်၊
အေပရဲလ်က အိပ်ချင်မူးတူးနှင့် ပြောလိုက်သည်၊

'ကျွန်မကို ဒီလောက်အထိ လုပ်ဖို့လိုအပ်လို့လားရှင်'

'လိုတာပေါ့ နို့ မင်းက လက်သည်းခွံခွာတာကိုတော့ မခံနိုင်ဘူးဆို'



'ဟုတ်တယ်၊ မခံနိုင်ဘူး'

'ဘရန်ဆန်က ဘာပြောသလဲ'

အေပရဲလ်က အိပ်ချင်မူးတူး ပြန်ဖြေသည်။

'ပင်လယ်အော်ဘက် သံကြိုးကြိုးမှာပဲ ထပ်ချည်မယ်တဲ့'

အေပရဲလ်၏ မျက်ခွံပိတ်သွားသည်။ အိုဟဲယားက ရက်ဗ်ဆန်၏လက်မောင်း
ကို တိုင်၍ ခပ်တိုးတိုးပြောလိုက်သည်။

'တော်လောက်ပြီလေ'

'ဘယ်လောက်လောက် ကြာမှာလဲ'

'အနည်းဆုံး နှစ်နာရီ အဲဒါထက် ပိုမလျော့နိုင်ဘူး'

'ဖောင်တိန်တွေကကော'

အိုဟဲယားသည် ဖောင်တိန်နှစ်ချောင်းကို ညှပ်ထားရာမှ ဖြုတ်ပေးလိုက်သည်။

'ခင်ဗျားဓာတ်ကို ခင်ဗျားနိုင်အောင် ကနော်'

'ကြိုးစားရမှာပေါ့ဗျာ၊ အဲ ခင်ဗျားကိုလဲ မေးလိမ့်မြန်းလိမ့်မယ်နော်'

'ကျုပ် သိပါတယ်၊ လက်နှိပ်ဓာတ်မီး ယူတော့မလား'

'နောက်မှ ယူမယ်'

❒

တဲတားပေါ်သို့ အစားအစာများကို ဓာတ်ခွဲစမ်းသပ်ပေးရန် လာရောက်ကြသူ
ဒေါက်တာနှစ်ယောက်အနက်၊ ပိုမိုဝါရင့်သူ ဒေါက်တာကိုင်လင်စကီက ဘရန်ဆန်တို
ပြောလိုက်သည်။

'ကျုပ်နဲ့ ဒီက လုပ်ဖော်ကိုင်ဘက် ဆရာဝန်စမ်းသပ်ပြီးတွေ့ရတာက အစားအ
ဆိပ်ဖြစ်နေတဲ့ လင်ဗန်းဆယ့်နှစ်ခုတွေ့ရတယ်'

ဘရန်ဆန်က ဗန်အက်ဖင်ကို လှမ်းကြည့်လိုက်ပြီးနောက် ကိုင်လင်စကီတို
ပြန်ကြည့်သည်။

'ဆယ့်နှစ်ခုပဲလား၊ ဆယ့်ခုနှစ်ခု မဟုတ်ဘူးလား'

ကိုင်လင်စကီက ခပ်တည်တည် ပြန်ကြည့်လိုက်သည်။

'အသားတွေသိုးနေတဲ့ လင်ဗန်းဆယ့်နှစ်ခုပဲ တွေ့တယ်၊ စမ်းကြည့်ဖို့တောင်
မလိုပါဘူး၊ နမ်းကြည့်ရုံနဲ့ သိနိုင်တယ်၊ အဲလေ၊ ကျုပ်တော့ နမ်းကြည့်ရုံနဲ့သိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆင်ကတော့ သိုးနေတာ မသိလိုက်ဘူးနဲ့တူတယ်'

'သေလောက်အောင်ဖြစ်နိုင်သလား'

'သာမန်အားဖြင့်ကတော့ အသက်အန္တရာယ် မဖြစ်နိုင်ပါဘူး၊ ဒီ သိုးနေတဲ့ အသားကြောင့် ဟန်ဆင်သေရတာမဟုတ်ဘူး၊ အဲလေ၊ တိုက်ရိုက်မဆိုင်ဘူး၊ ဒါပေမယ့် ဒီကိစ္စက သူ့နှလုံးရောဂါကို ပိုဆိုးအောင်လုပ်သလို ဖြစ်သွားတယ်၊ အဲဒါကြောင့် သူသေတာ'

'ကျန်းမာရေး သိပ်မဆိုးရွားတဲ့လူဆိုရင် ဘယ်လိုဖြစ်နိုင်သလဲ'

'အကြီးအကျယ်အန်မယ်၊ ဗိုက်ထဲက သွေးကြောတွေပြတ်သွားနိုင်တယ်၊ ဒါမှမဟုတ် သတိလစ်သွားနိုင်တယ်၊ တစ်နည်းပြောရရင် ဘာမှမလုပ်နိုင်မကိုင်နိုင်အောင် ဖြစ်သွားလိမ့်မယ်'

'ဒါဆိုရင် တော်တော်လေးဒုက္ခရောက်သွားမှာပေါ့'

'ဟုတ်တယ်၊ သူဘာမှ မလုပ်နိုင်တဲ့ အခြေအနေအထိ ရောက်သွားနိုင်တယ်'

'ဒါမျိုးသာဖြစ်ရင် တချို့က တော်တော်လေးဝမ်းသာကြမှာ'

ပြီးမှ ဘရန်ဆန်က ဝန်အက်ဖင်ကို လှည့်မေးလိုက်သည်။

'ဟော့ မင်းက ဘယ်လိုထင်သလဲ'

'ကျုပ်ကတော့ ခင်ဗျားသိချင်တာကို ကျုပ်လဲ သိချင်တယ်၊ ကဲ ဒေါက်တာကိုင်လင်စကီ၊ အခုလိုဖြစ်အောင် တမင်လုပ်လိုက်တာကော မဖြစ်နိုင်ဘူးလား'

'ဘယ်သူက ဒါမျိုးလုပ်မှာမို့လဲ'

ဘရန်ဆန်က ပြောလိုက်သည်။

'မေးခွန်းကိုသာဖြေပါ'

'ဒီလို ပုလိပ်ရောဂါမျိုးကို အထူးတလည်လေ့လာနေတဲ့ ဘယ်ဆရာဝန်မဆို ဒီလိုရောဂါမျိုးကို ရလာအောင် မွေးနိုင်ကြလိမ့်မယ်'

'ဒါပေမယ့် ဒီလိုလုပ်နိုင်အောင် ဓာတ်ခွဲခန်းပစ္စည်းတွေ လုံလုံလောက်လောက် ရှိဖို့လိုမယ် မဟုတ်လား'

'သာမန်အားဖြင့်တော့ ဟုတ်ပါတယ်'

ဘရန်ဆန်က ညစာလာပို့သောကားထဲမှ စားပွဲထိုးကို ပြောလိုက်သည်။

'ဟော့ တိုနီ၊ မင်း ကောင်တာနောက်က ထွက်ခဲ့စမ်း'

တိုနီအပြင်ထွက်လာသည်၊ သူ့ကိုကြည့်ရသည်မှာ ထိတ်လန့်တုန်လှုပ်နေပုံရသည်။ ဘရန်ဆန်က ပြောလိုက်သည်။



'ဟော့ကောင် ဒီလောက်မအိုက်ပါဘူး တော်တော်ကလေးအေးနေပြီ၊ မင်းဘာဖြစ်လို့ ချွေးထွက်နေရတာလဲ'

'ကျွန်တော်က အကြမ်းဖက်တာ၊ ပြီးတော့ သေနတ်နဲ့ချိန်တဲ့ ကိစ္စတွေကို သိပ်ကြိုက်ဘူး'

'အခုအထိ မင်းကို ဘယ်သူကမှ ထိုးမယ်ကြိတ်မယ် မပြောရသေးပါလား၊ မင်းကို သေနတ်နဲ့လဲမချိန်သေးပါဘူး၊ အေးလေ ဒါပေမယ့် မင်းမကြာခင် အထိုးအကြိတ်ခံချင်ခံရမှာ တန်တော့မင်းမှာ အပြစ်ရှိလို့ ကြောက်နေတာပဲ ဖြစ်ရမယ်'

တိုနီသည် နဖူးက ချွေးများကို လက်နှင့်သုတ်လိုက်သည်။

'ကျွန်တော့်မှာ အပြစ်ရှိတယ်၊ ဟုတ်လား၊ မဟုတ်တာဗျာ'

'ထမင်းသိုးတယ်ဆိုရင် လူဆယ့်နှစ်ယောက်စာအထိ၊ တပြိုင်နက်တည်း မဖြစ်နိုင်ဘူး၊ သူ့အလိုလိုဖြစ်တာပါဆိုတာကို အရှုးအပေါ်တွေကမှ လက်ခံမှာ၊ ဒီအဆိပ်ခတ်ထားတဲ့ ထမင်းပွဲတွေကို ခွဲခြားတဲ့နည်းတော့ ရှိကိုရှိရမယ်၊ ကဲ ဘယ်လိုလဲ တိုနီ'

ဒုတိယသမ္မတကြီး ရစ်ချတ်က စက်ဆုတ်သောလေသံနှင့် ဝင်ပြောသည်။

'ဘရန်ဆန်၊ ဒါ မင်းကို သက်သက်မဲ့ နှောင့်ယှက်နေတာပဲ၊ ဒီကားဒရိုင်ဘာဘာသိမှာမို့လို့လဲ'

ဘရန်ဆန်ကတော့ လုံးဝဂရုမစိုက်ပေ။

'ထမင်းပန်းကန်တွေကို ဘယ်လိုခွဲခြားသလဲ'

'ကျွန်တော်မသိပါဘူးဗျာ၊ တကယ့်ကို မသိပါဘူး ခင်ဗျား ဘာပြောနေတယ်ဆိုတာကိုတောင် မသိပါဘူး'

ဘရန်ဆန်က ကိုဝေါ်စကီနှင့် ပီတာကို လှည့်ပြောလိုက်သည်။ သူ့လေသံတာ အလွှာပသလွှာပ လေသံမျိုးပင်တည်း။

'ကဲ သူ့ကိုတံတားပေါ်က ရေထဲပစ်ချလိုက်'

တိုနီသည် ကြောက်လန့်တကြားဟစ်အော်လိုက်သည်။ သို့သော် ကိုဝေါ်စကီနှင့် ပီတာက သူ့လက်တစ်ဘက်စီကို လာကိုင်သည့်အခါ ရုန်းကန်ခြင်း လုံးဝမပြုချေ။ သူ့ကို ဆွဲခေါ်သွားစဉ် သူ့မျက်နှာမှာ သွေးဆုတ်ပြီး ဖွေးဖွေးဖြူနေသည်။ ချွေးသီး ချွေးပေါက် တရဟော စီးကျနေသည်။ သူ့အသံတလည်း အက်ကွဲနေသည်။

'ကျုပ်ကို တံတားပေါ်က ပစ်ချမယ် ဟုတ်လား၊ ဒါ လူသတ်မှုဗျ၊ လူသတ်မှု ကျုပ် ဘုရားစူးရပါစေရဲ့ဗျာ၊ ဘာမှမသိ. . .'

ဘရန်ဆန်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ မင်းမှာ မိန်းမရှိတယ်၊ ကလေးသုံးယောက်ရှိတယ်လို့ ဆက်ပြောမှာမဟုတ်လား'

'ကျုပ်က တစ်ကိုယ်ရေတကာယသမားပါ'

တိုနီတစ်ယောက် မျက်ဖြူလန်သွားသည်။ သူ့ခြေထောက်များမှာ ပျော့ခွေသွားသဖြင့် သူ့ကိုယ်လုံးကြီးကို လမ်းပေါ်တွင်တရွက်တိုက်ပြီး ဆွဲခေါ်သွားကြရသည်။ ၎င်းတွင် ဒုတိယသမ္မတနှင့် ဟင်းဒရစ်က ထိုသုံးယောက်ကိုဝင်တားလိုက်၏။ သို့သော် ဗန်အက်ဖင်က စက်သေနတ်နှင့်ချိန်လိုက်သဖြင့် ရပ်လိုက်ကြရသည်။

ဗန်အက်ဖင်က ဘရန်ဆန်ကိုပြောလိုက်သည်။

'အဆိပ်ခပ်ထားတဲ့ ပန်းကန်ကို ခွဲခြားနည်းရှိမယ်ဆိုရင် ဒါ သိပ်အရေးကြီးတဲ့သတင်းစကားဖြစ်ရမယ်၊ ဒီလိုကိစ္စမျိုးကို ခင်ဗျားသာဆိုရင် တိုနီကို အသိပေးထားမလား'

'ဘယ်ပြောမလဲ၊ ကဲ တော်လောက်ပလား'

'သူ သိသလောက် ပြောတော့မှာပါ၊ ဒါပေမယ့် သူ သိပ်သိမှာ မဟုတ်ပါဘူး၊ ကဲ သူ့ကို ပြန်ခေါ်ခဲ့ဟေ့'

တိုနီကို ပြန်ခေါ်လာပြီး၊ သူ့လက်နှစ်ဘက်ကို ပြန်လွှတ်ပေးလိုက်သည်၊ တိုနီသည် လမ်းမပေါ်သို့ ပျော့ခွေကျသွားပြီး ဒယိမ်းဒယိုင်နှင့် ကြိုးစားပြီးပြန်ထရင်း ထမင်းစားကို တွယ်ဖက်ထားသည်။ သူ့ခန္ဓာကိုယ်သည် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေသည်။

'ကျွန်တော် ကျိန်တွယ်ပြီးပြောတာပါဗျာ၊ ဒီထမင်းပန်းကန်တွေ ကိစ္စကို ကျွန်တော် လုံးဝမသိပါဘူး'

'ဒါဖြင့် မင်းသိသလောက်ပြောစမ်း'

'ဒီကားထဲကို ထမင်းပွဲတွေတင်တုန်းက ဒီကိစ္စဟာ သိပ်မရိုးသားဘူးလို့ ထင်မိခဲ့တယ်'

'ဆေးရုံမှာလား'

'ကျွန်တော် ဆေးရုံအလုပ်သမား မဟုတ်ပါဘူး၊ ကျွန်တော်က ပျော်ပွဲစားရုံမှာ အလုပ်လုပ်တာပါ'

'ဒီတော့'

'ကျွန်တော် ပျော်ပွဲစားရုံကိုရောက်တော့ ထမင်းပွဲတွေ အဆင်သင့်ဖြစ်နေပြီလို့ ပြောတယ်၊ ခါတိုင်းဆိုရင် ထမင်းပွဲတွေကားပေါ်တင်တာ ငါးမိနစ်ပဲကြာတယ်၊ ဒီ



တစ်ခါတော့ လေးဆယ့်ငါးမိနစ်တောင်ကြာတယ်'

'ပျော်ပွဲစားရုံမှာ ဆေးရုံက လူတွေကို တွေ့ရလို့လား'

'ဟင့်အင်း၊ တစ်ယောက်မှ မတွေ့ဘူး'

'ကဲ တိုနီ၊ မင်းအသက်ပိုရှည်ချင်ရင် မင်းယူလာတဲ့အစားအစာတွေကို မစားနဲ့နော်'

ဘရန်ဆန်က အိုဟဲယားဘက်သို့ လှည့်လိုက်ပြန်သည်။

'ဒါဆိုရင် ခင်ဗျားနဲ့ ဟိုဓိန့်နဲ့ ကလေးမ၊ အေပရယ်ကိုပဲ ပြောစရာကျန်တော့တယ်'

အိုဟဲယားကလည်း ဆတ်ဆတ်ထိမခံပြန်ပြောသည်။

'ဘာလဲ၊ ကျုပ်တို့နှစ်ယောက်က ဟိုအဆိပ်ခပ်လိုက်တယ်လို့ ခင်ဗျားထင်တဲ့ လူတွေဆီက ညွှန်ကြားချက်တွေ ယူလာတယ်လို့ စွပ်စွဲမလို့လား'

'ဟုတ်တယ်၊ ကဲ မစ္စအေပရယ်ကို ဒီခေါ် လိုက်'

အိုဟဲယားက ပြန်ပြောသည်

'သူ့ကို ဖယ်ထားလိုက်စမ်းပါ'

'အံ့မယ်၊ ဒီမှာ ဘယ်သူက ဦးစီးဦးဆောင် လုပ်နေတယ်လို့ မင်းထင်သလဲ'

'လူနာနဲ့ ပတ်သက်ရင် ကျုပ်ကသာပြောရေးဆိုခွင့်ရှိတယ်၊ ခင်ဗျား သူ့ကိုခေါ်ချင်တယ်ဆိုရင် ဒီကိုသယ်ပိုးလာရလိမ့်မယ်၊ သူ့အခု အိပ်ဆေးတန်ခိုးကြောင့် လူနာတင်ကားထဲမှာ အိပ်မောကျနေတယ်၊ ခင်ဗျား ကျုပ်ပြောတာမယုံဘူးလား'

'မယုံဘူး၊ ကိုဝေါ်စကီ မင်းသွားကြည့်စမ်း၊ သေချာအောင် ဗိုက်ကို လက်နဲ့ နှာနှာထိုးကြည့်'

ဆယ်စက္ကန့်အတွင်း ကိုဝေါ်စကီ ပြန်ရောက်လာသည်။

'ဟုတ်တယ်၊ တကယ်အိပ်နေတာ'

ဘရန်ဆန်က အိုဟဲယားကို ကြည့်လိုက်သည်။

'တယ်အဆင်သင့်ပါလား၊ ခင်ဗျားက သူ့ကို အစစ်အမေးမခံရအောင် တမင်ထိုးထားတာထင်တယ်'

'ဘရန်ဆန် ၊ ခင်ဗျားတော်တော်ရှော်တဲ့လူပဲ၊ မစ္စအေပရယ်ဟာ ခင်ဗျားသိတဲ့အတိုင်း သိပ်ပြီးစိတ်ခိုင်တဲ့ကလေးမ မဟုတ်ဘူး၊ ဒီလိုမိန်းကလေးမျိုးကို အရေးကြီးတဲ့သတင်းတွေ ပြောပြလိုက်လိမ့်မယ်လို့ ခင်ဗျားထင်သလား၊ ပြီးတော့ ခင်ဗျား အကြောင်း ပြောကြဆိုကြတဲ့အထဲမှာ၊ ခင်ဗျားဟာ မိန်းကလေးတွေကို ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် ယုတ်ယုတ်မာမာမလုပ်ဘူးဆိုတဲ့ ကောင်းကွက်တစ်ကွက်တော့ ကျွပ် ကြားဖူးတယ်'

'ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'ရဲချုပ်ဟင်းဒရစ် ပြောပြလို့သိတာ၊ သူက ခင်ဗျားအကြောင်းတော်တော်တ လေး သိထားပုံရတယ်'

'ဟုတ်သလား ဟင်းဒရစ်'

ဟင်းဒရစ်ကလဲ ခပ်ပြတ်ပြတ်ဖြေသည်။

'ကျုပ် ဘာဖြစ်လို့ မပြောရမှာလဲ'

'ဒါဖြင့်ရင်၊ ခင်ဗျားပဲ ကျန်တော့တယ် ဒေါက်တာ'

'အခုက သံသယဝင်စရာကောင်းတဲ့ လူအနေနဲ့လား၊ ခင်ဗျား တော်တော့်ကို ညံ့လာပြီ၊ ကျုပ်ကိုကျုပ် အမွန်းတင်နေတာတော့မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်က အသက်ကိုပဲ ကယ်ချင်တယ်၊ လူသတ်ချင်တဲ့လူ မဟုတ်ဘူး၊ ပြီးတော့ ဆရာဝန်မှတ်ပုံ တင်ရုပ်သိမ်းတာမခံချင်ဘူး၊ ပြီးတော့လဲ ဟောဒီ ထမင်းကားရောက်လာကတည်းက ကျုပ် လူနာတင်ကားထဲက အပြင်ကို တစ်ခေါက်မှ မထွက်သေးဘူး၊ ဒီတော့ ကျုပ်က အဆိပ်ပါတဲ့ပန်းကန်တွေကို ဘယ်လိုလုပ်ပြီးတော့ ခွဲခြားနိုင်မှာတဲ့လဲ'

ဘရန်ဆန်က မေးလိုက်သည်။

'ဘယ်လိုလဲ ကိုဝေါစကီ'

'ကျွန်တော် အာမခံတယ်၊ မစ္စတာ ဘရန်ဆန်'

'ဒါပေမယ့် ထမင်းကားရောက်မလာသေးခင်၊ ခင်ဗျားဟိုလူ ဒီလူတွေနဲ့ လျှောက်စကားပြောနေသေးတယ်မဟုတ်လား'

ကိုဝေါစကီက ဝင်ပြောသည်။

'ဟုတ်တယ်၊ သူ လူတော်တော်များများနဲ့ စကားပြောခဲ့တယ်၊ အေပရဲလ်လဲ ဒီလိုပဲ'

'အေပရဲလ်ကို ထည့်မပြောနဲ့လေ၊ ဒီက ဆရာဝန်အကြောင်းပဲပြော'

'သူ လူတော်တော်များများနဲ့ စကားပြောခဲ့တယ်'

'ဘယ်လူနဲ့ ပိုပြောသလဲ'

ကိုဝေါစကီသည် မျက်စိရှင်ရုံသာမက၊ မှတ်ဉာဏ်လည်း ကောင်းပုံရသည်။

'အေပရဲလ်နဲ့ နှစ်ခါ'

'ထားစမ်းပါကွာ၊ သူ လူနာတင်ကားနဲ့ အသွားအပြန်ကားပေါ်မှာ တစ်ချိန်လုံး



တားပြောသွားလို့ရတဲ့ဥစ္စာ၊ တခြားဘယ်သူနဲ့ ပြောသလဲ'

'ရက်ဗ်ဆန်နဲ့ အကြာကြီးပြောတယ်'

'မင်း တစွန်းတစကြားလိုက်ရသလား'

'မကြားရဘူး၊ သူတို့နဲ့ ကိုက်သုံးဆယ်လောက်ဝေးတယ်၊ ပြီးတော့ လေအလှည့် သင့်ဘူး'

'ပစ္စည်းပေးတာ ယူတာမြင်မိသလား'

'မရှိပါဘူး'

ဘရန်ဆန်က အိုဟဲယားကို မေးလိုက်သည်။

'ခင်ဗျားတို့ ဘာအကြောင်းပြောကြတာလဲ'

ရက်ဗ်ဆန်က ဝင်ဖြေသည်။

'ထွေထွေထူးထူးတော့ မဟုတ်ပါဘူးဗျာ၊ ပြီးတော့လဲ ကျုပ် ဒီရောက်မှ လိုက် စကားပြောနေတာ လူသုံးဆယ်လောက်ရှိပြီ၊ အဲဒီလူတွေထဲမှာ ခင်ဗျားတပည့်တွေလဲ ပါတယ်၊ အခုကိစ္စကျမှ ဘာဖြစ်လို့ ရွေးသိချင်နေရတာလဲ'

'ဒါကတော့ ခင်ဗျားပြောမှ ဖြစ်မှာပေါ့'

'ပြောစရာ ထူးထူးထွေထွေ သိပ်မရှိပါဘူးဗျာ'

'ခင်ဗျား တော်တော် သွေးအေးတဲ့လူပဲ'

'စိုးရိမ်စရာဘာမှမရှိလို့ပေါ့ဗျာ'

ဤတွင် ကိုဝေါစကီက ဝင်ပြောပြန်သည်။

'မစ္စတာဘရန်ဆန်၊ ဟောဒီလူ ရက်ဗ်ဆန်၊ ဗိုလ်ချုပ်ကြီး ကတ်တလန်နဲ့ စကား အကြာကြီးပြောနေတာ တွေ့ရတယ်'

'ဘာလဲ၊ တိုလီမိုလီတွေ ပြောနေတာပဲလား ဗိုလ်ချုပ်ကြီး'

'ဘယ်ဟုတ်ရမှာလဲ၊ ဒီတံတားပေါ်က လူဆိုးတွေကို ဘယ်ပုံဘယ်နည်း မောင်း ချရမလဲဆိုတာ ဆွေးနွေးနေကြတာပါ'

'ခင်ဗျားကိုယ်တိုင် ပြောတော့လဲ ယုံရမှာပေါ့လေ၊ ကဲဆွေးနွေးတာ တော်တော် လေး အကျိုးအမြတ်ရှိရဲ့လား'

ကတ်တလန်က ပြန်မဖြေပဲ၊ သူ့ကိုသာ စူးစူးစိုက်စိုက်ကြည့်နေသည်။

ဘရန်ဆန်က ဝန်အကဲ်ဖင်ကို ပြောလိုက်သည်။

'တို့လူအုပ်ထဲမှာ ပူးသတ်မယ့်လူတစ်ယောက် ရောက်နေပြီလို့ ငါစိတ်ထဲမှာ ထင်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဇန်အက်ဖင်က ဘရန်ဆန်ကို ပြန်ကြည့်နေသည်။ အဖြေတော့ သူက မပေး။ ဘရန်ဆန်က ဆက်ပြောသည်။

'ဒါဆိုရင် ဆရာဝန်တော့ မဖြစ်နိုင်ဘူး၊ သူက ကြုံကြိုက်လို့ ဒီကိုရောက်လာတာ ဆရာဝန်အစစ်ဖြစ်ကြောင်းလဲ တို့သိထားရပြီ၊ ဒါပေမယ့် တို့အထဲမှာ တော်တော်အတွေ့အကြုံများတဲ့ စုံထောက်တစ်ယောက်ရောက်နေတယ်လို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်၊ မင်းကော ဘယ်လိုခံစားရသလဲ'

'ကျွန်တော်လဲ အဲဒီလိုထင်တယ်'

'ဘယ်သူကို ထင်သလဲ'

ဇန်အက်ဖင်က မဆိုင်းမတွအဖြေပေးသည်။

'ရက်ဗ်ဆန်'

ဘရန်ဆန်က ခရိုက်စလာကို လှမ်းခေါ်လိုက်သည်။

'ဟော ဒီလူကြီးမင်း ရက်ဗ်ဆန်က သူဟာ လန်ဒန်တိုင်းသတင်းစာကြီးက အသိအမှတ်ပြုထားတဲ့ သတင်းထောက်ပါလို့ ပြောနေတယ်၊ သူပြောတာ မှန်မမှန် စုံစမ်းရင် ဘယ်လောက်ကြာမလဲ'

'သမ္မတကြီးရဲ့ ဆက်သွယ်ရေးတယ်လီဖုန်းကို သုံးခွင့်ရမလား'

'ရတာပေါ့'

'မိနစ်ပိုင်းလောက်ပဲကြာမယ်'

ရက်ဗ်ဆန်က ဝင်ပြောသည်။

'ဒါနဲ့ပတ်သက်ပြီး ကျုပ်က ဒေါသပုန်ထပြရမှာလား၊ ကိစ္စမရှိပါဘူးလေ၊ ကြိုက်သလိုသာမေးပါ၊ ဒါပေမယ့် ကျုပ်ကို ဘာဖြစ်လို့ရွေးရတာလဲ၊ သတင်းစာဆရာတွေထဲကလို့ ဘာဖြစ်လို့ထင်ရတာလဲ၊ ခင်ဗျားလူတွေထဲက တစ်ယောက်မဖြစ်နိုင်ဘူးလား'

'ကျုပ်က ကျုပ်လူတွေကို ကျုပ်ကိုယ်တိုင်စိစစ်ပြီး ရွေးထားတာ'

'နပိုလီယံကလဲ သူ့ဗိုလ်ချုပ်ကြီးတွေကို သူကိုယ်တိုင် ရွေးခဲ့တာပဲ၊ ဒါပေမယ့် နောက်ဆုံးကျတော့ သူ့ကိုသစ္စာဖောက်တဲ့လူတွေအများကြီး၊ ပြီးတော့ အခုခင်ဗျား ရွေးချယ်ထားတဲ့ လူဆိုး၊ လူမိုက်၊ လူသတ်သမားတွေကို ဘာဖြစ်လို့ သိပ်စိတ်ချနေသလဲဆိုတာ ကျုပ်တော့ မစဉ်းစားတတ်အောင် ဖြစ်နေပြီ'

ဇန်အက်ဖင်က ခပ်အေးအေး ဝင်ပြောလိုက်သည်။

'ခင်ဗျားပြောနိုင်တုန်းပြောပေါ့ဗျာ'

ထို့နောက် ဘရန်ဆန်၏ လက်မောင်းကိုတို့ပြီး အနောက်ဘက်ကိုလက်ညှိုး



ထိုးပြရင်း

'အချိန်ဆွဲနေလို့ မဖြစ်ဘူးထင်တယ်'

'မင်းပြောတာမှန်တယ်'

မည်းမည်းမှောင်နေသော မိုးသားတိမ်တိုက်များသည် ခပ်လှမ်းလှမ်းရှိပစိဖိတ်သမုဒ္ဒရာထဲတွင် ညှိုမှိုင်းနေသည်ကို တွေ့ကြရသည်။

'သမ္မတကြီးနဲ့ ဒုတိယမ္မတကြီး၊ ပြီးတော့ ဧည့်သည်တော်ကြီးတွေ မိုးရေထဲမှာ ကြွက်စုတ်ကလေးတွေလို ဖြစ်နေတာ ပရိသတ်က သိပ်ကြိုက်မှာ မဟုတ်ဘူး၊ ကဲ ချန်ဆင့်ကိုပြော၊ ခာတ်ပုံဆရာတွေကို အသင့်ပြင်ခိုင်းပြီး ကုလားထိုင်တွေကို နေသားတကျထားတော့လို့'

ဇန်အက်ဖင်ထွက်သွားပြီး ပြန်ရောက်လာသည့် အခါကျမှ ဘရန်ဆန်က ဇန်အက်ဖင်ကိုခေါ်ပြီး ခပ်လှမ်းလှမ်းတွင်ရှိနေသည့် ရက်ဗ်ဆန့်ထံသွားကြသည်။ ထို့နောက် ဇန်အက်ဖင်ကို ပြောလိုက်သည်။

'သူ့ကင်မရာကို မင်းဖွင့်ကြည့်တယ်လို့ ရက်ဗ်ဆန်က ပြောတယ်'

'ဟုတ်ပါတယ်၊ ဒါပေမယ့် အသေးစိတ်တစ်ခုချင်း ဖြုတ်ကြည့်တာတော့ မဟုတ်ဘူး'

'ဖြုတ်ကြည့်ရလိမ့်မယ် ထင်တယ်'

ရက်ဗ်ဆန် ဒေါသထွက်လာပုံရသည်။

'ဖြုတ်မကြည့်ရင် ကောင်းမယ်ထင်တယ်၊ ဒီလိုကင်မရာမျိုးဖြစ်အောင် တစ်စစီ တောက်တပ်ဖို့ လူတစ်ယောက်ကို ငါးနှစ်လောက် သင်တန်းတက်ခိုင်းထားမှဖြစ်မှာ၊ ဒီတော့ ခင်ဗျားတို့ ဒီတံတားပေါ်မှာ ရှိနေတုန်း ဒီကင်မရာလေး ပျက်မသွားစေချင်ဘူး'

'ခင်ဗျားရဲ့ ခြောက်လုံးလုန့်လုံးတွေကို ကျုပ်ဂရုမစိုက်ဘူး၊ ကဲ ဖြုတ်ကြည့်စမ်းဗျာ'

'ကျွန်တော်လဲ သဘောတူတယ်'

ပြီးမှ ဇန်အက်ဖင်က ရက်ဗ်ဆန်ကို နှစ်သိမ့်သောလေသံနှင့် ပြောသည်။

'ခရိုက်စလာကို ဖြုတ်ခိုင်းမှာပါ၊ စက်ပစ္စည်းနဲ့ ပတ်သက်လာရင် ကျုပ်တွေ့ဖူးသမျှလူတွေထဲမှာ ဒီကောင်အတော်ဆုံးပဲ၊ စိတ်ချပါ၊ မပျက်စေရပါဘူး'

ပြီးမှ ဘရန်ဆန်ကို ပြောလိုက်ပြန်သည်။

'ကျွန်တော် သူ့သားရေအိတ်း သူဖင်ထိုင်ခုံ၊ ပြီးတော့ ထိုင်ခုံအောက်ဘက်နဲ့ အပေါ်ဘက်စင်ပေါ်မှာ ရှာကြည့်ပြီးပြီ၊ ဘာမှမတွေ့ဘူး'

'ဒါဖြင့် သူ့ကို ရှာစမ်း'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကိုရှာမယ်၊ ဟုတ်လား၊ အခုအရှာခံပြီးပြီပဲ'

'လက်နက်ပါမပါရှာမလို့'

ရက်ဗ်ဆန်၏ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ အတွင်းလိုင်နင်စမှစ၍ တစ်စမကျန် အရှာခံရသည်။ သူ့ကိုယ်ပေါ်တွင် သော့တွဲ၊ အကြွေများ၊ မဖြစ်စလောက် ဓားအငယ်စားလေးတစ်ချောင်းကလွဲလျှင် စာရွက်စာတမ်းများကိုသာ ရှာတွေ့ရသည်။

ဗန်အက်ဖင်ကပြောလိုက်သည်။

'ထုံးစံအတိုင်းပါပဲ၊ ယာဉ်မောင်းလိုင်စင်၊ လူမှုဖူလုံရေးကတ်ပြား၊ အကြွေးဝယ်ခွင့်ကတ်ပြား၊ သတင်းထောက်မှတ်ပုံတင်ကတ်ပြားတွေ'

ဘာရန်ဆန်က ဖြတ်မေးသည်။

'အဲဒီသတင်းထောက် မှတ်ပုံတင်ကတ်ပြားတွေထဲမှာ လန်ဒန်တိုင်းက ထုတ်ပေးတဲ့ မှတ်ပုံတင်ပါသလား'

'ဟောဒီမှာ၊ ကြည့်ရတာ ဟုတ်ပုံရတယ်'

'ဒါပေါ့ကွာ၊ အတုလုပ်ရင်တောင် သေသေသပ်သပ်လုပ်လာမှာပါ၊ ဘာပါသေးသလဲ'

ဘာရန်ဆန်က ထိုကတ်ပြားကိုပြန်ပေးရင်း မျက်မှောင်ကုတ်၍ပြောလိုက်ခြင်း ဖြစ်သည်။

'ပါသေးတယ်၊ ဟောင်ကောင်ကိုသွားမယ့် လေယာဉ်ပျံလက်မှတ်တစ်စောင်'

'နက်ဖြန်ခါသွားဖို့ ရက်စွဲတပ်ထားသလား'

'ဟုတ်တယ်၊ ခင်ဗျား ဘယ်လိုလုပ်သိသလဲ'

'သူ့ကိုယ်တိုင် ပြောတာပဲ၊ မင်း ဘယ်လိုထင်သလဲ'

'မပြောတတ်ဘူး'

ဗန်အက်ဖင်သည် ရက်ဗ်ဆန်၏ ဖောင်တိန်နှစ်ချောင်းကို အမှုမဲ့အမှတ်မဲ့ လက်နှင့်စမ်းသပ်နေသည်။ ထိုအခိုက်အတန့်တွင် သူနှင့်ဘာရန်ဆန်သည်သေမင်းနှင့် လက်တကမ်းအကွာသို့ ရောက်နေကြသည်။ သို့သော်တခြားတွင် အာရုံစိုက်နေသော ဗန်အက်ဖင်က ဖောင်တိန်နှစ်ချောင်းကို ပြန်ချိတ်လိုက်ပြီး ရက်ဗ်ဆန်၏ နိုင်ငံကူးလက်မှတ်ကို ဖွင့်ကြည့်လိုက်၏။ သူက စာရွက်များကို ကမ္ဘာကယာလှန်ကြည့်လိုက်သည်။

'တော်တော် ခရီးသွားနိုင်တဲ့လူပဲ၊ လွန်ခဲ့တဲ့နှစ်နှစ် မတိုင်ခင်မီက အရှေ့တောင်အာရှမှာရှိတဲ့ နိုင်ငံတော်တော်များများကို ခရီးသွားထားတာတွေ့ရတယ်၊ ကဲ ခင်ဗျား ဘယ်လိုထင်သလဲ'



'သူပြောတာနဲ့ လာကိုက်ညီတာပေါ့လေ၊ သူ ဒီအတိုင်းပြောထားတယ် နို့ မင်းကကော'

'ဒီလူသာ လူရှုပ်ဆိုရင် တော်တော်ပင်ပန်းခံပြီး လုပ်ထားတာလို့ ပြောရလိမ့်မယ်၊ သူကဒီမြို့သားလို့ နာမည်ခံထားရင်လဲရတာပဲ မဟုတ်လား'

ဘာရန်ဆန်က မေးသည်။

'ခင်ဗျား ဆန်ဖရန်စစ္စကို ဖာတီလား'

'မဟုတ်ပါဘူး၊ အနေကြာတာတစ်ခုပါပဲ'

'ဒီကိစ္စကလေးတစ်ခုအတွက် အကြောင်းပြလို့ကောင်းအောင် ဘယ်သူက ဆယ့်နှစ်နှစ်လောက် ဒုက္ခခံပြီး ခရီးသွားနေမှာလဲ'

ခရိုက်စလာ ပြန်ရောက်လာသည်၊ ဘာရန်ဆန်က တအံ့တသြမော့ကြည့်လိုက်၏၊

'ဟ၊ ဘယ်လိုလဲ၊ ပြီးသွားပလား'

'သမ္မတကြီး တယ်လီဖုန်းက လန်ဒန်နဲ့ တိုက်ရိုက်ဆက်လို့ရတာပဲ၊ ရက်ဗ်ဆန် ပြောတာမှန်တယ်၊ သူဟာ လန်ဒန်တိုင်းသတင်းစာက အသိအမှတ်ပြုထားတဲ့ သတင်းထောက်တစ်ယောက်ပဲ'

ရက်ဗ်ဆန်က ခရိုက်စလာကို ပြောသည်။

'ကျုပ် ကင်မရာကို ဘာရန်ဆန်က အစိတ်အစိတ်အမွှာမွှာဖြစ်အောင် ဖြုတ်ကြည့်စေချင်တယ်တဲ့၊ ဒီကင်မရာထဲမှာ ချိန်ကိုက်ဗုံး၊ ဒါမှမဟုတ် ရေဒီယိုပါတယ်၊ မင်း ဖြုတ်ရင် သတိထားဖြုတ်နော်၊ မင်းတစ်ကိုယ်လုံး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလိမ့်မယ်၊ မင်းဖြုတ်ပြီးရင်တော့ ဒီကင်မရာကို သူနဂိုအတိုင်းဖြစ်အောင် ပြန်တပ်ပေးရလိမ့်မယ်'

ဘာရန်ဆန်က ခေါင်းညိတ်ပြသဖြင့် ခရိုက်စလာက ပြုံးပြုံး ကင်မရာကို ယူထွက်သွားသည်။ ရက်ဗ်ဆန်က မေးလိုက်သည်။

'ကဲ ဒါပဲလား၊ ဒါမှမဟုတ် ကျုပ် ဖိနပ်ခွာကို ဖြုတ်ပြရဦးမှာလား'

ဘာရန်ဆန်က မပြုံးပါ။

'ကျုပ် အခုထက်ထိ စိတ်မကျေနပ်သေးဘူး၊ အခု ဒီလိုက်လာတဲ့ ဒေါ်ရိုတာ တိုင်လင်စကီဟာ အဆိပ်ခပ်တဲ့လူတွေနဲ့ တစ်စိတ်တည်း တဥာဏ်တည်း ဖြစ်နိုင်မလား၊ ဒါမှမဟုတ် ကျုပ်တို့သံသယကင်းအောင် အဆိပ်ဖြစ်နေတဲ့ လင်ဗန်းဆယ့်နှစ်ခုပဲတွေ့တယ်လို့ သူ့ကို တမင်မှာလိုက်တာကော မဖြစ်နိုင်ပေဘူးလား၊ တကယ်တော့

www.burmeseclassic.com



အဆိပ်ဖြစ်နေတဲ့ လင်ဗန်းဆယ့်ခုနှစ်ခုဖြစ်ရမယ်၊ ပြီးတော့ အဆိပ်ပါတဲ့ လင်ဗန်းကို ခွဲခြားနိုင်တဲ့ တစ်ယောက်ယောက် ဒီထဲတားပေါ်မှာ ရှိကိုရှိရမယ်၊ ကဲ၊ ရက်ဗ်ဆန် ဒေါက်တာ ကိုင်လင်စကီက အဆိပ်မဖြစ်ပါဘူးလို့ ပြောထားတဲ့ လင်ဗန်းတွေထဲက တစ်ချပ်ကို မင်းစားပြစမ်း'

'ဒေါက်တာကိုင်လင်စကီ မှားပြောမိတာနဲ့ ကျုပ် ကြားထဲက အချောင်ဝင် အသေခံရမှာလား၊ ကျုပ် မစားနိုင်ဘူး၊ ကျုပ်က စမ်းသပ်ခံပူးကလေး မဟုတ်ဘူး'

'ဒါဆိုရင် သမ္မတကြီးနဲ့ သူ့ညီသည်တော်တွေကို အစားခိုင်းရတော့မှာပေါ့ အဲ . . . သူတို့က ငြင်းမယ်ဆိုရင် အတင်းအဓမ္မစားခိုင်းရလိမ့်မယ်'

သူကိုလဲ အတင်းဓမ္မ စားခိုင်းနိုင်သားပဲဟု ပြန်ပြောရန် စဉ်းစားမိပြီးမှ ရက်ဗ်ဆန်တမပြောပဲ ငြိမ်နေလိုက်သည်။ ၎င်းအပြင် အဆိပ်ခတ်ထားသော လင်ဗန်းကို ဘယ်နည်းဘယ်ပုံခွဲခြားနိုင်ကြောင်း၊ ကတ်တလန်က ပြောမပြရသေးသည်မှာ သေချာသည်၊ ပြီးတော့ အိုဟဲယားကလွဲရင်ခွဲခြားတတ်သူမှာ သူ တစ်ယောက်သာရှိသည်။ ထို့ကြောင့် ရက်ဗ်ဆန်က လက်နှစ်ဘက်ကို အထက်သို့ မြှောက်ပြရင်း

'ခင်ဗျားဘာဖြစ်လို့ ဒီလိုလုပ်နေတယ်ဆိုတာ ဘုရားမှသိမှာပဲ၊ ဒါပေမယ့် ကျုပ်ကတော့ ဒီဒေါက်တာနှစ်ယောက်ကို အကြွင်းမဲ့ယုံကြည်တယ်၊ သူတို့က ဒီလင်ဗန်းတွေမှာ အဆိပ်မဖြစ်သေးဘူးဆိုရင် ကျုပ် လက်ခံမယ်၊ ကဲ ကျုပ်ကပဲ ခင်ဗျားရဲ့ စမ်းသပ်ခံပူးတလေးအဖြစ် အသုံးတော်ခံမယ်'

ဘရန်ဆန်က သူ့ကို စူးစူးစိုက်စိုက်ပြန်ကြည့်သည်။

'ခင်ဗျားက ဘာဖြစ်လို့ ခုတစ်မျိုးခုတစ်မျိုး ပြင်ပြောနေတာလဲ'

ရက်ဗ်ဆန်က လက်ဖက်ရည်ကြမ်းဝိုင်းတွင် အေးအေးလူလူပြောသည့် ပုံစံမျိုးနှင့် ပြန်ဖြေသည်။

'ဘရန်ဆန်၊ ခင်ဗျား တော်တော့်ကို မယုံသင်္ကာဖြစ်တတ်တဲ့လူပဲ၊ ခင်ဗျားဘာသာ ခင်ဗျား ဗန်အက်ဖင်ရဲ့ မျက်နှာထားကို အကဲခတ်စမ်း၊ ကျုပ်ပြောတာကို သူ လက်ခံတယ်လို့ အတတ်ပြောရဲတယ်၊ တချို့လူတွေကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကို ပျော့ညံ့တယ်လို့တောင် ပြောချင်ပြောကြမှာ၊ ကျုပ်က ခင်ဗျားကို ဂရုမစိုက်လို့ အခုလို သဘောတူလိုက်တာ၊ ကဲ . . . ရှင်းပြီလား'

ဘရန်ဆန်က ခပ်တည်တည်ပြုံးလိုက်ပြီး၊ တိုနီကို လှမ်းပြောလိုက်သည်။

'ကဲ၊ အဆိပ်မဖြစ်သေးဘူးဆိုတဲ့ လင်ဗန်းဆယ်ခု ခုံပေါ်မှာ စီတင်ထားစမ်း ကဲ ရက်ဗ်ဆန်၊ မင်းကြိုက်တာတစ်ခု ရွေးပြီးစားပြစမ်း'



'ဒါဆိုရင် ခင်ဗျားမှားနေပြီ၊ ဘာလဲ၊ ကျုပ် ရွေးတတ်တယ်လို့ ခင်ဗျားခုထိ ထင်နေသေးသလား၊ တဲဗျာ၊ ခင်ဗျားကပဲ ရွေးပေးစမ်းပါ'

ဘရန်ဆန်က လင်ဗန်းချပ်ကို ခေါင်းညိတ်ပြလိုက်သည်။ ရက်ဗ်ဆန်က ရှေ့တိုးသွားပြီး လင်ဗန်းကိုအသာမ၍ အစားအစာများကို ဂရုတစိုက် နမ်းကြည့်သည်။ ထိုသို့ နမ်းရင်း လင်ဗန်းအောက်ပိုင်းကို မသိမသာလက်နှင့် စမ်းကြည့်ရာ ထစ်ထားသည်ကို တွေ့ရချေ။ သည်လင်ဗန်းတွင် အဆိပ်မပါ။ ဤတွင် ရက်ဗ်ဆန်က လင်ဗန်းအလယ် ခေါင်တွင် ထည့်ထားသောအသားစဉ်းကော တစ်ဇွန်းကို ကောက်ဝါးလိုက်သည်။ သူက ရှုံ့မဲ့မဲ့နှင့် ဝါးပြီးမှ မျိုချလိုက်သည်။ ထို့နောက် ထိုပုံစံအတိုင်း နောက်တစ်ဇွန်း ထပ်ခပ်စားပြန်သည်။ ပြီးမှ လင်ဗန်းကိုမသတီသည့်ပုံစံနှင့် ချထားလိုက်၏။

ဘရန်ဆန်က မေးလိုက်သည်။

'ဘာလဲ ခံတွင်းမတွေ့ဘူးလား'

'စားသောက်ဆိုင်ထဲမှာသာဆိုရင် မီးဖိုထဲသွားပြီးစားဖိုမှူးကို လင်ဗန်းနဲ့ ရိုက်ပစ်မှာ၊ ဒီလိုဟင်းချက်ညံ့တဲ့လူဟာ စားဖိုမှူးအခေါ် မခံထိုက်ဘူး'

'အဆိပ်ဖြစ်နေပြီထင်လို့လား'

'မဟုတ်ပါဘူး၊ ချက်ပုံပြုတ်ပုံညံ့လွန်းလို့ပါ'

'ဒါဖြင့် ခင်ဗျား နောက်တစ်ပွဲ ထပ်မြည်းဦးမလား'

'မမြည်းဘူး၊ ခင်ဗျားက တစ်ပွဲတည်း မြည်းပါလို့ပြောခဲ့တာပဲ ဥစ္စာ'

ဘရန်ဆန်က ချော့ချော့မော့မော့ ပြောသည်။

'လုပ်စမ်းပါဗျာ၊ ကူညီတဲ့သဘောမျိုး လုပ်ပြစမ်းပါ။ ရက်ဗ်ဆန်က ရှုံ့ရှုံ့မဲ့မဲ့နှင့် သဘောတူလိုက်သည်။ သည်လင်ဗန်းတွင်လည်း အဆိပ်မပါ။ သူက ရှုံ့ရှုံ့မဲ့မဲ့နှင့် စားပြနေစဉ် ဘရန်ဆန်က နောက်ထပ် လင်ဗန်းတစ်ချပ် ထိုးပေးပြန်သည်။

သည်လင်ဗန်းအောက်ဘက်တွင်ကား အထစ်ကလေး တစ်ခုပါလာသည်။ ရက်ဗ်ဆန်က အပေါ်က အုပ်ထားသည့်ရေပါးစက္ကူကို ခွာလိုက်ပြီးနောက် မယုံသင်္ကာ မျက်နှင့်နမ်းကြည့်သည်။ ထို့နောက် အနည်းငယ်ပါးစပ်ထဲထည့်လိုက်ပြီး ချက်ချင်းပြန် ထွေးပစ်လိုက်သည်။

'ဒီလင်ဗန်းထဲက အစားအသောက်တွေရောဂါပိုးပါသလား၊ မပါဘူးလား ကျုပ် မသိဘူး၊ ဒါပေမယ့် အရင်နှစ်ပွဲထက် ဒီပွဲက ပိုညံ့သေးတယ်၊ ဖြစ်နိုင်ရင် နည်းနည်း သောက်နမ်းကြည့်ပေးပါ'

ရက်ဗ်ဆန်က ပြောပြောဆိုဆိုနှင့် ထမင်းဗန်းကို ဒေါက်တာကိုင်လင်စကီ၏

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းအောက် ထိုးပေးသည်။ သူက နမ်းကြည့်လိုက်ပြီး သူ့အဖော်ဒေါက်တာထံ လှမ်းပေးသည်။

ဘရန်ဆန်မေးသည်။

'ကဲ ဘယ်လိုလဲ'

ဒေါက်တာ ကိုင်လင်စကီတစ်ယောက် ချက်ချင်းပြန်အဖြေ မပေးပါ။

'သိပ်မသေချာဘူး၊ ဖြစ်တော့ ဖြစ်နိုင်တယ်၊ ဖြစ်ရင်လဲ ငါးဆယ် ငါးဆယ် လောက်ပဲဖြစ်မယ်၊ ဓာတ်ခွဲခန်းထဲမှာ စစ်ပြီးမှ သေသေချာချာပြောလို့ရမယ်'

သူက ရက်ဗ်ဆန်ကို သေသေချာချာစူးစူးစမ်းစမ်းကြည့်လိုက်သည်။

'ခင်ဗျား ဆေးလိပ်သောက်သလား'

'မသောက်ဘူး'

'အရက်ကောသောက်သလား'

'တစ်ခါတလေပါပဲ'

ကိုင်လင်စကီက အဖြေပေးသည်။

'ဟုတ်ပါပြီ၊ ဒါပဲဖြစ်ရမယ်၊ အရက်နဲ့ ဆေးလိပ်မသောက်တဲ့ လူတွေဟာ အရသာခံတဲ့နေရာမှာ အနံ့ခံတဲ့နေရာမှာ သိပ်စူးရှတတ်တယ်၊ ရက်ဗ်ဆန်ဟာ အဲဒီလိုလူစားမျိုးပဲ'

ဤတွင် ရက်ဗ်ဆန်က မည်သူ့အပြောကိုမှ မစောင့်ပဲ လင်ဗန်းများကို လျှောက်နမ်းကြည့်သည်။

'ကဲ၊ ကျုပ်အယူအဆကို ပြောရမလား'

ဘရန်ဆန်က ခေါင်းညိတ်ပြသည်။

'ဒီလင်ဗန်းတွေထဲမှာ အများစုဟာ သိပ်မသန့်တော့ဘူး၊ နည်းတာများတာပဲ ကွာမယ်၊ အားလုံးသိုးနေပြီ'

ဘရန်ဆန်က ကိုင်လင်စကီကို လှမ်းမေးသည်။

'ဖြစ်နိုင်သလား'

ဒေါက်တာကိုင်လင်စကီ တစ်ယောက်စိတ်ညစ်သွားပုံရသည်။

'ဖြစ်နိုင်တယ်၊ ပလိပ်ရောဂါဟာ တစ်နေရာထဲ သွားစုချင်စုနေတတ်တယ် မနှစ်တုန်းက နယူးအင်္ဂလန်က မိသားစုနှစ်စု ပျော်ပွဲစားထွက်ကြတယ်၊ အားလုံးဆယ်ယောက်၊ သူတို့အားလုံး အသားညှပ်ပေါင်မုန့်စားကြတယ်၊ အဲဒီအသားညှပ်ပေါင်မုန့်ထဲမှာ အမဲသားစဉ်းကောကြော် တစ်မျိုးတည်း ထည့်ထားတယ်၊ အဲဒီတုန်းက ပုလိပ်



ရောဂါ ကြုံလိမ့်သွားတာပဲ၊ ငါးယောက်သေတယ်၊ နှစ်ယောက်နည်းနည်းပါးပါးစီ ခံလိုက်ရတယ် သုံးယောက် ဘာမှမဖြစ်ဘူး'

ဗန်အက်ဖင်နှင့် ဘရန်ဆန်နှစ်ယောက်တွဲပြီး ခပ်လှမ်းလှမ်းသို့ လျှောက်သွားသည်။ ဗန်အက်ဖင်က စပြောသည်။

'မတော်သေးဘူးလား'

'ဒီကိစ္စကိုဆက်မေးနေရင် အပိုပဲလို့ မင်းထင်လား'

'ခင်ဗျားနာမည်ပျက်ရုံပဲ အဖတ်တင်လိမ့်မယ် မစ္စတာဘရန်ဆန်'

'ငါ သိပ်ဘဝင်မကျသေးဘူး၊ ဒါပေမယ့် မင်းပြောတာ သဘောတူတယ် တစ်ခုခက်တာက တို့က ရက်ဗ်ဆန်ပြောတာကို လက်ခံနေရတဲ့ကိစ္စပဲ'

'ဒါပေမယ့်၊ သူ့အခု လင်ဗန်းနှစ်ဆယ်လောက်ထိအောင် စစ်ပေးသွားတာပဲ ဆယ့်ခုနှစ်ချပ်ထက်တောင်ပိုနေသေးတယ်'

'ဒါဘယ်သူပြောတာလဲ'

'ခင်ဗျားအခုချိန်ထိ သူ့ကို မယုံသေးဘူးလား'

'ဒီလူကြည့်ရတာ သိပ်သွေးအေးလွန်းတယ်၊ ဒီလိုဘက်မှာ ပိပိရိရိဖြစ်အောင် လေ့ကျင့်ထားတဲ့ လူမျိုးဖြစ်ပုံရတယ်၊ ပြီးတော့လဲ ဒီလူ ဓာတ်ပုံဆရာ၊ သိပ်သေချာတယ်'

'ဒီကိစ္စမှာ အတွင်းလူဖြစ်နိုင်တယ်'

'ဟုတ်တယ်၊ အတွင်းလူသိပ်သေချာတယ်'

'ဒါဖြင့်ရင် ခုဟာတမင်အဆိပ်ခပ်တာ ဖြစ်အောင်လုပ်တော့မယ်ပေါ့'

'လုပ်မယ်လေ၊ စကားပြောခွက်က ငါ့လက်ထဲမှာရှိမှာ၊ ငါ့ထက် ဘယ်သူတာ ပိုစကားပြောနိုင်မှာမို့လို့လဲ'

ဗန်အက်ဖင် တောင်ဘက်တံတားတိုင် မျှော်စင်ဆီ လှမ်းကြည့်လိုက်သည်။

'ထမင်းကား နံပါတ်နှစ်တောင် လာနေပြီပဲ'

❐

ဘရန်ဆန်သည် ရှုပ်မြင်သံကြား ရိုက်ကူးမည့် ကင်မရာများ၊ အထူးသြော်သည် တော်ကြီးများ၊ သတင်းစာဆရာများနှင့် ဓာတ်ပုံဆရာများကို ယခင်ပုံစံအတိုင်း နေရာချထားသည်။ အနောက်ဘက်ဆီမှ မိုးသားတိမ်တိုက်များသည် တရွေ့ရွေ့ ရွေ့လျား လာနေဆဲပင်တည်း။ ဟန်ဆင် ထိုင်ခဲ့သောကုလားထိုင်တွင် ဒုတိယသမ္မတ ရစ်ချတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်နေသည်၊ ယခင်ပုံစံနှင့် ဒါလောက်ပဲ ခြားနားသည်။

ရုပ်ရှင်ကင်မရာများ စတင်လှုပ်ရှားစပြုလေပြီ။ သမ္မတကြီး၏နံဘေးတွင် ထိုင်နေသူ ဘရန်ဆန်က စကားပြောခွက်ထဲသို့ စကားပြောသည်။

'အခု ကျွန်တော်က အမေရိကန်နိုင်ငံ တစ်ဝန်းလုံးနဲ့ တစ်ကမ္ဘာလုံးမှာရှိနေကြတဲ့ ရုပ်မြင်သံကြားပရိသတ်ကို တစ်ခုတင်ပြစရာရှိပါတယ်၊ အဲဒါကတော့ လွန်ခဲ့တဲ့ တစ်နာရီလောက်က ဒီတံတားကြီးပေါ်မှာ ဖြစ်ပွားခဲ့တဲ့၊ အလွန်ယုတ်မာပက်စက်တဲ့ ရာဇဝတ်မှုအကြောင်းပဲ ဖြစ်ပါတယ်၊ ဒီကိစ္စကို သိပြီးတဲ့အခါကျရင် ဥပဒေအပြင်ဘက်ကို ရောက်နေသူတိုင်း ရာဇဝတ်သားတွေမဟုတ်ဘူးဆိုတာ နားလည်သဘောပေါက်လာကြပါလိမ့်မယ်၊ အခု ပေဘာဒီထမင်းစားကောင်တာပေါ်မှာ တင်ထားတဲ့ ထမင်းလင်ဗန်းတွေကို ပရိသတ်များ တဆိတ်ဂရုပြုကြစေလိုပါတယ်၊ ဒီထမင်းလင်ဗန်းတွေဟာ လေယာဉ်ဖျံတွေပေါ်မှာ လေကြောင်းကုမ္ပဏီတွေက ကျွေးကြမွေးကြတဲ့ လင်ဗန်းမျိုးပါပဲ၊ ဒါပေမယ့် ဒီလင်ဗန်းထဲက အစားအစာတွေဟာ ကျန်းမာရေးနဲ့ ညီညွတ်ရဲ့လား၊ အန္တရာယ်ကင်းရဲ့လား'

ဘရန်ဆန်က ပြောပြောဆိုဆို တဘက်တွင်ရှိနေသူ တစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်၊

'ဒီပုဂ္ဂိုလ်ကတော့ အနောက်ဘက်ကမ်းခြေတခွင်မှာ အဆိပ်ပါရဂူလို့ နာမည်ကြီးနေတဲ့ ဒေါက်တာ ကိုင်လင့်စကီပါပဲ၊ ကဲ ဒေါက်တာ၊ ဒီ ထမင်းလင်ဗန်းတွေဟာ တကယ်တော့ အန္တရာယ်ကင်းရဲ့လား'

'အန္တရာယ်မကင်းဘူး၊ တချို့လင်ဗန်းတွေမှာ ရောဂါပိုးတွေဝင်နေတယ်'

'ဘယ်လောက်တောင် များသလဲ'

'တစ်ဝက်ကျော်လိမ့်မယ်ထင်တယ်'

'ဘာရောဂါပိုးတွေ ဝင်နေတယ်ထင်သလဲ ဒေါက်တာ'

'ဗိုင်းရပ်စ်ပိုးတစ်မျိုး ဝင်နေတယ်၊ ထမင်းကို အဆိပ်ဖြစ်စေတဲ့ ပိုးမျိုးပေါ့'

'သေနိုင်သလား'

'သေနိုင်တယ်'

'ခဏခဏ ဖြစ်တတ်သလား'

'မကြာခဏဖြစ်တတ်ပါတယ်'

'ဘယ်လိုအခါမျိုးမှာ ဖြစ်တတ်သလဲ၊ ထမင်းသိုးသွားတဲ့အခါမျိုးကျရင် ဖြစ်လေ့ဖြစ်ထရှိသလား'



'ဟုတ်ပါတယ်'

'ဒါပေမယ့် အဲဒီလို ဗိုင်းရပ်စ်ပိုးမျိုးကို ခတ်ခဲ့ခန်းထဲမှာ တမင်မွေးယူရှင်လို့ ရတာပဲမဟုတ်လား'

'ဖြစ်မယ်ထင်တယ်'

'ရသလား၊ မရဘူးလား'

'ရပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ဒေါက်တာကိုင်လင်စကီ၊ ဒါလောက်ပါပဲ'

❑

လူနာတင်ယာဉ် ဘေးနားတွင် ရပ်နေသူ ရက်ပ်ဆန်က အိုဟဲယားကို ပြောလိုက်သည်။

'တရားခွင်ကို တစ်ခါမှ မရောက်ဖူးသေးဘူးလို့သာ ပြောကြတယ်၊ တရားလိုရှေ့နေကြီးလို တိတိကျကျ သရုပ်ဆောင်နိုင်သားပဲ'

'ဒါကတော့ ရုပ်မြင်သံကြား ပြစက်ရဲ့ ကျေးဇူးကြောင့်ပေါ့ဗျာ'

❑

ဘရန်ဆန်က ပြောပြန်သည်။

'ရုပ်မြင်သံကြားပြစက်ကို ကြည့်နေကြတဲ့ လုပ်သားပြည်သူ အားလုံးကို ကျွန်တော် တင်ပြချင်တာကတော့ ခရီးထွက်လာတဲ့ သမ္မတကြီးနဲ့အဖွဲ့ကိုဖြန့်ပေးဆွဲပြီး ဒီတံတားကြီးကို အပိုင်စီးထားတဲ့ ကျွန်တော့်အဖွဲ့တွေကို၊ တပ်မတော်၊ ပြည်သူ့ရဲ အက်ဖ်ဘီအိုင် အစိုးရအဖွဲ့စတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေက သတ်ဖြတ်ဖို့ ဒါမှမဟုတ် ဘာမှမလုပ်နိုင် မကိုင်နိုင်အောင် ဖြစ်သွားတဲ့အထိ လုပ်ကြံနေကြပါတယ်လို့ ပြောချင်ပါတယ်၊ ပြီးတော့ ဒီတံတားပေါ်မှာ အဆိပ်ခပ်ထားတဲ့ ထမင်းလင်ဗန်းနဲ့ အဆိပ်မပါတဲ့ ထမင်းလင်ဗန်းတွေ ကျွန်တော်နဲ့ ကျွန်တော့်အဖွဲ့သားတွေ လက်ထဲ ရောက်သွားအောင် လုပ်ပေးမယ့်လူ ရှိနေပါတယ်၊ ဒါပေမယ့် ကံကောင်းချင်တော့ သူတို့ရဲ့ ကြံစည်ချက်ဟာ မအောင်မြင်ခဲ့ဘူး၊ ဒါပေမယ့် တစ်ယောက်တော့ သေခဲ့ရှာတယ်၊ ကျွန်တော် ဒီကိစ္စကို နောက်မှ တင်ပြပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အခုလောလောဆယ် ပြောချင်တာကတော့ ဒုတိယ ထမင်းကားရောက်လာပြီ ဆိုတာပါပဲ၊ အာဏာပိုင်အဖွဲ့တွေက ဒီတစ်ခါမှာလည်း ပထမအခေါက်က နည်းအတိုင်း မိုက်မိုက်ကန်းကန်း လုပ်မှာမဟုတ်ဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့် ပထမအခေါက်တုန်းက ယုံနိုင်စရာလုံးဝမရှိတဲ့ လုပ်နည်းလုပ်ထုံးတစ်ခုကို မိုက်မိုက်ကန်းကန်း လုပ်ခဲ့ပြီမဟုတ်လား၊ ဒီတော့ ထမင်းလင်ဗန်းသုံးချပ်ကို ဟိုတစ်ချပ်၊ ဒီကတစ်ချပ် ဆွဲယူပြီး သမ္မတကြီး၊ ရေနံဘုရင်နဲ့ ရေနံမင်းသားကို အစားခိုင်းမယ်၊ သူတို့သုံးဦးဘာမှ မဖြစ်ဘူးဆိုရင်တော့ ကျန်တဲ့ထမင်းလင်ဗန်းတွေမှာ အဆိပ်မပါနိုင်ဘူးဆိုတာ တော်တော်လေးသေချာသွားပြီ၊ ဒါမှမဟုတ် သူတို့သုံးယောက် အကြီးအကျယ် ဒုက္ခဝေဒနာ ခံစားရပြီဆိုရင်တော့ ကျွန်တော်တို့အပေါ်မှာ အပြစ်လုံးဝပုံချလို့မရတော့ဘူးဆိုတာ တစ်ကမ္ဘာလုံးသိစေချင်ပါတယ်၊ ကျွန်တော်တို့ဟာ ကမ်းပေါ်မှာရှိတဲ့ ပြည်သူ့ရဲတပ်ဖွဲ့၊ တပ်မတော်စတဲ့ အဖွဲ့အစည်းတွေနဲ့ ရေဒီယို၊ တယ်လီဖုန်း အဆက်အသွယ် အမြဲတမ်းရှိနေပါတယ်၊ ဒီတော့ ဒီအစားအသောက်တွေထဲမှာ အဆိပ်ပါမပါ၊ ကျွန်တော်တို့ကို အကြောင်းကြားဖို့ တစ်မိနစ် အချိန်ပေးမယ်'

မြို့တော်ဝန် မော်ရီဆန် ချက်ချင်းမတ်တတ်ထသည်။ ဇန်အက်ဖင်က စက်သေနတ်ကို အနည်းငယ်မြှောက်လိုက်သော်လည်း၊ မြို့တော်ဝန်က လုံးဝဂရုမစိုက်ချေ။ မြို့တော်ဝန်က ဘရန်ဆန်ကို ပြောလိုက်သည်။

'ခင်ဗျားက သမ္မတကြီးနဲ့ ဧည့်သည်တော်တွေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်အောင် လုပ်တာ မလုပ်တာ အပထားပြီး၊ ဒီကိစ္စမှာတော့ တဆင့်နိမ့်တဲ့ လူတွေနဲ့ စမ်းကြည့်လို့ မရနိုင်ဘူးလားဆိုတာမေးချင်တယ်'

'ဥပမာ၊ ခင်ဗျားလို လူမျိုးပေ့ါ'

'ဟုတ်တယ်၊ ကျုပ်လိုလူမျိုး ဆိုပါတော့'

'မြို့တော်ဝန်ကြီးသတ္တိရှိမှန်း သိကြပါတယ်၊ ဒါပေမယ့် ခင်ဗျားမှာ ဉာဏ်မရှိဘူး၊ ဘယ်သူကပဲဖြစ်ဖြစ် အခုလို စမ်းသပ်ချင်တယ်ဆိုရင် အမေရိကန်မှာ အရေးအပါဆုံးဖြစ်နေတဲ့ ဒီလူသုံးယောက်ကို ဦးတည်ပြီး စမ်းသပ်ကြမှာပဲ၊ တကယ်လို့ ဒီပုဂ္ဂိုလ်ကြီးသုံးယောက်လုံး ကိစ္စချောကုန်မယ်ဆိုရင် အဆိပ်ခပ်တဲ့လူတွေ စိတ်အကြီးအကျယ် ညစ်ကုန်မှာသေချာတယ်၊ အရင်တုန်းကတော့၊ သခင်ကြီးအတွက် ကျေးတော်မျိုး၊ ကျွန်တော်မျိုးတွေက အရင်စားပြကြရတယ်၊ အဲဒီစနစ်ကို ပြောင်းပြန်လှန်လိုက်ရင် တော်တော့်ကို ရယ်စရာကောင်းမှာပဲလို့ ကျုပ်ထင်တယ်၊ ကဲ ပြန်ထိုင်ပါတော့ဗျာ'

❒



ရက်ဗ်ဆန်က မှတ်ချက်ချသည်။

'စိတ်ကြီးဝင်ရောဂါစွဲနေတဲ့ ခွေးမသား'

အိုဟဲယားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် သူ့အဖြစ်က ဒါထက်ပိုဆိုးတယ်၊ အခု ထပ်ရောက်လာတဲ့ စားစရာတွေထဲမှာ အဆိပ်လုံးဝမပါဘူးဆိုတာ၊ ဒီငတိ ကောင်းကောင်းကြီးသိတယ်၊ ဒါပေမယ့် သူက ဒီပုံစံအတိုင်းဆက်လုပ်လိမ့်မယ်၊ သူက အခုလိုလုပ်ပြီး အသားယူရတာကို ဝမ်းသာနေတဲ့အပြင်၊ သမ္မတကြီးကို အခုလို အရှက်ခွဲရတဲ့အတွက် ပိုပြီး အရသာတွေ့နေပုံရတယ်'

'ဒီလူ ရူးနေပြီလို့ ခင်ဗျားထင်သလား'

'ကျုပ် စိတ်ရောဂါကုတဲ့ ဆရာဝန်မဟုတ်ဘူး၊ ရှပ်မြင်သံကြားတွေ ခုလို တခမ်းတနား မလွှင့်ပဲနဲ့ သူလိုချင်တာ အကုန်ရနိုင်တယ်၊ တစ်ခုသေချာတာကတော့ ဒီလူဟာ တလောကလုံးကို ရန်ညိုးသိုနေတယ်၊ အထူးသဖြင့် သမ္မတကြီးကို ပိုမုန်းတီးနေတယ်၊ ဒီကိစ္စမှာ သူငွေလိုချင်လို့ လုပ်တာဟုတ်သလို၊ တခြားကိစ္စတွေလဲ ရှိပုံရတယ်၊ သူက နိုင်ငံကျော်၊ ကမ္ဘာကျော် ဖြစ်ချင်လို့လားမှ မသိတာ'

'ဒါဆိုရင် သူလုပ်ပုံသိပ်မဆိုးဘူး၊ သူလုပ်ချင်တဲ့ပုံစံအတိုင်း ဖြစ်နေသားပဲ၊ ဒါပေမယ့် တစ်ခုခုအတွက် လက်စားပြန်ချေနေတဲ့ ပုံစံမျိုး ဖြစ်နေတယ်၊ ဘာလဲဆိုတာ ဘုရားမှသိမယ်'

ထမင်းလင်ဗန်းသုံးချပ် သယ်လာသည်ကို သူတို့က လှမ်းကြည့်နေသည်။ အိုဟဲယားက မေးသည်။

'သူတို့ ဒီထမင်းကို စားပြပါ့မလား'

'သူတို့ စားပြမှာပါ၊ ပထမအချက်ကတော့ လူသန်းပေါင်းမြောက်မြားစွာရဲ့ ရှေ့မှောက်မှာ အတင်းစားခိုင်းလို့ စားရတဲ့ပုံစံမျိုး ဖြစ်ချင်မှာ မဟုတ်ဘူး၊ သမ္မတကြီး သတ္တိရှိတယ်ဆိုတာ လူတိုင်းသိတယ်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သူရခဲ့တဲ့ဆုတံဆိပ်တွေကြည့်ပါလား၊ ဒုတိယအချက်ကတော့ သမ္မတဆိုတာ တစ်နိုင်ငံလုံးကို ခေါင်းဆောင်မှုပေးရတဲ့လူ၊ သူကမစားဘူးလို့ ငြင်းပြီး ဧည့်သည်နှစ်ယောက်က စားပြတယ်ဆိုရင် နောက်ရွေးကောက်ပွဲမှာ သူ့ကို ရစရာမရှိအောင် အပြစ်ပြောကြလိမ့်မယ်၊ တကယ်လို့ သမ္မတကြီးက စားပြပေမယ့် ဧည့်သည်တော်ကြီးနှစ်ယောက်က မစားပဲနေရင် သူတို့နှစ်ယောက်အရှက်ကွဲသွားလိမ့်မယ်'

မှန်သည်။ သူတို့အားလုံး စားပြကြသည်။ သမ္မတကြီးက ခက်ရင်းနှင့်မားတို

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ပထမဦးဆုံး စားသည်။ အားပါးတရစားခြင်း မဟုတ်သော်လည်း ခပ်မှန်မှန် စားသည်။ အစားအသောက်များ တဝက်ကျော်ကျော်တုန်သွားမှ သူကခက်ရင်းနှင့်ဓားကို ပြန်ချလိုက်သည်။

ဘရန်ဆန်က မေးလိုက်သည်။

'ဘယ်လိုလဲ'

'အိမ်မြို့တော်ကို လာတဲ့ဧည့်သည်တွေကို ကျွေးရလောက်အောင် အဆင့်အတန်း မမြင့်လှပေမယ့် သိပ်မဆိုးဘူး၊ စားပျော်ပါတယ်၊ ပိုင်(အရက်)ကလေးနဲ့ မျှောချရမယ်ဆိုရင် ပိုဝင်မှာပေါ့လေ'

သမ္မတကြီးသည် ကောင်းကောင်းအရှက်ခွဲ ခံနေရသော်လည်း ဣန္ဒြေမပျက်အောင် ထိန်းထားနိုင်သူဖြစ်သည်။

'ခဏကြာရင် ခင်ဗျား ကြိုက်သလောက် သောက်နိုင်ပါပြီ၊ စကားမစပ် ကြုံတုန်းပြောရဦးမယ်၊ ဒီတံတားပေါ်က ကြိုးမှာဖောက်ခွဲရေးပစ္စည်းတွေ ဒုတိယအသုတ်အနေနဲ့ ဘယ်တော့တပ်မလဲဆိုတာ စိတ်ဝင်စားကြတယ်ဆိုရင် မနက်ဖြန်မနက်ကိုးနာရီမှာ တပ်မယ့်အကြောင်း ပြောချင်ပါတယ်၊ ကဲ ကင်မရာဆရာများက ဟိုဘက်ကထမ်းစင်ဆီကို ရိုက်ပြကြပါဦး'

တာရပတ်စအုပ်ထားသော ထမ်းစင်ရှေ့ပိုင်းတွင် လူနှစ်ယောက် မတ်တတ်ရပ်နေကြသည်။ ဘရန်ဆန် စကားဆုံးသည်နှင့် တပြိုင်နက်သူတို့က တာရပတ်စကိုလှန်လိုက်သည်။ ကင်မရာများတွင် သေဆုံးနေပြီဖြစ်သော အလောင်း၏မျက်နှာကိုအနီးသို့ရောက်လာသည်ဟုထင်ရအောင် ဆွဲယူရိုက်ကူးနိုင်သော အားကောင်းလှသည့်မှန်ဘီလူးများနှင့် ဆယ်စက္ကန့်ကြာအောင် ချိန်၍ ရိုက်နေကြပြန်သည်။ ၎င်းနောက်ဘရန်ဆန်ဘက်သို့ ပြန်လှည့်ပြီး ရိုက်ကူးနေကြပြန်သည်။ ဘရန်ဆန်က. . .

'အဲဒါ ခင်ဗျားတို့ရဲ့ လောင်စာပါရဂူ ဗွန်ဟန်ဆင်ပဲ၊ ဗိုင်းရပ်စ်ရောဂါပိုးကြောင့် အစာအဆိပ်သင့်ပြီး သေခဲ့ရရှာတယ်၊ ဒီကိစ္စဟာ ကမ္ဘာ့သမိုင်းတလျှောက်လုံးမှာ ပထမဦးဆုံးအကြိမ် ဖြစ်ဖို့များတယ်၊ အဲဒါကတော့ ဥပဒေစက်ကွင်းက ထွက်ပြေးနေတဲ့ လူဆိုးတစ်ယောက်က အာဏာပိုင်ပုဂ္ဂိုလ်များကို လူသတ်မှုနဲ့ စွဲချက်တင်ချင်တဲ့ ကိစ္စပဲ'

□

ဟောဂင်ဘက်၏ ဒေါသအိုးကြီးပေါက်ကွဲလေပြီ။ သူ့ပါးစပ်က စာနှင့်ရေးမပြရဲ



လောက်အောင် ဆိုးရွားပြင်းထန်သော စကားလုံးများက အတုံးလိုက်အတစ်လိုက်ထွက်လာကြသည်။ နယူဆန် ကာတာ မိလ်တန်နှင့် ကွာရီတို့ လေးဦး ငြိမ်နေကြသည်။ သို့သော် သူတို့ကိုယ်တိုင်ကလည်း ဟောဂင်ဘက်လို ပယ်ပယ်နယ်နယ် ဖျစ်ဖျစ်နှစ်နှစ်ဆဲချင်စိတ်ပေါက်နေပုံပေါ်သည်။ ခဏကြာသော် ဟောဂင်ဘက်တစ်ယောက် မောဆိုက်သွားသည်။

မိလ်တန်က ထပြောသည်။

'ဒီကောင် တို့မျက်နှာကို ဒိုးမည်းသုတ်လိုက်တာပဲ'

အခုလိုအချိန်မျိုးတွင် ချုပ်တီးနိုင်စွမ်းရှိသော သူ့စိတ်ဓာတ်မှာ ချီးကျူးဖွယ်ရာပင်။

ကွာရီက ဝင်ပြောသည်။

'ဒိုးမည်းသုတ်တာ ဟုတ်လား၊ သူကအခုလိုပုံစံမျိုး နောက်တစ်ကြိမ် ထပ်လုပ်ရင် ဒါမှမဟုတ် ကျုပ်တို့က အဲဒီလို ပုံစံမျိုး နောက်တစ်ခါ ထပ်ကျူးလွန်ရင် တစ်နိုင်ငံလုံးမှာရှိတဲ့ လူတစ်ဝက်လောက်က သူ့ကို ဝိုင်းထောက်ခံကုန်ကြလိမ့်မယ်၊ ကဲ တို့ဘာဆက်လုပ်ကြမလဲ'

ဟောဂင်ဘက်က ဝင်ပြောသည်။

'ရက်ဝ်ဆန်ဆီက သတင်းစကားရတဲ့အထိ စောင့်ကြတာပေါ့'

ရေတပ်ဗိုလ်ချုပ်ကြီး နယူဆန်က စိတ်မပါတပါ ဝင်ပြောသည်။

'ရက်ဝ်ဆန် ဟုတ်လား၊ သူလုပ်တာ အခုအထက်ထိတစ်ခုမှ မဟုတ်သေးဘူး'

ဟောဂင်ဘက်က ဖြေသည်။

'ဒါ ရက်ဝ်ဆန့်အပြစ်မဟုတ်ဘူး တကယ်တော့ ကျုပ်တို့က အဆုံးအဖြတ်ပေးခဲ့ကြတာ၊ ကျုပ်တို့အားလုံး စုပေါင်းတာဝန်ယူရမယ်၊ ကျုပ်တို့အားလုံးမှာ အပြစ်ရှိတယ်'

သူတို့အားလုံး စားပွဲဘေးတွင်ထိုင်ရင်း စိတ်ဓာတ်ကျဆင်းနေကြသည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၉ )

ထိုနေ့ညဦးပိုင်းက ရွှေတံခါးတံတားကြီးပေါ်တွင် အောက်ပါကိစ္စရပ်များ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ အထူးလူနာတင်ကားတစ်စီး ရောက်ရှိလာပြီး ဟန်ဆင့်ရုပ်တလာပ်ကို သယ်ဆောင်သွားသည်။ ဒေါက်တာကိုင်လင်စကီနှင့် သူ့အဖော် ဆရာဝန်တို့သည် ထိုလူနာတင်ကားနှင့် ပြန်လည်လိုက်ပါသွားကြသည်။

သတင်းစာဆရာများ၊ အဖမ်းခံနေရသူများနှင့် ဘရန်ဆန်တို့လူစု ညစာစားကြသည်၊ သတင်းစာဆရာများနှင့် အဖမ်းခံနေရသူများသည် ညစာကို ဟက်ဟက်ပက်ပက် မစားနိုင်ကြ။ သို့သော် ယမကာကို ပိုသုံးဆောင်ကြသည်။ ထို့ကြောင့် ယမကာထပ်မှာရသည့်အခြေအနေအထိ ရောက်ရှိသွားသည်။

ရုပ်မြင်သံကြား လာရောက်ရိုက်ကူးသည့် ထရပ်ကားကြီးနှစ်စီး ပြန်သွားသည်။ ထို့နောက် များမကြာမီ ထမင်းလာပို့သော ကားနှစ်စီးလည်း ပြန်သွားသည်။ နောက်ဆုံးမှ ပြန်သူများမှာ ဒုတိယသမ္မတနှင့် ဟင်းဒရစ်တို့ပင်တည်း။ ဒုတိယသမ္မတက သမ္မတကြီးနှင့် အကြာကြီးဆွေးနွေးခဲ့ကြသလို ဗိုလ်ချုပ်ကြီးကတ်တလန်နှင့် ဟင်းဒရစ်တို့လည်း အကြာကြီး ဆွေးနွေးခဲ့ကြသည်။ ဘရန်ဆန်က သူတို့ကို လျှောင်သလိုလို လှမ်းလှမ်းကြည့်တတ်သော်လည်း အထူးဂရုထားပြီး ကြည့်နေတာမျိုးတော့ မဟုတ်ပေ။ ညှိုးနွမ်းနေသော သူတို့မျက်နှာထားကိုကြည့်ရခြင်းဖြင့် သူတို့ဆွေးနွေးပွဲများမှာ အချည်းနှီးသာဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

ဒုတိယသမ္မတရစ်ချတ်နှင့် ဟင်းဒရစ်တို့ ရဲကားဆီပြန်သွားသောအခါ ဘရန်



ဆန်က ကိုဝေါစကီနားကပ်သွားပြီး မေးလိုက်သည်။

'ဟော့ ဘယ်လိုလဲ'

'ကျွန်တော် ဟင်းဒရစ်နဲ့ ဒုတိယသမ္မတကြီးကို မျက်ခြေမပြတ် စောင့်ကြည့်နေခဲ့ပါတယ်၊ သူတို့နှစ်ယောက်နားကို ရက်ဗ်ဆန်တစ်ယောက် လုံးဝကပ်မလာပါဘူး။ ကျွန်တော် အခိုင်အမာပြောရဲပါတယ်'

ကိုဝေါစကီက သူ့ကို ထူးထူးဆန်းဆန်းမျက်နှာထားနှင့် ပြန်စိုက်ကြည့်နေကြောင်း ဘရန်ဆန်သိသည်။ ထို့ကြောင့် သူက ပြန်ပြုံးပြလိုက်ပြီး

'ငါ့စိတ်ထဲမှာ ရက်ဗ်ဆန်ကို အလိုလို ကသိကအောက်ဖြစ်နေတယ်လို့ မင်းတွေးနေတယ် မဟုတ်လား'

'တွေးနေတာမဟုတ်ပါဘူး ဆရာ၊ စိတ်ဝင်စားမိတာပါ၊ ကျွန်တော် ဆရာနဲ့ ပေါင်းသင်းလာတာ သုံးနှစ်ရှိပါပြီ ဆရာအလကားနေရင်း စိတ်ကူးယဉ်နေတာလို့မထင်တတ်ပါဘူး ဆရာ'

'မထင်တတ်ဘူး၊ ဟုတ်လား'

ဘရန်ဆန်ကနောက်လှည့်ပြီး ရစ်ချတ်ထံ လှမ်းအော်လိုက်သည်။

'ခဏနေပါဦးဗျို့'

ပြီးမှ ကိုဝေါစကီကို ထပ်မေးသည်။

'မင်းဆိုလိုတာ ဘာလဲ'

'ရက်ဗ်ဆန် ကိစ္စပါ။ သူ့ကို အသေးစိတ်ရှာဖွေပြီးပြီ၊ ပြီးတော့ သူ့ကို စစ်ဆေးတာမှန်သမျှ ကျေနပ်အောင် အားလုံးဖြေနိုင်တယ်၊ တကယ်လို့သာ ကျွန်တော်တို့ အားလုံးက ဆရာဟာ ဘယ်လိုလူစားမျိုးဆိုတာ သိမထားကြရင်'

'ဟုတ်တယ်၊ တို့စစ်သမျှ သူအားလုံး ဖြေနိုင်တယ်၊ ဒါပေမယ့် မင်းသာဆိုရင် တိုသိုးနေတဲ့ ထမင်းပွဲတွေကိုစားပြမှာလား'

'ဘယ်စားမလဲ၊ အဲလေ၊ ဆရာကသာ အမိန့်ပေးတယ်ဆိုရင်'

'ပြီးတော့ ကျောကိုသေနတ်နဲ့ အထောက်ခံထားရရင် အဲဒီလိုမဟုတ်လား'

ကိုဝေါစကီက ဘာမှ ပြန်မဖြေ။

ဘရန်ဆန်က ထပ်ပြောသည်။

'ရက်ဗ်ဆန်ကို ငါအမိန့်ပေးပြီးခိုင်းတာ မဟုတ်ဘူး၊ ပြီးတော့ သူ့နောက်ကျောကို သေနတ်နဲ့ ထောက်ထားတာလည်း မဟုတ်ဘူး'

'သူ့ကို တစ်ယောက်ယောက်က အမိန့်ပေးလို့ဖြစ်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါလဲဖြစ်နိုင်တယ်၊ အေး မင်း သူ့ကိုကောင်းကောင်းဂရုစိုက်ပြီး စောင့်ကြည့်ထားစမ်း'

'တစ်ညလုံးမအိပ်ပဲ စောင့်ကြည့်ဖို့လိုရင် စောင့်ကြည့်ပေးပါ့မယ်'

'ဒါဆိုရင် မင်းကို ငါသိပ်သဘောကျသွားပြီ'

ဘရန်ဆန်တစ်ယောက် ရဲကားရှိရာသို့ လျှောက်သွားသည်။ ကိုဝေါစကီက ဘရန်ဆန်ကို လှမ်းကြည့်ရင်း အတွေးနက်နေရှာသည်။

စိတ်မရှည်တော့သော ဒုတိယသမ္မတနှင့် ဟင်းဒရစ်တို့နှစ်ဦး ရဲကားဘေးတွင် ရပ်စောင့်နေကြသည်။ အနားသို့ရောက်သောအခါ ဘရန်ဆန်က ပြောလိုက်သည်။

'အချိန်ကန့်သတ်ထားတာကို ဒီကလူကြီးမင်းများ မေ့ကြမယ်မထင်ဘူး'

'အချိန်ကန့်သတ်ချက်၊ ဟုတ်လား'

ဘရန်ဆန်က ပြုံးသည်။

'တမင်မသိချင်ယောင်မဆောင်ပါနဲ့ ဒုတိယသမ္မတကြီး၊ နက်ဖြန်ခါကျရင် ဒေါ်လာသန်းငါးရာနဲ့ ကျုပ်ရဲ့ကုန်ကျစရိတ် ဒေါ်လာနှစ်သိန်းခွဲကို ဥရောပတိုက်က ဘဏ်တစ်ဘဏ်ကိုလွှဲပေးဖို့'

အေးစက်မာကြောသော ဒုတိယသမ္မတကြီး၏အကြည့်က ဘရန်ဆန်ကို ထိုနေရာမှာပင် ပြာဖြစ်သွားစေနိုင်လောက်သည်။ သို့သော် ဘရန်ဆန်ကမဖြုံ။

'ပြီးတော့ နှောင့်နှေးကြေးပေးရမှာကိုလည်း မမေ့ကြနဲ့ပေါ့ဗျာ၊ တစ်နာရီနောက်ကျသွားတိုင်း ဒေါ်လာနှစ်သန်းထပ်ဆောင်းပေးရမယ်၊ ပြီးတော့ ချွင်းချက်မရှိလွတ်ငြိမ်းချမ်းသာခွင့်လည်းပေးရမယ်၊ အဲလေ ဒီကိစ္စကတော့ နည်းနည်းကြာချင်ကြာမယ်၊ အောက်လွှတ်တော်က လက်ပေါက်ကပ်ချင်ကပ်နေမှာ၊ ဒါပေမယ့် ကျုပ်တို့လူစု အဲဒီအဖြေကိုမရမချင်း ကယ်ရစ်ဘီယန်ပင်လယ်ထဲမှာ ဇိမ်နဲ့နေကြမှာပါ၊ ကဲ ကောင်းသောညနေခင်းပါ လူကြီးမင်းများ ခင်ဗျား'

ဘရန်ဆန်သည် ထိုနေရာမှ ပြန်လျှောက်လာပြီးနောက် ပွင့်နေသော နောက်ဆုံးတားတံခါးပေါက်ဝတွင် ရပ်လိုက်သည်။ ရက်ဗ်ဆန်သည် ခရိုက်စလာက ပြန်ပေးသောကင်မရာကို ပခုံးတွင်လွယ်ရင်း ကားထဲ၌ရှိသည့် ခရိုက်စလာက ဘရန်ဆန်ကို ပြုံးပြလိုက်သည်။

'ဘာမှမတွေ့ပါဘူး မစ္စတာဘရန်ဆန်၊ ကျွန်တော်လည်း ဒီကင်မရာမျိုးတစ်လုံးတော့ လိုချင်တယ်'

'သိပ်မကြာခင် မင်းဒီကင်မရာမျိုး တစ်ဒါဇင်လောက် ဝယ်နိုင်တော့မှာပါ၊



ကဲ ရက်ဗ်ဆန် ခင်ဗျားမှာ နောက်ထပ်ကင်မရာပါသေးတယ် မဟုတ်လား'

ရက်ဗ်ဆန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ပါပါတယ်၊ ကျုပ် ခင်ဗျားအတွက် သွားယူပေးရမလား'

'မယူခိုင်းပါဘူး၊ ကဲ ခရိုက်စလာ မင်းသွားယူစမ်း'

'နောက်ဘက်၊ ခါးခုံ၊ အတွင်းဘက်က ခုံပေါ်မှာ တင်ထားတယ်'

ရက်ဗ်ဆန်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ခရိုက်စလာ ပြန်လာသောအခါ ကင်မရာကို ဘရန်ဆန်အား ပြလိုက်သည်။

'အရှာဟီပင်တက် အမျိုးအစားပဲ၊ ကျွန်တော့်မှာလည်း ဒါမျိုးတစ်လုံးရှိတယ်၊ ဒီလိုကင်မရာထဲမှာ အသေးစား အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ ပြည့်ညပ်နေအောင် ထည့်ထားတဲ့အတွက် ပဲကြီးစေ့တစ်စေ့ကိုတောင် ထပ်ထည့်ထားလို့မရနိုင်ဘူး'

'ဒါပေမယ့် အထဲမှာ ဘာမှမပါပဲ အခွံချည်းဖြစ်နေရင်ကော'

ခရိုက်စလာက ရက်ဗ်ဆန်ကို မေးလိုက်သည်။

'ဖလင်ထည့်ထားသလား'

ရက်ဗ်ဆန်က ခေါင်းခါပြသဖြင့် ခရိုက်စလာက ကင်မရာကျောဘက်ကို ဖွင့်လိုက်သည်။ ဤတွင် နောက်ထပ်ရောက်လာသော ဗန်အက်ဖင်ကပါ ကင်မရာအတွင်းပိုင်းကို ငုံ့ကြည့်လိုက်ကြသည်။

'ဒါ ကင်မရာအစစ်ပဲ'

ခရိုက်စလာက ကင်မရာကျောဘက်အဖုံးကို ပြန်ပိတ်လိုက်၏။ ရက်ဗ်ဆန်က ကင်မရာကိုပြန်ယူပြီး ဘရန်ဆန်ကို အေးစက်စက်မာကြောကြောလေသံနှင့် ထပ်ပြောသည်။

'ကျုပ်လက်ပတ်နာရီကိုကော ကြည့်ဦးမလား၊ အသံလွှင့် အသံဖမ်းလို့ရတဲ့ ထရန်စစ္စတာ ရေဒီယိုအသေးစားလေးဖြစ်နိုင်တယ် မဟုတ်လား၊ ကာတွန်းထဲမှာ ဓာတ်လိုက်တွေ ပတ်လေ့ပတ်ထရှိတယ်လေ'

ဘရန်ဆန်ကဘာမှပြန်မပြောပါ။ ခရိုက်စလာက ရက်ဗ်ဆန်၏ လက်ကောက်ဝတ်ကိုကိုင်ပြီး လက်ပတ်နာရီ၏ဘေးနှစ်ဘက်ရှိ ဘုကလေးနှစ်ဘုကို နှိပ်လိုက်သည်။ ဒိုင်ခွက်ပေါ်တွင် အနီရောင်ဂဏန်းနှစ်မျိုးပေါ်လာသည်။ တစ်ခုက ရက်စွဲပြဂဏန်း ကျန်တစ်ခုက အချိန်နာရီကိုပြသည့်ဂဏန်းဖြစ်သည်။ ခရိုက်စလာက လက်ကောက်ဝတ်ကို ပြန်လွှတ်လိုက်၏။

'ဒီလို နာရီမျိုးထဲမှာ သဲတစ်ပွင့်တောင် အပိုထပ်ထည့်ထားလို့မရဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရက်ဗ်ဆန်က တမင်ကလာချာကနဲလှည့်လိုက်ပြီးနောက် ပြန်ထွက်သွားသည်။

'ခုအထိ သံသယရှိနေတုန်းပဲလား မစ္စတာဘရန်ဆန်၊ ဒီလူတော့ ဒေါပွသွားပြီ အခု သူ့ကိုစစ်ဆေးသလို ခင်ဗျားကိုစစ်ဆေးခဲ့ရင် ခင်ဗျားကော စိတ်တိုမှာပဲ မဟုတ်လား၊ ပြီးတော့ သူ့ဆီမှာဝှက်ထားတဲ့ ပစ္စည်းတစ်ခုခုပါလာရင် အခုလို ဆောင့်ကြွားကြွား နေပါ့မလား၊ သေသေဝပ်ဝပ် ကုပ်ကုပ်ကလေးနေတော့မှာပေါ့'

'ဒီလူ လူရိုး လူကောင်းတစ်ယောက်ဖြစ်ချင်လည်းဖြစ်မယ်၊ ဒါမှမဟုတ် အဲဒီလို ထင်စေချင်လို့ တမင်လုပ်နေတာလည်းဖြစ်နိုင်တယ်၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ တစ်ခုခု မှားနေတယ်ဆိုတာမျိုး ခုအထိ ခံစားနေရတယ်၊ အရင်ကလည်း ငါ့စိတ်ထဲမှာ အဲဒီလို ဖြစ်လာရင်လွဲခဲ့တယ်၊ ငါကတော့ အခု ဒီတံတားပေါ်မှာ ကမ်းကလူတွေနဲ့ တစ်နည်းနည်း အဆက်အသွယ်လုပ်နိုင်တဲ့ လူတစ်ယောက်ယောက်ရှိနေပြီဆိုတာ ယုံနေတုန်းပဲ ဘာပြုလို့ အဲဒီလိုထင်သလဲဆိုတာကို လာမမေးနဲ့၊ ငါလဲ မပြောတတ်ဘူး၊ ဒါကြောင့် ဒီတံတားပေါ်ကလူတိုင်းကို မင်းတို့ စေ့စေ့စပ်စပ် ထပ်ရှာစေချင်တယ်၊ ပြီးတော့ အမှိုက်သမီးတွေကိုလည်း မညှာနဲ့၊ သူတို့မှာပါလာတဲ့ ပစ္စည်းတွေအားလုံးကို အသေးစိတ်ရှာ၊ ကားတွေကိုပါ တစ်လက်မမကျန် မြေလှန်ပြီးရှာကြစမ်း'

'ချက်ချင်းရှာပါ့မယ် မစ္စတာဘရန်ဆန်၊ ပြီးတော့ အနားယူခန်းတွေကိုပါရှာရ မှာလား'

ပြောမယ့်သာပြောရသည်၊ ဟက်ဟက်ပက်ပက်ရှိပုံမပေါ်။

'အေး၊ အဲဒါတွေလည်းပါတယ်'

'လူနာတင်ကားကိုကော ရှာရမလား'

'အေး၊ ဒါပေမယ့် ငါကိုယ်တိုင်သွားရှာမယ်'

❑

ဘရန်ဆန် လူနာတင်ကားထဲသို့ ဝင်လာသည်ကို အိုဟဲယားက စိတ်ဝင်တစား မော့ကြည့်လိုက်သည်။

'ဘာလဲ၊ အစာအဆိပ်ဖြစ်တဲ့လူနာ ပေါ်လာပြန်ပလား'

'မဟုတ်ဘူး၊ ကျုပ် ဒီလူနာတင်ကားကိုရှာမလို့'

အိုဟဲယားတစ်ယောက် မျက်နှာထိမျက်နှာထားနှင့် ခွေးခြေပေါ်တွင် ထိုင်နေရာမှထလိုက်သည်။



'ကျုပ် ဆေးပစ္စည်းတွေကို အရပ်သားတွေ ကိုင်ခွင့်မပြုဘူး'

'ခင်ဗျား ဒီကိစ္စကိုတော့ ခွင့်ပြုရလိမ့်မယ်၊ ဒါမှမဟုတ် ကျုပ်ရှာဖွေနေတုန်း ဆိုအပ်မယ်ဆိုရင် ကျုပ် လူတစ်ယောက်ခေါ်ပြီး ခင်ဗျားကို သေနတ်နဲ့ ချိန်ခိုင်းထားရင် ထား၊ ဒါမှမဟုတ် ကြိုးနဲ့တုပ်ထားရလိမ့်မယ်'

'နေပါဦး၊ ခင်ဗျားက ဘာပစ္စည်းတွေ တွေ့မယ်ထင်လို့ လာရှာတာလဲ'

'ဒါ ကျုပ်ကိစ္စပါ'

'ဒါဖြင့်ရင် ခင်ဗျားကို တားလို့မရတော့ဘူးပေါ့၊ အဲ တစ်ခုတော့ ကြိုတင်သတိ ပေးချင်တယ်၊ ဒီကားထဲမှာ အန္တရာယ်ရှိနိုင်တဲ့ ခွဲစိတ်ကုသမှုဆိုင်ရာ ပစ္စည်းတွေ၊ ဆေးဝါး တွေပါလာတယ်၊ တကယ်လို့ ခင်ဗျားဘာသာခင်ဗျား အဆိပ်မိသွားရင်၊ ဒါမှ မဟုတ် သွေးကြောကို ပြန်ဖြတ်မိရင်၊ ဒီဆရာဝန်က ခင်ဗျားကို လုံးဝကုပေးမှာ မဟုတ်ဘူး'

အိပ်စင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသော အေပရဲလ်ကို ဘရန် ဆန်က ခေါင်းညိတ်ပြရင်း ပြောလိုက်သည်။

'သူ့ကို မ ပေးစမ်း'

'မ ရမယ်၊ ကျုပ်က ဘာလုပ်ဖို့. . .'

'ခုချက်ချင်း လုပ်ရင်လုပ်၊ မလုပ်ရင် အစောင့်တစ်ယောက်ခေါ် ရလိမ့်မယ်'

အိုဟဲယားက အေပရဲလ်ကို လက်နှစ်ဘက်နှင့်ပွေ့ချီလိုက်သည်။ ၎င်းတွင် မွေ့ရာပါးပါးလေးကို ဘရန်ဆန်က လက်နှင့်လျှောက်ထုကြည့်ပြီးနောက်၊ မွေ့ရာကို လှန်ကြည့်ပြန်သည်။ ပြီးမှ. . .

'ကဲ ပြန်ချလိုက်တော့'

ဘရန်ဆန်သည် ဆေးပစ္စည်းမှန်သမျှကို စေ့စေ့စပ်စပ် အသေးစိတ် ရှာဖွေ သည်။ သူက ဟိုဟိုဒီဒီကြည့်လိုက်ပြီးနောက်၊ နံရံတွင်တွဲလောင်းချိတ်ထားသော လက်နှိပ်ဓာတ်မီးကိုဖြုတ်ယူလိုက်သည်။ ၎င်းနောက် လက်နှိပ်ဓာတ်မီးခေါင်းကို လှည့် ကြည့်သည်။ မီးရောင်အနည်းအများ၊ လိုသလိုရအောင် အုပ်ဆောင်းအကျဉ်း အကျယ်ဖြင့်ဖန်တီးထားရာ ဘရန်ဆန်က မီးဖွင့်ပြီး အုပ်ဆောင်းကို ကျဉ်းကြည့် ကျယ် ကြည့်သည်။

'တော်တော်ထူးဆန်းတဲ့ လက်နှိပ်ဓာတ်မီးပါလား'

အိုဟဲယားက စိတ်မရှည်သလိုဟန်နှင့်ပြောသည်။

'ဒါက မျက်စေ့ကုတဲ့နေရာမှာ သုံးတဲ့ဓာတ်မီး၊ ဒီဓာတ်မီးနဲ့ သူငယ်အိမ်တို့ ထိုးကြည့်ပြီး ဘာရောဂါလဲဆိုတာရှာရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အသုံးကျတာပေါ့၊ ကဲ ကျုပ်နောက်လိုက်ခဲ့'

ဘရန်ဆန်သည် ကားနောက်ဘက်လှေကားမှဆင်းပြီး ကားဘေးမှကွေ့ပတ်၍ ကားစက်ခေါင်းဆီလျှောက်သွားသည်။ ထို့နောက် ယာဉ်မောင်းဘေးမှ ကားတံခါးကို ဆောင့်ဆွဲဖွင့်လိုက်၏။ မှန်ဝါးဝါးအလင်းရောင်တွင် မတော်တရော်ရုပ်ပုံများပါသည့် အညီမဂ္ဂဇင်းစာအုပ်ကို အာရုံစိုက်နေသည့် ကားဒရိုင်ဘာက ပြူးတူးပြဲတဲနှင့် နောက်လှည့်ကြည့်သည်။ ဘရန်ဆန်ကပြောလိုက်၏။

'ဟေ့ ထွက်စမ်း'

ထိုလူဆင်းလာသောအခါ၊ ဘရန်ဆန်က ဘာမပြော ညာမပြောနှင့် ထိုလူတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ရှာသည်။ ထို့နောက် ဒရိုင်ဘာခန်းထဲသို့တက်ပြီး၊ ဖင်ထိုင်ခုံမှစ၍ အံဖုံးမှန်သမျှကိုဖွင့်ပြီး လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်သည်။ သူပြန်ဆင်း လာပြီးနောက် ဒရိုင်ဘာကို ပြောပြန်သည်။

'စက်ဖုံးကိုဖွင့်စမ်း'

စက်ဖုံးကိုဖွင့်ပြီးသောအခါ၊ ဘရန်ဆန်က အင်ဂျင်စက်ထဲသို့ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်သည်။ ထူးထူးခြားခြား ဘာမှမတွေ့သဖြင့် လူနာတင်ကားနောက်ဘက်သို့ ပြန်သွားပြီး ကားထဲပြန်ဝင်သည်။ နောက်မှလိုက်လာသော အိုဟဲယားက ဘရန်ဆန်လက်ထဲက လက်နှိပ်ဓာတ်မီးကို အသာအယာပြန်ယူပြီး နေသားတကျ ပြန်ချိတ်လိုက်သည်။ ဘရန်ဆန်က ကလစ်ကလေးတစ်ခုနှင့် နံရံတွင်ချိတ်ထားသော သံဗူးရှည်ရှည်ကလေးတစ်ခုကို လက်ညှိုးထိုးပြီးမေးလိုက်သည်။

'ဒါက ဘာလဲ'

အိုဟဲယားက စိတ်မရှည်တော့သောပုံစံနှင့် ပြန်ဖြေသည်။

'ဒါက အနံ့အသက်ဆိုးတွေ ပျောက်အောင်ဖြန်းတဲ့ ရေမွှေးဗူး'

တကယ်ကတော့ ထိုဗူးကလေးမှာ ရေမွှေးဗူးကို တုလုပ်ထားသည့် အကြောသေဓာတ်ငွေ့ဗူးသာဖြစ်သည်။

ဘရန်ဆန်က ထိုဗူးကလေးကို ဖြုတ်ယူကြည့်သည်။

'စနွကူးနံ့ဆိုပါလား၊ ခင်ဗျားက ရေမွှေးနံ့မွှေးတဲ့နေရာကျတော့ ဘယ်ဆိုးလို့တုံး'

ဘရန်ဆန်က ထိုဗူးကလေးကိုလှုပ်ပြီး သူ့နှာခေါင်းရှက်နားကပ်၍ အထဲမှဓာတ်ငွေ့ရည်များ ဘောင်ဘင်ခတ်သံကို နားထောင်သည်။ ပြီးမှ ကလစ်တွင်ပြန်ချိတ်လိုက်၏။ သူ့နဖူးပေါ်တွင်ချွေးစို့နေသည်ကို သတိမထားမိပါစေနှင့်ဟု အိုဟဲယားက ဆုတောင်းလိုက်မိသည်။



ဘရန်ဆန်သည် နောက်ဆုံးကျမှ ကြမ်းပြင်ပေါ်တွင်ချထားသည့် ထင်းရှူးသေတ္တာကြီးကို လက်ညှိုးထိုးပြရင်းမေးပြန်သည်။

'ဒါကကော ဘာလဲ'

အိုဟဲယားက အဖြေမပေးချေ။ ဘရန်ဆန်က သူ့ကိုမော့ကြည့်သည်။ အိုဟဲယားက ဓားဗီရိုတစ်လုံးကို တံတောင်ဆစ်နှင့်ထောက်၍မှီရင်း မကြားသလိုလို လုပ်နေသည်။

ဘရန်ဆန်က မေးပြန်သည်။

'ခင်ဗျား ကျုပ်မေးတာ ကြားတယ် မဟုတ်လား'

'ကြားပါတယ်၊ ကျုပ် ခင်ဗျားကို စိတ်တော်တော်ကုန်သွားပြီ၊ ကျုပ်က ခင်ဗျားကို အရိုအသေပေးစေချင်တယ်ဆိုရင် ခင်ဗျား ရှုနေလို့ပဲဖြစ်ရမယ်၊ ခင်ဗျားဟာ စာမဖတ်တတ်တဲ့လူလို့ ကျုပ်ထင်လာပြီ၊ ဟိုစာလုံးနီနီကြီးတွေကို မဖတ်ထတ်ဘူးလား၊ 'နှလုံးရောဂါကုစက်' လို့ရေးထားတာ၊ ခင်ဗျားစာလုံးပေါင်းဖတ်တတ်ရင်သိမှာပါ၊ ဒါက နှလုံးရောဂါဖြစ်ဆဲ ဖြစ်လတ့်ံ လူတွေအတွက် အရေးပေါ်ကုသပေးမယ့်စက်'

'ဘာဖြစ်လို့ ချိပ်တံဆိပ်နီနီကြီးနဲ့ ချိပ်ပိတ်ထားတာလဲ'

'ချိပ်ပိတ်ထားရတာက ဒီလို၊ ဒီသေတ္တာထဲမှာရှိတဲ့ ပစ္စည်းတွေကို ပိုးမွှားစင်အောင်လုပ်ပြီးမှ ဒီသေတ္တာကို လေမဝင်အောင် အလုံပိတ်ထားတာ၊ နှလုံးရောဂါဖြစ်နေတဲ့လူကို ပိုးမွှားစင်အောင် ဆေးကြောမထားတဲ့အပ်နဲ့ ဘယ်ထိုးလို့ဖြစ်ပါ့မလဲ'

'ဒီချိပ်တံဆိပ်ကိုဖျက်လိုက်ရင် ဘာဖြစ်မလဲ'

'ခင်ဗျားအတွက်ကတော့ ဘာမှမထူးဘူး၊ ဒါပေမယ့် ဒါဟာ ဆေးပညာနဲ့ပတ်သက်တဲ့ အကြီးဆုံးပြစ်မှုကို ကျူးလွန်လိုက်တာပဲ၊ အထဲမှာရှိတဲ့ ပစ္စည်းတွေကိုလုံးဝသုံးမရအောင် လုပ်တာပဲဖြစ်မယ်၊ ပြီးတော့ သမ္မတကြီးကို ခင်ဗျားခုလို ဆက်လုပ်နေမယ်ဆိုရင် အချိန်မရွေး နှလုံးရောဂါ ဆိုးဆိုးရွားရွားဖြစ်သွားနိုင်တယ်'

ဓာတ်ငွေ့ဗူးကလေးသည် သူ့လက်နှင့် လက်မအနည်းငယ်သာ ကွာသည်ကို အိုဟဲယားက သတိထားမိသည်။ အကယ်၍သာ ဘရန်ဆန်က ချိပ်တံဆိပ်ကို ဖျက်ဆီးပြီး သေတ္တာကိုဖွင့်ကြည့်ရန် ကြိုးစားမည်ဆိုပါက ဓာတ်ငွေ့ဗူးကို သုံးတော့မည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ဘရန်ဆန်သည် လေသေနတ်ပစ္စတိုကို မြင်သည့်နှင့် တစ်ပြိုင်နက် အခြေအနေကို ချက်ချင်းနားလည်မည့် လူစားမျိုးဖြစ်သည်။

ဘရန်ဆန်က ခပ်တည်တည် ပြန်မေးသည်။

'သမ္မတကြီးက. . .'

www.burmeseclassic.com

www.burmeseclassic.com



'သမ္မတကြီးက ဘာဖြစ်ရမှာလဲ၊ ခင်ဗျားက သူ့ကို လူပုံအလယ်မှာ နှစ်ခါ အရှက်ခွဲခဲ့ပြီးပြီ၊ အဲဒီလိုသာဆက်လုပ်နေရင် ဘာဖြစ်လာမလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ အေးလေ ခင်ဗျားကြောင့် လူတစ်ယောက်ထပ်သေသွားရင် ခင်ဗျားက သိပ်ဂရုစိုက်မှာ မဟုတ်ပါဘူး'

'ကျုပ်တစ်သက်မှာ ကျုပ်ကြောင့် ဘယ်သူမှ မသေခဲ့သေးဘူးဗျ'

ဘရန်ဆန်သည် ဒိုဟဲယားကို တစ်ချက်ကလေးပင် မကြည့်တော့ပဲ လှနာတင်တားပေါ်မှ ချာကနဲလှည့်ဆင်းသွားသည်။ ဒိုဟဲယားသည် လှနာတင်ကားအပေါက်ဝသို့ လျှောက်သွားပြီး ဘရန်ဆန်ကိုကြည့်ရင်း အတွေးနက်နေမိသည်။ ထိုအချိန်တွင် ရက်ဗ်ဆန်သည် လမ်းပေါ်၌ ဟိုလျှောက် ဒီလျှောက်လုပ်နေသည်။ သို့သော် ဘရန်ဆန်က ရက်ဗ်ဆန်ကို လှည့်လည်းမကြည့်၊ စကားလည်းတစ်ခွန်းမှ မပြောမသွားပါ။ ဘရန်ဆန်သည် သူနှင့်ဆုံမိသည့်လူတိုင်းကို စူးစူးစိုက်စိုက်ကြည့်တတ်သည့်အကျင့်ရှိရာ တော်တော်တလေးထူးခြားသည်ဟုဆိုရမည်။ ရက်ဗ်ဆန်သည် ဘရန်ဆန်ကို တအံ့တဩကြည့်နေပြီးနောက် လှနာတင်ကားဆီသို့ လျှောက်လာခဲ့သည်။

ရက်ဗ်ဆန်က စပြောသည်။

'ခင်ဗျားကို အခု လာစစ်ဆေးသွားတာ မဟုတ်လား'

'ဆိုပါတော့ဗျာ၊ ခင်ဗျားကိုကော စစ်ဆေးသွားသေးလား'

'ကျုပ်ကိုမမေးဘူး၊ ကျုပ်ကို ခဏ ခဏရှာနေကြတော့၊ နောက်တစ်ခါထပ်ရှာဖို့ စိတ်မပါကြတော့ဘူး၊ ဒီမြင်လူတွေကိုတော့ နှံ့နှံ့စပ်စပ်ရှာကြတယ်၊ အမျိုးသမီးတွေဆီက အကြော်အကာန်အော်ဟစ်ငြင်းဆန်တဲ့ အသံတွေကိုတောင်ကြားရတယ်၊ တို့လူခိုးဗိုလ်ကြီး ဘာကိုများနက်နက်နဲနဲတွေးနေသလဲ မသိဘူး'

'သူ ဒီက အူကြောင်ကြောင်ပုံစံနဲ့ ပြန်သွားတာဗျ'

'သူ ဒီမှာ ဘာမှ ရှာမတွေ့သွားဘူးထင်တယ်'

'ဟုတ်တယ်'

'ဟိုချိပ်ပိတ်ထားတဲ့ နှလုံးရောဂါကုစက်ကိုကော စစ်မသွားဘူးလား'

'သူ အဲဒီမှာအူကြောင်ကြောင်ဖြစ်သွားတာပဲ၊ သူက အဲဒီ 'ချိပ်' ကို ခွာတော့မလို့ လုပ်တုန်း၊ ကျုပ်က ခင်ဗျား ဒီလိုလုပ်ရင် အထဲကပစ္စည်းတွေကို သုံးမရတော့ဘူးဖြစ်သွားလိမ့်မယ်၊ သမ္မတကြီးကို နှလုံးရောဂါဖြစ်အောင်လုပ်တာ ခင်ဗျားပဲဖြစ်လိမ့်မယ်လို့ ပြောလိုက်တော့ သူ နောက်ဆုတ်သွားတော့တာပဲ'

'ဒါကတော့ သူ့အဓိက အားစာခံသေသွားမှာ စိုးရိမ်လို့နေ့တူတယ်'



'ကျုပ်ကတော့ အဲဒီလိုမထင်ဘူး၊ သူပြန်ကာနီးမှာ ခပ်ဆန်းဆန်း စကားတစ်ခွန်းပြောသွားသေးတယ်၊ အဲဒါကတော့ သူတစ်သက်မှာ သူ့ကြောင့် ဘယ်သူမှ မသေသေးဘူးလို့ ပြောသွားတယ်'

'ဟုတ်တယ်၊ ကျုပ်သိရသလောက်ကတော့ သူပြောတာမှန်တယ်၊ အေးလေ သူ့အစဉ်အလာပျက်သွားမှာ စိုးရိမ်တယ်နဲ့တူတယ်'

'ဖြစ်နိုင်တယ်၊ သိပ်ဖြစ်နိုင်တယ်'

သို့သော် ဒိုဟဲယားတစ်ယောက်၊ သူ့ခေါင်းထဲတွင် ထိုကိစ္စကို စိတ်ဒုန်းဒုန်းချ၍ လက်မခံနိုင်သေးကြောင်းသေချာသည်။

❑

ဗန်အက်ဖင်က ဘရန်ဆန်ကို ထူးပေဆန်းပေသည်ဆိုသော စိတ်နှင့်မြန်ကြည့်လိုက်သည်။ သို့သော် သူ့မျက်နှာပေါ်တွင် အံ့ဩသည့်အမူအရာမပေါ်ချေ။ ဘရန်ဆန်တစ်ယောက် ခါတိုင်းလို ရွှင်ရွှင်ပျပျမဟုတ်သည်မှာ သေချာသည်။ ဗန်အက်ဖင်က မေးလိုက်သည်။

'ခင်ဗျား၊ လှနာတင်ယာဉ်ကို သွားရှာတော့ ဘာတွေ့သလဲ၊ ဘာမှမတွေ့ဘူး မဟုတ်လား'

ဗန်အက်ဖင်က ပြုံးလိုက်သည်။

'ဟုတ်တာပေါ့၊ ဆရာဝန်ဆိုရင် လူတွေက အမြဲယုံတတ်ကြတာပဲဥစ္စာ၊ ကျွန်တော်သွားရှာပေးမယ်လေ'

'နေဦး၊ မင်းတို့ဘက်မှာကော ဘာထူးသလဲ'

'ကျွန်တော်တို့ လူဆယ်ယောက်လောက်နဲ့ အသေးစိတ်ရှာတယ်၊ ကျွန်တော်တို့ကိုလည်း လူမုန်းတော်တော်များသွားတယ်၊ ဒီရွှေတံခါး တံတားကြီးပေါ်မှာ ပုက်ထားတဲ့ ပိုက်ဆံပြားလေးတစ်ပြားရှိနေယင်တောင် ရှာတွေ့မှာပါ'

သို့သော် ဘရန်ဆန်နှင့် သူ့လူစုသည် မဟုတ်သည့်နေရာ၊ မဟုတ်သည့် လူများကို လိုက်ရှာနေကြခြင်းဖြစ်သည်။ အမှန်မှာ ရဲချုပ်ဟင်းဒရစ်ကို တံတားပေါ်ကပြန်မလွှတ်မီ ရှာလိုက်ကြဖို့ကောင်းသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



ဟောဂင်ဘက်၊ မီလ်တန်၊ ကွာရီ၊ နယူဆန်နှင့် ကာတာတို့လူသိုက်သည် ဆက်သွယ်ရေးယာဉ်ပေါ်ရှိ စားပွဲရှည်ကြီးတစ်လုံးပတ်ပတ်လည်တွင် ဝိုင်းထိုင်နေကြသည်။ နံရံပေါ်ရှိစင်ကလေးပေါ်တွင် အရက်ပုလင်းများရှိနေသည်။ အရက်ပုလင်းထဲမှ အရက်လျော့နေသည့် အနေအထားကို ခန့်မှန်းရခြင်းဖြင့်၊ ထိုအရက်ပုလင်းများကို အလှပြထားခြင်း မဟုတ်ကြောင်း သိသာသည်။

သူတို့ငါးယောက်စလုံး၊ တစ်ယောက်ကိုတစ်ယောက် စကားမပြောတမ်း တစ်ယောက်ကိုတစ်ယောက် လှမ်းမကြည့်တမ်း တိုင်ပင်ထားသလိုဖြစ်နေသည်။ မြီးတော့ ကိုယ့်အရက်ဖန်ခွက်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေကြသည်။

ဆက်သွယ်ရေးယာဉ်၏ထောင့်မှ တယ်လီဖုန်းခေါင်းလောင်းသံတစ်ချက် ခပ်တိုးတိုးပေါ်လာသည်။ တယ်လီဖုန်း လေး ငါးလုံး ရှေ့တွင် ထိုင်နေသည့်ရဲသားက စကားပြောခွက်ကို ကောက်ယူနားထောင်လိုက်သည်။ ထို့နောက် နောက်ဘက်သို့ ပြန်လှည့်ပြီး . . .

'မစ္စတာကွာရီအတွက် ဝါရှင်တန်က ခေါ်တာပါ'

မစ္စတာကွာရီက တယ်လီဖုန်းရှိရာသို့ အင်တင်တင်ပုံစံနှင့် လျှောက်သွားသည်။ သူ့ဘက်က ပြောစရာ ဆိုစရာသိပ်ရှိပုံမပေါ်။ မကြေနပ် ဆဲဆိုရေရွတ်သံများသာ ပေါ်ထွက်နေသည်။ နောက်ဆုံးတွင် သူက ပြောချလိုက်သည်။

'ဟုတ်တယ်၊ အရင် အစီအစဉ်အတိုင်းပဲ'

ထို့နောက် သူ့ကုလားထိုင်ရှိရာသို့ ပြန်လာပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

'ပေးရမယ့်ငွေကို လိုရမယ်ရ အဆင်သင့်စီစဉ်ထားပြီးပြီ'

မီလ်တန်က ဝင်မေးသည်။

'ဘာလဲ၊ မလိုဘူးထင်လို့လား'

'ဘဏ္ဍာရေးဝန်ကြီးဌာနက နက်ဖြန်နေ့လယ် ၁၂ နာရီကစပြီး နောက်ထပ် ၂၄ နာရီ အချိန်ဆွဲထားဖို့ သဘောတူလိုက်တယ်'

ပြီးမှ ကွာရီက ထပ်ပြောသည်။

'ဘရန်ဆန်ရဲ့ နှောင့်နှေးကြေး စည်းကမ်းအရဆိုယင် နောက်ထပ် ဒေါ်လာ သန်းငါးဆယ် ထပ်ပေးရမယ့်အပေါက်ပဲ'

မီလ်တန် ဝင်ပြောသည်။

'ပထမပေးရမယ့်ငွေနဲ့စာရင် ဒါက မဖြစ်စလောက်ကလေးပါ၊ ဒီနိုင်ငံရဲ့



အတော်ဆုံးဦးနှောက်ပိုင်ရှင်တွေဆီက အကောင်းဆုံးအကြံဉာဏ်တွေ ထွက်လာအောင်အချိန်ပေးရမှာပေါ့လေ'

ထို့နောက် အားလုံးပြန်ငြိမ်သက်သွားသည်။ ဤတွင် ဟောဂင်ဘက်က ဝီစကီပုလင်းတစ်လုံးဆွဲယူလိုက်ပြီး သူ့ဖန်ခွက်ထဲထည့်၍ ပုလင်းကို လက်ဆင့်ကမ်းလိုက်သည်။

ထို့နောက် ဒုတိယသမ္မတကြီးနှင့် ဟင်းဒရစ်တို့နှစ်ယောက် ဘာမျှမပြောဘဲ ဝင်လာကြပြီး လွတ်နေသောကုလားထိုင်အသီးသီးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဟင်းဒရစ်က ပုလင်းရှိရာသို့ လက်ကမ်းလိုက်သည်။ သို့သော် ဒုတိယသမ္မတကြီးက သူ့ထက် စက္ကန့်ဝက်ခန့် ပိုမြန်သွားသည်။ ဒုတိယသမ္မတရစ်ချတ်က စပြောသည်။

'ဒီနေ့ည ရုပ်မြင်သံကြားအစီအစဉ်မှာ ကိုယ်တို့ ဘယ့်နှယ်နေသလဲ'

မီလ်တန်က သက်ပြင်းရှည်ကြီးတစ်ချက်ချရင်းပြန်ဖြေသည်။

'တစ်စက်မှ ကြည့်မကောင်းဘူး၊ ဒါပေမယ့် အခု ဒီမှာထိုင်ပြီး ခေါင်းထဲက ဘာအကြံဉာဏ်မှထုတ်လို့မရတဲ့ ကျုပ်တို့ခုနစ်ယောက်လောက်တော့ အကြည့်ရမဆိုးသေးဘူး၊ ဒီခုနစ်ယောက်ဟာ အစိုးရဝန်ထမ်းတွေထဲမှာ ဦးနှောက်အကောင်းဆုံး လူတော်တွေလို့ဆိုကြတယ်၊ ဒါပေမယ့် ကျုပ်တို့လုပ်နေတာက အရက်သောက်တဲ့ကိစ္စပဲ ဦးနှောက်ထဲမှာ ဘာအကြံဉာဏ်မှမရှိဘူး'

ဟင်းဒရစ်က စာရွက်ကလေးတစ်ရွက်ကို သူ့ခြေအိတ်ထဲက ထုတ်ယူပြီး ဟောဂင်ဘက်ကို လှမ်းပေးရင်း ပြောလိုက်သည်။

'ရက်ဝ်ဆန့်မှာ အကြံကောင်းဉာဏ်ကောင်း ရှိချင် ရှိမှာပါ၊ ရော့ ဒါက ခင်ဗျားဖို့'

ဟောဂင်ဘက်က စာရွက်ကိုပြန်ကြည့်သည်။ ထို့နောက် ညစ်ညစ်ညမ်းညမ်း ဆဲရေးတိုင်းထွာလိုက်ပြီး၊ တယ်လီဖုန်းနားရှိရဲသားကို အော်ပြောလိုက်သည်။

'ဟေ့ လျှို့ဝှက်သင်္ကေတကို ပြန်ဖော်ပေးမယ့်လူ မြန်မြန်ခေါ်ပေးစမ်း'

ဟောဂင်ဘက်တစ်ယောက် လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာလေပြီ။ သူက ဟင်းဒရစ်ဘက် လှည့်မေးပြန်သည်။

'ဟိုမှာ ကိုယ်တို့မသိနိုင်တဲ့ကိစ္စတွေ ဘာများဖြစ်သေးသလဲ၊ ဟန်ဆင်က ဘာပြို့လို့ သေရတာလဲ'

'ခပ်ရိုးရိုးပြောရရင် သူငတ်လို့ အစားမက်လို့ သေရတာ၊ အဆိပ်ပါတဲ့ လင်ဗန်းနဲ့ အဆိပ်မပါတဲ့ လင်ဗန်း ဘယ်လိုခွဲခြားရမယ်ဆိုတာမပြနိုင်ခင် အတင်းဆွဲစားလို့ ဖြစ်သွားတာ'

www.burmeseclassic.com

www.burmeseclassic.com



မီလ်တန်က သက်ပြင်းချသည်။

'ဒီလူ အစားသိပ်မက်တဲ့လူ၊ လွန်လွန်းတယ်လို့ ပြောရလိမ့်မယ်၊ ဒါလည်း ရောဂါတစ်မျိုးပဲထင်ပါရဲ့လေ၊ သေတဲ့လူအကြောင်း မကောင်းမပြောသင့်ဘူး၊ ဒါပေမယ့် သူ ပါးစပ်သရမ်းလို့ သချိုင်းကို စောစောရောက်သွားတာ'

'ရက်ဗ်ဆန့်အပြစ် မဟုတ်ဘူးလား'

'ဘယ်ကလာ၊ ဒါပေမယ့် ဒါ့ထက်ပိုဆိုးတာတစ်ချက်ရှိတယ်၊ အခု သူတို့ ရက်ဗ်ဆန်ကို အရမ်းကာရော သက်မကင်းဖြစ်နေကြတယ်၊ ဘရန်ဆန်ကလည်း သိပ်လျှင်တဲ့လူ၊ အခု သူတို့ လူတွေကြားမှာ အတွင်းဝင်ပြီး ဖူးသတ်မယ့် လူတစ်ယောက်ရောက်နေတယ်လို့ ယုံနေတယ်၊ ဒါက သူ့အထင်သက်သက်ပဲ၊ ဒါပေမယ့် ရက်ဗ်ဆန်ကိုတော့ ဘယ်လိုမှ အပြစ်ရှာမရသေးဘူး'

'ရက်ဗ်ဆန်ကွဲ့ သိပ်ကိုချောင်တဲ့လူ'

ယောဂင်ဘာလ်ဖြည့် သူ့စကားကို ရှုတ်တရက်ရပ်လိုက်ပြီး ဟင်းဒရစ်ကို မြင်ကြည့်သည်။

'နေပါဦး၊ ဘရန်ဆန်က ရက်ဗ်ဆန်ကို သက်မကင်းဖြစ်နေတယ်ဆိုရင် သူတို့ ခင်ဗျားတို့နဲ့ နီးနီးကပ်ကပ်နေခွင့်ပြုမှာ မဟုတ်ဘူး၊ ခင်ဗျားတို့က ဒီကိုပြန်လာမယ့် လူတွေ မဟုတ်လား'

'ရက်ဗ်ဆန်က ကျုပ်အနားကို သီတောင် မသိဘူး၊ ဒီစာကို ရက်ဗ်ဆန်ထံ ဗိုလ်ချုပ်ကြီးကတ်တာလွန်ကိုပေးတယ်၊ ဗိုလ်ချုပ်ကြီးက ကျုပ်ကိုပေးတယ်'

'ဒါဖြင့် ကတ်တလန်လည်း ကြံရာပါပေါ့'

'သူလည်း ကျုပ်တို့သိသလောက် သိထားတယ်၊ ပြီးတော့ ရက်ဗ်ဆန်က ဆိုင်ယာနိုက် (စိန်) အဆိပ်လှေသေနတ်ကို သူ့ပေးထားမှာ၊ ဒီလူကြီး ခုမှ သတ်ချင်ဖြတ်ချင်စိတ်တွေ သိပ်များနေတယ်၊ တကယ်လည်း သတ်ချင်စိတ်ပေါ်နေပုံရတယ်'

ကာတာက ဝင်ပြောသည်။

'ဒုတိယကမ္ဘာစစ်တုန်းက တင့်ကားတပ်မှူးအနေနဲ့ သူဘယ်လိုကြမ်းခဲ့တယ်ဆိုတာ ခင်ဗျားတို့လည်းသိသားပဲ၊ အခု ဒီလို လူဆိုးတွေနဲ့တွေ့တဲ့အခါကျယင်တော့ ပြောမနေနဲ့တော့'

'ခင်ဗျားပြောတာ မှန်တယ်၊ ဒါနဲ့ ကျုပ်လည်း အနားယူခန်းတစ်ခန်းထဲဝင်ပြီး ဒီစာရွက်ကလေးကို ခြေအိတ်ထဲထိုးထည့်ထားလိုက်တယ်၊ ကျုပ်နဲ့ ဒုတိယသမ္မတကြီးတို့ ဒီကမပြန်ခင် ရှာမှာပဲလို့ထင်ထားတာ၊ ဒါပေမယ့် အရှာမခံခဲ့ရဘူး၊ ရက်ဗ်ဆန်



...သွားတာမှန်တယ်၊ ဘရန်ဆန်တစ်ယောက် သူ့ကိုယ်သူ သိပ်အထင်ကြီးပြီး လုံခြုံရေးအစီအမံတွေကို တင်းပြည့်ကျပ်ပြည့် မလုပ်ဘူးဆိုတာ ဟုတ်တယ်'

❒

စန်အက်ဖင်မြန်ထွက်သွားသည်ကို ရက်ဗ်ဆန်နှင့် အိုဟဲယားက စောင့်ကြည့်နေကြသည်။ ရက်ဗ်ဆန်က အပြင်သို့ ထွက်လိုက်ပြီး အိုဟဲယားကိုပါ သူ့နောက်လိုက်ခဲ့ဖို့ ဆတ်ဟန် ခြေဟန်နှင့်ခေါ်သွားသည်။ ရက်ဗ်ဆန်က စပြောသည်။

'သူ ခင်ဗျားကို စေ့စေ့စပ်စပ်ရှာသွားတာပဲ၊ ဒါပေမယ့် သူတစ်နေ့နေ့ကျရင် ခင်ဗျားလူနာဖြစ်ပါစေလို့ ဆုတောင်းမယ်ဆိုတာကိုတော့ သိပ်ကြိုက်ပုံမပေါ်ဘူး'

အိုဟဲယားက ခေါင်းပေါ်သို့ရောက်နေပြီဖြစ်သော မည်းမှောင်နေသည့် မိုးသားထိမ်တိုက်များကို မော့ကြည့်နေသည်။ လေကလည်း ခပ်ပြင်းပြင်း တိုက်ခတ်နေသည်။ အောက်ဘက်ပေနှစ်ရာဝေးသော ရှော့တာခါး ရေလက်ကြား၏ ... လှိုင်းခေါင်းဖြူကြီးများ တဖွေးဖွေးလှုပ်ရှားနေကြသည်။ အိုဟဲယားက ပြော...သည်။

'ဒီညတော့ တော်တော်လေး ရာသီဥတုဆိုးရွားလိမ့်မယ်ထင်တယ်၊ အပြင်ဘက်နဲ့စာရင် ကားထဲမှာနေရတာက ပိုကောင်းမယ်ထင်တယ်၊ ကျုပ် လူနာတင်ကားထဲမှာ ဝီစကီနဲ့ဘရန်ဒီအကောင်းစားတွေရှိပါတယ်၊ ဒီအရက်တွေက လူမမာတွေအတွက် တမင်ဆောင်ထားတာ'

'အင်း၊ ကျုပ်လည်း တော်တော်လေးနေမကောင်းချင်သလိုလိုဖြစ်နေတယ်၊ ဒါပေမယ့် ကျုပ်က အပြင်မှာပဲပိုနေချင်တယ်'

'ဘာလုပ်ဖို့လဲ'

ရက်ဗ်ဆန်က ခပ်လှောင်လှောင်မျက်နှာထားနှင့် ပြန်ကြည့်လိုက်သည်။

'ကျုပ်သာ ဒီလူစုထဲမှာပါမလာရင် ဘရန်ဆန်က ခင်ဗျားကို အများဆုံး သံသယဝင်မှာသေချာတယ်၊ သူ ခင်ဗျားကားတိုလာရှာတုန်းက စကားပြောတာကို နားထောင်လို့ရတဲ့ အီလက်ထရွန်နစ်ပစ္စည်းသေးသေးလေးတစ်ခု ခင်ဗျား ရှာမတွေ့နိုင်တဲ့နေရာမှာဝှက်ထားချင်ထားခဲ့မှာလို့ ခုအထိ မတွေးမိသေးဘူးလား'

'အခု ခင်ဗျားပြောမှ ပဲတွေးမိတော့တယ်၊ ကျုပ်တို့ဆရာဝန်တွေဟာ နိုးနိုးသားသားပဲ တွေးတတ်ကြတာ'

'ခင်ဗျားဆီမှာ ဂျင်(အရက်) ရှိသလား'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားမေးတာ တော်တော်ဆန်းတယ်၊ ရှိတာပေါ့'

'ကျုပ်က ဘရန်ဆန်ကို ကျုပ်ကအရက်မသောက်တဲ့အတွက် အနံ့ခံတဲ့နေရာမှာ သိပ်ကောင်းတယ်လို့ပြောထားတယ် မဟုတ်လား၊ ဒီတော့ ကျုပ်လက်ထဲမှာ ပယင်းရောင်အရည်တွေပါတဲ့ ဖန်ခွက်ကိုင်ထားတာတွေ့ရင် ဘယ်ကောင်းပါ့မလဲ'

'ဟုတ်တာပေါ့'

အိုဟဲယားတစ်ယောက် လူနာတင်ကားထဲဝင်သွားသည်။ သူပြန်ထွက်လာသောအခါ ပယင်းရောင်အရည်များပါသော ဖန်ခွက်တစ်ခွက်နှင့် အရောင်အဆင်းမပါသော အရည်များပါသည့် ဖန်ခွက်တစ်ခွက်ပါလာသည်။

ရက်ဗ်ဆန်က အနီးတွင်ရှိနေသည့် ရဟတ်ယာဉ်ကိုကြည့်ရင်း မှတ်ချက်ပေးသည်။

'ဒီည ဒီရဟတ်ယာဉ်မောင်း ဂွန်ဆင်၊ သူ့ရဟတ်ယာဉ်ထဲမှာ အိပ်များအိပ်မလားမသိဘူး'

အိုဟဲယားအကြီးအကျယ် ချမ်းစိမ့်သွားလေဟန်နှင့် ကိုယ်ကိုတဆတ်ဆတ်တုန်ပြရင်း ပြောလိုက်သည်။

'ခင်ဗျား ရဟတ်ယာဉ် စီးဖူးသလား'

'ဟင့်အင်း၊ တစ်ခါမှ မစီးဖူးဘူး'

'ကျုပ်တော့ တာဝန်အရ ခဏခဏ စီးဖူးတယ်၊ ဒီတပ်မတော်သုံး ရဟတ်ယာဉ်တွေထဲမှာ တာရပတ်စခင်းပြီး သံဘောင်တပ်ထားတဲ့ထိုင်ခုံတွေပဲပါတယ် ကျုပ်အဖို့ကတော့ ဆူးခင်းတဲ့အိပ်ရာပါပဲဗျာ'

'ကျုပ်ထင်တဲ့အတိုင်း ဒါဆိုရင် သူနောက်ဆုံးကားပေါ်မှာ သူ့အဖော်တွေနဲ့ သွားအိပ်လိမ့်မယ်ထင်တယ်'

'ခင်ဗျားက ဒီရဟတ်ယာဉ်ကို သိပ်စိတ်ဝင်စားနေတာ တော်တော်ထူးဆန်းတယ်'

ရက်ဗ်ဆန်က ဘေးဘီကိုလှည့်ကြည့်သည်။ အနီးအနား ကြားနိုင်လောက်သည့်နေရာတွင် ဘယ်သူမှမရှိ။

'စနက်တံတွေကိုလှမ်းရှိမယ့်ခလုတ်က အဲဒီအထဲမှာရှိနေတာဗျ၊ ကျုပ် ဒီည အဲဒီစနက်တံမီးရှို့မယ့် ခလုတ်ကိုသွားဖျက်ဆီးဖို့ ကြံစည်ထားတယ်၊ ကျုပ်က ကြံစည်တယ်လို့သာ ပြောတာနော်'

အိုဟဲယားတစ်ယောက် ငြိမ်ကျသွားသည်။ ပြီးမှ သနားသောလေသံနှင့်. . .



'ခင်ဗျားကို ကျုပ် ကိုယ်ပျောက်တဲ့ဆေးပေးမှဖြစ်မယ်၊ ဘာပြုလို့လဲဆိုတော့ တစ်ညလုံးကင်းစောင့်နေတဲ့ အစောင့်တစ်ယောက် အမြဲတမ်းရှိတယ်၊ ပြီးတော့လည်း မီးအိမ်ကြီးတစ်ခုလုံးကို ညကျရင် မီးတွေထိန်နေအောင်ထွန်းထားတာ'

'ကင်းသမားကို ကျုပ် တာဝန်ယူနိုင်ပါတယ်၊ ပြီးတော့ ဒီလျှပ်စစ်မီးတွေကို ပိတ်လိုချင်တဲ့အချိန်မှာ ငြိမ်းပေးကြမှာ'

'တကယ်လား'

'ကျုပ် သတင်းပို့ထားပြီးပြီ'

'စုံထောက်တွေဟာ မျက်လှည့်ပညာတွေတတ်တယ်လို့ ကျုပ်မထင်မိခဲ့ဘူး'

'ဟင်းဒရစ်က ကျုပ်အတွက် သတင်းယူသွားပေးတာဗျ'

အိုဟဲယားက သူ့ကို တအံ့တဩကြည့်ရင်းမေးသည်။

'နောက်တစ်ခွက် ယူဦးမလား'

'ဒီည မူးနေရင် အလုပ်မဖြစ်ဘူး၊ တော်ပါပြီ၊ ကျေးဇူးပါပဲ'

'ကျုပ်ကတော့ နောက်တစ်ခွက်ထပ်သောက်ဦးမယ်'

အိုဟဲယားက သူ့အတွက် နောက်တစ်ခွက်သွားယူပြီး ပြန်အရောက်တွင် ပြန်သည်။

'ကိုဝေါစကီဟာ သိပ်မျက်စေ့ရှင်တဲ့လူ၊ ဒုတိယသမ္မတနဲ့ ဟင်းဒရစ် ဒီကိုရောက်နေတုန်း ခင်ဗျားကို သူ့မျက်စေ့အောက်က တစ်ချက်ကလေးအပျောက်ခံခဲ့တာ မဟုတ်ဘူး၊ ဘရန်ဆန်က အမိန့်ပေးထားတယ်ထင်တာပဲ'

'ဒါပဲဖြစ်ရမှာပေါ့၊ ဒါပေမယ့် ကျုပ်လည်း ဟင်းဒရစ်နားကို သွားမှမသွားတာ၊ ကျုပ်က ကတ်တလန်ကိုပေးလိုက်တယ်၊ ကတ်တလန်က ဟင်းဒရစ်ကိုပေးတယ်၊ ကိုဝေါစကီက ကျုပ်ကိုသာမဲနေတော့ ကတ်တလန်နဲ့ ဟင်းဒရစ်ကို ဂရုတစိုက်ကြည့်ခဲ့ပုံမပေါ်ဘူး'

'ဘယ်အချိန် မီးမှိတ်မှာလဲ'

'မသိသေးဘူး၊ ဒီက အချက်ပြရမယ်'

'ဒါဆိုရင် ကတ်တလန်လဲ ဒီကိစ္စထဲမှာပါတာပေါ့'

'ဒါပဲပေါ့၊ ဒါနဲ့ စကားမစပ် ကျုပ် ကတ်တလန်ကို ဆိုင်ယာနိုက်သေနတ်ပေးမယ်လို့ ကတိပေးထားတယ်၊ ခင်ဗျား သူ့ကို ပေး ပေးနိုင်မလား'

'တစ်နည်းနည်းနဲ့ဖြစ်အောင် ပေးမှာပေါ့'

'ဒါပေမယ့် နှလုံးရောဂါကုစက်မှာပိတ်ထားတဲ့ ချိပ်တံဆိပ်ကိုခွာပြီးရင် ပြန်ပြီ

www.burmeseclassic.com

ချိပ်ပိတ်ဖို့မလွယ်ဘူး ထင်တယ်'

'ဘာလဲ၊ ဟိုအမြဲတမ်း သင်္ကာမကင်းဖြစ်နေတတ်တဲ့ ဘရန်ဆန် ဒီကို ထ
ခေါက်ပြန်လာမှာ စိုးရိမ်လို့လား၊ ဖြစ်ပါတယ်၊ ကျုပ် လိုရမည်ရ ချိပ်တံဆိပ် အပို
သေတ္တာထဲထပ်ထည့်လာတယ်'

အိုဟဲယား၏အပြုံးကို ရက်ဗ်ဆန်ကလည်း အပြုံးနှင့် တုံ့ပြန်သည်။

'ဒါပေါ့ဗျာ၊ ဘယ်လူမဆို ထောင့်စေ့အောင်တွေးနိုင်ခဲ့သားပဲ၊ ခင်ဗျားက ဒါ
တရားဥပဒေစိုးမိုးရေးဘက်မှာ ရပ်တည်နေတုန်းပဲပေါ့၊ ဘရန်ဆန်တစ်ယောက် သံလ
ထောက်ဝတ်ရတာကို ကြည့်နေချင်တုန်းပဲ မဟုတ်လား'

'ဟုတ်တယ်၊ ခုမှ ပိုပြီး တောင့်တောင့်တတဖြစ်လာတယ်'

'ဒါဆိုရင် ဆရာဝန်ကျင့်ဝတ်ကို နည်းနည်းပါးပါး ချိုးချင်ချိုးရမှာဗျ'

'ဆရာဝန်ကျင့်ဝတ်တွေ ဘာတွေကို အသာထားလိုက်စမ်းပါဗျာ'

❐

ဟောဂင်ဘက်သည် လျှို့ဝှက်သင်္ကေတမှ အဓိပ္ပာယ်ပြန်ဖော်ထားသည့်စာရွ
တို လာပေးသူထံမှ ဇတ်ကနဲလှယ်ယူရင်း၊ ကမန်းကတန်းဖတ်နေသည်။ ဖတ်ရင်း ဖတ်ရ
သူ့နဖူးကြောများ ပိုမိုပြီးတင်းလာသည်။ သူက ဟင်းဒရစ်ကို မေးလိုက်သည်။

'ခင်ဗျားတို့ ပြန်လာကြတုန်းက ရက်ဗ်ဆန်တစ်ယောက် စိတ်ကောင်းပုံရ
သေးတယ်နော်'

'ရက်ဗ်ဆန်ရဲ့ ဦးနှောက်အခြေအနေ ဘယ်လိုရှိသလဲဆိုတာ ဘယ်သူ ပြော
မှာတုံး'

'ဟုတ်တာပေါ့၊ ဒါပေမယ့် အခု သူရေးလိုက်တာကို မှားသလား မှန်သလာ
ဆိုတာ စဉ်းစားလို့မရဘူးဖြစ်နေတယ်'

ရစ်ချတ်က ခပ်ဆတ်ဆတ်ဝင်ပြောသည်။

'ဒီမှာ ဟောဂင်ဘက်၊ ခင်ဗျားရဲ့လျှို့ဝှက်ချက်ကြီးကို ကျုပ်တို့ကော သိခွ
သလား'

'သူရေးလိုက်တာက ဒီည ရာသီဥတုဆိုးမယ့်ပုံပဲ၊ ဒါဆိုရင် အလုပ်ဖြစ်
မယ်ထင်တယ်၊ ဒါကြောင့် လံကြျတ်ရှိုမီးနှစ်ခုဖြစ်အောင် တမင်လုပ်ပေးစေချင်တ
မီးကတော့ ရေနံချေးနဲ့ မော်တော်ကားတာယာအဟောင်းတွေကိုပုံပြီး မီးရှို



တစ်ခုကတော့ အနောက်တောင်ဘက်အရပ် လင်ကွန်းပန်းခြံမှာ၊ နောက်တစ်ခုက
တော့ အရှေ့ဘက်ဖို့မေဆန်(မေဆန်ခံတပ်)လောက်မှာ ဖြစ်စေချင်တယ်၊ လင်ကွန်းစန်း
ခြံတရှိုမီးကို ညဆယ်နာရီမှ စရှိုပါ၊ ညဆယ်နာရီနဲ့ သုံးမိနစ်ကျတော့၊ နောက်ဆုံးတား
ပေါ်မှာရှိတဲ့ ရေဒီယိုအသံလှိုင်းဖမ်းတဲ့ကိရိယာကို လိုအပ်ရင် (အမှောင်ထဲမှာမြင်နိုင်တဲ့)
အင်ဖရာရက်ဒ်မှန်ပြောင်းနဲ့ကြည့်ပြီး၊ လေဆာရောင်ခြည်သေနတ်နဲ့ပစ်ပြီး ဖျက်ဆီးပေး
ပါ၊ အဲဒီနောက်တော့ ကျွန်တော့်ဆီက အက်စ်အိုအက်စ် (ကယ်တော်မူပါ)လို့ အချက်
ပြတာကိုစောင့်ပြီးမှ နောက်တစ်မီးကို ရှိုပါ၊ အဲဒီ ဒုတိယမီးရှို့ပြီး ဆယ့်ငါးမိနစ်ကြာရင်
တံတားကြီးတစ်ခုလုံးနဲ့ ဆန်ဖရန်စစ္စကိုမြို့မြောက်ခြမ်းကို ဓာတ်အားဖြတ်တောက်ပစ်
လိုက်ပါ၊ ပြီးတော့ တရုတ်တန်းဘက်မှာ၊ ပေထုပ်၊ ဗျောက်အိုး စက်ရုံတစ်ခုံ ထပေါက်ကွဲ
သလို မီးကျည် မီးပန်း၊ ဗျောက်အိုးတွေ အများကြီးဖောက်ပေးနိုင်မယ်ဆိုရင် ပိုကောင်း
မယ် ထင်ပါတယ်'

'ညသန်းခေါင်ကျယင် ရေငုပ်သင်္ဘောလွှတ်ပေးပါ၊ ကင်မရာ အောက်ခြေမှာ
တပ်လို့ရမယ့် ထရန့်စစ္စတာ အသံလွှင့် အသံဖမ်းစက် အသေးစားကလေးတစ်လုံးပါ
ပေးလိုက်ပါ၊ အဲဒီ ထရန်စစ္စတာနဲ့ ခင်ဗျားတို့ရဲ့ အသံလွှင့်စက်၊ ရေငုပ်သင်္ဘောရဲ့
အသံလွှင့်စက်တွေရဲ့ ရေဒီယိုအသံလှိုင်းကို တစ်ခါတည်းညှိပေးလိုက်ပါ'

ထို့နောက် သူတို့အားလုံး အတန်ကြာအောင်ငြိမ်သက်သွားကြသည်။ နောက်
ဆုံးကျမှ ဒုတိယသမ္မတကြီးရစ်ချတ်က မှတ်ချက်ပေးသည်။

'ဒီလူ ရူးနေတာ အမှန်ပဲ၊ ရူးတာမှ သွက်သွက်ခါအောင် ရူးနေတာ'

အတန်ကြာအောင် ဒုတိယသမ္မတ၏ဆုံးဖြတ်ချက်ကို ကန့်ကွက်မည့်သူ
တစ်ဦးမှပေါ်မလာချေ။ သို့သော် ဒုတိယသမ္မတကြီးသည် ရက်ဗ်ဆန်တစ်ယောက်
ရူးသွားလေပြီဟု မှတ်ချက်ပေးသည်ကလွဲ၍၊ လုပ်မယ် မလုပ်ဘူးဟု ဆုံးဖြတ်ချက်ပေး
သို့ဟန် မရှိချေ။ ဤတွင် ဟောဂင်ဘက်က သူ့ဘာသာသူ ဆုံးဖြတ်ချက်ချလိုက်သည်။

'ရက်ဗ်ဆန်ဟာ ကျုပ်တို့အားလုံးထက် ပိုစိတ်ကောင်းတာသေချာတယ်
ဆိုတယ်တော့ ဒီကောင် သိပ်ထက်တယ်၊ သူတော်တဲ့အကြောင်း လက်တွေ့ပြပြီးသား
သည်ရှိတယ်၊ ခုတစ်ခေါက်မှာတော့ အသေးစိတ်ရေးချိန်မရလိုက်လို့နေတူတယ်၊ ပြီးတော့
သည်း အခု ဒီမှာရှိတဲ့လူတွေမှာ ဒါထက်ကောင်းတဲ့အကြံဉာဏ်ရှိရင် အဲလေ ဒါမှ
စိတ်တူး စိတ်သန်းရှိမယ်ဆိုရင် ပြောကြစမ်းပါ'

သို့သော် မည်သူကမျှ ပြန်မပြောကြချေ။

'ကဲ. . . ဟင်းဒရစ် ဒုတိယမြို့တော်ဝန်နဲ့ မီးသတ်ညွှန်ချုပ်တိုခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိမီးတွေတို စီစဉ်ခိုင်းလိုက်တော့၊ ဒါနဲ့ ဟိုမီးကျည် မီးပန်းတွေကိစ္စကို လုပ်လို့ဖြစ်ပါ့မလား'

ဟင်းဒရစ်က ပြုံးလိုက်သည်။

'ဆန်ဖရန်စစ္စကိုမှာ မီးကျည် မီးပန်းတွေ မလုပ်ရလို့ တားမြစ်ထားတယ် ဒါပေမယ့် တရုတ်တန်းမှာ မီးကျည် မီးပန်းတွေ ခိုးလုပ်နေတဲ့ မြေအောက်စက်ရုံ တစ်ရုံရှိတယ်၊ အဲဒီ စက်ရုံပိုင်ရှင်က ကျုပ်တို့ကို လိုလိုလားလားအကူအညီပေးမှာပါ'

ဒုတိယသမ္မတက ခေါင်းခါလိုက်သည်။

'ဒါအရှုပ်ထုတ်တာဗျ၊ သွက်သွက်ခါအောင် အရှုပ်ထုတ်ကြတာ'

ooo

## အခန်း( ၁၀ )

အလွန်ဝေးလံသော ပင်လယ်ပြင်ဆီမှ မိုးချုန်းသံသဲ့သဲ့နှင့် လျှပ်စီးလက်သော ကြောင့်ဖြစ်ပေါ်လာသည့် အလင်းရောင်ကို လင်းကနဲ လက်ကနဲ လှမ်းမြင်နေကြရသည်။ အနည်းငယ် နေကောင်းစပြုလာပြီဖြစ်သော အေပရဲလ်သည် တံတားကြီး အလယ်ကောင်တွင် ရက်ဗ်ဆန်နှင့်အတူတူ မတ်တတ်ရပ်နေကြသည်။ အေပရဲလ်က ညည်းမှောင်နေသော မဲနယ်ပြာရောင်ကောင်းကင်ကို မော်ကြည့်ယင်းပြောလိုက်သည်။

'ဒီည ရာသီဥတု တော်တော်ဆိုးရွားလိမ့်မယ်ထင်တယ်'

ရက်ဗ်ဆန်က အေပရဲလ်၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

'ဟုတ်တယ်၊ ကိုယ်လဲ အဲဒီလိုထင်တယ်၊ နေပါဦး၊ မင်း မိုးချုန်းသံကို ကြောက်တတ်သလား'

'ကျွန်မ ဒီတံတားကြီးပေါ်မှာ မိုးသက်မုန်တိုင်းကျနေတုန်း မနေချင်ဘူး'

'ဒီတံတားကိုဆောက်ထားတာ နှစ်ပေါင်းလေးဆယ်ရှိပြီ၊ ဒီကနေ့ညတစ်ည လောက်နဲ့ ပြိုကျမှာမဟုတ်သေးဘူး၊ ဟော မိုးဖွားကလေးတွေကျလာပြီ ကဲ ထား မိုးစိုခံရမှာတော့ ကိုယ် ကြောက်တယ်'

သူတို့နှစ်ယောက် ဘတ်စ်ကားကြီးထဲ ပြန်ဝင်ထိုင်ကြသည်။ အေပရဲလ်သည် ပြတင်းပေါက်ဘေးကခုံတွင် ဝင်ထိုင်သည်။ ရက်ဗ်ဆန်က အလယ်ဘက်ခုံတွင် ထိုင်သည်။ မိနစ်ပိုင်းအတွင်း ကားပေါ်တွင်လူပြည့်သွားသည်။ နာရီဝက်ခန့်ကြာသော အခါ အတော်များများ အိပ်ငိုက်နေကြလေပြီ။ ကုလားထိုင်တစ်လုံးတွင် စာဖတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



မီးလုံးတစ်လုံးစီပါသည်။ သို့သော် တစ်ချို့က မီးမှိတ်ထားပြီး တစ်ချို့က မီးမှိန်ထားသည်။ သူတို့အားလုံးအတွက် စာကြည့်စရာလည်း မရှိ၊ လုပ်စရာလည်း မရှိ။ ဒီကနေ့ တစ်နေ့လုံး အလုပ်များခဲ့ကြသည်။ ဦးနှောက်ကို အလုပ်များများပေးခဲ့ကြရသည်။ ထို့ကြောင့် အိပ်စက်အနားယူခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ပြီးတော့ ကားခေါင်မိုးပေါ်ကို တဝုန်းဝုန်းကျနေသော မိုးရေမိုးပေါက်များ၏အသံက သူတို့ကို အိပ်ပျော်အောင်ချော့သိပ်သလို ဖြစ်နေသည်။

စာနယ်ဇင်းဆရာများ ကားထဲပြန်ရောက်ခါစထက် မိုးသည် တဖြည်းဖြည်း ပိုသည်းလာသည်။ မိုးသက်မုန်တိုင်းသည် ခပ်လှမ်းလှမ်း၌ရှိနေသေးသော်လည်း လေက ပိုထန်လာသည်။ သို့သော် ဘယ်လောက်ပဲ မိုးသည်းထန်စွာ ရွာပါစေ၊ ဘယ်လောက်ပဲ လေပြင်းမုန်တိုင်း တိုက်ခတ်ပါစေ မှန်မှန်လမ်းလျှောက်ရင်း ကင်းစောင့်နေသော ကိုဝေါစကီကို တားဆီးနိုင်စွမ်းမရှိပါ။ ကိုဝေါစကီသည် ဆယ့်ငါးမိနစ်တွင်တစ်ကြိမ်ကျ သူတို့ကားထဲသို့ မှန်မှန်ဝင်လာလေ့ရှိသည်။ ထို့နောက် ရက်ဗ်ဆန်ကို သီးသီးသန့်သန့် စိုက်ကြည့်ပြီး ယာဉ်မောင်းသူ၏ဘေးဘက်ရှိထိုင်ခုံတွင် ဝင်ထိုင်၍ ကင်းစောင့်နေသူ ဘတ်လက်အား စကားတစ်ခွန်း နှစ်ခွန်းပြောပြီး ပြန်ထွက်သွားလေ့ရှိသည်။

ကားထဲတွင်ရှိနေသူများအနက် ရက်ဗ်ဆန်ကလွဲလျှင် ဘတ်လက်သည် နိုးနိုးကြားကြားအရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဤကဲ့သို့ နိုးနိုးကြားကြားရှိနေခြင်းမှာလည်း ကိုဝေါစကီ ခဏခဏ လာနေသောကြောင့် ဖြစ်သည်ဟု ရက်ဗ်ဆန်က ထင်သည်။ တစ်ခေါက်တွင် ဘတ်လက်က သူ့နေရာတွင် လူစား ဘယ်အချိန်ကျမှ ရောက်လာမလဲ ဟုမေးသည်။ ကိုဝေါစကီက ဘတ်လက် ဒီနေရာတွင် နံနက် တစ်နာရီထိုးသည်အထိ နေရမည်ဟု ခပ်ဆတ်ဆတ်ဖြေသည်။ ဒီအစီအစဉ်မှာ ရက်ဗ်ဆန်၏လိုအပ်ချက်နှင့် အံကိုက်ဖြစ်နေသည်။

ညကိုးနာရီတွင်မိုးအသည်းဆုံးဖြစ်သည်။ ထိုအချိန်တွင် ကိုဝေါစကီတစ်ယောက် ထုံးစံအတိုင်းရောက်လာသည်။ ရက်ဗ်ဆန်က အဖြူရောင်ဖောင်တိန်ကို အိတ်ထဲကထုတ်ယူပြီး အသင့်မောင်းတင်ထားသည်။ ကိုဝေါစကီက ပြန်ရန်နောက်လှည့်လိုက်သည်။ သူ့ဖနောင့်က လှေကားပထမထစ်ကိုနင်း၍ဆင်းလိုက်စဉ် သူ့ရှေ့ဘက်သို့ ယိုင်လဲကျသွားသည်။ ကိုဝေါစကီသည် ဘတ်စ်ကားအပြင်ဘက် မြေကြီးပေါ်သို့ မှောက်လျက်သား ဝုန်းကနဲပစ်ကျသွားသည်။

ကိုဝေါစကီထံ ပထမရောက်သွားသူမှာ ဘတ်လက်ဖြစ်သည်။ ဒုတိယ ရောက်ရှိသူမှာ ရက်ဗ်ဆန်ဖြစ်သည်။



ရက်ဗ်ဆန်က မေးလိုက်သည်။

'ဒီလူ ဘာဖြစ်သွားတာလဲ'

'ကျုပ်မြင်သလောက်တော့ ခြေချော်ပြီး လိမ့်ကျသွားတာပါ၊ ဒီတံခါးကို ညနေကတည်းက တစ်ချိန်လုံးဖွင့်ထားတော့ ရေစိုပြီး ချော်နေတာပေါ့'

သူတို့နှစ်ယောက်စလုံး သတိလစ်နေသောကိုဝေါစကီကို ဝိုင်းစစ်ဆေးကြသည်။ သူ့နဖူးသည် မြေကြီးနှင့် ဆောင့်မိသွားသောကြောင့် နဖူးမှ သွေးအတော်များများ ထွက်နေသည်။ ရက်ဗ်ဆန်က ကိုဝေါစကီ၏ဦးခေါင်းကို အသာအယာ လက်နှင့်မ်းသပ်ကြည့်သည်။ အဆိပ်အပ်ကလေးသည် ကိုဝေါစကီ၏ဇယ်ဘက်နားရွက်နောက်ဘက်မှ လက်မတစ်စိတ်ခန့် ပေါ်ထွက်နေသည်။ ရက်ဗ်ဆန်က ဆွဲနှုတ်ယူလိုက်ပြီး လက်ဝါးထဲတွင် ဖွက်ထားလိုက်သည်။

ရက်ဗ်ဆန်က မေးသည်။

'ကျုပ် ဒေါက်တာကို ပြေးခေါ်လိုက်ရမလား'

'ခေါ်လေ၊ ခေါ်ပါ'

ရက်ဗ်ဆန်က လူနာတင်ကားဆီ အပြေးအလွှားသွားသည်။ သူ ကားနားသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကားထဲကမီးလင်းလာသည်။ ရက်ဗ်ဆန်သည် အိုဟဲယားထံမှ ဓာတ်ငွေ့ဗူးကိုယူလိုက်ပြီး အိတ်ထဲထည့်လိုက်သည်။ အိုဟဲယားက ဆေးပစ္စည်းများပါသော လက်ဆွဲအိတ်ကိုဆွဲယူပြီး သူတို့နှစ်ယောက် ရှေ့ဆုံးကားဆီ အပြေးအလွှားသွားကြသည်။ ထိုအချိန်တွင် ကားထဲရှိ သတင်းစာဆရာ တော်တော်ခပ်များများ ကိုဝေါစကီနံဘေးတွင် ဝိုင်းအုံနေကြလေပြီ။

'ကဲ. . . ကဲ နောက်ဆုတ်ကြစမ်း'

အိုဟဲယားက အမိန့်ပေးလိုက်သည်။ သတင်းစာဆရာများက ရိုရိုသေသေ လေးလေးစားစား နောက်ဆုတ်ပေးကြသော်လည်း သိပ်ဝေးဝေး ရှောင်ပေးကြတာ တော့ မဟုတ်ပါ၊ အိုဟဲယားက ဆေးအိတ်ကိုဖွင့်လိုက်ပြီး ဆေးအိတ်ထဲမှ ဆေးစိမ်ထားသော ပတ်တီးပါးစနှင့် ကိုဝေါစကီ၏နဖူးကို သုတ်ပေးသည်။ ထိုအချိန်တွင် မိုးကလည်း သဲသဲမဲမဲ ရွာနေသည်။ မှောင်ကလည်း မှောင်သည်။ ပြီးတော့ အိုဟဲယားက သူ့ဆေးအိတ်ကို ခပ်လှမ်းလှမ်းတွင်ချထားခြင်းဖြစ်ရာ လူတိုင်းလိုလိုက ဒဏ်ရာရနေသူကိုသာ ဝိုင်းအာရုံစိုက်နေချိန်တွင် ရက်ဗ်ဆန်က ဆေးအိတ်ထဲမှ ရေလုံအဝတ်နှင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုနှိုက်ယူပြီး ကားအောက်သို့ပစ်ထည့်လိုက်နိုင်သည်မှာ ဆန်းလှသည်တော့ မဟုတ်ပါချေ။ ထို့နောက် ရက်ဗ်ဆန်သည် လူအုပ်ကြားထဲတွင် ဝင်ခတ်

တတ်ရပ်နေသည်။

အိုဟဲယားက ကိုယ်ကို ပြန်မတ်လိုက်သည်။

'ဒီလူကို လူနာတင်ကားဆီရောက်အောင် သယ်သွားဖို့ ဝိုင်းလုပ်ကြပါဦးဗျာ'

ကူညီမည့်လူကတော့ပေါသည်။ သူတို့လူစု ကိုဝေါစကီကို ဝိုင်းမတော့မည့်ဆဲ ဆဲတွင် ဘရန်ဆန်အမြေးအလွှား ရောက်ရှိလာသည်။

'ခင်ဗျားလူ လိမ့်ကျတာ တော်တော်နာသွားတယ်၊ သူ့ကို အသေးစိတ် စစ်ဆေးနိုင်အောင် လူနာတင်ကားဆီ သယ်သွားဖို့လိုတယ်'

'လိမ့်ကျတာလား၊ တွန်းချခံရတာလား'

'ကျုပ် ဘယ်လိုလုပ်ပြီး သိနိုင်မှာတုံး၊ ခင်ဗျား ဒါသက်သက်မဲ့ အချိန်ဖြုန်းနေတာ'

ဘတ်လက်က ဝင်ပြောသည်။

'သူ လိမ့်ကျတာပါ မစ္စတာဘရန်ဆန်၊ အပေါ် ဆုံးလှေကားထစ်မှာ ခြေချော်ပြီး သူ့ကိုယ်သူ ပြန်မဟန်နိုင်ပဲ ဖြစ်သွားတာ'

'သေချာရဲ့လား'

'သောက်ရမ်း သေချာတာပေါ့ဗျာ'

ဘတ်လက်က မခံချင်စိတ်နှင့် ပြန်ပြောသည်။ သူက ထပ်ပြောသေးသော်လည်း မိုးခြိမ်းသံက သူ့စကားသံကို လွှမ်းသွားသည်။ ထို့ကြောင့် သူက ထပ်ပြောသည်။

'သူ အဲဒီလိုဖြစ်တုန်းက သူနဲ့ကျွန်တော် နှစ်ပေလောက်ပဲဝေးတယ်၊ ကျွန်တော်တောင် သူ့ကို ဖမ်းဆွဲဖို့ အချိန်မရလိုက်ဘူး'

အိုဟဲယားက ဘရန်ဆန်ကို လုံးဝ ဂရုမစိုက်တော့ပဲ ကိုဝေါစကီကို လူနှစ်ယောက်၏ အကူအညီနှင့် လူနာတင်ကားဆီ သယ်သွားသည်။ ဘရန်ဆန်က အနားတွင်ရောက်နေသူ သတင်းစာဆရာများကို ကြည့်လိုက်ရာ ရက်ဗ်ဆန်ကို မြင်သွားသည်။

'အဲဒီအချိန်တုန်းက ရက်ဗ်ဆန်ဘယ်မှာလဲ'

'ရက်ဗ်ဆန် သူ့နားမှာ မရှိပါဘူး၊ နောက်ဘက် ငါးခုံကျော် သူ့ခုံပေါ်မှာ သူထိုင်နေတာပါ၊ လူတိုင်း ကိုယ့်နေရာကိုယ်ထိုင်နေကြတယ်၊ တကယ်တော့ ဒါ မတော်တဆဖြစ်တဲ့ကိစ္စပါ မစ္စတာဘရန်ဆန်၊ ဘုရားစူးရပါစေရဲ့လို့ ကျိန်တွယ်ပြောရဲပါတယ်'

'ဟုတ်မှာပါပဲ'



ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်သာ ဝတ်ဆင်ထားသော ဘရန်ဆန်တစ်ယောက်တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ဘရန်ဆန့်ကိုယ်လုံး တုန်ခါသွားသည်။

'ဘုရား ဘုရား၊ တော်ကော်ဆိုးတဲ့ ညပါလား'

ဘရန်ဆန် လူနာတင်ကားဆီသို့ ခပ်သွက်သွက်လျှောက်သွားသည်။ သူရောက်သွားသောအခါ ကိုဝေါစကီကို လူနာတင်ကားဆီရောက်အောင် သယ်ပို့ပေးသူနှစ်ဦး ကားပေါ်ကပြန်ဆင်းလာသည်။ ဘရန်ဆန်က အထဲဝင်သွားသည်။ အိုဟဲယားသည် ကိုဝေါစကီ၏သားရေဂျာကင်အင်္ကျီကို ချွတ်ပေးထားပြီးဖြစ်သည်။ ပြီးတော့ ကိုဝေါစကီ၏ အင်္ကျီလက်ကို တံတောင်ဆစ်အပေါ် ရောက်သည်အထိ ပင့်တင်ထားပြီး ဆေးထိုးအပ်တစ်ချောင်းနှင့် ဆေးထိုးရန် ပြင်ဆင်နေသည်။

ဘရန်ဆန်က မေးလိုက်သည်။

'အဲဒါ ဘာလုပ်ဖို့လဲ'

အိုဟဲယားက ဒေါပွပွနှင့် ပြန်လှည့်လိုက်သည်။

'ခင်ဗျား ဘာကိစ္စ ဒီလိုက်လာတာလဲ၊ ဒါ ဆရာဝန် အလုပ်ဗျ၊ ခင်ဗျားပြန်တော့'

ဘရန်ဆန်က ဘာမှမပြောပဲ အိုဟဲယားက ဆေးစုပ်ယူပြီး အောက်ချထားသော ဆေးပုလင်းခွံကို ကောက်ကိုင်ကြည့်သည်။

'မေးခိုင်ပိုး ကာကွယ်ဆေး ဟုတ်လား၊ သူက ခေါင်းမှာ ဒဏ်ရာရတာ မဟုတ်လား'

အိုဟဲယားက ဆေးထိုးအပ်ကိုပြန်နှုတ်လိုက်ပြီးနောက် အရက်ပြန်စိမ်ထားသော ပိတ်စိမ်းပါးစနှင့် ဆေးထိုးအပ်နှုတ်လိုက်သည့်နေရာကို အပေါ်ကဖိထားသည်။

'ဆေးအကြောင်း ဝါးအကြောင်း လုံးဝနားမလည်တဲ့ လူတွေတောင် အခု လို ဒဏ်ရာရသွားရင် မေးခိုင်ပိုး ကာကွယ်ဆေးထိုးရတယ်ဆိုတာကို သိကြတယ်လို့ ကျုပ်ထင်ထားတာ၊ ခင်ဗျား မေးခိုင်ရောဂါကို တစ်ခါမှ မတွေ့ဖူးသေးဘူး ထင်တယ်'

အိုဟဲယားက ကိုဝေါစကီရင်ဘတ်ကို နားကြပ်နှင့် နားထောင်သည်။ သွေးစမ်းသည်။ ပြီးတော့ အပူချိန်တိုင်းသည်။

'ကဲ၊ ဆေးရုံက လူနာတင်ကားတစ်စီးခေါ်စမ်းပါ'

အိုဟဲယားက ပြောပြောဆိုဆိုနှင့် ကိုဝေါစကီ၏လက်မောင်းတွင် သွေးတိုးအားစမ်းကိရိယာမှ အဝတ်စကို ပတ်လိုက်သည်။

ဘရန်ဆန်က ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မခေါ်ဘူး'

အိုဟဲယားသည် သွေးပေါင်ချိန် မည်မျှရှိနေသည်ကို စမ်းပြီးသည်အထိ ဘာမှ မပြောပဲနေသည်။ ပြီးမှ ထပ်ပြောသည်။

'လူနာတင်ကားခေါ်ပါ'

'ကျုပ် ခင်ဗျားကို မယုံကြည်ဘူး၊ ပြီးတော့ ခင်ဗျားရဲ့ လူနာတင်ကားကိုလည်း အယုံအကြည် မရှိဘူး'

အိုဟဲယားက အဖြေမပေးချေ။ လူနာတင်ကားပေါ်က ခုန်ဆင်းပြီး ရုတ်တရက် မစီးဆင်းနိုင်ပဲ လမ်းပေါ်တွင် ခြောက်လက်မခန့်အထိ တင်နေသေးသော မိုးရေထဲတွင် ခပ်သွက်သွက်ဖြတ်လျှောက်သွားသည်။ ခဏအကြာတွင် ကိုဝေါစကီကို ဝိုင်းချီပေးခဲ့သော လူနှစ်ဦးနှင့်အတူ ပြန်ရောက်လာသည်။

အိုဟဲယားက ပြောလိုက်သည်။

'ဒါ မစ္စတာဂရပ်ဖ်ဘာန်နဲ့ မစ္စတာဖဲယား၊ အင်မတန် ကျော်ကြားထင်ရှားတဲ့ သတင်းစာဆရာနှစ်ယောက်၊ သူတို့ရေးသမျှ ပြောသမျှကို လူတိုင်းက အလေးအနက်ထားကြရတယ်'

'ဒါက ဘာသဘောလဲ'

ဘရန်ဆန်သည် ဤတံတားပေါ်ရောက်သည်မှစ၍ ပထမဦးဆုံးအကြိမ် စိတ်ရှုပ်သွားပုံရသည်။

အိုဟဲယားက သူ့ကို ဂရုမစိုက်ပဲ သတင်းစာဆရာနှစ်ယောက်ကို ထပ်ပြောသည်။

'ကိုဝေါစကီဟာ လိမ့်ကျပြီး ဦးနှောက်ကို ထိခိုက်တဲ့ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်၊ ခေါင်းခွံတောင် ကွဲချင် ကွဲနေမှာ၊ ခေါင်းခွံ ကွဲမကွဲဆိုတာကိုတော့ ဓာတ်မှန်ရိုက်ကြည့်ပြီးမှ ပြောလို့ရမယ်၊ အခု သူဟာ အသက်ရှူသိပ်မြန်ပြီး သွေးခုန်နှုန်း သိပ်နှေးနေတယ်၊ အပူချိန်ရှိတယ်၊ သွေးတိုးအားကလည်း ရှိသင့် ရှိထိုက်တာထက် သိပ်နည်းနေတယ်၊ ဒီအချက်တွေကို ပေါင်းစပ်လိုက်ရင် ဖြစ်နိုင်တာတွေ အများကြီးထဲက ဦးနှောက်သွေးကြောပြတ်တာလည်း တစ်ခုအနေနဲ့ ဖြစ်နိုင်တယ်၊ အခု ဘရန်ဆန်က သူ့အတွက် လူနာတင်ကား မှာမပေးနိုင်ဘူးလို့ပြောတယ်၊ အဲဒါကို ခင်ဗျားတို့က သက်သေအဖြစ် ဆောင်ရွက်ပေးစေချင်ပါတယ်၊ တကယ်လို့ ကိုဝေါစကီသာ သေသွားခဲ့ရင် ခုနက သူမသိတဲ့ လူတွေကို လူသတ်မှုနဲ့ စွဲချက်တင်ခဲ့သလို သူတိုလည်း လူသတ်မှုနဲ့ စွဲချက်တင်ခံရမယ်ဆိုတာ ကောင်းကောင်းကြီး သိတဲ့



အကြောင်း လူကြီးမင်းတို့ကို သက်သေအရာထားပြီး ပြောချင်တယ်'

ဂရပ်ဖ်ဘာန်က ဖြေသည်။

'ကျုပ်သက်သေအဖြစ် ထွက်ဆိုပါ့မယ်လို့ လေးနက်စွာ ကတိပေးပါတယ်'

ဖဲယားကလည်း ပြောသည်။

'ကျုပ်လည်း သက်သေအဖြစ် ထွက်ဆိုပါ့မယ်'

အိုဟဲယားက ဘရန်ဆန်ကို ရှုတ်ချမြစ်တင်သော မျက်နှာထားနှင့် ကြည့်လိုက်သည်။

'ဒါပေမယ့် ခင်ဗျားတစ်သက်မှာ ခင်ဗျားကြောင့် လူတစ်ယောက်မှ မသေခဲ့ဘူးလို့ ခင်ဗျားက ကျုပ်ကို ပြောခဲ့သေးတယ်'

ဘရန်ဆန်က ဖြေသည်။

'သူ ဟိုရောက်သွားတာနဲ့ တစ်မြိုင်နက် သူ့ကို ပြန်မလွှတ်ပဲ ဖမ်းထား မထား ကျုပ်က ဘယ်လိုလုပ်သိနိုင်မှာလဲ'

အိုဟဲယားနှင့် ရက်ဗ်ဆန်တို့သည် ဘရန်ဆန်ကို ဘယ်နည်း ဘယ်ပုံ စိတ်ဓာတ်စစ်ဆင်ရေးတိုက်ပွဲ ဆင်နွှဲသင့်ကြောင်း အကြိမ်ကြိမ် အထပ်ထပ် ဆွေးနွေးထားခဲ့ပြီး ဖြစ်သည်။

'ခင်ဗျားလည်း တဖြည်းဖြည်းနဲ့ တော်တော်လေး ချာလာပြီ၊ ခင်ဗျားလက်ထဲမှာ သမ္မတကြီး၊ ရေနံဘုရင်ကြီးနဲ့ ရေနံမင်းသားတစ်ပါးရှိနေသ၍ ကာလပတ်လုံး သူ့လို အနုံညာတ လူဆိုးတစ်ယောက်ကို ဘယ်သူက အမြန်အလှန် ပြန်ပေးဆွဲထားမှာလဲဗျ'

ဤတွင် ဘရန်ဆန်က ဆုံးဖြတ်လိုက်သည်။ သူ ထိုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းသည် ကိုဝေါစကီ သေသွားမှာကို စိုးရိမ်၍လော၊ သို့မဟုတ် အိုဟဲယား၏ခြောက်လှန့်လုံးကြောင့်လော ဆိုတာကိုတော့ ကွဲကွဲပြားပြား မသိနိုင်ပါချေ။

'သူတို့နှစ်ဦးထဲက တစ်ဦးက ခရိုက်စလာကို လူနာတင်ကားခေါ်ဖို့ ပြောပေးရလိမ့်မယ်၊ ကျုပ်ကတော့ ကိုဝေါစကီ လူနာတင်ကားပေါ် ချောချော မောမောရောက်တဲ့အထိ ခင်ဗျားကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး'

အိုဟဲယားက မထူးခြားဟန်နှင့် ပြန်ဖြေသည်။

'ခင်ဗျား သဘောအတိုင်းပါပဲဗျာ၊ ကဲ ဒီကလူကြီးမင်းများကကော'

'အားရဝမ်းသာ ဆောင်ရွက်ပေးပါ့မယ်ဗျာ'

သတင်းစာဆရာနှစ်ဦး ပြန်သွားကြသည်။ အိုဟဲယားက ကိုဝေါစကီတို့

www.burmeseclassic.com



စောင်မြဲပေးသည်။ ဘရန်ဆန်က မသက်သာသောလေသံနှင့် မေးမြန်သည်။

'ဒါက ဘာလုပ်မြန်တာတုံး'

'မရှိတာထက် မသိတာက ပိုခက်တယ်ဆိုတာ ဒါမျိုးပေါ့ဗျာ၊ ဒီက ခင်ဗျား မိတ်ဆွေဟာ သွေးလန့်နေတယ်၊ ဒီလို သွေးလန့်နေသူတွေကို ကုသမယ်ဆိုရင် ပထမဦးဆုံး နွေးနွေးထွေးထွေးဖြစ်အောင် လုပ်ပေးဖို့လိုတယ်'

ထိုအခိုက်တွင် သူတို့ခေါင်းပေါ် တည့်တည့်မှ အလွန်ကျယ်လောင်သော မိုးခြိမ်းသံသည် နားကွဲလုမတတ်ပေါ်လာသည်။ ထိုမိုးခြိမ်းသံသည် ချက်ချင်း ရပ်တန့်မသွားပဲ လေးငါးစက္ကန့်ကြာမှတိတ်သွားသည်။ အိုဟဲယားက ဖန်ခွက်ထဲသို့ ဝီစကီလောင်းထည့်ရင်းပြောလိုက်သည်။

'ကမ္ဘာကြီးပျက်စီးတော့မယ့် အတိတ်နမိတ်ပဲ ထင်ပါရဲ့'

ဘရန်ဆန်က ပြောလိုက်သည်။

'ကျုပ်လည်း နည်းနည်းသောက်ချင်တယ်'

အိုဟဲယားက လိုက်လိုက်လျောလျော ပြန်ဖြေသည်။

'ကိုယ့်ဘာသာတိုယ် ကြိုက်သလောက် ယူသောက်ပါဗျာ'

□

ရွှေတံခါးရေလက်ကြားထဲသို့ လိမ့်ကျခဲ့သူတစ်ဦးအလား တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသော ရက်ဗ်ဆန်သည် နွေးနွေးထွေးထွေးရှိလှသော ရှေ့ဆုံးကားထဲမှနေ၍ ထမ်းစင်ပေါ်တင်ထားသည့် ကိုဝေါ်စကီ၏ ခန္ဓာကိုယ်ကြီးကို လူနာတင်ကားက သယ်ဆောင်သွားသည်အထိ စောင့်ကြည့်နေသည်။ ယခုလိုဖြစ်လာအောင် လုပ်ခဲ့ရသည့် အဓိကရည်ရွယ်ချက်မှာ သူ့လက်ထဲသို့ အပ်ချည်ကြိုး၊ ရေလုံသံဗူး၊ လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ငွေ့ဗူးများ ရောက်ရှိလာစေရေးအတွက်ပင်ဖြစ်သည်။ ဓာတ်ငွေ့ဗူးက သူ့ကုတ်အကျႌအိတ်ထဲမှာရှိသည်။ ကျန်သုံးမျိုးကတော့ ဘတ်စ်ကားကြီးအောက်တွင်ရှိနေသည်။ ပြီးတော့ ဘရန်ဆန် တပည့်များထဲတွင် နိုးနိုးကြားကြား အရှိဆုံးနှင့် အများဆုံး သတ္တိမကောင်းဖြစ်တတ်သူ ကိုဝေါ်စကီကို ရှင်းလင်းပစ်လိုက်နိုင်ခြင်းသည် သူ့အဖို့ အမြတ်ထွက်လာခြင်းပင်ဖြစ်သည်။ သူက ဓာတ်ငွေ့ဗူးအကြောင်း တွေးလိုက်မိသည်။ ထို့ကြောင့် အေပရဲလ်ကို တံတောင်ဆစ်နှင့် အသာအယာတွက်လိုက်ပြီးမှ အသံခပ်တိုးတိုးနှင့် ပြောလိုက်သည်။



'ကိုယ်ပြောတာကို သေသေချာချာ နားထောင်နော်၊ ပြီးတော့ ကိုယ်မေးခွန်းတာ သိပ်အူကြောင်ကြောင်ဖြစ်နေရင်ဟောင် ဘာမှပြန်မေးမနေနဲ့ အလုအပ သိပ်မတော်တဲ့ မိန်းကလေးတွေဟာ ဆံပင်ကိုဖျန်းတဲ့ ရေမွှေးဗူးမျိုး သွားလေရာ လာလေရာ ယူသွားလေ့ရှိသလား'

အေပရဲလ်က မျက်တောင်တဖျတ်ဖျတ်ခတ်လိုက်သည်။ သို့သော် ထူးထူးထွေထွေ အံ့ဩပုံတော့မပြ။

'တစ်ချို့မိန်းကလေးတွေကတော့ ယူသွားတတ်ကြတယ်'

ရက်ဗ်ဆန်က ဓာတ်ငွေ့ဗူးကို သူတို့နှစ်ယောက်ကြားထဲရောက်အောင် ယူချလိုက်သည်။

'ဒါဖြင့်ရင် ဒီဗူးလေးကို မင်းအိတ်ကြီးထဲ ထည့်ထားစမ်းပါ၊ အနံ့ကတော့ စနွတ်ဗူးနံ့ပဲ၊ ဒါပေမယ့် သွားမရှူလိုက်နဲ့နော်'

'ဒီဗူးထဲမှာ ဘာပါတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မ ကိုယ်ပေါ်မှာ ဒီပစ္စည်းကိုတွေ့သွားရင် ကိစ္စမရှိဘူး ထင်လို့လား၊ တကယ်လို့ ပလိုင်ဖောနဲ့ လက်သည်းခွံကို ခွာမယ်ဆိုရင်. . .'

'မခွာပါဘူးကွာ၊ ပြီးတော့လည်း သူတို့ မင်းအိတ်ကြီးကို ရှာပြီးပါပြီ၊ အဲဒီ ရှာတဲ့လူတွေဟာ အိတ်ပေါင်းများစွာကို ရှာခဲ့တဲ့အတွက် ဘယ်အိတ်ထဲမှာ ဘာပစ္စည်းပါတယ်ဆိုတာကို မှတ်မိမှာ မဟုတ်ဘူး၊ ပြီးတော့ မင်းကို ဘယ်သူမှ စောင့်ကြည့်မနေဘူး ငါ့ကိုသာ သံသယအဝင်ဆုံး ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုထားကြတာပါ'

ညဆယ်နာရီထိုးသောအခါ ကားတစ်ကားလုံး ငြိမ်သက်သွားလေပြီ။ အားလုံး လိုလို အိပ်ပျော်နေကြသည့်အပြင် မိုးလည်း အနည်းငယ်စဲစပြုလာသည်။ သို့သော် မိုးခြိမ်းသံ မကြာခဏ ပေါ်ထွက်နေသည့်အပြင် လျှပ်စီးကလည်း မကြာခဏ လက်နေသည်။

ရက်ဗ်ဆန်က အနောက်တောင်ထောင့်ဆီသို့ ခေါင်းကိုစောင်းငဲ့ကြည့်လိုက်၏။ လင်ကွန်းပန်းခြံရှိရာအရပ်ဆီမှ ထူးထူးခြားခြား အရေးအခင်းဖြစ်ပေါ်လာခြင်းမျိုးကို မတွေ့ရသေးချေ။ သူပို့လိုက်သည့်သတင်းကို ကမ်းပေါ်ကလူတွေ တလွဲတချော်အဓိပ္ပာယ်ကောက်ကြလေသလော၊ သို့တည်းမဟုတ် တမင်ကလာ လုပ်မပေးခြင်းပေလော၊ အဓိပ္ပာယ်ကောက်လွဲတာလည်း မဖြစ်နိုင်။ တမင်မလုပ်ပဲနေတာလည်း မဖြစ်နိုင်။ မိုးသိပ်သည်းနေသဖြင့် မီးရှို့၍ မရနိုင်တာသာဖြစ်ရပေမည်။

ဆယ်နာရီ ခုနစ်မိနစ်ခန့်တွင် အနောက်တောင်အရပ်ဆီမှ နီရဲရဲမီးရောင်တို

www.burmeseclassic.com

www.burmeseclassic.com



စမြင်ရသည်။ ထိုမီးရောင်ကို ပထမဦးဆုံးမြင်ရသူမှာ သူပင်ဖြစ်သော်လည်း သူက စမပြောသင့်ဟုဆုံးဖြတ်ပြီး ငြိမ်နေလိုက်သည်။ မိနစ်ဝက်ခန့်ကြာသောအခါ ရေနံချေးကို ရွှဲထားသော မီးတောက်ကြီးသည် ပေငါးဆယ်ခန့်အထိမြင့်လာသည်။

ထိုမီးလောင်မှုကို စတွေ့သူမှာ ဘတ်လက်ပင်ဖြစ်သည်။ သူက ယာဉ်မောင်းသူ ထိုင်ခုံနောက်ရှိ တံခါးပေါက်ဝ၌ မတ်တတ်ရပ်ရင်း ထအော်သည်။

'ဘုရား၊ ဘုရား၊ ဘာဖြစ်တာလဲဆိုတာ ကြည့်ကြစမ်းပါဦးဗျာ'

သူ့အသံကြောင့် လူတိုင်းလိုလို အိပ်ရာမှနိုးလာပြီး လှည့်ကြည့်ကြသည်။ အမြင်ဘက်တွင် မိုးသည်းထန်စွာရွာနေဆဲဖြစ်သဖြင့် ကောင်းကောင်းမြင်ကြရသည် တော့မဟုတ်။ ထို့ကြောင့် မီးရောင်ရှိရာသို့ အတင်းတိုးသွားသော ပိုးဖလံများပမာ ဘတ်စ်ကားတံခါးပေါက်ဆီသို့ တိုးဝှေ့သွားကြသည်။ ထိုနေရာမှကြည့်သော် ပို၍ ထင်ထင်ရှားရှား မြင်ကြရသည်။ ပေတစ်ရာခန့်အထိ မြင့်မားလာပြီဖြစ်သော မီးတောက် မီးလျှံများနှင့် မီးခိုးလုံးကြီးများသည် တစ်စက္ကန့်ထက် တစ်စက္ကန့် ပိုများလာသည်။ ဤတွင်ပို၍မြင်ရသောနေရာမှ ကြည့်နိုင်ရန် မိုးကို လုံးဝဂရုမစိုက်တော့ပဲ တံတားလက်ရန်း ဆီသို့ ပြေးသွားကြပြန်သည်။ အလယ်ကားထဲမှ ပုဂ္ဂိုလ်များသည်လည်း သူတို့နည်းတူ တံတားပေါ်သို့ ရောက်ရှိနေလေပြီ။

ရှေ့ဆုံးကားထဲမှ ပထမဦးဆုံး အပြင်ထွက်လာသည့် လူစုထဲတွင် ရက်ဗ်ဆန် ပါသော်လည်း မီးလောင်သည့်နေရာသို့ ပြေးကြည့်သည့်လူစုထဲတွင် ရက်ဗ်ဆန် မပါချေ။ ရက်ဗ်ဆန်က ကားရှေ့ပိုင်းသို့ ခပ်မှန်မှန်လျှောက်သွားပြီး ကားခေါင်းရှေ့မှကွေ့၍ နောက်ဘက်သို့ သုံးလေးလှမ်း ပြန်လျှောက်သည်။ ထို့နောက် ရေလုံအဝတ်စနှင့် ထုပ်ထားသည့်အထုပ်ကို ကောက်ယူလိုက်သည်။ ထိုအချိန်တွင် သူ့ကို မည်သူကမျှ သတိမထားမိကြလိုက်ချေ။ သူ့ကို မော်တော်ကားကြီးတစ်စီးလုံး ကွယ်နေသည့်အပြင် အားလုံးသော ပုဂ္ဂိုလ်များသည် သူနှင့်ဆန့်ကျင်ဘက်အရပ်သို့ လှမ်းကြည့်နေသော ကြောင့်ဖြစ်သည်။

ရက်ဗ်ဆန်သည် အထုပ်ထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်ပြီးနောက် ညာဘက်သို့ လေးဆယ့်ငါးဒီဂရီစောင်း၍ 'ကယ်တော်မူပါ' ဟု တစ်ကြိမ်တည်း အချက် ပြလိုက်သည်။ ထို့နောက် လက်နှိပ်ဓာတ်မီးကို အိတ်ထဲပြန်ထည့်ပြီး တံတား၏တစ်ဖက် လတ်ရန်းဆီသို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်လာသည်။ ထိုသို့ပြန်လျှောက်လာစဉ် ဝယ်ဘက်ပခုံးပေါ်မှ နောက်ဘက်သို့ မကြာခဏ ပြန်ပြန်လှည့်ကြည့်လာသည်။ လမ်းတစ်ဝက်သို့ရောက်သောအခါ အံ့ရှေ့တောင်ထောင့်ဆီမှ မီးကျည်တစ်ခု မိုးပေါ်သို့



...တက်သွားကြောင်း တွေ့လိုက်ရသည်။

ရက်ဗ်ဆန်သည် အိုဟဲယားရပ်နေသည့်အနားသို့ လျှောက်သွားသည်။ အိုဟဲ ယားသည် သတင်းစာဆရာအုပ်စုနှင့်မရောပဲ ခပ်ခွာခွာ ရပ်နေခဲ့သည်။ အိုဟဲယားက ပြောသည်။

'ခင်ဗျားသာ မီးရှို့စားရင် တော်တော်အောင်မြင်လိမ့်မယ်'

'ဒါ အစလောက်ပဲရှိသေးတယ်၊ နောက်တစ်ကြိမ် ရှို့မယ့်မီးကို စောင့် ကြည့်ပါ ဦးလေ၊ မီးကျည်မီးပန်းကိစ္စကိုတော့ ထည့်မပြောတော့ပါဘူး၊ ကဲ နောက် ဆုံးကားခေါင်း ပေါ်ကို လှမ်းကြည့်ရအောင်'

သူတို့တစ်မိနစ်ခန့်ကြာအောင် စောင့်ကြည့်နေကြသော်လည်း ဘာမှ ထူးခြား ရှိမလာ၊ အိုဟဲယားက ပြောလိုက်သည်။

'ဘာလဲ စိတ်ပူနေပြီလား'

'စိတ်မပူပါဘူး၊ အစီအစဉ်အတိုင်းမဖြစ်ပဲ အချိန်နည်းနည်းလောက် နောက်ကျ တာပဲဖြစ်ပါလိမ့်မယ်၊ မျက်တောင်မခတ်နဲ့နော်'

အိုဟဲယားသည် မျက်တောင်မခတ်စိုက်ကြည့်နေသောကြောင့် အလွန် ရှုပြင်းထန်သော အပြာနုရောင် မီးပွားကလေးတစ်ခု ဖျတ်ကနဲလင်းသွားသည်ကို မြင်လိုက်ရသည်။ ထို့ကြောင့် အိုဟဲယားက မေးလိုက်သည်။

'ခင်ဗျားကော မြင်လိုက်သလား'

'မြင်လိုက်တယ်၊ ဒါပေမယ့် ထင်ထားတာထက် ပိုမြန်တယ်'

'ရေဒီယိုလိုင်းကိုဖမ်းမယ့် ကိရိယာ ပျက်သွားပြီပေါ့'

'ဟုတ်တယ်၊ ပျက်သွားပြီ'

'ကားထဲကလူတွေ ကြားများသွားမလား'

'မဖြစ်နိုင်ပါဘူး၊ ပြီးတော့ ကားထဲမှာ ဘယ်သူမှ မရှိတာ၊ သူတို့အားလုံး ဒီရောက်နေကြတာပဲ၊ ဒါပေမယ့် အလယ်ကားရဲ့ နောက်ဘက်ပိုင်းမှာတော့ လှုပ်လှုပ် ရွရွဖြစ်နေတာတွေ့ရတယ်၊ ဘရန်ဆန်တစ်ယောက် ဟိုမေး ဒီမေး လုပ်နေပြီဆိုတာ သေချာတယ်'

မှန်သည်၊ ဟိုမေး ဒီမေး လုပ်နေသည်ဆိုတာ သေချာသည်။ သူက ခင်ဗိုက် စလာကို ဘေးနားမှာထားပြီး တယ်လီဖုန်းထဲသို့ မာမာကျောကျော စကားပြောနေ သည်။

'ဒါဖြင့်ယင် ဘာဖြစ်တာလဲဆိုတာ ခုချက်ချင်း စုံစမ်းပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဟင်းဒရစ်ကလည်း စိတ်ပျက်သောလေသံနှင့် ပြန်ဖြေသည်။

'ကျုပ်လည်း အစွမ်းကုန် ကြိုးစားနေတာပဲ၊ ဒါပေမယ့် သဘာဝအလျော ဖြစ်လာတဲ့ ကိစ္စတွေကို ကျုပ် ဘယ်လိုလုပ်ပြီး တာဝန်ယူနိုင်ပါ့မလဲ၊ ပြီးတော့ ခုကိစ္စ နှစ်ပေါင်းများစွာအတောအတွင်း မိုးကြိုးအများဆုံး အပစ်ခံရတဲ့ ကိစ္စဆိုတာ ခင်ဗျာ မသိဘူးလား၊ မီးသတ်ညွှန်ချုပ်ကတော့ မြို့ထဲမှာ ဆယ်နေရာ၊ ဆယ့်နှစ်နေရာလော မီးထလောင်နေလို့ သူလူတွေ မီးလိုက်သတ်နေရတယ်လို့ သတင်းပို့ထားတယ်'

'ကျုပ် စောင့်နေမယ် ဟင်းဒရစ်'

'ကျုပ်လည်း အဖြေကို စောင့်နေတာပါပဲ၊ ဒါပေမယ့် လင်ကွန်းပန်းခြံ မီးလောင်တာကြောင့် ခင်ဗျားလုပ်ငန်းကို ဘယ်လိုမှ ထိခိုက်စရာ မရှိဘူး၊ ဒီမီးကြော မီးခိုးလုံးကြီးတွေတက်လာတာ မှန်တယ်၊ ဒါပေမယ့် အနောက်လေ တိုက်နေတဲ့အတွ ခင်ဗျားတို့ဆီ အဲဒီမီးခိုးတွေရောက်လာစရာ အကြောင်းမရှိဘူး၊ ခင်ဗျား သက်သက် ဂျီအိုး ဂျိုလန်ဖြစ်နေတာ၊ အဲ ခဏနေဦး၊ ဒီမှာ အစီရင်ခံချက်တစ်ခု ဝင်လာတယ်'

ဟင်းဒရစ်ဘက်မှ ခဏငြိမ်သက်သွားပြီးနောက် သူ့အသံပြန်ပေါ်လာသည်။

'လမ်းဘေးမှာရပ်ထားတဲ့ ရေနံတင်ကားကြီးသုံးစီး တစ်စီးရဲ့ ရေနံပြန်ထုတ် တဲ့ပိုက်က မြေကြီးနဲ့ထိနေတယ်၊ အဲဒီ ရေနံတင်ကားကို မိုးကြိုးပစ်ခံရတာ မြင်လိုက်ရတဲ့ သက်သေတွေရှိတယ်၊ အခု မီးသတ်ကားနှစ်စီးနဲ့ ငြိမ်းနေတယ်၊ မီးစွယ်တောင်နည်း နည်းကျိုးသွားပြီ၊ ကဲ ကျေနပ်ပလား'

ဘာရုန်ဆန်က အဖြေမပေးပဲ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချသွားသည်။

❐

မီးစွယ်တျိုးပြီဆိုတာ အမှန်ပင်ဖြစ်သည်။ မီးသတ်သမားများက အတော် ကြာကြာစောင့်ကြည့်နေပြီးနောက် မီးလောင်နေသော ရေနံစည်ကြီးများကို ဓာတုဗေဒ ဓာတ်ဆေးရည် (အမြှုပ်) နှင့် ငြိမ်းသတ်နေလေပြီ။ မီးစလောင်ပြီးနောက် ဆယ့်ငါးမိနစ် အကြာတွင် မီးသေသွားသည်။ မီးလောင်သည့်ရှုခင်းကို ဝိုင်းကြည့်နေသူများသည် အင်တင်တင်နှင့် ကိုယ့်ကားဆီ ကိုယ်ပြန်သွားကြသည်။ သို့သော် သူတို့အတွက် ပျော်ပွဲ ရွှင်ပွဲသည် ယခုမှ စ ခါစရှိသေးသည်။

မြောက်ဘက်စူးစူးအရပ်မှ မီးရောင်ထွက်ပေါ်လာပြန်သည်။ ဒုတိယမီးမှာ ပထမမီးထက် ပိုများသည်။ ပိုမြန်သည်။ ပိုလင်းသည်။ ထို့ကြောင့် ဆန်ဖရန်စစ္စကို



သယ်ကောင်ရှိ မီးရောင်များသည်ပင် ပိုမှိန်သွားသလို မြင်နေရသည်။ သူတာရှိရာသို့ သွားနေသော ဘာရန်ဆန်သည် သမ္မတကြီးစီးသော အလယ်ကားဆီသို့တစ်ခေါက် ပြေးလာရပြန်သည်။ ကားနောက်ပိုင်းရှိ ဆက်သွယ်ရေးမှူးခန်းထဲတွင် တယ်လီဖုန်း စ်လုံးမှ ခေါင်းလောင်းသံ အဆက်မပြတ်မြည်နေသည်။ ထို့ကြောင့် ဘာရန်ဆန်က ာက်ယူနားထောင်လိုက်သည်။ တစ်ဘက်မှဆက်သူမှာ ဟင်းဒရစ်ပင်ဖြစ်သည်။

ဟင်းဒရစ်က စပြောသည်။

'ခင်ဗျားအရင် ကျုပ်တို့က စဆက်နိုင်တဲ့အတွက် ဂုဏ်ယူပါတယ်၊ ဒီကိစ္စလည်း ျပ်တို့နဲ့ လုံးဝမပတ်သက်ဘူး၊ ပြီးတော့လည်း ခင်ဗျားတို့ဆီ မီးခိုး မရောက်နိုင်မှန်း ိုက်နဲ့ ကျုပ်တို့က ဘာပြုလို့ မီးရှို့နေရမှာလဲ၊ မိုးလေဝသ အရာရှိတစ်ယောက် တော့ သုံးစက္ကန့် လေးစက္ကန့်ကြာတိုင်း မိုးကြိုးတစ်ကြိမ် ပစ်နေတယ်လို့ ပြောတယ်၊ တော့ မီးလောင်တတ်တဲ့ပစ္စည်းကိုသွားမှန်ရင် မီးလောင်တော့မှာ သိပ်သေချာတယ်၊ အကြောင်းထူးရှိရင် ခင်ဗျားဆီ ကျုပ်ပြန်ဆက်မယ်'

ပထမဦးဆုံးအကြိမ်အဖြစ် ဟင်းဒရစ်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချ သွားသည်၊ ဘာရန်ဆန်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်၏။ ဘာရန်ဆန် တစ်ယောက် စိတ်ရှုပ်လာပုံရသည်။

မီးတောက်မီးလျှံများသည် ယခုအချိန်တွင် မြို့ထဲရှိ အမြင့်ဆုံး အဆောက်အအုံ များနီးပါး ပေခြောက်ရာ၊ ပေခုနစ်ရာခန့်အထိ မြင့်နေလေပြီ။ ရေနံဆီပေပါများပေါ်တွင် မော်တော်ကားတာယာဟောင်းများကိုတင်၍ မီးရှို့ခြင်းဖြစ်သောကြောင့် မီးခိုးလုံးကြီး များသည်မည်းမှောင်နေကြသည်။ သို့သော် မီးသတ်ကားခြောက်စီးခန့်နှင့် ဓာတုဗေဒ ဆေးရည် (အမြှုပ်) ပါသော ကားခြောက်စီးခန့်က အရန်သင့် နံဘေးမှစောင့်နေကြ သည်။

ယခုတစ်ကြိမ်တွင် ပို၍စိတ်လှုပ်ရှားနေကြသော သတင်းစာဆရာများက ထိုမီးသည် မြို့ထဲသို့ ကူးစက်လောင်ကျွမ်းသွားလေမလားဟု အမျိုးမျိုးတွေးပြီး ဆွေးနွေး နေကြသည်။ တံတားအရှေ့ဘက် လက်ရန်းတွင် ရပ်နေသူ မြို့တော်ဝန်မော်ရီဆန်ကမူ လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အ,မနာပစကားလုံးများကို အဆက် ပြတ် မြည်တွန်တောက်တီးနေသည်။ သူ့မျက်လုံးအစုံမှ မျက်ရည်များတတွေတွေ ကျဆင်းနေသည်။

အိုဟဲယားက ရက်ဗ်ဆန့်ကို ပြောလိုက်သည်။

'ခင်ဗျား လုပ်သင့်တာထက်ပိုပြီး ချဲ့ကားပစ်လိုက်တာ မဟုတ်ဘူးလို့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်'

ရက်ဗ်ဆန်က ပြုံးလိုက်သည်။

မီးသွေးရှို့တာ ကျုပ်မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် စိတ်တော့မပူပါနဲ့နော်၊ ဒီလူတွေဟာ သူတို့ကိစ္စကိုသူတို့ ကောင်းကောင်းကြီးနားလည်မယ့်လူတွေပါ၊ အခု ကျုပ်တို့ စောင့်ကြည့်ရမှာက မီးကျည်မီးပန်းတွေ ကိစ္စပဲ'

❒

သံမှူတကြီး၏ ဆက်သွယ်ရေးစခန်းမှ တယ်လီဖုန်းတစ်လုံးမြည်လာသည်။ ဘရန်ဆန် ချက်ချင်းကောက်ကိုင်လိုက်သည်။

'ဟင်းဒရစ်ပါ၊ ဖွိဒ်မေဆန် (မေဆန်ခံတပ်) မှာရှိတဲ့ ရေနံဆီလှောင်ကန်ကြီး တစ်ခု ထမီးလောင်တာပါ၊ အခုပဲ ကျုပ်ဆီကို မီးသတ်ဌာနချုပ် ဖုန်းဆက်တယ်၊ သူပြောသား အလိုကတော့ မြင်ရတာသာ ကြောက်စရာကောင်းတာ၊ ဘာမှ စိုးရိမ်ဖို့ မရှိဘူးလို့ ပြောတယ်'

တကယ်တော့ ဖွိဒ်မေဆန်တွင် ရေနံဆီလှောင်ကန် မရှိပါ၊ သို့သော် ဘရန်ဆန်သည် ကယ်လီဖိုးနီးယားပြည်နယ်သား သို့မဟုတ် ဆန်ဖရန်စစ္စကိုမြို့သား ဟုတ်ဟန်မတူသဖြင့် ထိုကိစ္စကို သိမည့်ပုံလည်းမပေါ်ချေ။

'နေပါဦး၊ ဟိုဟာတွေက ဘာလဲ'

ဘရန်ဆန်က အော်ကြီးဟစ်ကျယ် မေးလိုက်ခြင်းဖြစ်သည်။ အမြဲတမ်း တည်ငြိမ်မှုရှိသော ဘရန်ဆန်တစ်ယောက် ဣန္ဒြေပျက်သွားရှာလေပြီ။

'ဘာကိုပြောတာလဲ'

တည်ငြိမ်အေးဆေးစွာ ပြန်မေးလိုက်သော ဟင်းဒရစ်လေသံက ဘရန်ဆန် ဒေါသကိုဆွပေးသလိုဖြစ်သွားသည်။

'ဟို မီးကျည်မီးပန်းတွေကို ပြောတာ၊ အဲဒါက ဘာဖြစ်ရပြန်တာလဲ၊ ခင်ဗျား မမြင်ဘူးလား'

'ကျုပ်ထိုင်နေတဲ့နေရာက မမြင်ရဘူး၊ ခဏနော်'

ဟင်းဒရစ်က ဆက်သွယ်ရေးယာဉ်၏နောက်ဘက်ပိုင်းဆီလျှောက်သွားသည်။ ဘရန်ဆန် အပိုပြောနေခြင်း မဟုတ်ပေ။ အဆက်မပြတ်ပေါက်ကွဲနေသော ရောင်စုံမီးကျည်မီးပန်းများကြောင့် ကောင်းကင်တစ်ပြင်လုံး လင်းထိန်နေသည်။ အကယ်၍သာ



ဘရန်ဆန်သည် ခါတိုင်းလို စိတ်တည်ငြိမ်နေမည်ဆိုပါက ထိုမီးကျည် မီးပန်းများကို ဆန်ဖရန်စစ္စကို ပင်လယ်အော်ရေပြင်ထဲကျအောင် တစ်နေရာတည်းက ချိန်၍ ပစ်ဖောက်နေခြင်းသာဖြစ်ကြောင်း ရိပ်မိသွားနိုင်သည်။ ဟင်းဒရစ်က တယ်လီဖုန်းဆီ ပြန်သွားသည်။

'ကြည့်ရတာ တရုတ်တန်းဆီကလို့ ထင်ရတယ်၊ တရုတ်နှစ်သစ်ကူးပွဲ လုပ်တာတော့ ဟုတ်မယ်မထင်ဘူး၊ ကျုပ်ပြန်ခေါ်မယ်လေ'

❒

ရက်ဗ်ဆန်က အိုဟဲယားကို ပြောလိုက်သည်။

'ခင်ဗျား ဂျူတီကုတ်အဖြူကြီးကို ချွတ်ပစ်လိုက်စမ်းပါ၊ မှောင်လာရင် သူတထင်းထင်းကြီး ဖြစ်နေလိမ့်မယ်'

သူက ပြောပြောဆိုဆိုနှင့် အဖြူရောင်ဖောင်တိန်ကို လှမ်းပေးသည်။

'ဘယ်လိုလုပ်ရမယ်ဆိုတာ သိတယ်မဟုတ်လား'

'ကလစ်ကို မ လိုက်ပြီး အဖုံးဘက်ကဘုကလေးကို နှိပ်လိုက်ရုံပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျားဆီကို သိပ်ကပ်လာတဲ့လူဆိုရင် မျက်နှာဆီချိန်ပြီး ပစ်ပေတော့၊ အပ်ကိုတော့ ခင်ဗျား ပြန်နုတ်ရလိမ့်မယ်နော်'

'ဆရာဝန့် ကျင့်ဝတ်တော့ ပျက်စီးကုန်ပါပြီဗျာ'

❒

ဘရန်ဆန်က တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဟုတ်ကဲ့'

'ဟုတ်တယ်၊ တရုတ်တန်းကပဲ၊ မီးကျည်မီးပန်းတွေ ထုတ်လုပ်တဲ့စက်ရုံတစ်ခုကို မိုးကြိုးပစ်သွားတယ်၊ ဒီမိုးကြိုးက ဘယ်လောက်ထိအောင် ဆက်နှိပ်စက်နေမလဲဆိုတာ ဘုရားမှသိတော့မယ်'

ဘရန်ဆန်သည် အလံယက်ကားပေါ်မှဆင်းခဲ့ပြီးနောက် အရှေ့ဘက် သံထဲတိုင်နားတွင်ရပ်နေသော ဗန်အက်ဖင်ထံ လျှောက်သွားသည်။ ဗန်အက်ဖင်က လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုမြင်ကွင်းမျိုး တစ်ခါမှ မမြင်ရသေးဘူး'

'ငါကတော့ အရသာခံပြီး မကြည့်ချင်ဘူး'

'ဘာဖြစ်လို့'

'ဒါ တို့အတွက် တမင်လုပ်ပြနေတာပဲလို့ ငါ့စိတ်ထဲမှာ သရိုးသရီဖြစ်နေတယ်'

'ဒီကိစ္စက ကျွန်တော်တို့ကို ဘယ်လိုလုပ်ပြီး လာထိခိုက်နိုင်မှာမို့လို့လဲ၊ ကျွန်တော်တို့ အနေအထားပျက်စီးစရာအကြောင်းမရှိဘူး၊ ကျွန်တော်တို့လက်ထဲမှာ သမ္မတကြီးနဲ့အဖွဲ့ ဓားစာခံအဖြစ်ရှိနေပြီ မဟုတ်လား'

'ဒါပေမယ့်'

'စိတ်ထဲမှာ တစ်မျိုးတစ်မည် ထင်နေတုန်းပဲလို့ ဆိုချင်တယ် မဟုတ်လား'

'တစ်မျိုးတစ်မည်လောက်တင် ဘယ်ကမလဲ၊ ငါ့ရင်ဘတ်ထဲမှာ ပုစွန်ဆိတ်အကောင်တစ်ရာလောက်ဝင်ခုန်နေသလို တဇတ်ဇတ်ဖြစ်နေတာ၊ နောက်ထပ်ဘာဆက်ဖြစ်မလဲမသိဘူး၊ ဒါပေမယ့် တို့ကိုအနှောင့်အယှက်ပေးမယ့် ကိစ္စပဲလို့ ထင်နေတယ်'

ထိုအခိုက်တွင် တံတားကြီးတစ်ခုလုံးနှင့် ဆန်ဖရန်စစ္စကိုမြို့၏မြောက်ဘက်တစ်ခြမ်းလုံး မှောင်အတိကျသွားသည်။ တံတားပေါ်တွင် စက္ကန့်အနည်းငယ်ကြာအောင် ငြိမ်ကျသွားသည်။ တံတားပေါ်တွင် မှောင်အတိကျသွားသည်ဟု မဆိုသာ။ ဘတ်စ်ကားများပေါ်တွင် မီးရောင် အနည်းငယ်ရှိနေသည်။ ဗန်အက်ဖင်က ပြောလိုက်သည်။

'ခင်ဗျားစိတ်ထဲက သရိုးသရီဖြစ်နေတာ မှန်သွားပြီ၊ ဗေဒင်ဟောစားရင် တော်တော်ကလေး ပွနိုင်တယ်'

'ကဲ ဓာတ်အားပေးစက်ကိုနှိုးစမ်း၊ တောင်ဘက်နဲ့ မြောက်ဘက် တံတားတိုင်မျှော်စင်တွေဆီကို မီးမောင်းကြီးတွေနဲ့ထိုးထားစမ်း၊ ပြီးတော့ ဟိုစက်သေနတ်အကြီးစားတွေကို ကျည်ဆန်အသင့်ထိုး၊ မောင်းတင်ပြီးအသင့်ရှိနေပေစေ၊ စက်သေနတ်အကြီးတစ်လက်မှာ စက်သေနတ်အငယ်စား ကိုယ်စီကိုင်ထားတဲ့ လူသုံးယောက်စီရှိနေရမယ်၊ ငါက တောင်ဘက်မျှော်စင်ဆီသွားမယ်၊ မင်းက မြောက်ဘက်မျှော်စင်ဆီသွားပြီး အသင့်လုပ်ခိုင်းထားစမ်း၊ သူတို့ကို နှိုးဆော်ပြီးတဲ့အခါကျရင် မင်းက နှစ်ဘက်စလုံးကို ကြီးကြပ်ကွပ်ကဲမှုပေးရမယ်၊ ပြီးမှ ငါက ဒါဘာဖြစ်တာလဲလို့ ဟိုခွေးမသားတင်းဒရစ်ကို မေးမယ်'

'ရှေ့ပိုင်းက ဝင်တိုက်မယ်ထင်လို့လား မစ္စတာဘရန်ဆန်'



'ဘာဖြစ်မလဲဆိုတာ ငါဘယ်သိမလဲကွ၊ ဒါပေမယ့် ပေါ့ပေါ့ဆဆနေလို့ ဘယ်ဖြစ်မလဲ၊ ကဲ သွားစမ်းကွာ မြန်မြန်'

ဘရန်ဆန်က တောင်ဘက်သို့ပြေးသွားသည်။ နောက်ဆုံး ကားနားသို့ရောက်သောအခါ သူက အော်လိုက်သည်။

'ဟောကောင် ခရိုက်စလာ၊ ဓာတ်အားပေးစက်ကို မြန်မြန်နှိုးစမ်း'

ဘရန်ဆန်နှင့် ဗန်အက်ဖင်တို့ မျှော်စင်နားဆီမရောက်ကြမီ ဓာတ်အားပေးစက်နှိုးလာသည်။ အားကောင်းလှသော မီးမောင်းကြီးများက မျှော်စင်ကြီးနှစ်ခုစလုံးကို ထိန်နေအောင် ထိုးထားပြီးဖြစ်သည်။ ထိုကဲ့သို့ မျှော်စင်နှစ်ခု လင်းထိန်သွားသောကြောင့် တံတားအလယ်ပိုင်းသည် ယခင်ကထက် ပိုမှောင်သွားသည်။ စက်သေနတ်ကြီးများကို အသင့်မောင်းတင်ပြီးလေပြီ။ စက်သေနတ်အဖွဲ့သားများသည်လည်း သူနေရာနှင့်သူ အသင့်ရှိနေလေပြီ။ ဗန်အက်ဖင်က မြောက်ဘက် သံမဏိတံတိုင်းတွင် နေရစ်ခဲ့သည်။ ဘရန်ဆန်ကတော့ အလယ်ကားဆီ အပြေးအလွှားပြန်လာသည်။ အမှန်မှာ ဘရန်ဆန်နှင့် ဗန်အက်ဖင်တို့ နှစ်ဦး ယုန်တောင်ပြေး၊ ခွေးမြောက်လိုက် ဆိုသလိုဖြစ်နေကြသည်။ တကယ်တော့ ရက်ဗ်ဆန်ကိုသာ အာရုံစိုက်သင့်ကြသည်။

၈

ရက်ဗ်ဆန်သည် အရှေ့ဘက်အစွန်ရှိ ရဟတ်ယာဉ်ဦးပိုင်းထဲရောက်နေသည်။ သူက လက်နှိပ်ဓာတ်မီးအုပ်ဆောင်းကို မီးရောင်တန်းသေးသေးကလေးသာ ပေါ်ထွက်လာသည်အထိလျှော့ပြီး ချကိုင်ထားသည်။ သူက စနက်တံကို မီးရှို့မည့် ကီရိယာအား ခက်ခက်ခဲခဲ မရှာလိုက်ရပါ။ ထိုကိရိယာသည် ရဟတ်ယာဉ်မောင်းသူ၏ထိုင်ခုံနှင့် ဘေးဘက်ရှိထိုင်ခုံနှစ်ခုကြားတွင် ရှိနေသည်။

ရက်ဗ်ဆန်သည် မောင်းချဓားထဲတွင် သပ်သပ်ပါလာသော ဝက်အူလှည့်အဖြစ် သုံးနိုင်သည့်ဓားသွားထိပ်နှင့် ထိုကိရိယာ၏အပေါ်အုပ်ဆောင်းကို စုပ်ထားသောဝက်အူလေးချောင်းကို လှည့်ဖြုတ်လိုက်သည်။ ထို့နောက် အပေါ်တစ်ခုထားသည့်သံပြားကို ခွာယူလိုက်သည်။ ထိုကိရိယာကိုတပ်ဆင်ထားပုံကလည်း အရှင်းသားရှင်းသည်။ ထိုကိရိယာ၏အပြင်ဘက်တွင် မောင်းတံတစ်ခုကို အပေါ်သို့တည့်တည့်ထောင်ထားသည်။ ထိုမောင်းတံကိုလှည့်ချလိုက်လျှင် စပရင်နှင့်တန်းထားသော ကြေးနီပြားနှစ်ပြားကြားထဲသို့ ကြေးနီလက်တံဝင်သွားမည်။ ထိုအချိန်တွင် ဘယ်ဘက်မှ တစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့လျှပ်စစ်ဓာတ်အား ဆက်တိုက်စီးသွားနိုင်အောင် ဆက်စပ်ပေးပြီးသား ဖြစ်သွားမည်။ အဆိုပါ ကြေးနီပြားနှစ်ခုကို တန်းဆက်နည်းနှင့် ဆက်သွယ်ထားသော ဓာတ်ခဲသုံးလုံးနှင့် ဆက်ထားသည်။ ထိုဓာတ်ခဲသုံးလုံးကို ဆက်သွယ်ထားရာမှ ရရှိမည့် ဗို့အားမှာ သိပ်မများလှ။ စုစုပေါင်း သုံးဗို့သာဖြစ်သည်။ သို့သော် အားနည်းလှသည်ဟု ထင်ရသော ဘက်ထရီသုံးလုံးအားက ရေဒီယိုစနက်တံကို မီးရှို့နိုင်မည်သာဖြစ်သည်။ ဤကိစ္စကို ဘရန်ဆန်က စနစ်တကျ ကြိုတင်တွက်ချက်ပြီးမှ စီစဉ်ထားခြင်းဖြစ်သည်မှာ သေချာသည်။ ရက်ဝ်ဆန်က ထိုကိရိယာထဲမှပစ္စည်းများကို ဖျက်ဆီးပစ်ရန် မရည်ရွယ်ပေ။ ကြေးနီပြားနှင့်ဆက်ထားသော သံကလစ်အဆက်တို့ကို ဖြုတ်ပစ်လိုက်သည်။ ထို့နောက် ဓာတ်ခဲသုံးလုံးအနက် နှစ်လုံးကိုဖြုတ်၍ အိတ်တစ်ဖက် တစ်ချက်စီတွင် တစ်လုံးစီ ထည့်လိုက်သည်။ အကယ်၍ အခြားဝိုင်ယာကြိုး တစ်ချောင်းချောင်းကိုသာ ဖြုတ်ပစ်ခဲ့သော် ဘရန်ဆန်က အလွယ်တကူ ပြန်တပ်ဆင်နိုင်မည်ဖြစ်သည်။ သို့သော် ဓာတ်ခဲအပိုတိုတော့ယူလာလိမ့်မည်ဟု သူမထင်။ ဓာတ်ခဲအပိုယူလာရလောက်အောင် အကြောင်းထူးပေါ်မည်ဟူ၍လည်း ထင်စရာအကြောင်းမရှိ။ ရက်ဝ်ဆန်က ကိရိယာ၏ အဖုံးသံပြားကို ဝက်အူပြန်စုပ်လိုက်သည်။

□

ဟင်းဒရစ်အသံသည် ပေါက်ကွဲလုနီးနီး ဒေါသဖြစ်နေသည့် လေသံနှင့်တူနေသည်။

'ခင်ဗျားက ကျုပ်ကို ဘာများထင်နေသလဲ ဘရန်ဆန်၊ မျက်လှည့်ဆရာများ ထင်နေသလား၊ ကျုပ် ဒီနေရာက လက်ဖျောက်တစ်ချက်တီးလိုက်ရုံနဲ့ မြို့တစ်ခြမ်းလုံး မှောင်ကျသွားအောင် လုပ်နိုင်တယ်လို့ ထင်လို့လား၊ ထရန်စဖော်မာကြီးနှစ်လုံး မိုးကြိုးပစ်ခံရလို့ အခုလိုဖြစ်တာပါလို့ ခင်ဗျားကိုပြောပြီးပြီပဲ၊ ခင်ဗျားဆီမှာ စက်သေနတ်ကြီးတွေ၊ မီးမောင်းကြီးတွေ၊ ပြီးတော့ ဓားစာခံ ပုဂ္ဂိုလ်ကြီးတွေ ရှိနေတယ်ဆိုတာလည်း သိလျှတ်သားနဲ့ ခင်ဗျားကို ကျုပ်တို့က တင့်ကားတပ်ရင်း တစ်ရင်းလောက်နဲ့ အတင်းဝင်တိုက်မယ်လို့ ထင်လို့လား၊ ခင်ဗျား တဖြည်းဖြည်းနဲ့ တော်တော်လေး ချာတူးလန်လာပြီ ကျုပ် ခင်ဗျားကို တယ်လီဖုန်း ပြန်ဆက်မယ်'

ဟင်းဒရစ်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချသွားသည်။ ဘရန်ဆန်ကလည်း တယ်လီဖုန်းစကားပြောခွက်ကို ကျိုးပဲ့သွားလုနီးပါး ဆောင့်အောင့်ချလိုက်



သည်။ သူ့ကို တော်တော်ရှော်လာပြီဟု အပြောခံရတာ နှစ်ကြိမ်ရှိသွားလေပြီ သူ့ကာ သူ့နှုတ်ခမ်းကိုခပ်တင်းတင်းစေ့ထားသည်။ သူ ဒီလို အပြောခံရတာကို ဝရှိုက်တ်လှ၍ မဟုတ်။ အချိန်ကုန်ခံ၍လည်းတွေးမနေနိုင်။ ဘရန်ဆန်တစ်ယောက် ထိုနေရာမှာဝင် ဆက်ထိုင်နေသည်။

□

ရက်ဝ်ဆန်သည် ရဟတ်ယာဉ်တံခါးကို ဖြည်းညင်းစွာပြန်ပိတ်ပြီး မြေပြင်ပေါ်သို့ ဖြည်းညင်းစွာခုန်ချလိုက်သည်။ သူနှင့် လေးငါးလှမ်းအကွာတွင် အရှိန် သေစပြနေပြီဖြစ်သော မီးတောက်မီးလျှံများကို နောက်ခံပြု၍ မတ်တတ်ရပ်နေသည့် အိုဟဲယား၏ ပုံသဏ္ဌာန်ကို လှမ်းမြင်လိုက်ရသည်။ သူက ခပ်တိုးတိုးခေါ်လိုက်ရာ အိုဟဲယား သူ့အနီးတိုးကပ်လာသည်။

ရက်ဝ်ဆန်က ပြောလိုက်သည်။

'အနောက်ဘက်ကိုသွားရအောင်၊ ဘာလဲ အပစ်အခတ်လေ့ကျင့်ခန်းလေး တောင် မလုပ်လိုက်ရဘူးထင်တယ်'

'ဒီဘက်ကို လှည့်ကြည့်ဖို့ဆိုတာမပြောနဲ့ အနားတောင် ကပ်လာမယ့်လူမရှိဘူး အဲလေ လှည့်ကြည့်ရင်လည်း ဘာမှမြင်မှာတော့ မဟုတ်ဘူး၊ မြို့ထဲမှာ လောင်နေတဲ့ မီးနဲ့ မီးကျည်မီးပန်းတွေကို ကြည့်ပြီးတဲ့နောက် တံတားအလယ်ကောင်ကိုပြန်ကြည့်ရင် မှောင်နဲ့မည်းမည်းကိုပဲ မြင်ရလိမ့်မယ်၊ ကဲ ရော့ ခင်ဗျား ကစားစရာကလေးကို ခင်ဗျားဝဲ ပြန်ယူတော့'

'ကဲ ဒါဖြင့် ခင်ဗျားကလည်း လက်နှိပ်ဓာတ်မီးပြန်ယူ၊ ဒီဓာတ်မီးကို လူနာတင်ယာဉ်ထဲမှာ ပြန်ထားသင့်တယ်၊ ပြီးတော့ ဟိုဆိုင်ယာနိုက်လေသေနတ်ကိုယူပြီး ဗျင်နရယ်ကတ်တလန်ကို ခင်ဗျားကပဲပေးလိုက်ပါ၊ ကျုပ်ကတော့ သူနဲ့ စကားစမြည် ပြောတာကို လူမြင်မခံဝံ့ဘူး၊ ဒါပေမယ့် ဒီသေနတ်ကိုသုံးပါလို့ မပြောခင် မပစ်ဖို့မှာထား ဦး နေဦး အရင်က ဒီပစ္စည်းမျိုး မြင်ဖူးသလား'

ရက်ဝ်ဆန်က သူ့အိတ်ထဲမှ ဓာတ်ခဲတစ်လုံးကိုနှိုက်ယူပြီး အိုဟဲယားကို လှမ်းပေးသည်။ အိုဟဲယားက မှောင်ထဲတွင် မမြင်မကန်းနှင့် မျက်စိနားကပ်ပြီး ကြည့်သည်။

'ဒါ ဓာတ်ခဲတစ်မျိုး မဟုတ်လား'

'ဟုတ်တယ်၊ အဲဒါမျိုးတစ်လုံး ကျုပ်ဆီမှာရှိသေးတယ်၊ သူတို့က ဒီဓာတ်ခဲ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ စနက်တံမီးရှိမယ့် တီရိယာကို မောင်းဖြုတ်ဖို့ စီစဉ်ထားတာ'

'ခင်ဗျား ခြေရာ လက်ရာတွေ ဟိုမှာ ကျန်ခဲ့သေးသလား'

'မကျန်ပါဘူး'

'ကဲ ဒါဖြင့် တံတားလက်ရန်းဆီ သွားကြရအောင်'

သူတို့က မာတ်ခဲတစ်လုံးစီကို ရွှေ့တံခါးရေလက်ကြားထဲသို့ ပစ်ချလိုက်ပြီးနောက် လှနာတင်ကားဆီလျှောက်သွားသည်။ အိုဟဲယားက ရက်ဝ်ဆန်ကို အရင်ဝင်ထိုင်ခိုင်းပြီး သူက နောက်မှဝင်၍ တံခါးကိုပြန်ပိတ်သည်။ သူက ပြောလိုက်သည်။

'ကျုပ်တို့ လက်နှိပ်မာတ်မီးနဲ့အလုပ်လုပ်မှ ဖြစ်မယ်ထင်တယ်၊ ဒီကားထဲမှာ ချက်ချင်း မီးလင်းလာတာတွေ့ရင် သင်္ကာမကင်းဖြစ်ကုန်ကြလိမ့်မယ်၊ ဘာပဲပြောပြော ကျုပ်တို့ မီးလောင်တဲ့ရှုခင်းကိုကြည့်ရင်း အပြင်ဘက်မှာပဲ ရှိနေလိမ့်မယ်လို့ထင်ကြမှာ'

နှလုံးရောဂါကုစက်ထည့်ထားသည့်သေတ္တာကို ချိတ်ခွာပြီးဖွင့်သည်မှာ နှစ်မိနစ်ဝင်မကြာချေ။ ထို့နောက် သေတ္တာအောက်ခြေရှိအံဝှက်ကို အလွန်ရှုပ်ထွေးပွေလီသောနည်းမျိုးစုံနှင့် ဖွင့်ရပြန်သည်။ အံဝှက်ပွင့်သွားသောအခါ အံဝှက်ထဲမှ လေသေနတ်ကို ထုတ်ယူပြီး အံဝှက်ကိုပြန်ပိတ်သည်။ ထို့နောက် စက်ကိရိယာများကို နေသားတကျပြန်ထားပြီး သေတ္တာကို ချိန်တံဆိပ်နှင့် ပြန်ပိတ်ပြန်သည်။

အိုဟဲယားက သေနတ်ကို အတွင်းအိတ်ထဲသို့ထည့်ရင်း ညည်းညည်းညူညူ ပြောလိုက်ပြန်သည်။

'အင်း ခုမှပဲ လူနဲ့ သူနဲ့ တူတော့တယ်'

□

ဟင်းဒရစ်က ပြောလိုက်သည်။

'နောက်ဆုံးကျတော့ ထရန်စဖော်မာကြောင့် မဟုတ်ဘူးလို့သိရတယ်၊ ဒီနေ့ညမြို့ထဲမှာ မီးပျက်တာတွေများပြီး မာတ်ကြိုးတွေရှော့ဖြစ်ကုန်လို့ ကျွိုင်ပွသွားတာလို့ ပြောတယ်'

ဘုရန်ဆန်က ပြန်မေးသည်။

'ဘယ်လောက်ကြာမလဲ'

'တစ်မိနစ် နှစ်မိနစ်ထက် မပိုပါဘူး'

□



ဗိုလ်ချုပ်ကြီးကတ်တလန်သည် သူ့အကျင့်အတိုင်း တံတားလက်ရန်းနံဘေးတွင် တစ်ယောက်တည်းရပ်နေသည်။ သူ့အနားသို့ကပ်လာသော အိုဟဲယားတော ပြောလိုက်သည်။

'စကားတစ်ခွန်းလောက် ပြောပါရစေ'

□

နောက်ထပ်ငါးမိနစ်ကြာသောအခါ တံတားကြီးနှင့် ဆန်ဖရန်စစ္စကိုတစ်မြို့လုံး မီးပြန်လင်းလာသည်။ ဘရန်ဆန်သည် အလယ်ကားပေါ်မှဆင်းပြီး ဗန်အက်ဖင်ထံ လျှောက်သွားသည်။ ဘရန်ဆန်က ခပ်ပြုံးပြုံးမျက်နှာထားနှင့် ပြောလိုက်သည်။

'ငါဗေဒင်ဟောစားရင် စီးပွားဖြစ်လိမ့်မယ်လို့ မင်းထင်နေတုန်းပဲလား'

ဗန်အက်ဖင်ကတော့ မပြုံးပါ။

'ခင်ဗျား ခုနကပုံစံအတိုင်း ဆက်ပြီး အကြားအမြင်ရအောင် ကြိုးစားစမ်းပါ'

'ဘာလဲ၊ မင်းစိတ်ထဲမှာ သရိုးသရီဖြစ်လာပြန်လို့လား'

'ဟုတ်တယ်၊ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်'

□

တဖြည်းဖြည်းနှင့် မီးကျည်မီးပန်းများ ငြိမ်းသွားကြလေပြီ။ ထို့အတူ ဖို့ဒ်မေဆန်မှ မီးသည်လည်း အကြွင်းအကျန်လောက်သာ ကျန်တော့သည်၊ မိုးကြီးပစ်ဖြိုလျှပ်စီးလက်နေသည်မှာလည်း တစ်စတစ်စနှင့် လျော့နည်းသွားသည်။ သို့သော်မိုးကတော့ သဲသဲမဲမဲ ရွာနေဆဲပင်။ ထို့ညက ဆန်ဖရန်စစ္စကို၌ လောင်သောမီးမှန်သမျှမိုးရေကြောင့် ငြိမ်းကုန်ရမည်မှာ သေချာသည်၊ ကြည့်စရာ မကျန်တော့ပြီဖြစ်၍ မီးလောင်သည်ကို ကြည့်နေသူများ ကားထဲသို့ အလျှိုအလျို နှင့် ပြန်ဝင်ကုန်ကြသည်။

အေပရဲလ် ပြန်ဝင်လာသောအခါ ပြတင်းပေါက်ဘေးနားရှိ ခုံတွင်ထိုင်နေသော ရက်ဝ်ဆန်ကို တွေ့လိုက်ရသည်။ အေပရဲလ်သည် တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီး သူ့ဘေးနားတွင် ဝင်ထိုင်လိုက်ရသည်၊ အေပရဲလ်က စပြောသည်။

'နေပါဦး ရှင်က ဘာပြုလို့ ကျွန်မခုံမှာ ဝင်ထိုင်နေရတာလဲ၊ ထုံးစံတတော့ အတွင်းဘက်ကခုံကို အမျိုးသမီးတွေကို ဦးစားပေးပြီး ထိုင်ခိုင်းရတာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ မင်းအိပ်ပျော်ပြီး ကားအလယ်ကောင်က မင်းလမ်းပေါ် လိမ့်မကျအောင် ပြတင်းပေါက်ဘေးက ခုံကို ထိုင်ချင်လို့ မဟုတ်လား။ ထားပါတော့လေ ကိုယ်ဒီမှာ ထိုင်ရင် မင်းအိပ်နေတုန်း မင်းမသိအောင် ကားထဲက မင်းလမ်းဆီကျော်ထွက်လို့ ရနိုင်ပါမလား'

'ဘယ်ဖြစ်နိုင်ပါ့မလဲ'

'ဒါဆိုရင် တစ်ညလုံး ကိုယ်က မင်းကို အစောင့်အယှက် လုံးဝမပေးခဲ့ပါဘူးလို့ ကျိန်တွယ်ပြီး ပြောပေးနိုင်မလား။ အဲလေ လက်သည်းခွံကို ပလိုင်ယာနဲ့ အခွာမခံရရင် ပေါ့လေ'

'ရှင် ဒါဖြင့် ကျွန်မကိုနှိုးပြီး အပြင်ထွက်မလို့ထင်တယ်'

'ဟုတ်တယ်၊ မင်းပြောပေးမလား'

အေပရဲလ်က ပြုံးလိုက်သည်။

'လူတကာယုံအောင် ကျွန်မ ညာတတ်တယ်ဆိုတာကို လက်တွေ့ သက်သေထူပြီးပြီပဲ ရှင်ရယ်'

'မင်းကလေးဟာ လှရုံတင်လှတာ မဟုတ်ဘူး၊ ချစ်ဖို့လည်း ကောင်းတယ်'

'ကျေးဇူးတင်ပါတယ်၊ နေပါဦး၊ ရှင်က ဘယ်ကိုသွားမယ် စိတ်ကူးထားသလဲ'

'မင်း တကယ်သိချင်လို့လား၊ မင်းမသိတာပဲ ကောင်းပါတယ်လေ၊ ပလိုင်ယာနဲ့ လက်သည်းခွံ ခွာခံရမှာကို မကြောက်ဘူးလား'

'ရဲချုပ် ဟင်းဒရစ်ကပြောတော့ ဘရန်ဆန်ဟာ အမျိုးသမီးတွေကို တစ်ခါမှ ညှင်းဆဲခဲ့သေးဘူးဆို'

'အဲဒါ ဟိုတုန်းက ဘရန်ဆန်၊ အခု သူတော်တော်လေး ကယောင်ချောက်ချားဖြစ်နေပြီ၊ ဒီတော့ သူလုပ်မိ လုပ်ရာကို စွတ်လုပ်မှာ စိုးရိမ်တယ်'

အေပရဲလ်တစ်ယောက် တစ်ကိုယ်လုံး တုန်သွားသည်။

'အဲလေ၊ ကျွန်မ မသိတာပဲ ကောင်းပါတယ်၊ ဒါနဲ့ ရှင်ဘယ်အချိန်ကျ ရင့် . . .'

'ည ဆယ့်နှစ်နာရီမထိုးခင်ကလေး'

'ဒါဆိုရင် ကျွန်မ မအိပ်ပဲစောင့်ပေးမယ်'

'သိပ်ကောင်းတယ်၊ သန်းခေါင်မတိုင်မီ ငါးမိနစ်အလိုမှာ ကိုယ့်ကို နှိုးနော်'

ရက်ဗ်ဆန်သည် မျက်စိကိုမှိတ်ပြီး ကုလားထိုင်ပေါ်တွင် အကျအနထိုင်၍ အပန်းဖြေလိုက်သည်။

□



ည ဆယ့်နှစ်နာရီထိုးရန် ငါးမိနစ်အလိုသို့ရောက်သည့်အခါ ကားထဲရှိ လူအားလုံး အိပ်မောကျသွားပုံရသည်။ သူတို့အားလုံး အိပ်ပျော်နေသည်မှာ တစ်နာရီကျော်ကျော် ကြာမြင့်ခဲ့လေပြီ။ အေပရဲလ်ကိုယ်တိုင်ပင် ရက်ဗ်ဆန်၏ ပခုံးပေါ် ခေါင်းတင်ပြီး အိပ်ပျော်နေသည်။ သူကိုယ်လုံးသည် ရက်ဗ်ဆန်နှင့် ပူးပူးကပ်ကပ်ဖြစ်နေသည်။ သို့သော် ဒါကို အေပရဲလ်တစ်ယောက် မသိရှာ။

အစောင့်ဖြစ်သူ ဘတ်လက်ကိုယ်တိုင်ပင် ခဏ္ဍခဏ လာကြည့်တတ်သော ကိုဝေါစကီတစ်ယောက် မရှိတော့သဖြင့် ရင်ဘတ်ပေါ် ခေါင်းငိုက်စိုက်ချပြီး အိပ်ပျော်နေသယောင်ယောင် ထင်ရသည်။ သို့သော် ရက်ဗ်ဆန်တစ်ယောက်သာ ညမင်းသားလုပ်ရန် နိုးနိုးကြားကြားဖြစ်နေသည်။ သူက အေပရဲလ်ကို အသာအယာ တံတောင်နှင့် တွက်လိုက်ပြီး နားနားသို့ကပ်၍ တိုးတိုးလေးပြောလိုက်သည်။ အေပရဲလ်နိုးလာပြီး သူ့ကို အူကြောင်ကြောင်နှင့် ပြန်ကြည့်နေသည်။

သူက တိုးတိုးလေးပြောသည်။

'ကိုယ်သွားဖို့ အချိန်ကျပြီ'

ယာဉ်မောင်းသူ ထိုင်ခုံပေါ်ရှိ မီးလုံးသေးသေးကလေးကို ထွန်းထားသည် တလွဲ၍ ကားထဲတွင် အတော်ကလေး မှောင်နေသည်။

'ကဲ ဟိုဓာတ်ငွေ့ဗူးကလေးပေးတော့'

အေပရဲလ်သည် ထိုအချိန်ကျမှ ကောင်းကောင်းနိုးလာသည်။ သူက ခုံအောက်သို့ လက်နှိုက်ပြီး ဓာတ်ငွေ့ဗူးကို ယူပေးသည်။ ရက်ဗ်ဆန်က အတွင်းအင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ အေပရဲလ်က မေးလိုက်၏။

'ရှင် ဘယ်လောက်ကြာမှာလဲ'

'ကံကောင်းရင် မိနစ်နှစ်ဆယ် ဒါမှမဟုတ် နာရီဝက်လောက်ကြာရင် ကိုယ်ပြန်လာမယ်'

အေပရဲလ်က ရက်ဗ်ဆန်၏ ပါးပြင်ကို တယုတယ မွှေးမွှေးပေးလိုက်သည်။

'သတိဝီရိယထားပါနော်'

ရက်ဗ်ဆန်က အဖြေမပေးပဲ အေပရဲလ်ကို တိုးတိုးပြောသည်။

'မင်း တိတ်တိတ်ကလေး မင်းလမ်းထဲကိုထွက်'

ရက်ဗ်ဆန်သည် အေပရဲလ်ကိုကျော်၍ ရှေ့သို့ အသံမကြားအောင် တိုးသွားသည်။ အမြှုရောင်ဖောင်တိန်ကို လက်ထဲတွင် အသင့်ကိုင်ထားသည်။ ဘတ်လက်သည် ရင်ဘတ်ပေါ်တွင် မေးတင်ပြီး ငိုက်နေသည်။ ရက်ဗ်ဆန်သည် ကုပ်ပေခန့်ဝေးသော

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ဖောင်တိန်နှင့် ချိန်ပစ်လိုက်ရာ အပ်ကလေးသည် ဗယ်ဘက်နားရွက် နောက်ဘက်တွင် သွားစိုက်နေသည်။ ရက်ဗ်ဆန်က ဘတ်လက်၏ဦးခေါင်း ကုလားထိုင် နောက်မှီပေါ် နောက်ပြန်တင်မိအောင် ဇက်ကိုဆွဲလှန်ပေးသည်။ ဤအပ်ကလေးတွင် သုတ်ထားသော အဆိပ်ဆေးသည် သတိမေ့သွားစေရုံသာမက ခဏတဖြုတ် ကိုယ်လက်သေသွားစေနိုင်သည့် အာနိသင်ရှိသဖြင့် သူခုံပေါ်မှ လိမ့်ကျသွားမည်ကို မစိုးရိမ်ရပါ။ အေပရဲလ်က သူ့နှုတ်ခမ်းကို လျှာနှင့်လျက်ရင်း မျက်တောင်မခတ် စိုက်ကြည့်နေသည်။

အပြင်ဘက်တွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း ကင်းစောင့်နေသူ တစ်ဦး ရှိကိုရှိရမည်။ ရှိလည်းရှိသည်။ ရက်ဗ်ဆန်ကိုယ်တိုင် သူ့ကို မကြာခဏ မြင်နေရသည်။ ထို့ကြောင့် ကင်းသမားကို အရင်ရှင်းဖို့ လိုပြန်သည်။ ရက်ဗ်ဆန်သည် တား၏ခြေနင်းခုံပေါ်မှ အပြင်ဘက်သို့ သတိကြီးစွာထား၍ ချောင်းကြည့်လိုက်သည်။

မှန်သည်။ စက်သေနတ်အသေးစားတစ်လက်ကို ကိုင်ထားသော အစောင့် တစ်ယောက် တောင်ဘက်မှ ဘတ်စ်ကားနှင့် အနည်းငယ်ခွာ၍ ဤကားဘက်သို့ လျှောက်လာနေသည်။ ထိုကင်းသမားသည် ရဟတ်ယာဉ်မောင်းသူ နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဗွန်ဆင်ဖြစ်ကြောင်း သူ သိလိုက်သည်။ ရက်ဗ်ဆန်သည် ဘတ်လက် ခေါင်းပေါ်ရှိ မီးလုံးအသေးကလေးကို မှိတ်လိုက်ပြီး ထိုနေရာက ရပ်စောင့်နေသည်။

ရက်ဗ်ဆန်က ဓာတ်ငွေ့ဗူးကို ဆုပ်ကိုင်ထားပြီးမှ သူ့ဆုံးဖြတ်ချက်ကို ပြန်ပြင်ပြီး အမြှရောင်ဖောင်တိန်နှင့် ပြန်လဲကိုင်သည်။ ဆေးသုတ်ထားသော အဆိပ်အပ်ဒဏ်ကို ခံရသူတစ်ဦး ပြန်သတိရလာသည့်အခါ အိပ်ပျော်နေရာမှ ပြန်နိုးလာသလိုလိုသာ ခံစားရသည်။ သူကိုယ်တိုင် မနက်တုန်းက အဆိပ်ဓာတ်ငွေ့အမိခံခဲ့ရသေးသည်။ ပြန်နိုးလာသောအခါ မူးတူးတူးကြီးဖြစ်နေပြီး သူ သတိမေ့သွားသည့်အဖြစ်ကို ပြန်သတိထားမိလာသည်။ ထို့ကြောင့် ဗွန်ဆင်တစ်ယောက် သူ့ဆရာ ဘရန်ဆန်ထံ ပြန်အစီရင်ခံမှာကို ကြောက်ရသေးသည် မဟုတ်ပါလား။

ရက်ဗ်ဆန်သည် ဖောင်တိန်ထိပ်မှ ဘုကလေးကိုနှိပ်ရင်း ကားပေါ်မှ ချက်ချင်း ခုန်ဆင်းသည်။ ထို့နောက် ဗွန်ဆင်တစ်ယောက် လမ်းပေါ်သို့ ဒူးထောက်ရက် လဲကျမသွားမီ သူက ပြေးဖွေ့သည်။ တကယ်တော့ ဗွန်ဆင်ကို မေတ္တာထားသောကြောင့် ဆီးဖွေ့ခြင်းမဟုတ်။ ဗွန်ဆင်လက်ထဲရှိ ကာဘိုင်သေနတ် လမ်းပေါ်ကျပြီး အသံမြည် သွားမှာစိုးသည့်အတွက် ဆင်းဖွေ့လိုက်ခြင်းသာ ဖြစ်သည်။

ဗွန်ဆင့်နဖူးမှ အပ်ကလေးကို ရက်ဗ်ဆန်က နုတ်ယူလိုက်ပြီးနောက် သူ့



ကိုယ်လုံးကြီးကို ကားထဲသို့ အသံမမြည်အောင် ဆွဲသွင်းလာခဲ့သည်။ ထို့နောက် ယာဉ်မောင်းသူ၏ ထိုင်ခုံရှေ့ပိုင်းတွင် ဗွန်ဆင်ကို ဖြစ်သလိုချထားသည်။ တကယ် တော့ ဗွန်ဆင်တစ်ယောက် ခေါက်ခေါက်ကွေးကွေးကြီး ထိုင်နေရသည်တို့ သိမှာ မဟုတ်သည့်ပြင် ကားထဲရှိ လူတစ်ယောက်နိုးလာပြီး မင်းလမ်းပေါ်၌ လူတစ်ယောက် လဲကျမေ့မျောနေသည်ကို တွေ့သွားမှာ စိုးရိမ်သောကြောင့်ဖြစ်သည်။

အေပရဲလ်တစ်ယောက် သူ့နှုတ်ခမ်းကို လျှာနှင့် လျက်ပြန်လေပြီ။

❒

ရက်ဗ်ဆန်သည် ဘတ်စ်ကားရှေ့ဘက်တံခါးမှ အပြင်သို့ ထွက်ခဲ့သည်။ တံထား ပေါ်တွင် ထွန်းထားသော မီးရောင်များကြောင့် နေ့ခင်းကြောင်တောင် အပြင်ထွက် လာသလို ဖြစ်နေလိမ့်မည်။ သူ့လှုပ်ရှားမှုများကို တောင်ဘက်နှင့် မြောက်ဘက်တန်း ခြေဆီမှ အားကောင်းသော ညကြည့်မှန်ဘီလူးကြီးများနှင့် စောင့်ကြည့်နေမည်မှာ သေချာသည်။ သို့သော် ဒါအတွက် စိုးရိမ်စရာမလို၊ သူ့အတွက် ပိုအရေးကြီးတာက သူ့ကို ကျန်ဘတ်စ်ကားနှစ်စီးဆီက လှမ်းမမြင်နိုင်အောင် ကွယ်နေဖို့သာဖြစ်သည်။ ထိုအချိန်တွင် သူ့ကို စောင့်ကြည့်နေမည်ဟု မထင်။ ထိုအချိန်တွင် လူတိုင်းလိုလို အိပ်ပျော်နေဖို့ ပိုများသည်။ တကယ့် တကယ်တွင်မူ ဗန်အက်ဖင်နှင့် ခရိုက်စလာတို့ နှစ်ဦးသည် နောက်ဆုံးကားထဲ၌ ခပ်တိုးတိုး စကားပြောရင်း တိုင်ပင်နေကြသည်။ သို့သော် သူတို့နေရာမှ ရက်ဗ်ဆန်ကို လှမ်းမြင်ရန် မလွယ်။

ရက်ဗ်ဆန်သည် ဘေးလက်ရန်းတန်းဆီသို့ လျှောက်သွားပြီးနောက် အပေါ်သို့ ငုံ့ကာ တံတားအောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ အောက်ဘက်တွင် ပိန်းပိန်းပိတ် မှောင်မည်းနေသည်။ ရေငုပ်သဘော် ရှိချင်လည်းရှိမည်၊ ရှိ ချင်မှလည်းရှိမည်။ သူကတော့ ရေငုပ်သဘော်ရှိနေပါစေဟု ဆုတောင်းလိုက်သည်။

သူ လက်ရန်းတန်းပေါ်မှ ပြန်ဆင်းလိုက်ပြီး ကားအောက်ဘက်မှ ရေလုံ အစိတ်နှင့် ထုပ်ထားသည့်အထုပ်ကို ဆွဲထုတ်လိုက်သည်။ ထိုအထုပ်ထဲတွင် ငါးများဖမ်း ၌သုံးသော အပ်ချည်ကြိုးနှင့် ဓာတ်ခွဲခန်းထဲတွင်သုံးသည့် နမူနာဖန်ပြွန်ပုံစံ ခပ်သေးသေး သံဗူးတစ်ဗူးရှိသည်။ ခပ်လေးလေးဖြစ်အောင် လုပ်ထားသည့်တိုင်အောင် ထိုအချိန်တွင် လေထန်နေသဖြင့် ထိုသံဗူးကလေးသည် အောက်ဘက်ဆီသို့ တည့်တည့်ဆင်းသွားပါ စေဟု ဆုတောင်းနေရသည်။ ရက်ဗ်ဆန်က ငါးမျှားချိတ်နှင့် 'ငါးစာ'ကို ဖြုတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ကြိုးစတွင် သံဖူးရှည်ကို ချည်နှောင်လိုက်သည်၊ ထို့နောက် သံဖူးကို သံလက်ရန်းပေါ်မှ ကျော်ချလိုက်ပြီးနောက် သစ်သားရစ်လုံးမှကြိုးကို အဆက်မပြတ် လျှော့ချပေးသည်၊ စက္ကန့်သုံးဆယ်ကြာသောအခါ ခဏနားပြီး ကြိုးစကို လက်မ၊ လက်ညှိုးနှင့် အသာအယာ ဆောင့်ဆွဲ မဆွဲ စောင့်ကြည့်သည်။ အောက်ဘက်မှ မည်သို့မျှ အချက်ပေးခြင်း မရှိသေး၊ ရေငုပ်သဘော်သည် ဒီနေရာအောက်တည့်တည့်တွင် မရှိလေရော့သလား။ သို့တည်းမဟုတ် ဒီရေနှင့် ပြင်းထန်သော ရေစီးများကြောင့် ရေငုပ်သဘော်မာလိန်မှူးသည် ထိုနေရာတွင် နေရာယူရန် အခက်အခဲများ ရှိနေလေရော့သလား မသိ။ ရက်ဗ်ဆန်က နောက်ထပ် ဆယ်ပေ ထပ်လျှော့ပေးပြီး စောင့်ကြည့်သည်။ အကြောင်းမထူးသေး။ ထို့ကြောင့် နောက်ထပ် ဆယ်ပေ ထပ်လျှော့ချပြန်သည်၊ ဤတစ်ကြိမ်တွင် အောက်ဘက်မှ နှစ်ချက် အသာအယာဆောင့်ဆွဲပြီး အချက်ပေးသဖြင့် တီးချနိုင်တော့သည်၊

စက္ကန့်နှစ်ဆယ်ခန့်ကြာသောအခါ အောက်ဘက်မှ နှစ်ချက် အသာအယာ ဆောင့်ဆွဲပြီး အချက်ပေးပြန်သည်၊ ထို့ကြောင့် ရက်ဗ်ဆန်က ကြိုးကို ကပျာကယာ ရစ်တင်သည်။ သူ့အမှန်းအဆအရ ကြိုးစနည်းနည်းလောက်ပဲ ကျန်တော့မည်ဟု ထင်သည့်အခါကျမှ ရက်ဗ်ဆန်က ကိုယ်ကို ရှေ့သို့ကိုင်းပြီး ကြိုးစကို ခပ်ဖြည်းဖြည်း ဆွဲတင်သည်၊ ဘာပဲပြောပြော သံဘောင်နှင့် ရေဗီယို ရိုက်မိမှာကိုတော့ စိုးရိမ်သည်။ နောက်ဆုံးတွင် ပလတ်စတစ်နှင့်ထုပ်ထားသော အထုပ်တစ်ထုပ် ကြိုးစထိပ်တွင် ပါလာသည်။ သူက သံလက်ရန်းတန်းပေါ်မှ ဆင်းပြီး ဘတ်စ်ကားနံဘေးသို့သွား၍ သူရလာသည့်ပစ္စည်းကို စီစစ်သည်။ သူက ထိပ်ဝတွင် ချည်ထားသောကြိုးကို ဖြေကြည့်သည်။ မှန်သည်၊ အိတ်ထဲတွင် တပြောင်ပြောင် တလက်လက်ဖြစ်နေသော ထရန်စစ်စတာ အသံလွှင့် အသံဖမ်းစက်သေးသေးကလေးတစ်ခု။

'ဒီလိုအချိန်မျိုးမှာ ငါးများတာ နည်းနည်းထူးဆန်းတယ် မထင်ဘူးလား ရက်ဗ်ဆန်'

သူ့နောက်တွင်ရှိနေသော ဗန်အက်ဖင်က ပြောလိုက်ခြင်းဖြစ်သည်၊ ရက်ဗ်ဆန်သည် တစ်စက္ကန့်ခန့် ကြက်သေ သေသွားသည်၊ သူက အဆိုပါ ပလတ်စတစ်အိတ်ကို ရင်ဘတ်ပေါ်တွင် ကိုင်ထားခြင်းဖြစ်ရာ သူ့လက်ကို ဘယ်ဘက် အတွင်းအိတ်ထဲသို့ မသိမသာ နှိုက်လိုက်သည်၊

'ဒီလိုညမျိုးမှာ ရွှေတံခါးရေလက်ကြားထဲက ဘယ်လိုငါးမျိုး ဖမ်းမိတတ်တယ်ဆိုတာ ကျုပ်ကြည့်ချင်တယ်၊ ကဲ ရက်ဗ်ဆန်၊ ကျုပ်ဘက်ကို ခပ်ဖြည်းဖြည်း ပြန်လှည့်



စမ်း ခပ်ဖြည်းဖြည်းနော် ကျုပ်က အသည်းယားရင် ယောင်တတ်တယ်၊ ယောင်ပြီး သေနတ်မောင်းကိုဆွဲမိရင် ဘာဖြစ်သွားနိုင်တယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား'

ရက်ဗ်ဆန်က သူပြောသလို တကယ့်ကို ခပ်ဖြည်းဖြည်း နောက်ဘက် ပြန်လှည့်သည်။ ထိုအချိန်တွင် ဓာတ်ငွေ့ဗူးသည် ပလတ်စတစ်အိတ်ထဲ ရောက်နေပေပြီ သူက စိတ်ပျက်လက်ပျက်နှင့် ပြောချလိုက်သည်။

'ဒါပေါ့လေ၊ ကြွေတစ်လက် ကြက်တစ်ခုန်ပေါ့'

'ဘရန်ဆန်က ခင်ဗျားကို သံသယဝင်တာ သိပ်မှန်တာပေါ့'

ဗန်အက်ဖင်သည် ရက်ဗ်ဆန်နှင့် ငါးပေခြောက်ပေခန့် အကွာအဝေးသို့ ရောက်နေလေပြီ။ သူက စက်သေနတ်ကို လက်နှစ်ဖက်စလုံးနှင့် ခပ်ပေါ့ပေါ့ဆဆ ကိုင်ထားသည်။ သို့သော် သူ့လက်ညှိုးက သေနတ်မောင်းပေါ်မှာ အသင့်ရှိနေသည်။ တကယ်လို့ ရက်ဗ်ဆန်တသာ အတင်းပြေးဝင်မည်ဆိုသော် ခြေနှစ်လှမ်း မလှမ်းနိုင်မီ သေလူဖြစ်မှာ ဓိသေချာသည်၊ သို့သော် သူ့ကို ပြန်လည်ခုခံလိမ့်မည်ဟု ဗန်အက်ဖင်က ထုံးဝ တွေးမိပုံမပေါ်။

'ကဲ မင်းလက်ထဲက ဘာပစ္စည်းလဲဆိုတာ ငါ့ကိုပြစမ်း၊ အဲ ခပ်ဖြည်းဖြည်း သုပ်နော်၊ တကယ်ကို ဖြည်းဖြည်းဆေးဆေးပြစမ်း'

ရက်ဗ်ဆန်က ဓာတ်ငွေ့ဗူးကို ခပ်ဖြည်းဖြည်း ဆွဲထုတ်လိုက်သည်။ ဓာတ်ငွေ့ဗူးသည် သေးကွေးလွန်းလှသဖြင့် လက်ဝါးထဲတွင် ပျောက်နေသည်။ ဒီဓာတ်ငွေ့ဗူးသည် ဆယ်ပေအကွာအဝေးအထိ ပစ်လွှတ်နိုင်ကြောင်း အိုဟဲ့ယားက သူ့ကို ပြောထားသည် မဟုတ်ပါလား။ ဗန်အက်ဖင်က သေနတ်ဒင်ကို ညာဘက်ချိုင်းကြားတွင် ညှပ်လိုက်ပြီးနောက် သေနတ်ပြောင်းကို ရက်ဗ်ဆန်အား တည့်တည့်မတ်မတ် ချိန်ထားသည်။

'ကဲ ငါ့ကိုပြစမ်း'

'ဖြည်းဖြည်းလေး လှမ်းပေးရမှာလား'

'ဟုတ်တယ်၊ ဖြည်းဖြည်းလေး လှမ်းပေးစမ်း'

ရက်ဗ်ဆန်က လက်ကို ခပ်ဖြည်းဖြည်း ဆန့်ထုတ်လိုက်သည်။ ဗန်အက်ဖင်၏ မျက်ခွက်နှင့် သုံးပေခန့်အလိုသို့ ရောက်သောအခါ ဓာတ်ငွေ့ဗူးမှ ဘုကလေးကို နှိပ်လိုက်၏။ ရက်ဗ်ဆန်သည် ဓာတ်ငွေ့ဗူးကို လွှတ်ချလိုက်ပြီးနောက် ဗန်အက်ဖင်လက်ထဲက သေနတ်ကို ကပျာကယာ လှမ်းဆွဲလိုက်သည်။ တကယ်တော့ သေနတ်မောင်းပေါ် လွတ်ကျပြီး အသံမြည်မှာကို စိုးရိမ်၍ ဖြစ်သည်။ သူက သူ့ခြေရင်းတွင် ပုံကျသွားသော ဗန်အက်ဖင်၏ ခန္ဓာကိုယ်ကြီးကို ငုံ့ကြည့်လိုက်၏၊ ရက်ဗ်ဆန်သည် ဗန်အက်ဖင်ကို

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အနေနှင့်သာမက ကြေးစားလူဆိုးတစ်ယောက်အနေနှင့်ပါ လေးလေးစားစား ဖြစ်မိခဲ့သည်။ သို့သော် ရက်ဗ်ဆန်သည် အလကားနေရင်း ဝမ်းနည်းနေတတ်သူတစ်ဦး မဟုတ်၊ သူက ဓာတ်ငွေ့ဗူးကို ပြန်ကောက်ပြီး အသံလွှင့် အသံဖမ်းစက်မှ ခလုတ်ကို ဖိလိုက်သည်။

'ရက်ဗ်ဆန်ပါ'

'ဟောဝင်ဘက် ပြောနေတယ်'

ရက်ဗ်ဆန်က အသံအတိုးအကျယ်လုပ်နိုင်သည့် ခလုတ်ကို လျှော့ပစ်လိုက်သည်။

'ရေဒီယိုကလေးအတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဒီမှာ လူတစ်ယောက်ကိုရှင်းဖို့ ရှိနေတယ်၊ ဇန်အက်ဖင်က ကျွန်တော့်ကို လာဖမ်းတယ်၊ ဒါပေမယ့် ကျွန်တော်က သူ့ကို အငိုက်ပြန်ဖမ်းလိုက်တယ်၊ ဓာတ်ငွေ့နဲ့ တွယ်လိုက်တာ၊ သူ ကျွန်တော့်ကို မှတ်မိသွားတယ်၊ ဒီတော့ သူ့ကိုတံတားပေါ်မှာ ထားလို့မဖြစ်တော့ဘူး ရေထဲ ပစ်ချရင်တော့ဖြစ်တယ်၊ ဒါပေမယ့် အဲဒီလို မလုပ်ချင်ဘူး၊ သူဟာ အဲဒီလို ပက်ပက်စက်စက် လုပ်သင့်တဲ့လူမျိုး မဟုတ်ဘူး၊ သူ အစိုးရသက်သေတောင် ဖြစ်ချင်ဖြစ်လာနိုင်တယ်၊ ကျွန်တော် သင်္ဘောမာလိန်မှူးနဲ့ ပြောပါရစေ'

လေသံအသစ်တစ်မျိုး ပေါ်လာပြန်သည်။

'ကျုပ် သင်္ဘောမာလိန်မှူးပါ၊ ဒုတိုလ်မှူးကြီး ပီယာဆင်'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော် ဟောဂင်ဘက်နဲ့ ပြောဆိုနေတာကို ကြားမိမယ် ထင်ပါရဲ့'

'ကြားပါတယ်'

'အဲဒီမေ့နေတဲ့လူကို ခရီးသည် တစ်ဦးအဖြစ် လက်ခံနိုင်ပါသလား ခင်ဗျာ'

'ကျေနပ်အောင် ဆောင်ရွက်ပေးဖို့ အသင့်ပါ'

'အဲဒီလူကို အောက်ပြန်ချပေးနိုင်အောင် ခိုင်မယ့်ကြိုးမျိုးပါလာသလား ခင်ဗျာ အနည်းဆုံး ပေငါးရာလောက်တော့ လိုမယ်'

'ဘုရား၊ ဘုရား၊ ဘယ်ပါပါ့မလဲ၊ ခဏနေဦးနော်၊ ပြန်မေးလိုက်ဦးမယ်'

တစ်ဖက်မှ စကားပြောသံ ခဏတိတ်သွားသည်။ ထို့နောက် ပီယာဆင်၏ အသံပြန်ပေါ်လာသည်။

'တစ်ခွေမှာ ဖာသိမ်သုံးဆယ် (ပေ ၁၈၀) ပါတဲ့ ကြိုးခွေ သုံးခွေ ပါလာတယ် အဲဒါတွေကို ဆက်လိုက်ရင် ခင်ဗျားလိုချင်တဲ့ အရှည်ထက်မက ရပြီပေါ့'



'ကြိုက်ပြီ၊ ကဲ ကျွန်တော်ကြိုးကို ပြန်ချလိုက်မယ်၊ ခဏစောင့်နော်၊ ကြိုးထိပ်မှာ လေးလေးပင်ပင်ပစ္စည်းတစ်ခုခု ချည်ဦးမှဖြစ်မယ်'

ရက်ဗ်ဆန်က ရေဒီယို အသံလွှင့်စက်ကလေးကို ကြိုးကွင်းနှင့်ချည်ပြီး လည်ပင်းတွင် တွဲလောင်းဆွဲထားလိုက်သည်။ ဤတွင် သူ့မျက်လုံးများက ဇန်အက်ဖင်၏ စက်သေနတ်ကို လှမ်းမြင်သဖြင့် ကြိုးကို သေနတ်မောင်းကွင်းတွင် ချည်နှောင်လိုက်၏။ ထို့နောက် သူက ကြိုးကို လျှော့ချပေးရင်း ရေဒီယိုနှင့် ပြန် ဆက်သွယ်လိုက်သည်။

'ကြိုးကို အောက်ချပေးနေပြီ၊ ကြိုးထိပ်မှာ ဇန်အက်ဖင်ရဲ့ စက်သေနတ်ကို ချည်ပေးလိုက်တယ်၊ သေနတ်မောင်းကွင်းမှာ ကြိုးကို ချည်ပေးလိုက်တာ၊ တော်တော်ကြာ တစ်ယောက်ယောက်ကို မတော်တဆ သေနတ်မှန်သွားမှာ စိုးရိမ်လို့ သတိပေးတာပါ'

'အမေရိကန် ရေတပ်မတော်ဟာ ကြောက်စရာကောင်းတဲ့ သေနတ်မျိုးစုံကို ကိုင်ဖူးပါတယ် မစ္စတာ ရက်ဗ်ဆန်'

'စိတ်မဆိုးပါနဲ့ခင်ဗျာ၊ စော်ကားတာ မဟုတ်ပါဘူး၊ အဲဒီကြိုးကိုရရင် သံတန်းပေါ် တစ်ပတ်လျှိုပြီး ဇန်အက်ဖင်ရဲ့ ကိုယ်ခန္ဓာနဲ့ ချည်လိုက်မယ်၊ သူ့ခြေထောက်နှစ်ချောင်းကို ကြိုးကွင်းတစ်ကွင်းစီနဲ့ ပေါင်ရင်းရောက်အောင်စွပ်ပြီး ခါးမှာ တစ်ပတ်ထပ်ချည်မယ်၊ သူ့လက်နှစ်ဖက်ကိုလည်း နောက်ပြန်တုပ်ပေးလိုက်မယ်၊ ဒါမှ အဲဒီကြိုးဟာ ပခုံးပေါ်က လျှောထွက်မသွားမှာ'

'အဲဒီလို စိတ်ကူးစိတ်သန်းကောင်းတဲ့ လူငယ်တွေကို ရေတပ်မတော်က လက်ကမ်းပြီး အမြဲကြိုဆိုနေပါတယ်'

'ကျွန်တော်ဟာ ရေတပ်မတော်ဝင်ခွင့် အသက်ကန့်သတ်ချက်နဲ့ တစ်လံ ကျော်လွန်နေပါပြီ၊ အဲ ဇန်အက်ဖင်ရဲ့ ကိုယ်ခန္ဓာကြီးကို ကြိုးနဲ့ချည်ပြီးတဲ့အခါ အောက်က လူနှစ်ယောက် သုံးယောက်လောက်နဲ့ ကြိုးကို ထိန်းပြီး လျှော့ချပေးဝါလား ခင်ဗျာ'

'ကနေ့ ရေတပ်မတော်ကြီးဟာ ဘယ်လောက်အထိ တိုးတက်နေတယ်ဆိုတာ ခင်ဗျား မသိသေးဘူးထင်တယ်၊ ကျုပ်တို့က ဝန်ချီစက်ကရစ်ဘီးကို သုံးမှာပါ'

'ဒါဆိုရင် ကျွန်တော်ဟာ တော်တော့်ကို အူတဲ့ကောင်ဖြစ်သွားပြီ'

'ကဲ ခင်ဗျား ချည်ပေးလိုက်တဲ့ သေနတ်နဲ့ကြိုး ရောက်လာပြီ'

ခဏမျှ တိတ်ဆိတ်သွားသည်။ ၎င်းနောက် သူ့အသံပြန်ပေါ်လာသည်။

'ကဲ ဆွဲတင်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ရက်ဗ်ဆန်က ကြိုးကိုဆွဲတင်သည်။ လက်ထဲရောက်လာသောအခါ ထိုကြိုးသည် အဝတ်လှန်းသောကြိုးလောက်ပင် မကြီးသည်ကို တွေ့ရသည်။ သူ ခုနက ရှင်းပြခဲ့သလို ဗန်အက်ဖင်ကို ကြိုးနှင့် သေသေချာချာ ချည်နှောင်လိုက်ပြီးနောက် သံလက်ရန်းနားအထိ ဆွဲယူသွားသည်။ သူက ရေဒီယိုနှင့် ပြန်ဆက်သွယ်လိုက်သည်။

'အဆင့်သင့်ဖြစ်ပလား'

'ဖြစ်ပြီ'

ရက်ဗ်ဆန်က ဗန်အက်ဖင်၏ ခန္ဓာကိုယ်ကြီးကို သံလက်ရန်းတန်းပေါ်က လျှောချပေးသည်။ ဗန်အက်ဖင်သည် လေထဲတွင် ခေတ္တမျှ တွဲလောင်းကြီး ဖြစ်နေပြီးနောက် မှောင်ထဲတွင် ပျောက်ကွယ်သွားသည်။ သံလက်ရန်းတန်းပေါ်မှ ကြိုးကလည်း လျှောသွားသည်။ ဤတွင် ပီယာဆင်၏အသံ ရေဒီယိုထဲက ပြန်ပေါ်လာသည်။

'သူ ကျုပ်တို့ဆီ ရောက်လာပါပြီ၊ ဒီည ဒါလောက်ပဲလား'

'ဟုတ်ကဲ့၊ ဒါလောက်ပါပဲ၊ ကူညီဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ မစ္စတာဟောဂင်ဘက်နဲ့ ပြောဦးမယ်'

'အေး၊ ပြော'

'ခုနက ပြောတာတွေကို ကြားမယ်ထင်ပါတယ်'

'အေး၊ မင်းလုပ်ပုံ ကိုင်ပုံ သိပ်မဆိုးဘူး'

'ဒါကတော့ သိပ်ကံကောင်းလွန်းလို့ပါ၊ ပြီးတော့ စနက်တံကို မီးရှို့မယ့် တီရိယာကိုလည်း သုံးမရအောင် ဖျက်ပြီးပါပြီ'

'ကောင်းတယ်၊ သိပ်ကောင်းတယ်ဟေ့၊ မြို့တော်ဝန်မော်ရီဆန်သာ သိရင် သိပ်တို ဝမ်းသာရှာမှာပဲ'

'သူ သိတဲ့အချိန်ကျရင် ဝမ်းသာမှာပါ၊ နောက်နှစ်နာရီလောက်ကြာရင် တံတားကြီးကို မှောင်ချပြီး တောင်ဘက်မျှော်စင် အရှေ့ဘက်ပိုင်းထဲကို လူတွေ သွင်းထားသင့်တယ်လို့ အကြံပြုချင်တယ်၊ လူတွေ အဆင်သင့်ရှိပြီလား ခင်ဗျာ'

'အေး လက်ရွေးစင်တွေချည်းပဲ'

'ကြိုတင်ကာကွယ်တဲ့အနေနဲ့ စနက်တံတွေကို ကြိုဖြုတ်ပစ်ဖို့လည်း မှာလိုက်ဦး ခင်ဗျ'

'ဟေ . . . အေး၊ ကောင်းပြီ'

'ကျွန်တော်တွေးမိတာ တစ်ချက်ရှိသေးတယ်၊ တံတားကြီးကို မှောင်မချခင် တောင်ဘက်မျှော်စင်ကို ထိုးတဲ့ မီးမောင်းကြီးကို လေဆာရောင်ခြည်သေနတ်နဲ့



ဖျက်ဆီးပစ်သင့်တယ်'

'စိတ်ချပါ ငါ့လူရာ၊ လုပ်ပါ့မယ်'

'ပြီးတော့ ကျွန်တော့်ကို ဘယ်အချိန်မှာပဲဖြစ်ဖြစ် ရေဒီယိုနဲ့ မဆက်သွယ်နဲ့နော်၊ တော်တော်ကြာ ဘရန်ဆန်နဲ့ စကားပြောနေတုန်း ကျွန်တော်နဲ့ ပါလာတဲ့ ရေဒီယိုက ထမြည်ရင် ဂျောက်ကျကုန်လိမ့်မယ်'

'တို့ဆီမှာ မင်းဆီက ဆက်သွယ်လာတာကို စောင့်နားထောင်မယ့်လူ အဆက်မပြတ် ချထားပါ့မယ်'

□

ဟောဂင်ဘက်သည် သူ့လုပ်ဖော်ကိုင်ဖက်များကို တစ်ယောက်စီ လှည့်ကြည့်လိုက်သည်။ ထို့နောက် သူက ဒုတိယ သမ္မတကြီးကို ဦးတည်၍ ပြောလိုက်သည်။

'ဒါ အရှုံးထတာသက်သက်ပဲလို့ ခင်ဗျား ပြောခဲ့တယ်နော်'

ဒုတိယ သမ္မတကြီးက စိတ်ဆိုးပုံမပြချေ။

'အေးလေ၊ ကောင်းသောအရှုံးထခြင်းလို့ ဆိုနိုင်ပြီပေါ့၊ စနက်တံဖြုတ်မယ့် ကိရိယာကို ဖျက်ဆီးပစ်နိုင်တာ သိပ်ကောင်းသွားတယ်၊ အေးလေ၊ မင်းခုနပြော သလို မော်ရီဆန်သာ သိရင် သိပ်ဝမ်းသာရှာမှာ'

ကွာရီက ဝင်ပြောသည်။

'ဒီလူ အကြံအဖန်လုပ်တဲ့နေရာမှာ နှစ်ယောက်မရှိအောင်ကို တော်တယ်၊ လိုအပ်တဲ့အချိန်မှာ လူမှန်နေရာမှန်ဖြစ်သွားတယ်လို့ ဆိုရမယ်၊ ဒါပေမယ့် ပြန်ပေး ဆွဲခံရတဲ့ ခရီးသည်တွေ လွတ်လာအောင် သူ ခုထက်ထိ မကြံစည်နိုင်သေးဘူး'

ဟောဂင်ဘက်က သူ့ကုလားထိုင်ပေါ်တွင် အားရပါးရ နောက်မှီပြီး ထိုင် လိုက်သည်။

'ကျုပ်ကတော့ စိတ်မပူပေါင်၊ ရက်ဗ်ဆန် သူ့ဘာသာသူ အကြံထုတ်ခဲ့ ထုတ်ပါလိမ့်မယ်'

□□□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၁ )

ထိုအချိန်တွင် ရက်ဇ်ဆန်က တစ်နာရီ နှစ်နာရီလောက် အိပ်ရေး၀၀ အိပ်ရလျှင် ဘယ်လောက်ကောင်းမလဲဟု တွေးနေသည်။ သူသည် အနည်းငယ် လူးလွန့်စပြုလာပြီဖြစ်သော ဂွန်ဆင်ကို အပေါက်ဝသို့ ဆွဲယူလာပြီး အဝင်ဝရှိ ဒုတိယလှေကားထစ်ပေါ်တွင် ထိုင်နေသည့် ပုံစံမျိုးဖြစ်အောင် လုပ်ပေးထားသည်။ တစ်မိနစ်နှစ်မိနစ်ကြာလျှင် သူ ပြန်နိုးလာလိမ့်မည်။ အိပ်ပျော်နေဆဲ ဘတ်လက်သည်ပင်လျှင် လှုပ်လှုပ်ရှားရှားဖြစ်လာလေပြီ။ ဘတ်လက်နှင့် ဂွန်ဆင် တစ်ပြိုင်တည်းလိုလို နိုးလာကြလိမ့်မည်ထင်သည်။

ရက်ဇ်ဆန်က မင်းလမ်းအတိုင်း လျှောက်လာသည်။ အေပရဲလ်တစ်ယောက် နိုးနေဆဲပင်။ ရက်ဇ်ဆန်တစ်ယောက် အတွင်းဘက်ခုံသို့ သွားနိုင်အောင် အေပရဲလ်က ထိုင်ရာမှ ထပေးပြီးမှ ပြန်ထိုင်သည်။ ရက်ဇ်ဆန်သည် ရွှဲရွှဲစိုနေသော ကုတ်အင်္ကျီကို ချွတ်၍ ကြမ်းပေါ်သို့မပုံမိ ခါတ်ငွေ့ဗူးကို အေပရဲလ်ထံ လှမ်းပေးသည်။ အေပရဲလ်က ထိုင်ခုံအောက်ရှိ သူ့အိတ်ကြီးထဲသို့ ငုံ့ထည့်လိုက်၏။ အေပရဲလ်က လေသံနှင့်မေးသည်။

'ကျွန်မဖြင့် ရှင့်ကို ပြန်မတွေ့ရတော့ဘူးလို့တောင် ထင်နေတာ၊ ဘယ့်နှယ်လဲ အဆင်ပြေခဲ့ရဲ့လား'

'မဆိုးပါဘူး'

'ဘယ်လိုမဆိုးတာလဲ'

'မင်း တကယ်သိချင်လို့လား'



အေပရဲလ်က စဉ်းစားပြီး ခေါင်းခါလိုက်သည်။ ပြီးမှ လေသံတလေးနှင့် ပြောလိုက်၏။

'ရှင့်လည်ပင်းကဟာက ဘာလဲ'

'ဘုရား ဘုရား'

အိပ်ချင်မူးတူးဖြစ်နေသော ရက်ဇ်ဆန်တစ်ယောက် ချက်ချင်း မျက်လုံး ကျယ်သွားသည်။ ထရန်စစ္စတာ ရေဒီယိုကလေးသည် ခုအချိန်အထိ သူ့လည်ပင်းတွင် တွဲလောင်းကလေးရှိနေသေးသည်။ ခြေစကြာဖြန့်နေတတ်သော ဘရန်ဆန်သာ မြင်သွားခဲ့ရင်. . .။ သူက ရေဒီယိုကလေးကို လည်ပင်းမှ ဖြုတ်ယူပြီး ကင်မရာကို ဖွင့်၍ ကင်မရာအတွင်းဘက် အောက်ပိုင်းတွင် ထည့်ထားလိုက်သည်။

အေပရဲလ်က မေးသည်။

'အဲဒါ ဘာလဲ'

'ကင်မရာအသေးစားလေးပါ'

'မဟုတ်ပါဘူး၊ ရေဒီယိုလေးပါ'

'မင်းခေါ်ချင်သလို ခေါ်လေ'

'ရှင် ဘယ်က ရလာတာလဲ၊ ဒီမော်တော်ကားကို ဖင်ပြန် ခေါင်းမြန် ရှာကြပြီးပြီပဲဥစ္စာ'

'အေးလေ အဲဒီပစ္စည်းကို ကိုယ့်မိတ်ဆွေတစ်ယောက် လမ်းကြုံလို့ ဝင်ပေးသွားတာ၊ အခုလည်း မင်းကြောင့် ကိုယ်အသက်ဘေးက လွတ်သွားတာ၊ ကိုယ် မင်းကို မွှေးမွှေးပေးပြီး ကျေးဇူးဆပ်ချင်တယ်'

'ဆပ်ချင်ဆပ်လေ'

ရက်ဇ်ဆန်၏အနမ်းကို အေပရဲလ်က ခပ်ကြွမ်းကြွမ်းလေးတုံ့ပြန်သည်။ ရက်ဇ်ဆန်က ပြောလိုက်၏။

'တစ်နေ့လုံး ပင်ပန်းသမျှ ခုမှပဲ ကောင်းခန်းနဲ့ တွေ့ရတော့တယ်၊ တို့နှစ်ယောက် ဒီသောက်တံတားပေါ်က အောက်ရောက်တဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒီကောင်းခန်းမျိုးနဲ့ ထပ်ကြုံစမ်းချင်တယ်'

'အံမယ်၊ အခုကော မကြုံလို့လား'

'တယ်လေ မင်းကလေးဟာ ပြောလေ ကဲလေ'

ရက်ဇ်ဆန်က အေပရဲလ်လက်ကို ဆုပ်ကိုင်ပြီး ခေါင်းညိတ်ပြသည်။ တားရှေ့ပိုင်းမှတစ်ယောက် လူးလွန့်စပြုလာသည်။ ဂွန်ဆင်ပင်တည်း။ သူသည် ထိုင်ရာမှ

www.burmeseclassic.com

www.burmeseclassic.com



လတ်ကနဲထရပ်လိုက်ပြီး တံတားကြီးဆီသို့ ကျီးကန်းတောင်းမှောက် လှမ်းကြည့်လိုက်သည်။ ကားထဲသို့ ဝင်ပေါက်လှေကားထစ်ကို သူ စသတိထားမိသောကြောင့် အနားယူရန် ခဏတဖြုတ် ထိုင်မိတာပဲဟု သူထင်ပေလိမ့်မည်။ ပြီးတော့ သူ တစ်စက္ကန့်တလေးတောင် အိပ်မနေခဲ့ကြောင်း ဘရန်ဆန်ကို အကြောက်အကန်ပြောမှာ သေချာသည်။ သူက ဘတ်စ်ကားထဲဝင်လာပြီး ဘတ်လက်ကို စက်သေနတ်ပြောင်းနှင့် ထိုးလိုက်သည်။ ဘတ်လက် လန့်နိုးလာပြီး သူ့ကို ကြောင်တောင်တောင် ပြန်ကြည့်လိုက်သည်။

'မင်း အိပ်နေတယ် မဟုတ်လား'

ဂွန်ဆင်က စွပ်စွဲလိုက်သည်။ ဘတ်လက်ကလည်း ငုံ့မခံချေ။ ဒေါပွပွနှင့်ပြန်ပြောသည်။

'ဘာ ငါအိပ်ပျော်နေတယ်၊ ဟုတ်လား၊ မျက်စိကလေး ခဏမှိတ်ပြီး အနားယူမိတာနဲ့ ဒီလို စွပ်စွပ်စွဲစွဲပြောရသလားကွာ'

'ဒါပေမယ့် မင်း သိပ်ကြာကြာ အနားမယူရင် ကောင်းလိမ့်မယ်ထင်တယ်'

ဂွန်ဆင်က သူ့ကိုယ်သူ ဟုတ်လှပြီဆိုသော လေသံနှင့်ပြောပြီး ကားပေါ်က ပြန်ဆင်းသွားသည်။

ရက်ဝ်ဆန်က အေပရဲလ်ကို တိုးတိုးလေးပြောလိုက်သည်။

'ကိုယ် ခုနတုန်းက သိပ်အိပ်ချင်တယ်၊ ခုတော့ မျက်လုံးကျယ်သွားပြီ၊ ဒါပေမယ့် ကိုယ်မအိပ်သေးဘူးလို့ အထင်ခံရရင် သိပ်မကောင်းဘူး၊ တကယ်လို့ တော်တော်ကြာ ရှုတ်ရှုတ်သဲသဲတွေဖြစ်လာရင် ကိုယ်အိပ်ပျော်နေမှဖြစ်မယ်၊ မင်းဆီမှာ အိပ်ဆေးများ ပါလာသလား'

'ကြုံကြုံဖန်ဖန်၊ ဒီခရီးစဉ်ဟာ မူလတုန်းက နေ့ချင်းပြန်ခရီးလို့ သိထားကြတာရှင့်'

ရက်ဝ်ဆန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကိုယ်နားလည်ပြီ၊ အဲ တစ်ခုတော့ရှိတယ်၊ ဟို ဓာတ်ငွေ့ဗူးကလေးကို ပြန်ပေးစမ်း'

'ဘာလုပ်ဖို့လဲ'

'နည်းနည်းကလေးရှူပြီး အိပ်မလို့၊ မင်းက ကိုယ့်လက်ထဲက ဗူးကို ပြန်ယူပြီး သိမ်းထားပေးပေါ့'

အေပရဲလ်က တွန့်ဆုတ်ဆုတ်ဖြစ်သွားသည်။



'တို့နှစ်ယောက် ဒီတံတားပေါ်က အိမ်ပြန်ရောက်ခဲ့ရင် သွားအတူ လာအတူ နေရမယ့် ကိစ္စတွေကို ကြိုတွေးကြည့်စမ်းပါကွာ'

'ရှင် အဲဒီလိုပြောတာ ကျွန်မ ခုမှပဲ ကြားဖူးတယ်'

'အဲလေ မင်း အခုကြားရပြီပဲ၊ ဒါပေမယ့် ကိုယ်သာ ရွှေတံခါးရေလက်ကြားအောက်ကို ရောက်သွားမယ်ဆိုရင် မင်းနဲ့ကိုယ် ဘုရားသွား ကျောင်းတက် လုပ်လို့ ဘယ်ဖြစ်ပါတော့မလဲ'

အေပရဲလ်က တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ထို့နောက် ထိုင်ခုံ အောက်ဆီသို့ လက်လှမ်းလိုက်သည်။

□

နောက်ဆုံးကားထဲတွင် ခရိုက်စလာက ဘရန်ဆန်၏ပခုံးကိုကိုင်၍ အသာအယာ လှုပ်နှိုးလိုက်သည်။ ဘရန်ဆန်သည် အလွန်အမင်း ပင်ပန်းနွမ်းနယ်နေသည့်တိုင်အောင် ချက်ချင်းနိုးလာသည်။

'ပြဿနာပေါ်လို့လား'

'ကျွန်တော် စိတ်ပူလို့ပါ မစ္စတာဘရန်ဆန်၊ ဇန်အက်ဖင်က တစ်ခေါက်လောက် လျှောက်စစ်ဦးမယ်ဆိုပြီး ထွက်သွားတာ၊ ခုအထိ ပြန်မလာသေးလို့'

'ဘယ်လောက်ကြာသွားပလဲ'

'နာရီဝက်ရှိပြီဆရာ'

'ဘုရား ဘုရား နေပါဦး၊ မင်းက ငါ့ကို ဘာပြုလို့ စောစောက မနှိုးတာလဲ ခရိုက်စလာ'

'အကြောင်းနှစ်ချက်ရှိပါတယ်၊ ပထမအချက်ကတော့ ဆရာ့အတွက် အိပ်ချိန်လိုအပ်တယ်ဆိုတာရယ်၊ ပြီးတော့ ကျွန်တော်တို့အားလုံး ဆရာ့ကိုပဲ အားကိုးအားထားပြုနေရတယ်ဆိုတာရယ်၊ ပြီးတော့ ဇန်အက်ဖင်ဟာ သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်းအရှိဆုံးလူဖြစ်နေလို့ပါ'

'စက်သေနတ် ယူသွားတယ် မဟုတ်လား'

'ဒီတံတားပေါ် ရောက်ကတည်းက သေနတ်ကို သူ့လက်ထဲက အောက်မချသေးဘူး'

ဘရန်ဆန်သည် သူ့သေနတ်ကို ကောက်ကိုင်ရင်း ထိုင်ရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ လာ၊ ငါနဲ့လိုက်ခဲ့၊ သူ ဘယ်ဘက်သွားတာ မင်း မြင်လိုက်သလဲ'

'မြောက်ဘက်'

သူတို့နှစ်ယောက် အလယ်ကားဆီ လျှောက်လာကြသည်။

အစောင့်ဖြစ်သူ ပီတာသည် ယာဉ်မောင်းထိုင်ခုံတွင် ဘေးစောင်းထိုင်ရင်း ဆေးလိပ်သောက်နေသည်။ ကားတံခါးကို အသာကလေး ခေါက်လိုက်သောအခါ သူက ချာကနဲလှည့်ပြီး အတွင်းအိတ်ထဲမှ သော့တစ်ချောင်းကိုနှိုက်၍ သော့အပေါက်ထဲထည့်ပြီး ဖွင့်ပေးသည်။ ဘရန်ဆန်က တံခါးကို အပြင်က ဆွဲဖွင့်ပြီး ခပ်တိုးတိုးမေးသည်။

'မင်း ဇန်အက်ဖင်ကို မြင်လိုက်မိသေးသလား'

တကယ်တော့ သူ ပိုကျယ်ကျယ်ပြောရင်လည်းဖြစ်သည်။ ဘုရင်ပဲဖြစ်ဖြစ် သမ္မတပဲဖြစ်ဖြစ်၊ ဝန်ကြီးပဲဖြစ်ဖြစ် အိပ်ပျော်နေစဉ် ဟောက်ကြပုံကတော့ သာမန်လူများနှင့် သိပ်ထူးခြားလှသည် မဟုတ်။

'ဟုတ်ကဲ့ မစ္စတာဘရန်ဆန်၊ လွန်ခဲ့တဲ့ နာရီဝက်လောက်တုန်းက ဟိုအနားယူခန်းဆီ လျှောက်သွားတာ မြင်လိုက်တယ်'

'သူ ပြန်ထွက်လာတာကော မြင်လိုက်သလား'

'မမြင်ဘူး၊ အဲလေ အမှန်အတိုင်းပြောရရင် ကျွန်တော် အပြင်ဘက်ကို လှမ်းကြည့်မနေဘူး။ ကျွန်တော့်တာဝန်က ဒီကားထဲကလူတွေ ဟိုဆက်သွယ်ရေးခန်းထဲကို မသွားကြစေဖို့နဲ့ ကျွန်တော့်ကို အနိုင်အထက် ပိုင်းဖမ်းဆီးပြီး သေနတ်ကို လုမယူစေဖို့ပါ။ ဒီတော့ ကျွန်တော်က အပြင်ဘက်ထက် ကားထဲကို ပိုဂရုစိုက်ပါတယ်'

'ဒါမှန်တာပေါ့၊ မင်းလုပ်တာ မဆိုးပါဘူး ပီတာ'

ဘရန်ဆန်က တံခါးကို ပြန်ပိတ်လိုက်သည့်အခါ အထဲက သော့ပြန်ခတ်သံကြားလိုက်ရသည်။ ဘရန်ဆန်နှင့် ခရိုက်စလာ အနားယူခန်းဆီသွားကြသည်။ သို့သော် အထဲတွင် မည်သူမျှ မရှိ။ ကျန်အနားယူခန်းထဲတွင်လည်း မည်သူမျှ မရှိပါ။ သူတို့နှစ်ယောက် လူနာတင်ကားဆီ သွားကြပြန်သည်။ ဘရန်ဆန်က ကားနောက်ဘက်တံခါးကို ဆွဲဖွင့်ပြီး လက်နှိပ်ဓာတ်မီးသေးသေးကလေးနှင့်ထိုး၍ မီးခလုတ်ကို ရှာဖွင့်သည်။ ရုပ်အကျီသာ ဝတ်ထားသော အိုဟဲယားတစ်ယောက် စောင်တစ်ထည် တည်းခြုံပြီး အိပ်ပျော်နေသည်။ ဘရန်ဆန်က သူကို လှုပ်နှိုးသည်။ အတော်ကြာကြာ နှိုးယူရသည်။

အိုဟဲယားသည် ထိန်နေသော မီးရောင်ကြောင့် မျက်တောင်တဖျတ်ဖျတ်



ခတ်လိုက်ပြီး သူတို့နှစ်ယောက်ကို ပြန်ကြည့်သည်။ ပြီးတော့ လက်ပတ်နာရီကို ကြည့်လိုက်သည်။

'တစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်၊ အခုလိုအချိန်မျိုးမှာ ဘာခိုင်းချင်လို့ လာနှိုးရတာလဲ'

'ဇန်အက်ဖင် ပျောက်နေတယ်၊ ခင်ဗျား မြင်လိုက်မိသလား'

'ဟင့်အင်း၊ မမြင်လိုက်ဘူး၊ ဘာဖြစ်လို့လဲ၊ သူ နေမကောင်းလို့လား'

'မဟုတ်ဘူး'

'ဒါဖြင့် ဘာပြုလို့ ကျုပ်ကို လာနှိုးရသလဲ၊ ဪ. . . သူတံတားပေါ်က လိမ့်ကျသွားသလားမှ မသိတာ'

ဘရန်ဆန်က အိုဟဲယားကို အကဲခတ်လိုက်သည်။ သူ့မျက်ခွံတွေ မှိန်နေသည်။ ထိုကဲ့သို့ မှိန်နေခြင်းမှာ အိပ်ရေးပျက်သောကြောင့် မဟုတ်။ အိပ်ပျော်နေခြင်းကြောင့် မှိန်နေခြင်းသာဖြစ်ကြောင်း သူ သိလိုက်သည်။ သူက ခရိုက်စလာကို လက်ဟန်ခြေဟန်ပြလိုက်ပြီး မီးပြန်ပိတ်၍ ကားထဲက ပြန်ထွက်ရင်း တံခါးကို ပိတ်ပေးလိုက်သည်။

စက်သေနတ်ကို လွယ်ထားသော ဂျွန်ဆင် သူတို့ဆီလျှောက်လာသည်။ သူက စနှုတ်ဆက်လိုက်သည်။

'မင်္ဂလာ ညနေခင်းပါ၊ အဲလေ မနက်ခင်းပါ မစ္စတာ ဘရန်ဆန်'

'မင်း ဇန်အက်ဖင်ကို မြင်လိုက်သလား'

'ဇန်အက်ဖင်၊ ဟုတ်လား၊ ဘယ်တုန်းကလဲ'

'လွန်ခဲ့တဲ့ နာရီဝက်အတွင်းက'

ဂျွန်ဆင်က ခေါင်းခါသည်။

'လုံးဝ မတွေ့သေးပါဘူးခင်ဗျာ'

'ဒါပေမယ့် သူ တံတားပေါ် ဆင်းလမ်းလျှောက်နေတာကွ၊ မင်းလည်း တံတားပေါ်မှာပဲ ကင်းစောင့်နေတာ၊ သူ ဒီဘက်မှာရှိရင် မင်းနဲ့တွေ့ကို တွေ့ရမယ်'

'မတွေ့ဘူး ခင်ဗျ၊ သူရှိပေမယ့်လည်း ကျွန်တော်နဲ့ တွေ့ချင်မှတွေ့မှာ ကျွန်တော်လည်း အိပ်မပျော်သွားအောင် တစ်ချိန်လုံး လမ်းလျှောက်နေတယ်၊ အင်း ဒါပေမယ့် သူ ဘုတ်စ်ကားတွေနဲ့ကွယ်ပြီး လမ်းလျှောက်နေရင် ကျွန်တော် မြင်စရာ မဟုတ်ဘူး'

'သူက ဘာပြုလို့ အဲဒီလို လုပ်ရမှာတုံး'

'ဒါတော့ ကျွန်တော်လည်း ဘယ်သိမလဲ၊ သူကို မမြင်စေချင်လို့ တမင်တုန်း

www.burmeseclassic.com

www.burmeseclassic.com



နေတာလည်းဖြစ်နိုင်တယ်၊ သူ့စိတ်ထဲက ဘယ်လို တွေးနေတယ်ဆိုတာတော့ ကျွန်တော် မသိနိုင်ဘူး'

'ဒါလည်း မှန်တာပဲ'

ဗွန်ဆင်သည် ရေတပ်မတော်မှ ဗိုလ်ဟောင်းတစ်ဦးဖြစ်သည်၊ ပြီးတော့ ရေယာဉ်မောင်းနှင်ရာတွင်လည်း အလွန်ကျွမ်းကျင်သူဖြစ်သည်။ ဘရန်ဆန်၏ စီမံကိန်းတွင် အချက်အချာကျသည့်နေရာက ပါဝင်သူလည်းဖြစ်သည်။ ထို့ကြောင့် သူနှင့် ကတောက်ကဆ မဖြစ်လို။ ထို့ကြောင့် ချိုချိုသာသာ ဆက်ပြောသည်။

'ငါဆိုလိုတာက ဒီလိုပါ၊ မင်း ဒီအနီးအနားတစ်ဝိုက်မှာ ရှိနေတယ်၊ ပြီးတော့ တိုကြည့် ဒိကြည့်လည်း လုပ်မှာပဲလို့ ထင်တယ်၊ တကယ်တော့ မင်း မတ်တတ်ကြီး အိပ်ပျော်နေမှာမှ မဟုတ်တာ၊ နောက်ဆယ့်ငါးမိနစ်ကြာရင် မင်းနေရာ လူစားရောက်လိမ့်မယ်'

သူနှင့်ခရိုက်စလာ ရှေ့ဆုံးကားဆီသို့ သွားကြပြန်သည်။ ကားထဲတွင် မီးခပ်မှိန်မှိန်သာ ရှိနေသဖြင့် ဘတ်လက်၏ ဆေးပြင်းလိပ် မီးနီရဲရဲကို လှမ်းမြင်နေရသည်။ ဘရန်ဆန်က ပြောလိုက်သည်။

'ရှိသမျှ ကင်းသမားတွေအားလုံး နိုးနိုးကြားကြား ရှိနေပုံပေါ် ရက်နဲ့ ဇန်အက်ဖင် ပျောက်သွားတာကို စဉ်းစားလို့ မရနိုင်ဘူး'

ဘတ်လက်က ခပ်သောသော နှုတ်ဆက်သည်။

'မင်္ဂလာနံနက်ပါ မစ္စတာဘရန်ဆန်၊ ကင်းလိုက်စစ်နေတာလား၊ ဒီမှာ အားလုံး အေးအေးဆေးဆေးပါပဲ'

'လွန်ခဲ့တဲ့ နာရီဝက်အတွင်း ဇန်အက်ဖင်ကို မြင်လိုက်သေးသလား'

'မမြင်မိဘူး၊ ရှာမတွေ့လို့လား'

'ပျောက်နေတယ် ဆိုကြပါစို့'

'သူမပျောက်ခင် နောက်ဆုံး မြင်လိုက်တာ ဘယ်သူလဲ'

'ပီတာ မြင်လိုက်တယ်၊ ဒါပေမယ့် သိပ်မထူးဘူး နေဦး၊ လွန်ခဲ့တဲ့ နာရီဝက်အတွင်း ဒီကားပေါ်က အပြင်ထွက်တဲ့လူ ရှိသလား'

'မီးလောင်တာကို ကြည့်ပြီး ပြန်လာကြကတည်းက ခုအထိ ဘယ်သူမှ အပြင်မထွက်ကြသေးဘူး'

ဘရန်ဆန်က ရက်ဗ်ဆန့်ထိုင်ခုံဆီ လျှောက်သွားသည်။ အေပရဲလ်တစ်ယောက် နိုးနေသည်။ ရက်ဗ်ဆန်ကမူ မျက်စိကိုမှိတ်ပြီး အသက်ခပ်ပြင်းပြင်း ရှူနေ



သည်။ ဘရန်ဆန်က သူ့မျက်စိကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ ဘာမှ မထူးခြား။ ဘရန်ဆန်က မျက်ခွံကို ဆွဲလှန်လိုက်သည်။ သတိရနေသူတစ်ဦးလို သူ့ မျက်စိက ပြန်ရုန်းကန်ခြင်းမရှိ။ ဘရန်ဆန်က သူ့ငယ်အိမ်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်နေသည်။ သူ့ငယ်အိမ် မလှုပ်မရှား ငြိမ်သက်နေသည်ကို တွေ့ရ၍ မျက်ခွံကို ပြန်လွှတ်လိုက်သည်။

'တကယ် အိပ်ပျော်နေတာ သေချာတယ်၊ မစ္စအေပရဲလ်၊ မင်းနိုးနေတာ ဘယ်လောက်ကြာပြီလဲ'

'ကျွန်မ တရေးမှ မအိပ်ရသေးဘူး၊ ကျွန်မ ဒီတံတားပေါ် ပြန်လာမိတာ သိပ်မှားတယ်၊ ကျွန်မ သိပ်သူရဲဘောကြောင်တယ် မစ္စတာဘရန်ဆန်၊ အခုလို မှိုသက် မှန်တိုင်းကျတာမျိုးကို သိပ်မုန်းတယ်'

'ငါ မင်းကို မနှိပ်စက်ပါဘူး ကလေးမရယ်'

ဘရန်ဆန်က အေပရဲလ်၏နှုတ်ခမ်းကို လက်ချောင်းကလေးနှင့် အသာအယာ ပွတ်ကြည့်လိုက်သည်။ အေပရဲလ် နှုတ်ခမ်းအစုံသည် ကော်ပတ်လို မာတင်းနေသည်။ ဘရန်ဆန်က အေပရဲလ်ပခုံးကို အသာအယာ ပုတ်လိုက်၏။

'ဟုတ်တယ်၊ မင်းသိပ်ကြောက်နေတယ်၊ ဒါပေမယ့် မစိုးရိမ်နဲ့တော့နော်၊ မှိုသက်မုန်တိုင်းလည်း စဲသလောက်ရှိနေပါပြီ'

သူတို့နှစ်ယောက် ပြန်ထွက်သွားသည်။

မှန်သည်။ အေပရဲလ် ကြောက်နေတယ်ဆိုတာ မှန်သည်။ သို့သော် ကြောက်နေတာက ဘရန်ဆန်က ရက်ဗ်ဆန်ကို အတင်းလှုပ်နှိုးပြီး နိုးမရသည်ကို တွေ့သွားမှာ စိုးရိမ်နေခြင်းသာဖြစ်သည်။

နောက်မိနစ်နှစ်ဆယ်ကြာသောအခါ ဘရန်ဆန်နှင့် ခရိုက်စလာ နောက်ဆုံး ကားဆီ ပြန်ရောက်လာကြသည်။ ခရိုက်စလာက ပြောလိုက်သည်။

'သူ ဒီတံတားပေါ်မှာ မရှိနိုင်တော့တာ သိပ်သေချာသွားပြီ မစ္စတာဘရန်ဆန်'

'ငါလည်း သဘောတူတယ်၊ ကဲ မင်းအယူအဆကို ပြောစမ်း'

ခရိုက်စလာက လက်လျှော့သည့် အမူအရာမျိုး လုပ်ပြသည်။

'ကျွန်တော်က နောက်လိုက်ပါဗျာ၊ ခေါင်းဆောင် မဟုတ်ပါဘူး'

'ဘာပဲဖြစ်ဖြစ်၊ ပြောကွာ'

'ကျွန်တော်ထင်တဲ့အတိုင်း ဘွင်းဘွင်းပြောရမလား'

ဘရန်ဆန်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်၊ ဇန်အက်ဖင် တံတားပေါ်က ခုန်မချတာ သေချာတယ်၊ ဒီလူဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မယ့်လူမျိုး လုံးဝမဟုတ်တဲ့အပြင် ငွေသန်းဂဏန်း အထိရဖို့ ရက်ကလည်း သိပ်မဝေးတော့ဘူး မဟုတ်လား၊ ပြီးတော့ သူ သစ္စာဖောက် သွားတာလည်း မဖြစ်နိုင်ဘူး၊ ဒီလူက သိပ်သစ္စာရှိတဲ့လူ၊ ပြီးတော့ သစ္စာဖောက်ရင် သူ့ငွေတွေအများကြီး နစ်နာသွားမှာ၊ ပြီးတော့ သူသစ္စာဖောက်မယ်ဆိုရင် သူဘယ်ဘက် တံတိုင်းဆီကိုပဲလျှောက်လျှောက် ပေနှစ်ထောင်လောက် လမ်းလျှောက်သွားမှ ရောက်မှာ၊ ဒါဆိုရင် ဗွန်ဆင် မမြင်ပဲနေမှာ မဟုတ်ဘူး၊ ဒီတော့ သူ့အလစ်အတွယ်ခံ လိုက်ရတာပဲဖြစ်မယ်၊ ဒီကိစ္စမှာ ဟိုဆရာဝန် မဖြစ်နိုင်ဘူးဆိုတာ သေချာသလား'

'သိပ်သေချာတယ်'

'ပြီးတော့ ရက်စ်ဆန်လည်း မဟုတ်ဘူး၊ နောက်ထပ်စဉ်းစားလို့ရတာကတော့ ဗိုလ်ချုပ်ကြီး ကတ်တလန်ပဲ၊ သူက ကြောက်စရာကောင်းတယ်၊ ဒါပေမယ့် ပီတာက သိပ်နိုးနိုးကြားကြားရှိတဲ့လူ၊ တိုဝေါစကီပြီးရင် သူ'

ခရိုက်စလာက စကားကိုရပ်ပြီး တွေးလိုက်သည်၊ ပြီးမှ

'ဒီမှာ မစ္စတာဘရန်ဆန်၊ ဒီည တိုဝေါစကီသာ ကင်းစောင့်နေရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး၊ ဒီတော့ တိုဝေါစကီ မတော်တဆ ချော်လဲတယ်ဆိုတာ တကယ်မတော် တဆ ဖြစ်တာမှ ဟုတ်ရဲ့လားလို့ တွေးစရာဖြစ်လာတယ်'

'အေး၊ ငါလည်း သံသယရှိတယ်၊ ကဲ မင်းအတွေးကို အဆုံးသတ်ပါဦး'

'ဟောဒီကားထဲမှာ သစ္စာဖောက်တစ်ယောက်တော့ရှိနေပြီ၊ ကျွန်တော်တို့ လူစုထဲက လောက်ကောင်လည်းဖြစ်နိုင်တာပဲ'

'အတော်စိတ်ကုန်စရာပါပဲ၊ ဒါပေမယ့် မလိုလည်းလိုလည်း ထည့်စဉ်းစားရ တော့မှာပေါ့လေ၊ ဒါပေမယ့် ဒီလောက်တောင်များတဲ့ ငွေပမာဏကို ဘယ်သူက အဆုံးခံပါ့မလဲလို့ တွေးစရာ'

'အစိုးရက အခု သူတို့ရမယ့်ငွေပမာဏထက် နှစ်ဆပေးမယ်လို့ ကတိ ပေးခဲ့ရင်ကော'

'ဒါ သက်သက်မဲ့ အတွေးခေါင်တာပဲ၊ ဒီလိုသာ မည်းမည်းမြင်တိုင်း သံသယ ဝင်နေရင် စိတ်မောတ်ချောက်ချားတာတွေဖြစ်လာမယ်၊ တို့အလုပ်မှာ စိတ်မောတ် ချောက်ချားတာကို မခံနိုင်ဘူး၊ ကဲ ဒီတော့ မင်းက ဇန်အက်ဖင်ကိစ္စကို ဘယ်လိုထင် သလဲ'

'ဆရာ့လိုပါပဲ၊ ဒီလူ ရွှေတံခါး ရေလက်ကြားရဲ့ ရေပြင်အောက်ကို ရောက်နေပြီ'

❒



သို့သော် ဇန်အက်ဖင်သည် ဆက်သွယ်ရေးယာဉ်ထဲတွင် ရောက်ရှိနေခြင်း မှသာဖြစ်သည်၊ သူ့ရှေ့စားပွဲ ဟိုဘက်တွင် ဟင်းဒရစ်နှင့် ဟောဂင်ဘက်တို့ ထိုင်နေကြ သည်၊ လက်ထဲတွင် အဆင်သင့်အနေအထားနှင့် သေနတ်ကိုယ်စီ ကိုင်ထားသူ ရဲသားနှစ်ဦးကလည်း အပေါက်ဝတွင် ရှိနေကြသည်၊ ဇန်အက်ဖင်ကို ကြည့်ရသည်မှာ အူကြောင်ကြောင်ဖြစ်နေပုံရသည်။

ဇန်အက်ဖင်က ပြောလိုက်သည်၊

'အင်း ကျုပ်က ရက်စ်ဆန်ကို အထင်သေးခဲ့မိတာကိုး'

'ဆန်ကွင်တင်ထောင်ထဲရောက်တဲ့အခါကျရင် မင်းစကားကို ထောက်ခံ မယ့်လူတွေ အများကြီးနဲ့ ဆုံရဦးမှာပါ၊ ဪ ဆန်ကွင်တင်အကြောင်း စကားစပ် မိလို့ပြောရဦးမယ်၊ မင်း ထောင်ထဲမှာ လျှော့ရက်မရှိပဲ အနည်းဆုံး ဆယ်နှစ်ထက် မလျှော့နိုင်ဘူးဆိုတာ သိတယ်မဟုတ်လား'

'ဒါကတော့ ဘယ်လုပ်ငန်းမှာမဆို လုပ်ငန်းခွင် အန္တရာယ်ဆိုတာ ရှိစာတ် မြဲပဲ'

'မရှိအောင် လုပ်လို့ရပါတယ်'

'ခင်ဗျားပြောတာ ကျုပ်နားမလည်ဘူး'

ဟောဂင်ဘတ်က ထပ်ပြောသည်၊

'တို့အပေးအယူလုပ်ရင် ဖြစ်တာပေါ့'

'ဘယ်တော့မှ မလုပ်ဘူး'

'မင်းဘက်က အရှုံးရှိမှာ မဟုတ်ဘူး၊ အမြတ်ထွက်လာမှာ သေချာတယ်၊ တိတိကျကျပြောရရင် မင်းသက်တမ်းထဲက ဆယ်နှစ်လောက် အမြတ်ထွက်လာ မယ်ဆိုပါတော့'

'အပေးအယူ မလုပ်ဘူး'

ဟောဂင်ဘက်က သက်ပြင်းချသည်။

'မင်း ဒီလို စိတ်ထားမျိုးရှိနိုင်တယ်လို့ တွေးထားပြီးသားပါ၊ မင်းကို ချီးကျူး ပါတယ်၊ ဒါပေမယ့် တလွဲဆံပင်ကောင်းတာမျိုးဖြစ်နေတယ်၊ ကဲ ဟင်းဒရစ် ငါပြောတာ မင်းသဘောတူတယ် မဟုတ်လား'

ဟင်းဒရစ်က ရဲသားတစ်ယောက်ကို ပြောလိုက်သည်။

'သူ့ကို လက်ထိတ်ခတ်ပြီး စစ်ဆေးရုံက အစောင့်အများဆုံးရှိတဲ့ အဆောင်မှာ ထားလိုက်၊ ဆရာဝန်တွေကို မစ္စတာဟောဂင်ဘက် ခုချက်ချင်း လိုက်လာသိမ့်မယ်လို့

www.burmeseclassic.com



ပြောနှင့်၊ ပြီးတော့ တိတ်ရီကော်ဒါတွေကိုလည်း အသင့်ပြင် ထားပါလို့ပြော'

ဇန်အက်ဖင်ကပြောသည်။

'ဆေးရုံ တိတ်ရီကော်ဒါ၊ ဟုတ်လား၊ ကျုပ်ကို ဆေးကျွေးပြီး စစ်မှာမဟုတ်လား'

'ဒါပေါ့၊ မင်းက တို့ကို လိုက်လိုက်လျောလျော မကူညီရင် တို့ကလည်း ဖြစ်တဲ့နည်းနဲ့ ပြောအောင်လုပ်ရလိမ့်မယ်'

ဇန်အက်ဖင်က အားရပါးရ ပြုံးလိုက်သည်။

'ဒီလိုနည်းမျိုးနဲ့ ညှင်းဆဲပြီးရထားတဲ့ ဖြောင့်ချက်ကို ဘယ်တရားရုံးကမှ သက်သေခံအဖြစ် လက်ခံမှာ မဟုတ်ဘူး'

'တို့ကလည်း မင်းဆီက ဖြောင့်ချက်ရစရာ မလိုဘူး၊ တို့က မင်းကို တို့လိုချင်သလောက် ထောင်ထဲထည့်ထားနိုင်အောင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံရထားပြီးပြီ၊ အခု မင်းဆီက အထောက်အထားဖြစ်နိုင်မယ့် သတင်းပလင်းလေးလောက်ပဲ တို့က လိုချင်တာ၊ ဒီတော့ မင်းကို ဆိုဒီယမ်ပင်တိုသောလ်နဲ့ တခြားဆေးနည်းနည်းရောပြီး ထိုးပေးလိုက်ရင် မင်းဘာသာမင်း အလိုလို အန်ထွက်လာမှာပါ'

ဇန်အက်ဖင်က ရှတ်ချသော လေသံနှင့်ပြန်ပြောသည်။

'အဲဒီလိုလုပ်ရင် ဖြစ်ချင်လည်းဖြစ်မှာပေါ့၊ ဒါပေမယ့် ဒီနိုင်ငံရဲ့ တရားဥပဒေကိုတော့ ခင်ဗျားတို့ လိုက်နာသင့်တယ်၊ ဥပဒေဘက်တော်သားတွေဟာ မဟုတ်မတရားနည်းတွေနဲ့ ဖြောင့်ချက်ရအောင် လုပ်ယူခဲ့ရင် တရားစွဲခံရပြီး ထောင်ဒဏ်အပြစ်ရနိုင်တယ်'

ဟောဂင်ဘက်က ချိုချိုသာသာ ပြန်ပြောသည်။

'ဘုရား၊ ဘုရား၊ ကယ်တော်မူပါ၊ ဒီမှာ ဇန်အက်ဖင်၊ သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား၊ ဒါမှမဟုတ် မင်းတို့က သမ္မတကြီးကို ပြန်ပေးဆွဲလာတာကို မေ့များသွားကြလို့လားကွာ'

□

ထိုနေ့နံနက် သုံးနာရီထိုးရန် ဆယ်မိနစ်အလိုတွင် လေတပ်မတော်မှ ဗိုလ်တစ်ဦးသည် အလွန်ခေတ်မီသော လက်နက်ဆန်းတစ်ခု၏ ဘုကလေးနှစ်ခုကို (တဖြည်းဖြည်း) လှည့်နေသည်။ ညကြည့်မှန်ပြောင်းပေါ်တွင် ပေါ်နေသော ဆံချည်မျှင်



တန်းကလေးသည် တောင်ဘက်မျှော်စင်ကို ထိုးထားသော အရန်ဆန်ခါးမီးဓာင်းကြိုး အလယ်ဗဟိုနှင့် တထပ်တည်းကျသွားသည့်အခါ သူက ခလုတ်တစ်ခုကို တစ်ချက်တည်း နှိပ်ချလိုက်သည်။

သုံးနာရီထိုးရန် ငါးမိနစ်အလိုတွင် တံတားအပြင်ဘက်ရှိ ဆက်သွယ်ရေးယာဉ်အနောက်ဘက်မှ အလွန်ထူးဆန်းသည့် ခပ်နိမ့်နိမ့် ယာဉ်ကလေးတစ်စင်း ပေါ်ထွက်လာသည်။ ထိုယာဉ်ကလေးပေါ်သို့ လူသုံးယောက် တက်လိုက်ကြသည်။ သာမန်အဝတ်အစားများကိုသာ ဝတ်ဆင်ထားသူက ယာဉ်မောင်းသူ၏နေရာတွင် ထိုင်နေသည်။ ကျန်နှစ်ယောက်ကမူ နောက်ဘက်တစ်ခုံတွင် ထိုင်နေကြသည်။ သူတို့နာမည်တတော့ ကာမိုဒီနှင့် ရော်ဂျာ။

သူတို့နှစ်ဦးစလုံး ရုပ်ချင်းအလွန်ဆင်သည်။ အသက်တလည်း သုံးဆယ့်ငါးနှစ်ခန့်သာရှိကြသည်။ သူတို့နှစ်ဦးစလုံး အကြမ်းပတမ်း ခံနိုင်ရည်ရှိကြသည်။ ကိုယ့်အလုပ်ကိုယ် နိုင်နိုင်နင်းနင်းနှင့် ကျွမ်းကျင်စွာ လုပ်နိုင်သူများဖြစ်သည်။ သူတို့သည် ဖောက်ခွဲရေးပစ္စည်းများကို ကိုင်တွယ်ရာတွင် ဝါရင့်မြောက် ကျွမ်းကျင်သူများဖြစ်သည်။ ပြီးတော့ သူတို့တွင် အသံတိတ်တိရိယာ တပ်ဆင်ထားသော ပစ္စတိုသေနတ် တစ်လက်စီပါလာကြသည်။

ကာမိုဒီသည် ပလိုင်ယာ၊ ဝက်အူလှည့်စသည့် ပစ္စည်းများပါသော အိတ်သေးတစ်အိတ်၊ ခာတ်ငွေ့ဗူးနှစ်ဗူး၊ အလုံးကြီးကြီး ဝန်ချီကြိုးကြီးတစ်လုံး၊ ဝလပ်စတာနှင့် လက်နှိပ်ဓာတ်မီးတစ်လက် စသည်တို့ကို ကျောပိုးအိတ်ထဲတွင် ထည့်ယူလာသည်။ ရော်ဂျာကတော့ အဆိုပါ ကျောပိုးအိတ်ထဲတွင် ခရိုတို အသံလွှင့် အသံဖမ်းစက်ဓာတ်ဗူးတစ်ဗူးနှင့် အသားညှပ်ပေါင်မုန့်တို့ကို ထည့်ယူလာသည်။ သူတို့ကိုကြည့်ရသည်မှာ ပေးအပ်သည့်တာဝန်ကို ဦးလည်မသုန် ထမ်းရွက်မည့်ပုံစံဖြစ်သည်သာမက ဘယ်လောက်ပဲ ကြာကြာနေရနေရ ဆိုသည့်ပုံစံမျိုး ပေါ်လွင်လျက်ရှိသည်။

နံနက်သုံးနာရီတိတိတွင် ရွှေတံခါး တံတားကြီးသာမက တံတားကြီးနှင့် ဆက်စပ်နေသော မြို့တစ်ခြမ်းလုံး မှောင်ကျသွားသည်။ ဤတွင် ယာဉ်မောင်းသူနေရာ၌ ထိုင်နေသူက စက်ကိုနှိုးလိုက်ပြီး တောင်ဘက်မျှော်စင်ဆီသို့ မောင်းနှင်သွားသည်။

□

ဆက်သွယ်ရေးယာဉ်အတွင်းရှိ တာဝန်ကျရဲသားက တယ်လီဖုန်းကို ကောက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်သည်။ ခေါ်သူက ဘရန်ဆန်၊ စိတ်လည်းတိုနေပုံရသည်။

'ဟင်းဒရစ်လား'

'ရဲချုပ် ဒီမှာ မရှိဘူး'

'ဟော့ ဒါဖြင့် လိုက်ခေါ်စမ်း'

'ကျွန်တော့်ကို ကိစ္စကလေးတဆိတ် အမိန့်ရှိမယ်ဆိုရင်'

'တံတားပေါ်ကမီးတွေ ငြိမ်းကုန်ပြန်ပြီ၊ သူ့ကို လိုက်ရှာခေါ်စမ်း'

ရဲသားသည် တယ်လီဖုန်းကို ဘေးချလိုက်ပြီး ဆက်သွယ်ရေးယာဉ်နောက်ဘက်သို့ လျှောက်သွားသည်။ ဟင်းဒရစ်သည် ဖွင့်ထားသော တံတားပေါက်နားရှိ ခွေခြေကလေးတစ်လုံးပေါ်တွင် ထိုင်နေသည်။ သူ့လက်တစ်ဖက်က ခရီးတို အသံလွှင့် အသံဖမ်းစက်ကလေးကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်က ကော်ဖီပန်းကန်ကို တိုင်ထားသည်။ အသံလွှင့် အသံဖမ်းစက်ကလေးကမြည်လာသည်။

'ကာမိုဒီပါမှူးချုပ်၊ ကျွန်တော်တို့နှစ်ယောက် မျှော်စင်ထဲရောက်ပါပြီ ဟော့စ်ကင်လည်း သူ့ကားလေးနဲ့ ပြန်သွားတာ လမ်းတစ်ဝက်လောက်တော့ ရောက်နေပါပြီ'

'အေး ကျေးဇူးပဲ'

ဟင်းဒရစ်က ခရီးတိုအသံလွှင့်ဖမ်းစက်ကို အောက်ပြန်ချလိုက်သည်။ ပြီးမှ ပြန်မေးလိုက်၏။

'ဘရန်ဆန်လား၊ ဒီငတိ တော်တော် စိတ်မူနေပုံရတယ်'

ဟင်းဒရစ်သည် ကော်ဖီကို ဖိမ်ဆွဲသောက်လိုက်ပြီးနောက် တယ်လီဖုန်းစကားပြောခွက်ရှိရာသို့ လျှောက်သွားပြီး တစ်ချက်သမ်းဝေရင်း စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ကျုပ် အိပ်ပျော်နေလို့ မီးပြတ်သွားပြန်ပြီ မဟုတ်လား၊ မပြောပဲနဲ့ သိပါတယ်၊ ဒီည ခဏခဏ ဟိုက ဒီက မီးပျက်ပျက်နေတယ်၊ ခဏ ကိုင်ထားနော် မေးပေးမယ်'

□

အလယ်ကားထဲရှိ ဘရန်ဆန်သည် တယ်လီဖုန်း စကားပြောခွက်ကိုင်ရင်း စောင့်နေရရှာသည်။ ခရိုက်စလာသည် ကားထဲရှိ မင်းလမ်းအတိုင်း အပြေးအလွှား ရောက်လာ၏။ သမ္မတကြီးက အလိုမကျဟန်နှင့် သူ့ကို ကြည့်လိုက်သည်၊ ရေနံဘုရင်ကြီးနှင့် ရေနံမင်းသားတို့ကတော့ ဟောက်၍ကောင်းဆဲပင်။ တယ်လီဖုန်းစကား



ပြောခွက်ကို ကိုင်ထားဆဲ ဘရန်ဆန်က နောက်လှည့်ကြည့်သည်။ ခရိုက်စလာက အမောတကော ပြောချလိုက်သည်။

'တောင်ဘက်က မီးမောင်းကြီး ပျက်သွားပြီ'

ဘရန်ဆန့်မျက်နှာပေါ်တွင် သောကဖြစ်သည့် အရိပ်အရောင်များဖြစ်ပေါ်လာသည်။

'ဒါ မဖြစ်နိုင်ဘူး၊ ဘာများ ပျက်စီးသွားလို့လဲ'

'ဘုရားမှသိမယ်၊ ဟိုမှာတော့ မည်းမှောင်နေပြီ၊ ဓာတ်အားပေးစက်တဖြစ်တာတော့ မဟုတ်ဘူး'

'ဒါဖြင့်ရင် မြောက်ဘက်က မီးမောင်းကို ဒီဘက်ပြန်လှည့်ပြီး ထိုးပါလား၊ စောင့်နေဦး'

ဟင်းဒရစ်အသံက ပြန်ပေါ်လာသည်။ ဘရန်ဆန်က ပြန်မေးသည်။

'ဘာပြောတယ်၊ တစ်မိနစ်အတွင်း မီးပြန်လာမယ်၊ ဟုတ်လား'

ဘရန်ဆန်က ခရိုက်စလာဘက် လှည့်ပြောပြန်သည်။

'ကိစ္စမရှိပါဘူးကွာ၊ မီးပြန်လင်းတော့မှာပါ'

ဘရန်ဆန်က တယ်လီဖုန်း စကားပြောခွက်ထဲသို့ ထပ်ပြောလိုက်ပြန်သည်။

'မမေ့နဲ့နော်၊ ကျုပ် မနက်ခုနစ်နာရီတိတိမှာ ကွာရီဆီက သတင်းကြားချင်တယ်'

ဘရန်ဆန်သည် စကားပြောခွက်ကို ပြန်ချလိုက်ပြီး မင်းလမ်းအတိုင်း ပြန်လျှောက်လာသည်။ ဤတွင် သမ္မတကြီးက သူ့ကို လှမ်းတားလိုက်၏။

'ဒီအိပ်မက်ဆိုးကြီး ဘယ်တော့ အဆုံးသတ်မှာလဲ'

'ဒါကတော့ ခင်ဗျားတို့ အစိုးရအပေါ် မူတည်တယ်'

'အစိုးရကတော့ မင်းရဲ့ တောင်းဆိုချက်ကို လိုက်လျောမှာ မဟုတ်ဘူး ဒါဖြေမယ့် မင်းကို ငါသိပ်စိတ်ဝင်စားတယ်၊ ဘာပြုလို့ မင်းက တစ်ကမ္ဘာလုံးကို အာဃာတထားနေရတာလဲ'

ဘရန်ဆန်က ထုံးစံအတိုင်း အသက်မပါသော သူ့အပြုံးနှင့် ပြန်ဖြေသည်။

'ဒီကိစ္စကို အသာထားလိုက်စမ်းပါဗျာ'

'ဒါဖြင့်ရင် ငါ့ကို ဘာ့ကြောင့် အာဃာတ ထားနေရတာလဲ၊ ဘာပြုလို့ လူငယ်အလယ်မှာ အရှက်ခွဲရတာလဲ၊ မင်းက လူတိုင်းကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံတယ် မဟုတ်လား၊ မင်း ငါ့ကို အရှက်မခွဲပဲနဲ့ တစ်နိုင်ငံလုံးကို ခြိမ်းခြောက်ပြီး ငွေညှစ်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ မဟုတ်လား'

ဘရန်ဆန်က အဖြေမပေးချေ။

'မင်း ငါ့နိုင်ငံရေး အယူအဆကို လက်မခံဘူးထင်တယ်'

'နိုင်ငံရေးကို ကျုပ်စိတ်မဝင်စားဘူး'

'ငါ ဒီကနေ့ ဟင်းဒရစ်နဲ့ စကားစပ်မိသေးတယ်၊ မင်းအဖေဟာ အင်မတန်ချမ်းသာတဲ့ ဘဏ်သူဌေးကြီးတစ်ယောက်ဆို၊ သူကြီးပမ်းမှုကြောင့် ထိပ်တန်းမှာ တစ်နေရာရလာတဲ့ လူတစ်ယောက်ကို မင်းမနာလိုဘူးထင်တယ်၊ မင်းက ငွေသန်းပေါင်းများစွာတို့ အမွေအဖြစ် လက်ခံရရှိတဲ့အထိ မစောင့်တော့ပဲ ရာဇဝတ်မှုနဲ့ ဖြတ်လမ်းတဂိုက်ဆံရှာတယ်၊ ဒါပေမယ့် မြန်မြန်မြောက်မြောက် ဖြစ်မလာဘူး၊ နာမည်မကြီးဘူး၊ ထိပ်တန်းရဲ့အရာရှိ တစ်ချို့ကလွဲရင် မင်းကို ဘယ်သူမှ သိပ်မသိဘူး၊ ဒီတော့ မင်းစိတ်ထဲမှာ အားလုံးကို အာဃာတထားလာတယ်၊ ဒါကြောင့် တစ်နိုင်ငံလုံးရဲ့ ခေါင်းဆောင်ကို ထွယ်တာပဲ မဟုတ်လား'

ဘရန်ဆန်က ပြန်ဖြေသည်။

'ကောက်ချက်ဆွဲတဲ့နေရာမှာတော့ ခင်ဗျားဟာ အတော့်ကို ရှော်တဲ့လူ၊ ကျုပ်က ခင်ဗျားကို အရှုတ်ခွဲတယ်ပဲ ထားစမ်းပါ၊ ဒါပေမယ့် ကျုပ် ခင်ဗျားကို နောက်ထပ်ပြီး နှစ်နှစ်နာနာ မပြောတော့ပါဘူး၊ ဒါပေမယ့် လူသန်းပေါင်းနှစ်ရာကျော်ရဲ့ ခေါင်းဆောင်က အဆုံးအဖြတ်ပေးတဲ့နေရာမှာတော့ ခင်ဗျားဟာ တော်တော်ကို ညံ့သေးတယ်'

'မင်းဆိုလိုတာက ဘာလဲ'

'ခင်ဗျား အတွေးအခေါ် မှားနေလို့ပြောတာ၊ ရိုးရိုးသားသားနဲ့ ကြီးပွားနေတယ်လို့ အများကထင်ကြတဲ့ ကျုပ်အဖေဟာ တကယ်တော့ နှစ်ဖက်စလုံးကို ခွတုတ်နေတဲ့ လူယုတ်မာကြီးပဲ၊ သူ ခုထက်ထိ နှစ်ဖက်စလုံးကို ခွတုတ်နေတုန်းပဲ၊ တကယ်တော့ သူ့ဘဏ်မှာ ငွေရင်းငွေနှီး မြုပ်နှံကြရင် အကျိုးဖြစ်ထွန်းမယ်လို့ ဆိုကြတယ်၊ ဒါပေမယ့် သူ့ဖောက်သည်တွေ သိပ်အကျိုး မရှိကြပါဘူး၊ ပြီးတော့ အဲဒီလူတွေက မရှိမရှား အလယ်အလတ်တန်းစားတွေ၊ ကျုပ်ကတော့ ချမ်းသာတဲ့ အဖွဲ့အစည်းကြီးတွေကိုပဲ လုတတ်တယ်၊ ကျုပ် သူ့ဘဏ်မှာ ဝင်အလုပ်လုပ်တုန်းက အဲဒီကိစ္စကို သိလာရတာပဲ၊ ဒါကြောင့် ကျုပ် သူ့ဆီက ဒေါ်လာတစ်ပြားမှ မယူတော့ဘူး၊ ကျုပ်က သူ့ကို ဘယ်လိုမြင်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောဆိုပြီး သူ့ဆီက ထွက်လာခဲ့တာပဲ၊ ပြီးတော့လည်း ထင်ပေါ်ကျော်ကြားမှုဆိုတာ ဘာလဲ၊ ဘာလုပ်ဖို့လဲ'

သမ္မတကြီးက ခပ်ချဉ်ချဉ်နှင့် ထပ်ပြောသည်။



'မင်း လွန်ခဲ့တဲ့ ဆယ့်ရှစ်နာရီအတွင်းမှာ မင်းအဖေ တစ်သက်လုံး လုပ်ခဲ့တာထက် ပိုနာမည်ကြီးသွားပြီ'

'အဲဒါ မကောင်းသတင်းနဲ့ နာမည်ကြီးတာပဲဗျ၊ ဘယ်သူက လိုချင်မှာလဲ ငွေနဲ့ပတ်သက်လာရင် ကျုပ်လည်း သန်းကြွယ်သူဌေးဖြစ်နေပြီပဲခုစ္စာ'

'ဒါနဲ့တောင် ထပ်လိုချင်သေးသလား'

'ဒါကတော့ ကျုပ်ကိစ္စသက်သက်ပါ၊ ကဲပါဗျာ၊ ခင်ဗျား အိပ်ရေးပျက်သွားတဲ့အတွက် တောင်းပန်ပါတယ်'

ဘရန်ဆန်ပြန်သွားသည်။ တစ်ဖက်ခုံတွင် ထိုင်နေသူ မြူရာက ဝင်ပြောသည်။

'နည်းနည်းဆန်းတယ်လို့ မထင်ဘူးလား'

'ခင်ဗျားလည်း အိပ်မပျော်ပဲကိုး'

'ဝင်ထောက်ရမှာ အားနာလို့ပါ၊ ဘရန်ဆန်က နေ့တစ်မျိုး ညတစ်မျိုး လူစားမျိုးနေခင်းကျရင် ပိုယဉ်ကျေးတယ်၊ ဒါပေမယ့် သူ့မှာ နာကျည်းချက် တစ်ခုခုတော့ ရှိပုံရတယ်'

'ဒီလူက ထင်ပေါ်ကျော်ကြားမှုလည်း မလိုချင်ဘူး၊ ငွေလည်း မလိုချင်ဘူးဆိုရင် ကျုပ်တို့လူစု ဘာပြုလို့ ဒီသောက်တံတားကြီးပေါ်မှာ ဘာကိစ္စနဲ့လာပြီး သောင်တင်နေရတာလဲ'

'တိုးတိုးပြောပါ သမ္မတကြီး၊ မြို့တော်ဝန် မော်ရီဆန် ကြားသွားပါ့မယ်၊ သမ္မတကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော်တော့ ပြန်အိပ်တော့မယ်'

❒

ကာမိုဒီနှင့် ရော်ဂျာတို့သည် တောင်ဘက်မျှော်စင်၏ ထိပ်ဆုံးသို့ ရောက်ရှိကြသည့်အခါ ဓာတ်လှေကား အပြင်ဘက်သို့ ထွက်လိုက်ကြ၏။ ကာမိုဒီက ဓာတ်လှေကား အတွင်းဘက်သို့ လက်နှိုက်ပြီး ခလုတ်တစ်ခုကို နှိပ်လိုက်ရာ တံခါးပြန်ပိတ်သွားပြီး ဓာတ်လှေကားသည် အောက်ဘက်သို့ပြန်ဆင်းသွားသည်။ သူတို့နှစ်ဦးက ပေငါးရာလေသော အောက်ဘက်မှောင်ထဲ၌ ခပ်ရေးရေး မြင်နေရသည့် တံတားကြီးကို ငုံ့ကြည့်လိုက်သည်။

နောက်တစ်မိနစ်ကြာသောအခါ ကာမိုဒီသည် ခရီးတို အသုံးဆောင်ဖမ်းစက်ကို ထုတ်လိုက်ပြီး ကောင်းကင်ကြိုးတိုင်ကို ဆန့်ထုတ်၍ စကားပြောလိုက်သည်။

www.burmeseclassic.com



'မာတ်လေ့ကား အောက်ပြန်ဆင်းသွားတာ စက္ကန့်သုံးဆယ်ရှိပါပြီ၊ မာတ်အားဖြတ်ပစ်လို့ရပါပြီ'

သူက အသံလွှင့်ဖမ်းစက်ကို တာရပတ်စနှင့် ချုပ်ထားသော ကျောပိုးအိတ်ထဲ ပြန်ထည့်ပြီး အပေါ်ဝတ်စုံကို ချွတ်လိုက်သည်။ အောက်ကဝတ်ထားသော ဝတ်စုံအရောင်မှာ ခပ်နက်နက်ဖြစ်ပြီး အပေါ်ပိုင်းတွင် သားရေနှင့်ချုပ်ထားသော ကိုယ်ကြပ်လက်ပြတ်အင်္ကျီတစ်ထည် ထပ်ဝတ်ထားသည်။ သားရေအင်္ကျီ၏ ကျောဘက်တွင် သံမဏိခါးပတ်ကွင်းကြီးတစ်ခု တပ်ထားသည်။ ထိုသံမဏိ ခါးပတ်ကွင်းတွင် ချည်ထားသည့် နိုင်လွန်ကြိုးကို သူ့ခါးတွင် သုံးလေးပတ် ထပ်မံ ချည်နှောင်ထားသည်။ သူက ခါးတွင်ပတ်ထားသည့်ကြိုးကို ပြန်ဖြေနေစဉ် တံတားကြီးပေါ်တွင် ထွန်းထားသည့် မီးများနှင့် မျှော်စင်ထိပ်တွင် တပ်ဆင်ထားသောမီးများ ပြန်လင်းလာသည်။ ကာမိုဒီက မေးလိုက်သည်။

'တို့ကို အောက်က မြင်များသွားနိုင်မလား'

'သူတို့နေရာကနေကြည့်ရင် မြင်မှာ မဟုတ်ဘူး၊ ပြီးတော့ ဒီမျှော်စင်တိုင်ဘက်ကို ထိုးထားတဲ့ မီးမောင်းကြီးလည်း ပျက်နေတယ်လို့ ကြားရတယ်'

ကာမိုဒီက ကျန်နေသည့်ကြိုးကို ခါးမှ ထပ်ဖြေလိုက်ပြီး ကြိုးစကို ရော်ဂျာထံ လှမ်းပေးသည်။

'မင်းလက်မှာ နှစ်ပတ် သုံးပတ် ပတ်ပြီး ငါ့ကို တအားဆွဲထားနော်'

'အခြေအနေအရပေါ့ကွာ၊ မင်းသာလိမ့်ကျသွားရင် ငါကလည်း ကြိုးစကို လွှတ်ချလိုက်ရမှာ၊ ငါ့ကို ထပ်ဆွဲပေးမယ့်လူ မရှိဘူးကွ'

'မင်းကလဲကွာ၊ အန္တရာယ်ဆိုကြေးတော့ ရမှာပါ'

'မင်း တပ်မတော်ရဲ့ ပုံးဖျက်အဖွဲ့ထဲမှာပါနေသားနဲ့ တော်တော် အရှက်မရှိတဲ့အကောင်'

ကာမိုဒီက သက်ပြင်းချလိုက်ပြီး သံကြိုးကြီးဆီ ကူးသွားသည်။ ထို့နောက် အောက်ခွဲရေးပစ္စည်းမှ စနက်တံများကို လိုက်ဖြုတ်နေသည်။

□

ရက်ဝ်ဆန်တစ်ယောက် အိပ်ရာကနိုးလာသောအခါ နံနက်ခြောက်နာရီခွဲ ရှိလေပြီ။ သူက အေပရဲလ်ကို ကြည့်လိုက်ရာ အေပရဲလ်က သူ့ကို စိုက်ကြည့်နေ



ကြောင်း တွေ့လိုက်ရသည်။ အေပရဲလ်၏ မျက်ကွင်းများမှာ အလွန်ညိုနေသည်။ သူမမျက်နှာမှာ ယခင်ကထက်ပိုပြီး ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

'မင်းကြည့်ရတာ တစ်ညလုံး အနားမယူခဲ့ရသလိုပဲ'

'ကျွန်မ တစ်ညလုံး မအိပ်ဘူး'

'ဘာပြောတယ်၊ မင်းကို စောင့်ရှောက်မယ့်လူ ကိုယ်တစ်ယောက်လုံးရှိနေပါလျက်နဲ့ အိပ်ရေးပျက်ခံရသလားကွာ'

'ကျွန်မကိုယ်ကျွန်မ စိတ်ပူတာ မဟုတ်ဘူး၊ ရှင့်အတွက် စိတ်ပူနေရတာ'

ရက်ဝ်ဆန်က ဘာမှပြန်မပြောချေ။

'ရှင် ခေါင်းမူးနေသေးသလား'

'မမူးပါဘူး၊ မင်းက အဲဒါကြောင့် စိတ်ပူတာလား'

'မဟုတ်ပါဘူး၊ ဘရန်ဆန် ဒီကို တစ်နာရီမထိုးခင်က လာသွားတယ်၊ သူက ရှင် တကယ် အိပ်ပျော် မပျော် မျက်စိကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်သွားတယ်'

'ဒီလူ တော်တော်ဆိုးတဲ့လူ၊ ကိုယ့်ဘာသာကိုယ် သီးသီးသန့်သန့်နေလို့လည်း မရပါလား'

'သူက ရှင့်ကို သံသယရှိနေသူတွေထဲမှာ အဓိကပုဂ္ဂိုလ်လို့ ထင်ထားတာတိုး'

'ဘာအတွက် သံသယဝင်တာလဲ'

'ဗန်အက်ဖင် ပျောက်နေလို့'

'အခုကော ပျောက်နေတုန်းပဲလား'

'ရှင့်ကြည့်ရတာ စိတ်မဝင်စားသလိုပဲ'

'နေပါဦး ဗန်အက်ဖင်က ကိုယ့်အတွက် ဘာများအရေးပါလို့လဲ၊ သူတာလည်း ကိုယ့်ကို ဂရုစိုက်မှာ မဟုတ်ပါဘူး ဒါနဲ့ ညတုန်းက ဘာတွေများ အလန့်တကြား ထပ်ဖြစ်သေးသလဲ'

'မနက်သုံးနာရီမှာ မီးတစ်ခါ ထပ်ပြတ်သွားတယ်'

'ဩော်'

'ရှင်၊ ဘာကိုမှ မအံ့ဩဘူးထင်တယ်'

'မီးပြတ်တာကို ကိုယ်က ဘာဖြစ်လို့ အံ့ဩရမှာလဲ၊ မီးပြတ်တာ သူ့အသာသူ အကြောင်းရှိလို့နေမှာပေါ့'

'အဲဒီအကြောင်းက ကျွန်မဘေးနားမှာ ထိုင်နေတယ် ထင်တယ်'

'ကိုယ် အိပ်ပျော်နေတာပဲဥစ္စာ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် သန်းခေါင်မှာ ထွက်သွားတုန်းက အိပ်ပျော်နေသလား၊ ဒါနဲ့ ရှင် ဇန်အက်ဖင်ကို သတ်ပစ်လိုက်သလား'

'မင်းက ကိုယ့်ကို ဘာကောင်ထင်နေလို့လဲ၊ ကြေးစားလူသတ်သမားလို့ ထင်နေသလား'

'ကျွန်မတော့ ဘာမှမထင်တတ်ဘူး၊ ဒါပေမယ့် ကျွန်မ ဆေးရုံသွားတုန်း ရှင်ပြောလိုက်တဲ့သတင်းကို ကျွန်မ ကြားလိုက်ရသားပဲ၊ ရှင်က ဘရန်ဆန်နဲ့ ဇန်အက်ဖင်တို့ အပြတ်ရှင်းပစ်မယ်ဆို'

'အဲဒီလို ပြောခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် မနေ့ညကတော့ ဇန်အက်ဖင်ကို ကိုယ်မသတ်ပါဘူး၊ ကိုယ့်အထင်ပြောရရင် ဒီလူဟာ ကျန်းမာပကတိ ချမ်းသာစွာရှိနေမှာပါ'

'ဘရန်ဆန်ကတော့ အဲဒီလို မထင်ဘူး'

'မင်းက ဘယ်လိုလုပ်သိသလဲ'

'ဘတ်လက် ပြန်သွားတဲ့အခါကျတော့. . .'

'ဘတ်လက်က ဘရန်ဆန်ကို သူ အိပ်ငိုက်မိပါတယ်လို့ ပြောသေးလား'

'ဘယ်ပြောမလဲ၊ သူ့အလှည့်ပြီးတော့ ဟောဒီ လူဝံကြီးရောက်လာတယ်'

ရက်ဝ်ဆန်က အစောင့်လူဆိုးကို လှမ်းကြည့်သည်။ အလွန်အမွေးထူသူ ဖြစ်သဖြင့် ဒေပရဲလ်က ဒီလိုပြောလိုက်သည့်အတွက် တကယ့် လူဝံများကတော့ စိတ်ဆိုးကြလိမ့်မည်မထင်။

'သူ့နာမည် ယွန်နီပါ'

'ဒီကို ခရိုက်စလာ တစ်ကြိမ်မက လာသွားတယ်၊ သူက အဲဒီလူကို ဇန်အက်ဖင် တစ်ယောက် ရွှေတံခါးရေလက်ကြား ရေပြင်အောက်ကို ရောက်နေပြီလို့ သူနဲ့ ဘရန်ဆန်က ထင်မြင်ယူဆတဲ့အကြောင်း ပြောသွားတယ်'

'သူ ဒီကိစ္စနဲ့ပတ်သက်ပြီး အဖြစ်မှန်ကို သိလာတဲ့အခါ ဘယ်လိုနေမလဲ ဆိုတာ ကိုယ်သိချင်လိုက်တာ'

'ရှင် ကျွန်မကို ပြောမပြတော့ဘူးလား'

'မပြောဘူး၊ မင်းကကော တကယ်သိချင်လို့လား'

'ရှင်ဟာ ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးတဲ့လူ'

'ဆိုပါတော့'

'ရှင် ဒီကိစ္စတွေပြီးပြတ်အောင် လုပ်မပေးနိုင်သေးဘူးလား'



'အင်း၊ အဲဒါကတော့ သပ်သပ်စဉ်းစားရမယ့် ကိစ္စပဲ၊ ကိုယ်သာ တထိတ်ကြီးကြီးစားစား အလုပ်လုပ်ရင် ဒီည မင်းနဲ့အတူတူ အပြင်မှာ ညစာစားနိုင်လိမ့်မယ်ထင်တယ်'

'ဒီနေ့ည၊ ဟုတ်လား'

'အေးလေ၊ မင်းကြားလိုက်တယ် မဟုတ်လား'

'ရှင်ကသာ ခေါ်မယ်ဆိုရင် ကျွန်မကလည်း မြောက်ဝင်ရိုးစွန်းအထိ လိုက်လာမှာပါ'

'အဲဒါကို အသာထားလိုက်စမ်းပါကွာ'

□

နံနက်ခုနစ်နာရီတိတိတွင် သမ္မတကြီးစီးလာသော အလယ်ကားထဲရှိ ဆက်သွယ်ရေးအခန်းထဲမှ တယ်လီဖုန်းမြည်လာသည်။ ဘရန်ဆန်က ကောက်ကိုင်ပြီး ပြန်ထူးလိုက်သည်။

'ဟုတ်ကဲ့ ပြောပါ'

'ကွာရီပါ၊ မင်းရဲ့ ယုတ်ယုတ်ကန်းကန်း တောင်းဆိုချက်ကို တို့လိုက်လျောလိုက်ပါပြီ၊ အစီအစဉ်တွေလုပ်နိုင်အောင် နယူးရော့မှာရှိတဲ့ မင်းမိတ်ဆွေဆီက တယ်လီဖုန်းကို စောင့်နေတယ်'

'သူ ခင်ဗျားတို့ကို လွှန်ခဲ့တဲ့နှစ်နာရီလောက်ကတည်းက ဖုန်းဆက်သင့်တာ'

'ဟုတ်ပါတယ်၊ သူ နောက်တစ်ကြိမ် ထပ်ခေါ်မှာကို စောင့်နေတာပါ'

'သူ ဘယ်တုန်းက ဆက်သလဲ'

'မင်းပြောသလို လွန်ခဲ့တဲ့ နှစ်နာရီလောက်က ဆက်တယ်လေ၊ သူ အခု ဥရောပတိုက်မှာရှိတဲ့ မိတ်ဆွေတွေနဲ့ ဆက်သွယ်နေတယ်'

'သူက ခင်ဗျားကို စကားဝှက်တော့ ပြောပြရမှာပေါ့'

'ပြောပါတယ်၊ ဒါပေမယ့် စကားဝှက်က သိပ်ရိုးလွန်းတယ်၊ ပီတာဘရန်ဆန်တဲ့'

ဘရန်ဆန်သည် အားပါးတရပြုံးပြီး တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်သည်။ သူ ကားထဲမှ ပြန်ထွက်လာချိန်အထိ သူ့မျက်နှာပေါ်က အပြုံးသည် ပျောက်ကွယ်မသွားသေးချေ။ သို့သော် အပြင်တွင်ရှိနေသူ ခရိုက်စလာတော့ မပြုံးနိုင်ပါချေ၊ သူ့ခမျာ ဇန်အက်ဖင်နှင့် ကိုဝေါ်စကီတို့၏ တာဝန်များကို တွဲဖက်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေရသဖြင့် ခြေကုန်လက်ပန်းကျနေရရှာသည်။ သို့သော် သူ စိတ်ပူနေတာထ တခြားပါ။ ဘရန်ဆန်က ပြောလိုက်သည်။

'ငွေရေးကြေးရေးကိစ္စကို စိစဉ်ပြီးပြီ'

'ဒါ သိပ်ကောင်းတာပေါ့ မစ္စတာဘရန်ဆန်'

ဘရန်ဆန့် မျက်နှာပေါ်က အပြုံးသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။

'မင်းကြည့်ရတာ ဝမ်းသာပုံမရပါလား'

'ကျွန်တော် ခင်ဗျားကို ပြချင်တာလေးတွေရှိတယ်'

ခရိုက်စလာသည် တောင်ဘက်ရှိ မီးမောင်းကြီးဆီသို့ ဦးဆောင်၍ ထွက်ခွာသွားသည်။

'ဒီလို မီးမောင်းကြီးတွေမှာ မီးသီးကို မသုံးဘူး၊ အီလက်ထရုတ်နှစ်ခုကြားထ လျှပ်စစ်ဓာတ် ခုန်ကူးတဲ့ စနစ်ကိုသုံးတယ်၊ ကဲ ဟောဒီ ဇယ်ဘက်က အီလက်ထရုတ်ကို ကြည့်ပါဦး'

ဘရန်ဆန်က ငုံ့ကြည့်သည်။

'ကြည့်ရတာ အရည်ပျော်ပြီး ကွေးသွားသလို ထင်ရတယ်၊ ဒီလို အီလက် ထရုတ်တွေဟာ အင်မတန်ပြင်းထန်တဲ့ အပူရှိန်ကို ခံနိုင်အောင် လုပ်ထားတာလို့ ငါထင်ထားတာ'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျား သတိမထားမိသေးတာ တစ်ချက်ရှိ သေးတယ်၊ ဟောဒါ မှန်အလယ်ကောင်က အပေါက်သေးသေးလေးလေ'

'မင်း ဘာပြောချင်လို့လဲ ခရိုက်စလာ'

'နေဦး၊ နောက်တစ်ခုပြစရာကျန်သေးတယ်'

ခရိုက်စလာနှင့် ဘရန်ဆန်သည် နောက်ဆုံးကားဆီသို့ ခပ်ဖြည်းဖြည်း လျှောက် သွားကြသည်။ အနားသို့ရောက်သောအခါ ကားခေါင်မိုးပေါ်တွင် တပ်ထားသော ရေဒီယိုလှိုင်းထောက်လှမ်းရေး ကိရိယာကို ခရိုက်စလာက လက်ညှိုးထိုးပြသည်။

'အဲဒီပစ္စည်းလည်း ပျက်သွားပြီ၊ ဒီတံတားပေါ်မှာ တခြားရေဒီယို အသံလွှင့် အသံဖမ်းစက် မရှိနိုင်ဘူးဆိုတာ အပ်ချ မတ်ချ သိနေလို့ အဲဒါကို တစ်ခါမှ မသုံးခဲ့ဖူးဘူး ကျွန်တော် ဒီနေ့ မနက်ကတော့ လိုရမည်ရ ကားခေါင်မိုးပေါ်တက်ပြီး စစ်ဆေးကြည့်မိ တယ်၊ အပေါ်က လည်ရမည့် ရောင်ပြန်ပြားအောက်ခြေမှာ မီးလောင်ခံထားတဲ့ အမှတ် သင်္ကေတမျိုး တွေ့နေရတယ်'

'ဒီနှစ်ခုစလုံး မိုးကြိုးထိသွားတာကော မဖြစ်နိုင်ဘူးလား'



'မဖြစ်နိုင်ဘူး၊ ဒီနှစ်ခုစလုံး လေဆာရောင်ခြည်သေနတ်နဲ့ အပစ်ခံလိုက်ရ တာပဲဖြစ်နိုင်တယ်'

❑

နံနက်စောစောစီးစီးကြီးပင်ဖြစ်လင့်ကစား သမ္မတကြီးနှင့် အဖွဲ့၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ပုဂ္ဂိုလ်ကြီး ခုနစ်ဦးသည် ဆက်သွယ်ရေးယာဉ်ထဲရှိ စားပွဲတွင် ဝိုင်းထိုင်နေကြသည်။ ထိုအချိန်တွင် တယ်လီဖုန်းက မြည်လာသည်။ တာဝန်ကျရဲသား တ ကောက်ကိုင်သည်။

'ဘရန်ဆန်ပါ၊ ကျုပ် ဗိုလ်ချုပ်ကြီးကာတာနဲ့ စကားပြောချင်တယ်'

'သူ ဒီအနီးအနားမှာပဲ ရှိပါတယ်။ ခဏ ကိုင်ထားပါ ခင်ဗျာ'

ရဲသားက စကားပြောသည့်ခွက်ကို လက်ဝါးနှင့် အုပ်ထားရင်း

'ဘရန်ဆန် ဆက်နေတာ၊ ဗိုလ်ချုပ်ကြီးနဲ့ ပြောချင်တယ်တဲ့'

'သူပြောတာ အားလုံးကြားရအောင် အသံချဲ့စက်ခလုတ်ကို ဖွင့်လိုက်၊ ငါအခုဝ ရောက်လာတယ်လို့ပြော'

'ဗိုလ်ချုပ်ကြီး အခုလေးတင်ပဲ ရောက်လာပါပြီ'

ဗိုလ်ချုပ်ကြီးကာတာက စကားပြောခွက်ကို ယူလိုက်၏။

'ဘရန်ဆန်လား'

'ဒီမှာ ကာတာ၊ ခင်ဗျားတို့ လေဆာရောင်ခြည်ကို နောက်တစ်ကြိမ် ထပ်သုံးရင် နမူနာပြအဖြစ် မြူရာကို တံတားပေါ်က ပစ်ချလိုက်မယ်'

စားပွဲဘေးနားတွင် ဝိုင်းထိုင်နေသူအားလုံး အထိတ်တလန့်ဖြစ်သွားကြသည်။

'ရှင်းအောင် ပြောစမ်းပါကွာ'

'ကျုပ်ဆီမှာရှိတဲ့ မီးမောင်းကြီးတစ်ခုနဲ့ ရေဒီယိုလှိုင်းကို ထောက်လှမ်းတဲ့ ကိရိယာပျက်စီးသွားတယ်၊ လေဆာရောင်ခြည်နဲ့ အထိုးခံလိုက်ရတဲ့ ပုံစံမျိုးတွေ့ရတယ်'

'မင်း သောက်ရူးပဲ'

ခဏ ငြိမ်သွားသည်။ ဘရန်ဆန်တစ်ယောက် ရုတ်တရက် အူကြောင်ကြောင် ဖြစ်သွားပုံရသည်။ ပြီးမှ

'မြူရာသာ ရေထဲရောက်သွားရင် ကျုပ်ကို သောက်ရူးလို့ထင်မှာ မဟုတ်ဘူး'

'ငါကတော့ မင်း တကယ့် သောက်ရူးပဲလို့ ထပ်ပြောမယ်၊ မင်း ငါပြောတာကို

www.burmeseclassic.com

www.burmeseclassic.com



နားထောင်မယ်ဆိုရင် ဆက်ရှင်းပြမယ်၊ ပထမအချက်ကတော့ မင်းဟာ လေဆာ ရောင်ခြည်အကြောင်း ဘာမှမသိတဲ့လူ၊ ဒုတိယအချက်ကတော့ ဒီအနီးအနား တစ်ဝိုက်မှာ လေဆာရောင်ခြည်သေနတ် တစ်လက်မှ မရှိဘူး၊ ဒီကိစ္စကို ငါ အသိဆုံးပါ တတိယအချက်ကတော့ တို့မှာသာ လေဆာသေနတ်ရှိရင် မင်းတို့ တစ်ယောက်စီတို တို့ဒီကနေ ရွှေ့ပြီး လှမ်းပစ်လို့ရတယ်၊ ဒီသေနတ်မျိုးဟာ အဝေး ကြည့်မှန်ပြောင်းနဲ့ချိန်ပြီး ပစ်မယ်ဆိုရင် ဂိုက်တစ်သောင်းအကွာမှာရှိတဲ့ ဘောလုံးတစ်လုံးကိုတောင် အပေါက် ဖောက်လို့ရတယ်၊ အဲဒီလောက်တည့်တဲ့သေနတ်မျိုး'

'ခင်ဗျားက ဒီသေနတ်အကြောင်း သိပ်သိနေပါလား'

'ငါ မငြင်းပါဘူး၊ ငါ ဒီသေနတ်အကြောင်း လေ့လာထားတယ်၊ တစ်ချို့ ကိစ္စတွေမှာ ငါ့စိတ်ကူးစိတ်သန်းနဲ့တောင် ထွင်ပြီးလုပ်နိုင်ခဲ့တယ်၊ ပြီးတော့ တို့လို ဗိုလ်ချုပ်ကြီးတွေဟာ တစ်မျိုးစီ ကိုယ်စိတ်သန်ရာကို လေ့လာထားကြတယ်၊ ဗိုလ်ချုပ်ကြီး တတ်တလန်က ဖောက်ခွဲရေးပစ္စည်းတွေအကြောင်း သိပ်သိတယ်၊ ငါကတော့ အစ တတည်းက အီလက်ထရွန်နစ် အင်ဂျင်နီယာ၊ အဲ ဘယ်ရောက်သွားပါလိမ့်၊ အဲလေ စတုတ္ထအချက်ကတော့ မင်းမသိပဲနဲ့ မင်းတို့ရဲ့ ရဟတ်ယာဉ်တွေကို ပျံလို့မရအောင် ဖျက်ပစ်နိုင်တယ်၊ မင်း ဒါ ငါ့ကို တမင်လမ်းကြောင်းပေး နေသလိုဖြစ်နေပြီ ဒါကြောင့် တကယ်တော့ မိုးကြိုးထိသွားတာပဲ ဖြစ်ရမယ်'

'ဒီပစ္စည်းနှစ်ခုစလုံး မြေကြီးနဲ့ ထိနေတာမှ မဟုတ်တာ၊ ဒီပစ္စည်းတွေအောက် မှာ ရော်ဘာတိုင်ယာတွေ တပ်ထားတယ် မဟုတ်လား'

ကာတာ စိတ်တိုလာပုံရသည်။

'ငါသာဆိုရင် ဘာဏ်ဒမြတိုက်ဖို့ ကိစ္စကိုပဲ စဉ်းစားနေမှာ၊ ဒီမှာ ကိုယ့်လူ မြေကြီးနဲ့ ထိမနေပဲနဲ့ မိုးကြိုးအပစ်ခံရတာတွေ အနတ္တဂ္ဂမရှိနေသားပဲ၊ မြေကြီးပေါ်က ပေနှစ်သောင်း ငါးထောင်လောက်မြင့်တဲ့နေရာမှာ ပျံနေတဲ့ လေယာဉ်ပျံတွေ တစ်နှစ်မှာ အကြိမ်တစ်ရာလောက် မိုးကြိုးပစ်ခံနေရတယ် မဟုတ်လား၊ ဒါဖြင့် သူတို့ကကော မြေကြီးနဲ့ထိနေလို့လား၊ နေပါဦး၊ မင်းဆီမှာ ဓာတ်အားပေးစက်ပါလာတယ် မဟုတ်လား အဲဒီ ဓာတ်အားပေးစက်ကို ကားထဲမှာ ထားလို့ဖြစ်မှာမဟုတ်ဘူး၊ အပြင်မှာထားရမယ် ပြီးတော့ ဓာတ်အားပေးစက်ကို မီးမောင်းနဲ့ ဆက်ထားမှဖြစ်မှာ၊ ဒါဆိုရင် မိုးကြိုး အပစ်ခံရဖို့ သိပ်ကျိန်းသေနေပြီပေါ့၊ ကဲ မင်း ပြောစရာကျန်သေးသလား'

'ရှိတယ်၊ မနက်ကိုးနာရီမှာ ရုပ်မြင်သံကြားရိုက်တဲ့စက်တွေ အဆင်သင့် ဖြစ်အောင် စီစဉ်ဖို့ လှမ်းအကြောင်းကြားလိုက်ပါ'



ကာတာက စကားပြောခွက်ကို ပြန်ချလိုက်၏။ ရစ်ချတ်က တွေတွေနှင့် နှပ် ချီးကျူးလိုက်သည်။

'အကယ်ဒမီပေးရလောက်အောင်ကောင်းတဲ့ သရုပ်ဆောင်တွတ်ပဲ၊ ခုအချိန် လောက်ဆိုရင် ဘရန်ဆန်တော့ နည်းနည်းဦးနှောက်ခြောက်နေမှာ သေချာတယ်၊ ထဲ ဒီတော့ ဘယ်အချိန်ကျရင် ကျုပ်တို့ရဲ့ ရုပ်မြင်သံကြားအစီအစဉ်ကို စလွှင့်မလဲ'

ဟောဂင်ဘက်က ဝင်ပြောသည်။

'ဘရန်ဆန့်အစီအစဉ်ပြီးတာနဲ့ ဆက်ဝင်မယ်၊ ကိုးနာရီခွဲလောတ်ဆိုပါတော့ အဲဒီအချိန်ဟာ သိပ်ကို ထိရောက်မှုရှိမယ့် အချိန်ပဲ'

'နို့ ခင်ဗျားကကော ပြောရဆိုရမယ့် စကားတွေကို အလွတ်ကျက်ပြီးပြီလား'

သို့သော် ဟောဂင်ဘက်က အဖြေမပေးချေ။

၅

ဘရန်ဆန်က မေးလိုက်သည်။

'မင်း သူပြောတာ လက်ခံသလား'

ခရိုက်စလာတစ်ယောက် ချီတုံချတုံဖြစ်သွားသည်။

'ဒီ ကာတာဆိုတဲ့လူဟာ ပေါ့သေးသေးလူတော့ မဟုတ်ဘူး၊ ဒါပေမယ့် လျှပ်စစ် ဓာတ်အားပေးစက်ကို မိုးကြိုးအလျှင်မှန်တယ်ဆိုရင် အထဲက အီလက်ထရွတ်မှာသာ အပျက်အစီးရှိရမယ်၊ မှန်ပေါ်မှာ အပေါက်ဖြစ်စရာ မလိုဘူး'

'အေးကွာ၊ ဒါတွေ ငါ သိပ်နားမလည်ဘူး'

'ဟုတ်ပါတယ်၊ ကျွန်တော်လည်း သိပ်နားလည်လှတယ်တော့ မဟုတ်ဘူး ဒါပေမယ့် ဒီကိစ္စဟာ သိပ်မရိုးသားဘူးလို့ ထင်စရာရှိတယ်၊ ဒီကိစ္စမှာတော့ သိပ် ဉာဏ်မမီဘူး၊ ဒါပေမယ့် ကျွန်တော်စဉ်းစားမိတာ တစ်ချက်တော့ရှိတယ်'

'ဆိုစမ်းပါဦးကွာ၊ ငါလည်း အကြံဉာဏ်တွေ ခန်းနေပြီ'

ဘရန်ဆန်လိုလူမျိုးထံက ဒီစကားမျိုး ထွက်လာတာ တော်တော်ထူး ဆန်းသည်။

'ပြောပါ့မယ် ဆရာ၊ ဒါပေမယ့် ကျွန်တော်က ဗန်အက်ဖင်လောက်တော့ မတော်ပါဘူး၊ ပြီးတော့လည်း ကျွန်တော် သိပ်စိတ်ဓာတ်ကျနေတယ် အခု ဆရာမှာ လက်ရှိတပည့်တွေကပါ လေးစားလောက်တဲ့ ဉာလက်ရုံးတစ်ယောက်လိုနေပြီ

www.burmeseclassic.com



ဒီတော့. . .'

'ပြောမှာသာ ပြောစမ်းပါကွာ'

'အခု ကျွန်တော်တို့က သမားလိပ်ပိုက်တောင်တန်းက ရေဒါစခန်းကို အပိုင်စီးထားမိပြီဆိုတော့ ပါကာနဲ့လွဲထားရင် ရနိုင်မယ် ထင်ပါတယ်၊ ဒီတော့ ရဟတ်ယာဉ်တစ်စီးကို ဟိုလွှတ်ပြီး ဂစ်စကတ်ကို ခေါ်ခိုင်းလိုက်ရင် ကောင်းမယ် ထင်ပါတယ်၊ သူ့အကြောင်းကို ဆရာက ကျွန်တော့်ထက် ပိုသိပါတယ်၊ ဒီလူက လက်ရဲဇက်ရဲလည်းရှိတယ်၊ ခေါင်းဆောင်မှုလည်းပေးနိုင်တယ်၊ အကြံအဖန်လည်းတတ်တယ်၊ အရေးအကြောင်းကြုံရင် သွေးပျက်တတ်တဲ့ လူစားမျိုးလည်း မဟုတ်ဘူး၊ ချုပ်ပြောရရင် သူဟာ ဆရာနဲ့ နေရာတကာမှာ တူတယ်၊ ဒီတော့ သူသာ ဒီမှာရှိရင် ဆရာ စောင်တော်လေး ခေါင်းပေါ်သွားမှာ သေချာတယ်'

'မင်းပြောတာ သိပ်မှန်တယ်၊ ငါကလည်း အဲဒီလို စဉ်းစားမိဖို့ကောင်းတာ၊ တဲ့ ဗွန်ဆင် ဒါမှမဟုတ် ဘရက်ဒလီကိုခေါ်စမ်း၊ နေဦး၊ ဗွန်ဆင်က ကင်းတာဝန်ကျနေတယ်၊ ဘရက်ဒလီကိုပဲခေါ်၊ သူ့ကို ခုချက်ချင်း အသွားခိုင်းလိုက်၊ ငါ ဒီက တယ်လီဖုန်းနဲ့ ဂစ်စကတ်ကို လှမ်းပြောထားလိုက်မယ်၊ ပြီးတော့ ဟိုဆရာကြီးတွေကိုလည်း မနှောင့်ယှက်ဖို့ တစ်ခါတည်း ပြောလိုက်မယ်'

ဘရန်ဆန် တယ်လီဖုန်းဆက်နေစဉ် ရဟတ်ယာဉ်ပန်ကာသံကို ကြားသဖြင့် မျှော်စချီလိုက်သည်။ ဆီကောစကီ အမျိုးအစားရဟတ်ယာဉ်သည် တဲတားပေါ်မှ မြောက်အရပ်ဆီသို့ ဦးတည်ပျံသန်းသွားသည်။ ရဟတ်ယာဉ်ကို လေဆာရောင်ခြည်သေနတ်နှင့် ပစ်မထားကြောင်း ကာတာပြောသည့် စကားတစ်ခွန်းကတော့ မှန်သွားသည်။

❑

ရက်ဗ်ဆန်က အေပရဲလ်ကို ပြောလိုက်သည်။

'ကိုယ်ပြောတာ ရိုင်းချင်လည်းရိုင်းမယ်၊ ဒါပေမယ့် မင်းရေချိုးခန်းကို သွားချင်စိတ် မရှိသေးဘူးလားဟင်'

အေပရဲလ်က မြူးတူးပြတဲ ပြန်ကြည့်သည်။

'ဘာလုပ်ဖို့လဲ၊ အေးလေ အကြောင်းရှိလို့ဖြစ်မှာပေါ့'

'ဟုတ်တယ်၊ ကဲ ကိုယ်ပြောသလို နောက်က လိုက်ဆိုကြည့်စမ်း'



အေပရဲလ်က လေးခေါက်တိတိ လိုက်ဆိုကြည့်သည်။ ပြီးမှ ပြန်မေးသည်။

'ဒါပဲလား'

'ဟုတ်တယ်'

'ရှင်ကိုယ်တိုင် ဘာပြုလို့ မပြောနိုင်ရတာလဲ'

'ဒါ သိပ်အရေးကြီးတယ်၊ အခုချက်ချင်း ပြောနိုင်မှ ဖြစ်မယ်၊ ဒီတဲတား ပေါ်မှာ အမျိုးသမီးလေးယောက်နဲ့ အမျိုးသားငါးဆယ်လောက်ရှိတာ ကိုယ်ဆိုရင် တစ်ယောက်နဲ့ ဝင်တိုးချင်တိုးနေမှာ၊ မင်းကတော့ လွတ်လွတ်လပ်လပ် ပြောနိုင်ဖို့ပိုများတယ်'

'နို့ရှင်က ဘာလုပ်မှာလဲ'

'ခုနစ်နာရီခွဲမှာ ထမင်းကားလာရင် မနက်စာ စားမှာပေါ့'

'ကျွန်မလည်း ရှင့်လို ဆာချင်လိုက်တာ'

အေပရဲလ် ထိုင်ရာကထပြီး အစောင့်ကို စကားတစ်ခွန်း နှစ်ခွန်းပြောသည်။ ယွန်နီက သွားကြီးကို ဖြဲပြလိုက်၏။ သဘောတူလိုက်သည့် ပုံစံဟုပင် ထင်မှတ်ရသည်။

❑

ဟောဂင်ဘက်ရှေ့တွင်ရှိသော ထရန်စစ္စတာ ရေဒီယိုကလေးက မြည်လာသည်။ သူက အနားသို့ဆွဲယူလိုက်ပြီး အသံခလုတ်ကို ခပ်ကျယ်ကျယ်ကြားရအောင် မြှင့်တင်လိုက်၏။ ကျန်လူခြောက်ယောက်ကလည်း စိတ်ဝင်စားစွာဖြင့် နားစွင့်နေကြသည်။ သူတို့၏ တစ်ဦးတည်းသော အထောက်တော်ထံက သတင်းပို့တာဖြစ်ရမည်ဟု အားလုံးက တွေးလိုက်ကြသည်။ မှားလေစွ။

'မစ္စတာဟောဂင်ဘက်လား'

မိန်းကလေးသံတစ်သံက မေးသည်။

'ပြောနေပါတယ်'

'အေပရဲလ်ပါ'

ဟောဂင်ဘက်က ဘာမှ မထူးခြားဟန်ဖြင့် ဖြေလိုက်သည်။

'ကဲ ဆက်သာပြောပါ၊ ကလေးမရယ်'

'မစ္စတာရက်ဗ်ဆန်က နောက်ဆုံးနည်းလမ်းကို သုံးစွဲတဲ့အခါ သူသေတဲ့အထိ မဖြစ်အောင် လျှော့ချပေးလို့ ရမရသိချင်ပါတယ်တဲ့၊ သူက အဲဒီကိစ္စကို တတ်နိုင်သမျှ အချိန်ယူပြီး ကြိုးစားစေချင်ပါတယ်တဲ့၊ ဒါကြောင့် ကျွန်မက ဆက်သွယ်ရတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'အတတ်နိုင်ဆုံး ကြိုးစားပေးမယ်၊ ဒါပေမယ့် အာမ တော့ မခံနိုင်ဘူး'

'သူက မီးခိုးဖုံတွေနဲ့ ပစ်တဲ့အခါ တစ်မိနစ်ကြိုပြီး အကွက်ကျကျ ပစ်ပေးပါတဲ့ သူ အဲဒီအချိန်ထက် တစ်မိနစ်ကြိုပြီး ဆက်သွယ်မယ်လို့ ပြောပါတယ်'

'အေး၊ ငါကလည်း သူ့ကို အရေးတကြီး စကားပြောချင်နေတယ်၊ နို့ သူက ဘာပြုလို့ သူကိုယ်တိုင် မပြောနိုင်ရတာတဲ့တုံး'

'ဘာပြုလို့လဲဆိုတော့ ကျွန်မက အမျိုးသမီးအိမ်သာထဲ ဝင်ပြောနေရတာကိုး၊ ဟော အထဲကို တစ်ယောက်ဝင်လာပြီ'

အေပရဲလ်အသံက ချက်ချင်းလိုလို ပျောက်ကွယ်သွားသည်။ ဟောဂင်ဘက်က ဆက်သွယ်ရေးဝန်ထမ်းတို့ ညွှန်ကြားလိုက်၏။

'လက်နက်ဌာနကို အရေးတကြီး တယ်လီဖုန်းဆက်စမ်း၊ ကဲ ဗိုလ်ချုပ်ကြီး တာတာ၊ ဒီကိစ္စမှာ ခင်ဗျားဝင် ကူညီမှဖြစ်တော့မယ်'

ဒုတိယသမ္မတကြီး ရစ်ချတ်က ဝင်ပြောသည်။

'ဆေးရုံပေါ်တုန်းက နောက်ဆုံးနည်းလမ်းဆိုတာ ဘာလဲလို့မေးကြတယ်၊ အဲဒီတုန်းကတော့ ခင်ဗျားက မသိဘူးလို့ဖြေတယ်'

ဟောဂင်ဘက်က ခပ်တင်းတင်းပြန်ဖြေသည်။

'ခင်ဗျားလည်း ဒုတိယသမ္မတတစ်ယောက်ပဲ၊ ဒီလောက်တော့ သိဖို့ကောင်းတာပေါ့၊ ဖြီးဖြန်းမပြောတတ်တဲ့ လူတစ်ယောက်ဟာ အက်ဖ်ဘီအိုင် အကြီးအကဲ မဖြစ်နိုင်ဘူးဆိုတာ ခင်ဗျားလည်းသိတယ် မဟုတ်လား'

✦

နံနက် ခုနစ်နာရီခွဲတွင် နံနက်စာ ရောက်ရှိလာသည်။ သို့သော် ဘရန်ဆန်က နံနက်စာကို လက်ဖျားနှင့်ပင် မတို့ချေ။ နံနက် ခုနစ်နာရီလေးဆယ့်ငါးမိနစ်တွင် ဘရက်ဒလီတစ်ယောက် ရဟတ်ယာဉ်ကို တဲတားပေါ်သို့ ချောချော မောမော ခြေပြန်ချနိုင်ခဲ့သည်။ ရဲတပ်ကြပ်ဝတ်စုံကို ဝတ်ဆင်ထားသော ဂစ်စကတ်သည် ရဟတ်ယာဉ်ပေါ်မှ ခပ်တည်တည် ဆင်းလာသည်။ နောက် ငါးမိနစ်အတွင်း ဂစ်စကတ်တစ်ယောက် အတော်ခပ်များများ မာတ်ပုံ အရိုက်ခံလိုက်ရသည်။ နံနက် ရှစ်နာရီတိတိတွင် ဘရန်ဆန်တစ်ယောက် ပထမဦးဆုံးအကြိမ်အဖြစ် ချက်ကောင်းကို စအထိုးခံရသည်။

ဘရန်ဆန်သည် နောက်ထပ်ရောက်လာသော ဂစ်စကတ်နှင့် စကား



လက်ဆုံကျနေခိုက် အလယ်ကားပေါ်တွင် ကင်းတာဝန်ကျနေသော ရက်စတာနီတ အမောတကော လာပြောသည်။

'တယ်လီဖုန်းလာတယ် မစ္စတာဘရန်ဆန်'

ဂစ်စကတ်က ပြောလိုက်သည်။

'စိတ်အေးအေးထားပါ မစ္စတာဘရန်ဆန်၊ ကျုပ်အားလုံးကို တာဝန်ယူပြီး တွပ်ကဲပေးပါ့မယ်၊ ခဏတဖြုတ် အနားယူစမ်းပါဦး၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူးဗျာ'

ဂစ်စကတ်က ဘရန်ဆန်၏ပခုံးကို လက်နှင့် အသာအယာတို့လိုက်သည်။ သို့သော် ဆက်တိုက် ဘာဖြစ်လာမည်ကို ဂစ်စကတ်တစ်ယောက် မသိနိုင်သည့်သာမက သူ့ဟောကိန်းသည် ပါစင်အောင်လွဲတော့မည်ကို သူမသိနိုင်ပါချေ။

တစ်ဖက်က ဆက်သူမှာ ဟောဂင်ဘက်ပင်တည်း။

'ဘရန်ဆန်၊ မင်းအတွက် သတင်းဆိုးပါလာတယ်၊ မင်းကို ကိုင်ရိုးနစ်က ခုလောလောဆယ်မှာ မတွေ့ချင်ဘူးတဲ့၊ နောက်ကိုလည်း ဘယ်တော့မှ မတွေ့ချင်ဘူးတဲ့'

'အဲဒီလူက ဘယ်သူလဲ'

ဘရန်ဆန်က တယ်လီဖုန်းစကားပြောခွက်ကို တင်းတင်းကြီးဆုပ်ကိုင်ထားရင်း ခပ်တည်တည်ပြန်မေးသည်။

'ကိုင်ရိုးနစ်လေ၊ မင်းပြောပြောနေတဲ့ ကာရစ်ဘီယံ ပင်လယ်ထဲက ကျွန်းကလေးရဲ့ အကြီးအကဲလေ၊ အခု သူက မင်းကို လုံးဝလက်မခံနိုင်တော့ဘူးတဲ့'

'ခင်ဗျားပြောနေတာတွေကို ကျုပ် လုံးဝနားမလည်ဘူး'

'မင်း သိပါတယ်ကွာ၊ ပြီးတော့လည်း မင်းက တစ်ကမ္ဘာလုံးသိအောင် အကြီးအကျယ် လုပ်ခဲ့တာကိုး၊ ဒီမှာတင် အဲဒီလူ ကြောက်သေးပါသွားတယ်၊ သူ့ကို တို့က လိုက်ရှာတာ မဟုတ်ဘူး၊ သူက တို့ကို တမင်လာဆက်သွယ်တာ၊ အခု သူ ဒီတယ်လီဖုန်းပေါ်မှာ အဆင်သင့်ရှိနေတယ်၊ သူ့ကို မင်းနဲ့ဆက်ပေးလိုက်ရမလား'

ဘရန်ဆန်က ဘာမှ ပြန်မပြောနိုင်မီ ကာရစ်ဘီယံကျွန်းသားတို့၏ လေသံဝဲဝဲနှင့် ခပ်စူးစူးအသံတစ်သံ တယ်လီဖုန်းထဲက ထွက်ပေါ်လာသည်။

'ဟေ့ ဘရန်ဆန်၊ မင်း တကယ်ရူးတဲ့ကောင်၊ ပြီးတော့ ပါးစပ်ကလည်း ဖွာသေးတယ်၊ မင်းက တစ်ကမ္ဘာလုံးကို မင်း ကာရစ်ဘီယံကို သွားမယ်လို့ ပြောခဲ့တယ်၊ ပြီးတော့ အဲဒီကျွန်းကလေးမှာ ထောင်ရှိတယ်လို့လည်းပြောတယ်၊ ပြီးတော့ အမေရိကန်နဲ့ ရာဇဝတ်သား အလဲအလှယ်လုပ်ရေးစာချုပ်ကို ဘယ်တော့မှ လက်မှတ်မထိုးမယ့် နိုင်ငံလို့လည်း ပြောသေးတယ်၊ ဒါတွေကို အမေရိကန်ထောက်လှမ်းရေးက ဆက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင် အဖြေရဖို့ ဘယ်လောက်မှ မကြာဘူးဆိုတာ မင်း မသိဘူးလား၊ ဒီတော့ သူတို့က ငါ့ကို လာမဆက်သွယ်ခင် ငါကပဲ စဆက်သွယ်လိုက်ရတယ်၊ အခု ကျူးဘားမှာရှိတဲ့ ဂွမ်တာနာမိုရေဆိပ်က စစ်သင်္ဘောကြီးတွေ ပင်လယ်ထဲ ထွက်ကုန်ကြပြီ ပြီးတော့လည်း ဖလော်ရီဒါ လေဆိပ်မှာ စီ ၅၄ ဗုံးကြဲလေယာဉ်ကြီးတွေ အသင့်ပျံနိုင်အောင် တန်းစီထားတယ်လို့ သိရတယ်၊ ဘယ်နှစ်စင်းလဲ၊ အဲဒီ လေယာဉ်တွေပေါ်မှာ လေထီးစစ်သားတွေ ဘယ်လောက်ပါမယ်ဆိုတာကတော့ ဘုရားမှပဲ သိတော့မယ် တို့နိုင်ငံကလေးကို ဆယ်မိနစ်အတွင်း ဖြတ်ကနဲ ဝင်သိမ်းသွားနိုင်တယ်၊ ဒုတိယသမ္မတလည်း အားရပါးရကို နှံပစ်လိုက်မယ်လို့ ကြိမ်းနေတယ်'

ဘရန်ဆန်ကတော့ ဘာမှ ပြန်မပြောချေ။

'ဒီမှာ ဘရန်ဆန်၊ မင်းကိုယ်မင်း ဟုတ်လှပြီဆိုပြီး သိပ်အထင်ကြီးနေတာ၊ ဒါ ဘဝင်မြင့်တဲ့ရောဂါကွ၊ မင်း ဒီရောဂါကြောင့် ပျက်စီးခြင်းငါးပါးနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ငါ မကြာခဏ ပြောခဲ့တယ်၊ မင်း တကယ်သောက်ရမ်း ဘဝင်မြင့်တဲ့ အကောင်'

ဘရန်ဆန်က တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်သည်။

□□□

## အခန်း( ၁၂ )

ဂစ်စကတ်က ထိုသတင်းကို ဘာမှထူးခြားမှု မရှိလေဟန်နှင့် နားထောင်နေသည်။

'ဒါဖြင့် ကျွန်တော်တို့ကို ကိုင်ရိုးနစ်က ဘက်ကန်သွားပြီပေါ့၊ သူ ဘက်တန်ရုံနဲ့ ကျွန်တော်တို့ အစီအစဉ်တွေ ပျက်သွားစရာအကြောင်းမရှိပါဘူး၊ ဒါကတော့ သက်သက်မဲ့ ဦးနှောက်ခြောက်သွားအောင် ဆင်ထားတဲ့ စိတ်ဓာတ်စစ်ဆင်ရေး အကွက်တစ်မျိုးပါ၊ အခု ခင်ဗျား ဒီတံတားကြီးပေါ်မှာ နှစ်ဆယ့်သုံးနာရီ နေပြီပြီ ဘယ်လောက်တောင် ဦးနှောက်ခြောက်ခဲ့ရတယ်ဆိုတာ ကျွန်တော် မသိသေးဘူး ခုအထိတော့ ခင်ဗျားကို ဘယ်လိုမှ အရေးမယူနိုင်သေးလို့ အမှားအယွင်း တစ်ခုခု လုပ်မိလာအောင် တမင်လုပ်နေတာ၊ ဒါပေမယ့် ခင်ဗျားလက်ထဲမှာ ဓားစာခံတွေ အားလုံးရှိနေမယ့်ဥစ္စာ ဘာကြောက်စရာရှိသလဲ'

'ဒါပေမယ့် ငါ ကိုင်ရိုးနစ်ရဲ့အသံကို မှတ်မိပါတယ်ကွ'

'ဟုတ်ပါတယ် ဒီအသံပိုင်ရှင်ဟာ ကိုင်ရိုးနစ်ပဲဆိုတာ ကျွန်တော်လည်း သိပါတယ်၊ ဒါပေမယ့် စီအိုင်အေ ဒါမှမဟုတ် အက်ဖ်ဘီအိုင်ရဲ့ စုံစမ်းထောက်လှမ်းမှုကြောင့် အမေရိကန် အစိုးရက ကိုင်ရိုးနစ်ကို အရင် စဆက်သွယ်ခဲ့တာလို့ ကျွန်တော် အတပ်ပြောချင်တယ်'

'မင်းက ဘာပြုလို့ အဲဒီလို ထင်ရသလဲ'

'ကိုင်ရိုးနစ်က ခင်ဗျားကို ဘယ်လို ဆက်သွယ်ရမယ်ဆိုတာ သူသိသားပဲ

www.burmeseclassic.com



သူ ဆက်သွယ်ချင်ရင် တိုက်ရိုက်ဆက်မှာပေါ့၊ အခုလို တဆင့်ပြီးတဆင့် လုပ်နေဝံ့မလား၊ ဒါပေမယ့် ဒီအစိုးရရဲ့ စိတ်ဓာတ်စစ်ဆင်ရေးနဲ့ ကိုက်ညီမှာ မဟုတ်ဘူး'

ဂစ်စကတ် ရောက်လာချိန်မှစ၍ တက်တက်ကြွကြွ ပြန်ဖြစ်လာသော ခရိုက်စလာက ဝင်ပြောသည်။

'ကျွန်တော် စဉ်းစားမိတာ တစ်ချက်ရှိသေးတယ် မစ္စတာဘရန်ဆန်၊ တာတယ်တော့ ကိုင်ရိုးနစ်ကို အားကိုးစရာမလိုပါဘူး၊ ကမ္ဘာပေါ်မှာ အမေရိကန် နိုင်ငံနဲ့ ရာဇဝတ်သား လဲလှယ်ရေး စာချုပ် ချုပ်မထားတဲ့နိုင်ငံ ခြောက်နိုင်ငံလောက်ရှိတယ်၊ အဲဒီ နိုင်ငံတိုင်းကို သမ္မတကြီးစီးတဲ့ ဂျက်လေယာဉ်ပျံနဲ့ အရောက်သွားနိုင်သားပဲဥစ္စာ၊ ဒါပေမယ့် ကာရစ်ဘီယန်ပင်လယ်ထက် ကျော်သွားစရာ မလိုပါဘူး၊ လုပ်စရာရှိရင် ခန့်ခန့်ညားညားပဲ တွေးရမှာပေါ့'

ဘရန်ဆန်က နှဖူးကိုပွတ်သည်။

'ပြောစမ်းပါကွာ၊ ငါ့ဦးနှောက်ထဲက အကြံဉာဏ် သိပ်မထွက်တော့ဘူး'

'(. . .) ကိုသွားရင် ဖြစ်သားပဲမဟုတ်လား၊ အဲဒီနိုင်ငံလည်း အမေရိကန်နဲ့ ရာဇဝတ်သား အလဲအလှယ်စာချုပ်မှ ချုပ်မထားတာ၊ လေယာဉ်ပျံ အနုကြမ်းစီးတဲ့လူတွေကို ပြန်ပို့မယ်ဆိုတဲ့ ကတိစာချုပ်တော့ရှိတယ်၊ ဒါပေမယ့် သမ္မတကြီး ကို ပြန်ပေးဆွဲလာသူကိုတော့ ပြန်လွှတ်မယ်မထင်ဘူး၊ အခု အမေရိကန်က ကိုင်ရိုးနစ်ရဲ့ နိုင်ငံငယ်ကလေးကို ဝင်သိမ်းဖို့ အဆင်သင့်ပဲ မဟုတ်လား၊ ဒါပေမယ့် (. . .) နိုင်ငံကိုတော့ လုပ်ရဲမှာ မဟုတ်ဘူး'

ဘရန်ဆန်က ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။

'အေးဟုတ်တယ်၊ ဗန်အက်ဖင်လည်း အစကတည်းက အဲဒီနိုင်ငံကို သွားချင်ခဲ့တာ၊ သူ့အကြောင်းပြချက်ကလည်း မင်းပြောသလိုပါပဲ၊ ကဲ ဒီတော့ တို့အဲဒီကိုပဲ သွားကြမယ်၊ အခုလောလောဆယ်ဆယ် လုပ်ဖို့က ကိုးနာရီမှာ ရှပ်မြင်သံကြား အစီအစဉ်ရှိတယ်၊ ဖောက်ခွဲရေးပစ္စည်းတွေကိုတပ်ဖို့ အစီအစဉ်တတော့ အရင်အတိုင်းပဲ၊ ပီတာက ဗက်ထရီနဲ့ သွားတဲ့ကားကို မောင်းရမယ်၊ ဒီတစ်ခေါက်မှာ ရက်စတန်နဲ့ ဟာရီမင် အပေါ်တက်ပြီး တပ်ရမယ်၊ ဒါပေမယ့် သူတို့နဲ့အတူ ခရီးတို အသံလွှင့် အသံဖမ်းစက်လည်း ယူသွားပေစေ၊ အေး ငါလည်းခုမှ သတိရတယ်၊ ဟေ့ ခရိုက်စလာ၊ ငါ ဘယ်မှာပဲရှိရှိ တယ်လီဖုန်းနဲ့ လက်လှမ်းမီချင်တယ်၊ တယ်လီဖုန်းလာတိုင်း အလယ်ကားဆီ ပြေးပြေးသွားရတာ သိပ်မနိပ်ဘူး၊ ဒီတော့ တို့ကားထဲမှာ ဟောဂင်ဘက်နဲ့ တိုက်ရိုက်စကားပြောနိုင်မယ့် တယ်လီဖုန်းတစ်လုံး



စီစဉ်ပေးကွာ'

'ဒါပေမယ့် အရပ်သား တယ်လီဖုန်း စက်ခလုတ်ရုံကတဆင့် သွားရလိမ့်မယ်'

'ဘာဖြစ်သလဲကွာ၊ ဒါပေမယ့် ဒီလိုင်းကို အချိန်မရွေး ပြောလို့ရအောင် ဖွင့်ပေးထားဖို့ ပြောထားပေါ့၊ ပြီးတော့ ပထမ ရဟတ်ယာဉ်ကို ရေဒီယိုတယ်လီဖုန်းနဲ့ ပြောလို့ရအောင် စီစဉ်ပေးလို့ရမလား'

'ခလုတ်ဝိုင်းကလေးကို လှည့်လိုက်ရုံပါပဲ မစ္စတာဘရန်ဆန်၊ အဲဒါက ဘာလုပ်ဖို့လဲ'

'တော်တော်ကြာကျရင် အသုံးလိုလာမှာကွ'

□

ထိုနေ့နံနက်ခင်းသည် မနေ့ကလိုပင် ကြည်လင်သာယာသော နံနက်ခင်း ဖြစ်သည်။ ပြီးတော့ မနေ့ကလိုပင် မြူနှင်းများသည် အနောက်ဘက်ဆီမှ တံတားကြီးဆီသို့ တရွေ့ရွေ့ချဉ်းကပ်လာနေသည်။ ကားသုံးစီးပေါ်တွင် ပါလာသူအားလုံးအနက် ရက်ဗ်ဆန်တစ်ယောက်သာ သာယာလှပသော နံနက်ခင်းကို မသိကျိုးကျွံပြုနေသည်။

ရက်ဗ်ဆန်သည် သူ့ထိုင်ခုံတွင် ထိုင်နေပြီး လက်ဖျံနှစ်ဖက်စလုံးကို ပြတင်းပေါက်ဘောင်ပေါ်တင်ထားသည်။ ပြီးတော့ သူ့နှုတ်ခမ်းက တလှုပ်လှုပ်တရွရွ ဖြစ်နေသည်ကို ဘယ်လူမှမမြင်အောင် ပါးစပ်ကို လက်နှင့်အုပ်ထားသည်။

ဟောဂင်ဘက်ကပြောသည်။

'အသံအတိုးအကျယ်ခလုတ်ကိုလျှော့ပြီး ရေဒီယိုကို မင်းနားရွက်နဲ့တစ်ပြိုင်နားထောင်စမ်း'

'ဘယ်ဖြစ်မလဲ၊ ကျွန်တော့်ခေါင်းနဲ့ ပခုံးက ပြတင်းပေါက်ဘောင်ပေါ်မှာ ပေါ်နေတာ ကျွန်တော် ခဏပဲငုံ့လို့ရမယ်၊ ခပ်မြန်မြန်ပြောနော်'

ရက်ဗ်ဆန်က သူ့ကင်မရာကို ပြောင်းပြန်လှန်ပြီး ပေါင်ပေါ်တွင် တင်ထားသည်။ ကင်မရာအောက်ပိုင်းကို ဖွင့်ထားသဖြင့် ထရန်စစ္စတာ ရေဒီယိုကလေးကို မြင်နေရသည်။ သူက အသံခလုတ်ကို တိုးပစ်လိုက်ပြီး ခေါင်းငုံ့လိုက်သည်။ ဆယ့်ငါးစက္ကန့်ကြာသောအခါ ခေါင်းပြန်မော့ပြီး ဘေးဘီကို ကြည့်သည်။ သူ့ကို မည်သူကမျှ ဂရုတစိုက်ကြည့်နေခြင်း မရှိကြောင်းတွေ့ရသဖြင့် အသံခလုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကျယ်လိုက်သည်။

ဟောင်ဘက် အသံပြန်ပေါ်လာသည်။ သူ့အသံက ရန်လိုသံပေါက်နေသည်။

'တဲ ဘယ်လိုလဲ၊ မင်း သိပ်အံ့ဩသွားသလား'

'သိပ်ထူးဆန်းတဲ့တိစ္ဆာမှ မဟုတ်တာ၊ ခင်ဗျား သူ့ကို ပြောပြမလို့လား'

'မင်း တစ်ခုတော့ သတိထားနော်၊ တို့ဘက်က အဆင်သင့်မဖြစ်သေးဘဲ မင်းတ စ,တော့လို့ အချက်မပေးနဲ့'

'မှတ်ထားပါ့မယ်၊ ဟို ဗုံးတွေကတော ဘယ်လိုအခြေအနေရှိသလဲ'

'သိပ်လွယ်မှာ မဟုတ်ဘူးလို့ပြောကြတာပဲ'

'အဲဒီလိုဆိုရင် သူတို့ကို နည်းနည်းပဲသုံး မျက်ရည်ယိုဗုံးကို ပိုသုံးပေါ့၊ ဟိုမျှော်စင်ပေါ်ကလူတွေနဲ့ ခင်ဗျားနဲ့ အဆက်အသွယ်ရှိသလား'

'တချို့ဒီနဲ့ ရော်ဂျာကို ပြောတာလား၊ ဆက်သွယ်လို့ရတယ်'

'တကယ်လို့ သူတို့က မလွဲသာ မရှောင်သာ လူကိုဖမ်းရတော့မယ်ဆိုရင် ကြမ်းပြင်ပေါ်က မထနိုင်အောင် လုပ်ထားဖို့ပြောပေးပါ'

'ဘာဖြစ်လို့လဲ'

'သိပ်ရှည်ရှည်ဝေးဝေးရှင်းပြဖို့ အချိန်မရဘူး၊ ရေတပ် ဗိုလ်ချုပ်ကြီးနဲ့ စကားပြောချင်တယ်'

ဟောဝင်ဘတ်က ထပ်မေးချင်သည်မှာ တရှုံ့ရှုံ့ဖြစ်နေသော်လည်း မမေးတော့ပဲ ငြိမ်နေလိုက်သည်။ နယူးဆန်၏အသံပေါ်လာသည်။

'ဗိုလ်ချုပ်ကြီးဆီမှာ အသံမမြည်တဲ့ မော်တော်ဘုတ်ကလေးတွေရှိသလား'

'လျှပ်စစ်ဓာတ်အားနဲ့ မောင်းတာမျိုးလား၊ ရှိတယ် အများကြီးရှိတယ်'

'မြူတွေဆိုင်းလာပြီဆိုရင် အဲဒီလို မော်တော်ဘုတ်တစ်စင်းကို တံတားတိုင်အောက်ဘက်ကနံ့ဘေးမှာ လာကပ်ပေးလို့ရမလား'

'သိပ်ဖြစ်တာပေါ့'

'အဲဒီမော်တော်ဘုတ်မှာ ကြိုးကို အပေါ်ပစ်တင်လို့ရတဲ့ သေနတ်တစ်လက်နဲ့ ကြိုးသေးသေးကလေးတွေ လုံလုံလောက်လောက် ထည့်ပေးနိုင်ပါ့မလား'

'ဖြစ်ပါတယ်'

'ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်ကြီး၊ ကျွန်တော် မစ္စတာဟောဂင်ဘက်နဲ့ ထပ်ပြောပါရစေ'

'အေး၊ ငါပဲ၊ မင်း တော်တော်ထိမ်ချန်ထားချင်တဲ့အကောင်'



'ဆိုပါတော့၊ လေဆာရောင်ခြည်သေနတ်တွေ အသင့်ဖြစ်ပြီလား ဆရာ ဖြစ်ပြီ ဟုတ်လား၊ သိပ်ကောင်းကာပေါ့၊ ဟိုရှေ့ဘက်က ရဟတ်ယာဉ်ရဲ့ ပန်ကာသွားတို့ အချိန်မရွေး ပစ်လို့ရအောင် ချိန်ထားစမ်းပါ၊ မီးခိုးတွေ ဖုံးနေရင်တောင် ပစ်လို့ရအောင် တခါတည်း အသေချိန်ထားပေးပါ'

'ဘာလုပ်ဖို့လဲ'

'ဟော လူလာနေပြီ'

ရက်ဗ်ဆန်က ဘေးဘီကို လှည့်ကြည့်သည်။ တကယ်တော့ ဘယ်သူမှ မလာပါ။ သို့သော် ခုအချိန်တွင် ဟောဂင်ဘက်နှင့် တစ်ယောက်တစ်ခွန်း အခြေအတင်ပြောရန် သူ လုံးဝမလိုလားပါ။ ရက်ဗ်ဆန်က တင်မရာအောက်ခြေကို ပြန်ပိတ်ပြီးနောက် တင်မရာကိုလွယ်၍ ကားထဲမှထွက်ခဲ့သည်။

□

'ပြဿနာလေးတစ်ခုတော့ပေါ်ပြန်ပြီဆရာ'

ခရိုက်စလာက ပြောပြောဆိုဆိုနှင့် ခရီးတိုအသံလွှင့်ဖမ်းစက်ကို ဘရန်ဆန်လက်ထဲ ထည့်ပေးလိုက်သည်။

'ကျွန်တော် ရက်စတန်ပါ၊ မစ္စတာဘရန်ဆန်'

ရက်စတန်နှင့် ဟာရီမင်တို့သည် လွန်ခဲ့သော ဆယ်မိနစ်က တောင်ဘက်မျှော်စင်ဆီ ထွက်သွားခဲ့ကြသည်။

'ဓာတ်လှေကားပျက်နေတယ် ဆရာ'

'တယ် အရေးထဲကျမှ ခဏနေဦး'

ဘရန်ဆန်က သူ့နာရီကို ငုံ့ကြည့်သည်။ ရှစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်ရှိနေပြီ သူ့ရုပ်မြင်သံကြား အစီအစဉ်က ကိုးနာရီတွင် စမည်။ ဘရန်ဆန်သည် ကမ်းခေါ်တ လူများနှင့် တိုက်ရိုက်အဆက်အသွယ်ရအောင် ခရိုက်စလာ ဆက်ပေးထားသော နောက်ဆုံးကားထဲမှ တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။

'ကျုပ် ဘရန်ဆန်ပါ'

'ဟင်းဒရစ်ပါ၊ ခင်ဗျား ဘာပြောတော့မယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ် သိပ်မကြာသေးခင်က ဒီတံတားကြီးရဲ့ ကြိုးကြပ်ရေးဝန်နဲ့ စကားပြောခဲ့ရသေးတယ်၊ သူပြောတာကတော့ တောင်ဘက်မျှော်စင်မှာ တပ်ထားတဲ့ ဓာတ်လှေကားရဲ့မြှုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက မြတ်ကုန်တယ်တဲ့'

'ဒါဖြင့်ရင် ဘာပြုလို့ မပြင်တာလဲ'

'သူတို့မြင်နေတာ သုံးနာရီလောက်ရှိသွားပြီ'

'နောက်ထပ် ဘယ်လောက်ကြာရင်. . .'

'နာရီဝက်၊ တစ်နာရီလောက်တော့ကြာမှာပေါ့'

'ဒါဖြင့်ရင် ပြင်ပြီးပြီးချင်း ပြန်ခေါ်ပါ'

သူက ခရီးတိုအသံလွှင့်စက်ကို ပြန်ကိုင်သည်။

'ခာတ်လှေကားကို ပြင်နေတယ်တဲ့၊ ကဲ မင်းတို့ နိုးနိုးလှေကားက တက်မှ ဖြစ်မယ်'

တစ်ဖက်က ငြိမ်ကျသွားသည်။ ထို့နောက် ရက်စတန်က

'ဘုရား ဘုရား၊ ထိပ်ရောက်တဲ့အထိ တက်ရမှာလား'

'ဟုတ်တယ်၊ ထိပ်ရောက်တဲ့အထိပဲ၊ ဒါ ဝေရက်တောင် မဟုတ်ပါဘူးကွ ပြီးတော့ မင်းတို့ဆီမှာလည်း စာအုပ်ရှိနေသားပဲဥစ္စာ၊ သိပ်ခက်မယ် မထင်ဘူး'

သူက ခရီးတိုအသံလွှင့်စက်ကို အောက်ပြန်ချရင်း ဂစ်စကတ်ကို ပြောလိုက်သည်။

'ငါတော့ သူတို့ကို အားမကျမိဘူး၊ ဘာလဲ ဒါ စိတ်ဓာတ်စစ်ဆင်ရေး တိုက်ကွက် တစ်ကွက်ပဲလား'

'ဖြစ်နိုင်ပါတယ်၊ မနေ့ညက ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ယှဉ်စဉ်းစားလိုက်မယ်ဆို ရင်. . .'

□

အနောက်ဘက် သံလက်ရန်းနားတွင်ရှိနေသူ အိုဟဲယားနံဘေးသို့ ရက်ဗ်ဆန် တစ်သွားသည်။ သူက ဆိုင်းမဆင့်ဖုံမပါ ပြောချလိုက်သည်။

'ခင်ဗျား လူနာတင်ကားရဲ့ နောက်ဘက်တံခါးက လေတော်တော်လုံရဲ့လား'

အိုဟဲယားက ခပ်တည်တည်ပြန်မေးသည်။

'ဘာဖြစ်လို့လဲ'

'အပြင်ဘက်ကလေထဲမှာ အောက်စီဂျင်ဓါတ် နည်းသွားရင် ကားထဲက အောက်စီဂျင်ဓါတ်တွေ အပြင်ကို ထွက်ကုန်လိမ့်မယ်၊ ခင်ဗျားကားထဲမှာ ဘယ်လို



လုပ်နေမလဲ'

'ကားထဲမှာ အောက်စီဂျင်ဓာတ်ငွေ့ဗူးတွေပါလာတယ်၊ နှလုံးရောဂါကုစက်ထဲ မှာလည်း အောက်စီဂျင်ဓာတ်ငွေ့တွေ ရှိသေးတယ်'

'ခင်ဗျား အဲဒါကို ကောင်းကောင်းအသုံးချဖို့ လိုလာလိမ့်မယ်၊ ဘာပြုလို့လဲဆို တော့ အသက်ရှူကျပ်ပြီး လူသေသွားစေနိုင်တဲ့ ဗုံးတစ်မျိုးကို မကြာခင် သုံးကြလိမ့်မယ်၊ အဲဒီဗုံးရဲ့အစွမ်းသတ္တိက လေထဲမှာရှိတဲ့ အောက်စီဂျင်ဓာတ်ကို စုပ်ယူလိုက်မယ်၊ ဒီတော့ သူ့အနားမှာရှိတဲ့လူ အသက်ရှူကျပ်ပြီး သေသွားလိမ့်မယ်၊ ဘာဒဏ်ရာမှမပေါ်ပဲ သေသွားအောင် လုပ်တဲ့နည်းပေါ့'

'ခင်ဗျားကတော့ ဒါမျိုးနားလည်မှာပါ၊ ဒါပေမယ့် ဟုတ်နိုင်ပါ့မလား'

'ဟုတ်ပါတယ်၊ ဗွမ်လော့တိုက်ပွဲမှာ စသုံးလို့ လူတွေ အတုံးအရုံးသေခဲ့တယ်၊ စိတ်မကောင်းစရာတစ်ချက်ကတော့ အဲဒီဗုံးတွေကို အမေရိကန် ရေတပ်မတော်က ထောက်ပံ့ခဲ့တယ်ဆိုတာပဲ'

'ဒါလည်း အရေးကြီးတဲ့ လျှို့ဝှက်သတင်းပဲလား'

'ဘယ်ဟုတ်ရမှာလဲ၊ သတင်းစာထဲမှာ တစ်ဘက်က ကန့်ကွက်ချက်တွေ ခဏ ခဏ ပါနေသားပဲဥစ္စာ'

'ခင်ဗျားက အဲဒီဗုံးတွေကို သုံးမှာလား'

'ဒါပေမယ့် ဒီဗုံးရဲ့အစွမ်းသတ္တိကို လူမသေစေနိုင်တဲ့ အဆင့်အထိ လျှော့ချပြီး သုံးမှာပါ'

'ဖြစ်ပါ့မလား'

'အတတ်နိုင်ဆုံး ကြိုးစားမယ်လို့ လက်နက်ပါရဂူတွေက ပြောတယ်'

'ဒါ ဘယ်သူ့စိတ်ကူးလဲ၊ ခင်ဗျားစိတ်ကူးပဲ မဟုတ်လား'

ရက်ဗ်ဆန်က ခေါင်းညိတ်လိုက်သည်။

'ရက်ဗ်ဆန်၊ ခင်ဗျားဟာ သွေးအေးအေးနဲ့ တော်တော်ရက်စက်တဲ့လူ၊ ခင်ဗျား ဒီလိုလုပ်ရင် အပြစ်ရှိတဲ့လူတွေရော အပြစ်မရှိတဲ့လူတွေပါ ဒုက္ခရောက်ကုန်လိမ့်မယ် သေတောင်သေနိုင်တယ်ဆိုတာ ခင်ဗျား မတွေးမိဘူးလား'

'ခင်ဗျား အတွေးချော်သွားပြန်ပြီ အပြစ်မရှိတဲ့လူတွေ ဒုက္ခဖြစ်မှာ မဟုတ်ပါဘူး နေကပူနေတော့ ဒီလူတွေ အပြင်ဘက်မှာနေကြမှာ မဟုတ်ဘူး၊ လေအေးပေးစက်ဖွင့်ပြီး ကားထဲဝင်နေကြမှာ၊ ဒီတော့ ကားထဲကလေက လေအေးစက်ကြောင့် အပြင်လေ ထက် သန့်နေမှာ၊ ဒီတော့ မီးခိုးဗုံးစပေါက်တာနဲ့ တပြိုင်နက် ခင်ဗျားလည်း ကားထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြေးပေတော့'

ရက်ဝ်ဆန်သည် အိုဟဲယားထံမှ ပြန်ထွက်လာပြီးနောက် ဂရပ်ဖ်တန်၏ လက်မောင်းကို တို့လိုက်သည်။

'ခင်ဗျားနဲ့ စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောပါရစေ'

ဂရပ်ဖ်တန်သည် အူကြောင်ကြောင်ဖြစ်သွားပြီး ရက်ဝ်ဆန်၏နောက် လိုက်သွားသည်။ သူတို့ပြောသည့်စကားကို တခြားသူ မကြားနိုင်တော့သည့်နေရာသို့ရောက်မှ ရက်ဝ်ဆန်က ရပ်လိုက်သည်။

ဂရပ်ဖ်တန်က စမေးသည်။

'စကားပြောဖို့ ဒီလောက်ဝေးဝေးအထိလာဖို့ လိုသလား'

'လိုတာပေါ့၊ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် မိတ်မှမဆက်ရသေးတာ၊ ခင်ဗျားက ယူပီသတင်းဌာနက ဂရပ်ဖ်တန် မဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျားကတော့ ဘုရင့်စားတော်ကဲ မစ္စတာရက်ဝ်ဆန် မဟုတ်လား'

'ဒါက တခါတလေမှ ဝင်လုပ်တဲ့ အပိုအလုပ်ပါဗျာ'

'ခင်ဗျားမှာ ပင်မအလုပ်တာဝန်ရှိသေးတယ်လို့ဆိုချင်တာ မဟုတ်လား၊ အက်ဖ်ဘီအိုင်ကပဲ ထင်ပါရဲ့'

'ခင်ဗျားကို ယုံကြည်လာအောင် တပင်တပန်း ပြောဆိုမနေရတာ တော်သေးတာပေါ့ဗျာ'

❐

ဂျင်နရယ် ကတ်တလန်က ပြောလိုက်သည်။

'မင်း ဟိုအသက်ရှုကျပ်တဲ့ဂုံးရဲ့ အာနိသင်ကို လျှော့မရဘူးဆိုရင်တော့ သူဘုရားတွေ တော်တော်ဝင်ငွေလမ်းဖြောင့်ကုန်ကြမှာ သေချာတယ်'

'နို့ ခင်ဗျားကကော ဟိုကျည်ဖူးမှာ ဆိုင်ယာနိုက် အဆိပ်လူးထားတဲ့ လေသေနတ်ကို မသုံးပဲ အလှကြည့်ထားမှာမို့လို့လား'

'ကျွတ်. . . ကျွတ်. . . ကျွတ်'

❐



ကိုးနာရီထိုးရန် လေးငါးမိနစ်အလိုတွင် ဘရန်ဆန်၏ ရုပ်မြင်သံကြားအခ်ီအစဥ်အတွက် အားလုံးစီစဥ်ပြီးလေပြီ၊ သူသည် ခါတိုင်းလိုပင် စိတ်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးရှိပုံရသည်။ တစ်ခုပိုထူးခြားသည်မှာ ဘရန်ဆန်သည် အခွေတကြိုးကို နေရာချထားပေးရာ၌ ခါတိုင်းထက်ပိုပြီး ယဥ်ယဥ်ကျေးကျေး ဆက်ဆံနေခြင်းဝင်တည်း။ နံနက်ကိုးနာရီထိုးသောအခါ ကင်မရာများ စတင်လှုပ်ရှားစပြုလေပြီ။

❐

ကိုးနာရီတိတိတွင် တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေသော ရက်စတန်နှင့် ဟာရီမင်တို့ နှစ်ယောက် ခြေသလုံးတောင့်တင်းပြီး ညည်းညည်းညူညူလုပ်ရင်း လှေကားထိပ်ဆုံးသို့ ရောက်ရှိလာသည်။ အသံတိတ်ကိရိယာ တပ်ဆင်ထားသော သေနတ်ပြောင်းပေါ်မှ မျက်တောင်မခတ် စောင့်ကြည့်နေသူ ရော်ဂျာက ကရုဏာသက်သောလေသံနှင့် ပြောလိုက်သည်။

'ဒီလောက်အမြင့်ကြီးကို ခြေလျင်တက်ခဲ့ရလို့ ခင်ဗျားတို့တော့ တော်တော့်ကို မောသွားကြမှာပဲနော်'

❐

ဂစ်စကတ်က ဘရန်ဆန့်နားသို့ကပ်၍ တိုးတိုးလေးပြောလိုက်သည်။

'မစ္စတာဘရန်ဆန် ခပ်မြန်မြန် အဆုံးသတ်လိုက်ယင် ကောင်းမယ်ထင်တယ် ဒီမြူနွှင်းတွေဟာ တံတားကြီးကို မှိုသွားလိမ့်မယ်ထင်တယ်'

ဘရန်ဆန်က ခေါင်းညိတ်ပြလိုက်ပြီး စကားပြောခွက်ထဲသို့ ဆက်စကားပြောသည်။

'နိုင်ငံတော်အစိုးရက ကျွန်တော်တို့ရဲ့ သင့်တင့်မျှတသော တောင်းဆိုချက်တို့ လိုက်လျောလိုက်ပြီဆိုတဲ့သတင်း ကြားရတဲ့အတွက် ခင်ဗျားတို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မယ်လို့ ထင်ပါတယ်၊ ဒါပေမယ့် နောက်ဆုံးသတင်းကို မသိနိုင်ချင်း သေချာပြီလို့ မဆိုနိုင်သေးတဲ့အတွက် လူကြီးမင်းများကို ထပ်တလဲလဲ ဖြေဖျော်မှုအစီအစဥ်ရှိပါတယ်၊ အကြမ်းဖျင်းပြောရယင် နေ့လယ်ဆယ့်တစ်နာရီတစ်ကြိမ် ညနေ တစ်နာရီမှာ တစ်ကြိမ်၊ နှစ်ကြိမ်ထပ်ပြီး ဖြေဖျော်ဖို့ရှိပါတယ်။

www.burmeseclassic.com

'ယခုလည်း မနေ့က ပုံစံအတိုင်း ဖောက်ခွဲရေးပစ္စည်းတွေ တင်ထားတဲ့ မော်တော်ကားကလေး တောင်ဘက်မျှော်စင်ဆီ မောင်းသွားတာကို တွေ့ကြရပါမယ်၊ အခုဆိုယင် မျှော်စင်ထိပ်မှာ ပေါ်လာမယ့် ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် နှစ်ယောက်ကို လူကြီးမင်းများ တွေ့ကြရမှာဖြစ်ပါတယ်'

ရုပ်မြင်သံကြား ကင်မရာများက မျှော်စင်ထိပ်သို့ချိန်၍ အနီးကပ် ရိုက်ကူးပြသည်။ တစ်မိနစ်ကြာသည့်တိုင်အောင် မြင်ကွင်းထဲသို့ မည်သူမျှပေါ်မလာချေ။

ဘရန်ဆန်က ခပ်အေးအေးဆေးဆေး ပြောပြန်သည်။

'အေးဗျာ၊ မထင်မှတ်ပဲ နှောင့်နှောင့်နှေးနှေးဖြစ်လာပုံရတယ်၊ အေးဗျာ၊ စောင့်ကြည့်ကြပါဦး'

ထိုအခိုက်တွင် သူ့ဘေးနားရှိ တယ်လီဖုန်းက မြည်လာသဖြင့် ပွဲကြည့်ပရိသတ်ကို ဘရန်ဆန်က 'တဆိတ်ဗျာ'ဟု တောင်းပန်ပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်ယူနားထောင်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဘရန်ဆန်က ရုပ်မြင်သံကြား ကင်မရာနှင့်တွဲထားသော စကားပြောခွက်ကို လက်နှင့်အုပ်ထားသည်။

'ဟင်းဒရစ်ပါ၊ ဓာတ်လှေကားပြန်ကောင်းသွားပြီ'

'ခုမှ ပြောရသလားဗျာ၊ ဒီမျှော်စင်ပေါ် ရောက်အောင်တက်ဖို့ ဘယ်လောက်အချိန်ကုန်တယ်ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား'

'ဘာလဲ ခင်ဗျားလူတွေကို ရိုးရိုးလှေကားက တက်ခိုင်းလိုက်တယ်လို့ ပြောနေတာလား၊ လှေကားကတက်တဲ့လူတွေ မှုလို့သာဖြစ်ရမယ်၊ ခင်ဗျားလည်း ရူးနေသလား'

'သူတို့ဆီမှာ အညွှန်းစာအုပ်ပါသွားသားပဲ'

'ဘာစာအုပ်လဲ'

'မှုရင်းကို ထပ်ကူးထားတဲ့ မူရင်းပွားစာအုပ်လေ'

'ဒါဖြင့် ဒီလူတွေ လမ်းမှားပြီး ရက်ပေါင်းများစွာ မျက်စိလည်နေနိုင်တယ်၊ အထဲမှာ ပြင်ဆင်ချက်တွေများလွန်းလို့ အဲဒီစာအုပ်ကို မသုံးတော့တာ အနှစ်နှစ်ဆယ်လောက်ရှိသွားပြီ၊ ဒီလူတွေ တစ်နေ့လုံး မျက်စိလည်နေနိုင်တယ်'

ဘရန်ဆန်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်သည်၊ သို့သော် ရုပ်မြင်သံကြား စကားပြောခွက်ပေါ်မှ လက်ကိုပြန်မရုပ်သေးပဲ ဂစ်စကတ်ကို ပြောလိုက်သည်။

'ဓာတ်လှေကား ပြန်ကောင်းသွားပြီ၊ ဒီတော့ ဘတ်လက်နဲ့ ဘိုယတ်ကို ထပ်လွှတ်လိုက်'



ပြီးမှ သူက ရုပ်မြင်သံကြား စကားပြောခွက်ထဲသို့ ပြန်စကားပြောသည်။

'အေးဗျာ၊ နည်းနည်းပါးပါး အနှောင့်အယှက်ကလေးတွေရှိနေလို့ တောင်းပန်ပါတယ်'

ရုပ်မြင်သံကြားကြည့်သူများသည် နောက်ထပ် ဆယ်မိနစ်လုံးလုံး ရွှေတံခါးတံတားကြီးနှင့် တံတားကြီး၏ ပတ်ဝန်းကျင်ရှိ အံ့သြဖွယ်ရှုခင်းများကို ကြည့်ခွင့်ရကြသည်။

ဘရန်ဆန်က တခါတရံတွင် ဝင်၍ မှတ်ချက်ပေးသည်။

ဆယ်မိနစ်ကြာသောအခါ သူက ပြောလိုက်၏။

'ကဲ တောင်ဘက်က မျှော်စင်ကို ရိုက်ပြတော့'

မျှော်စင်ထိပ်တွင် ဘိုယတ်နှင့် ဘတ်လက်တို့ ရောက်နေကြလေပြီ။ သူတို့နှစ်ဦးသည် အောက်ဘက်ရှိကားပေါ်မှ ပီတာ၏အကူအညီနှင့် မနေ့က ပုံစံအတိုင်း ဖောက်ခွဲရေးပစ္စည်းများကို တံတားကြီး၏ဆိုင်းကြိုးတွင် ထပ်မံချည်နှောင်ကြပြန်သည်၊ ချည်နှောင်၍ပြီးစီးကြသောအခါ သူတို့နှစ်ဦးက လက်ဝှေ့ယမ်းပြပြီး မျှော်စင်ထဲပြန်ဝင်သွားကြ၏။

ဤတွင် အသံတိတ်ကိရိယာတပ်ထားသော ပစ္စတိုပြောင်းဝပေါ်မှ စူးစူးစိုက်စိုက် စောင့်ကြည့်နေသူ ရော်ဂျာက ပြောလိုက်သည်။

'နှမြောဖို့ကောင်းလိုက်တာဗျာ၊ ခင်ဗျားတို့နှစ်ယောက်စလုံး တကယ့်လူတော်တွေပဲ၊ အခု ခင်ဗျားတို့ကြောင့် ကျုပ်တို့က အဲဒီစနက်တံတွေကို ဒုတိယအကြိမ် ထပ်ဖြုတ်ရဦးတော့မှာပေါ့လေ'

□

ဘရန်ဆန်က ရုပ်မြင်သံကြားပရိသတ်ကို နှုတ်ဆက်စကားပြောနေစဉ် သူ့နဘေးရှိ တယ်လီဖုန်းမြည်လာသဖြင့် သူက တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဟောဂင်ဘက်ပါ၊ ခင်ဗျားစကားပြောနေတုန်း ခုလိုဖြတ်ပြောရတာ တောင်းပန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကလည်း ဒီဘက်ပွဲကို အလေးပေးစရာရှိသေးတာကိုး၊ ခုအချိန်ကစပြီး ခင်ဗျားရဲ့ ရုပ်မြင်သံကြားအစီအစဉ်အစား ကျုပ်တို့ရဲ့အစဉ်တအစားဝင်လာပြီ၊ ခုနကပြသွားတဲ့ ခင်ဗျားရဲ့ အစီအစဉ်ကို ကျုပ်တို့ သိပ်သဘောကျပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကဲ ဒီတော့ ကျုပ်တို့ရဲ့အစီအစဉ်ကိုလည်း တလှည့်ပြန်ကြည့်ပါဦးလေ'

ရုပ်မြင်သံကြားမြစက်ပေါ်တွင် ချက်ချင်းလိုလို မြင်ကွင်းပြောင်းသွားပြီး ဟောဂင်ဘတ်၏ပုံကြီးပေါ်လာသည်။

ဟောဂင်ဘက်ကပြောလိုက်သည်။

'အခု ဒီလူယုတ်မာဘရန်ဆန့်က အကျပ်ကိုင်နေတာကို ကျုပ်တို့ဘက်က တားဆီးနိုင်မယ့် အနေအထားမျိုး မရှိသေးပါဘူး၊ ဒါပေမယ့် အဆိုးထဲက အကောင်းလေးတွေတော့ ပေါ်လာနိုင်စရာရှိပါသေးတယ်၊ ကဲ ဟောဒါကတော့ အမေရိကန်ပြည်ထောင်စုရဲ့ ဒုတိယသမ္မတကြီး မစ္စတာရစ်ချတ်ပါ ခင်ဗျား'

စကားပြောခွက်ရှေ့တွင်ရှိနေသူ ဒုတိယသမ္မတကြီးသည် ကြည်ညိုဖွယ် ဥပမိရုပ်ရှင် ပြည့်စုံသူဖြစ်သည်။ သူသည် မဲဆွယ်ရာတွင်သော်လည်းကောင်း၊ ဆွေးနွေးညှိနှိုင်းပွဲများတွင်လည်းကောင်း အင်မတန် စကားပြောကောင်းသူတစ်ဦးဖြစ်သည်။ စကားပြောကောင်းလှသဖြင့် ဆင့်ကိုဆိတ်ဖြစ်အောင် ပြောနိုင်သူလည်းဖြစ်သည်။ သို့သော် ဒီကနေ့မနက်တွင်ကား သူသည် စကားရှည်ရှည်ဝေးဝေးပြောလိုဟန်မရှိပေ။ ခပ်တိုတိုနှင့် လိုရင်းကိုသာပြောသွားသည်။

'အေးဗျာ၊ ခင်ဗျားတို့ ခုနကကြားခဲ့ရတဲ့ စကားဟာ သိပ်မှန်ပါတယ်၊ ဒီကိစ္စဟာ သိပ်ရှက်စရာကောင်းပြီး သိပ်အခံရခက်စရာကောင်းလှပေမယ့် သမ္မတကြီးနဲ့ ညှိသည်တော်ကြီးတွေကိုတော့ လုံးဝအန္တရာယ်အဖြစ်မခံနိုင်ပါဘူး၊ ဒါကြောင့် သူတို့ရဲ့ ခြိမ်းခြောက်ငွေညစ်မှုကို လည်စင်းပေးဖို့ ဆုံးဖြတ်လိုက်ရပါတယ်၊ ဒီလူဆိုးအဓိပတိ ဘရန်ဆန်ကတော့ သူဟာ အမြင့်ဆုံးခြိမ်းခြောက်ငွေညစ်မှုကြီးကို အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့တယ်လို့ ထင်သွားမှာပဲ၊ ဒါပေမယ့် ဒီလူ ကျုပ်ပြောတဲ့စကားကို ကောင်းကောင်းနားထောင်သင့်သေးတယ်။

'ဒီကနေ့မနက် ကျုပ်ရထားတဲ့ သတင်းစကားတွေပြောရမယ်ဆိုရင် ဒီရာဇဝတ်ကောင် ဘရန်ဆန်ဟာ လမ်းဆုံးကို ရောက်နေပြီလို့ ဆိုရလိမ့်မယ်၊ မကြာခင် သူ့မှာ အပေါင်းအသင်းတစ်ယောက်မှ မရှိပဲ ဖြစ်သွားလိမ့်မယ်၊ သူ ဘယ်သူ့ကိုမှ လှမ်းအကူအညီတောင်းနိုင်မှာ မဟုတ်တော့ဘူး၊ ပြီးတော့ သူ့ကို လူတိုင်းက ဝိုင်းရန်မူကြလိမ့်မယ်၊ အထူးသဖြင့် သူ့ကို ရိုးသားတယ်ထင်ပြီး သူနဲ့တွဲနေတဲ့ လုပ်ဖော်ကိုင်ဖက်တွေက ပိုပြီးဆိုးရွားလာကြလိမ့်မယ်၊ အဲ. . . သူက သူ့အဖော် အပေါင်းအသင်းတွေရဲ့ နောက်ကျောကို ဓားနဲ့ထိုးခဲ့သလို သူ့လုပ်ဖော် ကိုင်ဖက်တွေက သူ့ကို ထောင်ထဲရောက်အောင် အတင်းဆွဲချကြမှာ သေချာတယ်'



ဘရန်ဆန်၏တပည့်အချို့က ဘရန်ဆန်ကို အူကြောင်ကြောင်မျက်နှာထားများနှင့် ဝိုင်းကြည့်နေကြသည်။ အိုဟဲယားနှင့် ရက်ဗ်ဆန်ကလည်း တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုလဲဆိုသော မျက်နှာထားများနှင့် ပြန်ကြည့်မိကြသည်။ ထိုလူစုထဲတွင် ဘရန်ဆန်တစ်ယောက်သာ လုံးဝဏ္ဏနြေမပျက်ပဲ ကုလားထိုင်ကို အေးအေးဆေးဆေး နောက်မှီ၍ ထိုင်နေနိုင်သည်။ သူ့မျက်နှာပေါ်တွင် လှောင်ပြုံးကလေးတစ်ခု ပေါ်နေသည်။

'ကျုပ် ခုနက ပြောခဲ့တဲ့သတင်းဟာ သိပ်မှန်ပါတယ်၊ သက်သေအထောက်အထားလည်း အပြည့်အဝရှိပါတယ်၊ ကဲ ရုပ်မြင်သံကြားကြည့်နေကြတဲ့ လူကြီးမင်းများကို မစ္စတာ ဂျိုဟာန်ဗန်အက်ဖင်နဲ့ မိတ်ဆက်ပေးပါရစေ၊ ဒီလူဟာ ဒီကနေ့မနက်စောစောပိုင်းအထိ ဘရန်ဆန်ကို သိပ်ကြည်ညိုပြီး အင်မတန်သစ္စာစောင့်သိရှိသောတဲ့ ညာလက်ရုံးတစ်ယောက်ပါ'

ရုပ်မြင်သံကြားမြစက် ပိတ်ကားပေါ်တွင် မြင်ကွင်းပြောင်းလဲသွားသည်။ ဝိုထဲတွင် ဘေးချင်းယှဉ်၍ချထားသော ကုလားထိုင်ငါးလုံးပေါ်၌ ထိုင်နေသူ လူငါးယောက်တို့မနီးမဝေးမှ ရိုက်ပြထားသည်။ လူငါးယောက်၏အလယ်တွင် ရှိနေသူသည် ဘေးနားတွင်ရှိနေသူများနှင့် အေးအေးချမ်းချမ်း ကြည်ကြည်သာသာ လှည့်စကားပြောနေပုံရသော ဗန်အက်ဖင်ဖြစ်ကြောင်းသေချာသည်။ မူးယစ်ဆေးဝါးများ ထိုးခံထားရသောကြောင့် သူ့မျက်လုံးများကြောင်တောင်တောင်ဖြစ်နေကြသည်ကို မရိပ်မိစေရန် ခပ်လှမ်းလှမ်းက ရိုက်ပြထားခြင်းဖြစ်သည်။

သုံးနာရီလုံးလုံး ရဲဆရာဝန်က ထိုမူးယစ်ဆေးဝါးများနှင့် ဗန်အက်ဖင်ကို သူလိုချင်သည့် ပုံစံဝင်လာအောင် စီစဉ်ခဲ့သည်။ အရေးထဲတွင် ဟောဂင်ဘတ်တလည်း မကြာခဏ လောဆော်နေသည်။ ထို့နောက် ဗန်အက်ဖင် ပါးစပ်ထဲက ထန်းရေမူးတော့ ကျွဲခိုးပေါ် ဆိုသလို သူ့အလိုလို စကားလုံးတွေ ထွက်အန်ကျလာခြင်းဖြစ်သည်။

ဒုတိယသမ္မတကြီးက ဆက်ပြောသည်။

'ဗယ်ဘက်က စပြောပါ့မယ်၊ ပထမလူက ရေတပ်ဗိုလ်ချုပ်ကြီး နယ်လဆန်၊ နောက်လူက ဆန်ဖရန်စစ္စကို ရဲချုပ်ဟင်းဒရစ်၊ ပြီးတော့ ကြည်းတပ်ဗိုလ်ချုပ်ကြီး ကာတာ၊ ဒီနေရာမှာ နည်းနည်းလေး အရှုန်းဖောက်မယ်ဆိုယင် ဗန်အက်ဖင်တော့ သူ့ဘဝတစ်လျှောက်လုံး ခုအချိန်လောက် ဥပဒေဘက်တော်သားတွေရဲ့ အပေါင်းအသင်းဖြစ်ရတာ ဒီတစ်ခါပဲရှိသေးတယ်လို့ ဆိုရလိမ့်မယ်'

www.burmeseclassic.com



ဘရန်ဆန်တစ်ယောက် အေးအေးဆေးဆေး မနေနိုင်တော့ပါ။ ကုလားထိုင်ရှေ့ဘက်စွန်းသို့တိုး၍ ထိုင်လိုက်သည်။ သူ့မျက်နှာပေါ်တွင် မယုံကြည်နိုင်သော မျက်နှာထားက အထင်သားပေါ်နေသည်။

ဒုတိယသမ္မတကြီးက ဆက်ပြောသည်။

'ဒီကနေ့ မနက်စောစောက ဇန်အက်ဖင်ဟာ ကျုပ်တို့ဆီကို အလင်းဝင်လာတယ်၊ သူအလင်းဝင်ခဲ့ရတဲ့ အရင်းခံအကြောင်းအချက်တွေကလည်း သိပ်ကို နိုင်လုံပါတယ်၊ တကယ်တော့ သူ့အသက် သိပ်မကြီးသေးဘူး၊ ဒါကြောင့် လောကကြီးမှာ အသက်ရှည်ရှည်နေချင်သေးတယ်တဲ့ စကားမစပ်ဖြတ်ပြောရမယ်ဆိုယင် ကျုပ်က နိုင်ငံတော်ရဲ့ ယာယီအကြီးအကဲ တစ်ယောက်အနေနဲ့ သူ့ကို ဥပဒေကြောင်းအရ လုံးဝအရေးမယူပါဘူးလို့ အာမခံလိုက်တယ်၊ သူ့ဆီကရတဲ့ သတင်းတွေကလည်း သိပ်အဖိုးတန်တယ်၊ လွန်ခဲ့တဲ့ သုံးနှစ်အတွင်းက ဖြစ်ပွားခဲ့တဲ့ လုယက်မှုကြီးရှစ်မှုနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို သူ့ဆီက သိလိုက်ရတယ်၊ အဲဒီ လုယက်မှုကြီးတွေရဲ့ ခေါင်းဆောင်ကတော့ ဘရန်ဆန်ပါပဲ။

အဲလေ၊ ကျုပ်စကားတွေ ဘေးရောက်ကုန်ကြပြီ။ သူ အလင်းဝင်လာတာကတော့ သူ့အသက်အန္တရာယ်ကို စိုးရိမ်လာလို့ပဲ၊ ဘရန်ဆန်က ပြန်ပေးဆွဲလို့ရမယ့် ငွေတွေကို သူနဲ့ ဇန်အက်ဖင်နှစ်ယောက်တည်း ခွဲယူမယ်လို့ ပြောတယ်ဆိုပဲ၊ ကျန်တဲ့လူတွေကို ဂရုမစိုက်ဘူးတဲ့၊ အဲဒီလူတွေ ထောင်ထဲရောက်ကုန်မှာ သေချာတယ်၊ ဇန်အက်ဖင်ဟာ ဇာတ်တူသားကို မစားကောင်းဆိုတဲ့ အယူအဆကို လက်ခံသူဖြစ်ပေမယ့် ခုနက အစီအစဉ်ကို သူလက်ခံလိုက်ယင် အဲဒီအသွားဟာ နောက်တစ်ကြိမ်ကျယင် သူ့ဆီလှည့်လာမှာကြောက်လို့ပဲ၊ ဒါကြောင့် ဇန်အက်ဖင်က ရွှေအလားအလာ ဘယ်လိုရှိတယ်ဆိုတာကို သူ့မိတ်ဆွေဟောင်းတွေ အပေါင်းအသင်းရောင်းရင်းတွေ သိစေချင်ပါတယ်တဲ့ ပြီးတော့ သူ ဒီကို ပြေးမလာခင် အပေါင်းအသင်းလေးယောက်ကို သူနဲ့ပါလာအောင် စည်းရုံးခဲ့ပါသေးတယ်တဲ့ အဲဒီလေးယောက်ဟာ ကျုပ်တို့ဆီ မကြာခင်ရောက်လာတော့မှာပါ။ သူတို့ရောက်လာတဲ့အခါကျယင် ဒီအစီအစဉ်ကပဲ ထပ်လွှင့်ပါ့မယ်၊ အဲလေ ဖြစ်နိုင်ယင် ရုပ်မြင်သံကြားစက်နားက တစ်ဖဝါးမှ မခွာကြပါနဲ့လို့ မှာပါရစေ'

❒

အိုဟဲယားက ပြောလိုက်သည်။



'ဘုရား၊ ဘုရား အိမ်ကြက်ချင်း အိုးမည်းသုတ်လွှတ်လိုက်ပြီတိုး၊ ဘရန်ဆန်တစ်ယောက် ဒီကိစ္စကို ပြေလည်အောင် ဖြေရှင်းနိုင်ပါ့မလား မသိဘူး၊ ဒီအကြံအစည် သိပ်ကောင်းတယ်၊ ခုအချိန်မှာ သူ့ကို လူတွေက ဘယ်လိုလုပ်ပြီး ယုံတော့မှာလဲ ဒါခင်ဗျား စိတ်ကူးလား မစ္စတာရက်ဗ်ဆန်'

'အေးဗျာ၊ ကျုပ် စိတ်ကူးသာဆိုယင် သိပ်ကောင်းမှာ၊ ဒါပေမယ့် ကျုပ်တဒီလောက်တောင် မလျင်သေးပါဘူး၊ ဒါ ယောဂင်ဘတ်လက်ချက်ပဲဖြစ်ရမယ်'

'ကျုပ်ကတော့ ဇန်အက်ဖင်တစ်ယောက် သစ္စာဖောက်. . .'

'ဟုတ်ပါတယ်၊ သူ သစ္စာဖောက်တာ မဟုတ်ပါဘူး၊ သူ့ကို ရုပ်မြင်သံကြားပေါ်မှာ အနီးကပ်ပြီး ရိုက်မပြတာ ကြည့်ပါလား၊ နီးနီးကပ်ကပ်မြင်ရယင် သူ့ကို ဆေးခတ်ထားတာ လူတိုင်းသိကုန်မှာ'

'ဆေးခတ်ခံရတယ်၊ ဟုတ်လား၊ အလင်းဝင်လာတဲ့လူတစ်ယောက်ဟာ. . .'

'သူ အလင်းဝင်အောင် အတင်းအဓမ္မလုပ်ရတာဗျ၊ ကျုပ်က သူ့ကို အကြောသေဓာတ်ငွေ့နဲ့ အလစ်မှာ တွယ်လိုက်တယ်၊ ပြီးမှ တံတားအောက်က ဖြတ်မောင်းလာတဲ့ ရေငုပ်သင်္ဘောတစ်စင်းပေါ်ကို ချပေးလိုက်တယ်. . .'

'အင်း တံတားအောက်က ဖြတ်မောင်းလာတဲ့ ရေငုပ်သင်္ဘော၊ အားကြီးမြန်ပါလိမ့်မယ်'

'ဘုရား၊ ဘုရား ခင်ဗျားက ကျုပ်ကို ယုံမှ မယုံပဲကိုး'

'ယုံပါတယ် သူငယ်ချင်းရာ'

'တော်စမ်းပါဗျာ၊ ကျုပ် ညကြီး မင်းကြီးမှာ ရေဒီယို အသစ်ကလေးတစ်လုံး ဘယ်လိုလုပ်ရလာမှာတဲ့တုံး'

အိုဟဲယားက သူ့ကို အကြာကြီး စိုက်ကြည့်နေသည်၊ ပြီးမှ

'ဟိုအလင်းဝင်မယ့် လူလေးယောက်ကိုတော့ ရေငုပ်သင်္ဘောနဲ့ ပို့လိုက်တာပဲလား'

'ဘယ်တလား၊ လွန်ခဲ့တဲ့ နာရီဝက်အတွင်းကမှ သူတို့ကို အတင်းအဓမ္မဖမ်းပြီး ခေါ်သွားကြတာ'

အိုဟဲယားက သူ့ကိုငေးကြည့်နေပြန်သည်။

သမားလ်ပိုက် တောင်ထွန်းပေါ်ရှိ ရေဒါစခန်းထဲတွင် ယခု အုပ်စုခေါင်းဆောင်ဖြစ်နေသော ပါတာက ရုပ်မြင်သံကြားစက်မှ ပိတ်ကားကိုကြည့်ယင်း ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့တော့ ရေရေလည်လည်ကြီး ပတ်တီးချတာကို ခံလိုက်ရပြီပေါ့ကွာ'

သူ့အေးနားတွင် ဝိုင်းထိုင်နေသူလေးယောက်ထ သူ့စကားကို တစ်ခွန်းမှ ဝင်မပြောချေ။ သို့သော် ပြန်မပြော သဘောတူဆိုသည့် သဘောမျိုးဖြစ်ဖို့က ပိုများသည်။

□

ဒုတိယသမ္မတကြီးက ထပ်ပြောသည်။

'အခု ခင်ဗျားတို့ ရှိနေတဲ့ တံတားကြီးကို မကြာခင် မြူနှင်းတွေဖုံးတော့မှာ သေချာတယ်၊ ဒီတော့ ခင်ဗျားတို့ ကျုပ်ကို နောက်ထပ် လေးငါးမိနစ်အတွင်း မြင်နိုင်ကြမှာ မဟုတ်ဘူး၊ အဲလေ မြူကွဲသွားတဲ့အခါကျတော့ ခင်ဗျားတို့ဆီက ထွက်ပြေးပြီး အလင်းဝင်လာတဲ့လူတွေကို မြင်ပါ့မယ်၊ ဒါပေမယ့် စကားတစ်ခွန်းတော့ ပြောလိုက်ချင်သေးတယ်၊ ခင်ဗျားတို့ တောင်းဆိုတဲ့ငွေ ရရစေမယ်၊ ဒါပေမယ့် ပြေးလမ်းကိုတော့ သေသေချာချာ ရှာနေ၊ ခင်ဗျားတို့သွားမယ့်လေဆိပ်ကို ဆင်းလို့မရအောင် လမ်းပိတ်ဖို့ မြောက်မိနစ်ပဲ အချိန်လိုတယ်ဆိုတာ အသိပေးလိုက်ချင်တယ်'

ဘရန်ဆန်သည် ခပ်တည်တည်မျက်နှာထားနှင့် ထိုင်ရာမှထပြီး နောက်ဆုံး တားဆီသို့ လျှောက်သွားသည်။ ဂစ်စကတ်က သူ့နောက်က လိုက်သွားသည်။ သူ့ တပည့်အချို့က သူ့ကို တအံ့တသြ လှမ်းကြည့်ကြသည်။ တချို့ကတော့ သူ့ကို မကြည့်ပဲ မျက်နှာလွှဲထားကြသည်။ ကားထဲသို့ရောက်သောအခါ ဂစ်စကတ်သည် နောက်ဘက်သို့သွားပြီး ဝီစကီပုလင်းနှင့် ဖန်ခွက်နှစ်ခွက်ကို ယူလာသည်။ သူက ဖန်ခွက်နှစ်ခွက်ထဲသို့ အရက်ခပ်များများစီ လောင်းထည့်လိုက်၏။ ဘရန်ဆန်က ဖန်ခွက်ကိုတစ်ဝက်လောက်ကုန်အောင် တစ်ကျိုက်တည်း မော့ချလိုက်သည်။

'ကဲ ဂစ်စကတ်၊ မင်းကကော ဘယ်လိုလဲ၊ ကျောယားနေသလား'

'ကျုပ် ခင်ဗျားနဲ့ တွဲလုပ်လာတာ ဆယ့်နှစ်နှစ်ရှိပြီ၊ ဘဏ်မှာလည်း ငွေသန်းဝထောန်းအထိ စုမိဆောင်းမိပြီဆိုတော့ ကျောမယားပါဘူး၊ ကဲ ရယ်စရာစကားတွေ ပြောမနေပါနဲ့တော့ဗျာ၊ ဒီကိစ္စဟာ သိပ်ကို အရေးကြီးတယ်ဗျ၊ ဗန်အက်ဖင်၊ ကျုပ်၊ သွန်နီနဲ့ ခရိုက်စလာကလွဲယင် ကျန်တဲ့လူတွေက ခင်ဗျားကိုသိတာ တစ်နှစ်လောက်ပဲ ရှိဦးမယ်၊ ဒီကိုလာတုန်းက သူတို့မျက်နှာထားတွေကို သတိထားမိခဲ့ရဲ့လား'

ဘရန်ဆန်က ခေါင်းခါလိုက်သည်။



'ဒီကောင်တွေ ဦးနှောက်ခြောက်ကုန်ကြပြီ၊ မင်း သူတို့ကို အပြစ်တင်မလား'

'မတင်ပါဘူးဗျာ၊ ဗန်အက်ဖင်ကိုကော အပြစ်တင်မလား'

'ဒီည နေမဝင်ဘူးဆိုမှ ဗန်အက်ဖင် သစ္စာဖောက်တယ်ဆိုတာကို ငါယုံမယ်၊ သူ သစ္စာဖောက်သွားတာ မဟုတ်ဘူး၊ သူ့ကို နီးနီးကပ်ကပ်ရိုက်မပြတာ မင်း မြင်တယ် မဟုတ်လား၊ ပြီးတော့ သူ့ကို စကားပြောခွင့်လည်း မပေးဘူး'

ခရိုက်စလာတစ်ယောက် တံခါးဝတွင် ပေါ်လာသဖြင့် သူ့စကားစပြတ်သွားသည်၊ ဘရန်ဆန်က ပြောလိုက်၏။

'ဖြစ်ပါတယ်ကွ၊ လာသာလာခဲ့ပါ၊ မင်းကြည့်ရတာ စိတ်ရှုပ်နေပုံရတယ်'

'ဟုတ်တယ်၊ ကျွန်တော် စိတ်ရှုပ်နေတယ်၊ ခုနက ဂစ်စကတ်ပြောတာကို ကျွန်တော်ကြားလိုက်တယ်၊ ဗန်အက်ဖင်ကို ဆေးထိုးထားလို့ ဝင်စကားပြောခွင့် မပေးကြတာ၊ သူ ဘာပြောမိမှန်းမသိပဲ သူ့ကိုယ်ရေးရာဇဝင်ကို အစအဆုံးပြောမိမှာသေချာတယ်၊ ဗန်အက်ဖင် ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ပြီးတော့ ကျွန်တော်တွေးမိတာ တစ်ချက်ရှိသေးတယ်၊ ဘိုယတ်နဲ့ ဘတ်လက် ခုလောက်ဆို ပြန်ရောက်ဖို့ကောင်းပြီ၊ သူတို့ကို မျှော်စင်ထိပ်မှာ မြင်လိုက်ရသေးတယ် မဟုတ်လား၊ ဒီတော့ နောက်ထပ် ထွက်ပြေးတယ်ဆိုတဲ့ လေးယောက် ဘယ်သူတွေဖြစ်မလဲဆိုတာ ကျွန်တော်တော့ သိနေပြီ'

ဘရန်ဆန်က ဝင်ပြောသည်။

'ထွက်ပြေးတာ မဟုတ်ဘူး၊ ဆေးခတ်ခံရတာ၊ ဒါကိုတော့ တို့ သဘောတူတယ်ပြီ ဒါပေမယ့် ဗန်အက်ဖင် ဒီတံတားပေါ်က ဘယ်လိုနည်းနဲ့ အပြင်ရောက်သွားသလဲ'

ဂစ်စကတ်ကဖြေသည်။

'အဲဒါကိုတော့ ဘုရားမှသိမှာပဲ၊ ကျွန်တော် ဒီမှာမှ မရှိတာ၊ ဟို မီးနှစ်ခါပြတ်တုန်းက အပြင်ရောက်သွားတာများလား'

ဘရန်ဆန်က ပြန်ပြောသည်။

'အဲဒီနှစ်ကြိမ်စလုံး သူ ငါနဲ့အတူတူရှိနေတယ်၊ ကဲ ခရိုက်စလာ၊ မင်းကကော ဘယ်လိုထင်သလဲ'

'ကျွန်တော် ဘယ်လိုမှ မထင်တတ်တော့ဘူး၊ ဒါပေမယ့် ကျွန်တော်ပြောခဲ့ဖူးသလို ကျွန်တော်တို့လူစုထဲမှာ ခေါက်ကောင်တစ်ကောင်တော့ရှိနေပြီ၊ ကျွန်တော်တော့ ဒီတံတားပေါ်မှာ ဆက်တောင်မနေချင်တော့ဘူး'

□

www.burmeseclassic.com

www.burmeseclassic.com



ကာမိုဒီသည် ဒုတိယယမ်းတွဲမှ စနက်တံများကို ဖြုတ်လိုက်ပြီးနောက် မျှော်စင်ထိပ်တွင်ရှိနေသူ ရော်ဗျာထံပြန်ကူးလာသည်။ ပြီးမှ ခမိုတိုအသံလွှင့်စက်ကို တောက်တိုင်လိုက်သည်။

'ဗိုလ်ချုပ်ကြီး ကာတာနဲ့ပြောပါရစေ'

ခဏအကြာတွင် ဗိုလ်ချုပ်ကြီးကာတာနှင့် အဆက်အသွယ်ရသွားသည်။ ၎င်းတွင် ကာမိုဒီက အစီရင်ခံလိုက်၏။

'စနက်တံတွေကို ဖြုတ်ပြီးပါပြီ ဗိုလ်ချုပ်ကြီး၊ ကျွန်တော်နဲ့ ရော်ဗျာ ဟိုဘက်ခြမ်းကို ကူးသွားရတော့မလား၊ ဘရန်ဆန်က မနက် ဆယ့်တစ်နာရီကျယင် အနောက်ဘက် ဆိုင်းကြီးမှာ ယမ်းတွဲထပ်ချည်ဦးမှာ မဟုတ်လား၊ ကျွန်တော်တို့ကတော့ ညှော်ခံကြိုးဆိုရေးအလုပ်ကို သိပ်သဘောကျနေပြီ'

'မင်းတို့ပြောတာ သိပ်မဆိုးဘူး၊ ဒါပေမယ့် ဘရန်ဆန် တောင်ဘက်မျှော်စင်ကို သူ့လူတွေ ထပ်လွှတ်ရဲမယ် မထင်တော့ဘူး'

'ဒီလူတွေ ကြောက်ဈေးပါပြီထင်တယ်'

'ထားပါတော့ကွာ၊ အဲလေ မင်းတို့နှစ်ယောက် ရုပ်မြင်သံကြား မကြည့်လိုက်ရတာ သိပ်နာသွားတယ်၊ ဒီကနေ့ပြတဲ့ အစီအစဉ်တွေ သိပ်ကောင်းတယ်ကွ'

'ဒါပေမယ့် ထပ်လွှင့်ဦးမှာပါ၊ ကျွန်တော်တို့ လစ်မှဖြစ်မယ် ဗိုလ်ချုပ်ကြီးအောက်မှာ တော်တော်လေး နှင်းကွဲသွားပြီ'

ငါးမိနစ်အတွင်း တံတားပေါ်တွင် နှင်းကွဲသွားသောကြောင့် နေရောင်ခြည်မြန်လက်လာသည်။ တံတားပေါ်ရှိ တစ်နေရာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ဘရန်ဆန်သည် ခရိုက်စလာ အနားကပ်လာသဖြင့် ရပ်တန့်လိုက်သည်။

'ဟောင်ဘက်က တယ်လီဖုန်းဆက်ပါတယ် မစ္စတာဘရန်ဆန်၊ သူက နောက်နှစ်မိနစ်ကြာယင် ရုပ်မြင်သံကြားစက်ကို ဖွင့်ကြည့်ပါလို့ပြောပါတယ်'

ဘရန်ဆန်က ခေါင်းညိတ်လိုက်သည်။

'ဘာလာမလဲဆိုတာ တို့အားလုံး သိပြီးသားပဲ မဟုတ်လား'

ယခုတစ်ကြိမ်တွင်မူ ဟောင်ဘက်ကိုယ်တိုင် အခမ်းအနားမှူးလုပ်သည်။ သူတာဒုတိယသမ္မတကြီးလို ဝေဝေဆာဆာ မပြောတတ်ပေမယ့် အချက်ကျကျ ပြောနိုင်စွမ်းရှိသည်။

'ဘရန်ဆန်ရဲ့လူဆိုးအင်ပါယာကြီး ပြိုကွဲတော့မယ်လို့ မဆိုနိုင်ပေမယ့် ခေါင်ကစပြီး အက်လာပြီလို့တော့ ပြောနိုင်ပါလိမ့်မယ်၊ ဒုတိယသမ္မတကြီးက နောက်ထပ်



အလင်းဝင်လာတဲ့လူတွေကို ပြပါ့မယ်လို့ ခုနက ကတိခံခဲ့တယ်၊ ဗန်အက်ဖင်က လူလေးယောက်ကို အလင်းဝင်လာအောင် စည်းရုံးနိုင်ခဲ့တယ်လို့ ပြောခဲ့တယ်၊ ကဲ ခင်ဗျားတို့ ကိုယ်တိုင်ကိုယ်ကြပ် ကြည့်ပါတော့ ခင်ဗျာ'

ချက်ချင်းလိုလိုပင် ပြကွက်ပြောင်းသွားပြီး စားပွဲတစ်လုံးတွင် ဝိုင်းထိုင်နေသူလေးဦးတို့ မြင်ကြရသည်။ သူတို့ရှေ့တွင် ဖန်ခွက်ကိုယ်စီရှိနေကြပြီး စားပွဲအလယ်တွင် အရက်တစ်ပုလင်းရှိနေသည်။ သူတို့မျက်နှာတွေကတော့ မကြည်မသာ ဖြစ်နေကြသည်။ တကယ်တော့ သူတို့အတွက် ပျော်စရာလည်း တစ်ကွက်မှ မရှိချေ။

ဟောဂင်ဘက်သည် မြင်ကွင်းထဲသို့ တိုးဝင်လိုက်သည်။

'တဲ၊ ဟောဒီပုဂ္ဂိုလ်တွေပါပဲဗျား၊ ဗယ်ဘက်ကစပြီး မိတ်ဆက်ပေးရယင် ရက်စတန်၊ ဟာရီမင်၊ ဘတ်လက်နဲ့ ဘိုယတ်ပါ၊ စကားမစပ် ပြောရဦးမယ်ဆိုယင် ဘရန်ဆန်ရဲ့ ညာလက်ရုံးတစ်ယောက်ကတော့ ခေါင်းကွဲပြီး ဆေးရုံရောက်နေတယ်၊ တဲ နောက် ဘာဆက်ဖြစ်ဦးမလဲဆိုတာ တွေးသာကြည့်ကြပေတော့၊ အခုလို အားပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ရုပ်မြင်သံကြားကင်မရာမှား ငြိမ်ကျသွားသည့်အခါ ဟောဂင်ဘက်ဆီသို့ ရဲသားတစ်ယောက် အပြေးအလွှား ရောက်ရှိလာသည်။

'ဆရာ့အတွက် သမားလ်ပိုက်တောင်ကုန်းက တယ်လီဖုန်းလာနေတယ် ဆရာ'

နောက်ဆယ်စက္ကန့်ကြာသောအခါ ဟောဂင်ဘက်တစ်ယောက် ဆက်သွယ်ရေးယာဉ်ထဲသို့ ပြန်ရောက်နေပြီး တစ်ဖက်မှပြောသည်ကို စူးစူးစိုက်စိုက် နားထောင်နေသည်။ သူက တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချပြီးသောအခါ ဟင်းဒရစ်၊ နယူဆန်နှင့် ကာတာတို့ကို လှမ်းကြည့်လိုက်သည်။

'ရုပ်မြင်သံကြားရိုက်မယ့် အဖွဲ့တစ်ဖွဲ့ပါတဲ့ ရဟတ်ယာဉ်တစ်စီးနဲ့ လက်နက်တိုင်ရဲသားတွေပါတဲ့ ရဟတ်ယာဉ်တစ်စီး၊ အဲဒါ နှစ်စီးရအောင် စီစဉ်ဖို့ ဘယ်လောက်ကြာမလဲ'

ဗိုလ်ချုပ်ကြီး ကာတာကဖြေသည်။

'ဆယ်မိနစ်၊ အလွန်ဆုံးကြာလှ ဆယ့်နှစ်မိနစ်ပေါ့'

□

ဂစ်စကာတ်က နာနာကျည်းကျည်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တဖြည်းဖြည်းနဲ့ ပဲ ပွံပါသွားပြီး မျက်စပ်ဖိုးဝင်ဆိုသလို သိပ်အခံရခက်တာပဲ၊ ချန်တဲ့လူတွေ စိတ်ဓာတ်ကျအောင် တမင်လုပ်နေတာ၊ သူတို့ အဲဒီလိုလုပ်တဲ့အတွက် ဓားစာခံတွေကို နှိပ်စက်လို့ကလည်းမဖြစ်၊ ခင်ဗျားနည်းအတိုင်း ရုပ်မြင်သံကြားနဲ့ ပြန်အုပ်နေတာ မစ္စတာဘရန်ဆန်'

ဘရန်ဆန်ကတော့ အထူးတလည် စိတ်ချောက်ချားပုံမပေါ်။

'ဟုတ်တယ်၊ အဲဒီနည်းနဲ့ ပြန်တွယ်နေတာ၊ အမှန်အတိုင်းပြောရယင် ဒီလူတွေ လုပ်ပုံတိုင်ပုံ သိပ်မဆိုးလှဘူး၊ ကဲ ငါတော့ ဆုံးဖြတ်လိုက်ပြီ၊ မင်းတို့ကတော ဘယ်လိုလဲ'

ဂစ်စကတ်နှင့် ခရိုက်စလာတို့သည် တစ်ဦးမျက်ခွက်ကို တစ်ဦးက ကွက်ကန် လှမ်းကြည့်မိကြသည်။ တကယ်တော့ ဘရန်ဆန်သည် သူများထံမှ အကြံဉာဏ် တောင်းလေ့ တောင်းထရှိသူ မဟုတ်။

ခရိုက်စလာကဖြေသည်။

'ကျွန်တော်တို့က ဓားစာခံတွေကို ဒီတံတားကြီးပေါ်မှာ ပိတ်လှောင်ထားခဲ့တာ၊ အခုတော့ ကျွန်တော်တို့တွေ သောက်တံတားကြီးပေါ်မှာ အပိတ်အလှောင်ခံနေရ သလို ပြန်ဖြစ်နေပြီ၊ ဘာမှ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ မရတော့ဘူး'

ဂစ်စကတ်က ဝင်ပြောပြန်၏။

'ဟုတ်တယ်၊ သမ္မတကြီးစီးတဲ့ လေယာဉ်ပျံပေါ်မှာ ရှိနေယင် ပိုကောင်းမယ်၊ အဲဒီလေယာဉ်ပျံပေါ်မှာ တစ်ကမ္ဘာလုံးနဲ့ဆက်သွယ်လို့ရတဲ့ ဆက်သွယ်ရေးကိရိယာတွေ ရှိတယ်'

'ဒါဖြင့်ယင် တို့အချိန်မကျသေးပေမယ့် ဒီကကြိုပြီး သုတ်ပြေးမှဖြစ်တော့မှာပေါ့ ငါလည်း သဘောတူတယ်၊ ဒါပေမယ့် ဒီကိစ္စအတွက် သူတို့ကို ကောင်းကောင်းကြီး ပြန်တွယ်ခဲ့မယ်၊ ငါ့ကို ဒီလိုလာစမ်းလို့ မရဘူးဆိုတာ သိသွားအောင် ဒီသောက်တံတား ကြီးတို့ ဖျက်ဆီးပစ်ခဲ့မယ်၊ ဒါပေမယ့် ကျန်နေတဲ့ယမ်းတွဲနှစ်တွဲကို မြောက်ဘက်မျှော်စင် က အနောက်ဘက်ဆိုင်းကြိုးမှာ သွားမချည်သင့်ဘူးလို့ ငါထင်တယ်'

ဂစ်စကတ်က ပြန်ဖြေသည်။

'ဒီဘက်ကလူ ထပ်ပုံ့ပါမသွားစေချင်ယင် မလုပ်တာပဲကောင်းမယ်'

'ကဲ ဒါဖြင့်ယင် ယမ်းတွဲတွေကို တို့အောက်မှာပဲ ချည်မယ်၊ ရဟတ်ယာဉ် နှစ်စီးကြားမှာရှိတဲ့ အနိမ့်ဆုံးနေရာမှာ ချည်မယ်၊ ဒါဆိုယင် လုံလောက်ပါလိမ့်မယ်'

နောက်နာရီဝက်အကြာတွင် ကျန်နေသည့် ယမ်းတွဲနှစ်တွဲကိုချည်ပြီးသွားသော အခါ ခရိုက်စလာ ပေါက်ချလာပြန်သည်။



'မဟာဂင်ဘက် ဖုန်းဆက်ပြန်ပြီ၊ နောက် နှစ်မိနစ်ကြာယင် စိတ်ဝင်စားစရာ ရုပ်မြင်သံကြား အစီအစဉ်တစ်ခုရှိပါတယ်တဲ့၊ ပြီးတော့ အဲဒီအစီအစဉ်ပြီးလို့ ငါးမိနစ် ကြာယင် သူ ထပ်ဆက်ပါဦးမယ်တဲ့၊ သူ့စကားအရတော့ အရှေ့ဘက် (နယူးရော့)မှာ အရေးကြီးတဲ့ သတင်းနှစ်ခုလာစရာရှိတယ်လို့ပြောတာပဲ'

'ဒီငတိ ဘာတွေထွင်ပြန်ပြီလဲ မသိဘူး'

ဘရန်ဆန်သည် သူ ထိုင်နေကျ ကုလားထိုင်သို့သွားပြီး နေရာယူသည်။ သူ့ ဘေးနှင့် နောက်ဘက်ရှိ ကုလားထိုင်များတွင် ချက်ချင်းလိုလို လူပြည့်သွားသည်။ ရုပ်မြင်သံကြားမြစက်ပိတ်ကားပေါ်တွင် အသက်ဝင်လာသည်။

ပထမတွင် အလွန်ကြီးမားလှသော ဂေါက်သီးဘော်လုံးကြီးတစ်ခုကို မြင်ကြရ သည်။ တကယ်တော့ သမားလ်ပိုက်တောင်ကုန်းပေါ်ရှိ ရေဒါစခန်းကို ရိုက်ကူးပြသနေ ခြင်းဖြစ်သည်။

ထို့နောက် မြင်ကွင်းထဲတွင် လက်နက်ကိုင်ရဲသားနှင့် အရပ်သား စုစုပေါင်း ဆယ်ယောက်ခန့်ပါသော အုပ်စုတစ်စုပေါ် လာသည်။ သူတို့ရှေ့တွင် စကားပြောခွက် ကိုကိုင်၍ ရပ်နေသူမှာ ဟင်းဒရစ်ပင်တည်း။

ဟင်းဒရစ်က ရှေ့တိုးသွားသည်။ ဤတွင် ပွင့်နေသော တံခါးပေါက်ထဲမှ လူငါး ယောက် လက်မြှောက်ပြီး ထွက်လာကြ၏။ ရှေ့ဆုံးက ထွက်လာသူသည် ဟင်းဒရစ်နှင့် သုံးပေအကွာသို့ ရောက်သည့်အခါ ရပ်လိုက်သည်။

ဟင်းဒရစ်က မေးလိုက်၏။

'မင်း ပါကာ မဟုတ်လား'

'ဟုတ်ပါတယ်'

'အေး ငါကတော့ ဆန်ဖရန်စစ္စကိုက ရဲချုပ်ဟင်းဒရစ်ပဲ၊ မင်း ဒါ မိမိဆန္ဒ အလျောက် လက်နက်ချအဖမ်းခံတာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာဖြစ်လို့လဲ'

'ခုလို အဖမ်းခံလိုက်တာက တစ်သက်လုံး ခွေးပြေး ဝက်ပြေး ပြေးနေရတာထက် စာယင်၊ ပြီးတော့ ဟိုခွေးမသား ဘရန်ဆန်က နောက်ကျောကို ဓားနဲ့လာထိုးခံရတာ ထက်စာယင် ပိုကောင်းလို့ပေါ့'

'ကောင်းပြီ၊ မင်းကို ငါဖမ်းတယ်၊ ရဲအချုပ်ကားထဲကို ဝင်ပေတော့'

ဟင်းဒရစ်က သူတို့အားလုံး ရဲအချုပ်ကားထဲ ရောက်သည်အထိ စောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေပြီးနောက် စကားပြောခွက်ထဲသို့ ပြောလိုက်ပြန်သည်။

'ကျွန်တော်ကတော့ ဒုတိယသမ္မတကြီးလို မစ္စတာဟောဂင်ဘက်လို သိပ်စကား မပြောတတ်ဘူး၊ ဒါပေမယ့် ကျွန်တော်ပြောချင်တာတစ်ချက်ကတော့ တစ်မနက်တည်းမှာ သစ္စာဖောက် အလင်းဝင်လာတဲ့လူ ဆယ်ယောက်ရလိုက်တာ သိပ်မဆိုးဘူးလို့ ပြောပါရစေ၊ ပြီးတော့ တစ်မနက်ခင်းလည်း ကုန်မသွားသေးပါဘူး၊ ဒါပေမယ့် နောက်တစ်နာရီအတွင်း ကျုပ်တို့ဘက်က ရုပ်မြင်သံကြားထပ်လွှင့်ဖို့ အစီအစဉ်တော့ မရှိသေးပါဘူး'

□

ရက်ဗ်ဆန်သည် ထိုင်ရာမှထပြီး ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်သည်။ နှစ်စက္ကန့်အကြာတွင် ဗိုလ်ချုပ် ကတ်တလန်၊ သတင်းထောက်ဂရပ်ဖ်တန်တို့နှင့် မျက်လုံးချင်းဆုံမိကြ၏။ ချက်ချင်းလိုလို ဓားစာခံ ပုဂ္ဂိုလ်များနှင့် သတင်းစာဆရာ အသီးသီးသည် မိမိတို့အတွက် သတ်မှတ်ပေးထားသော ကားကြီးများဆီသို့ ထ၍ ထွက်ခွာသွားကြသည်။ သတင်းစာဆရာများကတော့ ကင်မရာတွင် ဖလင်လိပ်လဲရန်၊ တချို့ကတော့ တိုက်ပြန်ပို့ဖို့ သတင်းရေးကြရန်အတွက် ပြန်သွားကြဟန်တူသည်။ ဓားစာခံများကလည်း အာခေါင်ခြောက်လာသဖြင့် အဖျော်ယမကာများ မှီဝဲရန် ပြန်ကြပုံရသည်။ အထူးသဖြင့် သမ္မတကြီးက ပို၍ အာခေါင်ခြောက်နေပုံပေါက်သည်။ ပြီးတော့လည်း နေပူကျဲကျဲ တံတားပေါ်တွင်နေရသည်ထက် လေအေးစက် တပ်ဆင်ထားသော မော်တော်ကားထဲတွင် နေရတာက ပိုဇိမ်ရှိသည်မှာ အမှန်။

□

ဂစ်စကတ်က ဒေါသတကြီး ပြောချလိုက်သည်။

'ဒီကောင် သိပ်မိုက်တယ်၊ သိပ်ကို မိုက်တဲ့အကောင်၊ ခုလောက် လွယ်လွယ်တူတူ အနှုပ်ခံရလောက်အောင် အ,ရသလား'

ဘရန်ဆန့်လေသံတွင် စိတ်ပျက်သံနည်းနည်းပါလာသည်။

'ဒါကတော့ သူ့နားမှာ ဂစ်စကတ်လိုလူမျိုး ရှိမနေလို့ပေါ့'

'သူ ခင်ဗျားကို ဖုန်းဆက်နိုင်သားပဲ၊ ကျုပ်ကိုလည်း ဖုန်းဆက်နိုင်သားပဲ'



'ဟုတ်တယ်၊ ဒါပေမယ့် သူ့ကိုလည်း သိပ်အပြစ်တင်လို့ မဖြစ်ဘူး'

ခရိုက်စလာက ဝင်ပြောသည်။

'ကျွန်တော်တွေးမိတာ တစ်ချက်တော့ရှိတယ် မစ္စတာဘရန်ဆန်၊ ကျွန်တော်တို့ကို ပိုက်ဆံပေးလို့ ဒီဘက်က ဓားစာခံတွေပြန်လွှတ်မယ်၊ အဲဒီလို လွှတ်ပြီးတဲ့နောက် သူတို့ပေးထားရတဲ့ ငွေတွေထဲက ငွေအတော်များများ သူတို့လက်ထဲ ပြန်ရောက်အောင် သူတို့ အခုဖမ်းထားတဲ့ လူတွေကို ပြန်လွှတ်ပေးမယ်ဆိုတဲ့ သဘောမျိုး ပြန်အကျပ်ကိုင်ချင်တယ်နဲ့တူတယ်၊ သဘောကတော့ ဘာပဲဖြစ်ဖြစ် ခင်ဗျားလူတွေအပေါ် ခင်ဗျား ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာကို သိထားပုံရတယ်'

'ဒါပေမယ့် ဒီတစ်ခါ အပေးအယူ လုံးဝ မလုပ်တော့ဘူး၊ တို့လုပ်ရတာနည်းနည်းတော့ ပိုခက်သွားတယ်၊ ဒါပေမယ့် အပေးအယူတော့ မလုပ်တော့ဘူး၊ တဲဟောဂင်ဘက် ဘာပြောမလဲဆိုတာသိရအောင် ငါ သွားမေးလိုက်ဦးမယ်'

ဘရန်ဆန်သည် ခေါင်းငိုက်စိုက်ချယင်း နောက်ဆုံးကားဆီသို့ လျှောက်သွားသည်။ သူ့အမူအရာကို ကြည့်ရခြင်းဖြင့် ဘရန်ဆန် နက်နက်နဲနဲ စဉ်းစားနေပုံရသည်။

□

အစောင့်ဖြစ်သူ မက်သည် အစိုးပတ်တိဓားစာခံပုဂ္ဂိုလ်ကြီးများအားလုံး ကားပေါ်ရောက်သည်အထိစောင့်နေပြီး တံခါးကို သော့ခတ်၍ သော့ကို အိတ်ထဲထည့်လိုက်သည်။ စက်သေနတ်ကလေးကို သူ့လက်ထဲတွင် တွဲလောင်းချ၍ကိုင်ထားသည်။ သူ့တနောက်ပြန်လှည့်လိုက်ရာ ကတ်တလန်က သူ့မျက်နှာနှင့် သုံးပေခန့်သာကွာသောနေရာမှ သေနတ်အသေးစားကလေးတစ်လက်နှင့်ချိန်ထားကြောင်း တွေ့လိုက်သည်။ ကတ်တလန်က ပြောလိုက်သည်။

'လှုပ်လှုပ်ရှားရှားမလုပ်ဖို့ ကျုပ်တောင်းပန်ပါတယ်၊ မင်းသေနတ်ကို မြှောက်ဖို့ကြိုးစားတာနဲ့တပြိုင်နက် မင်းလည်းနှာခေါင်းကျည်ပွေ့တွေ့သွားလိမ့်မယ်၊ တဲ ဒီတလူကြီးမင်းများကိုလည်း ကျုပ် သူ့ကို ကြိုသတိပေးခဲ့တယ်ဆိုတာ သက်သေအဖြစ် တိုင်တည်ချင်တယ်'

မက်လေသံက သရော်တော်တော်။

'ဘာ အဲဒီသေနတ်ပိစိကွေးကလေးနဲ့လား၊ ဒီသေနတ်က ကျုပ်တို့ အသေးဖောက်သလောက်ပဲရှိမှာ၊ ဒါပေမယ့် ကျုပ်သေနတ်က ခင်ဗျားကို အပိုင်းပိုင်း အစွတ်

www.burmeseclassic.com



ပြတ်ဖြစ်အောင် လုပ်လိုက်မှာဗျ'

'ဟုတ်တယ်၊ ဒါပေမယ့် ဟောဒီ သေနတ်ပိစိကွေးလေးထဲမှာပါတဲ့ ကျည်ဆန် ထိပ်ဖူးမှာ ဆိုင်ယာနိုက် အဆိပ်တွေလူးထားတယ်ဆိုတာ ကြိုသတိပေးချင်တယ် ဒီကျည်ဆန်က အသားကို ပွန်းပဲ့သွားရုံနဲ့ မင်းချက်ချင်း အသက်ထွက်သွားမယ် သိလား'

ယွန်နီကလွဲလျှင် ဘရန်ဆန့်တပည့်များသည် မိုက်ရူးရဲများ မဟုတ်ကြပေ။ ထို့အတူ မက်သည်လည်း မိုက်ရူးရဲတစ်ယောက်မဟုတ်။ ထို့ကြောင့် သူက အလွယ်တကူ လက်နက်ချလိုက်သည်။ ကတ်တလန်က သူ့ကို ကားနောက်ပိုင်းဆီသို့ သူ့ရှေ့မှ သွားခိုင်းလိုက်ပြီး ရေခဲ့ခန်းထဲသွင်း၍ တံခါးကို အပြင်မှသော့ခတ်၍ ပိတ်လိုက်သည်။

သမ္မတကြီးက မေးသည်။

'ကဲ ဘယ်လိုလဲ'

ကတ်တလန်က အဖြေပေးသည်။

'သိပ်မကြာခင် အပြင်ဘက်မှာ ရုတ်ရုတ်သဲသဲတွေဖြစ်လာလိမ့်မယ်၊ ဒီဗရုတ်ဗရက်တွေထဲမှာ ခင်ဗျားတို့အားလုံး အထိအခိုက် မရှိစေချင်ဘူး၊ ဒါကြောင့် ဒီကားတံခါးတို့ သော့ခတ်ပြီး ပိတ်ထားမှဖြစ်မယ်၊ အပြင်ဘက်မှာ အသက်ရှုကျပ်တဲ့ ငုံးတွေနဲ့ ပစ်ကြခတ်ကြမှာ၊ နောက်တစ်ချက်ကတော့ ဘရန်ဆန် ဒီကိုလာပြီး ခင်ဗျားတို့ထဲက တစ်ယောက်နှစ်ယောက်ကို သေနတ်နဲ့ပစ်ဖို့ ကြိုးစားလိမ့်မယ်၊ ဒါပေမယ့် ဒီတံခါးကြီးကို သော့ခတ်ထားယင် မှန်ကလည်း သေနတ်ကျည်ဆန်မပေါက်တဲ့ မှန်မျိုးဖြစ်နေတော့ သူ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး၊ နောက်တစ်ချက်ကတော့ အခု ကျုပ်ဆီမှာ သေနတ်နှစ်လက်ရှိနေပေမယ့် ပစ်ဖို့ ခတ်ဖို့ ကျုပ်စိတ်မကူးဘူး၊ သူတို့က ကျုပ်တို့ကို ရဟတ်ယာဉ် ပေါ်ခေါ်တင်လိမ့်မယ်၊ ဒါပေမယ့် ရဟတ်ယာဉ်ကလည်း မြေပေါ်ကတစ်လက်မ တောင်ကြွနိုင်မှာ မဟုတ်ဘူး'

သမ္မတကြီးက မေးသည်။

'ခင်ဗျား ဒီကိစ္စတွေကို ဘယ်လိုလုပ်သိသလဲ'

'သိပ်ကို စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်ဆီကပေါ့၊ ဒီသေနတ်ကို လာပေးတဲ့ ရက်ဗ်ဆန်ဆီက'

'ရက်ဗ်ဆန်၊ ဟုတ်လား၊ သူက ကျုပ်တို့နဲ့ ဘယ်လိုပတ်သက်နေသလဲ၊ သူ့ကို ကျုပ်မသိပါလား'

'ခင်ဗျား မလွဲမသွေ သိရတော့မှာပါ၊ သူက အက်ဖ်ဘီအိုင်မှာ ဟောဂင်ဘက်ရဲ့ အရိုက်အရာကို ဆက်ခံမယ့်လူလို့ဆိုတာပဲ'



သမ္မတကြီးက ညည်းညည်းညူညူပြောလိုက်သည်။

'အေး ကောင်းတယ်၊ သူများတွေ နားမဆံ့အောင်ကြားပြီးမှ ကျုပ်သိရတာချည်းပဲ'

□

ရက်ဗ်ဆန်ကတော့ ကတ်တလန်လို စကားရှည်ရှည်ဝေးဝေးပြောမနေပေ။ ကားထဲသို့ နောက်ဆုံးမှ ဝင်လာပြီးနောက် ထူးထူးခြားခြား သံသယဝင်နေပုံမရသော အစောင့်ဖြစ်သူ ပီတာကို အလစ်တွင် တွယ်ထည့်လိုက်သည်။ ပီတာကသော့ပေါက်ထဲသို့ သော့တံထိုးသွင်းပြီး သော့ခတ်နေစဉ် ညာဘက်နားရွက်အောက်ပိုင်းကို လက်ဝါးစောင်းနှင့် တစ်ချက်တွယ်လိုက်ခြင်းဖြစ်သည်။ ရက်ဗ်ဆန်သည် ပီတာ့ထံမှ သော့နှင့် စက်သေနတ်ကို ယူလိုက်ပြီးနောက် သူ့ကိုယ်လုံးကြီးကို ဒရွတ်တိုက်ဆွဲယူလာပြီး ယာဉ်မောင်းသူ၏ ထိုင်ခုံပေါ်တွင် တင်ထားလိုက်သည်။ ပြီးမှ သူ့အသံလွှင့်စက်ကလေးကို ထုတ်ယူလိုက်သည်။

'ရက်ဗ်ဆန်ပါ'

'အေး ပြော၊ ဟင်းဒရစ်ပါ'

'အဆင်သင့်ဖြစ်ပလား'

'ဟောဂင်ဘက်က ဘရန်ဆန်နဲ့ တယ်လီဖုန်းဆက်နေတုန်းပဲ'

'သူတို့စကားပြောပြီးပြီးချင်း ကွန်တော့်ဆီ ပြန်ဆက်သွယ်ပါ'

ဘရန်ဆန်က ပြောလိုက်သည်။

'ဒါဖြင့်ယင်၊ ဥရောပတိုက်ကို ငွေတွေရောက်သွားပြီပေါ့၊ ကောင်းတာယ်ဗျို့ သိပ်ကောင်းတယ်၊ ဒါပေမယ့် စကားဝှက်ကလေး ဘာလေးတော့ ရှိရမှာပေါ့'

'ရှိပါတယ်၊ သိပ်ကို ဆီလျော်တဲ့စကားဝှက်ပါ၊ စကားဝှက်က 'ကမ်းလွန်' တဲ့'

ဟောဂင်ဘက်အသံမှာ ခြောက်ကပ်ကပ်ဖြစ်နေသည်။ ဘရန်ဆန်က တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချယင်း ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

□

ဟင်းဒရစ်အသံသည် ရေဒီယိုထဲက ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ပြောဆိုပြီးကြပြီ'

'ဖြစ်ပြီပေါ့'

'ကဲ စမယ်'

ရက်ဗ်ဆန်သည် ထရန်စစ္စတာ ရေဒီယိုကလေးကို ကင်မရာအိတ်ထဲသို့ ပြန်မထည့်တော့ပါ။ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ ကင်မရာ သိုင်းကြိုးကိုလည်း ပခုံးမှဖြုတ်၍ ကင်မရာကို ကြမ်းပေါ်တွင်ချထားလိုက်သည်။ ရက်ဗ်ဆန်က တံခါးကို သော့နှင့်ဖွင့်လိုက်ပြီး တံခါးကို နည်းနည်းလေးဟ၍ နောက်ဘက်သို့ ပြန်ချောင်းကြည့်သည်။

ဘရန်ဆန်တစ်ယောက် နောက်ဆုံးကားပေါ်မှ ဆင်းလာသည်နှင့်တပြိုင်နက် မီးခိုးဗုံးကျကွဲပြန့်သည်။ သည့်တစ်ကြိမ်တွင် ယခင်ဗုံးထက် ဂိုက်နှစ်ဆယ်ခန့် ပိုနီးလာသည်။ ဘရန်ဆန်သည် တစ်ကိုယ်လုံး အကြောသေသွားသူပမာ ထိုနေရာမှာပင် မှင်တက်မိသလိုရပ်နေသည်။ ဟိုဟဲယားကမူ မီးခိုးဗုံးစကွဲသည်နှင့်တပြိုင်နက် လူနာတင်ယာဉ်နောက်ဘက်သို့ အပြေးအလွှားသွားပြီး တံခါးကို ပြန်ပိတ်ယင်း ကားထဲဝင်သွားသည်။ ယာဉ်မောင်းသူကတော့ ကားထဲတွင် ရောက်နှင့်နေပြီဟု သူထင်သည်။

ဘရန်ဆန်သည် မှင်တက်မိနေရာမှ ပြန်သတိရလာသည်။ သူ နောက်ဆုံးကားထဲသို့ ခုန်ဝင်လိုက်ပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်မယင်း ကျယ်ကျယ်လောင်လောင် အော်လိုက်သည်။

'ဟောဂင်ဘက်၊ ဟင်းဒရစ်'

ဟင်းဒရစ်သည် လွန်ခဲ့သော ငါးမိနစ်ခန့်က သမားလ်ပိုက်တောင်ကုန်းရှိ ရေဒါစခန်း၌ရှိနေခဲ့သဖြင့် ထိုအချိန်တွင် ပြန်မရောက်နိုင်သေးသည်ကို ဘရန်ဆန်တစ်ယောက် သတိလက်လွတ်ဖြစ်သွားပုံရသည်။

'ဟောဂင်ဘက်ပါ'

'ဒါ ဘာလုပ်တာလဲ'

'ကျုပ် ဘာလုပ်လို့လဲ'

ဟောဂင်ဘက်လေသံက ဒေါပွစရာကောင်းလောက်အောင် အေးအေးဆေးဆေးရှိလှသည်။ မီးခိုးလုံးများသည် ထိုအချိန်တွင် ဂိုက်တစ်ရာခန့်သာ ဝေးတော့သည်။ ဘရန်ဆန်က ဆက်အော်ပြောသည်။

'သမ္မတကြီးစီးလာတဲ့ကားထဲကို ကျုပ် အခုဝင်မယ်၊ ဒါဆိုယင် ကျုပ် ဘာလုပ်မယ်ဆိုတာ ခင်ဗျားသိရောပေါ့'



သူက ပြောပြောဆိုဆိုနှင့် စကားပြောခွက်ကို ဆောင့်ချလိုက်ယင်း ဖစ္စတိုသေနတ်ကို ဆွဲထုတ်လိုက်သည်။

'ဟော့ ဂစ်စကတ်၊ တောင်ဘက်က ဝင်တိုက်ချင် တိုက်လိမ့်မယ်၊ အသင့်ပြင်ထားလို့ တို့လူတွေကိုပြောလိုက်၊ တောက်၊ ဒီကောင်တွေ ရူးလို့ပဲဖြစ်ရမယ်'

ထိုအချိန်တွင် ဂျွန်ဆင်နှင့် ဘရက်ဒလီက ကားနောက်ပိုင်းမှ ရှေ့သို့ထွက်လာသည်။ ဤတွင် ဘရန်ဆန်က သူတို့နှစ်ယောက်ကို နောက်ဘက်သို့ပြန်တွန်းယင်း

'ဟော့ မင်းတို့နှစ်ယောက် ခုအချိန်မှာ ဒဏ်ရာရလို့မဖြစ်သေးဘူး၊ ဟော့ ဂစ်စကတ်၊ မင်းလည်း ဒီမှာပဲနေ၊ တို့လူတွေကို ဒီပြန်လာခဲ့ဖို့ ပြောလိုက်၊ ပြီးတော့ ဟောဂင်ဘက်ကို ငါဘာလုပ်မယ်ဆိုတာကိုပါ ပြောပြလိုက်'

ဂစ်စကတ်က ဘရန်ဆန်ကို အထိတ်တလန့်ကြည့်လိုက်မိသည်။ ဘရန်ဆန်တစ်ယောက် မှားမှားယွင်းယွင်း ကယောင်ချောက်ချားဖြစ်နေပုံကို သူတစ်ခါမှ မတွေ့မမြင်ဖူးခဲ့သေးချေ။

ဘရန်ဆန် လမ်းပေါ်သို့ ခုန်ဆင်းလိုက်ချိန်တွင် မီးခိုးဗုံးနှစ်လုံးနောက်ထပ်ကျလာသည်။ မည်းမှောင်ထူထပ်နေသော မီးခိုးလုံးများကြောင့် တောင်ဘက်ရှေ့ခင်းတို့ ခပ်ရေးရေး ခပ်ဝါးဝါးသာ မြင်ရတော့သည်။ ထိုအချိန်တွင် မီးခိုးလုံးများသည် သူနှင့် ဂိုက်ငါးဆယ်ခန့်သာကွာတော့သည်။ သမ္မတကြီး စီးလာသော အလယ်ကားဆီသို့ ပြေးသွားပြီး တံခါးလက်ကိုင်ဘုကို အတင်းဆွဲဆောင့်၍ ဖွင့်ဖို့ကြိုးစားသည်။ သို့သော် တံခါးကြီးသည် နည်းနည်းလေးမှ မလှုပ်ချေ။

နောက်ထပ် မီးခိုးဗုံးတစ်လုံး ထပေါက်ပြန့်ပြီ။ ထိုဗုံးသည် နောက်ဆုံးကားပေါ်သို့ ကျရန် သီသီလေးလွဲသွားသည်။ ဘရန်ဆန်သည် ကားတံခါးမှန်ကို ဖစ္စတိုဒင်နှင့်ထုယင်း အထဲသို့ချောင်းကြည့်သည်။ အစောင့်ဖြစ်သူ မက်ရှိနေမည်ဖြစ်သော ယာဉ်မောင်းသူထိုင်ခုံတွင် မည်သူမျှမရှိ ဟာလာဟင်းလင်းဖြစ်နေသည်။ သူနှင့် ဆယ်ပိုက်ခန့်အကွာ၌ နောက်ထပ် ဗုံးတစ်လုံးထပေါက်ကွဲချိန်တွင် တံခါးဝ၌ ဗိုလ်ချုပ်ကြီးတထိတ်တလန့်ပေါ်လာသည်။

ထိုကားကြီးကို အသံလုံအောင် အထူးတလည် စီစဉ်ထားကြောင်း သူတွေးပြီး ယာဉ်မောင်းသူ၏ထိုင်ခုံကို လက်ညှိုးထိုးပြယင်း အော်ပြောလိုက်သည်။ တခဏအကြာ၌ ဗိုလ်ချုပ်ကြီးက ပခုံးတွန့်ပြသည်။ ဘရန်ဆန်က သော့ပေါက်ရှိရာသို့ ဖစ္စတိုသေနတ်ပြောင်းလေးချက်ဆက်တိုက်ပစ်ယင်း တံခါးလက်ကိုင်ကို ဆောင့်ဆွဲပြန်သည်။ သို့သော် အတင်းအဓမ္မဖွင့်သည့် ကိစ္စမျိုးကို ခံနိုင်ရည်ရှိအောင် အထူးတလည် စီစဉ်ထားသည်ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဘရန်ဆန်အဖို့ ကံကောင်းသွားသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် လက်နောက်ပစ်ထားသော ကတ်တာလန်၏ညာဘက်လက်ညှိုးသည် ဆိုင်ယာနိုက် အဆိပ်လေသေနတ်မောင်းပေါ်တွင် အသင့်ရှိနေသောကြောင့်ဖြစ်သည်။

နောက်ထပ်ဗုံးတစ်လုံးသည် ဘရန်ဆန်နှင့် တည့်တည့်တွင်ကျကွဲသည်။ ချက်ချင်းလိုလိုပင် အနံ့ဆိုးရှားလှသော မီးခိုးလုံးများက သူတစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသည်။ ဘရန်ဆန်က သော့ပေါက်ကို သေနတ်နှင့် နှစ်ချက်ထပ်ပစ်လိုက်ပြီး ထပ်ဖွင့်ရန် ကြိုးစားပြန်သည်။

ရက်ဗ်ဆန်သည် ရှေ့ဆုံးတံခါးမှသော့တံကို ဆွဲနုတ်ပြီး လမ်းပေါ်သို့ ခုန်ဆင်းသည်။ ထို့နောက် ကားတံခါးကို ပြန်ပိတ်ပြီး ကားတံခါးကို အပြင်က သော့ပြန်ခတ်သည်။ သော့တံကိုမူ သော့အိမ်ထဲမှာပင်ထားခဲ့သည်။ သူနှင့်တည့်တည့်တွင် မီးခိုးဗုံးတစ်လုံးကျကွဲပြန်၏။

အဆိုပါမီးခိုးများသည် နှာခေါင်းနှင့် လည်ချောင်းတွင်းသို့ ရောက်ရှိလာပြီး အလွန်အနေရအထိုင်ရခက်စေသော်လည်း မလှုပ်နိုင် မရှားနိုင် တစ်ကိုယ်လုံးအကြောအခြင်သေသွားစေသည်အထိ မဆိုးရွားလှပါ။ ဘရန်ဆန်သည် အလယ်ကား၏ကိုယ်ထည်ကို လက်နှင့်စမ်းယင်း နောက်ဘက်ကားဆီသို့ အရောက်ပြန်လာခဲ့သည်။ ထိုအချိန်တွင် နောက်ဆုံးကားတံခါးကို ပိတ်ထားပြီဖြစ်သဖြင့် ဘရန်ဆန်က တံခါးကို ဆွဲဖွင့်ပြီး အထဲသို့ဝင်လိုက်သည်။ သူက တံခါးကို ပြန်ပိတ်လိုက်၏။

ကားထဲရှိလေသည် သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေးသည်။ ကားထဲတွင် မီးဖွင့်ထားသည်။ ဓာတ်အေးစက်ကလည်း ပုံမှန်အတိုင်း အလုပ်လုပ်နေသည်။ ဂစ်စကတ်က တယ်လီဖုန်းဆက်နေဆဲဖြစ်သည်။ ဘရန်ဆန်က ချောင်းသိပ်မဆိုးအောင် သူ့ကိုယ်သူထိန်းလိုက်သည်။

'ငါ ဝင်လို့မရဘူး တံခါးပိတ်ထားတယ်၊ မက်ကိုလည်း ရှာမတွေ့ဘူး၊ ကဲ ဘာသတင်းထူးသေးသလဲ'

'ဟောဂင်ဘက်နဲ့ ဆက်လို့ရတယ်၊ သူကတော့ ဒီကိစ္စကို သူဘာမှမသိရပါဘူးတဲ့ သူ့ကိုယုံရမလား၊ မယုံရဘူးလားဆိုတာ ကျွန်တော်လည်း မသိတော့ဘူး၊ သူက အခု ဒုတိယသမ္မတကို ခေါ်ခိုင်းထားတယ်'

ဘရန်ဆန်သည် ဂစ်စကတ်လက်ထဲရှိ တယ်လီဖုန်းကို ဖတ်ကနဲဆွဲယူလိုက်၏။ ထိုအချိန်တွင် ဒုတိယသမ္မတကြီး၏အသံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။



'ဂစ်စကတ်ဆိုတာ မင်းလား'

'ကျုပ် ဘရန်ဆန်ပါ'

'တို့က စတိုက်တာမဟုတ်ဘူး၊ တိုက်လည်း မတိုက်စေရဘူး။ တို့ဘက်ကအမှားစခဲ့တွေခေါင်းကို သေနတ်နဲ့အချိန်ခံထားရချိန်မှာ တို့က မိုက်မိုက်ကန်းကန်း ဝင်တိုက်ပါ့မလား၊ အခု ဖွတ်လုပ်တာက ဗိုလ်ချုပ်ကြီးကာတာ၊ သူက ဘာလုပ်ချင်လို့လဲမသိဘူး၊ တယ်လီဖုန်းနဲ့ဆက်တော့လည်း စကားပြောခွက်ကို ကောက်မကိုင်ဘူး ဒါကြောင့် ဗိုလ်ချုပ်ကြီး နယူဆန်ကိုလွှတ်ပြီး ပြောခိုင်းထားတယ်၊ ရပ်တန့်ဖို့ ရပ်ချင်ရပ်၊ မရပ်ရင် သူ့အလုပ်အပြုတ်ပဲ'

ဆက်သွယ်ရေးယာဉ်ထဲတွင်ရှိနေသော ဒုတိယသမ္မတကြီးက ဟောဝင်ဘက်ဖက်သို့လှည့်ပြီးမေးလိုက်သည်။

'ကဲ ကျုပ်ပြောတာ မပိုင်ဘူးလား'

ဟောဂင်ဘက်က ပြန်ဖြေသည်။

'ဒုတိယသမ္မတကြီး ခင်ဗျားနေတော့ လာပေါင်းမှားနေပြီ၊ ခင်ဗျားလည်း ကျုပ်လို မူသာဝါဒတွေ တော်တော်ပြောတတ်လာပြီ'

□

ဂစ်စကတ်ကမေးသည်။

'ခင်ဗျား သူပြောတာယုံသလား'

'သူပြောတာ နည်းလမ်းကျသားပဲ၊ ဒါပေမယ့် ဟုတ်မဟုတ် ဘုရားမှသိမယ်၊ မင်း ဒီမှာနေ၊ တံခါးကိုပိတ်ထား'

ဘရန်ဆန်သည် လမ်းပေါ်သို့ခုန်ဆင်းလိုက်သည်။ မီးခိုးနည်းနည်းပါးသွားပြီဖြစ်သော်လည်း မျက်ရည်ပူများကျလာသည်အထိ ဒုက္ခပေးနိုင်သေးသည်။ ပြီးတော့ သူပြန်၍ ချောင်းဆိုးစပြုလာသည်။ မြေလှမ်းသုံးလှမ်းမြောက်တွင် ခပ်ဖြူဖြူပစ္စည်းတစ်ခုနှင့် ဝင်တိုးမိသည်။

'ဟေ့ ဒါဘယ်သူလဲ'

ခရိုက်စလာသည် သူ့ကိုယ်သူထိန်း၍မရလောက်အောင် အဆင်းအထန် ချောင်းဆိုးနေသည်။

'ဘာဖြစ်နေတာလဲ မစ္စတာဘရန်ဆန်'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားမှသိမယ်၊ ရစ်ချတ်ပြောပုံအရတော့ ဘာမှမဟုတ်ပါဘူးတဲ့၊ တို့ကိုဝင်တိုက်မယ့်သဘောမျိုးတွေ့ရသလား'

'ဝင်တိုက်တာတွေ့ရသလား၊ ဟုတ်လား၊ ကျွန်တော်တော့ ရှေ့ဘက်ကို တလံလောက်တောင် မမြင်ရတော့ဘူး၊ ဒါပေမယ့် ဘာသံမှတော့ မကြားဘူး'

သူပြောလိုက်ချိန်မှာပင် ဆက်တိုက်ပေါက်ကွဲသံခြောက်ချက်ခန့်ကို ကြားလိုက်ရသည်။ ခရိုက်စလာက မှတ်ချက်ချသည်။

'ဒါ မီးခိုးဗုံးပေါက်ကွဲသံတော့ မဟုတ်ဘူး'

စက္ကန့်ပိုင်းအတွင်းမှာပင် ခုနကကြားရသော အသံများသည် မီးခိုးဗုံးပေါက်သံမဟုတ်ကြောင်း လက်ငင်းဒိဋ္ဌ သိလာကြရသည်။ သူတို့နှစ်ယောက်စလုံး (လေထဲတွင် အောက်စီဂျင်ပြတ်သွားသောကြောင့်) အသက်ရှူရ ခက်သွားကြသည်။ အခြေအနေအမှန်ကို ဘရန်ဆန်က ချက်ချင်းရိပ်မိလိုက်သည်။ သူက အသက်ကိုအောင့်ထားလိုက်ပြီး ခရိုက်စလာကို လက်နှစ်ဘက်နှင့် ဒရွတ်တိုက်ဆွဲယင်း နောက်ဆုံးကားဆီသို့ အရောက်လာသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူတို့နှစ်ယောက်စလုံး အထဲရောက်သွားပြီး တံခါးကိုပါ ပြန်ပိတ်ပြီးသားဖြစ်သွားသည်။ ခရိုက်စလာကတော့ သတိမေ့နေပြီး ကြမ်းပေါ်တွင် စန့်စန့်ကြီးဖြစ်နေသည်။ ဘရန်ဆန်ကိုယ်တိုင် မတ်တတ်ကြီး မေ့လုလုဖြစ်နေသည်။

ဂစ်စကတ်က မေးလိုက်သည်။

'ဘုရား၊ ဘုရား. . . ၊ ဘယ်လိုဖြစ်'

'လေအေးစက်ကို အပြည့်ဖွင့်လိုက်၊ ဒီလူတွေ အသက်ရှူကျပ်တဲ့ဗုံးတွေနဲ့ ပစ်နေတယ်'

'ဒါဖြင့် ဒီလူတွေ အပြောင်အပြက်လုပ်နေတာ မဟုတ်ဘူးပေါ့'

□

မှန်သည်။ ဗိုလ်ချုပ်ကြီးကတ်တလန်ကလည်း ပျက်ချော်ချော်မလုပ်ပါ။ မက်၏စက်သေနတ်ကို တစ်ဖက်ကကိုင်ယင်း ရေချိုးခန်းတံခါးကို သော့နှင့်ဖွင့်လိုက်သည်။

ကတ်တလန်ကပြောလိုက်သည်။

'ဟေ့ ငါဟာ တပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်ပဲ၊ ခုလိုအရေးကြီးတဲ့အချိန်အခါမျိုးမှာ ငါလုပ်ချင်တာ လုပ်နိုင်တယ်၊ ငါ့ကို သမ္မတကြီးကတောင် မတားနိုင်ဘူး၊



တဲ့ တံခါးသော့ပေးစမ်း၊ မပေးယင် မင်းကို ငါအပစ်ပဲ'

နှစ်စက္ကန့်အတွင်း ကားတံခါးသော့သည် ကတ်တလန်လက်ထဲသို့ ရောက်လာသည်။ ကတ်တလန်က အမိန့်ပေးသည်။

'နောက်လှည့်စမ်း'

မတ်က နောက်သို့လှည့်လိုက်ရာ ချက်ချင်းလိုလို ကြမ်းပေါ်သို့ခွေကျသွားသည်။ ကာကွယ်ရေးဦးစီးချုပ်က စစ်သေနတ်ဒင်နှင့်ဆောင့်တာ နည်းနည်းများသွားပုံရသည်။ သို့သော် သူက ဂရုစိုက်ပုံမပေါ်။ သူက ရေချိုးခန်းတံခါးကို သော့ပြန်ခတ်ပြီး သော့ကို အိတ်ထဲထည့်လိုက်သည်။ ထို့နောက် ရှေ့သို့ပြန်လျှောက်လာပြီး ကြောင်တောင်တောင်ဖြစ်နေသော သမ္မတကြီး၏ထိုင်ခုံအောက်တွင် စက်သေနတ်ကို ရုတ်တရက် လူမမြင်အောင် ထိုးထည့်ထားလိုက်သည်။ ထို့နောက် ယာဉ်မောင်းသူ၏ထိုင်ခုံရှေ့ရှိ စက်ခလုတ်များဆီ လျှောက်သွားသည်။

ကတ်တလန်က ခလုတ်မျိုးစုံကို တစ်ခုပြီးတစ်ခု လျှောက်နှိပ်ကြည့်သည်။ တချို့ကို ဆွဲကြည့်သည်။ သို့သော် ဘာမှထူးမလာ။ ထို့နောက် ခလုတ်တစ်ခုကို အနှိပ်လိုက်တွင် အဝင်အထွက်တံခါးမှ ပြတင်းပေါက်မှန်အောက်ဘက်သို့ လျှောကျလာပြီး ပွင့်သွားသဖြင့် လက်ကို ကမျာကယာရုတ်လိုက်သည်။ သူက ပွင့်သွားသောမှန်ရှိရာသို့ သွားပြီး လေကို ရှူကြည့်သည်။ ထို့နောက် နှာခေါင်းကို ရှုံ့လိုက်ပြီး မူလနေရာသို့ ကမျာကယာပြန်လာသည်။ ပြီးတော့ မကြာခင်က နှိပ်သည့်ပုံစံနှင့် ပြောင်းပြန်နှိပ်လိုက်ရာ တံခါးမှာပြန်တက်လာပြီး ပြန်ပိတ်သွားသည်။ ကတ်တလန်က ထိုခလုတ်ကို စတ်ကနဲ နှိပ်လိုက်ပြန်ရာ တံခါးမှန်သည် အောက်ဘက်သို့ တစ်လက်မခန့် လျှောကျလာပြန်သည်။ ဤတွင်ကားတံခါးသော့ကို အပြင်ဘက်သို့ ပစ်ချလိုက်ပြီးနောက် တံခါးမှန်ကို ပြန်ပိတ်လိုက်သည်။

□

နှစ်မိနစ်ခန့်ကြာသောအခါ ခပ်ပြေပြေတိုက်ခတ်နေသော အနောက်လေထဲတံတားပေါ်တွင်ရှိနေသည့် မီးခိုးများကို ပင်လယ်ထဲသို့ လွင့်စဉ်သွားအောင် တိုက်ခတ်ပစ်ပြီးသားဖြစ်သွားသည်။

ဘရန်ဆန်က နောက်ဆုံးကားတံခါးကို ပြန်ဖွင့်လိုက်သည်။ တံတားပေါ်ရှိလေသည် ခါတိုင်းလို သန့်ရှင်းလတ်ဆတ်နေလေပြီ။ သူကားပေါ်က ဆင်းသည်။ တံတား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အတုန်းအရုန်းဖြစ်နေသူများကို တစ်ချက်ကြည့်ယင်း ရှေ့ဘက်သို့ပြေးသွားသည်။ သူနောက်မှ ဂစ်စကတ်၊ ဗွန်ဆင်နှင့် ဘရက်ဒလီတို့ အပြေးအလွှားလိုက်ပါလာသည်။ ထိုအချိန်တွင် တစ်စတစ်စနှင့် ပြန်၍ နေကောင်းစပြုလာသော ခရိုက်စလာသည် ဦးခေါင်းကို တဖြည်းဖြည်းခါယင်း ပြန်ထိုင်စပြုသည်။

တံတားပေါ်တွင် လဲကျနေသူများကို သူတို့က လိုက်စစ်သည်။

'ဒီလူတွေ မသေသေးဘူး၊ အသက်ရှူနေသေးတယ်၊ ဒါပေမယ့် လုံးဝသတိမေ့နေကြတာ'

ဘရန်ဆန်က ဝင်ပြောသည်။

'အသက်ရှူကျပ်ပြီတဲ့ ဗုံးမီတာတောင် ဘာမှမဖြစ်ဘူး၊ ဟုတ်လား၊ ငါလည်းနားမလည်တော့ဘူး။ ကဲ သူတို့ကို မင်းရဲ့ရဟတ်ယာဉ်ပေါ်တင်ပြီး မင်းအဆင်သင့်ဖြစ်ယင် စထွက်ပေတော့'

ဘရန်ဆန် အလယ်ကားဆီပြေးသွားပြန်သည်။ ချက်ချင်းလိုလိုပင် မြေကြီးပေါ်၌ကျနေသော သော့ကို မြင်သွားသည်။ သူက သော့ကို ကောက်ယူလိုက်ပြီး ကျည်ဆန်ရာများနှင့် ပြည့်နှက်နေသောတံခါးကို ဖွင့်လိုက်၏။ ယာဉ်မောင်းသူ ထိုင်ခုံဘေးတွင် တတ်တလန်က မတ်တတ်ရပ်နေသည်။ ဘရန်ဆန်က မေးသည်။

'ဒီမှာ ဘာဖြစ်သလဲ'

'မသိဘူးလေ၊ ငါသိသမျှကတော့ ဟိုအစောင့်ကိုယ်တော်ချောက တို့တို့အပြင်ကသော့ခတ်ပြီး ထွက်ပြေးတာပဲ၊ ငါထင်တာပြောရယင် ဒီမီးခိုးတွေဟာ ဒီဘက်တလူတစ်ယောက် မီးခိုးတွေမှောင်နေတုန်း ထွက်ပြေးနိုင်အောင် တမင်ဖန်တီးလိုက်တာလို့ ငါထင်တယ်'

ဘရန်ဆန်က အူကြောင်ကြောင်နှင့်ပြန်ကြည့်နေသည်။ ထို့နောက် ခေါင်းခါပြီးမှ ခေါင်းကို တဆတ်ဆတ်ညိတ်ပြန်သည်။

'ကဲ ဒီမှာပဲနေကြဦး'

သူက ရှေ့ဆုံးကားဆီသို့ ပြေးသွားပြန်သည်။ ချက်ချင်းလိုပင် သော့ပေါက်ထဲ၌ တန်းလန်းရှိနေသော သော့ချောင်းကိုမြင်သဖြင့် သော့ဖွင့်ပြီး တံခါးကိုဆွဲဖွင့်သည်။ သူက ခွေခွေခေါက်ခေါက်ကြီးလဲကျနေသော ပီတာကို တစ်ချက်ကြည့်လိုက်၏။ မေ့နေတာသေချာသည်။ ဘရန်ဆန်က ကားပေါ်သို့တက်ပြီး နောက်ပိုင်းသို့လှမ်းကြည့်ယင်း မေးလိုက်သည်။

'ရက်ဝ်ဆန် ဘယ်မှာလဲ'



ဤတွင် ရက်ဝ်ဆန်နှင့် ကြိုးတင်ဇာတ်တိုက်ထားသော ဂရုပ်ဖ်တန်က စိတ်မပါ့တပါလေသံနှင့် ပြန်ဖြေသည်။

'ပြေးပြီ၊ ဒါပေမယ့် သူလုပ်သွားတာ သုံးမျိုးကိုတော့ ပြောပြနိုင်တယ်၊ သူ ပထမဦးဆုံးအစောင့်ကို လက်ဝါးစောင်းနဲ့ ခုတ်ထည့်လိုက်တယ်၊ ပြီးတော့ ရေဒီယို အသေးစားကလေးလို့ထင်ရတဲ့ ပစ္စည်းကလေးတစ်ခုနဲ့ သူ စကားပြောတယ်၊ အဲဒီနောက် မီးခိုးတွေလည်း ဒီဘက်ရောက်လာရော ကားတံခါးကို အပြင်က သော့ခတ်ပြီး တချိုးတည်းလစ်တော့တာပဲ၊ ဒီမှာ ဘရန်ဆန်၊ ကျုပ်တို့က ပွဲကြည့်ပရိသတ်ပါ၊ ဘေးလူတွေဆိုပါတော့ဗျာ၊ ခင်ဗျားက ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကို အန္တရာယ်မဖြစ်စေရပါဘူးလို့ ကတိပေးထားတယ် မဟုတ်လား၊ ခုအပြင်ဘက်မှာ ဘာတွေဖြစ်နေတာလဲ'

'သူ ဘယ်ဘက်ကို ပြေးသလဲ'

'သူမြောက်ဘက်မျှော်စင်ဆီကို ပြေးတာ၊ သူ ဟိုကိုရောက်သွားတာ ကြာလှရောပေါ့'

ဘရန်ဆန်တစ်ယောက် အတော်ကလေးကြာအောင် ငြိမ်ကျသွားသည်။ သူ ပြန်၍စကားပြောသောအခါ သူ့နဂိုလေသံအတိုင်း ခပ်လေးလေးမှန်မှန်ဖြစ်သွားသည်။

'ကျုပ် ဒီတံတားကြီးကို ခိုးပစ်မယ်၊ ဒါပေမယ့် ကျုပ်က အပြစ်မရှိတဲ့လူတွေကို မသတ်ပါဘူး၊ ကဲ၊ ဒီကားကို မောင်းနိုင်တဲ့လူပါသလား'

အသက်ခပ်ငယ်ငယ် သတင်းစာဆရာတစ်ယောက်က ထပြောသည်။

'ကျွန်တော် မောင်းနိုင်ပါတယ်'

'ကဲ ဒီကားကို မြန်မြန်မောင်းပြီး တံတားပေါ်ကခွာပေတော့၊ ချက်ချင်းထွက်နော်၊ ဟိုတောင်ဘက်တံတိုင်းဘက်ကထွက်'

သူက ကားတံခါးကို ပြန်ပိတ်ပြီး လူနာတင်ယာဉ်ရှိရာသို့ အပြေးအလွှားသွားပြန်သည်။ သူ အနားရောက်သည်နှင့်တပြိုင်နက် ကားတံခါးပွင့်လာသည်။ အိုးတဲယားတာ သူ့ကို စမေးသည်။

'ခင်ဗျားက ညှော်သည်တွေပျော်အောင် တော်တော်ဧည့်ခံတတ်သားပဲ'

'ကဲ ဒီတံတားပေါ်က မြန်မြန်ပြန်တော့၊ ခုချက်ချင်းသွားစမ်း'

'ဘာကိစ္စသွားရမှာလဲ'

'ဆက်နေချင်ယင်လည်း နေလေ၊ ကျုပ်က ဒီတံတားကြီးကို ခိုး...'

ဘရန်ဆန်က ပြန်လှည့်ထွက်သွားသည်။ ဒီတစ်ခါတော့ ... ခပ်မြန်မြန် လှမ်းလျှောက်သွားသည်။ ထိုအချိန်တွင် နောက်ဆုံးတားထဲမှ ...

www.burmeseclassic.com



နှင့် ထွက်လာသော ခရိုက်စလာကို တွေ့ရသဖြင့် ပြောလိုက်သည်၊

'မင်း အလယ်ကားနားမှာ သွားစောင့်စမ်း'

ဂစ်စကတ်နှင့်ဌွန်ဆင်က ဒုတိယရဟတ်ယာဉ်နားတွင် မတ်တတ်ရပ်နေကြသည်၊ ဘာရက်ဒလီက တံခါးပေါက်မှ အပြင်သို့ခေါင်းပြူပြီး မှီနေသည်။ ဘရန်ဆန်က ပြောလိုက်သည်၊

'ကဲ သွားပေတော့၊ မင်းနဲ့ လေဆိပ်မှာဆုံမယ်'

ဘရန်ဆန်တစ်ယောက် သမ္မတကြီးစီးလာသော ကားဆီသို့မရောက်မီ ဘာရက်ဒလီမောင်းသော ရဟတ်ယာဉ်သည် တံတားပေါ်မှခွာ၍ လေထဲသို့ ပျံတက်သွားလေပြီ၊

❒

ပထမရဟတ်ယာဉ်၏ နောက်ဆုံးထိုင်ခုံနောက်တွင် တိုးရိုးကားရားဝပ်ပြီး ပုန်းနေသော ရက်ဗ်ဆန်သည် ဝပ်နေရာမှထ၍ ပြတင်းပေါက်မှန်မှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။ ဘရန်ဆန်၊ ဂစ်စကတ်နှင့် ခရိုက်စလာတို့ သုံးဦးက မားစာခံခုနစ်ယောက်ကို နောက်က ထိန်းသိမ်းယင်း ရဟတ်ယာဉ်ဆီသို့ လာနေကြသည်။ ရက်ဗ်ဆန်က သူပထမပုန်းခဲ့သည့် ပုံစံအတိုင်းပြန်ဝပ်လိုက်ယင်း အိတ်ထဲက ရေဒီယိုတလေးကို ဆွဲထုတ်လိုက်သည်။ သူက ပြောလိုက်သည်၊

'မစ္စတာဟောဂင်ဘက်လား'

'ဟုတ်ထယ်'

'ဒီရဟတ်ယာဉ်နဲ့ ပန်ကာကို မြင်ရသလား'

'မြင်တယ်၊ မင်းတို့အားလုံးကို မြင်ရတယ်၊ တို့က မှန်ပြောင်းတွေနဲ့ စောင့်ကြည့်နေကြတာ'

'ပန်ကာစလည်တာနဲ့ တပြိုင်နက် လေဆာရောင်ခြည်သေနတ်နဲ့ ပစ်ပေတော့'

မားစာခံခုနစ်ယောက်ကို ရဟတ်ယာဉ်ထဲသို့ အလျင်ဝင်ခိုင်းသည်။ သမ္မတကြီးနှင့် ရေနံဘုရင်ကြီးက ဗယ်ဘက်ရှေ့ဆုံးနှစ်ခုံတွင် ဝင်ထိုင်သည်။ ရေနံမင်းသားနှင့် တတ်တလန်က ရှေ့ဆုံးတန်း ညာဘက်ခုံနှစ်ခုတွင် ဝင်ထိုင်သည်။ သူတို့နောက်တွင် မြို့တော်ဝန်၊ မြူရာနှင့် ရေနံဝန်ကြီးတို့က အစဉ်အတိုင်း ဝင်ထိုင်သည်။ ဂစ်စကတ်နှင့် ခရိုက်စလာကမူ သေနတ်ကိုယ်စီကိုင်၍ တတိယခုံတန်းတွင် နေရာယူကြသည်။

❒



လူနာတင်ယာဉ်သည် တောင်ဘက်မျှော်စင်အနီးသို့ ရောက်လာသောအခါ အိုဟဲယားက ယာဉ်မောင်းသူနေရာနှင့် နောက်ပိုင်းကို ကာန့်ထားသောမှန်တံခါးကို ခေါက်လိုက်ရာ မှန်တံခါးပွင့်သွားသည်။

အိုဟဲယားက ပြောလိုက်၏၊

'ကားကို ပြန်လှည့်ပြီး တံခါးအလယ်ရောက်အောင် ပြန်မောင်းစမ်း'

'ဘုရား ဘုရား၊ ပြန်လှည့်ရမယ်၊ ဟုတ်လား၊ သူတို့က ဒီသောက်တံတားကြီးကို ချိုးပစ်တော့မှာဗျ'

'လှည့်မှာသာ ပြန်လှည့်စမ်းပါကွာ၊ မင်းထင်သလို ဖြစ်လာမှာ မဟုတ်ပါဘူး'

❒

ဌွန်ဆင်က ရဟတ်ယာဉ်ထဲသို့ နောက်ဆုံးကျမှဝင်လာသည်၊ သူထိုင်မိသောအခါ ဘရန်ဆန်က

'ကဲ ပျံတော့'

ဤတွင်ထုံးစံအတိုင်း စက်နှိုးစတွင် ကြားရလေ့ရှိသော နားမခံသာအောင် ကျယ်လောင်လှသည့် စက်သံကို ကြားကြရသည်။ သို့သော် ထူးခြားလှသည့် အသံတစ်မျိုးသည် အလွန်မြည်လှသည့်စက်သံကို ထိုးဖောက်ပြီး ပေါ်လာသည်၊ ဌွန်ဆင်က ရှေ့သို့ကြည့်လိုက်၏။ ဤတွင် စက်သံအားလုံး ပျောက်ကွယ်သွားသည်။

ဘရန်ဆန်ကမေးသည်၊

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ရှေ့ဘက်သို့တွေပြီး စိုက်ကြည့်နေသူ ဌွန်ဆင်က ခပ်မှန်မှန် ပြောလိုက်သည်၊

'လေဆာရောင်ခြည်သေနတ်နဲ့ ပစ်တယ်လို့ ခင်ဗျားထင်ခဲ့တာမှန်တယ် မစ္စတာဘရန်ဆန်၊ ရဟတ်ယာဉ်က ပန်ကာအရွက်တွေ ရှေ့တံခါးရေလက်ကြားထဲကို ခုလေးတင်ပြုတ်ကျသွားကြပြီ'

ဘရန်ဆန်၏လှုပ်ရှားမှုကလည်း မြန်သည်၊ သူက တယ်လီဖုန်းစကားပြောခွက်ကို ကောက်မပြီး ခလုတ်တစ်ခုကို နှိပ်လိုက်သည်၊

'ဘာရက်ဒလီလား၊ဖျော'

'ဟုတ်ပါတယ် မစ္စတာဘရန်ဆန်'

'တို့ ဒီမှာပြဿနာပေါ်နေတယ်၊ မင်းတံတားပေါ် ပြန်ဆင်းလာပြီး တို့ထို

www.burmeseclassic.com



လာခေါ်စမ်း'

'ကျွန်တော် ပြန်ဆင်းလို့ မဖြစ်တော့ဘူး မစ္စတာဘရန်ဆန်၊ ဖန်တွန်ဂျတ်လေယာဉ်ပျံနှစ်စီးက ကျွန်တော့်နောက်ကို အတင်းလိုက်နေတယ်၊ သူတို့က ကျွန်တော့်တို့ နိုင်ငံတကာလေဆိပ်မှာ ဆင်းရမယ်လို့ အမိန့်ပေးနေတယ်၊ ဟိုမှာ ကျွန်တော်တို့အတွက် ဧည့်ခံကြိုဆိုရေးကော်မတီက အသင့်စောင့်ကြိုနေတယ်လို့ ပြောတာပဲ'

ရက်ဝ်ဆန်သည် အသံမကြားအောင် ထိုင်ရာမှထလိုက်ပြီး လက်ထဲတွင် ကိုင်ထားသော အဖြူရောင်ဖောင်တိန်ကို နှစ်ချက်နှိပ်လိုက်သည်။ သူ့ရှေ့မှ လူနှစ်ယောက်သည် တပြိုင်တည်းလိုလို ရှေ့သို့လဲကျသွားသည်။ သို့သော် သူထင်သလို မဟုတ်ပါ။ အလယ်ကောင်ရှိ မင်းလမ်းထဲသို့ ပစ်ကျသွားကြခြင်းဖြစ်သည်။ သူတို့လက်ထဲရှိ သေနတ်များကလည်း ကြမ်းပေါ်သို့ လွတ်ကျကုန်သဖြင့် အသံမြည်သွားသည်။

ပစ္စတိုကို အသင့်အနေအထားနှင့် ကိုင်ထားသော ဘရန်ဆန်က နောက်ကို ချာတနဲလှည့်လိုက်သည်။ သို့သော် ရက်ဝ်ဆန်က မေ့ဆေးမြားသေနတ်နှင့် လှမ်းပစ်ရန်မလွယ်။ မေ့ဆေးမြားကလေးများသည် ထိုအကွာအဝေးအထိ ရောက်နိုင်မည်မဟုတ်ချေ။ ဤတွင် ဘရန်ဆန်က ရက်ဝ်ဆန်ကို သေသေချာချာချိန်၍ ပစ်ထည့်လိုက်သည်။ သို့သော် သမ္မတကြီးက သူ့ကြိမ်လုံးကြီးနှင့် ဘရန်ဆန်၏ပါးကို တအားရိုက်ထည့်လိုက်သောကြောင့် နာကျင်သွားသော ဘရန်ဆန်က ကျယ်လောင်စွာ အော်လိုက်သည်။

ရက်ဝ်ဆန်ကလည်း သူ့ကိုယ်ကို ကြမ်းပေါ်သို့ပစ်လှဲချလိုက်ယင်း သူ့ညာလက်က ဂစ်စကတ်၏ သေနတ်ဒင်ကို အရအမိလှမ်းဆွဲသည်။ ဘရန်ဆန်တစ်ယောက် သမ္မတကြီး၏ကြိမ်လုံးကို မရအရဆွဲလုလိုက်ပြီး နောက်ဘက်သို့ ပြန်လှည့်လိုက်သောအခါ ရက်ဝ်ဆန်က အဆင်သင့်ဖြစ်နေလေပြီ။ သူ့အနေနှင့် ဘရန်ဆန့်ခေါင်းပိုင်းကိုသာ လှမ်းမြင်နေရသော်လည်း ရက်ဝ်ဆန်က အဆင်သင့်ရှိနေလေပြီတည်း။

□

သမ္မတကြီး၊ ဒုတိယသမ္မတကြီးနှင့် ဟောဂင်ဘက်၊ ဟင်းဒရစ်တို့ အုပ်စုသည် ရက်ဝ်ဆန်နှင့်အတူ လူနာတင်ကားနှင့် ဂိုက်နှစ်ဆယ်ခန့်အကွာ မော်တော်ကားဘေးနားတွင် တသီးတခြား စုစုဝေးဝေးကလေး မတ်တတ်ရပ်နေကြသည်။ ရက်ဝ်ဆန်တအေပရဲလ်၏လက်မောင်းကို ခပ်တင်းတင်းကလေး ဆုပ်ကိုင်ထားသည်။ သူတို့အားလုံးသည် အဝတ်ဖြူဖုံးထားသော လူနာတင်ထမ်းစင်ကို ရဟာတ်ယာဉ်ပေါ်က သယ်ယူလာပြီး စောင့်ကြပ်နေကြသော လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများအကြားမှဖြတ်၍ လူနာတင်ကားပေါ်သို့ တင်နေသည်ကို တိတ်တိတ်ဆိတ်ဆိတ် ငေးကြည့်နေကြခြင်းဖြစ်သည်။ သူတို့အားလုံး တစ်ခွန်းမှ စကားမပြောကြ။ ပြောစရာစကားလည်း လုံးဝမရှိတော့ပါ။



သမ္မတကြီးက မေးသည်။

'ဟော့ တို့ဧည့်သည်တော်ကြီးတွေကော'

ဒုတိယသမ္မတကြီး မစ္စတာရစ်ချတ်ကဖြေသည်။

'ဆန်ရာဖယ်တိုသွားဖို့ နက်ဖြန်အထိ မစောင့်နိုင်တော့ဘူးတဲ့၊ ဒီကိစ္စနဲ့ပတ်သတ်ပြီး သူတို့ သိပ်သဘောကျသွားကြတယ်၊ အမေရိကန်နိုင်ငံဟာ ဒီတစ်ချီမှာ နားရွက်တိုတဲ့တွေးဆွတ်တာ ခံလိုက်ရပေမယ့် သူတို့ကတော့ တကယ့်လူစွမ်းကောင်းကြီးတွေအဖြစ်နဲ့ ပြည်တော်ပြန်လှသွားကြတာကိုး'

သမ္မတကြီးကပြောသည်။

'ကဲ ဒါဖြင့် သူတို့ဆီသွားပြီး စကားစမြည်ပြောကြရအောင်'

သမ္မတကြီးနှင့် မစ္စတာရစ်ချတ်တို့ ချာကနဲအလှည့်လိုက်တွင် ရက်ဝ်ဆန်က လှမ်းပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ် သမ္မတကြီး'

သမ္မတကြီးက သူ့ကို တအံ့တဩပြန်ကြည့်သည်။

'မင်းက ငါ့ကို ကျေးဇူးတင်တယ် ဟုတ်လား၊ ငါက မင်းကို အပြန်တစ်ရာကျေးဇူးတင်ပြီးပါပြီကွ'

'မှန်ပါတယ်ခင်ဗျာ၊ သာမန်အားဖြင့်တော့ ကျွန်တော်က ဘယ်သူ့ကိုမှ ကျေးဇူးမထင်တတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်အသက်ကို ကယ်လိုက်တဲ့အတွက်ပါ'

သမ္မတကြီးက ပြုံးပြီး ဒုတိယသမ္မတကြီးနှင့်အတူ လှည့်ထွက်သွားသည်။

ဤတွင် ဟောဂင်ဘက်က ရက်ဝ်ဆန်ကို ပြောလိုက်သည်။

'ကဲ လာ၊ ရုံးခန်းကို သွားရအောင်၊ ငါ မင်းဆီက အစီရင်ခံစာ အပြည့်အစုံ လိုချင်တယ်'

'ခင်ဗျာ၊ အက်ဖ်ဘီအိုင် အကြီးအကဲရဲ့အမိန့်ကို မနာခံယင် ဘယ်လိုပြစ်ဒဏ်မျိုး ထိနိုင်ပါသလဲခင်ဗျာ'

'မင်း အလုပ်က အထုတ်ခံရမှာပေါ့'

'ဒုက္ခပါပဲဗျာ၊ ကျွန်တော်ကလည်း ဒီအလုပ်ကိုမှ သိပ်ခုံမင်တာ ခိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ခုတင်ပြပါရစေ၊ ကျွန်တော် အခု အိမ်ပြန်ပြီး ရေချိုးမယ်၊ မုတ်ဆိတ်ကျင်စွယ်ရိတ်မယ်၊ အဝတ်အစားလဲမယ်၊ ပြီးတော့ ဟောဒီက မစ္စအေပရဲလ်ကို နေ့လယ်စာ သွားကျွေးမယ်၊ အဲ . . . ညနေပိုင်းကျမှ ကျွန်တော့အစီရင်ခံစာကို လာတင်ပါရစေ၊ အဲ . . . ညွှန်မှူးက ကျွန်တော့်အပေါ်မှာ အဲဒီလောက်ကလေးတော့ လိုက်လျောလိမ့်မယ်လို့ ထင်မိပါတယ်'

ဟောဂင်ဘက်က ခဏစဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

'အေး ဟုတ်တယ်၊ အဲဒီလောက်တော့ လိုက်လျောသင့်တယ်လို့ ငါထင်တယ်'

ထိုနေရာမှ မိုင်နှစ်ထောင်ဝေးကွာသည့်နေရာရှိ အက်ဖ်ဘီအိုင်ဌာနချုပ်မှ ထိပ်ပိုင်းအရာရှိတစ်ဦးသည် မထင်မှတ်ပါပဲနှင့် ထိုက်ထိုက်တန်တန် ထိပေါက်သွားလေပြီ။

ခေတ်သစ်သီလဝ ဟောဂင်ဘက်တစ်ယောက် ထူးထူးဆန်းဆန်း ပထမဆုံးအကြိမ်အဖြစ် ပြုံးလိုက်သောကြောင့်ဖြစ်သည်။

ထထထ

www.burmeseclassic.com